
www.burmeseclassic.com



www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ




# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်









## ရန်အောင်မြင်ဂါထာတော်

၁။ ပုဗ္ဗေါ်မေ ရက္ခတု နိစ္စံ၊ ဓမ္မောမေ ရက္ခတု သဒါ
သံဃောမေ ရက္ခတု ဒိနေ၊ သုခိဒိဃာ ယုကော ဘဝေ။

၂။ မာရာဠဝ နာဠာဂိရိ၊ အင်္ဂုလိစိဥ္စ သစ္စကံ
နန္ဒော ပနန္ဒ ပြဟ္မဥ္စ၊ ဇယော ဇယတု မင်္ဂလံ။

**အနက်**

၁။ **ပုဗ္ဗေါ်**–မြတ်စွာဘုရားသည်၊ **မေ**– အကျွန်ုပ်အား၊ **နိစ္စံ**–အမြဲ **ရက္ခတု**– စောင့်ရှောက်တော်မူပါစေသတည်း။ **ဓမ္မော**– တရားတော်မြတ်သည်၊ **မေ**– အကျွန်ုပ်အား၊ **သဒါ**–အခါ ခပ်သိမ်း၊ **ရက္ခတု**– စောင့်ရှောက်တော်မူပါစေသတည်း။ **သံဃော**– သံဃာတော်မြတ်သည်၊ **မေ**– အကျွန်ုပ်အား၊ **ဒိနေ ဒိနေ**–နေ့တိုင်း နေ့တိုင်း၊ **ရက္ခတု**– စောင့်ရှောက်တော်မူပါစေသတည်း။ (**အဟံ**–အကျွန်ုပ်သည်) **သုခိဒိဃာယုကော**– ချမ်းသာလျက် အသက်ရှည်ခြင်းသည်၊ **ဘဝေ ဘဝါမိ**–ဖြစ်ရပါလို၏။

၂။ **မာရာဠဝ နာဠာဂိရိစ**–မာရ်နတ်တစ်ဖြာ၊ အာဠာဝကဘီလူး၊ မိုက်ရူးခဲ့ရှာ၊ နာဠာဂိရိဆင်ကိုလည်းကောင်း၊ **အင်္ဂုလိစိဥ္စသစ္စကဥ္စ**–အင်္ဂုလိမာလ ဓားပြလူဆိုး၊ ကိုယ်ကိုဖျူးဆုံးရှာ စိဥ္စမာဏ မိန်းမလှနှင့်၊ ဝါဒဆိုးညစ်သစ္စကဆို၊ ပရိဗိုဇ်ကိုလည်းကောင်း၊ **နန္ဒောပနန္ဒပြဟ္မဥ္စ**– တန်ခိုးထန်သော နန္ဒောပနန္ဒ၊ ခေါ်ကြထင်ရှား၊ နတ်နဂါးနှင့်၊ တရားအလွဲ အစွဲသန်လှ ဗကပြဟ္မာကိုလည်းကောင်း၊ **ဇယော**– အောင်တော်မူသော မြတ်စွာဘုရားသည်၊ (**မေ**–အကျွန်ုပ်အား) **ဇယတုမင်္ဂလံ**–အောင်ခြင်းမင်္ဂလာကို ပေးတော်မူပါစေသတည်း။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| ၁။ **ပုဗ္ဗေါ်မေ** =ဗုဒ်ဓေါမေ | ၂။ **မာရာဠဝ**=မာရာလဝ | **ပနန္ဒ** =ပနန်ဒ |
| **ရက္ခတုနိစ္စံ** =ရက်ခတုနိတ်စံ | **နာဠာဂိရိ**=နာလာဂိရိ | **ပြဟ္မဥ္စ**=ပြန်မင်စ |
| **ဓမ္မောမေ** =ဓမ်မောမေ | **အင်္ဂုလိစိဥ္စ**=အင်္ဂုလိစိန်စ | **မင်္ဂလံ**=မင်ဂလံ |
| **ရက္ခတုသဒါ**=ရက်ခတုသဒါ | **နန္ဒော**=နန်ဒေါ | |

လောကီ ပညာ ရသ စုံ မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

## လောကီပညာရသစုံမဂ္ဂဇင်း



စပါးတောင်(အရှေ့ပွဲ့ူးတောင်)တန်းတွင် သာသနာပြုစဉ်က
ရက္ခန်းစင်တောင်ဆရာတော် ဦးပြဿာသနှင့်
တောင်ပွားဆရာတော် ဦးသုဒဿနတို့အား...
စာ-၅၃


နာယကကြီး
ဒေါက်တာ အောင်မိုး
M.B.B.S (Ygn)
ဒ-ဘ-ဗ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်အေး
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

စာတည်းချုပ်
ဦးကျော်မိုးအိန်၊
တာဝန်ခံစာတည်း
မေ့မေ့ဒေဝ
နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ကိုစိုးထွန်း၊
သန်းထွန်း(ဘားအံ)
ပါဠိ အယ်ဒီတာ
✱ ဦးစံတင်
(စေတနိကာယကောဝိဒ၊ဝိနယရေ၊ မဟာစရိယ)
✱ ဦးသန်းအောင်ဌေး
[မဟာစရိယ (မဟာဝဏ္ဏိဒီ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]
ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P,R.L(Advocate)
ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင့်နွယ်
မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်
ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ
ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးအိန်(၀၀၇၃၉)
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးကျော်မင်းစိုး(၀၀၄၅၉)၊ စိုးမေတ္တာပုံနှိပ်တိုက်၊
အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဝါးစာပေ
ရှမ်းတောင်ပိုင်း ဖြန့်ချိရေး
မိလျှံနာစာပေ (တောင်ကြီး)
ဝင်္ကနီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးအိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄၊ ၀၉ ၇၇၆၃၄၉၇၈၅၊ ၀၉ ၉၇၂၀၃၅၃၄၀။

ကြော်ငြာတာဝန်ခံ
ယဉ်ကျေးဝေ


၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ
အမှတ် ၃၆၂
တန်ဖိုး - ၂၂၀၀ကျပ် (ဖြန့်ချိဈေး)
[နှစ်ထောင့်နှစ်ရာကျပ်]
အုပ်ရေ
၁၀၀၀
ဖုန်း-၀၁ ၂၄၂၂၈၄၊
၀၉ ၇၇၆၃၄၉၇၈၅၊ ၀၉ ၉၇၂၀၃၅၃၄၀။




F.1B. September, 2016.


www.burmeseclassic.com

www.burmeseclassic.com



မဟာမုနိစက်တွင် ပါဝင်သော
ကြံ့ခိုင်မုနိသွန်းစက်တော်မြတ်ကို
သူ့ရှိုယ်ပကျမင်းမြတ်သည်... ➡ စာ-၉

ဈေးရောင်းကောင်းတာ
အကြေးလည်း မဆုံးခဲ့တာဟာ
ဒီပေါက်စွယ်ကျွင်းထိုးကြောင့်ပို... ➡ စာ-၁၇၇



## တွေ့ဆုံခြင်းရောင်ခြည်


ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်
သမားတော်တိုင်းရင်းဆေးကုခန်း ဆရာဦးကိုကိုကြီး
(တဆ-ဝ၃၂၁၂)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော
ချောင်းဆိုးရင်ကျပ်ရောဂါ ကာကွယ်စောင့်ရှောက်နည်းများ
[မြောင်းမြ မောင်ယဉ်တင့်] ၂၀၃


## ပညာပေးရောင်ခြည်


ယာယီခရီးမသွားမီ သတိထား [စလင်း ဦးကျော်] ၁၇၃
ရေတွင်း ရေကြော ရှာနည်း [စံထွန်းသာ] ၁၇၅


## လက္ခဏာရောင်ခြည်


ဖွေကောင်းလား ဖွေဆိုးလား
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၃၀
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၁၀၉
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေမင်းတောရ
ဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုသိုရ်၏
လက္ခဏာတော် [ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းတန်း] ၁၂၉
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၈၈
တေဇစက္ကီဆရာတော်ကြီး၏ လက္ခဏာနှင့် ထူးခြားချက်များ
[လက္ခဏာသုတေသီ] ၂၁၃
တစ်ချက်ကောင်းဟောကွက် [ဦးသော်ခင်-ဟသ်ာတ] ၂၂၁


## လမ်းညွှန်ရောင်ခြည်


စမ္မာနဂိုရ် လဝွန်မဗျည်း နန်းဦးစေတီ(၁) [ခွန်စိုင်းဝမ်း] ၃၃
စပါးတောင်ရိုး သာသနာ့အောင်မြေ
လေးသွန်းခဲတောင်ခရီး(၁) [မောင်မောင်စိုး-ထားဝယ်] ၄၉
ငါးမည်ရ ရွှေမြို့တော်(၂) [နိုင်မင်းညို] ၁၂၁
သီရိမှာသောကမင်းကြီး တည်ထားကိုးကွယ်သော
မြသိန်းတန်စေတီတော် [မင်းနွယ်စိုး-ဝက်လက်] ၂၀၉


## အထူးအစွမ်းရောင်ခြည်


မိုင်သုန်ဘိုးဘိုးကြီး ကျောက်မြို့ပောင်း
[လွယ်ကောင်းအောင်] ၁၇
ပင်းယမြို့ပောင်းမှ မင်္ဂလာဝေယျံဆရာတော်
အရှင်ဉာဏစက္ကအား ဖူးမြော်ကြည်ညိုခြင်း (၁)
[ခရီးသည်သုတေသီ] ၂၅
လှော်ကားဥယျာဉ်လမ်းမှ နှစ်ကိုုပ်ရှစ်ဆူစေတီတော်(၂)
[စံထွန်းသာ] ၅၇
ရှေးခေတ် သိုက်နန်းရှင် ဉစ္စာစောင့်တို့ တည်ခဲ့သော
ဘုရားများ(၂) [ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၆၅
မေမြို့က မြကန်းတောင်တောရ ဆရာတော် ဦးသာသနအား
ဂါရဝပြု ဖူးမြော်ခြင်း(၂) [ဇင်ညိုဝေယံ] ၉၇

www.burmeseclassic.com


## ✱ ရိုးရာဓလေ့ရောင်ခြည် ✱

[illegible]စေသော အနှုရာယ်တင်းတဲ့ဆိပ်တော် [အုံကြွယ်] ၁၉၃

သာချွန်စေတော့ နတ်မင်းလေးလား [နတ်မောက် လှမြင့်သစ်] ၂၃၃

ကိုယ်တွေ့ကြုံ၍ ယုံလိုက်ပြီ [လင်းထက်–အင်းတော်ကြီး] ၂၄၆

ရေတံခွန်တောင် ဆရာတော်ကြီး ပြန်နိုင်းသောလမ်းမှ ပြန်ခဲ့သဖြင့် အန္တရာယ်မှ ကင်းလွတ်ခဲ့ခြင်း [ချို–အမရပူရ] ၂၅၅

အံပွားနန္ဒာ၏ နောက်ဆုံးနေ့ [စိုးလင်းအောင်–မြန်အောင်] ၂၈၆

## ✱ ကျန်းမာရေးရောင်ခြည် ✱

လာဘ်လာဘ ရွှင်လန်းစေမည့် ပဌာန်းပုတီးစိပ်နည်း [သန်းသုတ] ၁၀၃

သမထာသုခဆရာတော်ကြီး ဦးဝါသဝ၏ ရွှေကိုးဆူကျင့်စဉ် [အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၁၃၇

သရဏဂုံ ရွတ်ဖတ်ပုံ ကျင့်စဉ် နည်းမျိုးစုံ [ကသာ သင်းမွှေး] ၁၆၈

ရွှေပေါ်ကျွန်းဆရာတော်ကြီး ချီးမြှင့်သော ကောင်းကျိုးချမ်းသာ ပွင့်လန်းကာ ဘေးရန်ကင်းပါစေကျင့်စဉ် [အောင်နန္ဒ–ကျိုက်လတ်] ၁၉၀

## ● အစီအရင်ရောင်ခြည် ●

တစ္ဆေသရဲနှင့် အမှောင့်ပယောဂ ကင်းစေဖို့ အစီအရင် [အုံကြွယ်] ၆၃

နေ့ခုနစ်နံ သစ်ပင်စိုက်ပျိုး စီးပွားတိုး [မောင်ရင်ထွေး–မအူပင်] ၁၄၉

မြတ်ပဌာန်း အမိဋ္ဌာန်ဖြင့် ညက်ပွင့်ကံပွင့် အမိဋ္ဌာန်အစီအရင်များ [ကောင်းမြင့်မြတ်စိန်] ၁၆၄

ထွက်သွားသူများ ပြန်လာစေသော ယတြာအစီအရင် [ဂါမဏီဇော်–ဝိဇ္ဇာဓရ၊ စစ်ကိုင်း] ၁၈၀

နငယ် နတွင်းပိတ် အစီအရင်တစ်နည်း [မောင်ဘုန်းမြင့်–သငါ] ၁၈၅


## ❐ အဂ္ဂိရတ်ရောင်ခြည် ❐

တူမှတွဲ ထိုက်မှစုံ ညက်တူယှဉ် [အောင်လှသန်း–မင်းဘူး] ၇၀

ဦးဘညွန့်၏သွပ်ဓာတ္တ အပိုင်း(၃) [ဦးမင်းဇင်–ရွှေနဝင်း] ၁၃၂


သိဒ္ဓိဝင် ကျွန်းနက် [ရဲမျိုးသူ–မောဓိမြိုင်] ၁၅၇

သဗ္ဗသိဒ္ဓိပြဒါး ခံရည်လောင်းနည်း [နေမင်းသူရိယ] ၂၀၈


ဤ၍ဓယ်နတ်ပေး စေတီကုန်းတော်မှာ ထိတ်ဆိတ်အေးချမ်း၍ ကမ္မဋ္ဌာန်း သောက်တည်အားထုတ်ပါက... ➡ ဓာ–၁၀၅


နမ့်ပျူးဟိုဗိုး ရေထွက်တွင် ဒေသခံရွာများမှ နဂါးမင်းသမီးလေးကို ပူဇော်ပသထားသည်ကို... ➡ ဓာ–၁၂၃



www.burmeseclassic.com

www.burmeseclassic.com



ဥနှစ်ရက်မြောက်ညတွင်
ကိုယ်ထိလက်ရောက် အဲ့ထုတ်ခြင်းခံရ၏ နောက်ဆုံးတွင်
ဆရာတော်ကြီး၏ ခန္ဓာနှင့် ပေဗ္ဗာတ...
စာ-၂၄

ကျိုက်အောင်မြေမှ စေတီတော်အား
ဖူးမြော်ကန်တော့ရာ
အောင်မြေအစွန်း စေတီဘက်ခြမ်းတွင်...
စာ-၃၄



## ✱ ဂါထာမန္တန်ရောင်ခြည် ✱


သူ့နိုးရန်မှ ကာကွယ်ပေးသော ဂါထာမန္တန်
[ဝင်းအောင်ကြွင်း] ၈၆

ချောင်းဖျားဆရာတော်ကြီး ချီးမြှင့်တော်မူသော
ဉာဏ်ပညာ ထက်မြက်စေသော ဂါထာတော်
[မောင်အောင်ကျော်-အိမ်မဲ] ၁၈၂

မတူညီသော ဂါထာတော်တစ်ပုဒ်
[ကိုလှသန့်-မ/ဥက္ကလာ] ၂၂၂


## ✱ ဆေးနည်းတိုရောင်ခြည် ✱


မျက်စိအမြင် ကြည်လင်စေသည့် စံပယ်မျက်စဉ်း
[ခွန်စိုင်းဝမ်း] ၈၇

ဆံပင်ပေါက် ဆံပင်နက် သိပ်မခက်
[သားတွေးအောင်မြင့်စိန်-မအူပင်] ၁၄၈

ဒူနာပျောက်ဖို့ ဆေးနည်းတစ်လက်
[ပန်းတနော် နောင်လတ်] ၂၁၆


## ◆ ဆေးဗေဒရောင်ခြည် ◆


သံပရာသီးအကျိုး အဖိုးအနဂ္ဃ [ကိုထွန်း-မင်းလှ] ၁၉၈

ရှမ်းပြည်နယ်မှ လေးငန်းဆေးတော်ကြီး
[စိုးစိုး-ရွှေ၊ မင်းလှ] ၂၁၅

ငှက်ဖျားပျောက် ဆေးနည်းတစ်လက်
[မောင်သက်ထွန်း-ဖိုးကုန်း] ၂၂၀

ချောင်းဆိုးရင်ကျပ်အတွက် ဆေးမခက်
[သဏ်းဝင်း-ကြေး/မြေ] ၃၀၆


## ✳ ဂမ္ဘီရပညာရောင်ခြည် ✳


သုံးပန်လှသိုက်နန်းဦးမှ ထူးဆန်းသည့်
သင်္ကေတအမှတ်အသားများ(၁)
[အောင်ချစ်ကြည်-ကြို့ပင်ကောက်] ၂၂၅

ဝမ်းဆက်နီနီနှင့် တွေ့ပုံဆန်းကြယ်(၂)
[ဝသုန် သက်လွင်] ၂၃၆


## ✎ ထူးခြားသမိုင်းဝင်ရောင်ခြည် ✎


စီးပွားတိုးတဲ့ အိမ်စောင့်ဂမုန်း
[ရွှေမှော်မြေ မောင်ကြည်သိန်း] ၁၈၉


## ✤ ဗဟုသုတရောင်ခြည် ✤


ဆေးဝိဇ္ဇာဘိုးဘိုး (သို့မဟုတ်) ရေစင်ဆရာတော်
[ဟူဂျင်း] ၂၀၁




www.burmeseclassic.com

www.burmeseclassic.com


## ✝ ထူးခြားဆန်းကြယ်ရောင်ခြည် ✝

သီလရှင်ခွင်းလာရင် ပေးလိုက်ပါဆိုသော
အဘွား၏ ဂမ္ဘီရပစ္စည်းများ(၁)
[ဒေါက်တာ့ဇာစာရီ–မောရဝတီ] ၇၃

ကျောင်းဆရာဟောင်းတစ်ဦးထံမှ ရှေးပညာ
ဆေးအင်းပုရပိုက်များ [ခွန်စိုင်းဝမ်း] ၁၅၃

စိတ်ဝင်စားဖွယ်ကောင်းသော အဆောင်ကျောက်မျက်
များအကြောင်း(၂) [အောင်ဇ–LL.B] ၁၆၁

မြွေတစ်ကောင်နှင့်တူသော နွယ်ကွင်းထိုး
[သာထက်ဇော်–မကွေး] ၁၇၇

## ✤ ကုထုံးရောင်ခြည် ✤

ညောင်းကိုက်ဝေဒနာအတွက်
အသပြာမကုန်သော ကုသနည်း [ခင်ထွန်း] ၂၃၂

## ○ သုတေသနရောင်ခြည် ○

စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြဲလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၁၄၅

## ○ မြစ်ချင်းဖြိုးဆေးပင်ဆေးမြစ်ရောင်ခြည် ○

တောင်တန်စွန်းရွက်ပင် ဆေးဖက်ဝင်၏
[အောင်ဆန်းလင်း–ဘီအေ] ၁၆၉

## ✲ ထီရှုထောင့်ရောင်ခြည် ✲

တွဲ့နွား သွေးဝမ်းတျရောဂါ [ငွေသိန်း–တိ/မွေး/ကု] ၂၃
တွဲ့နွား အနာပေါက်ပြီး ပိုးတွယ်နေလျှင် [ကိုစနေ] ၁၆၀

## ✉ ကြည်ညိုခြင်းရောင်ခြည် ✉

မြို့မြောက်ဦးမှ ထူးခြားဘုန်းရှိ စနွမုနိ
[စောထွီးသျှင်–မြောက်ဦး] ၉
မင်းဝံတောင်မှ မယ်နတ်ပေးစေတီ [ခွန်စိုင်းဝမ်း] ၁၀၅

## ✱ အောင်မြေရောင်ခြည် ✱

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိုးပူဇော် ဝါထာတော်များ(၄၃)[ကောမော်စေတီတော်]
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၈၉

မြန်အောင်မြို့ ဆုတောင်းပြည့်စေတီတော် ပရိဂုဏ်က
ဓာတ်ကြီးကိုင်စေတီတော် [ခင်–စာသင်၊ ရောမြေ] ၃၀၃





ဓာတ်တော်များနှင့်အတူ
ရှေးကျသော
ကြေးပြားစာတန်းများ... ➧ စာ–၁၀၂

ခြင်္သေ့ရုပ် ဓော်ဂျီရုပ်များ
ဆေးပြား ဓာတ်ပြားများ ပုံဝင်ခဲ့ ဝတ်ရွပ်မှုကောင်းပိတ်မှင့်
အခြားသွားပင် ပစ္စည်းများလည်း... ➧ စာ–၁၅၃






www.burmeseclassic.com

www.burmeseclassic.com



စကုမော်
ဆုတောင်းပြည့်
မှ
ဓမ္မမုဒိ
မယ်တော်
ဖြစ်၏...
♦ စာ-၉၄



ရှေးက
အမြောက်
ပစ်သံ
ကြားရသည်
ဟု
ဆိုသော
ကျောက်မြို့ဟောင်း
မှ
ကျောက်အမြောက်
ဖြစ်သည်...
♦ ရှု-၂၂



ကျောက်မြို့ဟောင်း
မှ
မိမိကိုယ်ကို
ဘုရားဆီးအတွက်
မီးရှို့
ပူဇော်ပြီ
ဘုရား
ဝတ်တက်ခဲ့ရာ
နေရာဖြစ်သည်...
♦ စာ-၂၂


✧ ထိုင်းဆောင်းများရောင်ခြည် ✧

ထိုက်ပွင့် ဆုတောင်းပြည့်အစီရင်ခံ *[သန်းခေါင်–ပညာရေး]* ၁၀၇

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက် ထိုဆုကြီးများ ဆွတ်ခူးနိုင်ဖို့ *[ထက်မင်းကျော်စွာ]* ၁၉၂

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလထီထိုးလိုက ရွေးချယ်ပါ ဤဂဏန်း *[ထက်မင်းကျော်စွာ]* ၂၂၄

❋ စိုက်ပျိုးရေးရောင်ခြည် ❋

တောင်သူဦးကြီးတို့အတွက် ကြက်သွန်ဖြူပိုးသတ်ဆေး (Garlic Pesticide) *[တနိုင်းခ]* ၁၅၂

✪ အင်းဓာတ်ရောင်ခြည် ✪

ကမ္ဘဝါစာထဲမှ ကမ္ဘဝါအင်းတော်ကြီး *[ဆရာ ဦးစန်းယု–ခေတ်မီအာဘိဓမ္မာတောင်သာ]* ၁၂၅

ကျန်းမာရေးတောင်းစေတတ်သော အင်းနှင့်ဂါထာ *[စော်မြင့်–မြင်းခြံ]* ၂၇၀

အစွမ်းထက်သည့် အကာကြီးစမ *[နေဝန်းသစ်]* ၂၇၇

✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

ငွေးတောက်ကုန်းရွာ အလက်ာရာမကျောင်းဆရာတော် အရှင်မုနိန္ဒ၏ ကြည်ညိုဖွယ်ရာ ဘဝဖြစ်စဉ်တော်များ(၁) *[စံထွန်းသာ]* ၄၁

ရွာမိသာ ရွှေသိမ်တော်ကျောင်းမှ ဆရာတော်အရှင်မဟိန္ဒအား ဂါရဝပြု ပူဇော်မှုခရီး(၂) *[စောသိင်းလ]* ၈၁

✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

နတ်ဝင်သည်(သို့မဟုတ်)တစ္ဆေဘဝက လာတဲ့သူ(၃) *[ထွန်း–နောင်ချို]* ၂၄၁

သိပ္ပံနဲ့ အတိတ်ကံ *[ပန်းတနော် နောင်လတ်]* ၂၄၉

အစိန္တေယျ *[အောင်သိန်းဟန်]* ၂၅၆

ထူးဆန်းစွာ လှုပ်ရှားနေသော ကြိုးတစ်ချောင်းနှင့် ကြိုးဆက်ရှိသူများ *[ကောင်းခန့်–သခွတ်မြေ၊ ဝက်လက်]* ၂၆၅

သုသာန်တစ်ရာဆရာတော် သုသာန်ဖအတွေ့အကြုံ ဖြစ်ရပ်များဆန်း *[ဦးသန်းစိုး–ချောင်းနက်]* ၂၉၇

✪ အမေးအဖြေရောင်ခြည် ✪

ဖန်ခါးကိုနှံပေါင်း(ကျည်းပေါင်း) ဘာတွေကောင်း သိရှိသူ ပညာရှင်များမှ ဖြေကြားပေးကြပါရန် *[စိုးလင်းအောင်–မြန်အောင်]* ၁၁၀




www.burmeseclassic.com

www.burmeseclassic.com

## ✂ နေ့စဉ်သုံး အဟောကိန်းညွှန်ရောင်ခြည် ✂


၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ–ကျိုက်လတ်] ၄၇
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူကျင်းဇီ] ၁၄၃
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ
လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၁၈၄
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၀၆


## ✧ မြန်မာ့ရိုးရာပညာရောင်ခြည် ✧


မြန်မာ့ကျေးလက်တောရွာက ဓာတ်ဗိန္ဒောဆရာများ၏
ပေဒင်တွက်ပုံ အစုံစုံ [မောင်ဗဟိန်း–အင်းတော်] ၁၇၀
အဇ္ဈပေဒ ခေါ် သက်ရောက်ဆိတ်ပေဒင်
တွက်နည်း ဟောနည်း [ကောင်းခန့်–သခွတ်မြေ၊ ဝက်လက်] ၃၀၅


## ◆ ကျန်းမာရေး ဆေးဝါးရောင်ခြည် ◆


၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၂၀၀


## ✣ ဗိဇ္ဇာဓရရောင်ခြည် ✣


ကျွန်ုပ်နှင့် ဆရာအရှင်ပုဂ္ဂိုလ်ထူးများ(၃)
[စစ်ကိုင်းတောင် သမဏသုခဆရာတော်ကြီး]
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၁၁၃
ကျွန်ုပ် ကြုံတွေ့ဖူးသည့် ဘိုးဗီယ [ဦးကျော်–လှိုင်သာယာ] ၂၃၇
ကျွန်တော်တွေ့ကြုံခဲ့ရ အဘကြီး(သို့မဟုတ်)ဘိုးတော်ကြီး
[အောင်ကျော်မင်း–ခေတ္တ တောင်ကြီး] ၂၅၇
ကူညီကယ်ချိန် ဘိုးပေါက်ဆိန်
[ဒေါ်သုမနဗိစိတ္တ–B.Sc,H.G.P,Dip.Ed] ၂၈၉


## ● ပရလောကရောင်ခြည် ●



စွဲလမ်းခြင်းဟူသည် [သီလ–ရေတံခွန်တောင်] ၂၃၁
တွန်းတိုးရန် နယ်မြေ [ညီလေးငယ်–လယ်တော်] ၂၅၂
မွေးရာပါတဲ့ အတတ်ပညာ [စောမိသွင်–ရန်ကုန်] ၂၇၃
မယ်လဖူးချောင်းဘေးက ပရလောကသား၏ခေါ်သံ
[ချစ်ဆိုင်] ၂၈၁
စွဲမီအမှား [ဘိုရွှေ–တနင်္သာရီ] ၃၀၀
မိကျောင်းကန်မှ ဖြစ်ရပ်ဆန်းများ [ဗိုးရာဇာ] ၂၈၅


ဓ နဂ္ဂုဏ္ဍရောင်ခြည်မဂ္ဂဇင်း


ဆရာတော်ကြီး
ရှု
ထယ်ကိ
ဆရာတော်
ညွှန်ပြသည့်
ဂုဏ်နည်း
နှင့်
ကျင့်ကြံ
အိမ်ထောင်းသုံးကြောင်း
ပြေကြားမိ...
စာ–၄၁



ဒီဂမုန်းရဲ့
ထူးခြား
တကကော
အိမ်မှာ
စီးပွား
လာဘ်လာဘ
တိုးပွား
စေတယ်...
စာ–၁၈၉



ဒီ
မောင်တန်ခွန်းရှုတ်
က
ဆီးနဲ့ကျော့ကတ်တင်
ကျော်ဆေး
အလှတ်
အဆော်
အစွမ်းထက်တယ်...
စာ–၁၆၉




www.burmeseclassic.com

www.burmeseclassic.com

မြို့မြောက်ဦးမှ

စောထွီးသျှင် (မြောက်ဦး)

# ထူးခြားဘုန်းရှိ စန္ဒမုနိ



စန္ဒမုနိဆင်းတုတော်သည် **ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ဗန္ဒုလကျောင်းတိုက်**၌ ကိန်းဝပ်စံပယ်လျက်ရှိသည်။

ဗန္ဒုလ ကျောင်းတိုက်ဆိုသည်မှာ လေးမြို့ခေတ်တွင် ဗန္ဓဝရဟန္တာမထေရ် ကြွရောက်လာခဲ့ပြီး ထိုတောင်တန်းတွင် သီတင်းသုံးခဲ့ရာမှ အစပြုပြီး ထိုရဟန္တာမထေရ်မြတ်ကို အစွဲပြုပြီး ထိုတောင်ကိုလည်း "ဗန္ဓဝ" တောင်၊ ထိုမှတစ်ဆင့် ကာလကြာသော် ဗန္ဒုလတောင်ဟု ပြောင်းရွှေ့ ခေါ်တွင်လာခဲ့ခြင်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ဓညဝတီခေတ်၌ စန္ဒသူရိယမင်းလက်ထက်တွင် ဘုရားရှင် ကြွရောက်လာပြီး မဟာမြတ်မုနိ သျှင်ပင်ကို မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့မှစ၍ ပဉ္စလောဟာရတနာများဖြင့် သွန်းလုပ်ခဲ့ရာ ကြာသပတေးနေ့တွင် ပြီးစီးအောင်မြင်ကြောင်း သိရပါသည်။

အဆိုပါ မဟာမြတ်မုနိကို သွန်းလုပ်ရာမှ ကြွင်းကျန်ရစ်သော ရတနာရွှေငွေများကို ရဟန္တာအရှင်သူမြတ်များအား ပေးလှူသော်လည်း ရဟန္တာအရှင်သူမြတ်များက လက်မခံကြပါ။

သို့ဖြစ်၍ နောင်တွင် မင်းနှင့်တကွ မှူးမတ်ပြည်သူတို့ မဟာကျန်ရုပ်ပွားဆင်းတုတော်များ သွန်းလုပ်ပူဇော် ကိုးကွယ်နိုင်ရန် ရည်ရွယ်၍ **"ကတညုတ" တောင်တော်**ခြေရင်းတွင် တွင်းကြီးတူးဖောက်၍ ထားခဲ့ကြောင်းကို ရမ်းပြည့်"ဦးစံတင်"က...

'...ဘုရင်ဘုန်းရှိ သူရိယစန္ဒာ၊ ကြည်ဖြူစွာလှူပ် ရဟန္တာအား၊ များပြားရွှေငွေ ကိုးကုဋေကို ဗိုလ်ခြေသယ်ပြီး သီးသီးစုပုံ ကတညုတ၊ တောင်လေ့ခြေရင်း၊ တွင်းကြီးတူးဖောက်'

အစချီပြီး ကဗျာလင်္ကာဖြင့် မှတ်တမ်းတင်ခဲ့လေသည်။

---

စန္ဒမုနိအာစ ဓညဝတီက

---

သာသနာတော်သက္ကရာဇ် ၂၂၂



www.burmeseclassic.com

www.burmeseclassic.com

ချက်မှင့် ဓညသူရိယမင်း၏ အနွယ် ဆက်ဖြစ်ဆက်ချက် သေဘော်ပြည့် နှင့် "ဘုရားဒေဝ"မင်းလက်ထက်၌ ခံရပြည်၌ "သီရိဓမ္မာသောက" မင်းကြီး၏ လျှောက်ထား တောင်းပန် ချက်အရ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန်နှင့်...

ဓညဝတီရိုင်ပြည်နယ်မှ **"မဟာမြတ်မုနိ"** ရုပ်ရှင်တော်ပုံကို ကူးယူရန် ကြွရောက်လာကြသော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် အရှင်ဗာဟုလမထေရ်မြတ်တို့ ဦးဆောင်သော ရဟန္တာများထံမှ **"စန္ဒမုနိ၊ သကျမုနိ၊ ရာဇမုနိ၊ ဒေဝမုနိ၊ စူဠာမုနိ"** ဆိုသော မုနိငါးဆူကို ပုံတူကူးပြီး ဘေးလောင်းတော် စန္ဒသူရိယမင်းလက်ထက်က မဟာမုနိရုပ်ရှင်တော်မြတ်ကို သွန်းလုပ်ခဲ့စဉ်က ကြွင်းကျန်ရစ်သော ရတနာတို့ဖြင့် အဆိုပါ မုနိငါးဆူကို သွန်းလုပ်တော်မူခဲ့လေသည်။

ဤပထမဦးဆုံးသော မဟာကျန်မုနိငါးဆူစလုံးသည် လည်ရစ်သုံးရစ်ပါရှိခြင်း၊ ကေသရာဇာခြင်္သေ့မင်း၏ ရင်အုံကဲ့သို့ ရင်အုံတော်မို့မောက် ဖြိုးဝေခြင်း၊ ထက်ဝယ်ဖွဲ့ခွေ စံပယ်တော်မူခြင်း၊ ကြာသင်္ကန်းတော် တစ်ကိုယ်လုံး ဝတ်ဆင်ထားတော်မူခြင်း၊ စမ္မခဏ်တော်မှာ လခြမ်းသဏ္ဌာန်ရှိတော်မူခြင်း စသော အင်္ဂါရပ်များနှင့် ပြည့်စုံကြသည်။

သူရိယစက္က မင်းတရားကြီးသည် မဟာကျန်မုနိငါးဆူအား မဟာမြတ်မုနိ၏ မဏ္ဍိုင်ငါးရပ်အဖြစ် **"သရီချောင်း"မြစ်**၏ လက်ဝဲလက်ယာ ကမ်းတစ်လျှောက်တွင် တည်ထား ကိုးကွယ်ခဲ့လေ၏။

တစ်နည်းအားဖြင့် မဟာမြတ်မုနိဘုရားကြီးနှင့် မဟာကျန်မုနိငါးဆူကို **"မဟာမုနိစက်"** ဟူ၍လည်း ရခိုင်



◆ ကောဇာသက္ကရာဇ် ၅၂၂ ခုနှစ်မှ ၁၁၀၆ ခုနှစ်ထိ
မြောက်ဦးဘုရင် စံပယ်ခဲ့သော တောင်းဘုရားတောင်အား တွေ့မြင်ပုံ

တိုင်းရင်းသားတို့က ခေါ်ဝေါ်ကြသေးသည်။

မဟာမုနိစက်တွင် ပါဝင်သော ဤစန္ဒမုနိသွန်းစက်တော်မြတ်ကို သူရိယစက္ကမင်းမြတ်သည် မဟာမုနိကုန်းတော်၏ တောင်ဘက်အရပ် **"ဗီပါပဗ္ဗတ" (ယခု မြောက်ဦးမြို့နယ်တောင်ဦးကျေးရွာအနီး စန္ဒမုနိကုန်းတော်)** တောင်ကုန်းပေါ်တွင် ကျောက်လိုဏ်ဂူပြုလုပ်ပြီး ကိုးကွယ်ခဲ့လေသည်။

## စန္ဒမုနိဆင်းတုတော်၏
## လက္ခဏာတော်ကြီးငယ်များနှင့်
## အတိုင်းအတာပမာဏ

ဤဆင်းတုတော်မှာ ခြေထပ်ပလ္လင်ခွေ **"ပဓာနမုဒြာ"** ပုံတော်မျိုးဖြစ်ပြီး မျက်လွှာတော်ချထားဟန်၊ ဈာန်သမာပတ်ဝင်စားနေဟန်၊ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူနေဟန် သွန်းလုပ်ထားသည်။

သွန်းစက်တော်မြတ်၏ မျက်လုံး၊ မျက်အိမ်၊ မျက်ရစ်၊ မျက်လွှာ၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ မေးချိုင့်၊ ဆံလိပ်၊ ဆံခွေ၊ ဆံရစ်များနှင့် ဆင်းတုတော်ကို ပီပြင်စွာ သွန်းလုပ်ထားသည်။

ရောင်လျှံတော် (မုနိတော်)ထဲတွင် ဘုရားရှင်၏ သရီရဓာတ်မွေတော်များကို ဌာပနာထည့်သိုထားသည်။ နဖူးတော်နှင့် ဆံရစ်တော်ကြားတွင် ကြာလက်သဖွယ် **သင်းကျစ်တော် တစ်ရစ်** ပါသည်။

နားပေါက်တော်သည် ဥရုဝေဠမဟာကဿပရသေ့ကြီးတို့နှင့် ကျင်လည်ခဲ့ဖူးသော ဘဝဖြစ်စဉ်ကို ဖော်ညွှန်းနေသည်။

ပါးလွှာသော ကြာသင်္ကန်းအောက်မှ မဟာပုရိသ၏(၃၂)ပါးသော လက္ခဏာကြီးနှင့် (၈၀)သော လက္ခဏာတော်ငယ်တို့ကို အထင်းသား ဖူးတွေ့နိုင်သည်။

လက်ဝဲဘက် လက်မနှင့် လက်ချောင်းများကြားတွင် ဖိညှပ်ထားသော သင်္ကန်းစကို ပန်းပွင့်သဏ္ဌာန် ပြုလုပ်ထားပြန်သည်။

စန္ဒိမာ–မဏ္ဍလ လပြည့်ဝန်းကဲ့သို့ **ဝိုင်းစက်သော မျက်နှာတော်ရှိခြင်း၊ မျက်မှောင်တော် နှစ်ဖက်**သည် လဆန်းငါးရက် လကဲ့သို့ နှုတ်တော်မှ



www.burmeseclassic.com

www.burmeseclassic.com



[illegible] သိမ်တော်ကြီး

ခြင်း...

**ပါးပြင်တော်နှစ်ဖက်**သည် လည်းလဆန်း ဆယ့်နှစ်ရက်လကဲ့သို့ တိတိပြီးပြီးရှိတော်မူခြင်း...

**နှာခေါင်းတော်မှာလည်း** ရွှေချွန်းတောင်းပမာ ဖြိုးဖြိုးမောက်မောက်ရှိတော်မူခြင်း...

**မေးစေ့တော်သည်** ကောသရာဇာခြင်္သေ့မင်း၏ မေးစေ့အလား တိတိဝန်းဝန်းရှိတော်မူခြင်း...

**လည်ပင်းတော်သည်** မုရိုးစည်(စည်တစ်မျိုး၏အမည်) သဏ္ဌာန်လုံးလုံးဖြိုးဖြိုး ရှိတော်မူခြင်း...

**ကောသရာဇာခြင်္သေ့မင်း၏** ရင်အုံကဲ့သို့ ရင်အုံတော် မို့မောက်ဖြိုးဝေခြင်း။ သားမြတ်တော်အစုံသည်လည်း နွားလားဥသဘမျက်လုံးပမာ ရှိတော်မူခြင်း...

**ခါးတော်နှစ်ဖက်သည်** နွားလားဥသဘ နှာရောင်ကဲ့သို့ လျော့လျော့ရှိတော်မူခြင်း။ **ဆင်နှာမောင်းကဲ့သို့ လက်မောင်းတော်အစုံ**နှင့် သွယ်ပျောင်းပြီး အချိုးအစား ပြေပြစ်လှသော လက်ချောင်းတော်များရှိခြင်း...

ဖမိုးတော်နှစ်ဖက်ဖြိုးခြင်း၊ ပခုံးတော်နှစ်ဖက် ဖြိုးခြင်း၊ လည်တော်ဖြိုးခြင်း၊ လက်တော်နှစ်ဖက်ဖြိုးခြင်း စသောလက္ခဏာတော်(၁၁၈)ပါး အင်္ဂါရုပ်များနှင့်အညီ ရခိုင်ဗိသုကာ ပန်းတဉ်းပညာရှင်များ၏ အံ့မခန်းလက်ရာကို ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်ပါသည်။

သွန်းစက်တော်မြတ်မှာ ရွှေစင်အတိဖြင့် သွန်းလုပ်ထားဘိသကဲ့သို့ သပ္ပါယ်လှပြီး မျက်နှာတော်မှ ရွှေရည်များ တစ်စက်စက် ယိုဖိတ်နေသည့်လားထင်မိယောင်မှား ဖူးမြော်ရပါသည်။

**ဆင်းတုတော်မြတ်၏ အတိုင်းအတာများမှာ...**

***

| | |
|---|---|
| ၁။ ညဏ်တော်အမြင့် | (၄)ပေ (၁၀)လက်မ၊ |
| ၂။ ဒူးရွှန်းနှစ်ဖက်အကျယ် | (၄)ပေ၊ |
| ၃။ ရင်အုပ်တော်အကျယ် | (၅)ပေ၊ |
| ၄။ မျက်နှာတော်(ဆံစမှမေးစေ့ထိ) | (၁)ပေ (၁)လက်မ |
| ၅။ နားတော်အရှည် | (၁၀.၅)လက်မ၊ |
| ၆။ နှာခေါင်းတော်အရှည် | (၄)လက်မ |
| ၇။ ခါးတော်လုံးပတ် | (၄)ပေ (၁)လက်မ |
| ၈။ လက်မောင်းတော်ပတ်လည် | (၁)ပေ (၁၁) လက်မ |
| ၉။ ပခုံးတော်အကျယ် | (၂)ပေ (၁၀)လက်မ |
| ၁၀။ မျက်နှာတော်အရှ | (၁)လက်မ |
| ၁၁။ စမွခတ်အမြင့် | (၂)လက်မခန့်ရှိလေသည်။ |



## စန္ဒမုနိသွန်းစက်တော်၏

## ဒေသစာရီခရီး

ဤ စန္ဒမုနိသွန်းစက်တော်ကို ဓညဝတီခေတ်မှစ၍ ဝေသာလီ၊ လေးမြို့ခေတ်များတိုင်အောင် ရခိုင်မင်းအဆက်ဆက်တို့သည် မဟာမြတ်မုနိနှင့်အတူ ပူဇော်ဆည်းကပ်ခဲ့ကြသည်။

ကောဇာသက္ကရာဇ် ၈၉၂ခုနှစ်တွင် ဘုရင်"**မင်းစောမွန်**"သည် လောင်းကြက်မြို့တော်ဟောင်းမှ မြောက်ဦးမြို့တော်သို့ ပြောင်းရွှေ့နန်းစံခဲ့ရာ စန္ဒမုနိဆင်းတုတော်မြတ်ကို ရဟန္တာ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်နှင့် အရှင်မဟာကုလမထေရ်တို့ ရပ်တန့်တော်မူခဲ့သောဗားဘူတောင် (ပေါ်ဘူ)တောင်သို့ ပင့်ဆောင်ကာ ကိုးကွယ်ခဲ့လေသည်။

**ကောဇာသက္ကရာဇ် ၁၂၁၄ ခုနှစ် (ခရစ် ၁၈၅၂)တွင်** အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် မြန်မာနိုင်ငံအောက်ပိုင်းနှင့် ရခိုင်ဒေသသည် နယ်ချဲ့အစိုးရလက်အောက် ကျရောက်ခဲ့လေတော့သည်။

ထိုအခါ နယ်ချဲ့အစိုးရသည် သူတို့၏ အုပ်ချုပ်ရေး ယန္တရားလည်ပတ်ရေးအတွက် ကြေးပိုက်ဆံ၊ ကြေးအမြောက်များနှင့် ကြေးအမြောက်ဆန်များပြုလုပ်ရန် မြန်မာနိုင်ငံအောက်ပိုင်းနှင့် ရခိုင်ဒေသရှိ ကြေးဆင်းတုတော်များ၊ ကြေးခေါင်းလောင်းများ၊ ကြေးအိုး၊ ကြေးခွက်စသည်များကို အဓမ္မ သိမ်းယူပြီး အိန္ဒိယနိုင်ငံ"ဘုံဘိုင်"မြို့သို့ "ရွှေချိန်"အမည်ရှိ သင်္ဘောဖြင့် တင်ပို့ခဲ့ကြသည်။

ယင်းတို့အနက် ထင်ရှားသော ကြေးဆင်းတုတော်တချို့မှာ "**မာရ်အောင်မြင်**"ဘုရား၊ **(ရွှေနံ့မြည်တော်ပြန်ဘုရား)** ရှိကုန်



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တထောင်ရှိဘိလပ်ပြန် ရှိန်ဘုရား။ မြောက်ဦးမြို့ ထုက္ကန့်သိမ်မှ **"မဟ္တိုင်" ကြေးဆင်းတုဘုရားနှင့် အံတော်သိမ်မှ မတ်ရပ်(ရပ်တော်မူ) ဘုရားကြီး**များ ဖြစ်ကြသည်။

ရခိုင်တိုင်းရင်းသားတို့သည် မိမိတို့၏ အထွတ်အမြတ် ကိုးကွယ်ရာဖြစ်သော ဆင်းတုတော်များကို အရည်ဖျော်ပြီး ကြေးပိုက်ဆံများနှင့် ကြေးအမြောက်များ ပြုလုပ်ရန် သိမ်းယူခြင်းကို အလွန်ခံပြင်းကြသည်။ ရင်ထုမနာ ဖြစ်ကြရသည်။

ထိုအခါ မိမိတို့ အလေးအမြတ်ထား ကိုးကွယ်ကြသည့် ကြေးဆင်းတုတော်များကို လက်လှမ်းမီသလောက် နည်းမျိုးစုံဖြင့် ဝှက်ထားခဲ့ကြသည်။

ထိုသို့ ဝှက်ထားသော ကြေးဆင်းတုများအနက်မှ မြောက်ဦးမြို့ ကျောက်ရစ်ကေကျောင်းတိုက်မှ ရေတံခါးဘုရား၊ လက်ကောက်ဈေးကျောင်းတိုက်မှ မြောက်ဦးခေတ်လယ် ကြေးဆင်းတုတော်ကြီးနှစ်ဆူ၊ ညောင်ပင်ဈေးကျောင်းတိုက်မှ **"ရွှေဂူတောင်နန်းဦးဘုရားကြီး"**နှင့် ဗန္ဓုလကျောင်းတိုက်မှ စန္ဒမုနိဆင်းတုတော်ကြီးစသည်တို့မှာ လူသိရှင်ကြား ကျော်ကြားလှချေသည်။

ဤသို့ မြောက်ဦးသားတို့သည် သက်စွန့်ဆံဖျား ဝှက်ထားခဲ့ကြသော ဆင်းတုတော်များအနက်မှ စန္ဒမုနိဆင်းတုတော်အား ဝှက်ထားခဲ့ကြပုံမှာ တစ်နည်းတစ်ဖုံ စိတ်ဝင်စားဖွယ်ကောင်းလှချေသည်။

မြောက်ဦးမြို့ တောင်ရပ် ရပ်ကွက်မှ ကုန်သည်ကြီး ဦးသာထွန်းဦး၊ ဦးချိုးမောင်၊ ရွှေပန်းထိမ်ဆရာကြီး ဦးသာတောတို့ ဦးဆောင်ပြီး ဗားဘူတောင်၌ စံပယ်နေသော စန္ဒမုနိကိုယ်ပွားတော်ကြီးကို တိတ်တဆိတ် ပင့်ဆောင်ပြီး ဗားဘူတောင်ခြေရင်း၌ စီးဆင်းနေသော **"ဆည်ဝ"** ချောင်းထဲတွင် မြှုပ်၍ ဝှက်ထားလိုက်ကြလေ၏။

ထိုချောင်းထဲ၌ (၁၀)နှစ်ခန့်ကြာသောအခါ ထိုဆင်းတုတော်မြတ်မှာ ဆားငန်ရည်ကြောင့် ပျက်စီးသွားမည်ကို စိုးရိမ်၍ အဆိုပါ လူစုသည် ဗန္ဓုလကျောင်းတိုက်၊ တောင်ဘက်(၈)ကိုက်ခန့် အကွာ၌ရှိသော "ဘုရားများသိမ်" သို့ ညအချိန် တိတ်တဆိတ် ပင့်ဆောင်ကြပြီး အပြင်မှ အင်္ဂတေဖုံးအုပ်ကာ ကျောက်ဆင်းတုအသွင်ဖြင့် ဝှက်ထားလိုက်ကြသည်။

သို့သော် ဘုရားရှင် ပေါ်တော်မူရန် အချိန်တန်လာသောအခါ "လူမင်းဘုန်းကြီး နတ်မင်းမနေသာ" ဆိုသလို ဘုရားရှင်၏ ဘုန်းတော်အနန္တတို့ကြောင့် သာသနာတော်စောင့် နတ်ဒေဝါများက ကူညီမ, စရမြဲ ဓမ္မတာပင်ဖြစ်ချေသည်။

**ကောဇာသက္ကရာဇ် ၁၃၅၀ ပြည့်နှစ်၊ ကဆုန်လဆန်း(၂)ရက် (၂၇–၄–၈၈) တနင်္ဂနွေနေ့ နံနက်စောစောတွင်** ဗန္ဓုလဦးပဥ္စင်းကြီး ဦးစက္ကပါလသည် ဘုရားများ သိမ်အတွင်း တံမြက်စည်းလှည်းနေစဉ် ကြွေမျက်လုံးတော် တစ်ဖက် ပြုတ်ကျနေသည်ကို ထူးဆန်းစွာ တွေ့ရှိရလေသည်။

မျက်လုံးတော် ပြုတ်ကျနေသော ဆင်းတုတော်အား ဂဃနဏ လေ့လာကြည့်ရှုသောအခါ ကြေးဆင်းတုတော်ကို အပြင်မှ အင်္ဂတေဖုံးအုပ်ထားကြောင်း တွေ့ရှိရလေသည်။

အကြောင်းစုံကို ဦးစက္ကပါလသည် ထိုစဉ်က ကျောင်းထိုင်ဆရာတော်ကြီးဖြစ်သော **ဘဒ္ဒန္တပဏ္ဍိစ**အား လျှောက်ထားလေရာ ဆရာတော်ကြီးက စန္ဒမုနိသွန်းစက်တော်မြတ်၏ သမိုင်းကြောင်းကို ပြန်ပြောင်းပြောပြလေတော့သည်။

ကောဇာသက္ကရာဇ် ၁၃၅၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော်(၇)ရက် (၇.၅.၈၈) နေ့တွင် ဦးပဥ္စင်းကြီး ဦးစက္ကပါလသည် အပြင်မှ ဖုံးအုပ်ထားသော အင်္ဂတေများကို ဖြည်းညင်းစွာ ခွာချလိုက်သောအခါ အလွန်တရာ သပ္ပါယ်လှသော ကြေးဆင်းတုတစ်ဆူ ဖြစ်နေကြောင်း မျက်ဝါးထင်ထင် ဖူးတွေ့လိုက်ရပါတော့သည်။

ထိုသို့ ဘုရားရှင်ပေါ်တော်မူကြောင်း သတင်းသည် ခဏချင်းပင် တောမီးပမာ ပျံ့နှံ့သွားလေရာ ဘုရားဖူးလာရောက်ကြသော ပရိသတ်မှာ ပျားပန်းခပ်မျှ စည်ကားနေလေတော့သည်။

ထိုအခါ ဘုရားများ သိမ်အတွင်း၌ နေရာမဆံ့သဖြင့် ဗန္ဓုလကျောင်းတိုက် အောက်ထပ်သို့ ၁၃၅၀ ပြည့်နှစ်၊ နယုန်လဆန်း(၄)ရက် (၁၉.၅.၈၈) ကြာသပတေးနေ့ ညနေ (၂)နာရီ (၄၀)မိနစ်တွင် ယာယီပြောင်းရွှေ့စံပယ်စေခဲ့ပါသည်။

ကောဇာသက္ကရာဇ် ၁၃၅၁ ခုနှစ်၊ တန်ခူးလဆန်း(၁၁)ရက် (၁၆.၄.၈၉) တနင်္ဂနွေနေ့တွင် အနည်းငယ် ပျက်စီးလျက် ရှိသည်များကို မြောက်ဦးမြို့နယ်၊ ညောင်ပင်ဈေးရပ်ကွက်မှ ပန်းတဉ်းဆရာကြီးဦးကျော်အေးက ရှေးမူမပျက် ပြန်လည်ပြုပြင်ခဲ့ပါသည်။

၁၃၅၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၆)ရက် (၈.၈.၉၃)တနင်္ဂနွေနေ့ နံနက် (၉)နာရီ (၉)မိနစ်တွင် ဘုရားများသိမ်တော်၏ တောင်ဘက် (၄,၅,၆)ကိုက်ခန့်အကွာ၌ စန္ဒမုနိဆင်းတုတော်မြတ် ကိန်းဝပ်စံပယ်တော်မူရန် ဂန္ဓကုဋိတိုက် အုတ်ပြချိုးပြီး စတင် တည်ဆောက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



▲ ကိုလိုနီကာလ၌ ကျောက်ဆင်တုအသွင်ဖြင့် စန္ဒမုနိဘုရားရှင်ကိုဖူးမြော်ခဲ့သော ဘုရားများ သိမ်

၁၃၅၅ ခုနှစ်၊ ဝါခေါင်လကွယ် (၁၅.၉.၉၃) ဗုဒ္ဓဟူးနေ့ နေ့လယ်(၁) နာရီ (၃၀)မိနစ် (၄)စက္ကန့် အချိန်တွင် ဂန္ဓကုဋိတိုက်ရှိ ရွှေဟောင်းပလ္လင်ပေါ်၌ ပင့်ဆောင်စံပယ်စေခဲ့ပါသည်။

## စန္ဒမုနိသျှင်တော်၏ ထူးခြားသော ဝိသေသ လက္ခဏာတော်များ

မြို့မြောက်ဦးမှ ဤစန္ဒမုနိသျှင်တော်သည် အခါအားလျော်စွာ တန်ခိုး ပြာဋိဟာ ပြသတော်မူလေသည်။ ယင်းတို့အနက်မှ ထင်ရှားသော ဝိသေသ လက္ခဏာတော်အချို့ကို ဖော်ပြပါမည်။

စန္ဒမုနိ၏ ဂန္ဓကုဋိတိုက်အတွင်း၌ ကြမ်းခင်းအင်္ဂတေ ပြုလုပ်နေချိန်ဖြစ်၏။ နောက်ဆုံး တနင်္ဂနွေထောင့်(အရှေ့မြောက်ထောင့်အရပ်)၌ အင်္ဂတေခင်းရန် (၄)ပေပတ်လည် စတုရန်းတစ်ကွက်စာ ကျောက်စရစ်များ လိုအပ်နေ၏။

ထိုအချိန်အခါသည် မြောက်ဦးမြို့တောင်ရပ်ကွက်တွင် မီးလောင်ပြီးစ ဖြစ်၍ အိမ်တိုက်တာ အဆောက်အအုံများကို ပြန်လည်ထူထောင် ဆောက်လုပ်နေချိန်ဖြစ်၍ ကျောက်စရစ်၊ သဲ၊ အုတ် စသည်တို့ကို ရရှိရန် မလွယ်ကူချေ။

ကောဇာသက္ကရာဇ် ၁၃၅၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀)ရက် သောကြာနေ့တွင် "နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်" ဆိုသလို မည်သည့်အချိန်က မည်သည့်ပုဂ္ဂိုလ် လာရောက်ချပေးသွားသည် မသိသော ကျောက်စရစ် လှည်းနှစ်စီး တိုက်စာခန့်ကို ဗန္ဓုလကျောင်းတိုက် တည်ရှိရာ တောင်ခြေရှိ လှေကားရင်း၌ အဆင်သင့်ပင် တွေ့ရှိရလေသည်။

"ရေငတ်တုန်း ရေတွင်းထဲကျ" ဆိုသလို လိုအပ်သည့်အချိန်တွင် လိုအပ်ချက်ကို သမာဒေဝနတ်များက ကူညီမစခြင်း ဖြစ်ချေ၏။

ဦးပဥ္ဇင်းကြီး ဦးစက္ကပါလသည် ကျောက်စရစ် ချပေးလာသူကို စုံစမ်းပါသော်လည်း မည်သူမျှ ချပေးလာခြင်း မရှိကြောင်း အဖြေသာ ရရှိပါ၏။

ဤသည်မှာ စန္ဒမုနိဘုရားအရှင်မြတ်၏ ဘုန်းတော်အနန္တကြောင့် နတ်ဒေဝါများက မ,စကူညီခြင်းသာ ဖြစ်ပါလိမ့်မည်။

ကောဇာသက္ကရာဇ် ၁၃၅၅ ခုနှစ်၊ တော်သလင်းလဆန်း(၁)ရက် ကြာသပတေးနေ့က စန္ဒမုနိသွန်းစက်တော်အား ကျောက်ပလ္လင်ပေါ်သို့ ပင့်ဆောင်စဉ်ကပင် ဘုရားရှင်မှာ ညာဘက်သို့ (၂၅)ဒီဂရီခန့် တိမ်းစောင်းနေ၏။

ပဋိရူပမကျ၍ ဦးစက္ကပါလက ပန်းရန်သမား၊ ပန်းတည်းသမားတို့အား နည်းမျိုးစုံဖြင့် တည့်မတ်စေသော်လည်း အချည်းနှီးသာဖြစ်၏။

တစ်ဖန် ၁၃၅၅ ခုနှစ်၊ တပေါင်းလဆန်း(၁၄)ရက်၊ သောကြာနေ့တွင် ဦးစက္ကပါလနှင့် ကျောင်းရှိ ဦးပဥ္ဇင်းများ၊ ကိုရင်ကလေးများသည် ဘုရားရှင်၏ စမ္ပယ်နှင့် ပလ္လင်ကြား၌ ခုစ်သား



www.burmeseclassic.com

www.burmeseclassic.com

တုတ်ချောင်းရှည်များ ထိုးသွင်းပြီး ကုတ်သဘောပြုလုပ်၍ တည့်မတ်ကြသော်လည်း စောင်းမြဲစောင်းနေ၏။

နံနက်(၅)နာရီမှ (၉)နာရီတိုင် ကြာခဲ့သော်လည်း ထူးမခြားလှ။ ထိုအခါ လက်လျှော့ချင်သလို ဖြစ်လာကြ၏။

ထိုအခါ အရပ်ထောင်ထောင် မှောင်းမောင်း၊ ဥပမိရုပ်ကောင်းကောင်း၊ စွင်မျက်နှာသုတ်ပဝါ တစ်ထည်ကို ခေါင်းတွင် ပေါင်းထားသော လူစိမ်းတစ်ယောက်သည် ရုတ်တရက် ဝင်ရောက်လာသည်။

ထို့နောက် ဘုရားကို လက်ယာရစ် တစ်ပတ် ပတ်ကာ ဖူးမြော်ပြီး ပလ္လင် ဝဲဘက်အစွန်ရှိ တုတ်ချောင်းရှည်ကို (၂)မိနစ်ခန့် နိမ့်တုံမြင့်တုံ ပြုလုပ်ရုံမျှဖြင့် ဘုရားရှင်မှာ အံ့သြဖွယ်ရာ ယခုလက်ရှိအနေအထားအတိုင်း တည့်မတ်သွားလေသည်။

ဦးစက္ကပါလနှင့် ဦးပဉ္စင်းများ၊ ကိုရင်ကလေးများမှာ ဝမ်းသာလွန်း၍ ထိုပုဂ္ဂိုလ်သည် မည်သည့်အချိန်က ပြန်သွားသည်ကိုပင် သတိမပြုမိလိုက်ကြ။

ထိုပုဂ္ဂိုလ်၏ အမည်၊ နေရပ်လိပ်စာတို့လည်း မမေးမြန်းလိုက်ကြချေ။ ဤသည်မှာ "လူမင်းဘုန်းကြီး နတ်မင်းမနေသာ" ဆိုသလို ဘုရားရှင်၏ ဘုန်းတော်အနန္တကြောင့် နတ်ဒေဝါများက ကူညီမ စခြင်းတစ်ရပ် ဖြစ်ချေသည်။

၁၃၅၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၂)ရက် ညနေ (၉)နာရီခန့်တွင် စန္ဒမုနိသွန်းစက်တော်မြတ် ကိန်းဝပ်စံပယ်ရာ ဗန္ဓုလဝေတောင်တန်း၏ အထက်ကောင်းကင်မှ နီမောင်းသော ရောင်ခြည်တော်များ ကွန့်မြူး၍ တန်ခိုးပြာဋိဟာ ပြပါသည်။

ထိုဖြစ်ရပ်ကို မြောက်ဦးမြို့သားတချို့နှင့် မြောက်ဦးမြို့နယ် ပဒဲ(ပြဲတဲ) ကျေးရွာမှ ရဲစခန်းမှူးဦးဦးကျော်ညွန့်၊ ဆေးမှူးဦးဘကျော်နှင့် လောင်းရှည်ချောင်း မူလတန်းကျောင်းအုပ်ဖြစ်သူ ဦးစိန်ရွှေသာတို့မှာ ကိုယ်တွေ့မျက်မြင် ဖူးမြော်လိုက်ကြရသည်။

ဤသည်မှာလည်း သွန်းစက်တော်မြတ်၏ ထူးခြားသော ဝိသေသလက္ခဏာတစ်ရပ် ဖြစ်ပေ၏။

တစ်ဖန် ၁၃၅၇ ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်စောစော အချိန်မှစ၍ သွန်းစက်တော်မြတ်၏ ရင်အုပ်တော်အောက် အလယ်တည့်တည့်၌ ကြာခေါင်းလောင်း (ပဒုမ္မာကြာ)ပွင့်၏ ဝတ်ဆံများသဏ္ဌာန် ထင်ဟပ်ပြီး တန်ခိုးပြာဋိဟာ ပြသတော်မူသည်မှာ ယနေ့တိုင်အောင်ပင် ဖူးမြော်နိုင်ပါသေးသည်။

နောက် ဘုရားရှင်၏ ထူးခြားသော ဝိသေသလက္ခဏာတော် တစ်ရပ်မှာ ၁၃၅၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃)ရက်နေ့က ဘုရားရှင်၏ ဝဲဘက်မျက်လုံးတော်သည် ထူးထူးခြားခြား အနီရောင်သန်းပြီး တန်ခိုးကျဒ္ဓိပါဒ် (၇)ရက်တိုင်အောင် ပြသတော်မူ၏။

တစ်ဖန် ယာဘက်မျက်လုံးတော်သို့ ပြောင်းရွှေ့ပြီး (၇)ရက်တိတိ ပြသတော်မူခဲ့သည်ကို အများပြည်သူတို့နှင့် စာရေးသူကိုယ်တိုင် ဖူးမြော်လိုက်ရပါတော့သည်။

ထို့ပြင် ၁၃၅၈ ခုနှစ်၊ ဝါခေါင်လဆန်း ရက်တစ်ရက်တွင်လည်း မျက်နှာတော်၌ အရောင်မျိုးစုံ ကွန့်မြူး၍ တန်ခိုးတော် ပြသခဲ့သည်ကို ဦးစက္ကပါလနှင့် ကျောင်းရှိ ဦးပဉ္စင်းများ၊ ကိုရင်ကလေးများ ဖူးမြော်လိုက်ရသည်ဟု ဆိုပါသည်။

၁၃၅၈ ခုနှစ်၊ တော်သလင်းလပြည့်နေ့မှစ၍ ရင်အုပ်တော်အောက်ရှိ ထင်နေသော ကြာဝတ်ဆံအတွင်း၌ မျက်လုံးတော်တစ်လုံး ထပ်၍ပေါ်လာပြီး ပြာဋိဟာ ပြသခဲ့သည်မှာ ယနေ့တိုင်အောင်ပင် ဖူးမြော်နိုင်ပါသေးသည်။

ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ(ပုံလွှန်)သည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတစ်ပါးဖြစ်သည်။

စန္ဒမုနိ ကိုယ်တော်မြတ်ကြီးသည် ကျောက်ဆင်းတုအသွင်ဖြင့် ဘုရားများ သိမ်တော်၌ စံပယ်နေစဉ်က ရံဖန်ရံခါ နတ်ဒေဝါများ အရုဏ်တက်ချိန်တွင် နတ်သုဒ္ဓါဆွမ်းဘောဇဉ်များ လာရောက်ကပ်လှူကြသည်ကို ဆရာတော်ကြီးသည် ကျောင်းပေါ်မှ မှုန်ဝါးဝါး မြင်နေရကြောင်း...

နတ်သုဒ္ဓါဆွမ်းတို့မှာ အလွန်မွှေးကြိုင်လှကြောင်း၊ ဆရာတော်ကြီး၏ တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ခါရံထူးမှ အလွန်မွှေးကြိုင် သင်းပျံ့သော မွှေးရနံ့များကို မိမိ မရှူရှိုက်ဘူးကြောင်းတို့ကို ဦးပဉ္စင်း ဦးစက္ကပါလအား မကြာခဏ ပြောပြဖူးကြောင်း သိရပါသည်။

ဤသည်တို့မှာ စန္ဒမုနိကိုယ်တော်မြတ်ကြီး၏ ထူးကဲလှသော ဝိသေသလက္ခဏာတော်များထဲမှ တချို့ဖြစ်ပါသည်။

မဟာမုနိစက်တွင် တစ်ဆူအပါအဝင်ဖြစ်သော ဤစန္ဒမုနိသွန်းစက်တော်မြတ်မှာ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး စသော ခေတ်ကြီး (၄)ခေတ်ကို ဖြတ်သန်းလာခဲ့သော်လည်း...

ယခုတိုင်-ရောင်ခြည်တော် ကွန့်မြူးမြဲ ကွန့်မြူးလျက်၊ တန်ခိုးပြာဋိဟာ



www.burmeseclassic.com

www.burmeseclassic.com

ပြသမြဲ ပြသလျှက်၊ ထူးကဲသော ဝိသေသ လက္ခဏာတော်များကို ပြသမြဲ ပြသလျှက်၊ လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့၏ ပူဇော်ထူးကို ခံယူမြဲခံယူလျှက်...

ယခုအခါ မြောက်ဦးမြို့ ဗန္ဓုလကျောင်းတိုက်ရှိ သီးခြား ဆောက်လုပ်လှူဒါန်းထားသော ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်လျှက် ရှိပါပေသည်။

ဤမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော ကြည်ညိုရှိ၍ မဝနိုင်အောင် သပ္ပါယ်လှသော ရခိုင်ဒေသ မြောက်ဦးမြို့ရှိ စန္ဒမုနိ သွန်းစက်တော်မြတ်အား ရပ်ဝေးရပ်နီးမှ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အား တစ်ခါတစ်ခေါက်လောက် လာရောက်၍ ဖူးမြော်ကြည်ညိုနိုင်ကြပါရန် စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

ချစ်စွာသော နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက် ဓမ္မဒါနအဖြစ် စန္ဒာမုနိဂါထာတော်ကို လက်ဆောင်ပေးလိုက်ပါသည်။

**<u>စန္ဒာမုနိဂါထာတော်</u>**

အဂ္ဂေ စန္ဒာမုနိ ဗုဒ္ဓေ
အနုတ္တရော အဂ္ဂေဝိပါကော
ဟောတိ မေ ယံ ဣစ္ဆံ
တံ သမိဇ္ဈတု။

အနက်

**စန္ဒာမုနိဗုဒ္ဓေ**– စန္ဒာမုနိမြတ်စွာဘုရားသည်၊ **အဂ္ဂေ**–အထွတ်အမြတ် ဖြစ်ပါပေ၏၊ **အဂ္ဂေဝိပါကော**–မြတ်သော အကျိုးရှိသည်ဖြစ်၍၊ **အနုတ္တရော** – သာလွန်မြင့်မြတ်ပါပေ၏။ **မေ**–အကျွန်ုပ်အား၊ **ယံ**–အကြင်အရာကို၊ **ဣစ္ဆံ**– ဣစ္ဆန္တော အလိုရှိသည်၊ **ဟောတိ**– ဖြစ်၏၊ **တံ**– ထိုအလိုရှိအပ်သောအရာသည်၊ **သမိဇ္ဈတု**–



ရွှေလဘောင်ဆပ်ရှိ ရွှေသောဘိုးစက်ကြီး

ပြည့်စုံပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏိဒီပြန်မဟာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

[ဤဂါထာတော်ကို တစ်နေ့ သုံးခေါက် ရွတ်ပါက လိုအင်ဆန္ဒအဝဝ ပြည့်စုံပြီး ဘေးအန္တရာယ်အပေါင်း ကင်းငြိမ်းနိုင်ပါသည်။]

**စောထွီးသျှင်(မြောက်ဦး)**

ကျမ်းကိုး

၁။အသျှင်ဝရသမ္မောဓိ၏ "သတ္တုရူပ ဗိသုကာကျမ်းများ"

၂။ဦးကျော်ဇော်လှရေး "ကျွန်တော်သိသော စန္ဒမုနိဘုရားကြီးသမိုင်း စာအုပ်၊ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလထုတ်"

၃။ မောင်ဒေဝ(မြောက်ဦး)ရေး "စန္ဒမုနိ" ဆောင်းပါး၊ အမှတ်(၁)မြောက်ဦး မဂ္ဂဇင်း(၁၉၉၆ ခုနှစ်၊ မတ်လထုတ်)

၄။ဆရာတော်ကြီး ဘဒ္ဒန္တစက္ကပါလ၏ မိန့်ကြားချက်များ။

၅။စာရေးသူ၏ ကွင်းဆင်းလေ့လာချက်များ။



www.burmeseclassic.com

www.burmeseclassic.com

# ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့် )
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

**Diseases to be applied**

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)


Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဒနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅




www.burmeseclassic.com

www.burmeseclassic.com



မိုင်းသုန့်တောင်မကြီးပေါ်မှ ဘုရား



ကျောက်မြို့ဟောင်း တောင်ပေါ်ကဘုရား

လွယ်ကြောင်းခြောင်

# မိုင်းသုန့်ဘိုးဘိုးကြီး ကျောက်မြို့ဟောင်း

ပုဂံ အနော်ရထာမင်းနှင့် ခေတ်ပြိုင် ဂဒူမင်း သံတုရာဇာလည်း မင်းလုပ် အုပ်ချုပ်နေခဲ့သည်။ ဟုန်းနတ်ကို ပူဇော်၏။ ကင်ပလင်းသားကို ထွင်းကာ ပုတ်သင်သားရေကို ကျက်ထားသော စည်ကြီးတစ်လုံးရှိသည်။

ဝေသာလီပြည်မှ မင်းမျိုးသူကြွယ် သည်လည်း အနော်ရထာမင်းထံ ခွင့်ပန်၍ ဗဒုံမြို့ကို တည်ခဲ့သည်။ အနော်ရထာကို ကုန်းတိုက်၍ အနော်ရထာက တိုက်သောအခါ မဟာမြိုင် ပျက်လေ၏။

မဟာမြိုင် ပျက်သောအခါ မဟာမြိုင်မင်း၏ ဘထွေးတော်၏သား အဲခံန်း(ဗမာလို ငပျင်း)နှင့် နှမတော် စောပေါ်မိုင်း(ဗမာလို မြို့သူကြီး) တူဝရီး နှစ်ယောက်ထွက်ပြေးကြရာ ရှမ်းအရပ်၊ ဝန်သိုမြို့ကို ရောက်ရှိခဲ့၏။

ဝန်သိုစော်ဘွားထံ ခွင့်ပန်ကာ ဒေါင်းမြူးချောင်းနှင့် ကိုးကန်ချောင်း အဆုံနေရာတွင် ပိန္နဲ၊ သရက် ဥယျာဉ် ခြံမြေ စိုက်ပျိုးစားသောက်နေထိုင်ခဲ့ကြသည်။

(၃)နှစ်အတွင်း သရက်သီးတစ်လုံး သာသီး၏။ မစားလောက်၍ ကျယ်ငယ် နှင့်စွန့်၍ ဒေါင်းမြူးချောင်းအတွင်း စွန့်ပစ်ခဲ့သည်။

ထိုသရက်သီးကို ဒေါင်းမြူးချောင်း ထဲက ဆယ်ယူကာ စော်ဘွားသမီးက စားမိသောအခါ ကိုယ်ဝန်တည်လေ၏။

ထိုကိုယ်ဝန်မှ မောက်ျားလေး မွေးဖွားခဲ့၏။ ငိုသောအခါ ချော့၍မရ

www.burmeseclassic.com





◆ မိုင်းသုန်တောင်မကြီး ဘုရားဖူးသွားအဖွဲ့

◆ မိုင်းသုန်တောင်မကြီးအသွားလမ်း



◆ မိုင်းသုန်ရွာကျောင်းဆရာတော်နှင့်
ကျောက်ရှို့ယောင်းကို လိုက်ပို့ပေးသော
ဆရာတော်

◆ မိုင်းသုန်တောင်မကြီးကို
အဝေးမှ လှမ်းမြင်ရပုံ



◆ မိုင်းသုန်ရွာကျောင်းဆရာတော်နှင့် ကျောက်အခေါင်ရှိသည့်နေရာ
(တီးပါက အသုံးပြုသည်)






www.burmeseclassic.com

www.burmeseclassic.com





▲ နိုင်သုန့်တောင်မကြီးပုံ

▲ နိုင်သုန့်တောင်မကြီးအသွားလမ်းမှ ချောင်းများ၏ မြင်ကြရပုံ

▼ နိုင်သုန့်ရွာထက်ချင်းမှ ရှေးဟောင်းပဲ့ရှည်များ

▼ နိုင်သုန့်တောင်အသွားလမ်း







www.burmeseclassic.com

www.burmeseclassic.com




▲ လက်(၆)ချောင်းပါသော မျောက်လက်



▲ ကျောက်လိပ်

▼ ဂုဏ်ကျွာအမြဲတောဥ



ပေါ။ နှံပြည်စုတ်ငှက်ကို မီးဖြင့်အုံး၍ ယူ၍ချော့မှ အငိုတိတ်၏။ (၅)ခရိုင်လုံး ချော့ရသောကြောင့် ကောင်းအယ် (ဗမာလို ချော့သား)ဟု ခေါ်ကြသည်။

ငပျင်းသည့် တောင်ယာခုတ်၏။ ထိုခုတ်ထားသော သစ်ပင်များ နောက်ရက် ပြန်ပြန်ထောင်နေတာ တွေ့ကြရ၏။

နောက်ရက် ချောင်းသောအခါ မျောက်ဖြူကြီးတစ်ကောင်က **"ငပျင်း သစ်ပင် ထောင် ထောင်"**ဟု ဆိုကာ ပုံတောင်ကို တီးပါက သစ်ပင်များ ပြန်၍ ထောင်ကုန်တာ တွေ့ကြရသည်။

မျောက်ဖြူကြီးကို ကော်ဖြင့် ထောင်ဖမ်းကာ ပုံတောင်ကို လုယူကာ **"သစ်ပင်များ လဲ လဲ"**ဟု တီးသောအခါ သစ်ပင်များ လဲကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



◆ မြေပြသောတော်

ငပျင်းသည် ထိုပုံတောင်ကို ရသော အခါ လူကိုယ်နှင့်ပင် တောင်စောင့်နတ်ဖြစ်ခဲ့ရသည်။ လူသူ, ဆင်,မြင်း စုရုံး၍ ကိုးကန်ချောင်းဝ၌ နေလေ၏။

ငပျင်းသည် ကိုးကန်ချောင်းဝမှ နန်းမားချောင်းဖျား၌ ဝိန်ဘာမြို့(ဗမာလို ကျောက်မြို့)ကို တည်၍ နေလေသည်။

စော်ဘွားက ဆင်,မြင်းများ ဆက်သရ၏။ ထိုဆင်,မြင်းများကို မိုင်သုန်ရွာသားများက ထိန်းကြရသည်။ အိမ်ခြေ(၁)သောင်း သောက်၍ရသော နတ်ရေတွင်းရှိ၏။

ထိုမြို့ကို ကျောက်သားက ကာရံထား၏။ ငပျင်း ဖန်ဆင်းသော မြို့သည် အိမ်ခြေ(၁)သောင်း ကျောင်းပေါင်း(၁)ထောင်ရှိသည်ဟု ဆိုကြပါသည်။

ပုဂံ ရှင်အရဟံနှင့် အရှင်ဓမ္မသာရ မထေရ်တို့သည် ပင်လယ်ဘူးနယ် ကျောက်မော်ရွာကို ရောက်ခဲ့ကြသည်။

ပုဂံသာသနာ(သက္ကရာဇ် ၁၀၁ ခုနှစ်)တွင် မော်ဆက်ရွာတွင် စေတီတည်ခဲ့သည်။ မော်ခွင်ရွာတွင် ဒုတိယအကြိမ် စေတီတည်ခဲ့သည်။

စောနန္ဒသည် ငပျင်းကိုပင့်လိုက်သည်။ ငပျင်း လာ၍ ချီးမြှင့်သည်။ ဆက်၍ ဖန်ဝိန်ရွာ ပင်လယ်ဘူး၌ တစ်ဆူ၊ နန်းမွန်ကုန်ရွာ ဗန်းမောက်၌ တစ်ဆူ၊ မန်စီကြီးရွာ၌ တစ်ဆူတည်ရန် ပြောကာငပျင်းကျောက်မြို့သို့ပြန်ခဲ့သည်။

ငပျင်းသည် မကြာမီ လူ့ဘဝမှ နတ်ဘဝသို့ ကူးပြောင်းလိုက်သည်။ ဖနီး စောခမ်းလှိုင်၊ သမီး ခမ်းတော်၊ သားတော်စောစန္ဒ၊ စောဟုန်ဖတို့လည်း နတ်ဘဝသို့ ကူးခဲ့ကြသည်။

ငပျင်းသည် တရားတော် နာခဲ့ရသောကြောင့် သောတာပန် တည်သည်ဟု ဆိုကြသည်။ ငပျင်းသည် မိုင်သုန်ဘိုးဘိုးကြီး ဖြစ်လာခဲ့သည်။ မိုင်သုန်တောင်မကြီးပေါ်တွင် နေသည်။

မိုင်သုန်ရွာနှင့် (၁၄)မိုင်ခန့်ဝေးသည်။ မိုင်သုန်ရွာသည် ဝန်သိုမြို့နှင့် မိုင်(၂၀) ဝေးသည်။ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည်။ မိုင်သုန်ရွာနှင့် ကျောက်မြို့ဟောင်းသည် (၄)မိုင်ခန့် ဝေးသည်။

ကျောက်မြို့ဟောင်း နေရာသည် မြို့ရိုးများ၊ ကျောက်အမြောက်၊ ရေကန်များ၊ ဒဏ္ဍာရီဆန်သော သမိုင်းဝင် နေရာဟောင်းတစ်ခု ဖြစ်သည်။ ကျောက်မြို့ဟောင်းနေရာသည် နတ်ကြမ်းသည်။ အမှားမခံပေ။

ကျောက်မြို့ဟောင်း နေရာကို "**နတ်ဗုက်တဲ့မြို့**"ဟု ဆိုကြသည်။ ကျောက်မြို့ဟောင်းနေရာသည် သားတော်များ၏ နေရာဖြစ်၏။ အနီးဆုံး မိုင်သုန်ရွာနှင့် ကျောက်မြို့ဟောင်း၊ မိုင်သုန်တောင်မကြီး နေရာတို့သည် တစ်လမ်းစီ ဖြစ်ကြပါသည်။

အနီးဆုံး မိုင်သုန်ရွာကပင် သွားကြရသည်။ မိုင်သုန်ရွာသည် ရှေးက မြင်းကျောင်းသည့်ရွာဟု ဆိုကြသည်။

**မိုင်သုန်ကျောင်း ဆရာတော်**
**ဦးသုဒဿနထံမှလည်း [illegible]**



www.burmeseclassic.com

www.burmeseclassic.com



ဘုရားမီးရှို့ပူဇော်သွားသော ကိုယ်ဖောက်နေရာ

**အမြဲတော၊ ကျောက်လပိုင်း လက်ချောင်း (၆)ခုပါသော ခြေရာလက်ရာ စသည့် ပုံသဏ္ဌာန်များ၊ ရှေးဟောင်းပုံသဏ္ဌာန်လေးများ တွေ့ခဲ့ရပါသည်။**

ထိုဆရာတော်သည်ပင် ကျောက်မြို့ဟောင်းတောင်ပေါ် တရားအား ထုတ်ခဲ့စဉ်က လပြည့်ည်များတွင်



ဘုရားမီးပူဇော်သွားသောနေရာ

ပျောတီးသံကို ချောက်ထဲမှ ကြားရလေ့ရှိသည်။

ကျောက်မြို့ဟောင်းတွင် လွန်ခဲ့သော နှစ်(၅၀)လောက်က မိမိကိုယ်ကိုမိမိ မီးရှို့ပြီး ဘုရားမီးပူဇော်သွားသော ပုဂ္ဂိုလ်တစ်ပါးလည်း ပေါ်ထွန်းခဲ့ဖူးသည်။



ကျောက်မြို့ဟောင်းမှ ဘုရားမီး (ကိုယ့်ကိုယ်ကို)မီးရှို့ပူဇော်သွားသောနေရာ မီးမရှို့ခင် ထော်တက်ခဲ့ရာနေရာ



မိုင်သုန်ဘိုးဘိုးကြီးသမိုင်းနှင့် ဘုရားမီးပူဇော်သွားသော ကိုယ်ဖောက်အကြောင်းတို့ကို ပြောပြသော မိုင်သုန်ရွာသားများ



ကျောက်မြို့ဟောင်းမှ ကျောက်အမြောက် (ရှေးက အမြောက်ပစ်သံ ကြားရသည်)

**ထိုပုဂ္ဂိုလ်သည် ထိုင်လျက်က လဲကျသွားပြီး မိုင်သုန်တောင်မကြီးဘက် လက်အုပ်ချီကာ လဲကျသွားပါသည်။**

ပြာကျပြီးနောက် မိုင်သုန်တောင်မကြီးဘက်မှ ဆလိုက်မီးသဏ္ဌာန် နာရီဝက်ခန့် ထိုးထားကာ တစ်တောင်လုံး လင်းထိန်နေပါသည်။

မိုင်သုန်ဘိုးဘိုးကြီးသည် တစ်နယ်လုံးကျော်ကြားပါသည်။ မိုင်သုန်တောင်မကြီးသည် ကြမ်းသည်ဟု မကြားရဘူးပါ။ အဘယ်ကြောင့်ဆိုသော် မိုင်သုန်ဘိုးဘိုးကြီး နတ်သမိုင်းတွင် ပုဂံခေတ်က သာသနာ့ပြုပုဂ္ဂိုလ်များ ရောက်ရှိကာ တရားနာကြားရပြီးသောတာပန် တည်ခဲ့သည်ဟု သိကြရပါသည်။

မိုင်သုန်တောင်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၏။ ရောက်ဖို့ခဲယဉ်း၏။ **မော်နိုင်းရွာမှာတော့ မိုင်သုန်ဘိုးဘိုးကြီး နတ်နန်းရှိပါသည်။**

**လွယ်ကောင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲနွား သွေးဝမ်းကျရောဂါ

ကျွန်တော် မွေးမြူရေးနဲ့ ကုသရေး ဦးစီးဌာနမှာ တာဝန်ထမ်းဆောင်စဉ်က မန္တလေးတိုင်းဒေသကြီး၊ တပ်ကုန်းမြို့နယ်မှာ ရှစ်နှစ်လောက် တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ တပ်ကုန်းမြို့က နောက်မှ မြို့ဖြစ်ရပေမယ့် စီးပွားရေးကောင်းလို့ စည်ကားတဲ့ မြို့တစ်မြို့ပါပဲ။

တစ်နှစ်လုံး ထွက်ကုန်ရှိတယ်။ ဆင်သေချောင်းဆဲမှာ ရေမရှိတဲ့အချိန်ဆိုရင် ရှမ်းကုန်တွေဖြစ်တဲ့ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ကြက်သွန်ဖြူ၊ မေမြို့ပန်းစတဲ့ ကုန်တွေ ထွက်ပါတယ်။

'ဆင်သေချောင်နံဘေးမှာ နွယ်ရစ်ဆိုတဲ့ရွာရှိတယ်။ စိုက်ပျိုးရေးကောင်းတဲ့ရွာပေါ့။ ကုန်းသီးနှံ၊ လယ်၊ ခြံထွက်သီးနှံ အကုန်ထွက်တယ်။ စိုက်ပျိုးရေးလုပ်ပြီဆိုမှတော့ ခိုင်းကျွဲနွားတွေကို မရှိမဖြစ် အသုံးပြုရပြီပေါ့။ စားကျက်ကလဲကျယ်တော့ နို့စားနွားတွေလဲ မွေးထားကြတယ်။

အဲဒါကြောင့် ကျွန်တော် နေ့တိုင်းရောက်တဲ့ ရွာကြီးပေါ့။ တစ်နေ့မှာ ကျွန်တော် ရွာကိုရောက်ပြီး ကျွန်တော့်မိတ်ဆွေ ကိုကျော်ဝင်းအိမ်မှာ ရေနွေးသောက်နေတုန်း နွားကျောင်းနေတဲ့ ကိုကျော်ဝင်းသားမောမောပန်းပန်း ပြေးဝင်လာပြီး...

'အဖေရေ နွားပြာမကြီးဖင်ထဲ သွေးတွေထွက်နေတယ်'

လို့ ပြောတယ်။ ဒါနဲ့ ကိုကျော်ဝင်းက... .

'ဆရာ ခဏနေပါဦး ကျွန်တော် နွား သွားဆွဲလိုက်ဦးမယ်'

ဆိုပြီး အမြန်ထွက်သွားတယ်။ ခဏနေတော့ကိုကျော်ဝင်းတစ်ယောက် နွားပြာမကြီးကိုဆွဲပြီး အိမ်ပြန်လာပါတယ်။

**'ဆရာရေ နွားပြာမကြီးတော့ သွေးဝမ်းတွေ သွားနေပြီ'**

တဲ့...။

ကျွန်တော် နွားမကြီးကို ကြည့်လိုက်တော့ ကိုကျော်ဝင်းပြောတာ မှန်ပါတယ်။ ဝမ်းနဲ့ရောပြီး သွေးဝမ်းတွေ သွားနေတာပါ။ သွေးဝမ်းတွေသွားရတဲ့ အကြောင်းအရင်းကတော့ အစားအစာကြောင့်လဲ ဖြစ်တတ်ပါတယ်။

အထူးသဖြင့် မသန့်ရှင်းတဲ့ အစားအစာတွေ၊ လတ်ဆတ်မှုမရှိတဲ့ အစားအစာတွေ၊ ဂေါ်ဖီထုပ် အရွက်ကြမ်းတွေ အစားများရင်လဲ ဝမ်းပျက်ဝမ်းလျောပြီး တစ်ခါတစ်ရံ သွေးပါတတ်ပါတယ်။ ရောဂါပိုးတွေကြောင့်လဲ ဖြစ်တတ်ပါတယ်။

ဝမ်းသွားတာများသွားရင် အားကုန်အားပြတ် ဖြစ်တတ်ပါတယ်။ ခိုင်းနွားတွေဖြစ်ရင်တော့ တစ်ပတ်လောက် အခိုင်းပျက်ပြီပေါ့။ ကျွန်တော်တို့မြန်မာနိုင်ငံမှာက ရှေးရှေးတုန်းကတည်းက ဆင်သမားတော်၊ မြင်းသမားတော်ဆိုပြီး နိုင်ငံအုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်တွေက ဆင်တင်းကုတ်နဲ့ မြင်းတင်းကုတ်တွေမှာ သမားတော်တွေကို ခန့်ထားပါတယ်။

ရှေးရှေးတုန်းက ဒီထိုးဆေးတွေ ဘယ်ရှိလိမ့်မတုန်း၊ မြန်မာတိုင်းရင်းဆေးတွေကိုပဲ အသုံးပြုပြီး ကုသရတာပေါ့။ ဒါတွေကို လက်ဆင့်ကမ်းလာ





လိုက်တာ ဒီနေ့ထိပါပဲ။

ကျွန်တော်ကိုယ်တိုင် ထိုးဆေးတွေအသုံးပြုသလို တိုင်းရင်းဆေးတွေ၊ ဆေးမြီးတိုတွေ၊ ဆေးနည်းတိုတွေကို အသုံးပြုပြီးတော့လဲ ဆေးကုပါတယ်။

အခုလို ကျွဲနွားတွေ သွေးဝမ်းသွားပြီဆိုရင် လွယ်လွယ်လေး ဆေးနည်းရှိပါတယ်။ ကျွန်တော်တို့လူတွေ **ကွမ်းစားတဲ့အခါ စားတဲ့ ရှားစေးခဲကို အသုံးပြုရပါတယ်။**

ရှားစေးခဲ ငါးကျပ်သားကို အမှုန့်ကြိတ် ထမင်းရည်ဖျော်ရပါတယ်။ အဲဒါ တစ်ခွက်စာပါ။

မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့(၃)ကြိမ်တိုက်လိုက်ရင် ကျွဲနွား သွေးဝမ်းကျရောဂါ သက်သာ ပျောက်ကင်းသွားပါလိမ့်မယ်။

ကျွန်တော် ကိုကျော်ဝင်းရဲ့ နွားပြာမကြီးကို ဒီဆေးနည်းနဲ့ပဲ ကုခဲ့တာပါ။ တစ်ရက်ပဲ တိုက်လိုက်ရတယ်။ နောက်တစ်နေ့မှာ ကောင်းနေပြီ။ မြန်မာ့တိုင်းရင်းဆေးရဲ့ အစွမ်းသတ္တိပေါ့။

**ငွေသိန်း (တိ/မွေး/ကု)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး



# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၁၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစီးပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်"

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . စည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောပယ္ယာမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ကြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်အမြဲ အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

| ဆေးထုတ်လုပ်ပင်ရင်း | ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန |
|---|---|
| အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊ (ရ၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |




www.burmeseclassic.com

www.burmeseclassic.com

ပင်းယမြို့ဟောင်းမှ မင်္ဂလာဗေယျုံဆရာတော်

# အရှင်ဉာဏစက္က

အား ဖူးမြော်ကြည်ညိုခြင်း (၁)

ခရီးသည်ဘုတေသီ

အမရပူရမြို့နယ်ရှိ ဝေရောစန ကျောက်စိမ်းစေတီအား ဖူးမြော်ပြီးနောက် မန္တလေး–ရန်ကုန် အမြန်လမ်းမကြီးအတိုင်း တံတားဦးမြို့နယ်ဘက်သို့ ခရီးဆက်ခဲ့သည်။


မန္တလေးဘက်ရောက်ပါက ရခိုင်ကျောင်း ခေါ် မင်္ဂလာဗေယျုံကျောင်းသို့ ဝင်ရောက်ကာ ဆရာတော် ဦးဉာဏစက္ကအား ဖူးမြော်ပါရန် စာတည်းချုပ်၏ အမှာစကား ရှိခဲ့သောကြောင့်ဖြစ်သည်။

တံတားဦးမြို့ (တောင်ဘက်) အထွက် လမ်းဆုံတွင် ပင်းယမြို့ဟောင်း တည်ရာ စကားအင်းရွာလမ်းအတိုင်း နှစ်မိုင်ခန့် ဝင်ရောက်ရသည်။

ပင်းယ ရွှေစည်းခုံစေတီတော်အား ကျော်လွန်၍ အောင်စည်းခုံစေတီ နံဘေးလမ်းအတိုင်း ချိုးဝင်သွားသော အခါ**"မင်္ဂလာဗေယျုံကျောင်းတိုက်"** ကမှည်းပါမုခ်ဦးနှင့် ကျောင်းအဆောက်အအုံများကို မြင်တွေ့ရသည်။

ကျောင်းအတွင်း ဝင်ရောက်သောအခါ ဆွမ်းချိန်နီးပြီဖြစ်၍ ပြင်ဆင်နေကြသည်။ ကျောင်းဆောင်အပေါ်ထပ်သို့ တက်ရောက်ကြည့်ပါဟု အကြံပေးကြသဖြင့် ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းဆောင်အပေါ်ထပ်သို့ သွားရောက်သည်။

ဆွမ်းကပ်သူ ရပ်ဝေး ဒါယကာ (၂၀)ခန့်ရှိ၍ ရခိုင်တိုင်းရင်းသားများ ဖြစ်ကြသည်။ မကြာမီ ဆရာတော် ထွက်ကြွလာသည်။



ဆရာတော်ကြီးနှင့် အောင်စည်းခုံစေတီ

သက်တော်(၉၂)နှစ် ကျော်ပြီဖြစ်ကာ ရာသီဥတုဒဏ်ကြောင့် ကျန်းမာရေး အနည်းငယ် ချူချာနေသည်ဟု သိရသည်။ ဘီးတပ်ကုလားထိုင်ပေါ်မှပင် ဆွမ်းဒါယကာများ၊ လာရောက်ဖူးမြော်သူများအား ကျန်းမာချမ်းသာ၍ ဘေးဘယာ ကင်းစေကြောင်း ဆုပေးတော်မူသည်။ အသံမှာ ...

www.burmeseclassic.com

လျှသဖြင့် အသံချဲ့စက်ဖြင့် ဆက်သွယ်ပေးထားသည်။

ယင်းနောက် ဆွမ်းစားခန်းသို့ကြွ၍ ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ်၊ သစ်သီးများကို အလှူခံတော်မူသည်။ ကျန်းမာရေးအခြေအနေကြောင့် ဖူးမြော်လာသူ ညီ့သည်များအား စကားလက်ခံပြောဆိုနိုင်ခြင်း မရှိဟု သိရသဖြင့် ဦးချကန်တော့ကာ အောက်ဆင်းလာခဲ့သည်။

ထို့နောက် ဂေါပကရုံးခန်းသို့သွားကာ ဆရာတော်၏ ထေရုပတ္တိစာအုပ်ကို ဝယ်ယူပူဇော်ခဲ့သည်။

## ဆရာတော်၏ ထေရုပတ္တိ

ဆရာတော် ဦးဉာဏစက္ကလောင်းလျာ မောင်ကျော်ဖုံလှကို ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ပိန္နဲချောင်းကျွန်း၊ တောင်ချောင်းကျေးရွာနေ ဦးမောင်ကြူ+ဒေါ်မနွယ်တို့မှ **၁၂၈၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၇)ရက်၊ အင်္ဂါနေ့ နံနက်(၅)နာရီ** (၅.၆.၁၉၂၃) ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ အစ်မ ဒေါ်ပန်းသန္တာနှင့် မွေးချင်းမောင်နှမ နှစ်ဦးသာ ရှိလေသည်။

အသက်ရှစ်နှစ်တွင် မိဘနှစ်ပါးဆုံးသဖြင့် အစ်မ၏ အုပ်ထိန်းမှုဖြင့် ကြီးပြင်းလာရ၏။ (၁၉)နှစ်အရွယ်တွင် အစ်မဖြစ်သူက **"စက်ကြီးနီးရွာ"**မှ မစံသာခိုင်နှင့် ထိမ်းမြားပေးသည်။ (၆)လခန့် ပေါင်းသင်း၍ အိမ်ထောင်ရေး စိတ်ကုန်၍ နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြသည်။


အစ်မနှင့်အတူနေထိုင်၍ လယ်ယာလုပ်ကိုင်နေစဉ် **ခွေးရူးကိုက်ခံရခြင်း၊ ငန်းမြွေကြီးလိုက်ခံရခြင်း၊ ချောင်းကူးတံတားမှ ချော်ကျ၍ ဝါးငုတ်များအကြား အသက်ဘေးမှ သီသီ** **ကလေးလွှတ်မြောက်ခဲ့ခြင်း**တို့ ကြုံရသဖြင့် အချိန်မရွေး သေဆုံးနိုင်သည်ဟု သံဝေဂရလျက် အသက်(၂၅)နှစ်ရှင်သာမဏေဝတ်သည်။

ခုနှစ်လအကြာတွင် တောင်ချောင်းရွာဦးကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဦးဝိမလကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းဘောင်သို့ ရောက်ရှိသည်။ ရဟန်းဘွဲ့မှာ **ဦးဉာဏ**ဖြစ်သည်။

ရဟန်းဖြစ်ပြီးနောက် **ရသေ့တောင်မြို့၊ စစ်တွေမြို့နှင့် မာန်အောင်မြို့**တို့တွင် တစ်ဝါစီ စာသင်ယူသည်။ (၄)ဝါမြောက်တွင် ရန်ကုန်၊ ခြောက်ထပ်ကြီးဘုရားကျောင်းတိုက်သို့ သွားရောက်ကာ စာဝါဆက်လက်သင်ယူသည်။

ရဟန်း(၆)ဝါ မဝင်မီတွင် ရန်ကုန်မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်၍ ဝိပဿနာကမ္မဋ္ဌာန်းတရားအားထုတ်သည်။

F.4B. September, 2016.



ဆရာတော်မှ ဆုပေးချီးမြှင့်စဉ်

www.burmeseclassic.com

## တော်ကူးဆရာတော်အား

## ဖူးတွေ့ အားကျမိခြင်း

မဟာစည်ရိပ်သာတွင်ရှိစဉ် ရဟန်းတစ်ပါးသည် ဖွဲ့ လုံ့လ၊ ဝီရိယအားကောင်းစွာ သုံးနေ့နှင့်နှစ်ည(နာရီ-၆၀) တိုင်အောင် ကမ္မဋ္ဌာန်းအားထုတ်လေရာ ရဟန်းနှစ်ပါးကျ အချိန်ပြည့် စောင့်ကြည့်ကြရသည်။


ဤကဲ့သို့ ကာလကြာရှည်စွာ အားထုတ်သူ လူယောဂီ၊ ရဟန်းယောဂီများကို ဆရာတော်ကြီးအမိန့်အရ အချိန်ပြည့် စောင့်ကြည့်ပေးကြရသည်ဆို၏။

ဦးဉာဏ စောင့်ကြည့်ရသောအလှည့်တွင် စူးစမ်းလိုသဖြင့် ခြေ၊ လက်များပေါ်သို့ ဖယောင်းစက်ချကြည့်သည်။ လှုပ်ရှားမှုမရှိပေ။ တစ်ဖန် အပ်ချိတ်ဖြင့် ထိုးဆွကြည့်သည်။ တွန့်ရွံ့လူးလွန့်ခြင်း မရှိဘဲ ပကတိတည်ငြိမ်စွာ ရှုမှတ်နေသည်ကို တွေ့ရ၏။

**နာရီ(၆၀)ပြည့်သောအခါ ကမ္မဋ္ဌာန်းသိမ်း၍ လှုပ်ရှားလာသည့် ရဟန်းတော်သည် ရေနှင့်ဆွမ်းများ ဆာလောင်မွတ်သိပ်ခြင်းမရှိ၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်းမရှိ၊ ညောင်းညာကိုက်ခဲခြင်း မရှိ၊ မူးဝေရည့်နဲ့ခြင်းလည်း မရှိဘဲ ကျန်းမာရွှင်လန်းနေသည်။**

သို့နှင့် ဝိပဿနာကမ္မဋ္ဌာန်း၏ ထူးဆန်းအံ့ဩဖွယ်ကောင်းခြင်းကို လက်တွေ့ကြုံရသောကြောင့် တရားတော်၌ အပြည့်အဝ သက်ဝင် ယုံကြည်မိလေသည်။

**ထိုရဟန်းတော်ကြီးသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တော်ကူးသတိပဋ္ဌာန်ရိပ်သာ ဆရာတော်ကြီး ဖြစ်ကြောင်း** သိရလေသည်။ မဟာစည်ရိပ်သာတွင် (၄၅)ရက် အဓိဋ္ဌာန်ဝင် အားထုတ်ပြီးနောက် ခြောက်ထပ်ကြီး



မုံဦးအနီးမှ နှစ်ထပ်ကျောင်း

ကျောင်းသို့ ပြန်လာ၏။

## စတင် အားထုတ်ခြင်း

ထိုနှစ် ဆဋ္ဌမဝါဆိုသောအခါ ဗေဒင်ကျမ်း၊ ဆေးကျမ်း စသည့် လောကီရေးရာ ပညာအားလုံးကို စွန့်လွှတ်၍ ပဋိပတ္တိလုပ်ငန်း လုပ်ဆောင်ရန် ဆရာတော် ဦးအာစိဏ္ဏထံ ခွင့်ပန်သည်။

ဆရာတော်က ဆုံးမဩဝါဒစကား မြွက်ကြားကာ ဘွဲ့မည်တွင် "စက္က" တိုး၍ "**ဦးဉာဏစက္က**"ဟူ၍ ဘွဲ့မည်သစ် ချီးမြှင့်ပေးတော်မူသည်။

သို့ဖြင့် ၁၃၁၆ ခုနှစ်၊ ဝါဆိုလတွင် ရွှေတိဂုံစေတီ စနေထောင့်ရှိ တရုတ်ကြီးဇရပ်တွင် ဝါကပ် အားထုတ်သည်။ **တိစီဝရိတ်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ နေသဇ္ဇိဓုတင်**တို့ကို ဆောင်တော်မူသည်။

သက်သတ်လွတ် ဘုဉ်းပေးသည်။ ဗဟန်းနှင့် ဘုရားလမ်းတို့ကို တစ်လှည့်စီ ဆွမ်းခံကြွရာ ဆွမ်းထမင်းဟင်း တစ်ပါးစာသာ အလှူခံ၏။ ထိုမှပိုသော ဆွမ်း၊ မုန့်၊ ပဲ၊ သရေစာ စသည်တို့ကို အကပ်မခံဘဲ ဘုရားလှူရန် မိန့်ကြား၏။

ရက်အတန်ကြာသောအခါ ဒကာ၊ ဒကာမတို့က ကုန်းတော်သို့ လာရောက် လောင်းလှူကြသဖြင့် ကုန်းတော်အောက်သို့ မဆင်းရဘဲ အားထုတ်ချိန် ပိုမိုရရှိလာသည်။

## ထူးဆန်းသော မာတုဂါမ

ဝါကျွတ်ပြီးနောက် စေတီဂေါပကအဖွဲ့နှင့် လုံခြုံရေး တာဝန်ရှိသူတို့အား ကြိုတင်အသိပေး ခွင့်တောင်းကာ စေတီအထက်ပစ္စယံ၌ တစ်ညတာ အားထုတ်သည်။

၁၃၁၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၉)ရက်နေ့ နံနက်(၃)နာရီအချိန်တွင် အဓိဋ္ဌာန်ပြည့်မြောက်၍ အထက်ပစ္စယံမှ ပြန်လည် ဆင်းသက်လာသည်။

သီတင်းသုံးရာ ဇရပ်သို့ အပြန်တွင် ရွှေငွေလက်ဝတ်တန်ဆာများနှင့် သစ်လွင်သော အဝတ်အစားများ ဝတ်ဆင်ထားသူ မိန်းမပျိုတစ်ဦးက ခြေဖမိုးအစုံကို မျက်နှာအပ်၍ ရှိက်ကြီးတငင် ငိုယိုလေသည်။


'အဘာမ မာတုဂါမနဲ့ရဟန်း မထင့်တော်ပါ။ သင်လဲ အကုသိုလ်ဖြစ်မယ်၊ ဒီ ရဟန်းအတွက်လဲ အကျိုးမဲ့သွားလိမ့်မယ် ဖယ်ပေးပါ'

ဟု မိန့်ကြားသော်လည်း မလိုက်နာချေ။ ထို့ကြောင့် ခြေတစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး သီတင်းသုံးရာကျောင်းဆောင်

ဆတ်ခနဲရပ်ကာ စေတီရင်ပြင်ကို ဖနောင့်ဖြင့်ဆောင့်၍ ကြိမ်းမောင်းလေမှ နောက်ဆုတ်ထွက်ခွာသွားလေတော့သည်။

## စစ်ကိုင်းတောင်မှ

## အရိယာ ဦးချမ်းမြ

ဦးဉာဏစက္ကသည် (၄.၁.၁၉၅၄) ကြာသပတေးနေ့တွင် ရွှေတိဂုံမှ အထက်အညာသို့ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် ခြေကျင်ကြွတော်မူသည်။

မန္တလေးတောင်၊ ရန်ကင်းတောင်ရှိ ဘုရားများ ဖူးမြော်ပြီးနောက် စစ်ကိုင်းသို့ကူးကာ **သီရိပဗ္ဗတချောင်**၌ သီတင်းသုံးကျင့်ကြံသည်။

ထိုစဉ်ကာလ စစ်ကိုင်းတောင်တွင် ဦးချမ်းမြ ဆိုသူသည် ဃရာဝါသကိစ္စများကို စွန့်၍ ပိတ်ဖြူစင်ကြယ်ဖြင့် ဥပုသ်သီလ ဆောက်တည်နေ၏။ သူ့အား **"အရိယာဦးချမ်းမြ"**ဟု ခေါ်ကြသည်။

သူသည် အာဂန္တုရဟန်းအသစ်တစ်ပါး ဆွမ်းခံရပ်လာပါက သင်္ကန်းတစ်စုံ၊ ထီးတစ်လက်၊ ဖိနပ်တစ်ရံ လှူဒါန်းလေ့ရှိ၏။

ဦးဉာဏစက္ကသည် စမ်းသပ်လိုသဖြင့် သူ့ထံသို့ ဆွမ်းခံကြွ၏။ ဦးချမ်းမြသည် မိမိကျောင်းရှေ့သို့ ဆွမ်းခံရပ်လာသည့် အာဂန္တု သူစိမ်းရဟန်းကို ဖူးရသည်နှင့် လှူဖွယ်ပစ္စည်းယူကာ တစ်ခုချင်း ဆက်ကပ်သည်။

ဦးပဥ္စင်းက လှူပြီးသော ပစ္စည်းတစ်ခုချင်းကိုယူ၍ မနီးမဝေး မြေပြင်သို့လွှတ်ပစ်ကာ အခြားဇရပ်တစ်ခုသို့ သွားရောက်ထိုင်နေလိုက်၏။ ဦးချမ်းမြသည် အလှူပစ္စည်းများကို ကောက်ယူ၍ ဖုန်အမှိုက်များ သုတ်သင်ကာ...

'အရှင်မြတ်ဘုရား တပည့်တော် အလွန်တရာ ဝမ်းမြောက်လှပါသည်။ ဝတ္ထုတစ်ခုတည်းနှင့် ကုသိုလ်နှစ်ခါ ရသည်မှာ ဤတစ်ကြိမ်သာ ရှိသေး၏။ တပည့်တော်၏ အလှူကို ထပ်မံ ခံယူတော်မူပါဘုရား'

ဟူ၍ ဆက်ကပ်ပြန်လေသည်။

အလှူအတန်းအပေါ်တွင် စေတနာသဒ္ဓါ မပျက်သော ပုဂ္ဂိုလ်ပေတကားဟု ချီးမွမ်းတော်မူကာ နောင်တွင် တပည့်ဒါယကာများ စစ်ကိုင်းတောင်သို့ သွားမည်ဆိုပါက...

'စစ်ကိုင်းတောင်တွင် အရိယာဦးချမ်းမြကို ဝင်ရောက်တွေ့ဆုံခဲ့ပါ'

ဟု မှာလေ့ ရှိလေသည်။

## ပုပ္ပါးတောင်နတ်နန်းတွင်

ဦးပဥ္စင်းသည် မန္တလေး စစ်ကိုင်းတွင် (၈)လမျှ သီတင်းသုံးပြီးနောက် (၂၄.၅.၁၉၅၅)နေ့၌ ပုဂံသို့ကြွသည်။ ရွှေစည်းခုံဘုရား၊ တန့်ကြည်တောင်တို့၌ သီတင်းသုံးအားထုတ်ခဲ့၍ **(၂၉.၇.၁၉၅၅)နေ့ည**တွင် ပုဂံမှ ထွက်ခွာသည်။

**(၁.၈.၁၉၅၅)**နေ့တွင် ပုပ္ပါးတောင်သို့ ရောက်၏။ ထိုစဉ်က ပုပ္ပါးတောင်တွင် ဘုန်းကြီးဦးဂျော်နီ ကျောင်းတစ်ကျောင်းသာရှိသေး၏။

ဘုန်းကြီးဦးဂျော်နီထံ ခွင့်ပန်ကာ **ပန်းဘဲမောင်တင့်တယ် မောင်နှမကြီးစိုးသည့် လိုဏ်ဂူအတွင်း သီတင်းသုံးကျင့်ကြံသည်။ ပုပ္ပါးရှိ ဂူလိုဏ်ဌာနများအားလုံးအနက် အကြမ်းတမ်းဆုံးဟု နာမည်ကျော်ကြားသော လိုဏ်ဂူဖြစ်သည်။**

ပထမသုံးညတွင် ကြမ်းတမ်းသောစကားသံဖြင့် မောင်းနှင်ထုတ်ခြင်း ခံရ၏။ ဆိတ်ဆိတ်နေလျက် တရားကိုသာ ရှုမှတ်၏။ ဒုတိယ သုံးညတွင်မူ ဟိန်းသံ၊ မိုးကြိုးသံ၊ ပေါက်ကွဲသံများ ကျယ်လောင်ဆူညံစွာ ပေါ်ထွက်၏။

ခုနစ်ရက်မြောက်ညတွင် ကိုယ်ထိလက်ရောက် ဆွဲထုတ်ခြင်း ခံရ၏။ နောက်ဆုံးတွင် ဦးပဥ္စင်း၏ ခန္တီနှင့်မေတ္တာက အနိုင်ရသွားသည်။

မောင်တင့်တယ်နှမအား တရားဟော ချီးမြှင့်တော်မူရာ ထိုအချိန်မှစ၍ လိုဏ်ဂူတွင် သူတော်သူမြတ်တို့ လာရောက်၍ တရားအားထုတ်ပါက အနှောင့်အယှက်ပေးခြင်း မပြုတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

ယင်းနောက် ထိုနှစ်ဝါ(သတ္တမဝါ) **အဖွဲ့ဂေါ်ထာကုန်း၌** ကပ်ဆိုသည်။ ထိုစဉ်ကာလ ဘုမ္မိရတ်တို့က လှူဖွယ်ပစ္စည်းများ တောင်လိုပုံအောင် လာရောက်ကပ်လှူကြ၏။

**ထိုကုန်းတော်မှစ၍ နောက်ပိုင်း ယနေ့တိုင်အောင် ဦးဉာဏစက္ကသည် ပစ္စည်းလာဘ်လာဘ ချို့တဲ့ရှားပါးခြင်း မရှိတော့ချေ။**

## စက္ကိန်းတဲတောင်မှ စပါးကြီးမြွေ

ထိုနှစ် ဝါကျွတ်သောအခါ **(၅.၁၁.၁၉၅၅)နေ့**တွင် ပုဂံ၊ ကျန်စစ်သားဥမင်သို့ကြွ၍ (၅)ရက်ကြာ တရားဟောကြားပေ၏။ ထိုမှ မင်းဘူးမြို့ စက္ကိန်းတဲတောင်သို့ ကြွရောက်အားထုတ်တော်မူသည်။

**(၁၂.၁၁.၁၉၅၅)နေ့ည** စက္ကိန်းတဲတောင်၌ ကျင့်ကြံအားထုတ်စဉ် စပါးကြီးမြွေကြီးတစ်ကောင် ရောက်လာကာ **ဦးပဥ္စင်း၏ ခန္ဓာကိုယ်ကို ဆွဲဆန့်၍ ခြေထောက်မှ စ,မျိုသည်။ တရားအမှတ် မပျက်စေဘဲ သမာဓိကို ထူထောင်နိုင်ခဲ့သည်။**

တဖြည်းဖြည်းနှင့် ချိုင်းဓအောက်သို့ ရောက်သော် ဆက်၍မမျိုနိုင်တော့ဘဲ ပြန်လည် ထွေးအန်ခဲ့လေသည်။

ထိုမှ အထက်စက်တော်ရာတောင်၏တောင်ဘက် ရသေ့တောင်နှင့် မုဆိုးတောင်အကြား မတ်စောက်သော ချောက်ကမ်းပါးနံရံရှိ လိုဏ်ဂူသို့ကြွရောက်အားထုတ်ပြန်သည်။

**(၁၅.၁၁.၁၉၅၅)နေ့တွင်** စတင်ရောက်ရှိကာ **(၂၉.၁၁.၁၉၅၅)** တန်ဆောင်မုန်း လပြည့်နေ့တွင် အထက်စက်တော်ရာသို့ ပြန်ကြွကာ မိမိ၏ ဒုကုဋ်သင်္ကန်းကို စက်တော်ရာ စေတီသံတိုင်အတွင်း ထည့်သွင်းလှူဒါန်းခဲ့သည်။



သိမ်တော်

## အလောင်းတော်ကဿပသို့

အထက်စက်တော်ရာမှ မုံရွာဘက်သို့ကြွ၍ အလောင်းတော်ကဿပသို့ တောလမ်းအတိုင်း ကြွရောက်ဖူးမြော်ခဲ့သည်။ လမ်းတွင် **ဝိဇ္ဇာဓရဦးရွှေဘ**နှင့်တွေ့၍ လမ်းညွှန်ပေးခဲ့သည်။

အလောင်းတော်ကဿပ လိုဏ်အနီးသို့ ရောက်သော် အမည်မသိ ဝိတ်ဖြူဝတ် ဥပါသကာက ညွှန်ပြသဖြင့် လိုဏ်ဂူကို မြင်တွေ့ရ၏။

အဝိဋ္ဌာန် ပြုကြည့်သောအခါ အလောင်းတော်ကို ဖူးမြင်ရသဖြင့် တည်နေပုံကို နောင်လာနောက်သားတို့ သိရှိနိုင်ရန် ဤသို့ မှတ်သားခဲ့သည်။

"တောင်ကြိုကြား ကမ်းပါးယံ လိုဏ်ဂူအတွင်း ကြေးညောင်စောင်း၌ လဲလျောင်းလျက် ဖူးတွေ့ရ၏။

တောင်သို့မျက်နှာလှည့်ကာ အနောက်သို့ ခေါင်းပြု၍ ယာနံစောင်းဖြင့် လျောင်းနေတော်မူသည်။ မျက်လုံးတော် ဖွင့်တဖွင့်ရှိ၏။

ယာလက်ဝါးပြင်ကို ခေါင်းအုံး၍ ဝဲလက်က တင်ပါးထက် တင်ထားသည်။ အရပ်တော်အားဖြင့် ယခုခေတ် အတိုင်းအတာ (၁၂) တောင်(၁၈-ပေ)ခန့်ရှိ၏။

ကိုယ်လုံးတော် ရွှေရောင်အဆင်းရှိကာ ရှေ့တော်မှောက်၌ စိန်ရောင်မြရောင် အဆင်းရှိသော ဖယောင်းအလင်းတိုင်နှစ်ချောင်း ထိန်လင်းနေသည်။

အလောင်းတော် နောက်ကျောဘက် တောင်နံရံကြားမှ ရေများ စီးကျလာကာ အလောင်းတော်ကို လက်ယာရစ်လှည့်ပတ်စီးကာ နောက်ကျောသို့ပင် စီးဝင်သွား၏။

ရေမှာ ရေခဲရည်တမျှ အလွန်အေး၍ ဝန်းကျင် ရေလွှမ်းနေသဖြင့် ထိခြင်းငါပါးဖြင့် ဖူး၍ မရပေ။ ဒူးထောက်လျက်၊ မတ်တတ်ရပ်လျက်သာ ဖူးမြော်ရ၏။ မတ်ရပ်ပင် တရားရှုမှတ်ခဲ့ရသည်"

သုံးရက်သုံးညတိုင်အောင် ဖူးမြော်အားထုတ်ပြီးနောက် ပြန်ရန်ကန်တော့ဝတ်ပြုစဉ် သာသနာအတွက် ဤဌာနမှ အမှတ်တရပစ္စည်းဝတ္ထုတစ်ခုခု ရလိုကြောင်း တမ်းတမိသည်။

ရှေ့လဆက်ဖတ်ပါရန်

**ခရီးသည်သူတောသီ**

www.burmeseclassic.com

# ဗွေကောင်းလား ဗွေဆိုးလား

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ




အသက်(၄၀)ခန့် အမျိုးသမီးတစ်ဦးက ကျွန်ုပ်၏ လက္ခဏာဗေဒင်ဟောခန်းသို့ လာရောက်တွေ့ဆုံရင်း သူမ၏ ဘယ်ဘက်လက်ဖဝါးပြင်ကို ဖြန့်ပြ၍ တနလ်ာဂြိုဟ်ခုံအထက်နား၊ ဦးခေါင်းလမ်းအဆုံးပိုင်းရှိ တစ်နေရာကို လက်နှင့်ထောက်ပြကာ အောက်ပါအတိုင်း မေးပါသည်။

'ဒီဗွေက ပတ္တမြားဗွေ ဟုတ်ပါသလား။ အကျိုးပေးကောင်းတယ်လို့ ကြားဖူးတယ် မှန်ပါသလားဆရာ'

ကျွန်ုပ်လည်း ထိုနေရာကို သေချာကြည့်ရှုစစ်ဆေးလိုက်ပါသည်။ ပတ္တမြားဗွေဆိုသည်မှာ လက်ချောင်းထိပ်တွင် တွေ့ရတတ်သော **ခရုပတ်ဗွေအမျိုးအစား**ပင် ဖြစ်ပါသည်။

**ပတ္တမြားဗွေက** လက်ဖဝါးပြင်ပေါ်တွင် ရှိနေခြင်းဖြစ်သည်။ အများအားဖြင့် တနလ်ာဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံတို့တွင် ရှိတတ်ကြသည်။ ထိုဂြိုဟ်ခုံတို့ကို ပို၍ အားရှိ /အားမဲ့ ဖြစ်စေနိုင်သည်။

အချို့ဗွေများသည် အရောင်ပြောင်လင်းနေပြီး အဖျက်လမ်း၊ အဖျက်သင်္ကေတများ လုံးဝကင်းရှင်းနေသည်။ ထိုကဲ့သို့ ပတ္တမြားဗွေမှာ အကျိုးပေး ထက်မြက်သော **"ဗွေကောင်း"** ဖြစ်ပါသည်။

အချို့ပတ္တမြားဗွေမှာ အရောင်မှိန်ဖျော့ပြီး အဖျက်လမ်း၊ အဖျက်သင်္ကေတများပါ ရှိနေသည်။ ထိုကဲ့သို့သော ပတ္တမြားဗွေမှာ အကျိုးဖျက်သော **"ဗွေဆိုး"** ဖြစ်ပါသည်။

'ဒီကောင်မတော့ ဗွေဖောက်နေပြန်ပြီ'

'ဒီကောင်က ဗွေဆိုးပါတယ်'

အထက်ပါကဲ့သို့ လူကြီးသူများ မြည်တွန်တောက်တီးပြောသောစကားမျိုး ကြားဖူးကြမည်ထင်ပါသည်။ ခပ်ဆိုးဆိုးကလေးများကို ညွှန်းဆိုကြောင်း



www.burmeseclassic.com


www.burmeseclassic.com

သိနိုင်သည်။

ယခု အမျိုးသမီး၏ ဘယ်လက်ဖဝါး ပြင်တွင် တွေ့ရှိရသော ပတ္တမြားမွေမှာ ဦးခေါင်းလမ်းကြောင်း အဆုံးပိုင်းက ဖောက်ဝင်နေခြင်း၊ လက်ဖဝါးစောင်းမှ အဖျက်လမ်းငယ်များက ပတ္တမြားမွေ အတွင်းသို့ အပြတ်ပြတ်ဖြင့် ထိုးဝင်နေခြင်း...

မွေ၏အနီးဝန်းကျင်မှာ ကန့်လန့်မျဉ်း နှင့် အဖျက်သင်္ကေတအချို့ ရှိနေခြင်း တို့ကြောင့် ဤမွေမှာ "**မွေကောင်း**" မဟုတ်ပါ။ မွေ၏အရောင်ကလည်း မှိန် နေသည်။ ထို့ကြောင့် "**မွေဆိုး**" ဟုသာ သတ်မှတ်ရလိမ့်မည်။ "**က**" **အကွရာ**

* * *




သူမ၏ နှလုံးလမ်းကြောင်းပြတ် ခြင်း၊ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းကို နှလုံးလမ်း ဖောက်ဝင်ပြီး အင်္ဂါဂြိုဟ်ခုံထဲအထိ ရောက်နေခြင်း...

**ဦးခေါင်းလမ်းတွင် ကျွန်းများ၊** အဖျက်လမ်းများရှိခြင်း၊ ကံလမ်းနှင့် အသက်လမ်းတို့မှာ အဖျက်လမ်းများ ရှိခြင်းတို့ကို ပေါင်းစပ် သုံးသပ်ရလျှင်...

**အိမ်ထောင်ရေး၊ စီးပွားရေးတို့မှာ အဆုံးအဖြတ် အတွေးအခေါ် မှားယွင်းခြင်း ကြောင့် အမှုပြဿနာများကြုံရခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း၊ ကိုယ်စိတ်ဆင်းရဲ ရခြင်းများ ဖြစ်နေပါလိမ့်မည်။**

ဘာသာရေးကိုင်းရှိုင်းခြင်း၊ အကျင့် ကောင်း၊ အဓိဋ္ဌာန်ကောင်းများ အထူး ဆောင်ရွက်ခြင်းတို့ဖြင့် ထိုမွေနေရာကို အာရုံပြုဆုတောင်းပါက မွေဝန်းကျင်ရှိ အဖျက်လမ်း၊ အဖျက်သင်္ကေတများ မှေးမှိန်ပျောက်ကွယ်သွားခြင်း၊ မွေ အရောင်လင်းလက်လာခြင်းများ ဖြစ် လာနိုင်ပါသည်။

ထိုအခါ ပတ္တမြားမွေသည် "**မွေဆိုး**" အဖြစ်မှ "**မွေကောင်း**" အဖြစ် သို့ ပြောင်းလဲလာမည်ဖြစ်သည်။

လက္ခဏာရှင်၏ အတွေးအခေါ်၊ အဆုံးအဖြတ်မှန်ကန်လာခြင်း၊ စိတ်ကူး စိတ်သန်းကောင်းများ ဖန်တီးဖြစ်ပေါ် လာခြင်းတို့ကြောင့် အိမ်ထောင်ရေး၊ စီးပွားရေး အလုပ်အကိုင်၊ ကျန်းမာရေး တို့ပါ အဘက်ဘက်က ပြောင်းလဲတိုး တက် ကောင်းမွန်လာပေလိမ့်မည်။

"**ဖျက်အစဦး၊ ပြင်ခအာ**" ဆိုသော စကားအတိုင်း မိမိတို့၏ ဘယ်,ညာ လက်ဖဝါးပြင်တို့မှာ "**မွေဆိုး**" ရှိနေပါ က "**မွေကောင်း**" ဖြစ်လာအောင် နည်းယူ ဆောင်ရွက်နိုင်ကြပါစေ သတည်း။

***အောင်မြင်ကျော်ကြား ချမ်းသာကြီး ပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ


**စာမူရှင်များသို့...**

**ပေးပို့သော**
**စာမူများကို**
**မူပွား**
**ထားကြပါရန်နှင့်**
**မရွေးချယ်ပါက**
**ပြန်လည်ပေးပို့မည်**
**မဟုတ်ပါကြောင်း**
**အသိ**
**ပေးအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအို့ဆေးတိုက်

မှ ထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အခြေကျော်လေဆေးလျက်ဆား

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္န၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသားစု (သမားအို့ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျှက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချီလျက်ရှိပါသည်။



**ဦးစိန်ကောင်း၏**

**သမားအို အမှတ်တံဆိပ် ငှက်ဖျားရောဂါသောက်ဆေး**

ဝရဒ Y၀၀၉၀ရ၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနှာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

**ဒေါ်စင်စင်ထွေး၏**

**သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရဒ Y၀၀၉၀ရ၄**

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ,အစပ်၊ အချဉ်,အငန် စသည် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကာဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

**ဒေါ်နှင်းနှင်းခြည်၏**

**သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ဝရဒ Y၀၀၉၀ရ၂**

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ,အစပ်,အချို,အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်,သွေးပျက်,ဝမ်းလျှော,အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး,သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

**ဒေါ်ဆေးဆေးစု၏**

**သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝ၅၀၂ Y၀၀၉၆၉၆**

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှိုးရှိုးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ် ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဦးသန်းဇော်၏**

**သမားအို အမှတ်တံဆိပ် အခြေကျော်လေဆေးလျက်ဆား ဝရဒ Y၀၀၉၀ရ၃**

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှော ဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနဲ့ရာမှ ဓာတ်လေးပါး ပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၍ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တံဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**


**သမားအို့ဆေးတိုက်**

အမှတ်(၄၇)၊ (၁၈)လမ်း၊ ပန်းလှာဈေးအနီး၊ ပန်းလှာတောင်ညွန့်မြိုင်၊ ရန်ကုန်။ ဖုန်း-၂၉၀၆၁၀ အပြိုမြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

# စမ္မာနုဂိုရ်လကျွန်းဗျည်း နန်းဦးစေတီ (၁)

ညွန့်ဝိုင်းဝေ



▲ စမ္မာနုဂိုရ် လကျွန်းဗျည်းမြို့ နန်းဦးစေတီ

## စမ္မာနုဂိုရ် လကျွန်းဗျည်းမြို့

သထုံရာဇဝင်၌ ဖော်ပြချက်အရ မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်တွင် သုဘိန္ဒနဂရခေါ် သုဓမ္မဝတီ သထုံပြည့်ရှင်တိသရာဇာမင်းကြီး နတ်ရွာစံသဖြင့် မှူးမတ်များက ရသေ့ပြု၍ အားထုတ်နေကြသည့် သားတော်တိသနှင့်သီဟ ညီနောင်နှစ်ဦးထံ သွားရောက် လျှောက်ထားကြသည်။

ရသေ့ညီနောင်က လောကီစည်းစိမ်ကို စွန့်ပယ်ပြီး ဖြစ်သောကြောင့် ထီးနန်းဆက်ခံရန် မွေးစားသား နဂါးဥဖွား တိသကုမ္မာအား နန်းအပ်ရန် သဘောတူ အကြံပြုကြသည်။

ထို့ကြောင့် တိသကုမ္မာသည် တိသဓမ္မသီဟရာဇာမင်းအဖြစ် သုဓမ္မဝတီပြည်ကြီးကို ဆက်လက်စိုးစံသည်။

ယင်းမှ (၈)ဆက်မြောက်မင်းကား **"အကုံရ"**မင်းဖြစ်သည်။ ထိုမင်းသည် တရားတိမ်းစောင်း မကောင်းကျင့်လျက် စေတီပုထိုးကို ဖျက်ဆီးခြင်း၊ ရသေ့ရဟန်းတို့ကို နှိပ်စက်ညှဉ်းပန်းခြင်း စသည့် မကောင်းသော အကျင့်ရှိသဖြင့် မိုးကြိုးပစ်ခြင်း၊ လောင်မီးကျခြင်း၊ မြေပြိုမြေမျိုခြင်း စသည် ဖြစ်ပွားလျက် လူအများ သေကျေပျက်စီးကြ၏။

တိုင်းပြည်ကပ်ဘေး အသွယ်သွယ်ကျရောက်၏။ ထိုမင်းလွန်၍ သူ၏သား ဥပဒေဝ နန်းစံသောအခါ သာသနာ ၁၉၁ ခုနှစ်၌ ညီတော်ဥဒိန္ဒရာဇာမင်းသည် သုဓမ္မဝတီမှ အရှေ့တောင်ထောင့်အရပ် (၁၂)တိုင်ခန့်အကွာ အသဿကဏ်နဒီ (ယခု သံလွင်မြစ်) ကမ်းနဖူး၌ ဒေဝဝတီမြို့ကို တည်ထောင်သည်။

ဒေဝဝတီမှာ မာဓဂဘာသာဖြစ်၍ စိုက်ပျိုးရာမြေဟု အဓိပ္ပါယ်ရသည်ဆို၏။

ဒေဝဝတီမြို့တွင် ဥဒိန္ဒရာဇာမင်းမှ



www.burmeseclassic.com

www.burmeseclassic.com

သားမြေးအစဉ် (၁၂)ဆက် အုပ်စိုးခဲ့ကြသည်။

၁။ ဥဒိန္န
၂။ အဂိုရှု
၃။ ပထတ
၄။ မဟာသီဟ
၅။ ဘဒြပ
၆။ ဌတ
၇။ ဓမ္မ
၈။ သာရိပုတ္တ
၉။ ကလျာဏ
၁၀။ ကလျာဏအမ္ဗ
၁၁။ ဧည္ဝတီ
၁၂။ သိန္နဂဂီ

တို့ ဖြစ်ကြ၍ သိန္နဂဂီမင်း၏သားတော် သမလနှင့်ဝိမလတို့သည် သာသနာ ၁၁၃၆ ခုနှစ်၊ တပို့တွဲလတွင် ဥသာမြို့သစ်ကို တည်ထောင်၍ ဟံသာဝတီမင်းဆက် စတင်ခဲ့သည်။


သိန္နဂဂီမင်းသည် နဂါးဥဖွား သတို့သမီးငယ်အား မိဖုရားမြှောက်ရာ သမလနှင့်ဝိမလ အမြွှာညီနောင် ဖွားမြင်သည်ဆို၏။ ထို နဂါးဥဖွား မိဖုရားသည် ဥရောပရေးထုံး(Serpent) **မာဂဓရေးထုံး**(Champa) စမ္ပာ ခေါ် မြွေနဂါးကို ကိုးကွယ်ယုံကြည်ကြသည့် လူမျိုးစုအနွယ်ဝင် လူသားစစ်စစ်ပင် ဖြစ်သည်။

ယခုအခါ ဗီယက်နန်တောင်ပိုင်း ကမ္ဘောဒီးယားဒေသများ၌ နေထိုင်ခဲ့ကြရာမှ ယခု ထိုင်းနိုင်ငံ မဲနန်၊ ချောင်ဖရား မြစ်ဝှမ်းတို့ကို ဖြတ်သန်းပြီးနောက် မြန်မာနိုင်ငံစစ်တောင်းမြစ်နှင့် သံလွင်မြစ်ဝကျွန်းပေါ်ဒေသ (သထုံခရိုင်)သို့ ရောက်ရှိ အခြေချနေထိုင်ကြသည့် မွန်ခမာစကားပြောသူများ ဖြစ်ကြသည်။

ဥသာ(ပဲခူး)ကို တည်ထောင်မင်းပြုသော သမလ၏သားတော် "အသသကုမ္မာ"သည် ဥသာကို ရန်ပြုလာသည့် ဘင်္ဂလားကုန်သည်တို့၏ သူရဲကောင်း **"လန်ဘား"**ကို စစ်ထိုး အောင်မြင်သည့် ကျော်စောသတင်းကြောင့် ကမ္ဘောဒီးယားမင်းသမီး ဇာစ်ပါးသည် မိမိတို့အမျိုးအနွယ် (နဂါးမျိုး)တူ အသသကုမ္မာနှင့် လက်ဆက်ရန် ဥသာသို့ လာရောက်ခဲ့သည် ဆိုလေသည်။

သမလ၊ ဝိမလတို့၏ မယ်တော် နဂါးဥဖွား မိဖုရားကို အကြောင်းပြုကာ သိန္နဂဂီမင်း လက်ထက်တွင် ဧည္ဝတီသည် စမ္ပာနဂိုရ်(စမ္ပာနဂရ)ဟုလည်း ခေါ်တွင်ခဲ့ကြသည် ဆိုလေ သည်။

ထို့အပြင် မွန်တိုင်းရင်းသားများက ဧည္ဝတီဟူသော မာဂဓဘာသာ ဝေါဟာရကို မွန်ဘာသာဖြင့် **"ဒုတ်ဓေါဝ်"**ဟု အသံဖလှယ်ကာ **"ချုံဒုတ်ဓေါ"**(ချုံ=မြို့)ဟုလည်း ခေါ်ဝေါ်ကြသည်။



▲ အောင်မြေ


▼ လယ်တီဆရာတော် အန္တရာယ်ကင်းဇာတာခွင်



သာသနာ ၁၈၂၅ ခုနှစ်၊ ကောဇာ

F.5B. September, 2016.

www.burmeseclassic.com



◄ စေတီအရှေ့ဘက်မှ ကျောက်ဆစ်ရုပ်လုံးများ



စေတီကျောက်ဆိုင်းဘုတ် ►

၆၇၃ ခုနှစ်၊ အေဒီ ၁၂၈၁ ခုနှစ်တွင် **"တလော့ဝန်း"**ရွာဇာတိ **"မဂဒူး"** သည် မုတ္တမမြို့ကို **"ဝါရီရူ"**အမည်ဖြင့် မင်းပြုသောအခါ မြို့ရုံ(၃၂)မြို့တွင် စမ္ပာနဂိုရ်မြို့သည်လည်း **"လကွန်းဗျည်း"**ဟူ၍ တစ်မြို့အပါအဝင် ဖြစ်ခဲ့သည်။

သို့ဖြစ်ရာ ဓညဝတီ၊ ချုံဒုတ်ဝေါပ်၊ စမ္ပာနဂိုရ်၊ လကွန်းဗျည်းဟူ၍ မြို့အမည်များ ရှိခဲ့ရာမှ ယခုအခါ **"စမ္ပာနဂိုရ်လကွန်းဗျည်းမြို့"** ဟုသာ တွင်ခေါ်သိရှိကြသည်။

လကွန်းဗျည်းမြို့ကို ကုန်းဘောင်ခေတ် စစ်တမ်းများတွင် တွေ့ရှိရကာ အင်းဝ–ပဲခူး တိုက်ပွဲများတွင် လကွန်းဗျည်းမြို့သည် အရေးပါသော တပ်စခန်းမြို့ ဖြစ်ခဲ့သည်။

အင်္ဂလိပ် ကိုလိုနီဖြစ်လာသော အခါမှ **"စမ္ပာနဂိုရ်"**တိုက်နယ်ရွာကြီး အဖြစ် ဗြိတိသျှဘားမားဂေဇက်တီးယားတွင် တွေ့ရှိရသည်။

၁၈၇၇–၇၈ ခုနှစ် မှတ်တမ်းအရ လူဦးရေ(၄၄၀၂)ယောက်၊ လူခွန်တော် (၄၃၂၇)ရူပီးနှင့် မြေခွန်တော် (၃၈၉၃) ရူပီး ကောက်ခံရရှိကြောင်း ဖော်ပြထား၏။

ထိုစဉ်က စမ္ပာနဂိုရ်တိုက်နယ်တွင် မုတ္တမကျွဲခြံကျေးရွာ၊ အိဗျစ်ရွာ၊ ကျောက်စရစ်ရွာတို့ ပါဝင်လေသည်။

## မြို့ဟောင်းဆီသို့

စမ္ပာနဂိုရ်လကွန်းဗျည်း မြို့ဟောင်းသို့ ပေါင်–မုတ္တမ(ရန်ကုန်–မော်လမြိုင်) အဝေးပြေးကားလမ်း၊ နွားလပို့တောင်ရှိ ဆံတော်ရှင်မုခ်ဦးအလွန်ရှိ နတ်ကြီးချောင်လမ်းဝမှလည်းကောင်း၊ မုတ္တမမြို့အနီး ဖင်းဘာလမ်းခွဲ အတိုင်းသော်လည်းကောင်း သွားရောက်နိုင်သည်။

ပေါင်မြို့မှ (၈)မိုင်ခန့် အကွာရှိ နတ်ကြီးချောင်ရွာ လမ်းဝမှတောင်အရှေ့သို့ ထွက်ခဲ့ရာ ဆိုင်ကယ်ခရီး နာရီဝက်ခန့်အကြာတွင် ဆင်ရွာ၊ အုန်းတစ်ပင်ရွာများကို ကျော်လွန်၍ ပေါင်မြို့နယ် ပတ်လမ်းသို့ ရောက်ရှိသည်။

ထိုလမ်းသည် မုတ္တမ၊ မုတ္တမကျွဲခြံရွာ ရွာများမှ စတင်ကာ မြောက်ဘက်သို့ က,တိုက်၊ က,တွန့်ရွာများအထိ ပေါက်ရောက်သည်။

က,တွန့်ရွာလမ်းဝ (က,တွန့်တောင်ကျော်လမ်း)မှ မော်လမြိုင်–ရန်ကုန် အဝေးပြေးလမ်းမသို့ ပြန်ထွက်ပေါင်းဆုံသည်။

ထိုလမ်း၏တောင်ဘက် (လက်ယာဘက်)သို့ကွေ့ကာ အလောင်းမင်းတရား နတ်ရွာစံခဲ့သည့် ကင်းရွာ (လမ်းဝ)၊ နတ်မော်ရွာ၊ ကျုံကိုင်ရွာ၊ ကျုံကမာရွာများကို ကျော်လွန်၍ ဓာတ်တော်ရွာသို့ ရောက်သည်။

ဓာတ်တော်ရွာသည် စမ္ပာနဂိုရ်မြို့ဟောင်းတွင်း အနောက်မြောက်ထောင့် မြေညီ၌ နှောင်းပိုင်းကာလ တည်ထောင်နေထိုင်ကြသော ကရင်ရွာလေး ဖြစ်သည်။

စမ္ပာနဂိုရ်မြို့ပုံသဏ္ဌာန်မှာ စတုဂံပုံစံဖြစ်သည်။ သို့သော် အရှေ့ဘက် သံလွင်မြစ်ကမ်းဘက်တွင် မြို့ရိုးမရှိဘဲ

www.burmeseclassic.com

သုံးဘက်တွင်သာ တွေ့ရသည်။ ကာလကြာရှည် ရေတိုက်စား၍ ပြိုပျက်သွားဟန်ရှိသည်။ သို့မဟုတ် မူလတည်စကပင် မြစ်ကမ်းဘက်၌ မြို့ရိုးမထားရှိခြင်းလည်း ဖြစ်နိုင်သည်။

မြို့ပုံစံမှာ လေးထောင့်ဖြစ်သော်လည်း လေးဖက်ညီ စတုရန်း မဟုတ်ဘဲ တောင်မြောက် အလျားရှည်ပုံစံရှိသည်။

အနောက်တောင်နှင့် အနောက်မြောက် မြို့ရိုးထောင့်များမှာ ထောင့်မှန် (၉၀)ဒီဂရီ မဟုတ်သော အနည်းငယ်ကျယ်သည့် ထောင့်ကျယ် အဝိုင်းကွေးသဏ္ဌာန်ရှိသည်။

မြို့ရိုးသုံးထပ်၊ ကျုံးသုံးထပ် တည်ဆောက်ခဲ့ကာ ရေးအုတ်ချပ်များနှင့် မြေကို ရောထားသည်။


မြို့လယ်တွင် ပေ(၂၀၀)ခန့် မြင့်သော တောင်ထွတ်သုံးလုံး ဆက်ထားသည့် တောင်စွယ်ရှိကာ ထိုတောင်စွယ်ကို ဗဟိုပြုလျက် မြို့ပြအိမ်ခြေများ ဝန်းရံထားဟန်ရှိသည်။

ကောင်းကင်မြေပုံအရ တောင်မြောက် (၁.၅)မိုင်ခန့်ရှည်၍ မြို့ဧရိယာဧက(၃၀၀)ခန့် ရှိသည်ဆို၏။

ဘုရင့်နောင်မင်း တည်ခဲ့သော ကမ္ဗောဇသာဒီမြို့ကြီး၏ အရှေ့ဘက်ကပ်လျက်ရှိ ဉသာ(ပဲခူး)မြို့ဟောင်းနှင့် ပုံစံတူ၍ အရွယ်မှာလည်း ဆတူခန့်ရှိသည်။

သမလ၊ ဝိမလ ညီနောင်သည် ခမည်းတော် သိန္ဓုကဂီ၏ စမ္မာနဂိုရ်မြို့အတိုင်း တည်လုပ်ခဲ့သည်ဟု ယူဆဖွယ်ရှိသည်။

မြို့ရိုးများမှာ ရေတိုက်စားမှုနှင့် စပါးစိုက်ပျိုးမှုများကြောင့် အပိုင်းပိုင်းပြတ်လျက်ရှိသော်လည်း မြို့ရိုးသုံးထပ်ပုံသဏ္ဌာန်ကို ခန့်မှန်းကြည့်ရှုနိုင်ပေသည်။ တောင်ဘက်မြို့ရိုးများမှာ ပို၍ကောင်းမွန်ပီပြင်မှုရှိသည်။



နဂါးရေကန်

## နန်းဦးစေတီကုန်းတော်

မြို့ဟောင်းအလယ် တောင်ထိပ်သုံးခုအနက် မြောက်ဘက် တောင်ထိပ်အထက်တွင် နန်းဦးစေတီ ကိန်းဝပ်တော်မူသည်။

၁၉၆၀ ပြည့်နှစ်ခန့်က ထိုစေတီပြိုပျက်နေစဉ် ပြန်လည် တည်ဆောက်ရန် တူးဖော်စဉ်က ကျောက်သေတ္တာတစ်လုံးကို တွေ့ရှိရ၍ အတွင်း၌ ဘုရင်နှင့် မိဖုရားရုပ်တုဟု ယူဆရသော လူရုပ်နှစ်ခုကို မြင်တွေ့ကြရ၏။

ဘုရင်ရုပ်တုမှာ ပုပုဝဝ ဗိုက်ရွှဲပုံသဏ္ဌာန် ရှိသည်ဆို၏။ ထိုအရုပ်နှစ်ခုမှလွဲ၍ အခြား အထောက်အထားကမ္ပည်းပစ္စည်း တစ်စုံတစ်ရာ မတွေ့ရပေ။

ထိုကျောက်သေတ္တာနှင့် ရုပ်တုများကို နန်းဦးစေတီအသစ်မွမ်းမံ တည်ဆောက်သောအခါ ဌာပနာပြု ပူဇော်လိုက်ကြကြောင်း သိရ၏။

မြို့ဟောင်းအတွင်းမှ မြေအိုးအစများ၊ မိုးကြိုးသွားဟုခေါ်ကြသော ကျောက်ခေတ်ပုဆိန်များ၊ မြေဆေးတံအကျိုးများ၊ ကျောက်ပုတီးများ စသည်တို့အပြင် ပျူခေတ်လက်ရေးစင်းအုတ်များကိုလည်း အနီးပတ်ဝန်းကျင်ရှိ ကင်းရွာ၊ ကျောက်စရစ်ရွာများမှ တူးဖော်ရရှိခဲ့သည်ဆိုလေသည်။

ထိုပစ္စည်းများအား မှတ်တမ်းဓာတ်ပုံရိုက်ကူးလိုသဖြင့် စုံစမ်းကြည့်ရာ ယခင် ပြည်သူ့ကောင်စီခေတ် လူမှုရေးကော်မတီမှ သုတေသနပြုရန် ပေါင်မြို့သို့ ယူငင်သွားကြကြောင်း ပြောပြကြလေသည်။


## ရှေ့တော်မှောက်ဝယ်

စေတီကုန်းတော်သို့ တက်ရောက်သွားသောအခါ ၁၉၆၀ ပြည့်လွန်နှစ်များ၌ ပြန်လည်မွမ်းမံသည်ဆိုသော နန်းဦးစေတီတော်အား ကိုး ချောင့်နဝံ အုတ်ခုံခံ၍ ပစ္စယံသုံးဆင့်အထက် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်ကို တွေ့ရ၏။

## အောင်မြေ

စေတီအရှေ့မြောက်ထောင့် အရပ်မှ စတင်ကြည့်ရှုရာ "စမ္မာနဂိုရ်အောင်

www.burmeseclassic.com



◆ နဂါးကိုးကောင်ပုံ

မြေ'' ဟူသော ကမ္ပည်းနှင့် အဝိုင်းပုံ ကြွေပြားခင်းထားသည်ကို တွေ့ရ၏။

**အောင်မြေမှ စေတီတော်အား ဖူးမြော်ကန်တော့ရာ အောင်မြေအစွန်း စေတီဘက်ခြမ်းတွင် လယ်တီဆရာတော်ကြီး၏ အန္တရာယ်ကင်းတံဆိပ်တော်ကို ကနုတ်ပန်းထိုးကွပ်လျှက် မြင်ရသည်။**

ဤစေတီတော်နှင့် လယ်တီဆရာတော်တို့ ဆက်စပ်မှု ရှိမရှိကို မသိရှိရပေ။ လယ်တီဆရာတော်ကြီး၏ ဘဝဖြစ်စဉ်မှတ်တမ်း၌ စမ္မာနဂိုရ်နန်းဦး စေတီအကြောင်း မတွေ့ရှိရချေ။

လယ်တီ ဆရာတော်ကြီးအား ကြည်ညိုလေးစားမှုဖြင့် အန္တရာယ်ကင်း တံဆိပ်တော် တန်ဆာဆင် ပူဇော်ထားခြင်းဖြစ်ဟန်ရှိ၏။

## အန္တရာယ်ကင်းတံဆိပ်တော်

လယ်တီဆရာတော်၏ အန္တရာယ်ကင်းတံဆိပ်ဟု ဆိုသော်လည်း လယ်တီဆရာတော် စီစဉ်သုံးစွဲတော်မူခြင်း မဟုတ်ပါ။

၁၂၇၀ ပြည့်နှစ်တွင် လယ်တီဆရာတော်ကြီးသည် မော်လမြိုင်မြို့ ကျိုက်သန်လန်တောင်ထိပ် အလံတိုင်ဘုရားအနီးရှိ ဓါးဆိုကျောင်းတွင် ဓါးကပ်ဆိုတော်မူကာ ရောဂန္တရဒီပနီကျမ်းကို ပြုစုတော်မူခဲ့သည်။

ထိုအခါ ထိုင်းနယ်စပ်တွင် နေထိုင်သော ဘရသေ့ဆရာတစ်ဦးသည် ညအခါ တိတ်တဆိတ် လာရောက်၍ ဆရာတော်အား ဖူးမြော်ကာ **''ပထရမ''** စမစာလုံးကို ကပ်လှူသည်။

ဆရာတော်သည် ယင်းအက္ခရာစမတံဆိပ်ကို ခဲစက္ကူတွင်ရေး၍ လက်ဖွဲ့ပြုလုပ်ပြီးလျှင် ဘုရားရှေ့တော်တွင် ဂုဏ်တော်ကိုးပါးနှင့် ၂၄ ပစ္စည်းတို့ကို ရွတ်ဖတ်မန်းမှုတ်ပြီးနောက် မီမီထံလာ၍ဖြစ်စေ၊ တရားပွဲ၌ဖြစ်စေ နွားသား၊ ကျွဲသား ရှောင်ရန် ကတိထားသူတို့ကို တစ်လုံးစီ ချီးမြှင့်တော်မူခဲ့ပါသည်။

ထိုပထရမ စမအက္ခရာကို လယ်တီပဏ္ဍိတဦးမောင်ကြီးက ပြုပြင်၍ ဤအန္တရာယ်ကင်း တံဆိပ်တော်ကို အသုံးပြုခဲ့သည်ဟု **ဦးအောင်မွန် (မြတ်ဆုမွန်) ပြုစုရေးထားသည့် လယ်တီဆရာတော်ကြီး၏ ဘဝဖြစ်စဉ်စာအုပ် စာမျက်နှာ–၆၁၈၊ ၆၁၉၊ ၆၂၀တို့၌** ဖော်ပြထားလေသည်။

ထူးခြားသည်ကား လယ်တီဆရာတော်၏ တံဆိပ်တော်၌...

ပ ထ ရ မ (ပ္ထရ) မ ဟု ပါရှိသော်လည်း ယခုတွေ့ရသည့် တံဆိပ်တွင်...

ပ ဂ ဝ ရ မ (ပဂ္ဂ) မ ဟူ၍ မြင်တွေ့ရလေသည်။

## စေတီတော်

စေတီတော်မှာ အုတ်ခုံခံ၍ ပစ္စယံ သုံးဆင့်အထက် ခေါင်းလောင်းမှောက်စေတီပေါက်ထားသည်။ အောက်ခြေအုတ်ခုံမှာ ကိုးမျက်နှာ၊ ကိုးမြှောင့်နဝဂံပုံစံဖြစ်ကာ အရှေ့တောင်ထောင့်အရပ်မှ စတင်ကာ တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ ကိတ်ဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ စနေဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ ရာဟုဂြိုဟ်၊ သောကြာဂြိုဟ် ဟူ၍ (၉)လုံး၊ ဂြိုဟ်တိုင်(၉)တိုင် ပြုလုပ်ပူဇော်ထားလေသည်။

**စေတီရင်ပြင် အရှေ့ဘက်အစွန်းတွင်...**

"စမ္မာနဂိုရ်ဓာတ်တော် နန်းဦးဆုတောင်းပြည့်စေတီ"


ဟူသော ကမ္ပည်းစာတိုင်ရှိ၏။ အောက်ခြေအနီးတွင် သမင်ရုပ်လုံး နှစ်ခုနှင့် တောင်ဘက်တွင် နတ်မင်းလေးဦးရုံထားသည့် တံခွန်တိုင်တို့ကို တွေ့ရသည်။


အရှေ့ဘက် အောက်ခြေတွင် သံလွင်မြစ်ကြီး ရစ်ပတ်စီးဆင်းလျက်ရှိ၍ မြစ်ပြင်၌ လှေအချို့ကို တွေ့ရ၏။

လွန်ခဲ့သော နှစ်,နှစ်ဆယ်ကျော် ကာလက မော်လမြိုင်မှ ဘားအံသို့ ရေလမ်းမှ သင်္ဘောစီး၍ သွားကြရ၏။

ထိုအခါ မြစ်ကြောင်းအတိုင်း ဆန်တက်လာသော သင်္ဘောသည် မြစ်အကွေ့ အခ်နောက်မြောက်ထောင့်

www.burmeseclassic.com





◄ ကိုးဆူပြိုင်တိုင်

◄ ဆင်ခံတံခွန်တိုင်

ကမ်းနဖူးရှိ၍ ဤစေတီတော်အား ဦးဆိုက်ကာ ဤမှအထက်ရှိ "နတ်မှော်" ဆိပ်ကမ်းတွင် ကုန်စည်၊ ခရီးသည် တင်ချရန် ရပ်နားလေ့ရှိကြသည်။

ထိုမှ တစ်းလွယ်ခုတ်တစ်ဖက်ကမ်းရှိ "ထုံးအိုင်" ဆိပ်၊ ယင်းမှ ဘားအံသို့ ခုတ်မောင်းလေ့ရှိ၏။

ယခုအခါ ကုန်းလမ်းခရီးကိုသာ အားပြုလျက်ရှိကာ မြေပြင်တွင် တံငါလေ့များ၊ **"ထုံးအိုင်"** နှင့် ဓာတ်တော်၊ နတ်မှော်ရွာများသို့ ပြေးဆွဲသည့် စက်တပ်လှေငယ်အချို့သာ မြင်တွေ့ရတော့သည်။

လှေဥပမာ

၂၀၀၀ ပြည့်နှစ်ခန့်က ဓာတ်တော်ရွာနေ ဦးစောပန်းတင် လိုက်ပို့ပေးသဖြင့် နန်းဦးစေတီသို့ အဖူးအမြော်ရောက်ဖြစ်ခဲ့သည်။ ရေးဖော်ကြီး ကော်သူးလေကျော်စန်းပွင့်နှင့် အတူ အုန်းတစ်ပင်ရွာ၊ ကော့ကံရွာများကို ဖြတ်သန်းကာ ခြေကျင် ရောက်လာကြခြင်းဖြစ်သည်။

ထိုစဉ်က မြို့ရိုးတံခါးများရှိ ရွေးအုတ်ချပ်ကြီးများ၊ မြေပုတီးစေ့များ၊ မြေခေးတံများ၊ မြေအိုးမြေခွက် အပိုင်းအစများကို မှတ်တမ်းပြုနိုင်ခဲ့သည်။

စေတီကုန်းတော်တွင်ကား အဓိဋ္ဌာန်ဝင်အားထုတ်နေသည့် အာဂန္တုရဟန်းတစ်ပါးကို ထန်းလက်ငယ်ကျောင်းငယ်အတွင်း ဖူးတွေ့ရ၏။ လှူဖွယ်ပစ္စည်း၊ ဝတ္ထုငွေများ ကပ်လှူသောအခါ လက်ခံ၍ ချက်ချင်းပင် ပြန်လည်စွန့်လှူတော်မူသည်။

ဓာတ်ပုံရိုက်ခွင့် ပြုသော်လည်း ဆောင်းပါးတွင် ဖော်ပြခြင်း မပြုပါရန် မေတ္တာရပ်ခံ၏။ "တောင်လျှောက်" ရဟန်းတော်ဖြစ်သည်။ **(လူသူအရောက်အပေါက် နည်းပါးသော တောင်တန်းတစ်လျှောက် ခြေကျင်ကြွကာ အဓိဋ္ဌာန်ပြု တရားအားထုတ်သည့်ရဟန်းဖြစ်သည်။)**

ဝါးကြမ်းခင်း ထန်းလက်မိုးကာထားသော တစ်ပါးကျောင်းအတွင်း၌ ဒုကုဋ်သင်္ကန်းတစ်ထည်နှင့် သပိတ်တစ်လုံးသာရှိ၏။ ခေါင်းအုံးအဖြစ် အသုံးပြုဟန်ရှိသော ဝါးပိုးခြမ်းအပိုင်းကလေးသည်သာ တစ်ခုတည်းသော ပရိဘောဂဖြစ်သည်။

ခေါင်းရင်းနံရံ၌ (ပြက္ခဒိန်မျက်နှာဖုံး) ဘုရားပုံတော်ကားချပ်တစ်ခုကို နှီးစဖြင့် ညှပ်ကာ ပူဇော်ထား၏။ ဆွမ်းအာဟာရ နည်းပါးချို့တဲ့လှကြောင်း ကြားသိရသဖြင့် ခရီးဆောင်မုန့်ခြောက်များ ကပ်လှူသော်လည်း **"နေ့ဖို့ညစာ မထားပါ"** ဟု မိန့်လျက် ပြန်စွန့်တော်မူခဲ့သည်။

'ဒကာတို့ အလှူကို ဦးပဉ္စင်း အလှူခံပြီးပြီမို့ ဒါနမြောက်ပါတယ်။ ဒါကြောင့် ဦးပဉ္စင်းကလဲ ဒကာတို့အတွက် တစ်ခုခု ပြန်စွန့်လှူရတာပါ'

ဟု အမိန့်ရှိကာ လှေဥပမာကို ဟောကြားသြဝါဒပေးလေသည်။

**'လှေမှာ အင်္ဂါသုံးပါးရှိတယ်။**

၁။ လှေဆိုတာ သစ်ပြားပျဉ်ချပ်တွေကို ပေါင်းဖွဲ့ပြီး လူတွေကို တစ်ဖက်ကမ်းရောက်အောင် ပို့ပေးနိုင်တယ်။

www.burmeseclassic.com



အရှေ့အခြမ်း သံလွင်မြစ်

ဒီဥပမာအတိုင်းပဲ တရားကမ္ဘာ့ဒွန်း ကျင့်ကြံအားထုတ်သူဟာ အကျင့်သီတင်း၊ ဂုဏ်ကျေးဇူး၊ ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်ရှိတဲ့ တရားတွေနဲ့ ပေါင်းဖွဲ့ပြီး နတ်လူအပေါင်းကို သံသရာရဲ့ တစ်ဖက်ကမ်းရောက်အောင် ပို့ဆောင်ပေးနိုင်ပါတယ်။

၂။ လှေဟာ လှိုင်းတံပိုး၊ မုန်တိုင်းတွေ၊ ဝဲသြဃတွေကို သည်းခံကျော်လွှားရသလို၊ တရားကျင့်ကြံသူကလဲ ကိလေသာ အနှောင့်အယှက် လှိုင်းတံပိုး လောကဓံလှိုင်းတံပိုးတွေကို သည်းခံကျော်လွှားရတယ်။

၃။ လှေဟာ ကမ်းလမ်းမမြင်အောင် ကျယ်ပြောတဲ့ သမုဒ္ဒရာမှာ ရေဘယ်လောက်နက်နက်၊ လှိုင်းတံပိုး ဘယ် ဘယ်လောက်ထန်ထန်၊ ငါးလိပ်,ငါးမန်း,မကာရ်းတွေ ဘယ်လောက်ဆိုးဆိုး လျှော်ခတ်သွားနိုင်သလို...

တရားကျင့် ပုဂ္ဂိုလ်ဟာလဲ အကြောင်းခြင်းရာ (၁၂)ပါးရှိတဲ့ သစ္စာလေးပါးတရားတော်ကို ထိုးထွင်းသိနိုင်အောင် ကောင်းစွာ ကျင့်ရပါတယ်။

လှေကို အကြောင်းပြုပြီး ငြိမ်းအေးတဲ့ ဓမ္မအရသာကို ကောင်းစွာ ခံစားနိုင်ကြပါစေ။ ဒါကို ဦးပဥ္စင်း တီထွင်ပြောကြားတာ မဟုတ်ပါဘူး။ ဘုရားရှင်လဲ ဟောခဲ့ဖူးသလို အရှင်နာဂသိန်လဲ ဟောခဲ့ဖူးပါတယ်။ ကဲ...ဒကာတို့ ခန္ဓာဝန်ကို လွယ်ကူစွာ ထမ်းဆောင်နိုင်ကြပါစေ'

ဦးပဥ္စင်းက တရားထိုင်ရန် ပြင်ဆင်နေသဖြင့် အလိုက်သိစွာ ကန်တော့၍ ထွက်ခွာခဲ့ရသည်။ ဦးစောပန်းတင်က...

'ဒီဦးပဥ္စင်း ရောက်ခါစရက်တွေမှာ ငါလဲ ကုန်းပေါ် မရောက်ဖြစ်လို့ မသိလိုက်ဘူး။

ဘုရားကပ်ထားတာ သုံးရက်ကြာနေပြီဖြစ်တဲ့ ကောက်ညှင်းပေါင်းကလေးကို ဆွမ်းအဖြစ် ဘုဉ်းပေးနေတာ မြင်ရလို့ နောက်ရက်တွေမှာ တစ်ပါးစာ ဆွမ်းထမင်းဟင်းကို သတိထားပြီး လာပို့ဖြစ်တယ်။

အဓိဋ္ဌာန်ရက်စေ့ပြီး ပြန်ကြွတဲ့အထိ မမေ့ကြဖို့ အိမ်ကိုလဲ မှာထားတယ်'

ဟု ပြောပြသည်။ **အရှင်ဣန္ဒကဟု** ဘွဲ့မည်ရှိ၍ ထိုင်း–မြန်မာနယ်စပ် ဆေးတောင်ခေါ် (မွန်ဘာသာအခေါ် အဝေါ်ဖြင့် တစ္ဆေတောင်)တွင် ရက်ရှည် အဓိဋ္ဌာန်ပြီးမြောက်၍ ထွက်ကြွလာသည်။

တောင်စဉ်လျှောက်ကာ သာမည ဆရာတော်ထံ သုံးရက်သီတင်းသုံး၍ ဩဝါဒခံယူပြီးနောက် 'ကော့ကျိုက်၊ ထုံးအိုင်ရွာများကို ဖြတ်သန်းလျက် ဤကုန်းတော်သို့ ကြွရောက်လာသည် ဆို၏။ ဥပမိရုပ်သွင်တော်မှာ သာမည ဆရာတော်နှင့် ဆင်ဆင်တူပါသည်။

ထိုအရှင်၏ ဓာတ်ပုံ နဂ္ဂတစ်ဖလင်ကိုသာ သိမ်းဆည်းထားခဲ့သဖြင့် ယခုအခါ ဓာတ်ပုံမှတ်တမ်းအဖြစ် ဖော်ပြနိုင်ခြင်းမရှိတော့ပေ။

## နဂါးရေကန်

စေတီတော် အရှေ့တောင်ထောင့် အရပ်သို့ ရောက်သောအခါ စက်ဝိုင်းပုံ ရေကန်အတွင်း ၊ နဂါးတစ်ကောင် ပါးပျဉ်းထောင်နေဟန် ရုပ်လုံးကို တွေ့ရသည်။ ဦးခေါင်း ကိုးလုံးရှိသည်။ မုစ္စလိန္ဒာသတ္တာဟ စံပယ်တော်မူဟန် ရည်ညွှန်းခြင်းမဟုတ်ဘဲ နဂါးချည်းသီးသန့် ပြုလုပ်ထားခြင်းဖြစ်သည်။

ဘုရားရှင်ပွင့်ထွန်းစဉ်ကာလ ဤနေရာသည် မုတ္တမတောင်တန်း၏ အောက်ခြေ၊ အသသကဏ်နဒီမြစ်ဝ ကျွန်းပေါ်ဒေသဖြစ်လေရာ ပင်လယ်ပျော်နဂါးတို့ ရောက်ရှိပျော်ပါးကြသည်ကို ရည်ညွှန်းသည်ဟု ယူဆရသည်။

နဂါးမများသည် ဝိဇ္ဇာဗိုရ်များနှင့် ပျော်ပါး၍ ရသော ဥများကို ကမ်းခြေ၌ ဥချထားရစ်ကြလေရာ နဂါးဥဖွားသားများ ပေါက်ဖွားခဲ့ကြသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ခွန်စိုင်းဝမ်း**



www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင်
# အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ




အမှတ်တံဆိပ်

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "

"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်းရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . တသမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင်ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "

"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"

"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ်သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်းလေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .** "

ပင်ရင်း 'ဝင်း' ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်

www.burmeseclassic.com

ငွေတောက်ကုန်းရွာ အလင်္ကာရာမကျောင်းဆရာတော်

# အရှင်မုနိန္ဒ

၏ ကြည်ညိုဖွယ်ရာ ဘဝဖြစ်စဉ်တော်များ (၁)

စံလွင်နီသာ



▲ ငွေတောက်ကုန်းရွာ အလင်္ကာရာမတိုက် ဆရာတော် အရှင်မုနိန္ဒ

နိဒါန်း

တောင်တွင်းကြီးနယ်၊ ဆတ်သွား ကျေးရွာရှိ ဂန္ဓာရုံဘုံကျော်တာရသို့ ရောက်ရှိခိုက် ဆရာတော် ဦးဝိလာသ င့် တိုက်အုပ် စာချဆရာတော် ဦးသုမန ၏ လမ်းညွှန်မှုဖြင့် ငွေတောက်ကုန်း ှ အလင်္ကာရာမကျောင်းသို့ သွား ရောက်ဖြစ်ခဲ့သည်။

ဆရာတော်နှစ်ပါးက ဆတ်သွား ကျေးရွာ ဘူတာလမ်းနေ ကလောင်ရှင် ဝရာမ အဆွေကြည်ထံသို့ တယ်လီ နီးဖြင့်မိန့်၍ အကြောင်းကြားပေး သည်။ အဆွေကြည်က ငွေတောက် ကုန်းရွာ လမ်းညွှန်နှင့်တကွ ဆရာတော် ရှင်မုနိန္ဒ ထေရုပ္ပတ္တိ ရနိုင်သည့် နရာများကိုပါ ပြောပြ ကူညီပေးလေ သည်။

'ဆတ်သွားရွာ အရှေ့တောင်ဘက်၊ မြောင်းပေါင်အတိုင်း သွားလို့ရပေမယ့် လမ်းကကျဉ်းပြီး အကွေ့အကောက် ားတယ်။ တလောက မိုး ဆက်တိုက် ထားလို့ ဗွက်တွေလဲ ရှိနိုင်တယ်။ မြောင်းက နက်တော့ အကွေ့မှာ က်နာချင်းဆိုင်က ဆိုင်ကယ်၊ စက်ဘီး စ်ခုခုနဲ့ တိုးရင် အန္တရာယ်များပါ ယ်။

ဆတ်သွား အထက်တန်းကျောင်း မြောက်ဘက်က မြေလမ်းဆိုရင် ဗွက် တွေရှိပေမယ့် လမ်းကျယ်ပြီး အဆင် ပြေနိုင်ပါတယ်'

ဟူ၍ အကြံပေးသဖြင့် ယင်းလမ်း တိုင်း ခရီးနှင်ခဲ့ကြသည်။

ရွှံ့ဗွက်များမှာ အတန်ပင် ခြောက် သွေ့နေပြီဖြစ်၍ သုံး၊လေးနေရာတွင် င်းလျှောက်ရသည်မှလွဲ၍ အဆင် ပြေစွာ သွားရောက်ဖြစ်ခဲ့သည်။

လမ်းဆုံး၍ ယာခင်းတစ်ခင်း လွန် သောအခါ ကျုံးကူးတံတား တစ်ဖက် တွင် အလင်္ကာရာမကျောင်းကို မြင် တွေ့ရလေသည်။

ကျောင်းတွင်းရောက်၍ စုံစမ်းကြည့် သောအခါ ကျောင်းထိုင်ဆရာတော်မှာ ကထိန်ကိစ္စဖြင့် ထွက်ကြွနေကြောင်း သိရကာ ဦးပဉ္စင်းလေးတစ်ပါးက စားပွဲခင်း၊ လက်သုတ်ပဝါများနှင့် စာအုပ်များ ထည့်ထားသည့် ဗီရို တစ်လုံးအတွင်း မွှေနှောက် ရှာဖွေပေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် အရှင်မုနိန္ဒ ဗိမာန်တော်

သည်။

'ဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိ စာအုပ်တွေ အတော်များများရှိပါတယ်။ လာတောင်းတဲ့သူရှိရင် ပေးလိုက်ပေမယ့် လေး,ငါးအုပ်လောက် ကျန်သေးတယ် ထင်တာပဲ'

ဦးပဥ္စင်းလေးနှင့်အတူ စာအုပ်အားလုံးကို စိစစ်ရှာဖွေသော်လည်း မတွေ့ရပေ။ သို့ဖြစ်၍ ဦးပဥ္စင်းကလေးအား နှုတ်ဆက်ကန်တော့ကာ ကျောင်းဝင်းအရှေ့ဘက်တံခါးမှ ထွက်ကာ ငွေးတောက်ကုန်း ရွာကလေးအတွင်းရှိ ဆရာမ အဆွေကြည် လမ်းညွှန်လိုက်သည့် ဦးစိန်ဝင်းအား ရှာဖွေရာ အခန့်သင့်ပင် တွေ့ရှိရသည်။

စာပေဝါသနာရှင် တစ်ဦးဖြစ်ကာ စာအုပ် စုဆောင်းထားသဖြင့် ဆရာတော်၏ ထေရုပ္ပတ္တိစာအုပ်ကို ငှားရမ်းဖတ်ရှုနိုင်သည်ဆိုသောကြောင့် ဖြစ်သည်။

ဦးစိန်ဝင်းမှာ အသက်(၅၀)ဝန်းကျင်ခန့်ရှိ၍ ဖော်ရွေတတ်သူဖြစ်သည်။ မုန့်ရေခွေးကြမ်းများ ညှော်ခံတည်ခင်းကာ စာအုပ်ကို ရှာဖွေပေးသဖြင့် ကူးယူမှတ်တမ်းပြုနိုင်သည့်အပြင် သူ ကြုံတွေ့ရသမျှကိုလည်း ပြောပြသည်။

## ချာပနအခမ်းအနားမှ ထူးခြားမှု

ဆရာတော် အရှင်မုနိန္ဒသည် သက်တော်(၉၁)နှစ်၊ ဝါတော်(ရ၁)ဝါအရ (၁၉–၁၁–၁၉၉၅)ရက်နေ့တွင် ပျံလွန်တော်မူရာ (၅–၂–၁၉၉၆)နေ့တွင် အန္တိမချာပန အခမ်းအနား ကျင်းပရန် စီစဉ်ခဲ့ကြသည်။

သို့သော် ရုပ်ကလာပ်တော်မှာ ပုပ်ပျက် တောင့်တင်းခြင်းမရှိဘဲ တစ်လပြည့်မြောက်သောအခါ ရုပ်ကလာပ်တော်၏ ရင်ပိုင်း၊ သက်န်း လွှတ်နေသော နေရာများ၌ မှိုပွင့်များ ထူးခြားစွာ ပေါက်လာသည်။ အမြင့် သုံးလက်မခန့်ရှိ၍ ဖွေးဖွေးဖြူနေသည်ဆို၏။

ထို့ကြောင့် မီးသဂြိုဟ်ခြင်း မပြုဘဲ ဗိမာန်ဆောက်လုပ်၍ မှန်ခေါင်းဖြင့် ပူဇော်ခဲ့ကြသည်။ ယင်းမှိုပွင့်များသည် (၅)လခန့်ကြာမှ ညှိုးကြွေသွားကြသည်ဟု သိရသည်။

ချာပနအခမ်းအနားတွင် အောင်ကိုမြင့် ရေးသားပူဇော်သည့် ဆရာတော်၏ ထေရုပ္ပတ္တိစာအုပ်ကိုလည်း ဓမ္မဒါနပြုခဲ့ရာ ကျွန်ုပ် လေ့လာခွင့်ရသော စာအုပ် ဖြစ်လေသည်။

## ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်လောင်းလျာကို အောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားဝိုက်နယ်၊ ကြံစုကျေးရွာအုပ်စု၊ ငွေးတောက်ကုန်း





www.burmeseclassic.com

www.burmeseclassic.com

ရွာနေ ဦးအောင်ဖန်လေး၊ ဒေါ်ပြည့်တို့မှ မြန်မာသက္ကရာဇ် ၁၂၆၈ ခုနှစ်၊ ဝါခေါင်လဆုတ်(၈)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သည်။ ငယ်မည် မောင်သက်စိန်တွင်၍ မွေးချင်း(၇)ဦး အနက် အကြီးဆုံးဖြစ်သည်။

အသက်(၁၆)နှစ်အရွယ်တွင် ငွေးတောက်ကုန်း ကျောင်းတိုက်တွင် သာမဏေဝတ်ရာ ရှင်မုနိန္ဒဘွဲ့မည်တွင်၏။

၁၂၈၇ ခုနှစ်၊ ပြာသိုလဆန်း(၁၀)ရက်နေ့တွင် တောင်တွင်းကြီးမြို့နယ်၊ လယ်သာတိုက်၊ စနီးဖျား ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုကာ ငွေးတောက်ကုန်းကျောင်းခဏ္ဍသိမ်၌ ရဟန်းဘောင်သို့ ရောက်ရှိ၏။

ရဟန်းဖြစ်ပြီးနောက် ငွေးတောက်ကုန်းကျောင်းတွင် (၁)ဝါ၊ တောင်တွင်းကြီးမြို့ ရတနာဗိမာန်ကျောင်းတွင် (၃)ဝါ စာပေသင်ယူသည်။ အဆိုပါ ရတနာဗိမာန်ဆရာတော် ဦးမာလာဝံသက...

> 'စိုတပည့်တွေထဲမှာ ဖွင်းမောင်ဥူလနဲ့ ကိုရင်မောင်မုနိန္ဒတို့ဟာ သံဃာတော် ပုံစံအကျဆုံးပဲ'

ဟု မိန့်တော်မူခဲ့ဖူးသည်။ သာမဏေဘဝကပင် ရတနာဗိမာန်ဆရာတော်ထံ စာဝါသင်ယူခဲ့ဖူးလေသည်။

ထို့နောက် ပခုက္ကူတွင်(၅)ဝါ၊ မန္တလေးတွင် (၄)ဝါ စာဝါသင်ယူသည်။ မန္တလေးတွင် စာသင်နေစဉ် ငွေးတောက်ကုန်းကျောင်း ဆရာတော် ဦးစန္ဒက''ခဏလာခဲ့ပါဦး''ဟု မိန့်မှာသဖြင့် ပြန်လာခဲ့ရာ အရှင်မုနိန္ဒအား ကျောင်းအပ်ကာ ဆရာတော် ဦးစန္ဒာဓောရ ဆောက်တည်ခဲ့လေသည်။

ဆရာတော်ဦးမုနိန္ဒသည် အလင်္ကာရာမတိုက်ခေါ် ငွေးတောက်ကုန်းကျောင်းထိုင် ဆရာတော်အဖြစ် (၅၇) နှစ်မျှ သီတင်းသုံးပြီးနောက် သက်တော် (၉၁)နှစ်အရွယ်၊ ဝါတော် (၇၁) ဝါအရ ၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၁၄)ရက်၊ တနင်္ဂနွေနေ့နံနက် (၉)နာရီ (၄၀)မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## အလင်္ကာရာမကျောင်းတိုက်

ငွေးတောက်ကုန်း ကျောင်းခေါ် အလင်္ကာရာမ ကျောင်းတိုက်နှင့် ပတ်သက်၍ ဦးစိန်ဝင်းက ဆက်၍ ရှင်းပြပေးသည်။

ပုဂံမင်းလက်ထက်(၁၂၀၈–၁၂၁၄)တွင် နိုင်ငံအရပ်ရပ်သို့ ရှုံဂိုဏ်း သာသနာပြုများ စေလွှတ်ရာ ဆရာတော် ဦးဝဏ္ဏဓဇသည် တောင်တွင်းကြီးမြို့၊ ဆတ်သွားအပိုင် ငွေးတောက်ကုန်းရွာသို့ ကြွရောက်တော်မူရသည်။

ဆရာတော်သည် ပုဂံမင်းမှ မင်းတုန်းမင်းလက်ထက်အထိ နှစ်စဉ် မန္တလေး နေပြည်တော် သုဓမ္မာအစည်းအဝေးကြီးသို့ ဘုရင် ပင့်ဆောင်ချက်အရ ကြွရောက်တော်မူရသည်။


တစ်နှစ်သော ကာလတွင် နေပြည်တော်ရောက် အရှင်ဝဏ္ဏဓဇအား ငယ်ရွယ်သော အမျိုးသမီးတစ်ဦး လာရောက် ကန်တော့သဖြင့် မေးကြည့်ရာ **"ဘုရင့်မိဖုရား၊ မိစာပါဘုရား"**ဟု လျှောက်၏။

'မိစာဆိုတော့ တောစာလား၊ မြို့စာလား'

မိဖုရားမိစာ မျက်နှာအိုလျက် ပြန်သွားတော့သည်။ ဤတွင် ကျောင်းစာရေး ဦးရွှေဖျင်က သွားရောက် ရှင်းပြသည်၊

တောစာကား အဆောင်မရသော မိဖုရားငယ်ဖြစ်၍ မြို့စာမှာ အဆောင်ရမိဖုရားဖြစ်ကြောင်း သိရလေမှ မိဖုရားမိစာလည်း မိမိ၏ အခြေအနေကို နားလည်သဘောပေါက်ကာ မင်းတုန်းမင်းကြီး ကြွအလာတွင် တော်ဝင်မိဖုရားအဖြစ် မြှောက်စားရန် ပူဆာလေရာ တရားဝင် မြောက်နန်းဆောင်ရမိဖုရား(မြို့စာ) ဖြစ်သွားလေသည်။

မြောက်နန်းမိဖုရားမိစာက ကျေးဇူးရှင် ဆရာတော်ဦးဝဏ္ဏဓဇ သီတင်းသုံးရာ ကျောင်းဝိဟာကို အလျားအနံ ခြေလှမ်း (၂၀၀)စီ စတုရန်းပြုကာ ပတ်လည်တွင် ကျုံးဖော်နန်းရံ စီးသင်းစေ



◆ မှန်ပေါင်တွင်း ရုပ်ကလာပ်တော် ဦးဝေါင်းမိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် သီတင်းသုံးခဲ့သည့် ကျောင်းတော်

လျက် ကျွန်းကလေးပမာ စိမ်းကာ သစ်ပင် ပန်းမန်အစုံအလင် ကျောင်း ဥယျာဉ် ဖန်တီးလှူဒါန်းသည်။

ကျောင်းတော်ကြီးနှင့် လျောင်းတော်မူ ရုပ်ပွားတော်၊ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်၊ သတ္တဋ္ဌာန စံပယ်ဟန်တို့ကို ဗိသုကာများ စေလွှတ် သွန်းလုပ်စေခဲ့သည်။

ထို့ကြောင့် ၁၂၃၃ ခုနှစ်တွင် မိဖုရား မိစာနှင့် ဆရာတော်ဦးဝဏ္ဏဓဇတို့ ညှိနှိုင်းရွေးခြယ်ကာ အလင်္ကာရာမ
၄ ကျောင်းတိုက် စတင် ပေါ်ပေါက်ခဲ့ကာ ငွေးတောက်ကုန်းရွာဦး၌ ရှိသဖြင့် ငွေးတောက်ကုန်း ကျောင်းဟုလည်း ခေါ်ကြသည်။ ဦးမုနိန္ဒသည် ပဋ္ဌမ ကျောင်းထိုင်ဆရာတော် ဖြစ်လေသည်။

## ကျောင်းတော်တွင်

ထို့နောက်တွင် ဦးစိန်ဝင်းအား နှုတ်ဆက်ကာ အလင်္ကာရာမကျောင်း ဝင်းသို့ ပြန်ဝင်၍ သာမဏေတစ်ပါး၏ အကူအညီဖြင့် ဆရာတော်၏ ဗိမာန်သို့ သွားရောက်ကြည်ညိုသည်။

ကျောင်းဝင်းအတွင်း၊ မြောက်ဘက်ကျုံးအနီး အုတ်တိုက်ဗိမာန်အတွင်း၌ မှန်ဘောင်ဖြင့် ပူဇော်ထားသည်။ (၁၈)နှစ်မျှ ကြာမြင့်ပြီဖြစ်သော ရုပ်ကလာပ်တော်သည် ခြောက်သွေ့၍ ဆံပင်များကိုမူ ထင်ရှားစွာ မြင်ရသည်။ မျက်လုံး၊ နှုတ်ခမ်းများ၊ ချိုင့် ဝင်သွားခြင်း မရှိပေ။

ထို့နောက် ဆရာတော် သီတင်းသုံးခဲ့သည့် တိုက်ခံနှစ်ထပ်ကျောင်းကြီးကို ဓာတ်ပုံမှတ်တမ်းပြု၍ အရှေ့ဘက်ရှိ လျောင်းတော်မူရုပ်ပွားတော်ကို ဖူးမြော်သည်။

ဦးစိန်ဝင်းက ဤလျောင်းတော်မူ၏ မျက်နှာတော်သည် သက်ရှိထင်ရှား မြတ်စွာဘုရားအား ဖူးမြော်ရသည့်ပမာ ကြည်ညိုဖွယ် သပ္ပာယ်လှသည်ဟု ဆို၏။

လျောင်းတော်မူ တန်ဆောင်း၏ ခြေရင်း၊ တောင်ဘက်တွင် နှစ်ကျိပ် ရှစ်ဆူ ရုပ်ပွားတော်များ စံပယ်တော်မူကြသည်။

ယင်းတန်ဆောင်းနှင့် ဆက်လျက် တောင်အက်တွင် သတ္တဋ္ဌာနရုပ်ပွား တော်များ ကိန်းဝပ်တော်မူကြသည်။ တန်ဆောင်းထောင့် တစ်နေရာတွင် အရိမေတ္တေယျ အလောင်းတော်နတ်သားရုပ်တုကို ဖူးတွေ့ရသည်။

ထိုမှ အနောက်ဘက်တွင်ကား အမိုးလည်ပေါ်တင်ထားသော သိမ်တော်ကို မြင်ရသည်။ မဟာသုမင်္ဂလ သိမ်တော်ဟုတွင်၍ ဆရာတော် အရှင်မုနိန္ဒ ရဟန်းဖြစ်ရာ သိမ်တော် ဖြစ်သည်။

သိမ်၏ အနောက်ဘက်ခပ်လျက် တွင် ဂန္ဓကုဋိတိုက်ငယ်နှင့် တင်ပျဉ်ခွေ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပွားတော်ကြီးနှစ်ဆူ ဖူးတွေ့ရသည်။

ဆရာတော်ဦးဝဏ္ဏဓဇ စတင်သီတင်းသုံးတော်မူသော အချိန်တွင် ကိန်းဝပ်တော်မူပြီးဖြစ်သော ရှေးရုပ်ပွားတော်များဖြစ်၍ ပုဂံခေတ်လက်ရာဟု မှန်းဆကြသည်။

အလင်္ကာရာမဆရာတော်၊ သံဃာတော် အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ကြသဖြင့် မူလအခြေအနေနီးပါး ဖူးမြော်လေ့လာနိုင်လေသည်။

ထိုမှ အနောက်ဘက်မြေပြင်တွင် ရှေးဟောင်းလက်ရာ **"ဘုရားကုန်း"** စေတီမှာ ယိုယွင်းပျက်စီး၍ ဖောင်းရစ်တော်အထက် မြက်ချုံထီးဖြင့် စံပယ်တော်မူရရှာလေသည်။

အနီးတွင် သင်ပုတ်ပလ္လင်အဖြစ် ပြုလုပ်ထားသည့် ဇန်းရွက်ဘီလူးမ ရုပ်တုမှာလည်း ရေညှိဖုံး၍ ညှိုးငယ်စွာ မြင်တွေ့ရပေသည်။

ယင်းနောက် ကိုရင်ကလေး ဦးဆောင်မှုဖြင့် **"မုနိရှင်ကြီး"**ဟု ဘွဲ့မည်ကပ်လှူထားသည့် တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးကို ဖူးတွေ့ရသည်။

ဦးစိန်ဝင်းထံတွင် လေ့လာခဲ့ရသော အောင်ကိုမြင့်၏ ဆရာတော် အရှင်မုနိန္ဒ၏ ဘဝမှတ်တမ်းစာအုပ် စာမျက်နှာ(၄၅)၌ ဤသို့တွေ့ရှိ ရေးကူးခဲ့ရသည်။

'မုနိရှင်ကြီး တန်ဆောင်းသည် ဘာဂျာတံခါးများ တပ်ထားပြီး သော့ခတ်ထားသည့် ရှေးဟောင်း ယဉ်ကျေးမှုပြတိုက်လည်း ဖြစ်သည်။ ထိုအထဲတွင် ဘုရင့်ခေတ်က ထွင်းထုထားသော သစ်ထွင်းရှေးဟောင်းလက်ရာများ အစုံရှိသည်။ ရှေးဟောင်းပွတ်ခုံ နွယ်လိမ်ဒီရိုများလည်း ရှိသည်။

ဘုရင့်ခေတ်က အသုံးအဆောင် ရှေးဟောင်း ညောင်စောင်းများ ခုတင်များလည်း ရှိသည်။ အခြား တန်ဖိုးမသိနိုင်သော ရှေးဟောင်းလက်ရာများစွာရှိသည့် ယဉ်ကျေးမှုပြတိုက်ဖြစ်သည်။

ထိုမုနိရှင်တိုက်ခန်းသည် ရှေးဟောင်းပစ္စည်းများနှင့် ရောနှောထားသဖြင့် မုနိရှင်တော်မြတ်ကိုပါ သော့ခတ် အပိတ်ခံထားရသည့်ဘဝတွင် စံပယ်နေရ၏'

ဟု ပါရှိလေသည်။ ၁၉၉၅ ခုနှစ်တွင် ရေးသားသည်ဖြစ်ရာ ယခု (၁၈)နှစ်အကြာ ၂၀၁၃ ခုနှစ်တွင် မုနိရှင်အား လွတ်လပ်စွာ ဖူးမြော်ရသော်လည်း ရှေးဟောင်းပစ္စည်းများကို မတွေ့မမြင်ရတော့ချေ။

ထို [illegible] ရှေးဟောင်းပစ္စည်းများနှင့် ပတ်သက်၍ ဆရာတော်အရှင်မုနိန္ဒ၏ ရိုးသားလှသော အမြင်၊ စိတ်သဘောကို ကြည်ညိုဖွယ်ရာအဖြစ် ဖော်ပြလိုပါသည်။

ဆရာတော်ဦးမုနိန္ဒ အနီးတွင် အနှစ်သုံးဆယ်လုံးလုံးနေပြီး ကလေးတွေကို စာသင်ပေးသော ဆရာကြီးဦးမြသောင်းက သူ ပင်စင်ယူပြီးဖြစ်၍ ဆရာတော်အား နှုတ်ဆက်ကန်တော့သည်။

'ဆရာကြီး ဦးပဥ္စင်းဆီက ဘာအလိုရှိသလဲ၊ လိုအပ်တာ မြင်မြင်သမျှယူပါ။ သော့ခတ်မထားပါဘူး။ ဘုရားပူဇော်ချင်ရင်လဲ ပင့်သွားနိုင်ပါတယ်။ သူတို့ပြောတဲ့ ဟိုငြ ဘိုက်ထဲက ရှေးဟောင်းပစ္စည်းဆိုတာတွေတော့ ဘယ်သူမှ မယူရဘူးတဲ့။ ယူရင် ရဲတိုင်မယ် ပြောသံ ကြားတယ်။

အခု ဒီ ဦးပဥ္စင်းကျောင်းပေါ်မှာ ရှိသမျှကတော့ ဆရာကြီး အလိုရှိတာ အသုံးလိုတာ ယူပါ။ ပစ္စည်းဆိုတာ အများပိုင်ပဲ။ ဆရာကြီး နောက်မလာတော့ဘူးဆိုရင် လိုချင်တာယူပါ'

ဆရာတော်ကြီးက တစ်ခုခု စွန့်ပေးလိုသည်။ ဘာကို စွန့်ရမည် မဝေခွဲတတ်သဖြင့် ဤသို့ မိန့်ခြင်းဖြစ်သည်ဆို၏။ ***[အောင်ကိုမြင့်၏ ဆရာတော် ဦးမုနိန္ဒ ဘဝမှတ်တမ်း စာမျက်နှာ-၇၂ မှ ထုတ်နုတ်ပါသည်။]***

## ကြည်ညိုဖွယ်ရာများ

ဦးစိန်ဝင်းထံမှ မှတ်တမ်းပြုခွင့်ရခဲ့သည်များအရ ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာများကို ဖော်ပြပါမည်။

ဆရာတော်သည် နည်းနာ ဂိုဏ်းဂဏ အစွဲမရှိပါ။ လယ်တီဆရာတော်၏ စာအုပ်ကို ဖတ်ရှုလေ့ရှိသဖြင့် ဒကာ တစ်ဦးက လယ်တီနည်းနှင့် ကျင့်ကြံပါသလားဟု မေးလျှောက်ရာတွင်



◆ အလင်္ကာရာမကျောင်းအတွင်း အနောက်ဘက် ကျုံးကူးတံတား



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေတောက်ကုန်းရွာသား ဦးစိန်ဝင်း

လယ်တီဆရာတော် ညွှန်ပြသည့် ဗုဒ္ဓနည်းနှင့် ကျင့်ကြံသီတင်းသုံးကြောင်း ဖြေကြား၏။

ဂိုဏ်းများ ကွဲပြားနေသည်ကိုလည်း ဘုရား တပည့်သားတွေချည့်မို့ နိဗ္ဗာန်ကို ဦးတည်တာ အတူတူပဲဟု မိန့်တော်မူလေသည်။

## ခန္တီပါရမီရှင်

ရှင်မုနိန္ဒ သာမဏေဘဝဖြင့် တောင်တွင်းကြီးမြို့ ရတနာဗိမာန်ကျောင်းတွင် စာဝါ သင်ယူစဉ်က စိတ်ဆိုးဒေါသထွက်သည်ကို မတွေ့မမြင်ကြရ၊ သီတင်းသုံးဖော်များ ကျီစယ်နောက်ပြောင်ရာတွင်လည်း စိတ်ဆိုးသည်ကို မတွေ့ရချေ။

သို့ဖြင့် ရှင်မုနိန္ဒ အိပ်ပျော်နေစဉ် ခြေချောင်းများအကြား ဝါဂွမ်းစ ညှပ်ကာ မီးရှို့၍ အဝေးမှ ချောင်းကြည့်နေကြသည်။ ခြေချောင်းများကို မီးလောင်သဖြင့် လန့်နိုးလာသောအခါ **"ဟာ တယ်ပြီး ပူပါလား"**ဟု ညည်းညူကာ မီးငြိမ်းသတ်သည်။

စိတ်ဆိုးသည့်အမူအရာ မမြင်ရသဖြင့် သူငယ်ချင်း သာမဏေများ ပုန်းအောင်းနေရာမှ ထွက်လာကာ **"မီးရှို့တာ ငါတို့ပဲ"**ဟု ပြောသော်လည်း ဒေါသမထွက်ဘဲ ပုံမှန်အတိုင်း ခေါ်ပြော ဆက်ဆံလေသည်။

ရှင်မုနိန္ဒ သာမဏေဘဝကပင် အနေအေး၍ ဝိနည်းကို အလွန် လေးစားလှသဖြင့် ဆရာတော် ဦးမာလာဝံသ ကိုယ်တိုင် ဦးပဇ္ဇင်း အရှင်ဥပ္ပလနှင့် အတူ သံဃာတော် ပုံစံအကျဆုံးပဲဟု ချီးမွမ်းခြင်းခံရလျက် **အရှင်ဥပ္ပလသည် နောင်တွင် ဆူးကောက်ကြီး (ဆတ်သွားရွာ အနောက်ဘက်၌ ရှိသည်။)ဆရာတော် အရှင့်သူမြတ်ဟု အများ ကြည်ညိုလေးစားကာ ရဟန္တာဟု သမုတ်ခြင်း ခံရလေသည်။**

ရဟန်းဘဝရောက်၍ တစ်ဝါအရတွင် ရတနာဗိမာန်သို့ ပြန်လည်ဝင်ရောက်ကာ စာသင်ယူစဉ်တွင်လည်း ဆွမ်းဘုဉ်းပြီး၍အပြန် သီတင်းသုံးရာ ကျောင်းသို့ ကြွစဉ် ဦးပဇ္ဇင်းအချို့က ရှင်မုနိန္ဒ ဒေါသထွက်သည်ကို မြင်လိုလှသဖြင့် ကျောင်းအပေါ်ထပ်မှ ရေပုံးအပြည့် ရေများလောင်းချသည်။

တစ်ကိုယ်လုံး စိုရွှဲသွားသည့် ရှင်မုနိန္ဒသည် ရုတ်တရက် အပေါ်သို့ မော့ကြည့်လျက်...

'အရှင်ဘုရားတို့ သည်းခံတော်မူကြပါ။ အရှင်ဘုရားတို့ ရေသွန်းဆိုက် တပည့်တော် ဖြတ်သွားမိပါတယ် ဘုရား'

ဟု တောင်းပန်လေရာ စနောက်လိုသော ဦးပဇ္ဇင်းများမှာ အံ့အားသင့်ကြလေသည်။

ဆောင်းရာသီ ကုန်ခါနီးတွင် ရတနာဗိမာန်ကျောင်းဝင်းတွင်းရှိ မန်ကျည်းပင်များမှ မန်ကျည်းသီးများ ဆူဖြိုးချိန်တွင် ကျောင်းသားများက တုတ်ချောင်း၊ ခဲလုံး စသည်တို့ဖြင့် ပစ်ခတ်ယူကြသည်။

တစ်ချိန်တွင် ရှင်မုနိန္ဒ မန်ကျည်းပင်တစ်ပင်အောက်မှ ဖြတ်သွားစဉ် ကျောင်းသားများ ပစ်လိုက်သော ခဲတစ်လုံးက ဦးခေါင်းသို့ မှန်၏။ သွေးများ ယိုစီးကျလာသဖြင့် ဒဏ်ရာကို လက်နှင့်အုပ်ကာ နောက်ကြောင်းပြန်ကြွခဲ့သည်။ ကျောင်းသားများအပေါ် ငြူစူမာန်မဲခြင်း မရှိပေ။

ပညာသင်ရာမှ ပြန်လာ၍ ငွေးတောက်ကုန်း အလက်ာရာမကျောင်းထိုင်ဆရာတော် ဖြစ်လာချိန် တန်ဆောင်မုန်းလပြည့်နေ့ တစ်နေ့တွင် ကုဋီမှအပြန် ကျောင်းသား ကိုရင်ကလေးများ ပစ်ပေါက် ဆော့ကစားနေကြသော ဆီးဖြူသီးတစ်လုံးသည် ဆရာတော်၏ နားထင်ကို အရှိန်ဖြင့် ထိမှန်လေရာ မူးပြီး လဲလုလုဖြစ်သွားသည်။

ကျောင်းသား ကိုရင်များ အလွန်တရာထိတ်လန့်ကြောက်ရွံ့နေကြသဖြင့်...

ရွှေလ ဆက်ဖတ်ပါရန်

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာကနသိရှိစေရန်အလို့ငှာ စေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

✤ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ✤

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | | | 1 ၁ | 2 ၂ | 3 ၃ |
| 4 ၄ | 5 ၅ | 6 ၆ | 7 ၇ | 8 ၈ | 9 ၉ | 10 ၁ |
| 11 ၂ | 12 ၃ | 13 ၄ | 14 ၅ | 15 ၆ | 16 ၇ | 17 ၈ |
| 18 ၉ | 19 ၁ | 20 ၂ | 21 ၃ | 22 ၄ | 23 ၅ | 24 ၆ |
| 25 ၇ | 26 ၈ | 27 ၉ | 28 ၁ | 29 ၂ | 30 ၃ | |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်းကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**စက်တင်ဘာလ(၁၉)ရက်နေ့ကို** တွက်လိုသည် ဆိုပါစို့။ (၁၉)ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၁)ဟု တွေ့ရပေလိမ့်မည်။ ယင်း မွေးရက် (၂၃)နှင့်ပေါင်းလျှင် (၂၄)ရ၏။ ယင်း(၂၄)ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် ၂ + ၄ = ၆ ရ၏။ ထို့ကြောင့် ထိုသူအတွက် **စက်တင်ဘာလ(၁၉)ရက်**နေ့တွင် **(၆)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း၊ တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် ကောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွန်မောတသဖွယ် အဖြစ်အပျက်များ တိုးလိုးတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့သြဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး၊ ပညာရေး၊ ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် ၄၊ ၈၊ ၆ ဂဏန်းရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ ၃၊ ၅ ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂၊ ၇၊ ၉ ဂဏန်းရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီပညာအကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။***

**သုခရှာစံ(ကျိုက်လတ်)**

**နက္ခတ္တဗေဒင်ပြည်မဂ္ဂဇင်း ၄၇**

www.burmeseclassic.com



မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၂၀၁၁၊ တာဆထလတိုး (၁၃၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။-အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ့ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓေပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မော်ပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတာပေါ့။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(ဈ/၃၅၆) သေဘာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း ၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၃၂

**ဖြောင်းဖြူ ထောင်သာဦးတင့်**



www.burmeseclassic.com

www.burmeseclassic.com

စပါးတောင်ရိုး သာသနာ့အောင်မြေ

# လေးသွန်းခံတောင်ရိုး (၁)

မောင်မောင်ဖိုး (ထားဝယ်)

အရှေ့ရပ်ဝန်း မိုးအာကာအောက် ဝယ် ပုလဲရောင်ငွေနှင်းမှုန် ဖြူဖွေးဝေဖြာ တဖွဲဖွဲကျလျက်ရှိ၏။ ဆောင်းလေ အေးက ရင်ဝယ်တိုးကာ ကိုယ်စိတ် ချမ်းမြေ့ရွှင်လန်းစေ၏။

စပါးတောင်တန်းတစ်လျှောက် နှင်း မှုန်ပဝါ လွှမ်းကာခြုံလျက် ရှိ၏။ စပါး တောင်ရိုးတစ်လျှောက်တွင် ကြည်ညိုစရာ၊ ကြည်နူးစရာ များပါပေသည်။ ကြည်ညိုစရာဆိုသည်မှာ သပ္ပါယ်လှသော ရှေးဟောင်းစေတီများဖြစ်၍ ကြည်နူးစရာဆိုသည်မှာ စေတီ၊ ပုထိုးများကို တည်ထားခဲ့သော ရှေးခေတ် ထားဝယ်သားတို့ကို တမ်းတရခြင်းဖြစ်၏။

ကြည်ညိုစရာကို တွေးရသည်မှာ ဖူး၍ တွေး၍ ကုန်နိုင်ပါတော့မည်လား ဟု စာရေးသူ အောက်မေ့မိ၏။

စပါးတောင်ရိုးသို့ လွန်ခဲ့သော ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့က နတ်ရေကန်တောင်စေတီ ရွှေထီးတော် တင်ပွဲ အလှူမင်္ဂလာပွဲသို့ သွားရင်း နောင်တော်စေတီ သာသနာ့အောင် မြေသို့ ဘုရားဖူးရောက်ခဲ့သည်။

ထိုနောက်ပိုင်းကာလများတွင် စပါး တောင်ရိုးတစ်လျှောက်သို့ ဘုရားဖူး အကြိမ်ကြိမ်ရောက်ခဲ့သေး၏။

ယခုနှစ် ၁၃၇၇ ခုနှစ်၊ တပို့တွဲ လပြည့်ကျော် (၉)ရက်နေ့မှာ နှမတော် ရှင်ဇောမြစိမ်းရောင် ဆုတောင်းပြည့် စေတီ၌ ရွှေထီးတော်တင် အလှူမင်္ဂလာ ပွဲသို့ သွားရင်းဖြင့် လေးသွန်းခံသာသနာ့ အောင်မြေစခန်းသာဆီသို့ ဘုရားဖူး



◆ ထားဝယ်-မြေဗွာလမ်းမကြီး (ရှေ့နယ်ရွာအဝင်လမ်းမကြီး)မှမြင်တွေ့ရသော စပါးတောင်(အရှေ့ပုပ္ပါးတောင်)မြင်ကွင်း

◆ ဂူရွာသင်္ဃာရုံပါဝါကျောင်းတိုက် ကျောင်းကြီးကို တွေ့ရစဉ်



သွားချင်သေးသည်ဟု စိတ်ကူးနေမိ၏။

စာရေးသူ၏ စိတ်ကူးပုံဖော်မှု အစီ အစဉ် ဆန္ဒပြည့်ဝလေပြီ။ စပါးတောင် (အရှေ့ပုပ္ပါး)သို့ ဘုရားဖူးခရီးသွားရန် ညီဖြစ်သူ ဦးကျော်သက်က ဖိတ်ခေါ်မှု ပြုခဲ့ပါ၏။

ထို့ကြောင့် ဦးကျော်သက်၏ ဆိုင် ကယ်ဖြင့် စပါးတောင်ရိုးတစ်လျှောက် သို့ ဘုရားဖူးခရီးတစ်ခေါက် ထွက်ခဲ့ရ ပြန်ပါသည်။

စာရေးသူသည် တစ်နေ့ တစ်ရက် တာကာလအတွင်း စပါးတောင်ရိုး တစ်လျှောက်ရှိ ဘုရားပေါင်းစုံသို့ အကုန်အစင် မရောက်နိုင်ခြားသော်




www.burmeseclassic.com

www.burmeseclassic.com




▲ စပါးတောင်ထိပ် ကားလမ်း လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့ရစဉ်

▼ ဆင်ခေါင်းတောင် အရှေ့ဘက် တောင်ကမ်းပါးယံပတ်ကားလမ်းကို မြင်ရစဉ်



လည်း ရသလောက် အချိန်အတိုင်း အတာလေးမှာပင် ဖူးသင့်ဖူးထိုက်သည့် ဘုရားများကို ဖူးမြော်လေ့လာခွင့်ရဖို့ ကြိုးစားအားထုတ်ခဲ့ပါသည်။

စပါးတောင်ပေါ် ရောက်နေသည့် အခိုက်အတန့်သည် တန်ဖိုးရှိသောကြောင့် မိမိမြင်ကွင်းရှေ့မှာ ပေါ်လာသည့် စပါးတောင်ပုံရိပ်များကို အာရုံယူရင်း စပါးတောင် အံ့ဖွယ်အသက်များကို နမ်းကာ စပါးတောင်ဝိညာဉ်ကို ရနိုင်သလောက် ရှာဖွေ ဖော်ထုတ်ခဲ့ပါသည်။

စပါးတောင်(အရှေ့ပုပ္ပါး)ကို လွမ်းတိုင်း **စပါးတောင်(အရှေ့ပုပ္ပါး)**နှင့် ပတ်သက်သည့် စာတွေ၊ ကဗျာတွေကို ရှာဖွေဖတ်ရှုရင်း "**စပါးတောင်(အရှေ့ပုပ္ပါး)**"ကို စာတွေ့နှင့် ချစ်မြတ်နိုးခဲ့ရပါ၏။

စပါးတောင်ရိုးရှိ စေတီ၊ ဘုရားများကို မျက်မြင်ကိုယ်တွေ့ ဖူးမြော် ခံစားရတော့မည်ဖြစ်၍ ဆိုင်ကယ်ပေါ်မှာ လိုက်ပါလာရင်း စပါးတောင်တန်း ဆင်ခေါင်းတောင် သာသနာ့အောင်မြေနှင့် နီးလာလေ စာရေးသူ၏ ရင်ခုန်သံတွေ မြန်လေလေ ဖြစ်မိ၏။

'ဣဿသယျမဟာဂုဏဝိသာရတိုက်ကျောင်း'

ဟူသော စာတန်းထိုးထားသော ကျောင်းအတွင်းထဲသို့ ဝင်လာချိန်မှာ စာရေးသူ ရင်ခုန်သံတွေ အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့ချေပြီ။

တရိပ်ရိပ်ပြေးနေသော စာရေးသူတို့၏ ဆိုင်ကယ်သည် ဆင်ခေါင်းတောင်တောရ သာသနာ့အောင်မြေထဲသို့ ဝင်သွား၏။

ထိုစဉ် ကားလမ်းညွှန်ပြနေသော လူတစ်ဦး၏အနီးမှာ ဆိုင်ကယ်စက်ရှိန်လျှော့ကာ ထိုးရပ်လိုက်ပါ၏။

ထို့နောက် ဆင်ခေါင်းတောင်အရှေ့ဘက် တောင်ကမ်းပါးယံပတ် ကားလမ်းအတိုင်း **နောင်တော်တောင်(အလယ်တောင်)၏** တောင်ဘက် တောင်ခြေတွင် ကိန်းဝပ်သော စကြာရှင်ဘုရားစေတီ ကိန်းဝပ်ရာသို့ ဦးတည်၍ စာရေးသူတို့ ထွက်ခွာလာကြပါသည်။

စပါးတောင်ရိုး တောင်ပေါ်ကားလမ်းတစ်လျှောက်တွင် စကြာကုန်းတော်ပေါ်ရှိ **မိကျောင်းဘုရား၊ အောင်သိဒ္ဓိဆုတောင်းပြည့် စကြာရှင်စေတီ၊ စုပုံတောင်စေတီ၊ ရှမ်းဘုရား၊ အောင်သိဒ္ဓိစေတီ၊ အောင်တော်မူစေတီ၊ နတ်ရေကန်တောင်စေတီ**တို့ကို ဖူးမြော် ဖြတ်သန်းလာရ၏။

နောင်တော်စေတီ (အလယ်တောင်စေတီ)ကုန်းတော်ပေါ်သို့ ရောက်သောအခါ တောင်ဘက် စပါးတောင်ရိုးတစ်လျှောက်သို့ လှမ်းမျှော်ကြည့်မိ၏။

မနက်ခင်း နေရောင်အောက်မှာ စကြာကုန်းတော်ပေါ်ဝယ် ဖြူဖွေးဝင်းဝါကြည်ညိုဖွယ် သပ္ပါယ်စွာ စကြာရှင်စေတီကို ဖူးရ၏။

ရောဝဏ် တောင်ကုန်းပေါ်က အောင်သံဝရ ရောဝဏ်ဆင်မြူးရှင်စေတီ၊ မြစိမ်းရောင်မင်းသစ်များ၏ သိုက်နန်းအဆောက်အအုံ၊ မြစိမ်း



www.burmeseclassic.com

www.burmeseclassic.com

ရောင်တောင်ကုန်းပေါ်က နှမတော် ရှင်ဇောမြစိမ်းရောင် ဆုတောင်းပြည့် စေတီတို့ကို လှမ်း၍ ဖူးမြော်နေရ၏။

သာသနာသက္ကရာဇ် ၈၇၅ ခုနှစ်မှာ မင်းရှင်ဖံသည် စပါးတောင်ထိပ် (အလယ်တောင်)၌ နောင်တော်စေတီ တော်ကိုလည်းကောင်း...

မင်းရှင်ဖံ၏နှမတော် ရှင်ဇောသည် မြစိမ်းရောင်သိုက်နန်းချုပ် တည်ရှိရာ တောင်ကုန်းပေါ်၌ စေတီတစ်ဆူကို လည်းကောင်း တည်ထားကိုးကွယ်ခဲ့ သည်ဟု ထားဝယ်သမိုင်း မှတ်တမ်းစာ စောင်တို့တွင် လေ့လာမှု ပြုခဲ့ရပါ၏။

ထို့ကြောင့် မင်းရှင်ဖံနှင့် မင်းရှင်ဖံ ၏နှမတော် ရှင်ဇောတို့ စေတီများ တည်ထားမှုကို **မြိတ်မြို့ သက္ကဏာ ဆရာညွန့်က** ဤသို့ ကဗျာရေးစပ် မှတ်တမ်းတင်ခဲ့သည်မှာ...

> ပုပ္ပါးတောင်ဝယ် မောင်နှမ
> တည်ကြအညီ
> စေတီနှစ်ဆူ
> ကျွတ်ဆုယူလျက်
> ဖြစ်သမျှကြောင်း၊ ကောင်းဖို့ဆင်လာ
> ပုပ္ပါးတောင်ထွတ်၊ တမွတ်ငွေချာ
> သိုက်တဘောင်နဲ့ တိုက်ချက်ညီညာ
> နောင်တော်ကြီး တည်ပြီးရှိနေတာ။
> နောင်တော်ကြီးမှ ခဏမျှော်ခေါ်
> တောင်ဘက်ကိုမှန်း၊ လှမ်းသွားလေသော်
> နှမတောင်ထိပ်၊ ရောက်လိမ့်မည်နော်
> ဆိတ်ငြိမ်လို့ အားထုတ်နေဖို့တော်၊

ဟူ၍ ဖြစ်၏။

**နောင်တော်စေတီ (အလယ်တောင်စေတီ)**၏ တောင်ဘက်ခြေတွင် တွေ့ရသော ကုန်းတော်ကို ရက္ခန်းစင် ဆရာတော်ကြီး ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ်မှာ စပါးတောင်တန်းသို့ သာသနာပြုရောက်ရှိစဉ်က ထိုကုန်း တော်ကို **"စကြာကုန်း"**ဟု သမုတ်



◆ နောင်တော်စေတီအား ဖူးရစဉ်

◆ နောင်တော်စေတီတောင်ကုန်းပေါ်မှ စကြာရှင်စေတီလမ်းညွှန်ကို တွေ့ရစဉ်




ခေါ်တွင်စေခဲ့ကြောင်း ဆိုပါသည်။

မနက်ခင်း နေရောင်ခြည်အောက် မှာ စကြာကုန်းတော်ပေါ်ဝယ် ဖြူဖွေး ဝင်းပ သပ္ပါယ်ကြည်ညိုဖွယ် ဖြစ်နေ သည့် စကြာရှင်စေတီကို နီးကပ်စွာ အာရုံပြု ဖူးမြော်ရန် စာရေးသူ အလယ် တောင်ကုန်းထိပ်ပေါ်မှ ဆင်းသက်လာ ရသည်။

စာရေးသူ **"စကြာရှင်စေတီတော်"** ဟု စာတန်းရေးထိုးထားသော ဆိုင်း ဘုတ်တိုင်ဘေးမှ ကပ်ကာ လျှောက် လှမ်းလျက် ဘုရားတောင်ကုန်းပေါ်သို့ တက်ရောက်ပါသည်။

စကြာရှင်စေတီတော်အား ဦးသုံး ကြိမ်ချကာ ကန်တော့ရင်း ခေတ္တခဏ ဘုရားအာရုံပြုနေမိပါသည်။

စကြာရှင်ဘုရားကို မော်ဖူးရင်း စာရေးသူ၏ မျက်လုံးတို့သည် စကြာ ရှင်စေတီတော်မှ မခွာပါ။

ပုဂံမြေက အာနန္ဒာစေတီနှင့် ရွှေစည်းခုံစေတီတို့ကို တစ်ဆူစီ ဘုရား ဖူးရသကဲ့သို့ မဟုတ်ဘဲ နှစ်ဆူစလုံးကို တစ်နေရာတည်းမှာ ပေါင်းစပ်၍ ဖူး မြော်နေရသလို ကြည်ညိုပီတိ ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



◆ ဈောင်တော်စေတီတောင်ကုန်းပေါ်မှ စကြာရှင်စေတီအား မှုရည်

◆ ဈောင်တော်စေတီ(အလယ်တောင်စေတီ)တောင်ကုန်းပေါ်မှ တောင်တက်မြစ်ကွင်း



ပါ၏။

ဘုရားဖူးတို့သည်လည်း စာရေးသူလိုပင် စကြာရှင်စေတီကို လှည့်ပတ်ကြည့်ကာ အာရုံယူရင်း ဖူးမြော်မဝ တသသ ရှိကြပေလိမ့်မည်ဟု တွေးမိ၏။

**"စကြာတောင်တွင် တရုတ်စေတွ ဘုရားလာတည်မည်"**ဟု ရက္ကန်းစင်တောင်ဆရာတော်က နှုတ်အမိန့်ပြုခဲ့ဖူး၏။ ထို့ကြောင့် ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်မှာ မန္တလေးက တရုတ်သူဌေးတွေ ရောက်လာ၏။

**စကြာတောင်(ခ) သိမ္မီတောင်(ခ) မြင်းတောင်တွင် စကြာရှင်စေတီတော်ကို** တည်ခဲ့၏။ ထို့ကြောင့် ရက္ကန်းစင်ဆရာတော်ကြီး၏ နှုတ်စကားမှန်ခဲ့လေ၏။

သို့နှင့် ရက္ကန်းစင်ဆရာတော်ကြီး၏ ဘဝဖြစ်စဉ် အတ္ထုပ္ပတ္တိအကျဉ်းကို ဖော်ညွှန်းပြဆို ပူဇော်မှုပြုလိုပါသည်။

ရက္ကန်းစင်ဆရာတော် လျှောင်းလျှာမောင်ကွန်းကို စဥ့်ကူးမြို့နယ်၊ မွေ့ပုံကန်ကျေးရွာနေ ဦးရာကျော်၊ ဒေါ်ငွေနှင်းတို့က မွေးဖွားသန့်စင်ခဲ့ကြောင်း...

ရက္ကန်းစင်ဆရာတော် ဦးဩဘာသ၏ မွေးသက္ကရာဇ်သည် **"ဉဩကျော်တက်၊ ငါ့အသက်"**ဟူ၍ နေ့နံသတ်မှတ်ရေတွက်ချက်အရ ငါ၏ မွေးသက္ကရာဇ်ခုနှစ်သည် **ကောဇာသက္ကရာဇ် ၁၁၂၇ ခုနှစ်ဖြစ်**သည်ဟု ရက္ကန်းစင်ဆရာတော် သက်တော်ထင်ရှား ခန္ဓာဝန်မချမီ မိန့်ရှာခဲ့ကြောင်း...

မောင်ကွန်းအား ကျောင်းသားအရွယ်သို့ ရောက်လာသောအခါ ရှမ်းမြောင်ရိုးဆရာတော်ကြီးထံတွင် အပ်နှံကာ ပညာရည်နို့ သောက်စို့စေကြောင်း...

မောင်ကွန်း(နောင်တွင်) ရက္ကန်းစင်ဆရာတော် ဦးဩဘာသသည်လည်း မဆုတ်မနစ်သော လုံ့လဝီရိယစိုက်ထုတ်၍ ပညာကို ကြိုးစားသင်ကြားသောကြောင့် အရွယ်နှင့်မလိုက်အောင် အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နမက္ကရ၊ ပရိတ်ကြီး၊ လောကနီတိ၊ သဒ္ဒါ၊ သင်္ဂြိုဟ်ကျမ်းများကို တတ်ကျွမ်းပြီး နှုတ်ထက် အာဂုံဆောင်နိုင်ကြောင်း...

ရှမ်းမြောင်ရိုး ဆရာတော်ကြီးသည် မောင်ကွန်းအား ကျောင်းသားဘဝမှ ရှင်သာမဏေအဖြစ်သို့ တက်ရောက်စေပြီး ရှင်ဩဘာသ,ဘဝဖြင့် လောကုတ္တရာ စာပေများ၊ အခြားသောဆေးကျမ်း၊ ဗေဒင်ကျမ်းနှင့် လောကီပညာရပ်များကိုလည်း သင်ကြားပေးကြောင်း...

**ကောဇာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင်** ရဟန်းဘောင်သို့ ဝင်ရောက်၍ မဟာမြိုင် ရက္ကန်းစင်တောင်တွင် ပါရမီဖြည့်ဆည်းကျင့်ကြံကြောင်း...

လူအမည်မောင်ကွန်း၊ ရဟန်းအဖြစ်သို့ရောက်သောအခါ ဦးဩဘာသ ဟူသော ဘွဲ့နာမကို ရှမ်းမြောင်ရိုးဆရာတော်က ချီးမြှင့်ခဲ့ကြောင်း...

ဆရာတော် ဦးဩဘာသသည် ကိုရင်ကြီး တစ်လှည့် လူဝတ် တစ်လှည့်ဖြင့် နယ်စုံလှည့်ပတ်သွားလာ နေထိုင်ခဲ့ကြောင်း...

ကောဇာသက္ကရာဇ် ၁၂၅၈ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com


တွင် အောင်သိဒ္ဓိ ရက္ကန်းစင်တောင်၌ သိဒ္ဓိပေါက်မြောက် အောင်မြင်၍ ထိုမှ အင်ကြင်းမြိုင် ရက္ကန်းစင်တောင်သို့ ကြွရောက်ကာ ဝိပဿနာကမ္မဋ္ဌာန်း ဆောက်တည်ပွားများကာ ကျင့်စဉ် စခန်းပေါက်မြောက်ခဲ့ကြောင်း...

မြန်မာဂန္ဓာရီ လောကီပညာနယ် တွင် ဂန္ဓာရီပညာဖြင့် ထင်ရှားကျော်ကြား သော ဆရာတော်တစ်ပါးလည်း ဖြစ် ကြောင်း...

ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ်တွင် ထားဝယ်မြို့၊ တောင်ပွားကျောင်းထိုင် ဆရာတော်ဦးသုဒ္ဒသနနှင့် အတူ ရက္ကန်းစင်ဆရာတော် ဦးဩဘာသ သည် စပါးတောင်တန်းတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်မှု ခဲ့ကြောင်း...

ရက္ကန်းစင်ဆရာတော် ဦးဩဘာသ သည် တောင်ကြီးမြို့၌ နောက်ဆုံး ဘုရားတည်သွားကြောင်း၊ ကောဇာ သက္ကရာဇ် ၁၃၃၂ ခုနှစ်၊ တန်ခူးလပြည့် ကျော်(၃)ရက် (၂၄-၄-၇၀) စနေနေ့ နေ့လယ်(၂)နာရီအချိန်တွင် တောင်ငူ မြို့ ဒေါ်ကြည်နေအိမ်၌ ခန္ဓာဝန်ချတော် မူခဲ့ကြောင်း...

ရက္ကန်းစင်ဆရာတော် ဦးဩဘာသ နှင့် ရင်းနှီးအကျွမ်းတဝင် ရှိခဲ့ဖူးသူ ကယားပြည်နယ်၊ လွိုင်ကော်မြို့နေ ဦးစိုးတင့်သည် ထားဝယ်မြို့ စပါး တောင်(အရှေ့ပုပ္ပါး)တန်းပေါ်၌ နှမ တော် ရှင်ဇေမြစ်မီးရောင်ခစေတီသို့ ဘုရားဖူးရောက်ရှိခဲ့စဉ်က စာရေးသူ အား ပြောပြခဲ့ဖူးသည်ကို အမှတ်ရစေ-



ကြေးကျင်တောင်ကုန်းပေါ်မှ ရှောင်ကော်စေတီအား လှမ်းရိုက်ထားသည့်ရုပ်ပုံ

စပါးတောင်(အရှေ့ပုပ္ပါးတောင်)တန်းတွင် သာသနာပြုစဉ်က ရက္ကန်းစင်ဆရာတော် ဦးဩဘာသနှင့် တောင်ပွားကျောင်းဆရာတော် ဦးသုဒ္ဒသနတို့အား ဖူးတွေ့ရစဉ်

[အရှေ့ပုပ္ပါးတောင်(စပါးတောင်)လက်ကမ်း စာစောင်မှ ထပ်မံရိုက်ကူးထားသော ဓာတ်ပုံဖြစ်ပါသည်]







www.burmeseclassic.com

www.burmeseclassic.com



ရောဝဏ်ဆင်ရုပ်တုကြီးကို ထီးထီးမားမားမြင်ရစဉ်



သိကြားမင်းရုပ်တုရှေ့မှောက်တွင် မှတ်တမ်းကျောက်စာတိုင်ကို တွေ့ရစဉ်

ပါသည်။

ထို့နောက် **အောင်သံဝရရောဝဏ်ဆင်များရှင်မစေတီ** ကိန်းဝပ်ရာ ရောဝဏ်တောင်သို့ ထွက်ခွာလာခဲ့၏။

ရောဝဏ်တောင် မြောက်ဘက်တောင်ခြေကားလမ်း၏အနောက်ဘက် တောင်ကုန်းမြင့်ဆီမော့၍ ကြည့်ရှုမိ၏။

တောင်ကုန်းစောင်းပေါ်၌ တောင်ဘက် မျက်နှာစာမူလျက် အမြင့်(၉)ပေခန့်ရှိသော ရောဝဏ်ဆင်ရုပ်တုကြီးကို အဝေးကပင် ထီးထီးမားမား မြင်ရ၏။

သို့နှင့် စာရေးသူ ဆိုင်ကယ်ပေါ်မှ ဆင်း၍ နေရစ်ခဲ့ကာ ထိုဆင်ရုပ်တုရှိရာ အဆောက်အအုံအတွင်း ဝင်ရောက်၍ လေ့လာမှုပြုရ၏။

**ရောဝဏ်ဆင်ကြီး၏ မျက်နှာသည် ဆင်ဦးခေါင်းသုံးလုံးမှ၍ ဖြစ်ပြီး ကိုယ်ထည်တစ်ခုတည်း ဖြစ်လျက် ပုံသဏ္ဌာန်မှာထူးခြားသော ဆင်ရုပ်တုကြီးအဖြစ် အမြင်ထူးစွာ မြင်တွေ့ရ၏။**

ဆင်ဦးခေါင်းသုံးလုံးမှာ ကြီးကျယ်မြင့်မြတ်သော ဆင်ဖြူရတနာသုံးစီးပမာဖြစ်သော သာသနာတော် အဓွန့်ရှည်တည်တံ့စေမည့် အာယုအသက်နှင့်တူသော ဘုရားရှင်၏ ဟောဖော်ညွှန်ပြသည့် အဆုံးမတော် ပိဋကတ်သုံးပုံကို ရည်ညွှန်းပါသည်။

**စပါးတောင်ခြေ ပိဋကတ်တိုက်ကျောင်း၌ ဆရာတော်တစ်ပါး သီတင်းသုံးနေပါသည်။ ထိုဆရာတော်ကား ဦးဗုဒ္ဓဝံသ ပင်ဖြစ်၏။ ပိဋကတ်သုံးပုံကို (၁၂) နှစ်သားအရွယ်ကပင် အာဂုံဆောင်နိုင်၏။**

ထိုဆရာတော်အား ဆင်ဖြူတော်နှင့် နိုင်းနှိုင်း၏။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ (၃) ရပ် ထွန်းကားခဲ့သည်။

ထို့ကြောင့် ဆင်ဦးခေါင်း(၃)လုံးနှင့် ကိုယ်ထည်တစ်ခုတည်းဖြင့် ဆင်ရုပ်တုကို ပြုလုပ်ထားရှိခြင်း ဖြစ်သည်ဟု ယူဆရပါသည်။

ဤဆင်ရုပ်တုကြီး၏ အရှေ့ဘက်၌ တောင်ဘက်သို့ မျက်နှာမူ၍ ရပ်လျက်ရှိသော **သိကြားမင်းရုပ်တု**ကိုလည်း မြင်ရ၏။

သိကြားမင်းရုပ်တု၏ ရှေ့မှောက်တွင် အရှေ့ဘက်သို့ မျက်နှာပြုထားသော ကောင်းမှုမှတ်တမ်း ကမ္ပည်းကျောက်စာတိုင်ကိုလည်း တွေ့ရ၏။

ရောဝဏ်ဆင်ကြီး၏ ရှေ့တည့်တည့်(တောင်ဘက်)တွင် မတ်စောက်သော တန်ဆောင်းလှေကားကြီးကို အဝေးကပင် မြင်နေရ၏။

ရောဝဏ်တောင် အရှေ့ဘက်ခြမ်းရှိ ကားလမ်းသည် မြောက်တောင်ဖြောင့်တန်းလျက်ရှိ၏။

အရှေ့တောင်ဘက် အစွန်ရောက်သော် တောင်ဘက်သို့ ကွေ့သွားရ၏။ တောင်ကုန်းထိပ် မြောက်ဘက်ခြမ်း မြေပြန့်နေရာ၌ အောင်သံဝရ ရောဝဏ်ဆင်များရှင်စေတီကို လှမ်း၍ မော့၍ ဖူးမြော်နိုင်ပါသည်။

တောင်ဘက် ကားလမ်းအတိုင်း ခရီးဆက်သွားလျှင် နှမတော်ရှင်ဖော မြစိမ်းရောင်စေတီသို့ ရောက်ပါသည်။

စာရေးသူ ကားလမ်းအတိုင်း ရှေ့ဆက်မသွားတော့ဘဲ ရောဝဏ်ရုပ်တုကြီးရှေ့ရှိ တန်ဆောင်းလှေကားအတိုင်း တက်ရောက်ပါသည်။ တန်ဆောင်းလှေကား ခရီးတစ်ဝက် အရောက်တွင် မြောက်ဘက်ခြမ်း မြင်ကွင်းဆီကြည့်မိ၏။

ရှေ့လဆက်ဖတ်ပါရန်

**မောင်မောင်စိုး(ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး

သီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည်
# အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ။ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းစေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်၊ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'စည်သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကို။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အဲ့ထိုင်လေး အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျန်းမာလဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

- 'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြော ပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြော ထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြော ပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ တိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေက အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း-မြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သင်္ဃန်းကျွန်းမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၄၁




www.burmeseclassic.com

www.burmeseclassic.com

# ရှော်ကားဥယျာဉ်လမ်းမှ

## နှစ်ကိုဝ်ရှစ်ဆူစေတီတော် (၂)

စံလွင်နီးသာ



◆ ချီးဆရာတော် အရှင်ဣန္ဒသာရာလင်္ကာရ

**ယခင်လမှအဆက်**

**ပုံစံတူစေတီများနှင့် စမတံဆိပ်**

သိကြားမင်း စမတံဆိပ် ခတ်နှိပ်ပူဇော်ခဲ့သော နှစ်ကျိပ်ရှစ်ဆူစေတီများ ပုံစံတူစေတီတို့ကို မြောက်ဘက်မှ စတင်ကြည့်ညိုရာ အရှေ့မြောက်ထောင့်အရပ်မှ စတင်၍...

**၁။ ပုဂံရွှေဥမင်စေတီတော်**
**(တာ၊ ဝ၊ ဂု၊ ဏ)**

[ပုဂံ၊ ညောင်ဦးမြို့၌ စံပယ်၏။]

**၂။ အညာသီဟတော စေတီတော်**
**(သ၊ မမ္မ၊ ဒွေ၊ ဝ)**

[သပိတ်ကျင်းမြို့ အောက် တစ်မိုင်အကွာ တတိယမြစ်ကျဉ်းအနီး ဧရာဝတီမြစ် အနောက်ဘက်ကမ်းနား၌ စံပယ်၏။ သပိတ်ကျင်းမြို့မှ စက်လှေကြုံဖြင့်သွား၍ ဖူးမြော်နိုင်သည်။]

**၃။ ရွှေသာလျောင်းစေတီတော်**
**(ဝိ၊ ရှု၊ ဟော၊ ဏ္ဍ)**

[ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ထိပ်တွင် စံပယ်တော်မူသည်။ စောင်းတန်းလှေကားဖြင့် တက်ရောက်နိုင်သည်။ တောင်တက်ကားလမ်းလည်း ဖောက်လုပ်ထားလေသည်။]

**၄။ အထက်စက်တော်ရာ**
**(ကေ၊ လာ၊ ဝ၊ ဟ)**

[မင်းဘူးမြို့နယ် မန်းစက်တော်ရာတွင် ကိန်းဝပ်တော်မူသည်။

နွေရာသီလမ်းဖွင့်ချိန်တွင် မော်တော်ယာဉ်များဖြင့် သွားရောက်နိုင်၍ သကြံန်ကာလပြီးနောက် မိုးရာသီကုန်သည်အထိ လမ်းပိတ်ထားသည်။ တောင်ကျရေနှင့် ချောင်းရေကြီးရေလျှံမှုရှိသောကြောင့်ဖြစ်သည်။]

**၅။ ရွှေတိဂုံစေတီတော်**
**(ဗု၊ ဒ္ဓ၊ စိ၊ ဏ္ဍာ)**

[ရန်ကုန်မြို့တော်၌ ထင်ရှားသော




www.burmeseclassic.com

www.burmeseclassic.com



◆ သိမ်တွင်းဘုရားဆန်းရှုမြင်ကွင်း

◆ ချို့ဆရာတော် ရုပ်ကလာပ်



အဓိကရစေတီတော်ကြီး ဖြစ်တော်မူသည်။]

၆။ **ကျိုက်ထီးရိုးစေတီတော်**

**(ဣ၊ အ၊ မ၊ ချာ)**

[မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့မှ ကင်ပွန်းစခန်းသို့ ကားဖြင့် သွားရ၏။ တောင်တက်ကားလမ်းရှိ၍ ရာသီမပြတ် ဘုရားဖူး စည်ကားသည့် စေတီတော်ဖြစ်သည်။]

၇။ **တရုတ်နိုင်ငံစွယ်တော်**

**(မာ၊ မံ၊ ဟု၊ ဟာ)**

[တရုတ်နိုင်ငံ၊ ပီကင်းမြို့ အနောက်ပိုင်း **"ပါးတာ့ချူလင်းကွမ်း"**ဘုန်းကြီးကျောင်းအတွင်းရှိ စေတီတော်၌ ကိန်းဝပ်တော်မူသည်။ ဤစွယ်တော်ကို ဖူးမြော်ကြည်ညိုရန် ကြိုတင်လျှောက်လွှာတင်၍ တစ်ကြိမ်လျှင် သုံးရက်သာ နေထိုင်ဖူးမြော်ခွင့်ပေးသည်။

ဆရာတော် ဦးဂန္ဓာသာရသည် ထိုနှစ်ကျိပ်ရှစ်ဆူစေတီများအား သွားရောက်ဖူးမြော် တစ်ဆူလျှင် (၅)ရက်ကြာ အဓိဋ္ဌာန်ဝင် ကမ္မဋ္ဌာန်းဆောက်တည်လေ့ ရှိသဖြင့် အခက်ကြုံရသည်။

သို့သော် သုံးရက်စေ့မြောက်သောအခါ ထိုင်းနိုင်ငံမှ ဘုရားဖူးအဖွဲ့ ရောက်ရှိလာကာ မေတ္တာရပ်ခံပေးသဖြင့် (၅)ရက် အဓိဋ္ဌာန်ပြည့်မြောက် အောင်မြင်ခဲ့သည်ဟု ဦးစိုင်းက ပြောပြသည်။]

ဤမြောက်ဘက်တွင် ကိန်းဝပ်တော်မူကြသော စေတီ(၇)ဆူကို **နံနက်(၆)နာရီမှ (၉)နာရီအချိန်အတွင်း** ရှိခိုးပူဇော်ကာ အဓိဋ္ဌာန်ကမ္မဋ္ဌာန်း ဆောက်တည်ရသည်ဟု ဆို၏။

---

အနောက်ဘက်တွင်...

---

၈။ **ပုဂံရွှေစည်းခုံစေတီတော်**

**(အာ၊ သော၊ မာ၊ ဝ)**

[ပုဂံညောင်ဦးတွင် ကိန်းဝပ်တော်မူသော အဓိကရ စေတီတော်တစ်ဆူဖြစ်သည်။]

၉။ **ပင်းယ ရွှေစည်းခုံစေတီတော်**

**(သ၊ သ၊ သံ၊ သေ)**

[တံတားဦးမြို့နယ်၊ စကားအင်းရွာတွင် ကိန်းဝပ်တော်မူသော အဓိကရစေတီကြီးတစ်ဆူဖြစ်သည်။]

၁၀။ **ပုခန်းစည်သူရှင်စေတီတော်**

**(ဝ၊ ဝ၊ ဓာ၊ ဂံ)**

[ပခုက္ကူမြို့မှ ရေစကြိုမြို့အသွားလမ်းပေါ်ရှိ ပုခန်းကြီးရွာ၌ ကိန်းဝပ်တော်မူသည်။ ကားလမ်းနံဘေးတွင်ရှိ၍ အလောင်းစည်သူမင်း ကိုးကွယ်ခဲ့သည့် သရက္ခန်ရုပ်ပွားတော်အစစ်ကိုလည်း ဖူးမြော်နိုင်သည်။]

၁၁။ **အောက်စက်တော်ရာ**

**(နာ၊ ဿ၊ ဂု၊ ထာ)**


[မင်းဘူးမြို့နယ် မန်းစက်တော်ရာတွင် ကိန်းဝပ်တော်မူသည်။]

၁၂။ **ရွှေမော်ဓောစေတီ**

**(ဝ၊ ရ၊ ဂု၊ ထု)**

[ပဲခူးမြို့လယ်၌ စံပယ်တော်မူသော အဓိကရစေတီကြီးတစ်ဆူဖြစ်သည်။]


www.burmeseclassic.com



ကျိုက်ထီးရိုးပုံစံတူ



ပင်မစေတီအနောက်ဘက်ရှိ
ယိုးဒယားပြည် ဆံတော်ပုံစံတူ



အောက်မက်ဆော်ရာပုံစံတူ

**၁၃။ မုတ္တမ မြသိန်းတန်စေတီ**

**(ဓဝ၊ ဒါ၊ ဒ၊ ယ)**

[သထုံခရိုင်၊ ပေါင်မြို့နယ်တောင်ဘက်စွန်း သံလွင်မြစ်ကမ်းနဖူး မုတ္တမမြို့ဟောင်းတွင် စံပယ်တော်မူသည်။]

**၁၄။ ယိုးဒယားပြည်ဆံတော်စေတီ**

**(ဓ၊ ဝံ မာ၊ ဟ)**

[ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့အနီး "ဝပ်ထရာထက်"တွင် စံပယ်တော်မူသည်။ ဤစေတီများကို မွန်းလွဲ(၃)နာရီမှ (၆)နာရီအချိန်အတွင်း ပူဇော်အဓိဋ္ဌာန်ပြုသင့်သည်ဆို၏။]

---

တောင်ဘက်တွင်...

---

**၁၅။ အင်းဝရွှေစည်းခုံစေတီ**

**(သု၊ ဓါ၊ ဓ၊ ဟံ)**

[တံတားဦးမြို့နယ်၊ အင်းဝမြို့ဟောင်းတွင် စံပယ်တော်မူသည့် အဓိကရစေတီကြီးတစ်ဆူ ဖြစ်သည်။ ]

**၁၆။ ရွှေယင်မြော်စေတီ(ဥ၊ ဓ၊ ဟ၊ နီ)**

[သာစည်မြို့ အနောက်မြောက်ထောင့် (၄)မိုင်ခန့်အကွာတွင် စံပယ်တော်မူသည်။]

**၁၇။ ကွမ်းရွာ ရွှေတန့်တစ်စေတီ**

**(ထိ၊ ထ၊ မ၊ စဲ)**

[ပခုက္ကူမြို့အနီး ဆင်ခြေဖုံးရပ်ကွက်၌ ကိန်းဝပ်တော်မူ၍ အလောင်းစည်သူမင်း ကိုးကွယ်သည့် သရက္ခန်စစ်ရုပ်ပွားတော် သီတင်းသုံးတော်မူသည်။ မြန်မာမှု ပန်းပုလက်ရာ တံကဲနာမည်ကြီးသည့် ရှေးစေတီတစ်ဆူဖြစ်သည်။]

**၁၈။ ပြည်ဆံတော်စေတီ**

**(သု၊ သု၊ ဓာ၊ ဂံ)**

[ပြည်မြို့၌ စံပယ်တော်မူသော ရွှေဆံတော်စေတီကြီးဖြစ်သည်။]

**၁၉။ ကျိုက်မွန်ဘုရား**

**(အ၊ ဟံ၊ ဘ၊ ဇွေ)**

[ပဲခူးမြို့အနောက်ဘက်အနီး စံပယ်တော်မူသော ကျောချင်းကပ် တင်ပျဉ်ခွေ ရုပ်ပွားတော်လေးဆူဖြစ်သည်။]

**၂၀။ ဖင်းကျိုက်ဆံတော်စေတီ**

**(စေ၊ အာ၊ မာ၊ သော)**

[သံထုံခရိုင်၊ ပေါင်မြို့နယ်အတွင်း ပေါင်မြို့ မြောက်ဘက်(၅)မိုင်အကွာတွင် စံပယ်တော်မူသော ဆံတော်ရှင်စေတီဖြစ်သည်။

ပေ(၃၀၀၀)ကျော်မြင့်သော တောင်ထိပ် ရင်ပြင်တော်သို့ တောင်တက်ကားလမ်းရှိသည်။ စောင်းတန်းလှေကားဖြင့်လည်း တက်ရောက်နိုင်သည်။]

**၂၁။ ထားဝယ်ပြည်ဆံတော်စေတီ**

**(မံ၊ သွဏ်၊ သု၊ သံ)**

[မွန်ပြည်နယ်၊ ရေးမြို့အောက်ဘက် ထားဝယ်မြို့မရောက်မီ **"ကာလိန်အောင်"**အရပ်တွင် ကိန်းဝပ်စံပယ်တော်မူသော ဆံတော်ရှင်စေတီဖြစ်သည်။ ကုန်းတော်၌ အစဉ်ကြီးထွားလျက်ရှိသော ကျောက်ရှင်များရှိသည်။

ဤတောင်ဘက်ရှိ စေတီတော်များကို နံနက်(၉)နာရီမှ (၆)နာရီအချိန်အတွင်း ပူဇော်အဓိဋ္ဌာန်ဝင်သင့်သည်ဆို၏။]

---

အရှေ့ဘက်တွင်...

---


**၂၂။ ရွှေစာရံစေတီ(ဗော၊ မိ၊ စိ၊ န္တာ)**

[မန္တလေးမှ မေပြင်(ဦးလွင်)မြို့သို့ အတက်လမ်း၊ ပုသိမ်ကြီးမြို့နယ်၊



www.burmeseclassic.com

www.burmeseclassic.com





▲ ဂေါတမဘုရားနှင့် ပဉ္စဝဂ္ဂီ ၅ ဦးရုပ်တု ကျောက်များ

◆ ကျိုက်ထီးရိုးဘုရားပုံစံတူ

အုန်းချောရွာအနီး ဒုဋ္ဌဝတီမြစ်ကမ်း အနီး၌ စံပယ်တော်မူသည်။ အနော်ရထာမင်း၏မိဖုရား စောမွန်လှ ကောင်းမှုစေတီဖြစ်သည်။]

၂၃။ **ရွှေမင်းဝံစေတီ**

**(ဉ၊ မွာ၊ ဝ၊ မွဲ)**

[မြစ်သားမြို့နှင့် ပြင်စည်မြို့ဟောင်းကြား ရွှေမင်းဝံတောင်စွယ်၌ ကိန်းဝပ်တော်မူသည်။ ကုန်းတော်၌ သော့တံကြီးတစ်ချောင်းကို ထူးခြားစွာ တွေ့နိုင်သည်။ တောတောင်အလယ် ရှုခင်းသာယာထူးခြားသောစေတီ ဖြစ်သည်။]

၂၄။ **လယ်ကိုင်း ကျောင်းတော်ရာ**

▼ မဟာလောကာရာမ






www.burmeseclassic.com

www.burmeseclassic.com





◆ ဂူလှိုဏ်မှုအင်းညှို ယောက်ဟည်းဆဲ ဝိဟာန်တော်

◆ မြောက်ဘက်မှ တရုတ်ရိုးရိုး ဖွယ်တော်စေတီနှင့် ဘုန်းကြီးကျောင်းပုံစံတူ

စေတီ(ပု၊ ညု၊ ဓေ၊ တွဲ)

[ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျောင်းတော်ရာ၌ စံပယ်တော်မူသည်။ မင်းဘူးမြို့ဝန်းကျင် "ရုံလေးရုံ"စေတီများအနက် တစ်ဆူအပါအဝင်ဖြစ်သည်။

ဂေါတမမြတ်စွာဘုရား ကြွရောက် သီတင်းသုံးတော်မူရာ အရပ်တွင် အထိမ်းအမှတ်စေတီ တည်ထားခြင်း ဖြစ်သည်ဆို၏။]

၂၅။ **မြတ်စောညီနောင်စေတီ (ဗော၊ ဓိ၊ သေ့၊ ဋ္ဌ)**

[တောင်ငူမြို့အရှေ့ဘက် (၆)မိုင်အကွာတွင် ဂိုန်းဝပ်တော်မူသည့် ဆံတော်ရှင်စေတီနှစ်ဆူဖြစ်သည်။]

၂၆။ **ကျိုက္ကမီရေလယ်စေတီ (စ၊ ဘ၊ က၊ သ)**

[မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ကမီမြို့အနီး ပင်လယ်ပြင်တွင် ဂိုန်းဝပ်တော်မူသည်။

ဆံတော်(၁၁)ဆူ ဌာပနာထားသော ကေဒဿကေသ ဆံတော်ရှင်စေတီ

◆ သရက်ပြုပင်



◆ စည်ပင်




◆ မဟာလှကာပင်





www.burmeseclassic.com

www.burmeseclassic.com



▲ သာလကာလျှားကီပင်

ဖြစ်ကာ ဒီရေတက်သော်လည်း ကုန်းတော်မနစ်မြုပ်ဘဲ ၊ ရာသီမရွေး သွားရောက်ဖူးမြော်နိုင်သည်။]

**၂၇။ဇင်းမယ်လဇန်းစေတီ**

**(အ၊ စီ၊ ဈွေ၊ ယျ)**

[ထိုင်းနိုင်ငံ၊ ချင်းမိုင်(ဇင်းမယ်)မြို့ အနီး "အရိပုန်ချိုင်း"အရပ်၌ စံပယ်သည်။]

**၂၈။ရခိုင်ဘုရားကြီး(ဗု၊ ဒွ၊ ဂု၊ ထ)**

[မန္တလေးမြို့တွင် စံပယ်တော်မူသည့် မဟာမုနိရုပ်ပွားတော်ကြီးဖြစ်၏။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့အနီး စံပယ်တော်မူရာမှ ဘိုးတော် ပဒုံမင်း လက်ထက် အိမ်ရှေ့စံကိုယ်တော် ဦးဆောင်ကာ မန္တလေးသို့ ပင့်ဆောင်လာခဲ့ခြင်းဖြစ်သည်။]

ဤစေတီတော်များအား နေ့လယ် (၁၂)နာရီမှ (၃)နာရီအချိန်အတွင်း ပူဇော် အဓိဋ္ဌာန်ပြုရသည် ဆိုပေသည်။

သိကြားမင်း စမဘံဆိပ် ခတ်နှိပ်ပူဇော်ခဲ့သော နှစ်ကျိပ်ရှစ်ဆူ စေတီတော်များအား ကိုယ်တိုင်သွားရောက်၍ အဓိဋ္ဌာန်ပြုပူဇော်သူများစွာရှိကြသည်။

မြန်မာနိုင်ငံတွင်းရှိ (၂၅)ဆူကိုသွားရောက်ပူဇော် အဓိဋ္ဌာန်ဝင်နိုင်ကြသော်လည်း ပြည်ပနိုင်ငံများရှိ (၃)ဆူအတွက် အခက်အခဲတွေ့ကြရသည်။

ထို့ကြောင့် ခန္တီးဆရာတော်က ထို (၂၈)ဆူစလုံးသို့ ကိုယ်တိုင် ကြွရောက်၍ အဓိဋ္ဌာန်ပြုအားထုတ်ကာ ပုံစံတူစေတီများကို စုပေါင်းပူဇော်ထားသည် ဖြစ်ရာ ဤစေတီတော်ကြီး၌ (၂၈)ဆူ ပြည့်စုံအောင် အဓိဋ္ဌာန်ပြု အားထုတ်နိုင်ကြစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုစေတီများသည် နောက်ခံသမိုင်းဖြစ်စဉ်တော်အရ အစဉ်အလာကြီးမား၍ အံ့ဖွယ်ထူးခြားမှုများစွာ ဖြစ်တည်တော်မူကြသည်ဖြစ်ရာ အဓိဋ္ဌာန်ပြုပူဇော်ကြသူတို့အတွက် အကျိုးထူးများစွာ ခံစားရရှိကြသည်။ **(ထိုစေတီတစ်ဆူစီအား နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ သွားရောက်ပူဇော်ကာ လမ်းညွှန်ဆောင်းပါးများ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)**

ယခု နှစ်ကျိပ်ရှစ်ဆူကုန်းတော်တွင် တပေါင်းတည်း ပူဇော်နိုင်ကြပြီဖြစ်၍ ကိုယ်တော်တိုင် သွားရောက်ကာ ဓာတ်သက်ယူ ပူဇော်ခဲ့သည့် ခန္တီးဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ကြောင့် မူလစေတီများ၌ အဓိဋ္ဌာန်ပြုပူဇော်သကဲ့သို့ တူညီသော အကျိုးကျေးဇူးများကို မျှော်လင့်ကြည်ညိုပြည့်ဝနိုင်ကြပေသည်။

မြတ်စွာဘုရားရှင်ကိုယ်စား ရုပ်ပွားဆင်းတုတော်အား သက်ရှိထင်ရှားရှိသည့်အလား သဒ္ဓါထက်သန်စွာ ရှိခိုးပူဇော်၍ ဘုရားရှင်၏ အဆုံးအမ ဩဝါဒများကို လိုက်နာကျင့်သုံးသူသည် ဘုရားရှင်အား ထင်ရှားဖူးတွေ့ရသကဲ့သို့ အကျိုးထူး ခံစားရနိုင်သည်နှင့် ပမာတူလေသည်။

## တိုက်တွန်းအပ်ပါသည်

ဤနှစ်ကျိပ်ရှစ်ဆူ စေတီတော်သည် မှော်ဘီမြို့နယ်၊ လိပ်ပုပ်ကုန်းကျေးရွာအုပ်စုအတွင်း ကိန်းဝပ်တော်မူကာ လှော်ကား အမျိုးသားဥယျာဉ်လမ်းမှ အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ပါသည်။

လောကီမျက်နှာစာ အသီးသီး၌ ကြုံဆုံနေရသော အမှုကိစ္စ၊ လိုလားအပ်သော ဆန္ဒများအတွက် ပူဇော်ဆုပန်နိုင်သည့်အပြင် ဗုဒ္ဓဘာသာဝင် ရင်သွေးငယ်များအတွက် ဘာသာရေးအသိပညာ၊ ဗဟုသုတ တိုးပွားစေနိုင်သည်ဖြစ်ရာ လှော်ကားဥယျာဉ်သို့ အပန်းဖြေလာစဉ် ခရီးကြုံ၍ဖြစ်စေ၊ သီးသန့်ရည်ရွယ်၍ဖြစ်စေ လေ့လာကြည်ညိုသင့်ကြောင်း တိုက်တွန်းတင်ပြလိုက်ပါသည်။

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com



### တစ္ဆေသရဲနှင့်

# ဘထွေးရဲ့ပယောဂကင်းစေဖို့

### အစီအရင်

ဖရုလောကသား ပြိတ္တာဘုံ သရဲ၊ တစ္ဆေ၊ မှင်စာ၊ ဘီလူး၊ သဘက် စသည်တို့မှာ လူသားများသောက် အဆင့်မမြင့်သော်လည်း သူတို့စွမ်းသမျှဖြင့် အနှောင့်အယှက်ပေးတတ်ကြသည်။

တစ်ခါတစ်ရံ ခြောက်လှန့်ခြင်းမျိုးမဟုတ်ဘဲ ကိုယ်ထင်ပြကာ အကူအညီတောင်းခံသူများလည်း ရှိတတ်သည်။

မည်သို့ပင်ဆိုစေ ယင်းသည့် လုပ်ဆောင်မှုများကို လူတို့က ခြောက်လှန့်သည်ဟု သတ်မှတ်ကြသည်။ ဘထွေးနှင့် အတူနေစဉ် အတွေ့အကြုံလေးကို ဖောက်သည်ချပါမည်။

တစ်နေ့၊ ထိုတစ်နေ့သည် ဗဟုသုတတိုးသည့်နေ့လေးဟု ဆိုချင်ပါသည်။ ညနေ(၆)နာရီခန့်၊ ဘထွေးအိမ်မြောက်ဘက် လမ်းကြားရှိ နွားခြံထဲသို့ နွားအုပ်များ သွင်းချိန်ဖြစ်သည်။

နွားများသိမ်းချိန်နှင့် မရှေးမနှောင်းပင် ဘထွေးခြံနှင့် မျက်နှာချင်းဆိုင်ဖြစ်သော ကိုရဲဝင်းအိမ်ဆီမှ ကြောက်လန့်တကြား အော်ငိုနေသော ကလေးငယ်၏ အသံကို ကြားရသည်။ ခဏအကြာ ဘထွေးကို လာခေါ်ကြသည်။

'ဦးကြီးညြဘာ... သားငယ်ရယ်လေ တမာပင်ကြီးဆီ လက်ညိုးထိုးပြီး ကြောက်တယ်၊ ကြောက်တယ် အော်ငိုနေလို့ လိုက်ကြည့်ပေးပါဦးရှင့်'

ဟု မိန်းမတစ်ဦး လာခေါ်သည်။

ဘထွေးက လိုက်ခဲ့ရန် လက်တို့ခေါ်သဖြင့် အိမ်ရှေ့ကအိမ်ကို ကူးလာခဲ့ကြသည်။ (၅)နှစ်ခန့်ရှိမည့် ကလေးငယ်မှာ ကြောက်ရွံ့တုန်လှုပ်စွာ အော်ငိုနေသည်ကို တွေ့ရသည်။ ဘထွေးက ကလေးငယ်၏ ခေါင်းကိုကိုင်ပြီး...

'သားငယ်လေး ဘာမှမကြောက်နဲ့ ဘဘရှိတယ်။ သား ဘာတွေမြင်ရတွေ့ရသလဲ ဘဘကို ပြောစမ်းကွယ်'

ဟု ဆိုတော့ ကလေးငယ်က အိမ်ဘေးရှိ တမာပင်ကြီးကို လက်ညှိုးထိုး၍...

'ဘဘ... ဟိုမှာ မည်းမည်းအကောင်ကြီး မျက်လုံးပြူးကြီးနဲ့ သားကို ခြောက်ပြနေတယ်။ သားကြောက်တယ်၊ ကြောက်တယ်'

အော်ပြီး ဘထွေးကို ဖက်ထားသည်။

'ဟေ့မောင်ရဲဝင်း... မင်းတို့အိမ်မှာ "ရှာလကာရည်"ရှိသလား ခွက်ကလေးနဲ့ ထည့်ယူခဲ့စမ်းကွာ'

ဟု ဘထွေးက ခိုင်းလိုက်ရာ ကိုရဲဝင်းက ဖန်ခွက်တစ်လုံးဖြင့် ရှာလကာရည်ကို ထည့်ကာ ယူလာပေးသည်။

ထိုရှာလကာရည်ခွက်ကို ကိုင်ကာ ကလေးငယ်ကို တွေ့ရသည့်အကောင်ကြီး ဘယ်နေရာမှာရှိသည် သေချာစွာ မေးပြီး ဘထွေးသည် တမာပင်ရှိရာကို သွား၍ ရှာလကာရည်နှင့်ပက်လိုက်ရာ "အား" ဟူသော အသံနက်ကြီးဖြင့် အော်သံကို ကြားလိုက်ရသည်။

မည်းမည်းသဏ္ဌာန်ကြီးတစ်ခု ခြံထဲက ပြေးထွက်သွားသည်ကိုလည်း အားလုံးက မြင်လိုက်ရသည်။

'ကဲ... မကောင်းဆိုးဝါးကောင်တော့ ထွက်သွားပါပြီ နောက်ဆိုရင် နွားတွေ ခြံထဲသွင်းတဲ့အချိန်တွေမှာ သတိထားကြ မကောင်းဆိုးဝါးတွေ ကပ်ပါလာတတ်တယ်။ ဒါကြောင့်လဲ "နွားရိုင်းသွင်းချိန် ပြင်မထွက်နဲ့ ဖုတ်သဘက်တွေပါတတ်တယ်"လို့ စာဆိုရှိခဲ့တာပေါ့။

ကိစ္စတော့ မရှိပါဘူး။ သရဏဂုံကို ရွတ်ပေး၊ ရှာလကာရည်နဲ့ ပက်ပေးရင်တော့ ဘယ်တစ္ဆေသရဲမှ မခံနိုင်ပါဘူး ပြေးရတော့တာပါပဲလေ'


ဘထွေးက ဆက်ပြောပါသေးသည်။

'အေး...ငါ့မြေးများ မကောင်းဆိုးဝါး အန္တရာယ်ကင်းဝေးစေဖို့ အဆောင်ကောင်းလေးတစ်ခု ပေးရဦးမယ်ဗျာ။ မောင်ရဲဝင်းနဲ့ မလှမွန်ကော မှတ်ထားကြ ကလေးတွေ အပြင်ထွက်တိုင်း သူတို့ရဲ့ နဖူးပြင်မှာ သရဏဂုံ သုံးပါရွတ်ဆိုပြီး "နယ်နပင်းဗိတ်" (နှ) ရေးပေးလိုက်စမ်း။ အမှောင့်ပယောဂတင် မကဘူး။ ဘယ်ရန်သူမျိုးကမှ မကပ်ရောက် မနှောင့်ယှက်နိုင်ဘူးကွ။

"နယ်နပင်းဗိတ်"ဆိုတာက "န"အက္ခရာကို ခေါင်းလေးက စရေးပြီး ခြေထောက်ဆွဲလို့ တစ်ဆက်တည်း နငယ်ကို ကွင်းနဲ့ ပိတ်တာကို ခေါ်တာကွယ့်။ နဘယ် ဘေးမရှိလို့ ဆိုနိုင်သလို ဘုရားဂုဏ်တော် (၉)ပါး(နဝ)ကို ညွှန်းထားတာဖြစ်လို့ အစွမ်း ထက်မြက် အဆောင်ကောင်းလို့ မှတ်ထားကြပေတော့ကွာ'

ကိုရဲဝင်းတို့မိသားစုကို နှုတ်ဆက်ပြီး တူအရီးနှစ်ယောက် ပြန်ခဲ့ကြသည်။ ဪ...ဘထွေးညြဘာဟိန်း ပြောသည့် မြန်မာ့ရိုးရာ သိမှတ်ဖွယ်ရာများကလည်း မှတ်၍မကုန် ယူ၍ မခန်းပါကလား။

**ရေးဆွဲနည်း**






www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဖော်ပြချက်

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တ-ဆ-ထ-လ (၁၂၅၁)]




မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုးအမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သီတန္တဥတု ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီအစေးများသော အစာအာဟာရများ လွန်ကျူးစွာစားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာလှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့်ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေး ငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။


ပင်ရင်း

**တန်ခိုးရှင် ဆေးတိုက်**


အမှတ်-(၁၉၂)၊ ရော(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၃၅၂၂၅၊ ၀၉ ၂၅၈၀၁၅၀၈၇။

မြောင်းမြ မောင်မျှဦးတင့်





www.burmeseclassic.com

www.burmeseclassic.com



◆ ဇီးတောကျောင်းအတွင်းမှ ကိုးတောင်ပြည့်စေတီ



◆ ဇီးတောကျောင်းအတွင်းမှ ရှမ်းမျက်နှာစေတီ

ရွှေခေတ်

ကောင်းသန့် (သခွတ်မြေ) ဝက်လက်

# သိုက်နန်းရှင်ဥစ္စာစောင့်တို့ တည်ခဲ့သော ဘုရားများ (၂)

**ယခင်လမှ အဆက်**

ဟု အသိပေးပြောလိုက်သည့်တွင် ခရင်တစ်ခါ ဖိုးရှုတ်မြင်ခဲ့ရသော အမျိုး ပမီးလေးသည် ချုံစပ်မှ ပေါ်လာ က...

'နေ...နေပါဦး ငှါမောင်၊ ဆရာတော်ကို လျှောက်တင်ပေးပါ ဒီပစ္စည်းတွေက သိုက်နဲ့ မဆိုင်ပါဘူး။ အစ်မတို့ ပိုင်ခဲ့တဲ့ ပစ္စည်းတွေပါ ပိုတဲ့ရတနာတွေကို အကုန်ရောင်းပြီး အစ်မ တို့ လူ့ဘဝကနေခဲ့တဲ့ ဇီးတောရွာမှာ ဘုရား တစ်ဆူ ထပ်ပြီး တည်ပေးပါလို့ ငှါမောင်က လျှောက်ပေးပါနော်'

'အဲ...အဲ...ဟုတ်ကဲ့ အစ်မ၊ အဲဒီ ဇီးတောရွာက ဘယ်အရပ်မှာလဲဗျ'

ဥစ္စာစောင့်မလေးသည် မောင်ဖိုးရှုတ် ၏အမေးကို ရိုဝေတမ်းတသော မျက်ဝန်းတစ်စုံနှင့်ကြည့်ကာ သက်ပြင်း တစ်ချက်ကို ချပြီးမှ...

'အင်း...နှစ်ပေါင်းငါးရာကျော်ရှိပြီ ဆိုတော့ အစ်မတို့ ဇီးတောရွာကြီးဟာ ပျက်စီးခဲ့ပါပြီ ငှါမောင်ရယ်၊ အခု ငှါမောင်ရဲ့ဆရာတော် သီတင်းသုံးတဲ့ကျောင်းရဲ့ အရှေ့နားဆီ တစ်ခေါ်လောက်သွားရင် အဲဒီ ဇီးတောရွာ ဟောင်းနေရာကို ရောက်ပါပြီ ငှါမောင်။

အဲဒီရွာဟောင်းနေရာမှာ အမှတ်အသား အနေနဲ့ လူတို့ရဲ့ အသုံးအဆောင်ပစ္စည်း

www.burmeseclassic.com

'အကျိုးအပဲ့တွေကို ရှာဖွေရင် တွေ့နိုင်ပါတယ်။

အဲဒီ ဇီးတောရွာပေါင်းနေရာမှာ စေတီတစ်ဆူ တည်ပေးပါ။ အဲဒါမှ ရွှေငွေပစ္စည်းပိုနေသေးရင် အခု အစ်မတို့ရှိနေတဲ့ တောမအရပ် သိုက်ပေါင်းနေရာမှာ အစ်မတို့ကို ရည်စူးပြီး စေတီတစ်ဆူ ထပ်ပြီးတည်ပေးပါ။

စေတီကိုလဲ "တောမစေတီ"လို့ ဘွဲ့တော်သမုတ်ပြီး အစ်မတို့ကို ကုသိုလ်ဆက်ပေးပါလို့ ဆရာတော်ကို စုံအောင် လျှောက်တင်ပေးပါ ငါ့မောင်ရယ်၊ အစ်မတို့လဲ ဒီကုသိုလ်တွေနဲ့ မင်းတို့ဆရာတော် ချီးမြှင့်ပေးတဲ့နေရာကို ပြောင်းခွင့်ရမှာပါ'

ရှည်လျားစွာ ပြောဆိုတောင်းပန်လေရာ မောင်ဖိုးရွှတ်သည်လည်း...

'ကောင်းပါပြီ အစ်မရယ်၊ ကျုပ်ဆရာတော်ကို လျှောက်တင်ပေးပါမယ်ဗျာ'

**မှတ်ချက်။ ။(ဘုန်းတော်ကြီးကျောင်းသားဆို၍ ထိုခေတ်ထိုအခါက တန်းကျောင်းတို့ မပေါ်သေးရာ အများအားဖြင့် အသက် တစ်ဆယ့်လေးနှစ်,တစ်ဆယ့်ငါးနှစ် အရွယ်အထိ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းနေကြရပါသည်။)**

မောင်ဖိုးရွှတ် ဝန်ခံစကားပြောအပြီး၌ မိန်းမပျိုလေးသည် မောင်ဖိုးရွှတ်၏ မျက်စိအောက်မှ ရုတ်တရက် ပျောက်ကွယ်သွားလေတော့သည်။

* * *


## ဇီးတောစေတီတော်နှင့် ဇီးတောတောရသို့

မှတ်တမ်းတင်ဓာတ်ပုံတို့ကို ရိုက်ကူးပြီး မှတ်တမ်းမှတ်ရာတို့ကို စုံလင်စွာ ရသည်နှင့် စာရေးသူတို့လည်း အင်ကြင်းပင်ရွာ "သာသနာ့ဂုဏ်ရည်



▲ အင်ကြင်းပင် သာသနာ့ဂုဏ်ရည် ကျောင်းတိုက်အတွင်းမှ ဆရာတော် သီတင်းသုံးသည့်ကျောင်း

▼ အင်ကြင်းပင် သာသနာ့ဂုဏ်ရည် ကျောင်းတိုက်အတွင်းမှ သိမ်အဆောက်အအုံ



ကျောင်းတိုက်"အတွင်းမှ ထွက်ပြီး ဇီးတောစေတီနှင့် ဇီးတောတောရကျောင်းရှိရာ ဝက်လက်ရှိမွကား ကားလမ်းအတိုင်း အရှေ့ဘက်သို့ ခရီးဆက်ခဲ့ကြသည်။

ကားလမ်းပေါ်၌ လေးဖာလုံခန့် စီးအပြီးတွင် လက်ယာဘက်လမ်းချိုးတောလမ်းလေးအတိုင်း ဖဲ့ပြီး ဝင်ခဲ့ရာ မကြာမီမှာပင် သရက်ပင်ကြီးများနှင့် အုပ်ဆိုင်းနေသော "**မဟာအောင်မြေ ဇီးတော တောရကျောင်း**"သို့ ရောက်ရှိခဲ့ကြ၏။

ထိုကျောင်းမှ ဆရာတော် "ဘဒ္ဒန္တ ခေမိန္ဒာ" အား ဝတ်ပြုပြီး လာရင်းအကြောင်းကို လျှောက်တင်ကာ ဇီးတောစေတီနှင့် ဇီးတောကျောင်းသမိုင်းကို မေးမြန်းလျှောက်ထားသည်တွင် ဆရာတော်ဦးခေမိန္ဒမှ...

'အကာ...ဘုန်းကြီး သိသလောက် ပြောရရင် ဒီကျောင်းဝင်း၊ အရှေ့ဘက် မလှမ်းမကမ်းက စေတီဟာ ဇီးတောစေတီတော်ပေါ့။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာလောက်အရင်က ဥစ္စာစောင့်တွေရဲ့ ကုသိုလ်နဲ့ အင်ကြင်းပင်ကျောင်းထိုင် သမရိုးဆရာတော်ဦးဆောင်





www.burmeseclassic.com

www.burmeseclassic.com



▲ ဇီးတောကျောင်းတိုက်မှ တစ်ခုတည်းသော မပျက်သေးသည့်ဂူ

▼ အုတ်ပုံ ချုံနွယ်တို့ ဖိတ်ပုံနေသော ပျက်စီးနေသည့်ဂူများ



ပြီး တည်ခဲ့တယ်လို့ပဲ သိရတယ်။

တိပိဋကဆရာတော် "ဦးသုမင်္ဂလ"က အင်းကြင်းပင် အနီးတစ်ဝိုက်ရှိ ရှေးဟောင်းစေတီ ဆယ့်နှစ်ဆူ ပြုပြင်ထီးတော်တင်တဲ့ အထဲမှာ ဒီ ဇီးတောစေတီလဲ တစ်ဆူအပါအဝင်ပဲ။ အဲဒီတုန်းက ကျောက်စာတစ်ချပ် ပေါ်လာလို့ ဆရာတော် သိမ်းဆည်းထားခဲ့တယ်'

ဟုမိန့်ကာ ကျောက်စာချပ်ကို ယူပြ၍ စာရေးသူတို့ ဖတ်ကြည့်ရာ...

ကျောက်စာမူရင်း အရေးအသားမှာ...

'ဧယျာတုသဗ္ဗမင်္ဂလံ လွန်ကဲ့သော နှစ်ပေါင်း ၂၀၀ ကျော်လောက်က တည်ထားကိုးကွယ်သော ဆည်းဆီဘာ တောရစေတီတော်ကြီး ပြိုပျက်ကွဲအက်၍ ထီးမရှိဖြစ်တော်မူကဲ့ရာ ကျိုက်လတ်မြို့ ပုပ္ပါရုံဆရာတော်ဘုရားကြီးကို အကြီးအမှူးထား၍ ဦးဇာဂရဦးဝေပုလ္လနှင့်တကွ အင်းကြင်းပင် ပလိုင်းကန်မင်းစုရွာ ဒါယကာ၊ ဒါယိကာမကြီးငယ်တစုတို့ ထပ်မံ ပြုပြင်ကဲ့ရာ ၁၃၁၀ ခုနှစ် တပို့တွဲလဆန်း ၁၁ရက်နေ့တွင် ပြီးစီးထမြောက် အောင်မြင်သည် လူရှင်နတ်လူသာဓုခေါ်စေသော်...'

*[မူရင်းသတ်ပုံအတိုင်း]*

ဟူ၍ ဖတ်ရှုရပါသည်။ ထို့နောက် ဆရာတော်ထပ်မံ၍ မိန့်သည်မှာ...

ဇီးတောကျောင်း တည်ခဲ့သည့်နှစ်ကို မသိသော်လည်း ပထမဆရာတော် **"ဦးသုဇာတ"**၊ ဒုတိယဆရာတော် **"ဦးဓေဝတီပါလ"** ယခုသူ့လက်ထက်အထိ ဆရာတော်သုံးဆက်ရှိပြီ ဖြစ်ကြောင်း...

ပထမဆရာတော်နှင့် ဒုတိယ ဆရာတော်တို့ စေတီတော်နှစ်ဆူ တည်ခဲ့သည်ဟု မိန့်ကာ ကျောင်းအဆောက်အအုံ၏ တောင်ဘက်တွင် ကန်ပေါင်ပေါ်ရှိ စေတီတော်တို့ကို လိုက်ပို့၍ ဖူးမြော်ခဲ့ရပါသည်။

ထို့နောက် ပထမဆရာတော် ဦးသုဇာတ တရားကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့သည့် အနောက်ဘက် ကန်ပေါင်ပေါ်မှ လိုဏ်ဂူတို့ကိုလည်း လိုက်၍ပြပါသည်။ ဂူတစ်ဂူသာလျှင် မပြိုမပျက် တွေ့ရ၍ ကျန်သော ဂူတို့မှာတော့ အုတ်ပုံဘဝသို့ ရောက်နေပေပြီ။

ထိုမှတစ်ခါ ကျောင်းအရှေ့ဘက်ရှိ ဇီးတောစေတီတော်သို့ သွားရောက် ဖူးမြော်ရာ ဖန်ခါးပင်၊ အပင်နှစ်ဆယ်နီးပါးမျှ တံတိုင်းသဖွယ် ဝိုင်းရံ ပေါက်နေသည့်အလယ်မှ စေတီတော်မြတ်ကို ဖူးမြော်ရပါသည်။ ဘုရားဝတ်ပြုပြီးသည်နှင့် ကျွန်ုပ်မှ...

'အရှင်ဘုရား ဆရာတော်ကျောင်းနဲ့ ဒီစေတီတော်ဝန်းကျင်မှာ ထူးခြားဖြစ်စဉ်လေးတွေရှိရင်လဲ မိန့်ပါဦးဘုရား'

ဟု မေးလျှောက်ရာ...

'ဒီလိုအကာကြီးရဲ့ ကျုပ်လက်ထက်တော့ မဟုတ်ဘူး။ တစ်ခါက ဒီဘုရားမှာ သစ်ခေးသည်နှစ်ယောက် ညအိပ်တည်းခိုဖူးတယ်တဲ့ ညအချိန်နဲ့ဆိုတော့ ဘယ်မှ ဝင်မတည်းနိုင်ရဲဘဲ ဒီဘုရား အာရုံခံထဲမှာပဲတည်းတယ်လို့ တူပါတယ်။

အဲဒီတစ်ယောက်က ညအခင်းသွားရော့ ဘုရားနဲ့ မနီးမဝေးမှာ ဖန်ပွင့်တွေနဲ့ ဆေးသာ

www.burmeseclassic.com





◄ ဇီးတောကျောင်းတိုက်အတွင်းမှ ကန်တော်

တောမစေတီ မုခ်အတွင်းမှ ကျောက်စာ ►

နေတဲ့ ကြက်ရှန်းပင်ကြီးတစ်ပင် တွေ့တယ်တဲ့၊ ကြက်ရှန်းပန်းရနံ့တွေကလဲ ထူးဆန်းစွာ အလွန်မွှေးကြိုင်နေလေတော့ အောက်ကြွေနေတဲ့ အပွင့်တစ်ပွင့်ကို ကောက်ယူမွှေးကြည့်ပြီး အိတ်ကပ်ထဲ အမှတ်မထင်ထည့်ထားခဲ့တယ်။

မနက်လင်းတော့ အိတ်ကပ်ထဲမှာ ခုလုလုနေလို့ နှိုက်ပြီးကြည့်တော့ ရွှေပန်းလေးတစ်ပွင့်ဖြစ်နေတာ တွေ့ရတော့ ညက တွေ့ခဲ့တဲ့ ကြက်ရှန်းပင်ကို သွားရှာရာ လုံးဝ မတွေ့ရတော့ဘူးတဲ့။

ဆရာတော်ကျောင်းမှာတော့ တချို့သူတွေ ဥစ္စာစောင့်တွေကို တွေ့ဖူးတယ်ပြောကြတာပဲ။ ဆရာတော်ကတော့ မေတ္တာဘာဝနာ မပြတ်ပွားနေတော့ ဘာမှ မကြုံဖူးပါဘူး'

မဟာအောင်မြေ ဇီးတောကျောင်းမှာ ဆရာတော်နှင့် ခန်းနေဦးပဥ္စင်းလေးတစ်ပါး သီတင်းသုံးနေသည်ကို ဖူးတွေ့ခဲ့ရပါသည်။

*   *   *

## သိုက်နန်းပြောင်းနေရာ

## တောမစေတီတော်သို့

ဥစ္စာစောင့်တို့ ကုသိုလ်နှင့် သုံးဆူမြောက် နောက်ဆုံးတည်ခဲ့သော "တောမစေတီတော်" ရှိရာဆီသို့ စာရေးသူတို့သုံးယောက် ဆိုင်ကယ်နှစ်စီးနှင့် ဦးတည်ထွက်ခဲ့ကြ၏။

အင်ကြင်းပင်ရွာမှ အထွက် ကတည်းက လှည်းလမ်းကလေးအတိုင်း အရှေ့မြောက် ဆင်နင်းရွာရှိရာဘင်သို့ စီးနင်းခဲ့ကြသည်တွင် လမ်းကြောင်းကျဉ်း၍ ကျောင်းဆရာလေးသည် အသက်အရွယ်ကြီးသော ကျွန်ုပ်အတွက် စိုးရိမ်ကာ ကျွန်ုပ်၏ နောက်တွင် ထိုင်လိုက်ခဲ့သော ကိုကိုအောင် (မြကန်သာ)ကို သူ့ဆိုင်ကယ်သို့ ရွှေ့ပြောင်းစီးစေခဲ့၏။

တစ်မိုင်ခွဲခန့်မျှသာ ဝေးသော ခရီးကို လမ်းကြောင်းကျဉ်းပြီး အကွေ့အပတ်များသဖြင့် နာရီဝက်နီးပါးမျှ စီးခဲ့ရသည်။

ဥစ္စာစောင့်တို့၏ကုသိုလ် နောက်ဆုံးတစ်ဆူဖြစ်သော တောမစေတီတော်သို့ ရောက်ပါပြီ။

ကုန်းမို့ ယောင်ယောင်လေးပေါ်တွင် ထုံးဖြူဖြူဖွေးဖွေးနှင့် ကြည်ညိုဖွယ်ရာ ဖူးမြင်ရ၏။ ထိုစေတီ၏ ခြေတော်ရင်းမှ မြောက်ဘက်ကို ရှုလိုက်လျှင် စိမ်းစိုညိုမှိုင်းနေသော ထန်းပင် ထန်းတောတို့၏အလယ်မှ ဆင်နင်းရွာကို ,လည်း ကောင်း...

အရှေ့ဘက်ဆီမှာ ဆိုလျှင်လည်း တောင်တန်း တောင်စွယ်နိမ့်နိမ့်တို့က မြောက်မှတောင်သို့ သွယ်တန်းနေ၏။

အနောက်တောင်ဘက် တို့တွင်လည်း ခပ်လှမ်းလှမ်းတွင် ရွာစဉ်စုလေးတွေက ဟိုတစ်စုသည်တစ်စု တစ်ချိန်ကဆိုလျှင် ဤနေရာသည် သစ်ပင်တောအုပ်တို့နှင့် တောကြီးမျက်မည်းနေရာဖြစ်သည် မှန်သော်လည်း ယခုအခါမှာတော့ ခေါင်းတုံးကွက်ကြားတောင်ယာခင်းများသာ တွေ့ရတော့၍...

'ဩော်...သက်ရှိသက်မဲ့ ဘယ်အရာမှ အစဉ်မမြဲသော သင်္ခါရသဘောတရားပါလား'

ဟု စာရေးသူ၏ စိတ်ထဲ၌ ဓာ ကြောဆင်ခြင်၍ ဘုရားဖူးပြုအပြီး



www.burmeseclassic.com

www.burmeseclassic.com





◆ စီးတောကျောင်းမှ ဓမ္မာရုံ

◀ အင်ကြင်းပင်ကျောင်းဆရာတော်ဦးဝိမလ

ကိုကိုအောင်မှ…

'ကဲ ကျောင်းဆရာရေ… ဒီနေရာနဲ့ ဒီဘုရားရဲ့ ထူးခြားချက်တစ်ခုလောက် ရှိရင် ထပ်ပြောပါဦးဗျာ'

ဟု မေးရာ ကျောင်းဆရာမှ…

'ရှိပြီလားဗျာ တိပိဋက ဆရာတော်ကြီး ရှိစဉ်က အင်ကြင်းပင်ရွာအနီးတစ်ပိုက်က ရှေးဘုရားဆယ့်နှစ်ဆူကို ပြုပြင် ထီးတင်ခဲ့တယ်။ ဒီတောမစေတီတော် နောက်ဆုံး ဆိုပါတော့ ဒီဘုရားပြုပြင်စဉ်မှာ ဆရာတော် ကျန်းမာရေးမကောင်းလို့ ဘန်ကောက် ဆေးရုံမှာ ဆေးကုနေစဉ်ကပေါ့။

အဲဒီနိုင်ငံမှာပဲ တစ်ညမှာ ဥစ္စာစောင့်မလေး က ဆရာတော်ကို တောမစေတီ ပြီးစီး အောင်မြင် ထီးတော်တင်နိုင်အောင် ဆောင်ရွက်ပေးပါလို့ တကယ်လိုလို အိပ်မက်လိုလို လျှောက်ထားသတဲ့။

ဆရာတော်ကလဲ ပြီးစီးအောင်မြင်စေရ ပါ့မယ်လို့ တာဝန်ယူလိုက်သတဲ့။ ကဲ ဒီက ဥစ္စာစောင့်က နိုင်ငံကူးပြီး တောင်မှ သွားလျှောက်ထား နိုင်တဲ့ အစွမ်းသတ္တိ ရှိတယ် နော်'

ပြောပြရာ ကိုကိုအောင်မှ…

'ဒါကတော့ကွာ သူက ဗီဇဋ္ဌာနကို ပိုင်လို့နေမှာပေါ့'

ဟု အရွှန်းဖောက်ရာ စာရေးသူ ကျွန်ုပ်မှလည်း…

'အင်း…ဗ်ဋ္ဌာန်းဆက်ဆိုတာ တော်တော် ဆိုးဆန်းတယ်ဗျ။ အထူးသဖြင့် ယခုလို ကုသိုလ်ပဋ္ဌာန်းဆက်ပေါ့။ ဒါတွေက တွေ့ခဲ့ဖြစ်ခဲ့ ကြုံခဲ့တဲ့ ပဋ္ဌာန်း ဆက်ကို ဆိုရမှာပေါ့။

ကဲ… အခုကြည့်လေ ခင်ဗျားတို့ ကျွန်တော်တို့သုံးယောက်ဟာ ပဋ္ဌာန်း ဆက်ကြောင့်သာ ဒီနေရာတွေကို အခု လိုရောက်ခဲ့ကြတာပေါ့။ ဒါကလဲ ဘဝ ဘဝတွေက ဒီဥစ္စာစောင့်တွေနဲ့ ကျုပ်တို့သုံးယောက်ဟာ ဆွေမျိုးမတော်ခဲ့ ဘူးလို့ ဘယ်သူငြင်းနိုင်မလဲ။

ကျုပ်ကတော့ ဘဝတစ်ခုခုမှာ ဆွေမျိုးတော်စပ်ခဲ့တဲ့ သူတို့အကြောင်းနဲ့ သူတို့ကုသိုလ် စေတီသမိုင်းတွေကို ရေးပြီး သူတို့ရဲ့ ကောင်းမှုတွေကို ထပ်မံပြီး အမျှပေးဝေတော့မယ်ဗျာ'

ကျွန်ုပ်မှ ထိုသို့ စကားကို အဆုံး သတ်ပြီး ဆိုင်ကယ်ကိုယ်စီနှင့် အပြန်လမ်းသို့ မြန်းခဲ့ကြလေတော့ သတည်း။

* * *

***ကောင်းမှုကုသိုလ်အားလုံး သာဓုခေါ် နိုင်ကြပါစေ။***

**ကောင်းခန့် (သစ္စာမြေ)**
**ဝက်လက်**

**စာကြွင်း။ ။ ရှင်ပင်ပုည ဘုရားပွဲ တော်ရက်သည် နှစ်စဉ် တော်သလင်း လဆန်း(၇)ရက်၊**

**စီးတော ဘုရားပွဲရက်သည် နှစ်စဉ် မဟာတ်သော်လည်း တပေါင်း လပြည့်နေ့တွင် ကျင်းပသည်၊ တောမစေတီ ဘုရားပွဲသည် တပို့တွဲ လပြည့်နေ့တွင် နှစ်စဉ် ကျင်းပ ပူဇော်ပါသည်။**



www.burmeseclassic.com

www.burmeseclassic.com



# တူမှတွဲ ထိုက်မှစံ ဘုလဲတူယူ

အောင်လွင်သန်း
(မင်းဘူး)

ကျွန်တော် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၊ အမှတ် (၃၅၀)၊ စာမျက်နှာ (၂၆၉) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ **"ဖြူလေးကျော်"** ၏ **"ရွှေရောင်ခတ်လုံးလေး၏ နောက်ဆုံးနေ့"** ဆောင်းပါးကို ဖတ်ရပါ၏။

ထိုဆောင်းပါးကို ဖတ်ရှုပြီး သကာလ ခတ်ပညာရှင်များ အဂ္ဂိရတ်မီးအတတ်ဖြင့် ခတ်လုံးရယူရန်အတွက် ခတ်ဖမ်း ခတ်ချုပ် ခတ်သတ် စခန်းအဆင့်ဆင့်ဝင်၍ ကြိုးပမ်းအားထုတ်ကြပါသည်။

ထိုသို့ အားထုတ်ကြရင်း ခတ်လုံးလေး တေဇောမီးဝင်၍ အစွမ်းထက်လာပြီဆိုလျှင် **တူမှတွဲ ထိုက်မှစံ သဘာဝအရ** ခတ်လုံးပိုင်ရှင်၏ စိတ်လှုပ်ရှား နှလုံးသွင်း မှားယွင်းမှုကြောင့် တစ်ချိန်ချိန်တွင် ခတ်လုံးမှ စွန့်ခွာသွားသည့် ဖြစ်ရပ်များကို ကြားရသိရပေသည်။

ဗိုလ်ကြီးကျင်မောင် (မော်ကွန်းဝင် ပထမဆင့်)သည် ဂျပန်တော်လှန်ရေးကာလအတွင်း မင်းတုန်းနယ် မထုံးချောင်းဘေး ရွာလေးတစ်ရွာတွင် တာဝန်ကျပါ၏။

ဗိုလ်ကြီးကျင်မောင်အား မြန်အောင် ဆရာတော်ကြီးမှ သံပရာတစ်ထောင်ဖြင့် မှီးဖုတ်ထားသော ပြဒါးခတ်လုံးတစ်လုံးကို ပေးစွန့်ထားပါသဖြင့် ဗိုလ်ကြီးကျင်မောင်သည် ယင်းပြဒါးခတ်လုံးလေးကို ကိုယ်နှင့်မကွာ ဆောင်ထားပါ၏။

ထို မထုံးချောင်းဘေး ရွာလေး၌ အသက်(၅၀)ကျော် သူကြီး ဦးမြသီး ရှိပါသည်။ သူကြီးဦးမြသီးသည် ရွာသူကြီးအလုပ်များအပြင် ဓားပြတစ်စုကိုဖမ်းရင်း ဂူကြီးတစ်ဂူထဲမှ **နာဂဒီဗ္ဗရှင်ရသေ့ ရေးသားထားသော အဂ္ဂိရတ်ခတ်ထိုးနည်း ပေပုရပိုက်များကို** ရခဲ့သဖြင့် ခတ်ထိုးသည့် အဂ္ဂိရတ်ပညာကို ကျွမ်းကျင်သည်ဟု ဆိုရတော့မည်။

ထိုသူကြီးဦးမြသီးသည် ဂျပန်တော်လှန်ရေးအား ကူညီသူ ဖြစ်သည့်အတွက် ရည်ရွယ်ချက်တူ အလုပ်တူ

ရ၀ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



သဘာဝအရ ဗိုလ်ကြီး ကျင်မောင်နှင့် ထဲထဲဝင်ဝင် ရင်းနှီးကျွမ်းဝင်ကြပါသည်။

သူကြီး ဦးမြသီးမှ ဗိုလ်ကြီးကျင် မောင်ကို ဗိုလ်ကြီးဟု မခေါ်ဘဲ ကိုကျင်မောင်ဟု ခေါ်သကဲ့သို့ ဗိုလ်ကြီးကျင်မောင်မှလည်း သူကြီး ဦးမြသီးကို အဘိုးကြီးဟု ခေါ်လေ့ရှိပါသည်။

တစ်နေ့သောနွေသမယ နံနက်ခင်း ရေနွေးအကြမ်းဝိုင်း၌...

'ကိုကျင်မောင် ခင်ဗျားရဲ့ ပြဒါးဓာတ်လုံးကို ကျုပ်ကိုပေးဗျာ... ခင်ဗျားကို အလားတူ ဓာတ်လုံး ပြန်ထိုးပေးပါမယ်။

ဓာတ်လယ်းစဉ်အရ ခင်ဗျားရဲ့ ဓာတ်ရုပ်ကို နရာက ရင့်သွားအောင် တေဇော တပ်ကြည့်ချင်တယ်'

ဟု ပြောပါသဖြင့် ဗိုလ်ကြီးကျင်မောင်မှ သူ ကိုင်ဆောင်ထားသော ပြဒါးဓာတ်လုံးလေးကို ဆရာဦးမြသီး လက်ထဲသို့ ထည့်လိုက်ပါတော့သည်။

ဓာတ်ဆရာဦးမြသီးသည် ဗိုလ်ကြီး ကျင်မောင်၏ (၁)ကျပ်သားခန့်ရှိသော ပြဒါးဓာတ်လုံးကို...

| | |
|---|---|
| ၁။ စိန်နီမြင်းသွား | ၂×၂။(၂ ပဲ၊ ၂ရွေး) |
| ၂။ ဆေးဒန်းမြင်းသီလာ | ၂×၂။(၂ ပဲ၊ ၂ရွေး) |
| ၃။ ကန့်ဝါ | ၂×၂။(၂ ပဲ၊ ၂ရွေး) |
| ၄။ ဇဝက်သာ | ၂×၂။(၂ ပဲ၊ ၂ရွေး) |
| ၅။ ဒုတ္တာ | ၂×၂။(၂ ပဲ၊ ၂ရွေး) |
| ၆။ ဟင်းရိုင်း | ၂×၂။(၂ ပဲ၊ ၂ရွေး) |
| ၇။ လက်ချား | ၂×၂။(၂ ပဲ၊ ၂ရွေး) |
| ၈။ နာ(ခဲစိမ်း) | ၄ဲ(၄ ပဲ) |

စသည့် ပြဒါးသတ်ဆေးကို ဖော်၍ ဆေးကို သုံးခါခွဲပြီး ဓာတ်လုံးကို အတွင်းမီး အပြင်မီး ကျွေးပြီးသော အခါ ဓာတ်လေးလုံးကို လက်ချားချော်နှစ်ကြည့်၏။

ပြဒါးဓာတ်လုံးမှ ထွက်သော လက်ချားချော်သည် နီမြန်း၍ လာချေပြီတည်း။

ဓာတ်ဆရာကြီးဦးမြသီး၏ မျက်နှာသည် ရွှင်၍ ပြုံး၍ ဝင်း၍ပါလား...

**ဓာတ်လုံးချော်သည်...**

၁။ နက်လျှင်...(အစ)

၂။ နီလျှင်... (ပြိုင်)

၃။ ဝါလျှင်... (နိုင်)

၄။ ဖြူလျှင်... (ဆုံး)

ဓာတ်ဆရာဦးမြသီးသည် ပြဒါးဓာတ်လုံး၏ အဆင့်ဆင့် ဓာတ်တက်စဉ်ကို ဤကဲ့သို့ ချော်အဆင့်ဆင့်ဖြင့် စိစစ်ရသည်ဟု ပြောပြလေ့ ရှိပါသည်။

'ကိုကျင်မောင် ပြဒါးဓာတ်လုံးကို လက်ချားနဲ့ထိုးလို့ ချော်နီထွက်ရင် ဒီချော်နီကသဲ မည်သည့်ဓာတ်ချော်ဖြင့် ရောပြီး ယှဉ်ပြိုင်ပြီး ထိုးရပါစေ... ချော်နီသာထွက်ရင် ဒီချော်နီက ပြဒါးရဲ့ အာပေါလွန်ဓာတ် ရုပ်နဲ့ဖွဲ့စည်းပုံကို လျှော့ချပြီး ဒုမာဆိုက်စေတယ်ဗျ။

အဲဒီလို ပြဒါးရုပ်အခြေအနေ ဖြစ်လာရင် မြေထဲက မှုစ်စို့လို ထွက်လာတဲ့ ဓွင်းထွက်ရွှေရဲ့ဖွဲ့စည်းပုံနဲ့ ထပ်တူကျတယ်လို့ မှတ်ပါ'

ဓာတ်ဆရာဦးမြသီးသည် ဗိုလ်ကြီး ကျင်မောင်နှင့်အတူ နံနက်မိုးလင်းစာ စားပြီးတိုင်း ချော်နီထွက်သော ဓာတ်လုံးကို ကျန်းမာရေးအတွက် ရေနွေးကြမ်းစိမ်၍ သောက်လေ့ရှိ၏။

တစ်နေ့သော နံနက်ခင်းတွင် သားဖြစ်သူကို အလိုမကျ၍ ဆုံးမပြီး သတိလက်လွတ် အကြမ်းပန်းကန်ထဲမှ ရေနွေးလက်ကျန်ကို ဆင့်ကလေး ပေါ်မှ ပက်သွန်လိုက်ရာ ချော်နီထွက်သော ပြဒါးလုံးလေးပါ မြေပေါ်သို့ ကျသွားပါလေရောလား။

ပြဒါးဓာတ်လုံး... မြေကိုကျ... ရှာမရ...

ဗိုလ်ကြီး ကျင်မောင်သည်လည်း မထုံးချောင်းဘေးရွာကလေးမှ ထွက်ခွာလာခဲ့ပြီး လျှပ်တစ်ပြက် လှုပ်ရှားတိုက်ပွဲများ၌ အောင်ပွဲအခါခါဖြင့်...

အထက်ပါ ဖြစ်စဉ်ဖြစ်ရပ်ကို ဗိုလ်ကြီးကျင်မောင်မှ ကျွန်တော့်ကို ပြောပြခဲ့ပါ၍ ကျွန်တော်မှ "အတ္တနောမတိ" မိမိ ယူဆချက်ဖြင့် ကောက်ချက်တစ်ခု ဆွဲမိပါသည်။ မှားလျှင် ပညာရှင်များ ပြင်ပေးနိုင်ပါသည်။

**လောကီကာမအာရုံ ကာမနယ် အတွင်း ဓာတ်တာသက်သာကြီး၍ စိတ်သက်မကြီးပါက၊ သီလ၊သမာဓိ၊ ပညာဖြင့် စိတ်ကို မထောင့်စည်းပါက၊ ဘုရားသာသနာကို သချိုးတရာ မညွှတ်ပါက အစွမ်းထက်သော ဓာတ်လုံးများသည် ဓာတ်ပိုင်ရှင်များကို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဖွင့်ခွာတော့မည်ဟူ၍သာ...**

**[ရွှေဦးဥဩသံနှင့်အတူ ဗိုလ်ကြီး ကျင်မောင်(မော်ကွန်းဝင်ပထမဆင့်) အား သတိတရ...]**

**အောင်လှသိန်း(မင်းကွေး)**



www.burmeseclassic.com

www.burmeseclassic.com

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး။ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို


ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်ဖရှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး

မှီဝဲပါ

(ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄))






ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃


သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...


**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး၊

(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၅၄၁


ကိုကြီးကောင်း

www.burmeseclassic.com

သီလရှင် ခွင့်လာရင် ပေးလိုက်ပါ ဆိုသော

ဒေါ်ကဥ္စနာစာရီ (မောရဝတီ)

# အဘွား၏ ဂမ္ဘီရပစ္စည်းများ (၁)

တစ်ချိန်က မိန်းကလေး ဖြစ်ရသည်ကို အလွန်စိတ်ပျက်ခဲ့သော စာရေးသူသည် ဗုဒ္ဓ၏ တေဒဂ်ရ သမီးတော်များကို ဖတ်ရပြီးနောက် သာသနာပြုနည်းလမ်းများကို အသက်(၄၀)နှစ်ကျော်လာသောအခါ ကြံဆလုပ်ဆောင်နိုင်ခဲ့သည်။

ရဟန္တာထေရီများ၊ သီလရှင် ဆရာကြီးများ၏ အတ္ထုပ္ပတ္တိများ ရှာကြံဖတ်ခဲ့သည်။ အချိန်ပိုရသည်နှင့် တရားစခန်းများ ဝင်ဖြစ်သည်။ ဗုဒ္ဓ၏ တရားဓမ္မစာများဖတ်သည်။ ကျက်မှတ်သည်။

သည်လိုနှင့် အသက်(၅၀)နှစ်ပြည့်တွင် တစ်ကြိမ်၊ အသက်(၆၀)ပြည့်နှစ်တွင် တစ်ကြိမ်၊ ယခု အသက်(၇၀)နှစ်တွင် တစ်ကြိမ် သီလရှင်ဝတ်ဖြစ်သည်။

ဘဝလောကီ၏ သံသရာစက်ဝန်းထဲ လောကဓံ အဖုံဖုံနှင့် ကြုံလာသောအခါ ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနှင့် ဘုရား,တရား,သံဃာ စသည့် အားကိုးရာသို့ ခိုလှုံဝင်ရောက် အေးရိပ် ရှာဖွေတွေ့ရှိခြင်းများကို ဗုဒ္ဓ၏ တေဒဂ်ရသမီးတော်များက လမ်းညွှန်ပြသခဲ့သည်။

နောက်ကြောင်း မအေးစရာ သံယောဇဉ်များကြောင့် ရဲသက်ပန် မဖြစ်သော်လည်း ပါရမီတစ်ခု၏ လမ်းကြောင်းပေါ်မှာ ထိုက်ထိုက်တန်တန် သံသရာခရီးကြမ်း၏ အေးငြိမ်းရာကို ရှာဖွေတွေ့ခဲ့ရပါသည်။

(၁၀)နှစ်တစ်ကြိမ် သီလရှင်ဝတ်ခြင်းနှင့် ကြားကာလများတွင် စဉ်ဆက်မပြတ်သော တရားဓမ္မများ၏ ပံ့ပိုးမှုကြောင့် အိမ်မှာနေရင်း သီလရှင်လိုစောင့်ထိန်း ဆောက်တည်လို့လည်း ရသည်က မိန်းကလေးဘဝအဖြစ်ရင့်ကျက်စွာ သိမြင်လာရသော အသိတရားတစ်ခု တိုးပွားလာရသည်။

သက်ကြီးသူတို့၏ သီလရှင်ဘဝကား ဤသို့ပါတည်းဟု မှတ်ယူရင်း ဒီတစ်ခါ သီလရှင်ဘဝဖြင့် ဆွေမျိုးတို့အိမ်သွားဖြစ်ပါသည်။



## သီလရှင် ခွင့်လာရင် ပေးလိုက်ပါတဲ့

ဒီစာ ခေါင်းစဉ်လေးအတွက် စာရေးသူ၏ ငယ်စဉ်ဘဝကိုပါ ရေးပြပါမှ ပြည့်စုံပေမည်။

စာရေးသူ ဒုတိယတန်း စာသင်နေဆဲ အမေ ကွယ်လွန်သွားပါသည်။ စာရေးသူ၏ဇာတိ ဘီးလင်းမြို့မှာ အမေဘက် အမျိုးများက ခြေသုံ့ကြီး



www.burmeseclassic.com

www.burmeseclassic.com




▲ GEORGE V KING EMPEROR



▲ VIICTORIA QUEEN

▼ ၁၉၃၃ ခုနှစ် ကျပ်ပြားများ တွေ့ပါသည်



ဘက် ဗိုလ်ချုပ်လမ်းမြောက်ဘက်မှာ ရှိပြီး အဖေဘက်အမျိုးများက လေသာ ကျောင်း ဒူရင်းဘက်မှာ ရှိပါသည်။

အမေဘက်က မြောက်ပိုင်း၊ အဖေဘက်က တောင်ပိုင်းဖြစ်သည်။ စာရေးသူတို့ မောင်နှမ(၃)ယောက်တွင် အစ်ကိုက အမေ မကွယ်လွန်ခင် လေသာကျောင်းတွင် ကိုရင်ဝတ်ပြီး အမေ့ဘဝကူးကောင်းအောင် လုပ်ပေးရင်း ဘုန်းကြီးကျောင်းပညာရေးဖြင့် ဆက်နေသည်။

မောင်လေးကို အမေဘက်က အကြီးက သားယောက်ျားလေးမရှိလို့ ခေါ်ထားလိုက်သည်။ စာရေးသူကို အဖေဘက်က အဘွားနှင့် နေရပါသည်။

တိုင်းရင်းဆေးဆရာ ဖြစ်သော အဘွားသည် စာရေးသူကို ဆေးဖော်ခြင်းကိစ္စနှင့် လက်တိုလက်တောင်း မှန်သမျှ စာရေးသူကို အကုန်ခိုင်းပါသည်။

ပရဆေးပစ္စည်းများ သွားဝယ်ရခြင်း၊ ဆေးထောင်းခြင်း၊ သနပ်ခါးသွေးခြင်း၊ ရေခပ်ခြင်း၊ မီးဖိုချောင်ကိစ္စ လိုအပ်သည်များ သွားဝယ်ပေးရခြင်း၊ ဘုရားဆွမ်းပန်းကိစ္စ ပိုင်းလုပ်ပေးရခြင်း၊ နောက်ဆုံး အဘွားအိပ်ချိန်တွင် နင်းပေးရခြင်းတို့ကို နားချိန်မရှိအောင် ဖယ်ဆက်သလိုခိုင်းတာ အကုန်လုပ်ပေးရပါသည်။

ကျောင်းသွားချိန်သာ နားရပါသည်။ ထို့ကြောင့်ထင်သည် အဘွားလုပ်ဆောင်သမျှ အကုန်တတ်နေရပါသည်။

စာရေးသူငယ်စဉ်က စကားပြောလျှင် မိမိအမည် ခင်ဝင်းထည့်ပြီး ပြောလေ့ရှိပါသည်။

F.10B. September, 2016.



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဝင်းကလေ'
'ခင်ဝင်း လုပ်ပေးမယ်'
'ခင်ဝင်း သွားပေးမယ်'

စသည်ဖြင့် ပြောရာမှ မြန်မြန်ပြောသောအခါ...

'ခွင်းကလေ'
'ခွင်းလုပ်ပေးမယ်'
'ခွင်းသွားပေးမယ်'

ဆိုပြီး "ခင်ဝင်း"ကနေ "**ခွင်း**"ဖြစ်သွားပါလေရော။

ထိုမှစ၍ စာရေးသူကို "**ခွင်း**"လို့ပဲ ခေါ်ကြသည်ကို ကျေကျေနပ်နပ်ပဲ လက်ခံခဲ့ပါသည်။

အဘွားတို့ဇာတိ ရန်ကုန် မင်္ဂလာဒုံသို့ ပြောင်းသွားသောအခါ စာရေးသူမှာ ဘီးလင်းမြို့အမေဘက်က အမျိုးတွေနှင့် ကျန်ရစ်ခဲ့ပါသည်။

အဘွားသင်ပေးခဲ့သော ပရိတ်ပဋ္ဌာန်း ဂါထာများကြောင့် ထင်သည်၊ စာရေးသူ မော်လမြိုင်မြို့မှာ အခြေချ ဘဝတက်လမ်းများ လှမ်းဆွတ်နိုင်ခဲ့ပါသည်။

မိသားစုတာဝန်၊ ဘဝတာဝန်များ၏ နှံ့ထဲ ရုန်းမရအောင် နစ်သွားပြီးနောက် အဘွား အသက်ထင်ရှားရှိစဉ် တစ်ခေါက်သာ အဘွားဆီ ရောက်ခဲ့ပါတော့သည်။

နောက်ပိုင်းတွင် အဘွား ဆုံးသွားပြီးလောက်သာ ကြားမိလိုက်ပါတော့သည်။

စာရေးသူ သီလရှင်ဝတ်ခြင်း ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဝတ်ခြင်းတို့မှာလည်း အဘွားတို့အိမ်သို့ မရောက်ဖြစ်ခဲ့တော့ပါ။

အဘွား၏အိမ်တွင် အဒေါ်၏ သမီးသားများ၊ စာရေးသူ၏ တစ်ဝမ်းကွဲ မောင်နှမများနေကြပါသည်။ စာရေးသူနှင့် ရွယ်တူတွေ၊ ငယ်စဉ်က စာရေး



စာရေးသူ သီလရှင် ခုလွတ
အသက်(၅၁)ပြည့် အမှတ်တရ



ဆေးတောက်ကြီး
မူလပုံ အနေအထား

သူကို သူတို့အလုပ် အကိုအထွာတွေ အကုန် လုပ်ခိုင်းလွန်းသည့်အတွက် စာရေးသူ ငယ်စဉ်က သိပ်မကျေနပ်ခဲ့လို့ မသွားခဲ့ပါ။

ပြီးတော့ စာရေးသူ၏အဖေကို အဘွား၏အမွေများ မပေးခဲ့ဟု အဖေ မဆုံးခင်က ပြောသွားသောကြောင့် ဖြစ်ပါသည်။ အဖေက အရက် အလွန် သောက်သောကြောင့်လည်း ဖြစ်နိုင်ပါသည်။

ယခု (၃)ကြိမ်မြောက် သီလရှင်ဝတ်ချိန်မှာတော့ စိတ်က အဘွားတို့အိမ်ကို သွားချင်စိတ် ပေါ်နေသည်။

ကံကောင်းထောက်မစွာပဲ ဓမ္မမိတ်ဆွေ ဒေါ်လှရီ၏ ခေါ်ဆိုမှုကြောင့် အောင်ဇမ္ဗူမေမွှေ ရိပ်သာ၊ ရှေးဟောင်း ဘုရားများဖူးရန် မှော်ဘီသို့ သွားရင်း မင်္ဂလာဒုံ အဘွားတို့အိမ်ကို သွားဖြစ်ခဲ့ပါသည်။

တစ်ဝမ်းကွဲညီမ အပျိုကြီးက ဘုရားစင်အောက်ရှိ ဗီရိုလေးထဲမှ အထုပ်များကို သော့ဖွင့်၍ ဆွဲထုတ်ပေးပါသည်။ "**သီလရှင်ဝတ်နဲ့ ခွင်းလာခဲ့ရင် ပေးလိုက်ပါ**"တဲ့။ မျက်ရည်စမ်းစမ်းနှင့် ပြောလာပါသည်။

## အဘွားပေးသော အမွေများ

အထုပ်များကို တစ်ခုစီ ဖွင့်ပြပါသည်။

၁။ လည်ပင်းခပ်ရှည်ရှည် ပန်းခက်များပါသော

www.burmeseclassic.com



◆ ဆေးတောင်ကြီး အောက်ခြေပိုင်း



◆ ဆေးတောင်ကြီး အပေါ်ပိုင်း

မြေအိုးတစ်လုံး။
၂။ ငွေဒင်္ဂါး(၂)ပြား။
၃။ ဆေးတောင်ကြီးတစ်ခု၊
၄။ ဆင်အံတစ်ခု၊
၅။ ကျောက်ပျဉ်ကြီးတစ်ခု၊
၆။ နီလာကနုတ်ပန်းလေးတစ်ပွင့်နှင့် ခရုသင်းတစ်ခု၊
၇။ ပုလဲဆံထိုးတစ်ခု၊

ထိုပစ္စည်းများ အားလုံးကို အဘွား ရှိစဉ်ကတည်းက မြင်ဖူးထားပြီးသားပါ။ ယခုအချိန်မှာ စာရေးသူအနေဖြင့် ငိုခြင်း၊ ရယ်ခြင်း၊ ဝမ်းနည်းခြင်း၊ ပျော်ရွှင်ခြင်း၊ လိုချင်ခြင်း၊ တပ်မက်ခြင်းတို့ မရှိသလောက် ဖြစ်နေသည့်ကာလတွင် အဘွားက ဘာကြောင့် ဒီပစ္စည်းတွေ သီလရှင်ခွင်းလာရင် ပေးလိုက်ပါလို့ ပြောသွားရတာလဲ။

စဉ်းစားကြည့်လိုက်တော့ အဘွားက စာရေးသူရဲ့ လက္ခဏာ၊ ဇာတာများ အားလုံးတွက်ချက် မှတ်သားထားဖူးသည်။

ပြီးတော့ အဘွားက ဘာသာရေး လုပ်သည်။ ဝိပဿနာ လုပ်သည်။ ဒါကြောင့်များ ကြိုသိနေတာလား။ အတွေးပေါင်းများစွာနှင့် အဘွားပေးသည်များကို ဘာအကြောင်းများရှိမလဲဟု စဉ်းစားတွေးခေါ် အဖြေဖော်နေပါတော့သည်။

ပေးခဲ့သမျှ အတွေးတစ်စဖြင့် ရေးပြလိုက်ပါသည်။

## ၁။ လည်ပင်း ခပ်ရှည်ရှည် ပန်းခက်များပါသော မြေအိုးတစ်လုံး

ထိုမြေအိုးလေးနှင့် စာရေးသူတို့ငယ်စဉ်က လငပုပ်ဖမ်းလျှင် အဘွားက ငွေဖမ်းသည်ဟု ပြောပြီး ဂါထာရွတ်၍ ငွေပြားတစ်ပြားစီ အိုးထဲသို့ ထည့်ပါသည်။

သူများအိမ်တွေ သံပုံးတီးပြီး လငပုပ်ဖမ်းခြင်းမှ လွတ်အောင် စွမ်းဆောင်နေသည့်အချိန်မှာ အဘွားက မှောင်သွားသည့် လမင်းကြီးကို ကြည့်ပြီး မြေအိုးကို ရင်ခွင်ပိုက်ထားသည်။

ထိုမြေအိုးကို **ငွေအိုး**ဟု အဘွားက ပြောပြထားပါသည်။ ငွေဒင်္ဂါးပြားများ ထည့်ထားသော ဖလားကြီးကို စာရေးသူက လက်နှစ်ဖက်ဖြင့် ကိုင်ကာ အဘွားနားမှာ ရပ်နေရပါသည်။

<u>ရွတ်ဆိုသော ဘုရားတိုင်</u>

<u>ရှိခိုးဂါထာတော်</u>

၁။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ
တဿ မေ သရဏံ ဘဝ။
၂။ တထာဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊
ဗုဒ္ဓါ လောကာနုကမ္ပကာ။


**အနက်**

၁။ **ဝီရ၊** ကြီးသော လုံ့လရှိတော်မူသော။ **ဗုဒ္ဓ၊** မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရား။ **နမော၊** ရှိခိုးခြင်းသည်။ **အတ္ထု၊** ဖြစ်ပါစေသတည်း။ **တွံ၊** အရှင်ဘုရားသည်။ **သဗ္ဗဓိ၊** ဘဝဍ္ဍ/ကပ်ငြိတွယ်တာ စွဲကပ်



www.burmeseclassic.com

www.burmeseclassic.com



အဘွားထံ၏ ငွေအိုး

တတ်သော ကာမုပမိ, ခန္ဓုပမိ, ကိလေသုပမိ, အဘိသင်္ခါရုပမိ ဟူသော ဥပမိလေးပါးမှ၊ **ဝိပ္ပမုတ္တော၊** လွတ်မြောက်သည်။ **အသိ၊** ဖြစ်ပါ၏။ (**အဟံ၊** တပည့်တော်သည်။) **သမ္ဗာဓပဋိပန္နော၊** အကျဉ်းအကျပ်သို့ ရောက်သည်။ **အသ္မိ၊** ဖြစ်ပါ၏။ **တဿမေ၊** ထို တပည့်တော်၏။ **သရဏံ၊** ကိုးကွယ် ရာသည်။ **ဘဝ၊** ဖြစ်တော်မူပါ ဘုရား။

၂။ **အရဟန္တံ၊** ပူဇော်အထူးကို ခံယူတော်မူထိုက်သော။ **တထာဂတံ၊** မြတ်စွာဘုရားကို။ **စန္ဒိမာ၊** လ(နတ်သား)သည်။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။ **ဂတော၊** ရောက်တော်မူ၏။ **ရာဟု၊** ရာဟုအသူရိန်။ **စန္ဒံ၊** လ(နတ်သား)ကို။ **ပမုဉ္စဿု၊** လွှတ်လိုက်ပါလော့။ **ဗုဒ္ဓါ၊** ဘုရားရှင်တို့သည်။ **လောကာနုကမ္ပကာ၊** လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူသော လောကကို အစဉ်သနား စောင့်ရှောက်တော်မူကြကုန်၏။

***[ဤဂါထာတော်ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂါဒီပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

အခက်အခဲကို လွတ်မြောက်စေသည်။ ရာဟုဖမ်းတဲ့ လမင်းကြီးကလဲ အကျဉ်းအကျပ်က လွတ်စေသတဲ့၊ ဆင်းရဲပင်ပန်းမှု ကျန်းမာရေး စီးပွားရေး အန္တရာယ်စက်ကွင်းက လွတ်မြောက်စေသတဲ့၊ မကောင်းတဲ့ အနှောင့်အဖွဲ့ကလဲ လွတ်ကင်းသတဲ့။

လမင်းကြီးက လငပုပ်ဖမ်းခြင်းက လွတ်မြောက်သလို ဒီအချိန်မှာ ငွေအိုး၊ ငွေဒင်္ဂါး ဘုရားတိုင် ဂါထာတို့ရွတ်ပြီး စီမံထားတဲ့ ငွေပြားတဲ့။ ငယ်စဉ်က အဘွားပြောပြလို့ သိခဲ့ရသည်။

အဘွားသည် လငပုပ်ဖမ်းစဉ် ဂါထာရွတ်၍ ဖမ်းထားသော ငွေပြားများကို ရင်းနှီးသူများအား အဆောင်အဖြစ် တစ်ပြားစီ ဝေငှလေ့ရှိသည်။ **စီးပွားရေးကောင်း၊ ရောဂါပျောက် အဆောင်ကောင်းတဲ့။**

ကနုတ်ပန်းပါသော အိုးကို ဆောင်ထားလျှင် ကံကောင်းစေသည်ဟု သိရပါသည်။ **မင်္ဂလာအခြံအရံတစ်ခု ဖြစ်ပါသည်။**

နေကြတ်လျှင်လည်း အဘွား၏ အစီအရင်ကိုလည်း သုတအဖြစ် ဝေငှလိုက်ပါသည်။

နေကြတ်ခြင်း စ,သည့်အချိန် (သို့မဟုတ်) နေမင်းကြီး လုံးဝမှောင်သွားသည့်အချိန်မှာ ဖယောင်းတိုင်(၆)တိုင် ဘုရားမှာ ပူဇော်ပြီး...

'နေမင်းကြီးရဲ့ ပျောက်ဆုံးသွားသည့် အလင်းရောင်အစား ထွန်းညှိပေးပါသည်' ဟု ပြော၍ ဆုတောင်းပေးပါသည်။

ဖယောင်းအနီ၊ တနင်္ဂနွေထောင့်(သို့မဟုတ်)အိမ်ဘုရားမှာ ပူဇော်ဆုတောင်းပေးပါသည်။

ဆုတောင်း ထွန်းညှိပေးသော သူမှာ အကျိုးထူး ခံစားရသည်ဟု သိရပါသည်။ တနင်္ဂနွေသားသမီးများ အထူး လုပ်ဆောင်သင့်ပါသည်။

## ၂။ ငွေဒင်္ဂါး(၂)ပြား

ငွေဒင်္ဂါးပြားများမှာ အင်္ဂလိပ်ခေတ်သုံး ငွေဒင်္ဂါးပြားများ ဖြစ်ပါသည်။

❂ GEORGE V KING EMPEROR

(ခေါင်းဘက်)

ONE RUPEE INDIA 1919



www.burmeseclassic.com

www.burmeseclassic.com

(ကျောဘက်)

VICTORIA QUEEN(ခေါင်းဘက်)

ONE RUPEE INDIA 1862

(ကျောဘက်)

ဘုရင်ပုံနှင့် ဘုရင်မပုံများဖြစ်သည်။ အဘွားက တစ်ကျပ်ငွေဒင်္ဂါးဟု ခေါ်ပါသည်။ ငွေအစစ် ဖြစ်ပါသည်။

ငွေအစစ်၊ လမင်းစန္ဒာ၊ တနင်္လာ ၂-ဂဏန်း အားလုံးတို့ အကျုံးဝင်သဖြင့် အဘွားပေးခဲ့တာလားဟု တွေးနေမိပါတော့သည်။

စာရေးသူသည် ကိုယ့်အိမ်နှင့်ကိုယ် ဖြစ်လာသောအခါ လပေုဖ်ဖမ်းချိန် အဘွားလုပ်သကဲ့သို့ ငွေဖမ်း၍ ဝေငှပါသည်။ တင်းပြည့်ကျပ်ပြည့် ဖြစ်စေရန် တစ်ကျပ်ပြားဖြင့် စီမံရပါသည်။

**❖ ပြည်ထောင်စု မြန်မာနိုင်ငံတော် (ခေါင်းဘက်)**

သက္ကရာဇ် ၁၃၁၄ ခုနှစ် (ပန်းဘက်)

**❖ ပြည်ထောင်စု မြန်မာနိုင်ငံတော် ၁၉၅၂ (ခေါင်းဘက်)**

ဒီ- တစ်ကျပ် (ပန်းဘက်)


သက္ကရာဇ် ၁၃၁၄ ခုနှစ် တစ်ကျပ်ပြားများက ငွေပါသည်ဟု သိရပါသည်။ ဓာတ်ပုံဖြင့် ဖော်ပြလိုက်ပါသည်။

မြေအိုးဖြင့် ငွေအကြွေစေ့များ ထည့်ဆောင်ထားခြင်းဖြင့် ကြွေကောင်းခြင်း ဓာတ်နိမိတ် လာဘ်ရွှင်ခြင်းနှင့်အတူ "အိုး"၏ ကံကောင်းခြင်းကို ဆောင်စေသော မင်္ဂလာအခြံအရံများအပြင်...

လပေုဖ်ဖမ်းချိန် ဘုရားတိုင်ဂါထာဖြင့် ဖမ်းထားသော ငွေဒင်္ဂါးများကြောင့် အန္တရာယ်ကင်း၊ ရောဂါကင်း။ အကျဉ်းအကျပ် အခက်အခဲ လွတ်မြောက်ခြင်း၊ ရာထူးအာဏာငွေဖြင့် အနိုင်ကျင့်ခြင်းများမှလည်း လွတ်ကင်းစေပြီး...

ငွေကြေးနေပြည့်စုံခြင်း ဓာတ်နိမိတ်ကို ရရှိခံစားစေပါသည်ဟု လေ့လာသိရှိရပါသည်။

အိုးမှာ အဘွား၏အိုးက ပိုမို အစွမ်းထက်ပါသည်။



အဘွား၏အိုး ဖင်မှာ အပေါက်ပေါက်ထားသည်

## ၃။ ဆေးတော်ကြီးတစ်ခု

ဆေးတော်ကြီးနှင့်ပတ်သက်၍ ဖော်စပ်ရခက်ခဲပြီး အစီအမံတွေများသည်ဟု ယခု အသက်ကြီးလာမှ ကြားဖူးခဲ့ပါသည်။

အသက်(၁၀၈)နှစ်တွင် ပျံလွန်တော်မူသော မော်လမြိုင် **ကော့ပေါက်ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥတ္တမ** (သက်တော်-၁၀၈နှစ် သိက္ခာတော်-၈၈ဝါ) ထံတွင်လည်း ဆေးတော်ကြီး ဆောင်ထားသည်ကို တွေ့ဖူးပါသည်။

ဖော်စပ်နည်းကိုတော့ မသိခဲ့ပါ။ ထိုဆေးတော်ကြီးမှာ ဆရာတော်တစ်ပါး ရရှိသွားသည်ဟု သိရပါသည်။

အဘွားက စာရေးသူကို ပေးခဲ့သော ဆေးတော်ကြီးမှာ အပေါက်တွင် ကြိုးဖြင့် သီ၍ လည်ပင်းတွင် ဆွဲထား၍ ရသည်။ ခရီးဝေးသွားလျှင် လည်ပင်းမှာ ဆွဲသွားသည်။

အိမ်မှာတော့ ဘုရားစင်ရှိ ဆေးဘုရားနားတွင် ပုလင်းဖြင့် ထည့်၍ထားသည်။ ဆေးများ ဖော်စပ်ပြီးသောအခါ ဖလားထဲထည့်သည်။

ထိုဆေးတော်ကြီးကို ပုလင်းမှ ထုတ်၍ ဖလားထဲရှိ ဆေးပေါ်တင်၍ အမွှေးတိုင်၊ ဖယောင်းတိုင်၊ သစ်သီးရေများ ကပ်လှူကာ ဆေးသိဒ္ဓိဂါထာတော်ကို ရွတ်ဆို သိဒ္ဓိတင်ပါသည်။

ဖော်စပ်ထားသော ဆေးများ ဆေးစွမ်းထက်သည်တဲ့၊ ဆေးလိုက်သည်တဲ့။

လူနာတစ်ဦးတည်းအတွက် သီးခြားဖော်စပ်ပေးသော ဆေးဖြစ်ပါက ဆေးတော်ကြီး၏ အပေါက်ကို တောင်နှင့်မြောက် တန်းနေအောင်ထားကာ ထိုအပေါက်ထဲသို့ လူနာ၏ မွေးနံအသားကို သေးသေးလေး စိတ်ခွဲထည့်သွင်းပေးထားရပါသည်။

| | |
|---|---|
| တနင်္ဂနွေသား | = အုန်းသား |
| တနင်္လာသား | = ကုံကော်သား |
| အင်္ဂါသား | = သီးသား |
| ဗုဒ္ဓဟူး | = ဝါး |
| ကြာသပတေး | = ပျဉ်းမသား |
| သောကြာ | = သီးသား |



www.burmeseclassic.com

www.burmeseclassic.com

စနေ = ထိန်သား၊ ထန်းသား

ထိုမွေးနံအသားများကို ဆောင်ထားပြီး လိုအပ်မှ ခွဲစိတ်ယူပါသည်။ ငယ်စဉ်က ဆေးဘုရားဟုသာ သိပြီး ယခု ကြီးလာသောအခါမှ ဆေးသိဒ္ဓိတင်သော ဘုရားမှာ **ဘေသဇ္ဇမုဒြ ဆေးသိဒ္ဓိ လာဘမုနိ၊ ရာဇတိသောက ဆေးသိဒ္ဓိဘုရား**ဖြစ်သည်ဟု လေ့လာ သိရှိရပါသည်။

ဆေးသိဒ္ဓိဘုရားမှာ အသက်ရှည်၊ အနာကင်း၊ အဆင်းလှကုန်သော ပြဟ္မာမင်းတို့၏ မင်းဝတ်တန်ဆာ ဆင်ယင်လျက် အမြိုက်အိုးကို ပိုက်၍ ညာဘက်လက်တော်ဖြင့် ဆေးတော်ကို ပေးနေတော်မူဟန် **ဘေသဇ္ဇမုဒြာ** ဖြစ်ပါသည်။

ဆေးသိဒ္ဓိမန္တန်တော်

၁။ ဣဟ ဗုဒ္ဓေါ စ ဓမ္မောစ၊
သံဃော စ သရဏံ ဝရံ၊
အနေန သစ္စဝါကျေန၊
တိကိစ္ဆာ သိဒ္ဓိရတ္ထု မေ။
၂။ ဗာလာ သဗ္ဗ မကလျာဏံ၊
ကလျာဏံ ပဏ္ဍိတာသဒါ။
အနေန သစ္စဝါကျေန၊
တိကိစ္ဆာ သိဒ္ဓိရတ္ထုမေ။
၃။ အပ္ပမာဒါ သိဝံ သဗ္ဗံ၊
ပမာဒါ အသိဝံ သဒါ။
အနေန သစ္စဝါကျေန၊
တိကိစ္ဆာ သိဒ္ဓိရတ္ထု မေ။

ခက်ခဲသော ပါဠိအသံထွက်

**ဣဟ** = အိဟ
**ဗုဒ္ဓေါစ** = ဗုတ်ဓေါစ
**ဓမ္မောစ** = ဓမ်မောစ
**သစ္စဝါကျေန** = သစ်စဝက်ကျေန
**တိကိစ္ဆာ** = တိကိတ်ဆာ
**သိဒ္ဓိရတ္ထု** = သိတ်ဓိရတ်ထု
**သဗ္ဗ** = သပ်ဗ
**ပဏ္ဍိတာ** = ပန်ဒိတာ
**အပ္ပမာဒါ** = အတ်ပမာဒါ
**သဗ္ဗံ** = သတ်ဗံ

အနက်

၁။ **ဣဟ**–ဤလောက၌၊ **ဗုဒ္ဓေါစ**–မြတ်စွာဘုရားသည် လည်းကောင်း၊ **ဓမ္မောစ**–တရားတော်မြတ်သည် လည်းကောင်း၊ **သံဃောစ** – သံဃာတော်မြတ်သည် လည်းကောင်း၊ **ဝရံ**–မြတ်သော၊ **သရဏံ**–ကိုးကွယ်ရာတည်း၊ **အနေနသစ္စဝါကျေန** – ဤမှန်သော သစ္စာစကားကြောင့်၊ **မေ**– အကျွန်ုပ်၏၊ **တိကိစ္ဆာ**–ဆေးကုခြင်းသည်၊ **သိဒ္ဓိရတ္ထု**–ပြီးစီးပါစေသတည်း။

၂။ **ဗာလာ**–လူမိုက်တို့သည်၊ **သဗ္ဗံ**–အလုံးစုံသော၊ **အကလျာဏံ**–မကောင်းမှုကို (**ကရောန္တိ**–ပြုကြကုန်၏။) **ပဏ္ဍိတာ** – ပညာရှိတို့သည်၊ **သဒါ**–အခါခပ်သိမ်း၊ **ကလျာဏံ**–ကောင်းမှုကို (**ကရောန္တိ**–ပြုကြကုန်၏။) **အနေနသစ္စဝါကျေန**–ဤမှန်သော သစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ်၏၊ **တိကိစ္ဆာ**–ဆေးကုခြင်းသည်၊ **သိဒ္ဓိရတ္ထု** – ပြီးစီးပါစေသတည်း။

၃။ **အပ္ပမာဒါ** – မမေ့မလျော့သော သူတို့သည်၊ **သဗ္ဗံ**–အချင်းခပ်သိမ်း၊ **သိဝံ**–ငြိမ်းချမ်း၏၊ **ပမာဒါ** – မေ့လျော့သောသူတို့သည်၊ **သဒါ**–အခါခပ်သိမ်း၊ **အသိဝံ**–မငြိမ်းမချမ်းကြ၊ **အနေနသစ္စဝါကျေန** – ဤမှန်သော သစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ်၏၊ **တိကိစ္ဆာ** – ဆေးကုခြင်းသည်၊ **သိဒ္ဓိရတ္ထု** – ပြီးစီးပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နကွဋ္ဌရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဓီယဘာသက–ဓီယနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

အားလုံး တစ်ပုဒ်ဆုံးလျှင် ပုတီးတစ်လုံးချနှုန်းဖြင့် တစ်ရာ့ရှစ်လုံး ပုတီးအမှတ်အသားပြု၍ တစ်ရာ့ရှစ်ခေါက် ရွတ်ဆို သိဒ္ဓိတင်ပါသည်။

ကံနှစ်ပါးဖြစ်သော ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိနှင့် သုရာမေရယ မဇ္ဇပ္ပမာ ဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိကို စောင့်ထိန်းရပါသည်။

ဆေးတော်ကြီးနှင့် ပတ်သက်၍ အတွေ့အကြုံများ ဆောင်ချက်များကို ပြန်စဉ်းစား ရေးသားပြခြင်းဖြစ်ပါသည်။

ဆေးတော်ကြီးကို အတော်တန်ဖိုးထားခဲ့သော အဘွားသည် မသုံးမစွဲရက်ဘဲ ဆေးများ သိဒ္ဓိတင်သောအခါမှသာ ဆေးတော်ကြီးနှင့် ဆေးများ ဓာတ်ကူး ရောနှောတတ်ပါသည်။

ဆေးတော်ကြီး၏ အောက်ခြေမှာ အနည်းငယ်သာ အသုံးပြုထားသည်ကို တွေ့ရသဖြင့် စာရေးသူအနေနှင့် ဆေးကုစားသူလည်း မဟုတ်သဖြင့် ဘာလုပ်ရမည်ကို အချိန်နှင့် စောင့်ကြည့် လေ့လာရပါဦးမည်။

**ဓာတ်ပုံနှင့် ဖော်ပြလိုက်ပါသည်။ ဆေးတော်ကြီးမှာ အတိုက်အခိုက် ပယောဂများကို တန်ပြန်စေသည်ဟု သိရပါသည်။**

---

**ရွှေလ ဆက်ဖတ်ပါရန်**

---

*ပုဒ်အားဖြင့် ပြည့်ရပါလို၏*

**ဒေါက်ဘွဲ့ထာစာရီ**
*(မော်ရဝတီ)*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းရုံး**

www.burmeseclassic.com

www.burmeseclassic.com


注 商
册 標



ရီပို– ကျားရတနာဆေးသည်
တရုတ်ပြည် ရှေးခေတ် ဧကရာဇ်မင်း

နန်းတွင်းတွင် အသုံးပြုသော
ဆေးတော်မြတ်ဖြစ်သည်။







# 龍鳳寶

## ရီပို– အမျိုးသားအားဆေး ကျားရတနာဆေး

**မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။**

**နဂါးဇာမဏီရတနာ (လုံဖုန့်ပေါင်)**

**(ယောက်ျားသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)**

**ရီပို– ကျားရတနာဆေး (မူလအမည်။ နဂါးကျားအားမာန်ဆေးလုံး)သည် တရုတ်ပြည် ရှေးခေတ်ဧကရာဇ်မင်း နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမမိဿံများ၊ မျောမောလှပသည့် မိဖုရားတို့နှင့် ကာမပျော်ပါးရာတွင် သီးသန့်အသုံးချရန် ဖြစ်သည်။**

**ဤလျှို့ဝှက်ဆေးနည်းသည် ယနေ့အထိ စဉ်ဆက်မပြတ် ဆက်ခံလာသည်မှာ အနှစ်(၄၀၀)ကျော်ရှိပြီ ဖြစ်ပြီး လူ့လောက၏ နတ်သိကြားဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရေရှည်မှီဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ဧကရာဇ် ချန်လုံသည် ကာမစည်းစိမ်ပျော်စံ၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ ရီပို–ကျားရတနာဆေးကို ရေရှည်မှီဝဲသုံးစွဲခြင်းကြောင့် ဖြစ်သည်။**

**အဓိကကုသမှု ။ ယောက်ျား ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း၊ ပန်းညှိုး၍ မထိန်းနိုင်ဘဲ သုက်လွှတ်စောခြင်း။**

**အာနိသင် ။ ကာမရာဂစိတ် ပိုစေ၍ နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လူသန်စွမ်းကာ အသက်ရှည်စေသည်။**

**ဖြန့်ချိရေး– ဦးမြင့်ဆွေ၏သားများ–** မြန်မာဆေးမျိုးစုံဆိုင်၊ C-264(စ)ရှိ မြေအောက်ထပ်၊ သိမ်ကြီးဈေး။ ဖုန်း–၂၅၄၃၂၅ ၇၀၉၈၅၈။ ❖ဆိုင်အမှတ်(၂၈)၊ ဈေးကြီး၊ မော်လမြိုင်မြို့။ ဖုန်း ၀၅၇–၂၃၁၁၄။ ❖ဒေါ်ဆယ်ရွှေဆေးတိုက်–အမှတ်(၆၉၉)၊ တရုတ်တန်း၊ ပြည်မြို့။ ဖုန်း–၂၁၂၆၂။ ❖ယူရီမြန်မာဆေးဆိုင်–(၂၉)လမ်းနှင့်(၈၄)လမ်းထောင့်၊ မန္တလေး။ ❖မြနန္ဒာဆေးဆိုင်–အမှတ်(၁၀)၊ မင်းလမ်း၊ ဗိုင်းကနိုင်းတောင်၊ ပဲခူးမြို့။ ဖုန်း–၂၂၁၀၆။ ❖မောင်မျိုးဆေးဆိုင်–၄၅/ကျောင်းလမ်း၊ မြောက်ဥက္ကလာ။ ❖ကန့်ကော်ရုံ၊ အမှတ်(၈၁/၈၂/၈၃)၊ လားရှိုးမြို့မဈေး။ ဖုန်း–၀၈၂–၂၂၁၁၆။ ❖နေလကြယ်ဆေးတိုက်–(၆)လမ်း၊ တောင်ငူမြို့။ ဖုန်း–၀၅၄–၂၁၈၃၉။ ❖အခန်း(၈) အဝေးပြေးဂိတ်ဝင်း၊ ကင်မလင်းကျွန်း၊ ပုသိမ်မြို့။ ဖုန်း–၂၁၄၂၁။ ❖ကိုသိန်းရွှေ–အမှတ်(၁၈၇)၊ ရွှေပြည်သာဈေး၊ ပုသိမ်မြို့။ ❖ရွှေစွန်ညိုစတိုး–ဒေါ်ခင်စန်းရီ(၃၁/အေ)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ဖုန်း–၂၁၇၁၅။ ❖ရောစံ–အမှတ်(၅၂/၈)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ❖ဇော်ထွန်းဦး–၃၃/၁၅၀၊ ဦးကြီးခမ်းလော်လမ်း၊ ဦးကြီးခမ်း၊ တောင်ကြီးမြို့။ ဖုန်း–၀၈၁–၂၁၀၂၅။ ❖မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနား။ ဖုန်း–၀၇၄–၂၂၉၉၅။ ❖ဝါးခယ်မမြို့ အမှတ်၆၂/၆၃၊ ဈေးရုံ(၈)၊ ဈေးရပ်ကွက်–ဦးကျော်လင်း။ ❖အမှတ်(၁၂၂)၊ ရာဇာလမ်း၊ ပိန်းကန်ရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၂၄၄၃၀၄။ ❖စကားဝါဆေးနှင့်ဆေးပစ္စည်းဆိုင်–အမှတ်(၇)၊ မြင်းခြံမြို့။ ဖုန်း–၀၆၆–၂၁၄၄၁။ ❖Topကုန်မာဆိုင်– လားရှိုးလမ်း(နာရီစင်အနီး) ပြင်ဦးလွင်မြို့။ ဖုန်း–၀၈၅–၂၁၂၅၆။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊ တရုတ်တန်း၊ ပြည်မြို့။ ဖုန်း–၂၁၂၆၂၊ ၀၈၅–၂၁၂၅၆။ ❖ဦးစိန်သန်း+ဒေါ်နီနီဝင်း–ဆေးပဒေသာ၊ ရတနာမာန်တောင်ရပ်၊ စိတ္တသုခဂေဟာ၊ ရတနာမာန်အောင်ဘုရားအနီး၊ မိတ္ထီလာမြို့–ဖုန်း၂၁၁၃၉၂။ ဦးအောင်မြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂)၊ ဘူတာတောင်ဘက်လမ်း၊ အရှေ့ပြင်ရပ်၊ မိတ္ထီလာ–ဖုန်း–၂၂၀၄၂။ တက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း–ဈေးအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်း။ ဖုန်း–၀၇၂–၂၂၀၀၂။ ထွန်းသောင်စတိုး–ဖုန်း–၂၁၆၉၇။ ဆောင်းဟေမာန်ဆေးပစ္စည်း၊ မြို့မ ၆၃၊ အင်းတော်ရှေ့၊ မြစ်ကြီးနား။ ဖုန်း–၂၂၁၀၆။ ❖ပျဉ်းမနားမြို့၊ ပွဲကတော်ဆေးဆိုင်၊ အမှတ်(၁၁၁)၊ (၇)လမ်း၊ မင်္ဂလာရပ်ကွက်–ဦးတင်ဦး+ဒေါ်မြသန်း။ ❖ဦးကျော် ကွန်ပျူတာဆိုင်–ဗိုလ်ချုပ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့။ ဖုန်း–၅၁၂၂၇။ ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ဈေးအတွင်း–ဒွိညီနောင်ဆေးဆိုင်။ ❖ ကရုဏာဆေးဆိုင်–၃၂/အားကားဒေါင့်၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။ ဖုန်း–၀၃၂–၂၂၇၃၂။ ❖ရောထွန်းစတိုး(မြန်မာ့ဆေးမျိုးစုံနှင့်အလှကုန်ဆိုင်)ရုံ(၁)၊ လိုင်း(အေ)၊ ❖ဆိုင်အမှတ်–(၂၈)ဈေးကြီး၊ မော်လမြိုင်မြို့။ ဖုန်း–၀၃၂–၂၃၁၁၄။ ❖ကိုအင်ငယ်(ဆေးတိုက်) ထုံတိုလ်စိမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့။ ဖုန်း–၀၃၆–၄၁၆၀၄။

**ပင်ရင်းဖြန့်ချိရေး – ရီပိုဆေးတိုက်အမှတ်(၁၄)၊ ပထမထပ်၊ ထီးတန်း(၂)လမ်း၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးအနီး၊ ဟုမ်းလမ်းမှတ်တိုင်ဆင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၀ ၉၈၆၀၆၊ ၀၉–၅၀၅ ၈၁၀၈၊ ၀၉–၄၂၀၀ ၁၈၇၂၁၊ ၀၉–၇၉၄ ၅၅၀၅၀၇။**

**Ph- 09-730 98606, 09-505 8108, 09-4200 18721, 09-794 550507.**



www.burmeseclassic.com

www.burmeseclassic.com

ရွာမိဿာ ရွှေသိမ်တော်ကျောင်းမှ ဆရာတော်

# အရှင်မဟိန္ဒ

အား ဂါရဝပြု ပူဇော်မှုခရီး (၂) စောသီဟလ

ယခင်လမှ အဆက်

'ဆရာတော်ဆီက သင်ယူ သိမှတ် စရာတွေကို တပည့်တော် တတ်နိုင် သလောက် ပြည့်စုံအောင် မှတ်သားချင် ပါတယ်ဘုရား။ အချိန်က နည်းနေ [illegible] ဘုရား နောက်တစ်ခါ [illegible] ဒါမှမဟုတ် တပည့် [illegible] နဲ့ ရွှေဘိုရောက် [illegible] ထပ်ပြီး ဖူးမြော်မှတ်သား [illegible]ရစေ ဘုရား'

'ကွေးသောလက် မဆန့်မီ ဆိုတာ လို ကုလားမတောင်ကို နောင်တစ်ကြိမ် လာဖို့က မသေချာဘူး။ ဒကာလေး ရွှေဘိုဘက်ရောက်ရင်တော့ ရေဦးမြို့ ကိုကူးခဲ့ပါ။ မြို့နဲ့ (၈)မိုင်အကွာလောက် မှာ ရွာမိဿာရွှေသိမ်တော်ဘုရား ရှိ တယ်။ အဲဒီကျောင်းမှာ လာတွေ့နိုင်ပါ တယ်။ ရွာကို လှည်းကြဲ့တွေ ရှိတတ် တယ်၊ ခြေကျင်လာရင်လဲ လမ်းသာပါ တယ်'

ကျွန်ုပ် သွားရောက်၍ ဖူးတွေ့ခွင့် မကြုံမီ (ကုလားမတောင်မှ ရွာမိဿာ သို့ ပြန်ကြွ၍ ဝါမဆိုမီ) ကာလတွင်ပင် ဆရာတော်ကြီး ပျံလွန်တော်မူကြောင်း ကြား သိရသဖြင့် ''ကွေးသောလက် မဆန့်မီ''ဟူ၍ စကားဦးသန်းကာ မိန့်ကြားခဲ့သည်ကို သတိပြုမိတော့ သည်။

ကုလားမတောင်တွင် (၂၄)နာရီမျှ ဖူးမြော်ခွင့်ရစဉ် စေတီတည် လုပ်အား တူသိုလ်ရှင်တို့၏ ရောဂါဝေဒနာများကို ခတ်လုံးစိမ်ရေဖြင့် ကုသ,ကယ်မပေး တော်မူသည်ကို တွေ့မြင်ခဲ့ရပေသည်။



ဆရာတော်ပုံတူ ပန်းချီ

## ရွာမိဿာရွှေသိမ်တော်စေတီသို့

ဆရာတော်ဦးမဟိန္ဒ သီတင်းသုံးခဲ့ ရာ ရွာမိဿာရွာသို့ ရေဦးမြို့မှတစ်ဆင့် ဆိုင်ကယ် ကယ်ရီငှား၍ အဆင်ပြေစွာ သွားရောက်နိုင်ခဲ့သည်။

ကျောင်းအဝင်မုခ်ဦး၏ လက်ဝဲဘက် တွင် ဉာဏ်တော်အမြင့် (၄၅)တောင်

www.burmeseclassic.com





◆ ကျောက်အုတ် သိမ်တော်

သိမ်စေတီအဝင်မုခ် ◆

ရှိသော **ရွှေသိမ်တော်စေတီကြီး** ကိန်းဝပ်တော်မူသည်။ စေတီဝင်းအတွင်း စေတီ၏ အရှေ့ဘက် ကပ်လျက်တွင် သိမ်တစ်ဆောင် တည်ရှိသည်။

စေတီတော်မှာ သီရိဓမ္မာသောက မင်းကောင်းမှု ရွှေမုဋ္ဌောစေတီဖြစ်၍ ပုဂံပြည့်ရှင် အနော်ရထာမင်း လက်ထက်တွင် ရှင်အရဟံဦးဆောင်မှုဖြင့် **ထိပေသျှင်(ဒီပဲယင်း)နယ်၌** သိမ်(၉)သိမ် တည်ဆောက်သမုတ်သောအခါ ရှာမိဿာသိမ်(ဤသိမ်)လည်း အပါအဝင်ဖြစ်သည်။

**ထိုစဉ် ရွှေမုဋ္ဌောစေတီကို အထောက်ရသော မင်း မှန်မထံသောအခါ ဤသိမ်ကို အစွဲပြု၍ ရွှေသိမ်တော်စေတီ ဘွဲ့မည်တွင်ခဲ့ သည် ဆိုသည်။**

ရှင်အရဟံ သမုတ်ခဲ့သော ထိပေသျှင် (ဒီပဲယင်း)နယ် သိမ်(၉)သိမ်မှာ...

၁။ ရေဦးသိမ်၊
၂။ ရှာမိဿာသိမ်၊
၃။ ဒီပဲယင်းသိမ်၊
၄။ ကံထူးမသိမ်၊
၅။ မြို့ကြီးသိမ်၊
၆။ အောင်သာသိမ်၊
၇။ နဂါးတွင်းသိမ်၊
၈။ ကံတွင်းသိမ်

နှင့် အမှတ်(၉)သိမ်ကို ရှာမတွေ့ရသေးဟု မှတ်တမ်းပြုထားလေသည်။

ကျောင်းတွင်း ဝင်ရောက်၍ လက်ရှိ ဆရာတော်ဦးဝိသုဒ္ဓအား ဖူးမြော်လျှောက်ထားသောအခါ ဆရာတော် ဦးမဟိဒ္ဓ၏ရုပ်ကလာပ်တော် ပူဇော်ထားရာ ဗိမာန်သို့ ဦးပဥ္စင်းတစ်ပါးနှင့် အတူ သွားရောက် ဖူးမြော်စေလေသည်။

## ဆရာတော်ဗိမာန်

ဆရာတော်ဗိမာန်ကို ကျောင်း အဝင်ဝအနီး လယ်ကွင်းပြင်၌ သီးခြားအုတ်တိုက်အဖြစ် တွေ့မြင်ရသည်။ အတွင်း၌ အဖုံးဖွင့်၍ရသော မှန်ခေါင်း အတွင်း ရုပ်ကလာပ်တော်ကို ပူဇော်ထားသည်။

၁၃၆၁ ခုနှစ်တွင် ပျံတော်မူရာ ယခု (၁၃၇၅ခုနှစ်) (၁၄)နှစ်ကျော်ပြီဖြစ်သော်လည်း ပုပ်ပျက်ခြင်း မရှိဘဲ အသားများ ခြောက်၍ ကျုံ့နေသည်ကို တွေ့ရသည်။

မြင်းခြံမြို့ စွန်းလွန်းဆရာတော် ဦးကဝိ၏ ရုပ်ကလာပ်တော်ကဲ့သို့ပင် အကြောများ ထင်ရှား၍ မျက်လုံး၊ နှုတ်ခမ်း စသည်တို့ ချိုင့်ဝင်နေခြင်း မရှိပေ။

လွန်ခဲ့သော နှစ်အနည်းငယ်က ရုပ်ကလာပ်တော် ခြေလက်များ ကွေးခေါက်၍ ဖူးမြော်နိုင်သော်လည်း နှစ်ကာလကြာရှည်၍ အဆီအစေး မရှိသော အစိတ်အပိုင်းများ ပျက်ကြွေမည်ကို စိုးရိမ်သဖြင့် ဦးပဥ္စင်းကြီးများက ကွေးခေါက်လှုပ်ရှား၍ ဖူးမြော်ခြင်းကို တားမြစ်ခဲ့သည်ဟု သိရသည်။

(၁၀)နှစ်ကျော် ကြာလာသောအခါ ပိုးများ ထိုးသဖြင့် အရောင်တင်ဆီများ သုတ်လိမ်း ကာကွယ်ထားသည်ဆို၏။ တစ်နှစ်တစ်ကြိမ် သင်္ကန်းလဲလှယ်ပေးကြရာ ရုပ်ကလာပ်တော်မှာ တောင့်တင်းမှုမရှိ ထိုင်၊ လျောင်း၊ ကွေး ဆန့် ၍ ရကြောင်း မိန့်ကြားကြသည်။





www.burmeseclassic.com

www.burmeseclassic.com

## ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်အား ဂါရဝပြု ဖူးမြော်ပြီးနောက် ကျောင်းသို့ပြန်လာကာ ဆရာတော်၏ နောက်ခံဖြစ်စဉ်ကို မေးလျှောက်သောအခါ မှတ်တမ်းတစ်စုံတစ်ရာ မကျန်ရှိကြောင်း ဝမ်းနည်းဖွယ်ကြားသိရသည်။

ဆရာတော်ကြီးသည် ဟိတ်ဟန်လုပ်ခြင်း မရှိ၊ အနေအထိုင် ရိုးသားလှသဖြင့် သိက္ခာဝါတော် ကြီးရင့်သည့် ဆရာတော်တစ်ပါးအဖြစ် ရိုသေစွာ ကိုးကွယ်ခဲ့ကာ ပျံလွန်တော်မူပြီးနောက် ရုပ်ကလာပ်တော် မပုပ်မပျက် ပျော့ပျောင်းနေသည်ကို တွေ့ရလေမှ ပုဂ္ဂိုလ်ထူးတစ်ပါးဖြစ်ကြောင်း သိကြရသည်။ ကိုယ်တိုင်ရေး မှတ်တမ်းမှတ်ရာများလည်း မကျန်ရစ်ခဲ့ချေ။

ဆရာတော်ရှိစဉ်က ဆောက်လုပ်လှူဒါန်းခဲ့သော နှစ်ထပ်ကျောင်းကြီးအတွင်း၌ ဆရာတော်၏ ဓာတ်ပုံနှင့် ကိုယ်ရေး ထေရုပ္ပတ္တိအကျဉ်းကို တွေ့ရသဖြင့် ကူးယူဖော်ပြလိုက်ပါသည်။

ဆရာတော်လောင်းလျာ မောင်ဘအေးကို ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ရွာမိဿာကျေးရွာနေ အဘ ဦးကံထ၊ အမိ ဒေါ်အုန်းမိတို့မှ ၁၂၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း(၁၁)ရက် ကြာသပတေးနေ့ နံနက်(၆)နာရီ၊ (၁၂)မိနစ်၌ မွေးဖွားခဲ့သည်။

၁၂၉၂ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ရွှေသိမ်တော်ကျောင်း ဆရာတော် ဦးဝါယမိန္ဒထံ ရှင်သာမဏေပြုသည်။ ရွှေဘိုမြို့ မဟာဘုံစံကျောင်းတိုက် ဆရာတော် ဦးသုစိတ္တထံတွင် စာဝါသင်ယူခဲ့သည်။

၁၃၀၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၈)ရက်နေ့၌ အောင်သာကျောင်း ဆရာတော် အရှင်သီရိမာကို ဥပဇ္ဈာယ်ပြုကာ ရွှေသိမ်ကျောင်းခဏ္ဍာသိမ်တွင် ရဟန်းဘောင်သို့ ရောက်ရှိသည်၊ ဘွဲ့မည် ဦးမဟန္ဒ ဖြစ်သည်။



◆ ချိုင့်ခွက်ခြင်းမရှိသော မျက်လုံး၊ နှာသီး၊ အစိတ်အပိုင်းများ

အရဟံဂုဏ်တော်နှင့်တကွ မြတ်စွာဘုရား၏ တရားလေးပါး၊ သူတော်ကောင်းတရား ခုနစ်ပါး လက်ကိုင်ထားကာ တပည့်ဒါယကာများကို ဆုံးမလမ်းညွှန်ခဲ့၍ ရွှေသိမ်တော်စေတီ မွမ်းမံခြင်း၊ အခြားစေတီများ တည်ဆောက်ခြင်း၊ သာသနာပြုလုပ်ငန်းများ ကြိုးစား အားထုတ်လျက် **၁၃၈၁ ခုနှစ်၊ ပထမဝါဆိုလဆုတ်(၄)ရက်၊ ကြာသပတေးညှ (၈)နာရီ (၄၅)မိနစ် အချိန် သက်တော်(၈၁)နှစ်၊ ဝါတော် (၆၀) အရတွင်** ဘဝနတ်ထံ ပျံလွန်တော်မူ သည့်ဟူ၍ ဖြစ်သည်။

ရဟန်း(၅)ဝါအရ ၁၃၀၅ ခုနှစ်တွင် ရွာမိဿာ ရွှေသိမ်တော်ကျောင်းထိုင် ဆရာတော် ဖြစ်လာရာ သမင်များ၊ ယုန်များက- အိမ်မွေးတိရစ္ဆာန်သဖွယ် ဆရာတော်အနီးတွင် လာရောက်၍ ခိုလှုံနေထိုင်ကြသည်ဟု သိရသည်။

www.burmeseclassic.com



◆ အကြေအမျှား ထင်ရှားစွာ မြင်ရစဉ်

## ဂုဏ်တော်ပွားထုံပါ

ထေရုပ္ပတ္တိမှတ်တမ်းတွင် အရဟံ ဂုဏ်တော်ကို မပြတ် ပွားများလေ့ရှိသည်ဟု ပါရှိသကဲ့သို့ ဆရာတော်အား ဖူးတွေ့ရချိန်၌ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အစဉ်အမြဲ ရွတ်ဖတ်ပူဇော်နေလေ့ရှိကြောင်း ခန်းနေဦးပဉ္စင်းများက မိန့်တော်မူကြသည်။

ဆရာတော် ခန္ဓာဝန်မချမီ တစ်နှစ်နီးပါးအလို ကုလားမတောင်ထက်တွင် ဖူးတွေ့ရစဉ်ကလည်း ဂုဏ်တော်ပွားများခြင်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားပေး မိန့်ကြားတော်မူခဲ့သည်။

'ဆရာတော်ဘုရား အမိန့်ရှိသလို တတ်လေးပါးနဲ့ချုပ်တဲ့ ရသာယနဆေးတွေ၊ သိဒ္ဓိမြောက်ဝိဇ္ဇာမိုရ်တွေ အကြောင်း လေ့လာလိုရင် ဘယ်ကနေ စ,ရမှာလဲ ဘုရား'

'ညဉ့်ဦးပိုင်းက ဒကာလေး ပုတီးစိပ်တယ်နော်။ ဘာအသားများလဲ'

'ခရေသားပုတီးပါ ဘုရား။ နှစ်ရှည်လို့ ပြိုလဲကျသွားတဲ့ ခရေပင်ကြီးရဲ့ အသားကို တပည့်တော် တတ်သလို ပွတ်ထိုးထားတာပါ'

'အချိုသားပေါ့၊ အေး... ကောင်းတယ်။ အမြစ်အညွန့်ညှပ်တော့ တည်မြဲတာပေါ့။ ဘာကို နှလုံးသွင်း ပူဇော်တာလဲ'

'ဗုဒ္ဓဂုဏ်တော်ကိုးပါးကို ပူဇော်စိပ်ပွားပါတယ် ဘုရား'

'အဲဒါ လမ်းအစပဲပေါ့။ ကမ္မဋ္ဌာန်းအားလုံးမှာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းက အမြတ်ဆုံးပဲ။ ဂုဏ်တော်တစ်ပါးတည်းကို ဖြစ်စေ၊ ကိုးပါးစလုံးကိုဖြစ်စေ အထပ်ထပ် စိပ်ပွား နှလုံးသွင်းတာကို "ထုံ"တယ်လို့ခေါ်တယ်၊ ဘုန်းကြီးက ကိုရင်ဘဝကတည်းက အခုအချိန်အထိ နှစ်ပေါင်း(၇၀)လောက် ဂုဏ်တော်ကို အမြဲက ပွားထုံခဲ့တယ်။

ဒီလို ပွားများထုံမွမ်းခြင်းအားဖြင့် ပုပ်သောက၊ ဘေးရန်အသွယ်သွယ် ကင်းငြိမ်းစေတယ်။ စိတ်ကြည်လင်ပြီး ရုပ်အဆင်းလဲ ချစ်ခင်ကြည်ညိုစဖွယ် ဖြစ်နိုင်တယ်။ ဉာဏ်ကြီးပြီး လုပ်ဆောင်သမျှ အောင်မြင်စေတယ်။ စီးပွားဥစ္စာ တိုးပွားပြီး ရှိပြီးသမျှ နေစည်းစိမ် မယုတ်မလျော့ တည်မြဲစေတယ်။

ဗုဒ္ဓဂုဏ်တော်ကို အစဉ်အမြဲ နှလုံးသွင်းနေမှုကြောင့် နှလုံးသွင်းသူရဲ့ ခန္ဓာကိုယ်ဟာ စေတီသဖွယ်ဖြစ်ပြီး လူနတ်ဦးခိုက် ပူဇော်ထိုက်တယ်။ ရင်ဆိုင်ကျလာတဲ့ အခါ စုန်အတီညာဉ် တန်ခိုးတွေ ရလာနိုင်တယ်။


သိဒ္ဓိစခန်းအတွက် အမိက အထောက်အပံ့ ဖြစ်စေပါတယ် ဒကာလေး။ သုတ်ပရိတ်တော်တွေ ပူဇော်တာလဲ ကုသိုလ်ဖြစ်ပါတယ်။

ဒါပေမယ့် ဗုဒ္ဓဂုဏ်တော် ပွားများတာကို မမေ့မလျော့ဘဲ နေ့စဉ် ပြုခဲ့ရင် ကာလကြာတဲ့အခါ အကျိုးထူးတာကို ကိုယ်တိုင်သိလာ



www.burmeseclassic.com

www.burmeseclassic.com



▲ ပူဇော်ထားရာ မှန်ခေါင်း

လိမ့်မယ်'

ဟု မိန့်မှာတော်မူခဲ့လေသည်။

ကျွန်ုပ် လေ့လာသိမှတ်ရသမျှ အနက် ရက္ခန်းစင်တောင်ဆရာတော် ဦးသြဘာသ အဘအောင်မင်းခေါင်၊ ရသေ့ကြီး ဘိုးသုစန္ဒီ၊ ရသေ့ကြီးဦးခန္တီ စသည့် သာသနာပြုပုဂ္ဂိုလ်များကလည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွားများကြရန် တိုက်တွန်းနှိုးဆော်သကဲ့သို့...

နှောင်းပိုင်းကာလတွင် ဒုတိယခန္တီး ဆရာတော်ဦးသုဇန၊ မောင်းထောင်ရွာအနီး ရွာမွန်သုသာန်ဆရာတော် ဦးဝိစာရ၊ ရာကျော်ကော့ပေါက် ဆရာတော် ဦးဥတ္တမ(မော်လမြိုင်)၊ ဗောဓိတထောင်ဆရာတော် ဦးနာရဒ(မုံရွာ)၊ သုခကာရီ ဒုတိယဆရာတော် ဦးကေသရ(ရွှေဘို) စသော ဆရာတော်ကြီးများကလည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အထူးပြု စီးဖြန်းကြရန် တိုက်တွန်းတော်မူကြလေသည်။

## ကျီးနားဆရာတော်

ထို့နောက် ခန်းနေဦးပဥ္စင်း ဦးဝဏ္ဏိတက သိမ်နှင့် စေတီတော်သို့ ခေါ်သွားကာ သိမ်တွင်းသို့ ဦးစွာ ဝင်ရောက် ကြည်ညိုကြသည်။

ဆရာတော်သည် နှစ်ထပ်ကျောင်းကြီးနှင့် ကျောင်းဆောင် အများပင် ရှိသော်လည်း ဤသိမ်တော်အတွင်း၌သာ ကြာရှည်စွာ သီတင်းသုံးတော်မူခဲ့သည်ဟု သိရသည်။

သိမ်တွင်း ဆရာတော် သီတင်းသုံးလေ့ရှိသည့်နေရာ၌ ဆရာတော်၏ ရုပ်တုကို မှန်ခန်းဖြင့် ပူဇော်ထားသည်။ ထိုရုပ်တွင် လက်ယာလက်ပေါ် ကျီးတစ်ကောင် နားနေပုံပါရှိသည်။

ဆရာတော် သက်တော်(၇၃)နှစ်တွင် မျက်စိတိမ်စွဲ၍ စက္ခုနှစ်ကွင်း ကွယ်ခဲ့သည်။ ထိုနှစ်တွင် အနီးရှိ သစ်ပင်ထက်မှ ကျီးတစ်ကောင်သည် ဆရာတော်ထံ လာရောက်ကာ အစာများ တောင်းလေ့ရှိရာ ဆရာတော်ကိုယ်တိုင် လက်ဖြင့် အစာကျွေးရသည်။


လူစိမ်းသူစိမ်းများ ရောက်လာလျှင် သစ်ပင်ထက်သို့ ပျံတက်သွားကာ လူရှင်းလျှင် ဆရာတော်ထံ လာရောက်၍ အတူနေခဲ့သည်။ သုံးနှစ်ခန့်ကြာမှ အလိုအလျောက် သေဆုံးသွားခဲ့လေသည်။

ထို့ကြောင့် ဆရာတော်အား ကျီးနားဆရာတော်ဟုလည်း ခေါ်ကြသည်။ ဆရာတော်သည် အပေးအကမ်း အလှူအတန်း ရက်ရော၍ မည်သူမဆို အယုတ်အလတ် အမြတ်မရွေး၊ အစိမ်းအကျက်မရွေး ကျောင်းသို့ ရောက်လာပါက ကျွေးမွေး၍ တည်းခိုခွင့်ပေးသည်။

## ရွှေလ ဆက်ဖတ်ပါရန်

**ဓာတ်သိမ်းလ**

www.burmeseclassic.com



# သူခိုးရန်မှ ကာကွယ်ပေးသော ဂါထာမန္တန်

ဝင်းအောင်ကြင်

၁၉၈၅ခုနှစ်၊ မိုးရာသီအချိန်ကာလက အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။ အဲဒီနေ့ကို စာရေးသူ ဘယ်တော့မှ မေ့မရနိုင်ပါ။ စာရေးသူ အနှစ်သက်ဆုံး (Panasonic)ရေဒီယိုကက်ဆက်ကလေးနှင့်အတူ အဖေစီးနေကျစက်ဘီး အိမ်မှပစ္စည်းအံချို့ သူခိုး ခိုးခံရသောနေ့ဖြစ်၍ ဘဝတစ်သက်တာအတွက် မေ့မရနိုင်သည့် နေ့တစ်နေ့ဖြစ်ပါသည်။

၁၉၈၄ခုနှစ်က ဆယ်တန်းစာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်ခဲ့သော စာရေးသူကို အဘိုးဖြစ်သူက ဘာလိုချင်သလဲဟုမေးရာမှ စာရေးသူတောင်းဆိုသော(Panasonic)ရေဒီယိုကက်ဆက်တစ်လုံးကို ဆုအဖြစ် ရရှိခဲ့ပါသည်။

ထို ရေဒီယိုကက်ဆက်ဖြင့် မြန်မာ့အသံမှလာသော အစီအစဉ်များကို နားထောင်ရသည်မှာ အလွန်ကျေနပ်ပျော်ရွှင်စရာ အချိန်ကာလများဖြစ်ပါသည်။

ဒေါက်တာ အောင်ခင်ဆင့်၏ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ၊ ဆရာကြီးသိပ္ပံမှူးတင်၏ သုတရေးရာ အဖြာဖြာများ၊ ဇာတ်လမ်းပမာ နားဆင်စရာ၊ ပုံပြင်လက်ဆောင်အစီအစဉ်များမှာ စာရေးသူ အလွန်နှစ်သက်သော အစီအစဉ်များ ဖြစ်ပါသည်။

ထို ရေဒီယိုကက်ဆက်ကလေးမှာ စာရေးသူအတွက် တစ်သက်မမေ့နိုင်သော အကောင်းဆုံးဆုလက်ဆောင်ဟု ဆိုရမည်ဖြစ်ပါသည်။

မိုးရာသီကာလမို့ အေးချမ်းစွာ အိပ်ပျော်ခဲ့သော စာရေးသူတို့မိသားစုမှာလုပ်ငန်းကိုယ်စီဝင်ရန် နံနက်(၇)နာရီခန့် အိပ်ရာမှထကြပါသည်။ စာရေးသူက အိပ်ရာမှထပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးသည်နှင့် ရေဒီယို ထားသည့်စင်သို့ သွားပြီး ရေဒီယိုဖွင့်ရန် ပြင်ပါတော့သည်။

ထားနေကျနေရာတွင် ရေဒီယိုကက်ဆက်ကလေးမရှိပါ။ဧည့်ခန်းတွင်းလှည့်ပတ်ကြည့်သော်လည်း မတွေ့ရ။ ရေဒီယိုကက်ဆက်မှာ တစ်ပေခွဲခန့်ရှိရာ အမြင်မှားသည်လည်း မဖြစ်နိုင်၊ သတိရသည်နှင့် အိမ်တံခါးမကြီးပြေးကြည့်ရာစေ့ရုံသာစေ့ထား၍တံခါးမကြီးဘေးတွင် ညတိုင်းသော့ခတ်၍ သိမ်းတတ်သော စက်ဘီးလဲမရှိတော့။ ဧည့်ခန်းပြန်၍စစ်ဆေးရာ နာရီနှင့် အခြားအဖိုးတန် ပစ္စည်းများလည်း မရှိတော့၊ သူခိုး ခိုးခံရသည်မှာ သေချာပြီ။

တစ်ကြိမ်တစ်ခါမှ သူခိုးခိုးခံရခြင်း မရှိခဲ့၍လားမသိ၊ ထိုအချိန်က ဝမ်းနည်းသည်ထက် မှင်တက်မိနေသည်။ စိတ်ထဲမှာလည်း ဆို့နင့်နင့် ခံစားရသည်။

စာရေးသူ အလွန်နှစ်သက်သော ရေဒီယိုကက်ဆက်နှင့် အဖေစီးနေကျစက်ဘီးကို နှမြောတသစိတ်ဖြင့် ရင်ထဲနင့်အောင် ခံစားရပါသည်။ သက်ဆိုင်ရာလူကြီးများထံ သူခိုးခိုးခံရကြောင်း သွားရောက်တိုင်ကြားပြီး ထိုနေ့တစ်နေ့လုံး စိတ်မကောင်းခြင်းကြီးစွာဖြင့် ညမိုးချုပ်ခဲ့ရပါတော့သည်။

နောက်တစ်နေ့နံနက် မိုးလင်းသည်အထိ ညက ကောင်းစွာ အိပ်မပျော်သောကြောင့် ခေါင်းမူးခေါင်းကိုက်ခြင်းများ သိသိသာသာ ခံစားရပါသည်။ နံနက်(၁၀)နာရီအထိ ခေါင်းမူးခေါင်းကိုက် မပျောက်ခြင်းကြောင့် ဆေးဆရာ၊ ဗေဒင်ဆရာကြီး ဦးမင်းဦး အိမ်ထံ ဆေးဝယ်ရန် သွားရောက်ခဲ့ပါသည်။

ဆရာကြီး ဦးမင်းဦးအိမ်သို့ ရောက်သောအခါ ဆရာကြီးဦးမင်းဦးအိမ်က...

'ဩော်...ဝင်းဝင်း လာလာ မနေ့က သမီးတို့အိမ် သူခိုး ခိုးခံရတယ်ဆို'

'ဟုတ်ပါတယ် ဆရာကြီး။ သမီးရေဒီယိုကက်ဆက်နဲ့ စက်ဘီးက အဓိကပါသွားတယ်၊ သူခိုးခိုးမခံရဘူးလို့လားမသိဘူး မနေ့ကတစ်နေ့လုံး နေမထိထိုင်မထိ ဖြစ်နေတယ်။ ညကလဲ ကောင်းကောင်း အိပ်မပျော်လို့ ခုမနက်ခေါင်းတွေထအားကိုက်နေတာနဲ့ ဆရာကြီးဆီ ဆေးလာဝယ်တာပါ။ သမီးကို သင့်တော်မယ့်ဆေးပေးပါဦး'

'အေး...အေး ဆေးလဲ ပေးလိုက်မယ် နောက်နောင် သူခိုးခိုးမခံရအောင် ဂါထာမန္တန်တစ်ခုလဲ ပေးလိုက်မယ်'

'သူခိုး ခိုးမခံရအောင် ဂါထာမန္တန် ရွတ်လို့ရတယ် ဟုတ်လား ဆရာကြီး'

'သူခိုးဘေးရန်ကာကွယ်တဲ့ ဂါထာမန္တန်

စာမျက်နှာ (၈၇) သို့



www.burmeseclassic.com

www.burmeseclassic.com

### မျက်စိအမြင်ကြည်လင်စေသည့်

# စံပယ်မျက်စဉ်း



ဇာတိမြေသို့ပြန်ရန် အောင်မင်္ဂလာ အဝေးပြေးကားဝင်းသို့ လိုင်းကားပေါ်မှ ဆင်းသည်နှင့် ကိုတင်ရွှေကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

'ဟိုညီ ဆံပင်တွေ ဖြူကုန်တာကလွဲလို့ ဘယ်ရုပ်မပြောင်းဘူး။ အခု အိမ်ပြန်မို့လား။ ကြည့်ပါဦးကွာ။ မျက်မှန်ထကားကားနဲ့။ မျက်စိအားနည်းတာလား'

သူ၏အဘွားနှင့် ကျွန်တော်တို့၏ အဘွားမှာ ညီအစ်မရင်းများဖြစ်ကြသောကြောင့် ညီအစ်ကိုနှစ်ဝမ်းကွဲတော်စပ်သည် ဆိုရပါမည်။

အဘွားတို့ ကွယ်လွန်သွားကြပြီးနောက် ဗာဟီရကိုယ်စီဖြင့် အရောက်အပေါက်နည်းကာ မဆုံဖြစ်ကြသည်မှာ နှစ်ပေါင်း(၃၀)ကျော်ပေပြီ။

အသက် (၅၀)ကျော်ကတည်းက စာကြည့်ရင် မျက်မှန်တပ်ရတယ်၊ အခု ဘယ်ဘက်မျက်စိက ဂွမ်းစကာထားသလိုဖြစ်နေလို့ နေခံ၊ လေခံ၊ မျက်မှန် တပ်ထားတာပါ။ အစ်ကိုကတော့ မျက်စိကောင်းတယ်နော်'

စာကြည့်ရင် မျက်မှန်တပ်ရတာက အသက်ကြီးပြီး မျက်စိအာရုံကြောတွေ အားနည်းလာလို့ပါ။ မြန်မာ့ဆေးနည်း ရှိပါတယ်။ ငါဆိုရင် (၇၀)နီးပြီ။ အပ်နဖား ထိုးနိုင်တယ်။

'သောက်ဆေးလား၊ ဆေးဖော်ရတာကော လွယ်ပါ့မလား'

'လွယ်ပါ့ မောင်ရာ။ စံပယ်ပန်း လတ်လတ်ဆတ်ဆတ် သုံးပွင့်ကို ရေသန့်သန့် ခွက်တစ်ဝက်နဲ့ စိမ်ထား။ မနက်ကစပြီး စိမ်၊ ညဘက် အိပ်ရာဝင်ခါနီးမှာ အဲဒီရေနဲ့ မျက်စဉ်းခပ်ပေးရုံပဲ။ သုံးလေးစက်လောက်ပေါ့။ မနက်အိပ်ရာထရင် မျက်ချေးတွေ ပိတ်နေလိမ့်မယ်။ အဝတ်ရေဆွတ်ပြီး ပွတ်ပစ်ပေါ့။'

အဲဒီ စံပယ်ရေကို နေ့တိုင်းခပ်ပေး။ တစ်နေ့တခြား မျက်ချေးထွက်နည်းပြီး မျက်စိလဲ ကြည်လာလိမ့်မယ်။ ခုနစ်ရက်တစ်ပတ်ပြည့်ရင် နားထားလိုက်။

နောက်ထပ် နှစ်ပတ် (၁၄-၅)ရက်လောက်ကြာမှ တစ်ခါပြန်စ၊ ခုနစ်ရက်ပြည့်ရင် ဒီလိုပဲ နားထား။ နှစ်ပတ်ပြည့်ရင်ပြန်စပေါ့။ သုံးကြိမ်ကိုးပတ်လောက်ကြာရင် မျက်စိက ပကတိအတိုင်း အမြင်ကြည်လင်လာမယ်။ မင်းခံစားနေရတဲ့ တိမ်ရောဂါလဲ ပျောက်သွားမယ်'

'အပူတွေ ထွက်ကုန်တာပေါ့နော်'

**အေး မျက်စိတွင်းအောင်းနေတဲ့ အပူတွေထွက်စေတယ်။ မျက်စိအာရုံကြောကို ပြန်ပြီး ရှင်သန်အားကောင်းစေတယ်။** ဆေးပညာ အယူအဆအပြင် ဗေဒင်နည်းအရလည်း ကက်ကင်းခေတ်ဆောင်ထားတာကွ။ ကက်ကင်းဖိုးရင် ချက်ချင်းထူးသတဲ့။

**"မျက်စိ–စံပယ်"** ကက်ကင်းဆောင်၍ စံပယ်မျက်စဉ်းကို အသုံးပြုခဲ့ရာ တစ်လအတွင်း မျက်စိအမြင်အတန်ပင် ကြည်လင်လာသည်ကို ကြုံရသဖြင့် ဝေမျှပေးလိုက်ပါသည်။

ခေတ်ပေါ် ကွန်ပျူတာလက်ကိုင်ဖုန်းစသည်တို့ကို ကြည့်ရှုဖန်များသဖြင့် အာရုံလျော့နည်းခြင်းကိုလည်း ကုစားပေးနိုင်ကြောင်း သိရပေသည်။

*[အစ်ကိုတင်ရွှေအား ကျေးဇူးတင်စွာဖြင့်...]*

**ခွန်စိုင်းဝမ်း**

## စာမျက်နှာ (၈၆)မှ အဆက်

ရှိတယ်သမီး မန္တန်ကို ရွတ်လဲရွတ်ရမယ်၊ အိမ်၊ ခြံ တံခါးအတွင်းဘက်ကနေ ရေးလဲရေးထားရမယ် သမီးရဲ့'

'ကောင်းလိုက်တာ ဆရာကြီးရယ်။ ဆရာကြီးရဲ့ မန္တန်ကို သမီးလိုချင်ပါတယ်။ သမီးကိုပေးပါ။ ဆရာကြီးပြောသလို သမီးရွတ်လဲရွတ်မယ်၊ အိမ်၊ ခြံဝင်းတံခါးအတွင်းဘက်ကနေ ရေးလဲရေးထားမယ်'

'သမီးလိုချင်ရင် ပေးရတာပေါ့ကွယ်။ အဲဒီဂါထာမန္တန်ကို တို့ဆရာများအဆက်ဆက် အသုံးပြုခဲ့တဲ့ မန္တန်ပဲ။ ယုံကြည်ရင် ယုံကြည်သလောက် အကျိုးပေးတယ်။ နေဦး ဘောလ်ပင်နဲ့စာရွက်ယူပြီး ဆရာကြီး ပြောတဲ့အတိုင်းနောက်ကနေလိုက်ရေး'

ဆရာကြီးပြောသည့်အတိုင်း မန္တန်ကို စာရေးသူလိုက်နာပြီး မှတ်သားခဲ့ပါသည်။

မန္တန်မှာ...

'ဥ ဿမုဒ္ဒေ စောရော နိက္ခမေယျာဟ' ဖြစ်ပါသည်။ ဆရာကြီး ဦးမင်းဦးအိမ်က ဂါထာကို နှုတ်တိုက်ပြောပြပြီး ဆေးလဲပေးပါသည်။

ထိုဂါထာကို စာရေးသူ ယုံယုံကြည်ကြည်ရွတ်ဆိုပြီး အိမ်၊ ခြံ ဝင်းတံခါးတို့တွင် မြေဖြူတစ်ချောင်းဖြင့် ရေးခဲ့ပါတော့သည်။

ထိုမန္တန်ကို ဘုရားရှိခိုးတိုင်းနှင့် အားလပ်သွတိရသည့် အချိန်အခါတိုင်း၊ အိပ်ရာဝင်တိုင်း ရွတ်ဆိုခဲ့ပါသည်။ ထိုအချိန်မှစ၍ ယနေ့ထက်တိုင် သူခိုးခိုးခြင်းရန်မှ ကင်းဝေးခဲ့ရပါတော့သည်။

စာဖတ်ပရိသတ်ကြီးလည်း သူခိုးရန်မှ ကာကွယ်ပေးသော အထက်ပါမန္တန်ကို ယုံကြည်စွာ ရွတ်ဆိုရေးသားခြင်းဖြင့် သူခိုးရန်မှ ကင်းဝေးကြစေကြောင်း မေတ္တာစေတနာ အပြည့်အဝထားကာ တိုက်တွန်းလိုက်ပါရစေ ...။

***ဂါထာမန္တန်ချီးမြှင့်ခဲ့သည့် ကွယ်လွန်သူ ဆရာကြီးဦးမင်းဦးအိမ်သို့ ဂါရဝပြုလျက်...***

**ဝင်းအုဒ်ကြင်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဧကောင်းပါး

••••••••ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင် ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို လေးဖက်နာဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၄ YR ၃၀၆၃]***

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

***[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]***

***[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]***

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြော ရောင်/နာ၊ ထိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပုခုံးနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့် ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

**ဓဓ နှလုံးရောင်ခြည်မရှင်း**

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]***

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၇၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်တွင်း သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ (၄၃)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



◆ စကုမော် ဆုတောင်းပြည့်စေတီအား ကြည်ညိုသပ္ပါယ်ဖွယ် ဖူးမြော်ရပုံ

### စကုမော်စေတီတော်

**နမောတဿ ဘဂဝတောအရဟ တော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ် ရွတ်ဆိုပါ။]*

စကုမော်ထူပ ပဋိမံ၊
သောဘနံ စာရု ဒဿနံ။
သမနုဿရံ သမ္ဗုဒ္ဓ
ဂုဏောဝနွာဓိ အာဒရံ။

**မြန်မာပြန်**

**အဟံ**–"..."နာမသမုတ် အကျွန်ုပ်သည်၊

**သောဘနံ**–ဖူးမြင်လို့မဝ တင့်တယ်လှသော၊

**စာရုဒဿနံ**– သပ္ပါယ်လှစွာ ဖူးမြင်အပ်ကုန်သည်ဖြစ်၍၊

**စကုမော်ထူပ ပဋိမံ**–ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမတည်းဟူသော ဆင်းတုတော်တို့ဖြင့် တန်ဆာဆင်အပ်သော စကုမော်ဆုတောင်းပြည့် စေတီတော်မြတ်ကြီးကို၊

**သမ္ဗုဒ္ဓဂုဏော**–သံ ဂုံ ပ မ မည်ကုန်ကြသော ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကို၊

**သမနုဿရံ**–အဖန်ဖန်အထပ်ထပ် မပြတ်အောက်မေ့မိသည် ဖြစ်၍၊

**အာဒရံ**–ကြည်ညိုဦးခိုက် လေးမြတ်စွာ၊

**ဝန္ဒာမိ**–ခြေလက်နဖူး တံတောင်ဒူးဟု ငါးဦးတည်ရှိး ကော်ရော်မျိုးဖြင့် ရှိခိုးချ ကန်တော့ပါ၏ မြတ်စွာဘုရား။

**ဘုရားတည်နှစ်။** ။သက္ကရာဇ် ၁၂၂၇ ခုနှစ်။

**ဘုရားဒါယကာ။** ။ စစ်ကိုင်းမြို့ဝန် ဦးရိုး၏ညီတော် ဆရာချစ်။

**တည်နေရာ။** ။ စကုမော်ကျောင်းဝင်း၊ စစ်ကိုင်းတံတားအနီး၊ ဧရာဝတီမြစ်ကမ်း။

**ပွဲတော်ရက်။** ။ သီးခြားမရှိပါ။

**အောင်မြေ။** ။ စေတီတော်၏ တောင်ဘက်မုခ်ဝ။

**အစောင့်အရှောက်။** ။ စန္ဒမုခီ ယက္ခမယ်တော်။

**ထူးခြားချက်။** ။ မင်းတုန်းမင်းကြီးသည် မန္တလေးရွှေမြို့တော်ကြီးအား





www.burmeseclassic.com

www.burmeseclassic.com





▲ ကျောက်သုဓောင်းပြည့်အနီးမှ ရတနာဆိုင်းစေတီ

◀ ကျောက်သုဓောင်းပြည့်မှ ဓောင်းပြည့်အဓိဋ္ဌာန်ဉာဏ်

သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် အမရပူရ နေပြည်တော်မှ မန္တလေးမြို့သို့ ပြောင်းရွှေ့၍ နန်းသစ် တည်တော်မူလေသည်။

မြနန်းစံကျော် ရွှေနန်းတော်ကြီး တည်ဆောက်ပြီးနောက် မတ္တရာမြို့နယ်၊ စကျင်တောင်မှ ကျောက်လုံးတော်ကြီးကို တူးဖော်ရရှိသောအခါ **"မဟာလောကမာရဇိန် ကုသိုလ်တော် စေတီတော်ကြီး"**ကိုလည်း တည်ဆောက် လှူဒါန်းလေ၏။

သက္ကရာဇ် ၁၂၂၅ ခုနှစ်တွင် ကျောက်တော်ကြီး ရုပ်ပွားတော်ကြီးအား ထုဆစ်ပူဇော်လေသည်။ တစ်နှစ်မျှကြာအောင် ထုဆစ်ကြရလေ၏။

သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်တွင် ပိဋကတ်ရွှေကျမ်းမြတ် သုံးပုံတို့အား ကျောက်ထက်အက္ခရာတင်၍ ကျောက်စာတစ်ချပ်လျှင်စေတီဆောင်တစ်ဆောင် တည်ဆောက်ပူဇော်လေရာ ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံး စာအုပ်ကြီးဟု အမည်တွင်ခဲ့လေ၏။

သက္ကရာဇ် ၁၂၃၃ ခုနှစ် ရောက်ရှိသောအခါ ပဥ္စမအကြိမ်မြောက် သင်္ဂါယနာ တင်တော်မူလေသည်။ ယင်းအချိန်မှ စတင်၍ မင်းတုန်းမင်းကြီးအား **"ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး"**ဟု အမည်တွင်သွားလေ၏။

ဤဘွဲ့ထူးမျိုးကား မြန်မာ့ရာဇဝင်တွင် မင်းတုန်းမင်းကြီးတစ်ပါးသည်သာ ရရှိခဲ့လေသည်။ များစွာ ဂုဏ်ကြီးမြင့်လှပေ၏ဟု ဆရာကြီးဦးဖိုးကျားက မှတ်တမ်းတင်ခဲ့လေသည်။

မင်းတုန်းမင်းကြီးကား ဤမျှမက သက္ကရာဇ် ၁၂၉၉ခုနှစ်တွင် **"မှန်နန်းရာဇဝင်တော်ကြီး"**ကိုလည်း ဆက်လက် ရေးသားစေတော်မူသည်။

သက္ကရာဇ် ၁၂၃၅ ခုနှစ်တွင် **မြန်မာ့ငွေဒင်္ဂါးများ** သွန်းလုပ်ခဲ့လေ၏။

ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးမှစ၍ သီပေါမင်းလက်ထက်တိုင်အောင် **ဘုရင်၏ မင်းမိန့်မပါဘဲ စီရင်ပိုင်ခွင့်ရရှိခဲ့သော "ရွှေဓားပိုင်နေမျိုးသီရိ"ဘွဲ့ရ မြို့တော်ဝန်ဦးရိုး** ဟူ၍ ရှိခဲ့လေ၏။ ဦးရိုးမှာ စစ်ကိုင်းမြို့သားဖြစ်၍ ညီတော်ဦးချစ်ဆိုသူလည်း ရှိခဲ့လေသည်။

ညီတော်ဦးချစ်ခေါ် ဆရာချစ်မှာ ဘာသာ သာသနာတော်ကို အထူးကိုးစား အားထုတ်သူဖြစ်လေ၏။

နောင်တော်ကြီး မြို့တော်ဝန်ဦးရိုးမှာ ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်အား အနီးကပ် ထုဆစ်ပုံဖော် ကြီးကြပ်နေရသူ အကြီးအမှူးလည်း ဖြစ်လေသည်။

စကျင် ကျောက်လုံးတော်ကြီးအား ထုဆစ်နေရာမှ ဆောက်စာ၊ တူစာ၊ တံစဉ်းစာ၊ အကာသား၊ အနှစ်သားများကို ညီတော်ဖြစ်သူ ဆရာချစ်မှ တွေ့ရှိလေ၏။

မန္တလေးကျောက်တော်ကြီး ရုပ်ပွားထုဆစ်ရာမှ ထွက်ရှိလာသော စကျင်ကျောက်သား အစအနများကို စေတီတော်အဖြစ် တည်ထား ကိုးကွယ်ရလျှင် ကောင်းလေစွဟု ဆန္ဒဖြစ်ပေါ်လာလေတော့သည်။

ထို့ကြောင့်ပင် နောင်တော်ကြီး မြို့ဝန်ဦးရိုး၏ အကူအညီဖြင့် ကျောက်တော်ကြီးမှ ကျောက်သားအနှစ် အကာ၊ တူစာ၊ ဆောက်စာများကို






www.burmeseclassic.com

www.burmeseclassic.com





◆ စကုမေဇ်ဆုတောင်းပြည့်စေတီတော်မှ ထူးခြားလှသော မှန်လိုက်နှစ်ထပ်ပါ အဓိဋ္ဌာန်ဒွါရ

◆ စကုမေဇ်ဆုတောင်းပြည့်စေတီမှ ရှေးဟောင်း ရတနာထည်မြင်းရဲ့ လာဘာမုဖြာရုပ်ပွားတော်

သယ်ယူခွင့်ရရှိလေ၏။

သယ်ယူ စုဆောင်းထားသော ကျောက်သား၊ ကျောက်စာများကို အခြေခံ၍ တပည့်လက်သား စုံညီစွာဖြင့် တည်ဆောက်ကြလေရာ ဆရာချစ်+ဒေါ်ပုနှင့် မိသားစုဝင်များအားလုံး ပါဝင်လုပ်အား ကုသိုလ်ပြုကြလေသည်။

သက္ကရာဇ် ၁၂၂၇ ခုနှစ်အတွင်းမှာပင် မန္တလေးရွှေမြို့တော်ကြီး၏ သမိုင်းဝင် သာသနာ့ဝင်ကျောက်တော်ကြီး ရုပ်ရှင်တော်၏ **ရုပ်ဓာတ်၊ မွေဓာတ်တို့ ကိန်းအောင်းရာ ဗုဒ္ဓ၏ အနှစ်သာရပြည့်ဝလှသော အောင်ဓာတ်ကိန်းသည့် "စကုမေဇ်စေတီတော်"မြတ်ကြီးသည်** ပြီးစီးသွားလေတော့သည်။

မန္တလေး ကျောက်တော်ကြီး ရုပ်ပွားတော် မပြီးစီးသေးခင်မှာပင် အလျင်စော၍ ပြီးစီးသွားခြင်းမှာ ထူးကဲလှပေ၏။

တန်ခိုးဩဇာအာဏာ တိက္ကမကြီးမြင့်လှသော ဘုရင်မင်းမြတ်တို့၏ ကုသိုလ်တော်ထက် ကျော်လွန်၍ စော၍ မပြုလုပ်ရသော ထုံးတမ်းစဉ်လာကြောင့် "စကုမေဇ် ဆုတောင်းပြည့်စေတီတော်"အား ရိုးရိုးလေးသာ မထင်မရှား အနေကဇာ တင်ခဲ့ကြရလေသည်။

နှစ်စဉ် ပွဲတော်ရက်ကိုလည်း သီးခြား မသတ်မှတ်တော့ဘဲ လျော်ကန်သင့်မြတ်သလို ကျင်းပခဲ့ကြရလေတော့သည်။

စေတီတော်ကိုလည်း စကုမေဇ်အောင်မြေတွင် တည်ထားကိုးကွယ်ကြရသောကြောင့် "**စကုမေဇ် ဆုတောင်းပြည့်စေတီတော်**" ဟူ၍သာ ယနေ့ထက်တိုင် ဘွဲ့မည်တွင်နေလေ၏။

ဘုရားဒကာကြီးဆရာချစ်နှင့် ဒေါ်ပုတို့တွင် ထူးထူးခြားခြား လှပတင့်တယ်သော သမီးတစ်ဦး မွေးဖွားခဲ့လေ၏။ သမီးလေးမှာ လှပသလောက် အလွန်ယဉ်ကျေး၍ အပြောအဆို အနေအထိုင် နူးညံ့သိမ်မွေ့ခြင်းတို့ကြောင့် မိဘများက "**မကြေးနု**"ဟု အမည်ပေးကြလေသည်။

အရွယ်ရောက်၍ ပညာသင်သောအခါလည်း ထူးချွန်စွာ ဉာဏ်ကောင်းလှပေ၏။ အပျိုဖော်ဝင်စအချိန် ရောက်ရှိသောအခါ "မကြေးနု"၏ လှပယဉ်ကျေးသောဂုဏ်၊ ဉာဏ်ပညာ ကြွယ်ဝသောဂုဏ်တို့ကြောင့် သတင်းကောင်းမွှေးနေလေတော့သည်။

ထို ဂုဏ်သတင်းတို့ကြောင့်ပင် သီပေါမင်း၏ အပျိုတော်အဖြစ် ကောက်ယူခြင်းခံရလေ၏။ ဤသို့အားဖြင့် မကြေးနုသည် စုဖုရားလတ်၏ အပါးနေ အပျိုတော်ဘဝသို့ ရောက်ရှိသွားလေသည်။

နန်းတွင်းသူအဖြစ် ရွှေတိုက်စာရင်းဝင်သွားသော မကြေးနုကလေးအား ထုံးစံအတိုင်း မှူးမတ်တို့၏ သားတော်၊ သမီးတော်များကို ပေးအပ်သည့် အမည်အတိုင်း "ခင်ခင်"အမည်တပ်၍ အပျိုတော်ခင်ခင်စောဟု အမည်တွင်သွားလေ၏။


နန်းတွင်း၌ မိဖုရားကြီး၏အပေါး၌



www.burmeseclassic.com

www.burmeseclassic.com





▲ စကုမေ်ဆုတောင်းပြည့်မှ အာရုံခံစေတီတော် အမိုးချွန်ဒွါရ

◄ စကုမေ်ဆုတောင်းပြည့်စေတီတော်မှ
ရှေးဟောင်းဘူမိဖဿမုဒြာရုပ်ပွားတော်

ပျော်ရွှင်စွာ အမှုတော်ထမ်းခဲ့ရလေတော့သည်။

သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် နယ်ချဲ့အစိုးရက သီပေါမင်းနှင့် စုဖုရားလတ်တို့အား ဖမ်းဆီး၍ မဒရပ်သို့ ပါတော်မူသောအခါ မကြေးနုခေါ် ခင်ခင်စောသည်လည်း အိမ်တော်ပါအဖြစ် ထက်ကြပ်မကွာ တစ်နွယ်ငင် တစ်စင်ပါရရှာလေ၏။

မဒရပ်မှ တစ်ဖန် ဘုံဘိုင်နယ် ရတနာဂီရိသို့ ဆက်လက်၍ လိုက်ပါခဲ့ရပြန်လေ၏။ နောင်သောအခါ အခြေအနေအရပ်ရပ်တို့ကြောင့် နန်းတွင်းအပျိုတော် ခင်ခင်စောခေါ် မကြေးနုကလေးသည် ရတနာဂီရိစံအိမ်တော်မှ မြန်မာနိုင်ငံသို့ ပြန်လာခွင့် ရရှိခဲ့လေသည်။

စစ်ကိုင်းမြို့သို့ ပြန်လည်ရောက်ရှိပြီး မိဘများနှင့်အတူ သာယာကြည်နူးဖွယ် မိသားစုအဖြစ် နေထိုင်ခဲ့လေတော့၏။

မိဘများက အရွယ်ရောက်နေပြီဖြစ်သော သမီးမကြေးနုအား ခွေမျိုးဂုဏ်ရည်မြင့်သော လူကုံထံတစ်ဦး၏ သားဖြစ်သူ ဦးအေးနှင့် ထိမ်းမြားပေးခဲ့လေသည်။

ဦးအေးနှင့် ဒေါ်ကြေးနုတို့သည် မိဘများ တည်ထားကိုးကွယ်ခဲ့သော စကုမေ် ဆုတောင်းပြည့်စေတီတော်အား ထပ်လောင်းပြုပြင် မွမ်းမံ၍ ကုသိုလ်ပြုခဲ့ပြန်လေ၏။

သက္ကရာဇ် ၁၂၇၇ ခုနှစ် ရောက်သောအခါ စကုမေ်ကျောင်းတော်ကြီးကို ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်၍ စကုမေ်ဆရာတော်ကြီး ဦးဥတ္တမမထေရ်အား ကျောင်းတင် လှူဒါန်းကြလေသည်။

စကုမေ် ကျောင်းတော်ကြီးမှာ သံဃာ(၁၅၀)ကျော် သီတင်းသုံးနေထိုင်နိုင်သော စာသင်တိုက်ကြီးဖြစ်လေ၏။

စကုမေ်ဆရာတော်ကြီး ဦးဥတ္တမမထေရ်၏ ဘဝဖြစ်စဉ်အကျဉ်းမှာ အဘဦးသာကျော်၊ အမိဒေါ်လွှမ်းတို့မှ ၁၂၄၁ ခုနှစ်၊ ပြာသိုလဆုတ်(၉)ရက်၊ တနင်္ဂနွေနေ့တွင် မြိုင်မြို့နယ်၊ ယာကြီးပြင်ရွာတွင် ဖွားမြင်ခဲ့လေသည်။

(၁၅)နှစ်သားအရွယ်တွင် ဝဲပုံကျောင်းဆရာတော်ထံတွင် သာမဏေဝတ်၍ သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်းတို့ကို လည်းကောင်း၊ ကျောက်မီးဆရာတော်ထံ၌ ဋီကာကျော်၊ အဋ္ဌသာလိနီ၊ ဝစ္စဝါစက၊ ဝိဘတျတ္ထ၊ ကစ္စာယနသာရ၊ ဂန္ဓာဘရဏကျမ်း၊ ဝိထိလက်ရိုး၊ ယမိုက်အရကောက်တို့ကို တတ်မြောက်ခဲ့လေ၏။

သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်တွင် မင်းရွာဆရာတော်၊ ပခန်းကြီးဆရာတော်နှင့် ခင်မွန်ဆရာတော်တို့ထံ ရဟန်းပြု၍ ဆက်လက် ပညာသင်ခဲ့လေ၏။


ဝါးချက်မင်းကျောင်း ဆရာတော်ကြီး ဦးသောမံထံမှ လောကီလောကုတ္တရာ ပညာအမွေခံအဖြစ် ကြိုးစားအားထုတ်လေသည်။

သက်တော်(၃၆)နှစ်၊ ဝါတော်(၁၆)ဝါ ရရှိသောအခါ သက္ကရာဇ် ၁၂၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁)ရက်၊ တနင်္ဂနွေနေ့တွင် ဦးအေး+ဒေါ်ကြေးနုတို့က အသစ် ဆောက်လုပ်လှူဒါန်းသော



www.burmeseclassic.com

www.burmeseclassic.com



စကုမော်ဆုတောင်းပြည့်စေတီတော်၏ အရံအဓိဋ္ဌာန်အောင်စေတီ



စကုမော်ဆုတောင်းပြည့်မှ အရံ ရွှေစေတီတော် အဓိဋ္ဌာန်ဌာန

စကုမော်စာသင်တိုက်ကြီးကို အလှူခံတော်မူ၍ သံဃာအပါး(၁၀၀)ကျော်တို့အား စာပေပို့ချတော်မူလေသည်။

ဝိသုဒ္ဓိဝိနစ္ဆယကျမ်းကို ရေးသားပြုစုခဲ့လေရာ ကျော်ကြားလှပေ၏။ **"အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်"**ကို ရရှိတော်မူပါသည်။

ဆဌသင်္ဂါယနာတွင် သံဂီတိကာရကဩဝါဒစရိယ သံဃနာယက တာဝန်နှင့် နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်များ ဆောင်ရွက်တော်မူလေ၏။

ဆရာတော်ကြီးသည် စကုမော်ကျောင်းတိုက်တွင် သက္ကရာဇ် ၁၃၇၇ ခုနှစ်၊ နယုန်လ ပျံလွန်တော်မူသည့်အထိ သက်တော်(၉၆)နှစ်တိုင်အောင် စကုမော်ကျောင်းတိုက်ကြီး၌ သက်ဆုံးတိုင် သာသနာပြုခဲ့လေသည်။

စကုမော် ဆုတောင်းပြည့်စေတီတော်၌ နံနက်အရုဏ်တက် တစ်ကြိမ်၊ ည(၉း၀၀)နာရီတွင် နေ့စဉ်ဝတ်မပျက် မေတ္တသုတ်(၁၀၈)ခေါက် ရွတ်ဆိုပူဇော်ခြင်း၊ အရပ်(၁၀)မျက်နှာသို့ မေတ္တာပို့ခြင်းတို့ကို အဓိဋ္ဌာန်ထား အားထုတ်တော်မူပါသည်။

ယခုအခါ စကုမော်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးမှာ နှစ်ပေါင်း (၁၅၀)ပြည့်မြောက်ခဲ့လေပြီ။

စကုမော် ကျောင်းတော်ကြီးမှာလည်း "နှစ်တစ်ရာပြည့်" ခဲ့ပြီဖြစ်သော်လည်း ယခုအခါ သဘာဝဘေးဖြင့် ခမ်းနားခြင်း မရှိတော့ပါ။

သမိုင်းဝင် သိမ်တော်ကြီးမှာလည်း သင်္ကြီရစာရေး၏ ဝါးမျိုခြင်းခံခဲ့ရလေပြီဖြစ်လေ၏။

စကုမော် ဆုတောင်းပြည့်စေတီအား ဦးအေး+ဒေါ်ကြေးနုတို့၏ အဆက်အနွယ်တော်များမှ ဆက်လက် မွမ်းမံပြုပြင်နေသောကြောင့် တင့်တယ်သပ္ပါယ်စွာ မားမားမတ်မတ် ကြည်ညိုဖွယ် တည်ရှိနေလေသည်။


**စေတီတော်၏ ပုံဟန်မှာ...**

အုတ်ဖိနပ်တော်ကို မြေပြင်တမံသလင်းမှ နှစ်တောင့်ထွာမြင့်၍ ပါပထောင့် အုတ်ခုံစွန်းများတွင် ခြင်္သေ့တစ်စီးစီ မာန်ဖီနေပုံ ထုလုပ်ထားပါသည်။

**ပထမပစ္စယံ၏** ထောင့်များ၌ ဒူးထောက်ထိုင်နေပြီး **သံလျက်ကိုင်ဟန်နတ်ဘီလူး**ကြီးများဖြင့် စောင့်ကြပ်နေကြလေ၏။

**ဒုတိယပစ္စယံ**၏ ထောင့်စွန်းများ

www.burmeseclassic.com



◆ စကုမော်ဆုတောင်းပြည့်စေတီတော်၏ အပြင်အဆင် အနီးကပ်ပုံ



◆ စကုမော်ဆုတောင်းပြည့်မှ စန္ဒမုခီမယ်တော်

တွင် **ရွှေမြူတာအိုးကြီး(၄)လုံးဖြင့်** ဝမ်းစာပြည့်စုံမှုကို တန်ဆာဆင်ထားလေ၏။

**တတိယပစ္စယံ၏** ထောင့်စွန်းအရပ်များတွင် **ပွင့်တော်မူပြီးခဲ့သော ဘုရားလေးဆူ**တို့အား ရည်ညွှန်းပူဇော်သောအားဖြင့် **ရွှေစေတီလေးဆူ** တည်ရှိထားပါသည်။

ခေါင်းလောင်းမှောက်၏ အခြေခံတွင် အရပ်ရှစ်မျက်နှာတို့အား ညွှန်းပြုထားပြီးလျှင် ကြာပွင့်များခံ၍ ခေါင်းလောင်းတော်ကို ဆင့်တင်ထားလေ၏။

ခေါင်းလောင်းတော်အား **စိန်တောင်ခါးစည်းဖြင့်** ပိုက်စည်းပြီး တန်းအောက်တို့တွင် **နတ်ဘီလူးကြီးရှစ်ဦးတို့**က လက်ခြင်းယှက်၍ စောင့်ရှောက်နေဟန် မြင်တွေ့ရပါလိမ့်မည်။

ခေါင်းလောင်းတော်၏ အထက်တွင် ဖောင်းရစ် ကိုးရစ်စီဖွဲ့၍ ရှင်တော်မြတ်ဘုရား၏ ကိုးဂုဏ်တော်ကို ဖော်ဆောင်ထားပါသည်။

ကြာမှောက်ကြာလန်တို့၏ အထက်ခရေသီး၌ ရွှေထီးတော်ဖြင့် အထွတ်ပူဇော်ထားလေရာ အလွန်လှပ၍ တင့်တယ်လှပေ၏။

**အောင်မြေသတ်မှတ်ရာ မုခ်ဦးကိုပထမပစ္စယာတွင် လိုက်ပြလုပ်ထား၍ ဒုတိယပစ္စယံနှင့် ဆက်သွယ်ထားခြင်းကို ထူးခြားစွာ မြင်တွေ့ကြရပါမည်။**

လောကမာရဇိန် ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်၏ နံတော်ရုပ်တော် အနှစ်သားများ၏ အောင်စာတော်ကိန်းအောင်းရာ စကုမော်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည်ကား စစ်ကိုင်းမြို့၏ မော်ကိုးမော်အောင်မြေနေရာမှန်တွင် ပေါ်ထွန်းနေသည်မှာ ၁၃၇၇ ခုနှစ်၊ တပေါင်းလအခါသမယ၌ အနှစ်(၁၅၀) ပြည့်လေပြီ။

ရှင်တော်မြတ်ဘုရား၏ ဗုဒ္ဓသာသနာ့ အောင်လံတော်ကား ကမ္ဘာတည်နေသမျှ ရောဝတီမြစ်ကြီးနှင့် အတူ တည်နေမည်သာဖြစ်ပါသည်။

တစ်နည်းအားဖြင့် သမိုင်းဝင် စကုမော် သိမ်တော်ကြီးမှာ နှစ်ပေါင်း (၅၄၀) မျှကြာပြီဖြစ်၍ ခေတ်အလီလီကို ကျော်ဖြတ်ရင်း လောကဓံ၏ အထုအထောင်းကို မလွဲမသွေ ခံစားရွေ့လျောသွားပြီဖြစ်သော်လည်း အမည်တော်ကား ပျောက်ဆုံးမည်မဟုတ်ပါ။

ရဟန်း၊ သာမဏေ (၁၀၀)ကျော်တို့ ဗုဒ္ဓစာပေကျမ်းဂန်များ ဆည်းပူးခဲ့ရာ ကျောင်းတော်ကြီး ကွယ်ပျောက်သွားပြီဖြစ်သော်လည်း စကုမော်ကျောင်းကလေးကား ရှင်သန်နေမည်သာ။

စကုမော် ဆရာတော်ကြီး မရှိတော့သော်လည်း ဗုဒ္ဓ၏ သားတော်များက တစ်ပါးပြီး တစ်ပါး လက်ဆင့်ကမ်းသယ်ဆောင်လာသည်မှာ အနှစ်(၄၀) ကျော်ပေရောမည်။

စကုမော် ဆုတောင်းပြည့်စေတီတော်မြတ် တည်ရှိရာ သမိုင်းဝင်မှ‌ဘော အောင်မြေနှင့် ဂန္ဓဝင် မော်ကိုးမော်တို့၏ အထိကရ အောင်မြေအရပ်တွင် ဝင့်ကြွားစွာ တည်ရှိခဲ့ဖြစ်သောကြောင့် တစ်ခါတစ်ခေါက် ရောက်ရှိပါက စစ်ကိုင်းတံတားဟောင်း၏ လက်ယာဘက်တွင် ဖူးမြင်နိုင်ကြပါသည်။

မိမိတို့တဝ ကောင်းကျိုးချမ်းသာများ တိုးပွားအောင်၊

လှပတင့်တယ်သော ပျော်ရွှင်စရာဘဝများ တည်မြဲအောင်၊

မရေသေးသော စီးပွားချမ်းသာများ ရရှိအောင်၊

ကျန်းမာကြံ့ခိုင်သော ကာယအား၊ စိတ်ခွန်အားများပိုင်ဆိုင်ဖို့...

လိုရာဆန္ဒများ မျှော်မှန်း ဆုတောင်းရင်း မြသားရောဝတီ၏ ဂန္ဓဝင် အလှတရားများကို စီးမျောခံစားလှည့်ကြဖို့ ဖိတ်ခေါ်လိုက်ရပါသည်။

***အဝေရာ ဘေးမဲ့ အေးမြချမ်းသာကြပါစေ...***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# အသိကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ် ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ် ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတဲယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် ၄သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညှိ ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ,လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက တက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ် ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ..။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါသလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."






"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာဆီလာတော့လဲ ပေါ့ဒါ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတရေတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **ကြောမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၅၂၄။

www.burmeseclassic.com

# ဓမ္မိက မြကြင်းတောင်တောရ ဆရာတော် ဦးသာသန

အား ဂါရဝပြု ဖူးမြော်ခြင်း (၂)

ဇင်ညိုငယ်

ယခင်လမှ အဆက်

## ကျောက်ဝပ်တောင်တောရ

ဓမ္မိကတောရတွင်းရှိ ဘုရားစေတီ သာသနိက အဆောက်အအုံ အချို့ကို ကြည့်ညိုလေ့လာပြီးနောက် ဆရာတော်ကြီး လမ်းညွှန်သည့်အတိုင်း ငှားထားသည့် ဆိုင်ကယ်နှင့် မင်းလှ–သရက်ကားလမ်းအတိုင်း ခရီးဆက်ခဲ့သည်။

မြို့တောင်ဘက် အစွန်တွင် လမ်းနှစ်မြွာ မြင်တွေ့ရလျှက် လက်ဝဲဘက်လမ်းမှာ မလွန်မြို့ဟောင်းသို့ရောက်၍ လက်ယာဘက်လမ်းကား သရက်မြို့သို့ ဦးတည်ကြောင်း သိရ၏။

သရက်လမ်းအတိုင်း လိုက်ခဲ့သည်တွင် လမ်းဘေးဝဲယာ၌ ရေနံတူးလုပ်ငန်း(မော်)များကို နေရာအနှံ့အပြား တွေ့ရှိရသည်။

ဆရာတော်ကြီး သာသနာပြုနေသော မြကြင်းတောင်ခြေသို့ပင် လာရောက်တူးဖော်ကြသဖြင့် ဆရာတော်ကြီးက သဘာဝပတ်ဝန်းကျင် မပျက်စီးစေရန် မေတ္တာရပ်ခံတော်မူလေရာ မြကြင်းတောင်အနီးတစ်ဝိုက် ဧရိယာ သတ်မှတ်၍ ရေနံမတူးရဟု အမိန့်ထုတ်ပြန် တားမြစ်ထားကြောင်း သိရသည်။

နေပူ လေပူကို ဖြတ်သန်း၍ တောင်ကုန်းအတက်အဆင်း (၂၂)မိုင်ခန့် ခရီး



▲ ကျောက်ဝပ်တောင်ပုထိုး

▼ ကျောက်ဝပ်တောင် အဝေးမြင်ကွင်း



ပေါက်သောအခါ **ကျောက်ဝပ်တောင်**သို့ ရောက်ရှိသည်။

ကျောက်ဝပ်တောင်ရိပ်သာ တရားစခန်းသည် ဆရာတော် ဦးဆောင်ဖွင့်လှစ်သော ဝိပဿနာ တရားစခန်းများတွင် အပါအဝင်ဖြစ်၍ သုံးရာ



www.burmeseclassic.com


www.burmeseclassic.com




◆ ကျောက်ဝပ်တောင် အဝင်မုခ်လမ်း

ရွှာရုံတွင်းရုပ်ပွားတော် ◆

◆ ကျောက်ဝပ်ရွာရုံ





ပြည့်နှစ်မှစ၍ တောင်ထိပ်လွင်ပြင်၌ (၂၇)ပေ အမြင့်ရှိသော ပုထိုးတော်ကြီး တစ်ဆူ တည်ဆောက်ပူဇော်ခဲ့ကြောင်း သိရသည်။

တောင်ထက် ရောက်သောအခါ တာဝန်ခံဦးပဥ္စင်း ဦးသြဘာသကို ဖူးတွေ့လျှောက်ထားခွင့် ရခဲ့သည်။

'ဆရာတော်ကြီးက ဝဲ့မှာ အားထားရတဲ့ ပရိယတ်တပည့်တော့များတယ်။ ပဋိပတ်တပည့် မရှိသေးဘူး။ ကျောက်ဝပ်တောင်မှာ မင်း တာဝန်ယူပါဆိုလို့ ဦးပဥ္စင်း သီတင်းသုံးဖြစ်ပါတယ်'

ဟု အစချီကာ ဆရာတော် ဦးသာသန ကျင့်ကြံအားထုတ်သည့် ကန္တီရွှေသိမ်တော် ပဋိပတ္တိနည်းနိဿယ များကို မိန့်ကြားရှင်းလင်းပေးတော်မူသည်။

ယင်းနောက် ထိုအရှင်ငယ် ဦးဆောင်မှုဖြင့် တောရအတွင်း လှည့်လည်ကြည့်ရှုသည်။

ကျောက်ဝပ်တောင်မှာ အစောင့်ကာရက အင်အားကောင်းမွန်၍ နတ်ကြီးသည်ဟု ဆိုစမှတ်ပြုကြသည်။ ၁၃၆၉ ခုနှစ်တွင် ကျောက်ဝပ်တောင် သာသနာမြေအား စတင် ထူထောင်ရာ တောင်ပတ်ကားလမ်းသစ် ဖောက်လုပ်ကြသည်။

ထိုအခါ စက်ယန္တရားကြီးများမှာ စက်ချွတ်ယွင်းမှုမရှိဘဲအလိုအလျောက် ရပ်တန့်သွားခြင်း၊ ကုန်းလျှောအတိုင်း လျှောကျခြင်း စသည်တို့ ကြုံကာ တောင်ပတ်ကားလမ်းအသစ် ဖောက်လုပ်မှု မအောင်မြင်ခဲ့ချေ။

နောက်ဆုံးတွင် မူလရှိရင်း မြေလမ်းကိုပင် ကားလမ်းအဖြစ် မွမ်းမံဖောက်လုပ်ခဲ့ရသည်။ အနည်းငယ် မတ်စောက်သော်လည်း ကား၊ ဆိုင်ကယ်များ တက်ရောက်နိုင်သည်ကိုတွေ့ရပေသည်။

တောင်ခြေမှ တက်လာပါက ဦးစွာ ခဏ္ဍသိမ်ကို တွေ့ရပါမည်။ ဤသိမ်တော်ကို ၁၃၇၃ ခုနှစ်တွင် ဆရာတော် ဦးသာသန ဦးဆောင်ကာ တည်

www.burmeseclassic.com




◆ ဈေးရုံတွင်းမြင်ကွင်း

◆ ကျောက်ဝင်းသိမ်တော်



◆ သိမ်နှင့် ကျောက်ဝင်းကျောင်း





◆ လိုဏ်အဝင်

◆ ကျောက်ဝင်းတောင် ဆရာတော်
ဦးဩဘာသ





www.burmeseclassic.com

www.burmeseclassic.com



◆ မုစလိန္ဒ



◆ မုစလိန္ဒနှင့် လိုဏ်ဂူ

ဆောက်ခဲ့သည်ဆို၏။ သိမ်တော်အနီး၌ ထည်ဝါသော သာသနာ့ဗိမာန်ကြီး တည်ရှိသည်။ အတွင်း၌...

✤အထက်မင်းလှမြို့နယ်၊ ကျောက်ဝပ်တောင်တောရ

✤နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးမှုလိမ္မာသင်တန်း

ဟူသော ကမ္ပည်းစာတန်းကို တွေ့ရ၏။ ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ပြီးစီးသည်မှာ ရက်ပိုင်းမျှသာ ရှိသေး၍ ကျေးရွာပေါင်း(၂၆)ရွာမှ ကျောင်းသားကျောင်းသူ (၈၁၁)ဦးတို့ ပါဝင်တက်ရောက် ဖြေဆိုခဲ့ကြကြောင်း သိရ၏။

ဆရာတော် ဦးသာသန၏ ဩဝါဒကို ခံယူကာ ဦးဩဘာသ ဦးဆောင်ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်သည်။ အောင်မြင်သော ဤအခြေနေက အနာဂတ်သာသနာ့ရေးတွက် ဝမ်းမြောက်သာဓုခေါ်စရာ ကောင်းလှပေသည်။

ဘုရားဆောင်တွင်ကား ဓမ္မစက္ကမုဒြာ တင်ပျဉ်ခွေ ကြေးသွန်းရုပ်ပွားတော်ကြီးတစ်ဆူ ပူဇော်ထားသည်။ ကျောက်ဝပ်တောင်တောရ ဝိပဿနာတရားစခန်းကို အတာသင်္ကြန်ကာလနှင့် နတ်တော်လများတွင် ကျင်းပဖွင့်လှစ်လေ့ရှိရာ နှစ်စဉ် ယောဂီ(၃၈၀)မှ (၄၀၀)ခန့် လာရောက်၍ အားထုတ်လေ့ရှိကြောင်း သိရသည်။

## ကျောက်ဝပ်တောင်ပုထိုးတောင်

ကျောက်ဝပ်တောင်ထိပ် လွင်ပြင်တွင် အမြင့်(၂၇)ပေရှိသော ကျောက်ဝပ်တောင် ပုထိုးတော်ကို ဖူးတွေ့ရသည်။


၁၃၇၀ ပြည့်နှစ်၊ နယုန်လတွင် ဆောက်တည်ကာ တည်ဆောက်သူ ပန်းရန်ဆရာများအားလုံး ညတွင် တရားစခန်းဝင်၍ နေ့တွင် လုပ်ငန်းခွင်ဝင်လျက် ဆယ်လတာအတွင်း အပြီးသတ်နိုင်ခဲ့ကြောင်း သိရ၏။


ရင်ပြင်တော်အောက်ခြေ တောင်နှင့်မြောက်ဘက်များတွင် ယောဂီ(၉၀)ဦးစီ နေထိုင်နိုင်သော လိုဏ်ခန်းရှည်နှစ်ခု ဖွဲ့စည်းထားသည်။ အရှေ့နှင့် အနောက်ဘက်တွင်မူ ကုန်းတော် ခိုင်ခံ့စေရန် မြေသားအမာခံသာ ထားရှိ၍ လိုဏ်ခန်းများ ဖွဲ့ထားခြင်းမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com





ဘုရားဓာတ်တော်အချို့

ဘုရားရှင်ဓာတ်တော်အချို့

ကုန်းတော်ရင်ပြင် အလယ်ဗဟို၌ တင်ပျဉ်ခွေမုနိလေးဆူ ကျောချင်းကပ် ပူဇော်ထားကာ မဏ္ဍိုင်ထီးတော် အထက် ခေါင်းလောင်းမှောက်စေတီငယ် ပေါက်ထားသည်။

မုနိလေးဆူ ပလ္လင်အောက်တွင် တိုက်မ လိုဏ်ခန်း ထားရှိ၏။ **"နှစ်ကျိပ်ရှစ်ဆူဓာတုဗိမာန်တော်"**ဟု ကမ္ပည်း တင်လျက် လိုဏ်ခန်းအတွင်း ရုပ်ပွား တော်(၂၈)ဆူနှင့် ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော် မွေတော်များကို ပူဇော်ထားရှိလေသည်။

စေတီလိုဏ်အတွင်း အဖြူ၊ အနီ၊ အဝါ၊ အပြာ၊ ရွှေရောင် စသည့် ရောင်စုံ သပ္ပါယ်လှသော ဘုရားရှင်ဓာတ်တော် များစွာနှင့်တကွ ရှင်အာနန္ဒာ၊ ရှင်ဗာကုလ၊ ရှင်ဂဝံပတိ၊ ရှင်သီဝလိ၊ ရှင်မောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာ၊ ရှင်အရဟံ၊ ရှင်နာဂသိန် စသည့် ခေတ်အဆက်ဆက် ရဟန္တာများ၊

သာဝကရဟန္တာတို့၏ ဓာတ်တော်အချို့




www.burmeseclassic.com



▲ လိုဏ်တွင်းရှိ ဓာတ်တော်များ ပူဇော်ထားပုံ

▼ ရွှေရောင်ဓာတ်တော်များ



ဓာတ်တော်များကို ကမ္ပည်းစာနှင့် တကွ ကြည်ညိုဖွယ် ဖူးမြင်ရပေသည်။ ဓာတ်တော်များနှင့်အတူ ကြေးပြား ကမ္ပည်းစာတခုတစ်ခုကိုလည်းတွေ့ရ၏။

## လူနတ် ပူဇော်ထိုက်သောသူ

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ လေးပါးရှိသည်တွင် ဓမ္မစေတီကို ကိုးကွယ်လိုသောသူသည် ပဋိစ္စသမုပ္ပါဒ်ကို ဒေသနာတော် ပါဠိတော်များကို ရွှေပြားငွေပြားမှာရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာ လာသည်တစ်ရပ်…

ဓမ္မာနုဿတိ တည်ရှိသောသူ၏ ခန္ဓာကိုယ်သည် စေတီ ကျောင်းနှင့် အလားတူသည်။ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာသည်တစ်ရပ်…

ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည် ငါ၏ကိုယ်တော်ကိုယ်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည်တစ်ရပ်…

ဤသို့ လာသော အရာများကို ထောက်၍ "ပဋိစ္စသမုပ္ပါဒ် ဒေသနာ အကျဉ်းအကျယ် ပါဠိတော်ကြီးများကို အရကျ၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သောသူသည် ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ ဓမ္မစေတီ ကျောင်းနှင့်တူ၏။ လူနတ်တို့၏ ပူဇော်ခြင်းကို ခံထိုက်၏"

ဟု ဖတ်ရှုမှတ်သားရပေသည်။

ကျောက်ဝပ်ခေါင် ပုထိုးတော်ကြီးသည် တောင်ထိပ်အမြင့်ထက် တည်ရှိသဖြင့် ဝန်းကျင်အဝေးမှပင်လှမ်း၍ ဖူးမြော်နိုင်သော စေတီတော်ဖြစ်သည်။

ပုထိုးရင်ပြင်ပေါ်မှ မင်းလှ–သရက်ကားလမ်းနှင့် မလှမ်းမကမ်းရှိ မြကင်းတောင်တို့ကို ရှုမျှော်ခံစားနိုင်သည့် ရှုခင်းသာ နေရာကလေးလည်းဖြစ်လေသည်။

---

**ရွှေလ ဆက်ဖတ်ပါရန်**

**ဇင်ညိုငယ်**

www.burmeseclassic.com

လာဘ်လာဘရွှင်လန်းစေမည့်

# ပဋ္ဌာန်းပုတီးစိပ်နည်း

ပဋ္ဌာန်းတရားသည် ကံဇာတာကို အထူးပွင့်လန်းစေကြောင်း သိသူ များကြပါတယ်။ အပွင့်ဇာတ်၊ အလင်းဇာတ်ကို ဆောင်ကြောင်းကိုလဲ သိကြမှာဖြစ်ပါတယ်။

ပဋ္ဌာန်းတရား ယုံကြည်စွာ ရွတ်ဆိုပူဇော်ခြင်းသည် ဘုန်းကံပွင့်လန်းခြင်း၊ စန်းလက်ပွင့်လန်းခြင်း၊ ဉာဏ်ပွင့်လန်းခြင်း၊ လာဘ်ပွင့်လန်းခြင်း စတဲ့ အပွင့်ဇာတ်ကို ပေးစွမ်းနိုင်ပါတယ်။

ထို့ပြင် အ်ကာအကွယ် ခံတပ်သဖွယ် ဘေးရန်အနှောင့်အယှက် အန္တရာယ်အပေါင်းကိုလဲ ကာကွယ်နိုင်စွမ်း ရှိပါတယ်။ သို့ရာ၌ ဤနေရာတွင်တော့ အပွင့်ဇာတ် ရစေမယ့် နည်းကောင်းကို အာစရိယဝါဒအရ တင်ပြမှာ ဖြစ်ပါတယ်။

ဘုရားရှင်သည် ဗောဓိပင်နဲ့ ရွှေပလ္လင် အောင်မြင်တော်မူသည်ဖြစ်၍ ဤကျင့်စဉ်ကို **ဗောဓိပင်ဘုရား၊ ဗောဓိပင် ဂြိုဟ်ရှစ်ခွင်ဘုရားတွင်** ဆောင်ရွက်ရပါမယ်။ ဂြိုဟ်ပြေနံ့ပြေ စေတီတော်လို့လဲ တချို့က ခေါ်ဝေါ်ပါတယ်။

ထို ဗောဓိပင်ဘုရားတွင် အမိဋ္ဌာန်ဖြင့် ပဋ္ဌာန်း ၂၄ ပစ္စည်းကို ပုတီးစိပ်ရပါမယ်။

ပုတီးသည် (၁၀၈)လုံးဖြစ်၍ ၂၄ ပစ္စည်းကို ပုတီးစိပ်လျှင် ပဋ္ဌာန်းပုတီး(၂)ပတ်စိပ်မှအံကိုက်ပါတယ်။ (၂၄×၉=၂၁၆)ဖြစ်ပါတယ်။ ဒါကြောင့် ပုတီးစိပ်လျှင်



(၂-ပတ်)ကို ပုတီး(၁)ပတ်လို့ သတ်မှတ်ရန် ဖြစ်ပါတယ်။

ထို့ကြောင့်...

လာဘ်လာဘ ရွှင်လန်းလိုသော (၇)ရက်သားသမီးများ မိမိတို့ရဲ့မွေးနေ့တွင် စတင်ပြီး အမိဋ္ဌာန် (၂၄)ရက် ဆောင်ရွက်ရပါမယ်။ ဦးစွာ သရဏဂုံဆောက်တည်ခြင်း၊ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ သီလယူခြင်း၊ အမျှဝေခြင်း စတဲ့ ရှေးဦးပြုဖွယ်များကတော့ မိမိတို့ရဲ့ ဆန္ဒသဘောမူအရ ဆောင်ရွက်နိုင်ပါတယ်။

ဤကျင့်စဉ်ကို နေ့သားအလိုက် လှူရမယ့် အညွန့်ပန်းများကို ဇယားဖြင့် ဦးစွာဖော်ပြလိုက်ပါတယ်။

ပဋ္ဌာန်း ၂၄ ပစ္စည်းကို ပုတီး(၉)ပတ်စိပ်ပြီး ဆုတောင်းပါ။ ပြီးရင် **ဗောဓိပင်ဝန်းကျင်၌ အမှိုက်လှည်းခြင်းဖြင့် ကုသိုလ်ယူလိုက်ပါ။**

**ဂမ္ဘီရသဘောအရကြည့်ရင်...**

**ဗော ဓိ = ၅ ၇**
**↓ ↓ ↓ ↓**
**ပ ဋ္ဌာန်း = ၅ ၇**

လို့ တွေ့ရပါမယ်။

***ကံကောင်းနိုင်ကြပါစေ။***

**သန်းသုတ**

| နေ့သား | အညွန့်ပန်း | အရေအတွက် |
|---|---|---|
| တနင်္ဂနွေ | ကံ့ကော် | ၁၅ |
| တနင်္လာ | ဆီး(ဇီး) | ၈ |
| အင်္ဂါ | ဝါး | ၁၇ |
| ဗုဒ္ဓဟူး | ပျဉ်းမ | ၁၉ |
| ကြာသပတေး | သီဟိုဠ် | ၂၁ |
| သောကြာ | မိုးတေအက် | ၁၀ |
| စနေ | အုန်း | ၆ |

နေ့အလိုက် ဆောင်ရွက်ရမည့် အချိန်ဇယား

| နေ့ | ဆောင်ရွက်ရမည့်အချိန် |
|---|---|
| တနင်္ဂနွေ | နံနက် ၇း၃၀နာရီ မှ နံနက် ၉း၀၀နာရီထိ |
| တနင်္လာ | နေ့လယ် ၁း၃၀နာရီ မှ ညနေ ၃း၀၀နာရီ |
| အင်္ဂါ | နံနက် ၉း၀၀နာရီ မှ နံနက် ၁၀း၃၀နာရီ |
| ဗုဒ္ဓဟူး | ညနေ ၃း၀၀နာရီ မှ ညနေ ၄း၃၀နာရီ |
| ကြာသပတေး | နံနက် ၁၀း၃၀နာရီ မှ မွန်းတည့် ၁၂း၀၀နာရီ |
| သောကြာ | ညနေ ၄း၃၀ နာရီ မှ ညနေ ၆း၀၀နာရီ |
| စနေ | မွန်းတည့် ၁၂း၀၀နာရီ မှ နေ့လယ် ၁း၃၀နာရီ |



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆသထလ (တိုး)-၁၃၁၂

အသိကျအကြောခြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဖင်း) ၁၃၀/၀၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ခတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ့်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ၊

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ရျ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)





www.burmeseclassic.com

www.burmeseclassic.com

မင်းဝံတောင်မှ

# မယ်နတ်ပေးစေတီ



▲ ရင်ပြင်တော်မှ မှုရပုံ

မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ သီတင်းသုံးတော်မူခဲ့သည့် ဓမ္မနာဒတိုက်ကိုကျော်လွန်၍ မင်းဝံတောင်ထက်ဆီသို့ တက်ခဲ့ပါက နာရီဝက်ခန့်အကြာတွင် **ဂူကလေးချောင်**သို့ ရောက်ရှိပါမည်။

**ဤနေရာကား မင်းတုန်းမင်းလက်ထက် နာမည်ကျော်သီလရှင်ဆရာကြီး မယ်ကာင်းနှင့်ခေတ်ပြိုင်သီလရှင်ဆရာကြီး မယ်နတ်ပေး နေထိုင်အားထုတ်ရာနေရာ ဖြစ်၏။ မယ်ကာင်းက ပရိယတ္တိတွင် အားသန်၍ မယ်နတ်ပေးက ပဋိပတ္တိတွင် အားသန်သည်။**

**"သီလရှင်အစ ထွန့်ခေါင်က"**ဟု ဆိုသည့်အတိုင်း ထွန့်ခေါင်ဆရာတော်ကြီး၏ ဆုံးမလမ်းညွှန်မှုဖြင့် သီလရှင်သာသနာကို စတင်ခဲ့ကြသော ရှေးဦးသီလရှင်ဆရာကြီးများ ဖြစ်ကြ၏။

ထိုချောင်တွင် **သီလရှင်ဆရာကြီး မယ်နတ်ပေး ကျင့်ကြံအားထုတ်ရာ လိုဏ်ဂူကလေးရှိ၍** ယခုအခါ အုတ်တိုက်အဖြစ် မွမ်းမံပြုပြင်ထားကြသည်။


မယ်နတ်ပေးအားထုတ်ခဲ့ရာ လိုဏ်ဂူကလေးကို အစွဲပြုကာ **"ဂူကလေးချောင်"**ဟု ခေါ်တွင်ကြခြင်းဖြစ်သည်။


**မင်းကွန်း ဓမ္မနာဒတိုက်ထူထောင်သူ ဒေါ်ဓမ္မစာရီသည် မယ်နတ်ပေး၏ အဆွယ်တည် အစဉ်အဆက်ဖြစ်သည်။**

ဆရာကြီး မယ်နတ်ပေး၏ တပည့် ဒေါ်သောရီ(ခေါ်) **သီလရှင်ကြီး ဆရာထပ်**။ ဆရာထပ်၏တပည့် အဘိဓမ္မာကျွမ်းကျင်သူ **သီလရှင်ဆရာကြီး ဆရာအိ**။ ဆရာအိ၏တပည့် **ဒေါ်ဓမ္မစာရီ**ဖြစ်သည်။ ဒေါ်ဓမ္မစာရီကား ရှင်ဝိစိတ္တသာရ သာမဏေဘဝမှစတင်၍ မွေးစားမိခင် သာသနာ့မယ်တော်အဖြစ် ကူညီစောင့်ရှောက်ပေးခဲ့သူ ဖြစ်လေသည်။

မယ်နတ်ပေးဂူကလေး၏ အရှေ့မြောက်ထောင့်တွင် **"သဒ္ဓမ္မဇောတိကာရုံ"**ကျောင်းတိုက်ရှိ၏။ တောင်ကုန်းမြင့်ထက် တည်ထားသော ကျောင်းဖြစ်၏။ ထိုကျောင်းဝင်း အတွင်း ဆရာကြီးမယ်နတ်ပေး ဘုရားအာရုံပြုလေ့ရှိသော မယ်နတ်ပေး စေတီ ကိန်းဝပ်တော်မူသည်။

www.burmeseclassic.com





◆ စေတီအဝင်မုခ်

◆ မယ်နုတ်ပေးစေတီနံဘေးမြင်ကွင်း



သမ္ဗုဒ္ဓဝေဘာဂီကာရုံကျောင်းမုခ်ဦး ◆

◆ မယ်နုတ်ပေးလှိုဏ်ဂူ



သီးခြား အရာမ်တံတိုင်းကာထား၍ အဝင်မုခ်တွင် **"မယ်နုတ်ပေးစေတီတော်"**ဟု ကမ္ပည်းထိုးထားသည်။ စေတီတော်မှာ ခြသေ့်လေးကောင်ရံ အုတ်ခုံအထက် ပစ္စယံသုံးဆင့်ခံ၍ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

**ပစ္စယံထောင့်များ၌ ကာလသာဓိုးများ ပူဇော်ထားသည်။ ခေါင်းလောင်းမှောက် ပတ်လည့် ဘီလူးလက်ယှက်များ တန်ဆာဆင်ထားပါ၏။**

သီလရှင်ဆရာကြီး မယ်နုတ်ပေးသည် ဝိပဿနာကမ္မဋ္ဌာန်းကိုသာ အားထုတ်တော်မူခဲ့သည်။ သတိပဋ္ဌာန်တရားလိုက်စားမှု နည်းပါးသေးသည့် ကာလဖြစ်ကာ အမျိုးသမီးများအတွင်း သီလရှင်ဘဝဖြင့် သတိပဋ္ဌာန်တရားလိုက်စားအားထုတ်သည့် ပထမဆုံးပုဂ္ဂိုလ် ဖြစ်ခဲ့သည်။



F.14B, September, 2016.

စာမျက်နှာ (၁၀၈) သို့

www.burmeseclassic.com

www.burmeseclassic.com

# ထီကံပွင့်

## ဆုတောင်းပြည့်အဓိဋ္ဌာန်

သန်းဒေါင်
(ပညာရေး)



ထီကံပွင့် ဆုတောင်းပြည့်အဓိဋ္ဌာန်သည်...

ထီပေါက်စေရန်အတွက် အဓိက အာသီသပြုထားသော အဓိဋ္ဌာန်ကျင့်စဉ် တစ်ခုဖြစ်ကြောင်း ထင်ရှားလှပါတယ်။

ထို့ကြောင့်...

**အာစရိယဝါဒအရ...**

"**ထီပေါက်**"ဆိုသည့် ပညတ် အမည်အရ စနေစ ကြာသပတေးနံ အခံရှိသော (ဝါ) ကြာသပတေးနံအစ စနေနံ အဆုံးရှိသော ပညတ်ကောင်းကို ရှာဖွေရမည် ဖြစ်ပါတယ်။

ပညတ်ကောင်းကို ရှာဖွေရန် ရတနာသုံးပါး ဘုရား,တရား,သံဃာကို ဦးထိပ်ထားသည်ဖြစ်၍ ဘုရားအနေဖြင့် ပညတ်ကောင်းရှာရာတွင်...

"**ဗျာဒိတ်ပေးဘုရား**" ဟူသည့် ပညတ်ကောင်းကို တွေ့ရပါတယ်။

ထိုပညတ်နှင့် အလားသဏ္ဍာန်တူ ပညတ်ကောင်းများကို ရှာဖွေရာ၌ ဓမ္မတရားတော်အားဖြင့် **ပဋ္ဌာန်း, မေတ္တာ,ပုဗ္ဗဏှ,ဗုဒ္ဓေါ** စသည့် ဂုဏ်ဒြပ်များကို တွေ့ရှိရပါတယ်။ ထို့ပြင် **ပုတီး,ဝိတောက်**ဟုလဲ တွေ့ရပြန်ပါတယ်။

ဤတွင်...

ထီကံပွင့်စေရန် ဗျာဒိတ်ပေးဘုရားထံတွင် ဆုတောင်းရမှာ ဖြစ်ပါတယ်။ တရားတော်အားဖြင့် ကံပွင့်စေတတ်တဲ့ တရားတော်ဖြစ်တဲ့ ပဋ္ဌာန်းတရားကို ရွတ်ဆိုရန် ပုတီးစိပ်ရန်လဲဖြစ်ပါတယ်။

စိပ်ပုတီးကို ရွေးချယ်ရာ၌ ဝိတောက်သားပုတီးကို ရွေးချယ်ရမှာလဲ ဖြစ်ပါတယ်။

ဦးစွာ...


ဗျာဒိတ်ပေးဘုရား ရှေ့မှောက်တွင် **အလင်းတိုင်၊ နံ့သာတိုင်၊ ရေတော်၊ ပန်း၊** စသည်တို့ကို သဒ္ဓါအလျောက် လှူဒါန်းပြီး ဦးစွာ သရဏဂုံဆောက်တည်လိုက်ပါ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ } *[၃–ခေါက်]*

သရဏဂုံသုံးပါးသည် ဗုဒ္ဓံ၌ အက္ခရာ(၈)လုံး၊ ဓမ္မံ၌ အက္ခရာ(၈)လုံး၊ သံဃံ၌ အက္ခရာ(၈)လုံး ပါရှိရာ စုစုပေါင်း အက္ခရာ(၂၄)လုံးဖြစ်၍ **ကုလား မိတ်ဖက်** ဖြစ်သလို ကောလီဓာတ်လဲ ဖြစ်ပါတယ်။

ကြည့်ပါ...

* * *




ထို့အတူ ပဋ္ဌာန်း ၂၄ ပစ္စည်းနဲ့လဲ ဓာတ်တူနံတူဖြစ်ကြောင်း တွေ့ရပါမယ်။

ရတနာသုံးပါးကို အထွတ်ထားသော ကျင့်စဉ်ဖြစ်၍...

| | |
|---|---|
| ဘုရားဂုဏ်တော်(၉)ပါး | ၉–ပတ် |
| တရားဂုဏ်တော်(၆)ပါး | ၆–ပတ် |
| သံဃာဂုဏ်တော်(၉)ပါး | ၉–ပတ် |
| | ၂၄–ပတ် |

စိပ်ရပါမယ်၊ ပြီးလျှင်...

**ပဋ္ဌာန်း ၂၄ ပစ္စည်း**ကို ရွတ်ရပါမယ်။ ဆုတောင်းပါ။

* * *

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဘွာကွာတော** | = ဘွက်ခါတော |
| **သန္ဒိဋ္ဌိကော** | = သန်ဒိတ်ထိကော |
| **ပဿိကော** | = ပတ်သိကော |
| **ဩပနေယျိကော** | = အောပနေယိကော |
| **ပစ္စတ္တံ** | = ပစ်စတ်တံ |
| **ဝေဒိတဗ္ဗော** | = ဝေဒိတပ်ဗော |
| **ဝိညူဟိ** | = ဝိန်ညူဟိ |
| **သုပ္ပဋိပန္နော** | = သုပ်ပတိပန်နော |
| **ဥဇုပ္ပဋိပန္နော** | = အုဇုပ်ပတိပန်နော |
| **ဉာယပ္ပဋိပန္နော** | = ညာယပ်ပတိပန်နော |
| **သာမီစိပ္ပဋိပန္နော** | = သာမီစိပ်ပတိပန်နော |
| **ဒက္ခိဏေယျော** | = ဒက်ခိနေယျော |



www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၁။သော ဘဂဝါ ဣတိပိ အရဟံ(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၂။သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၃။သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၄။သောဘဂဝါ ဣတိပိ သုဂတော(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၅။သောဘဂဝါ ဣတိပိ လောကဝိဒူ(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၆။သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ (*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၇။သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၈။သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၉။သောဘဂဝါ ဣတိပိ ဘဂဝါ(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၁၀။သွာက္ခာတော ဘဂဝတာ ဓမ္မော(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၁၁။သန္ဒိဋ္ဌိကော ဘဂဝတာ ဓမ္မော(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၁၂။အကာလိကော ဘဂဝတာ ဓမ္မော(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၁၃။ဧဟိ ပဿိကော ဘဂဝတာ ဓမ္မော(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၁၄။ဩပ နေယျိကော ဘဂဝတာ ဓမ္မော(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၁၅။ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဘဂဝတာ ဓမ္မော (*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၁၆။သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၁၇။ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော(*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၁၈။ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော (*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၁၉။သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော (*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၂၀။သေ ဘဂဝတော သာဝက သံဃော အာဟုနေယျော (*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၂၁။သေ ဘဂဝတော သာဝက သံဃော ပါဟုနေယျော (*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၂၂။သေ ဘဂဝတော သာဝက သံဃော ဒက္ခိနေယျော (*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၂၃။သေ ဘဂဝတော သာဝက သံဃော အဉ္ဇလိ ကရဏီယော (*ပုတီးတစ်လုံးချ*) | ၁-ပတ် |
| ၂၄။သေ ဘဂဝတော သာဝက သံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ (*ပုတီးတစ်လုံးချ*) | ၁-ပတ် |

**အဉ္ဇလိ** = အင်ဇလိ
**အနုတ္တရံ** = အနုတ်တရံ
**ပုညက္ခေတ္တံ** = ပုန်ညက်ခစ်တံ

*အေးမြရှင်မှာ ရှိပါစေ။*

**သန့်ဒေါင်(ပညာရေး)**

**၁၀၈ နဂ္ဂဏ္ဏ ကျောင်းခြံညီမဂ္ဂဇင်း**

**စာမျက်နှာ (၁၀၆)မှ အဆက်**

နောက်ပိုင်းကာလ ရောက်မှသာ လယ်တီဆရာတော်၊ အင်းခန်း ဆရာတော်၊ ငှက်တွင်းဆရာတော်တို့၏ လှုံ့လကြောင့် ပဋိပတ္တိ သာသနာတော် ပျံ့နှံ့ဖွံ့ဖြိုးလာခြင်း ဖြစ်လေသည်။

မယ်နုတ်ပေးသည် လောကီအလို ဆန္ဒနည်းပါးခြိုးခြံလေ့ရှိသည့် အားလျော်စွာ သူ၏ အတ္တပ္ပဝတ္တိကို သိရှိသူ နည်းလှသည်။ သို့သော်လည်း သူ ကျင့်ကြံအားထုတ်ခဲ့သည့် လိုဏ်ဂူနှင့် အာရုံပြု ပူဇော်လေ့ရှိသော စေတီတို့မှာ ယနေ့တိုင် တွေ့မြင်နိုင်ကြပါသည်။

သာသနာ့အာဇာနည် ပုဂ္ဂိုလ်တစ်ဦး ၏ အဓိကာရနေရာနှင့် စေတီတော်တို့ ဖြစ်ကြလေရာ သာသနာဝင်မှတ်တမ်း အဖြစ်သော်လည်းကောင်း၊မင်းဝံတောင် ၏ သမိုင်းဝင်နေရာထူးအဖြစ်သော် လည်းကောင်း သွားရောက်လေ့လာ ကြည့်ရှုသင့်ကြောင်း လမ်းညွှန်တင်ပြ ရပါသည်။

ဆရာကြီးမယ်နုတ်ပေး၏ ဘဝ ဖြစ်စဉ်နှင့် ကျင့်ကြံအားထုတ်ခဲ့သည့် တရားနည်းနိဿယများကို ပြန်လည် ဖော်ထုတ်ပေးနိုင်ပါက သာသနာ အတွက် အကျိုးများလိမ့်မည်ဟု မျှော်လင့်မိရပေသည်။ သိရှိထားသူများ ကူညီပေးကြပါရန် မေတ္တာရပ်ခံရပေ သည်။

မယ်နုတ်ပေး စေတီကုန်းတော်မှာ တိတ်ဆိတ်အေးချမ်း၍ ကမ္မဋ္ဌာန်း ဆောက်တည်အားထုတ်ပါက သမာဓိ ရလွယ်ကြောင်း၊ ဖမ္ဗူးရိုးရတနာ ပေါ်တော်မူကျောင်း ဆရာတော် အရှင်ကုန္ဒကက သူ့အတွေ့အကြုံအရ မိန့်ကြားတော်မူလေသည်။

**မင်းကွန်းသို့ရောက်လျှင် ဓမ္မနာဒ ကျောင်းဝင်းအတွင်း ဝင်ရောက် ဖူးမြော်နိုင်ကြပါသည်။**

**ခွန်းဝိုင်းဝမ်း**

www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ

ကြည့်ပါ။

**◎ နှလုံးလမ်းကြောင်း ရှည်လျား ကောင်းမွန်နေကြောင်း တွေ့ရတယ်။ (က.က)**

ဒါကတော့ သဘောကောင်း မနော ကောင်းခြင်းရဲ့ ပြယုဂ်တွေပါပဲ။

**◎ ဉာဏ်လမ်းကြောင်းသည် တနလာ ဂြိုဟ်ခုံဆီသို့ ကွေးဆင်းနေတယ်။ (ခ.ခ)**

ဒါကတော့ နှလုံးရည်ကောင်းမွန်ကြောင်းပါပဲ။

**◎ လက်သန်းက အပြင်သို့ ကားထွက်နေတယ်။ (ဂ.ဂ)**

ဒါကတော့ မာယာပရိယာယ်ကင်းတဲ့အကြောင်းပါပဲ။




ကဲ...ဒါဆိုရင်...

သူ...

ဘယ်လိုလူစားလဲ

ဆိုတာ

သိနိုင်လောက်ပါပြီ။

***အောပါစေ အောင်ပါစေ။***

**သန်းမေညာ**



www.burmeseclassic.com

www.burmeseclassic.com

# ဗန္ဒါးကျိုးပေါင်း [ကျည်းပေါင်း] အာဂဆေးကောင်း

သိရှိသူ ပညာရှင်များမှ ဖြေကြားပေးကြပါရန်

စိုးလင်းအောင်
(မြန်အောင်)

မြန်အောင်စာတိုက်သို့ သွားတိုင်း ရေနံမြေရဲစခန်းမှ ကိုခင်မောင်ဆွေ (နယ်ထိန်း)တို့ ကွမ်းယာဆိုင်ကို ဝင်မိသည်။

လူစုံ၏။ လူစုံတော့ သတင်းစုံသည်။ ထို့နောက် ဂမ္ဘီရဇာတ်လမ်းကုန်ကြမ်းများ...၊

ကိုခင်မောင်ဆွေက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပရိသတ်ဖြစ်၏။ လစဉ်ဝယ်ဖတ်သည်။ **၂၀၁၆ ခုနှစ်၊ ဧပြီလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပါလာသည့် မောင်ဘုန်းမြင့်(သင်္ဂြိုဟ်)ရေးသော "ထိုးဖောက်အမြင် ခွက်ပေါက်အစီအရင်"** ဆိုသော ဆောင်းပါးလေးကို ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးနေကြ၏။

ထိုအကြောင်း အကျဉ်းမှာ... ထောက်ကြံ့ကျိုးပေါင်းကို နွားနက်မ နို့ရည် (သို့မဟုတ်) ကြက်နက်မ သည်းခြေနှင့်ဖြစ်စေ သွေးပြီး မျက်စိကို ကွက်၍ (သူပေးထားသော) မန္တန်ကို ရွတ်ဖတ်ပါက ကောင်းကင်ကို ကြည့်လမြင်ရ၏။ ညကိုကြည့်လျှင် နေ့ကဲ့သို့ ပကာတိရှိသည်။ မည်သည့် အကာအဖုံး အအုပ်ရှိစေကာမူ အတားမရှိ ထင်ကုန်၏။

ထိုအစီအရင်ဖြင့် ဖားကန့်တွင် ဂျင်ထိုးရာ ငွေ(ဂု၅)သိန်းကျော်နှင့် ရွှေထည်ပစ္စည်းများ ရလိုက်ကြောင်း၊ သူ၏ကိုယ်တွေ့ဖြစ်ကြောင်း ရေးသားထားပါသည်။

ကျိုးပေါင်းအကြောင်း ပြောရင်း လူတစ်ယောက်က ဥန္ဒဲကျိုးပေါင်း ပါးစပ်ရာဇဝင်တစ်ခုကို ပြောပြပါသည်။

တစ်ခါက လယ်ထွန်သမားတစ်ယောက် လယ်ထွန်ရင်း ကြိမ်လုံး(နွားကန့်)ကျိုးသွား၏။ လယ်ထွန်သားသည် နီးစပ်ရာ သစ်ပင်တစ်ပင်ပေါ်သို့ သစ်ကိုင်းတစ်ကိုင်း တက်ခုတ်၍ ကြိမ်လုံးလုပ်ပြီး လယ်ဆက်ထွန်၏။

ဘေးမှ လူများက နွားနှင့် ထွန်တုံးကိုသာမြင်ရ၍ လူကို မမြင်ရပေ။ နွားမောင်းသံ (နွားငေါက်သံ)တို့ကို ကြားနေရသော်လည်း လူကို မမြင်ရခြင်းမှာ ဥန္ဒဲကျိုးပေါင်းအစွမ်းကြောင့်ဟု နောက်မှသိရသည်။ (ဤပါးစပ်ရာဇဝင်ကြောင့် ဥန္ဒဲကျိုးပေါင်းကို ဥန္ဒဲပင်မြင်တိုင်း ကြည့်မိရာ ယနေ့အထိ မမြင်ဘူးသေးပါ။)

တစ်ခါတွင် ကုန်းတလုံးရွာ အနောက်ပိုင်းမှ ကိုစိန်သောင်းဆိုသူမှာ မန်ကျည်းကျိုးပေါင်းကို ဤကဲ့သို့ ပြောပြန်ပါသည်။

'ကိုစိုးလင်းရေ...ကျွန်တော် တစ်နေ့



အသုံးလိုတာနဲ့ မန်ကျည်းပင်ပေါ် တက်ပြီး မန်ကျည်းကိုင်းတစ်ကိုင်း ဓားနဲ့ချိုင်(ခုတ်)တာပေါ့ဗျာ။ ကျွန်တော့် အထင်တော့ လူကြီးလက်မောင်းလုံးလောက်ရှိမယ် ထင်တယ်။

တစ်မနက်လုံးလိုလို ဓားနဲ့ ခုတ်နေတာ မပြတ်ဘူးဗျ။ နောက်မှ လူကြီးတွေက "ဟဲ့...ကောင်လေး မန်ကျည်းပင်ပေါ်တက်ပြီး တစ်မနက်လုံး တဒုတ်ဒုတ်နဲ့ ခုတ်နေတာ ခုထက်ထိ မပြတ်သေးဘူးလား။ ထမင်းစားမယ် ဆင်းခဲ့" ဆိုမှ ဆင်းလာတာ။ မန်ကျည်းကိုင်းက မပြတ်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားပြီး လူကြီးတွေကို အကျိုးအကြောင်း ပြောပြတော့ လူကြီးတွေက မန်ကျည်းကိုင်းပေါင်းဖြစ်မယ်။ အဲဒါ စွမ်းတယ်။ ဗိုက်တင်းပြေရင် အဲဒီကျိုးပေါင်းကို ရအောင်တက်ယူစမ်းလို့ ခိုင်းတာနဲ့ တက်ကြည့်တဲ့အခါ မနက်က ခုတ်လက်စ မန်ကျည်းကျိုးပေါင်း အကိုင်းက လုံးဝ မရှိတော့ဘူးဗျာ’

တစ်ဖန် ကိုခင်မောင်ဆွေက...

‘စာရေးဆရာကြီး ဖန်ခါးကျိုးပေါင်းက ဘာတွေကောင်းလဲဗျ’

ဟု မေးပါသည်။

‘ကျွန်တော် မသိဘူးဗျ။ ဘာပြုလို့လဲ’

သူတို့ဆိုင်ရှေ့တည့်တည့် လမ်းတစ်ဖက်တွင် ဖန်ခါးပင်ကြီးရှိ၏။ စာရေးသူပင် ဈေးမှ ပြန်လာပါက အမျိုးသမီးက တို့စားရန် ကောက်ခဲ့ပါဆို၍ ခဏခဏ ဝင်ကောက်ခဲ့ရ၏။

‘တစ်နေ့ဗျာ... လူသုံးယောက် ဓားမလေးခါးထိုးလို့ ကျွန်တော့်ဆီ လာတောင်းတယ်။ ဖန်ခါးပင်ပေါ်တက်ပြီး ကျိုးပေါင်းလေးကို ခုတ်ယူပါရစေတဲ့။

ဘာသုံးဖို့လဲမေးတော့ အသုံးရှိလို့ပါတဲ့။ ဘာသုံးမှာလဲ၊ အသုံးကို ပြောမှ ပေးမယ်ဆိုတော့... “ဆရာသမားရယ် ဒါလေးတော့ ခွင့်လွှတ်ပါဗျာ။ နောက် အောင်မြင်ရင် ကျွန်တော်တို့ ထိုက်ထိုက်တန်တန် ပေးပါမယ်”တဲ့။ အသုံးကိုတော့ လျှို့ဝှက်သွားတယ်။ ကျိုးပေါင်းကိုတော့ ခုတ်သွားတယ်ဗျို့’

‘ကိုခင်မောင်ဆွေကလဲ ကျွန်တော့်ကို ခေါင်းစားစရာတွေ လာမေးနေပြန်ပြီ’

‘မသိဘူးလေ... ခင်ဗျားက စာရေးဆရာဆိုတော့ သိများသိမလားလို့ပေါ့’

‘ဘယ်တော့ အစုံသိမလဲဗျာ။ ဒါပေမယ့် နေဦး ဂမ္ဘီရပညာတွေကို မသိရင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းရှိတယ်။ “ဖန်ခါးကျိုးပေါင်းဘာတွေကောင်း”ဆိုပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ပညာရှင်တွေထံ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကနေ အကြံတောင်းခံလိုက်ရင် တစ်နေ့ ပေါ်လာမှာပေါ့ဗျာ’

ကိုခင်မောင်ဆွေပြောသည့် ဖန်ခါးကျိုးပေါင်းအကြောင်းက အသွားအပြန် လမ်းတစ်လျှောက်လုံး ခေါင်းထဲ ရောက်လာသည်။ တစ်ခါတစ်ရံ သွားနေကျလမ်း ဖြစ်သော်လည်း လမ်းမှား၍ နောက်ကြောင်းပြန်လှည့်ရသည်။

ဖန်ခါးကျိုးပေါင်းက ထောက်ကြံ့ကျိုးပေါင်းကဲ့သို့ လောင်းကစားဘက်တွင် စွမ်းလို့လား၊ ကိုခင်မောင်ဆွေက ရမ့်ဖို့လို့ ပြောမသွားတာလား။

ကျိုးပေါင်းကို တွေးကြည့်မိ၏။ တနင်္လာနှင့် ကြာသပတေးဖြစ်၏။ ဖန်ခါးက ကြာသပတေး+တနင်္လာဖြစ်၏။ ကက်ကင်းဓာတ်ပြန်ဖြစ်သည်။

ကားမှူး၊ ကားပျောက်၊ ကားပျက်၊ ငွေမှူး၊ ငွေပျောက်၊ ခြံမှူး၊ ငှက်ဖျား၊ ခေါင်းမူး၊ ခေါင်းပေါက် စသော ပညတ်အသုံးများက ကျိုးပေါင်းနှင့် ဓာတ်တူနံတူ ဖြစ်နေ၏။ ဖန်ခါးနှင့်ဆိုလျှင် ဓာတ်ပြန်ဖြစ်နေသည်။

မြွေကိုက်၊ ဗိုက်အောင့်၊ မှုခင်း၊ ပေါင်ကျိုး၊ မျက်စိနာ စသော အသုံးများက ကျိုးပေါင်းနှင့် ဓာတ်ပြန်ဖြစ်ပြီး ဖန်ခါးနှင့်ဆိုလျှင် နံတူ ဖြစ်နေပြန်သည်။

အင်္ဂဝိဇ္ဇာကျမ်းတွင် “ကက်ကင်း သေရှင်သူ၊ ထက်အောက် ပြန်လှန်ကူ၊ နံတူသတ်က အသေရ”ဟု တောင်တွင်းအမော်ပုဂ္ဂိုလ်ကျော်က ရေးသားခဲ့သည်။ တစ်ဖန် “စာမှာအဒဲ့ ဗေဒင်မှာအကြံ”ဟူသော စကားကလည်း ရှိသေးသည် မဟုတ်လော။

ဘယ်အရာမဆို ပုံသေတွက်လို့မရ၊ နေရာဒေသ အချိန်အခါ အခြေအနေပေါ် မူတည်၍ တွေးခေါ်ယူဆ ဆင်ခြင်နိုင်မှ မှန်ကန်ပေလိမ့်မည်။

ရှေးကျမ်းများတွင် **“ပုဂံ”**ကို **“ကံပုံ”**ဟူသော ဓာတ်ပြန်နှင့် ဖျက်ဆီးခဲ့ပုံ၊ **“တောင်ငူ”**ကို **“ငူတောင်”** ဟု ပြောင်းပြန်ပြု၍ ယင်း ငူတောင်နှင့် နံတူ ခံတက်ပင်ရှိရာ အရပ်မှ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အင်္ဂဝိဇ္ဇာပညာရပ်သည် သုံးတတ်လျှင် လိုတရ(ကဏ္ဍာသယ) ဆေးတော်ကြီးဖြစ်သည်။ ထို့ကြောင့် ကျမ်းပြုဆရာက ဤကဲ့သို့ သံပေါက်များဖြင့် နောင်လူများ မှတ်သားမိစေရန် ဖော်ပြခဲ့သည်။

၁။ အင်္ဂဝိဇ္ဇာ၊ တတ်ပညာ၊ သင်ကြားကြိုးစားကြ။
၂။ တတ်သောအခါ ထိုပညာ၊ လိုရာအသုံးချ။
၃။ သုံးနိုင်သောအခါ ပစ္စည်းရှာ၊ လွယ်စွာရမည်ပ။
၄။ ပစ္စည်းရလာ၊ ကောင်းကျိုးရှာ၊ ပြုရာကုသလ။
၅။ ကုသိုလ်ရှိသူ၊ ပြည်နိဗ္ဗာန်၊ လွယ်ကူရောက်မည်ပ။
၆။ နိဗ္ဗာန်ရောက်လျှင်၊ ဝဋ်ကုန်စင်၊ ကြည်ရွှင်ချမ်းသာရ။
၇။ ထို့ကြောင့်ပညာ၊ တတ်သင့်စွာ၊ လေ့လာကြိုးစားကြ။
၈။ အကျိုးဆင့်ဆင့်၊ ရေးဖော်ခွင့်၊ အသင့်လိုက်နာကြ။
၉။ ကျမ်းပြုဆရာ၊ သံပေါက်စာ၊ ညွှန်းကာဖော်ရေးကြ။

ထို့ကြောင့် ဖန်ခါးကျိုးပေါင်းအသုံးကို အင်္ဂဝိဇ္ဇာ၊ ဂမ္ဘီရနည်းပညာတို့ဖြင့် အသုံးရှိပါက ရေးသားဖော်ပြပါဦး ပညာရှင်အပေါင်းတို့ခင်ဗျာ...။

*သမ္မာအနု ပြည့်ဝကြပါစေ။*

**စိုးလင်းအောင်**
*(မြန်အောင်)*



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ' ..

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်ဖနေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့ အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုဓမ္မာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

**ဦးဇော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့်

# ဆရာအရှင်ပုဂ္ဂိုလ်ထူးများ (၃)

ဆောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

## ယခင်လမှ အဆက်

ထိုနေ့ ထိုအချိန်မှစတင်၍ သခင်မား တော်ကြီးဘိုးပြေသည် "ဗားမဲ့ဘာသာ" စကားကို ယခင်က သိနားလည်ရုံမျှဖြစ်သော်လည်း ကိုယ်တိုင်သိရှိပြောဆိုနိုင်သော **"ဗားမဲ့ မဟာသိဒ္ဓိကြီး"**ကို လက်ဝယ်ပိုင်ပိုင် ရရှိလေတော့သည်။

## ရဟန်းဘောင်သို့

မမျှော်လင့်ပါဘဲ **"ဗားမဲ့ဘာသာသိဒ္ဓိ"**ကြီးကိုအောင်မြင် ရရှိပြီးနောက် ရွာရိုးတစ်လျှောက် ခေါက်တုံ့ခေါက်ပြန် ဆေးကုမထွက်တော့ဘဲ သာသနာဘောင်သို့ ကူးပြောင်းသွားလေတော့၏။

ဝက်ဘာတောင်၏ တောင်စွယ်ကလေးတွင် တည်ရှိသော တစ်ပါးနေ ရှေးဟောင်းတိုက်အိုကလေးကို အံလျှ ခံရရှိတော်မူလေ၏။

ထို ချောင်ကလေးသည်ကား **"သမဏသုခ"** ကမ္ပည်းတွင်သော **ကျောင်းဟောင်းကလေး** **ဖြစ်၍ ဗုဒ္ဓကနတ်မင်းကြီးလိုဏ်ဂူ** တည်ရှိသော ဌာနကောင်းတစ်ခုဖြစ်လေသည်။

ထို သမဏသုချောင်ကလေးတွင် တရားအားထုတ်၍ ခုနစ်ရက်သားသမီးတို့ကို ကောင်းသောသမ္မာဆန္ဒဖြင့် သာသနာပြုနေထိုင်လေရာ **သက်တော်(၉၂)နှစ်တိုင် သေတစ်ပန် သက်ဆုံး**အထိ ဖြစ်ရလေသည်။



သမဏသုခဆရာတော်ကြီးဦးဝိသုဒ္ဓ၏ ကျောင်းသင်္ကန်းရောင်ရွှဲ အမှတ်တရပုံ

တစ်ဖက်တွင် အင်္ဂရုတ်ထိုးခြင်း၊ ကျန်းမာရေးချို့တဲ့သူများအား ကယ်မပေးခြင်းနှင့် ဥပုသ်သီတင်းနေ့များ၌ သီလပေးခြင်း၊ ဆုံးမဩဝါဒပေးခြင်းတို့ဖြင့် လွန်စွာ စည်ကားလှပေ၏။

## တပည့်ကြီးများပေါ်လာခြင်း

ဆရာတော်ကြီးသည် သားတပည့်များ ပေါ်ထွက်လာရန် ပညာအမွေပေးကမ်းရန် အထူးလုံ့လပြုတော်မူပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံးတပည့်အဖြစ် မောင်ခင်မော်အား ရွေးချယ်ခဲ့လေ၏။ မောင်ခင်မော်သည် သာမန်တပည့် ဒကာအဖြစ် လပေါင်းများစွာ ကြည့်ရှု သွန်သင်ခြင်းကို ခံယူခဲ့ရပြီးနောက် စိတ်ချယုံကြည်လောက်သော အခါမှသာ ပညာပေး ခံယူရရှိလေ၏။

မောင်ခင်မော်ကလည်း တစ်ယောက်ဆို တစ်ယောက်ဆိုသလောက် ဆရာတော်ကြီး၏ လက်ရုံးသဖွယ် တစ်သဝေ မတိမ်းလိုက်နာ ကျင့်သုံးနိုင်ခဲ့လေ၏။

သို့နှင့်ပင် (၃)ခုစားအင်းတော်မှ (၇)ခုစားအင်းတော်ကြီးအထိ ဟားမဲ့ဘာသာ အင်းတော်(၅)အင်းကို သောက်မျိုခဲ့ပြီးနောက် ရှေးဟောင်းစေတီတော်များသို့လည်းကောင်း၊ နတ်ရဲသစ်ပင်ကြီးများသို့ ပုံစံမျိုးစုံဖြင့် အားထုတ်ခဲ့ရလေသည်။

(၄၅)ရက်ကြာအောင် သွားရောက်ခဲ့ရပြီးနောက် မောင်ခင်မော်အား ဝတ်ဖြူစင်ကြယ်ဝတ်ဆင်စေပြီး ယပ်အရိုးရှည်တစ်ချောင်း စွဲကိုင်စေ၍ စစ်ကိုင်းမြို့၏ နှစ်(၇၀၀)ပြည့်စာရင်းဝင် စေတီလှဘုရားမှ နတ်ရဲမန်ကျည်းပင်ကြီးသို့ အားထုတ်ခိုင်းခဲ့ရလေ၏။

စေတီလှနတ်ရဲ မန်ကျည်းပင်၌ အားထုတ်လေရာ (၉)ရက်ပြည့်သော နေ့တွင် ပုတီးပတ်များမြီးစီး၍ မေတ္တာသုတ် ရွတ်ဖတ်ပူဇော်နေစဉ်မှာပင် ''ဟားမဲ့ဘာသာအသံ''များ အဖြစ်သို့ ပြောင်းလဲရွတ်ဆိုလျက် ရှိနေလေတော့သည်။

ထိုနတ်ရဲမန်ကျည်းပင်ကြီးမှာ ကျွန်ုပ်၏သူငယ်ချင်း ကိုကံမြင့် ရက္ခစိုးကျင့်စဉ် အောင်မြင်ပေါက်မြောက်ခဲ့ရာ ဌာနလည်း ဖြစ်လေ၏။ သူနှင့်နီးစပ်သော ဝေနေယျများအား အကူအညီပေးခဲ့လေရာ နာမည်ကျော်ကြားခဲ့ဖူးပါသည်။



▲ သမဏာသုခကျောင်းအတွင်းမှ
ဆရာတော်ကြီး အမြဲအားထုတ်ခဲ့သော နတ်ရဲမန်ကျည်းပင်ကြီး
▼ ပုဏ္ဏားနတ်ကြီး၏ လိုဏ်ဂူသို့ အဝေးမှ မြင်ရပုံ



မောင်ခင်မော် **''ဟားမဲ့ဘာသာအသံ''**မှာ စစ်ကိုင်းမြို့ ပုဏ္ဏားစုရပ်မှ ပုဏ္ဏားအမျိုးသားများ၏ ပြောဆိုဟန် အသံနှင့် လွန်စွာတူလှပါ၏။

သူ၏အမျိုးသမီးမှာ ပုဏ္ဏားမျိုးနွယ်စု ဖြစ်သောကြောင့် တူလေသလားဟု ကျွန်ုပ်က မေးမြန်းကြည့်သောအခါ **''မဟုတ်ပါဘူး အာစရိရယ်''**ဟုသာ ဖြေဆိုပါသည်။

ပုဏ္ဏားအမျိုးသား သူငယ်ချင်းများကလည်း မောင်ခင်မော်၏ ပုဏ္ဏားစကားသံကို လုံးဝ နားမလည်ကြပါ။

**''ဟားမဲ့ဘာသာပေါက်''** သွားသော မောင်ခင်မော်သည် ထိုနေ့မှာပင် ဆရာတော်ကြီး၏ ''သမဏာသုခကျောင်း''သို့ (၃)မိုင်ကျော်ဝေးသော ခရီးကို ဝတ်ဖြူစင်ကြယ်ဖြင့် အရောက် လမ်းလျှောက်သွားလေ၏။

နေဝင်ချိန်တွင် ကျောင်းတော်သို့ ရောက်ခဲ့လေ၏။ ဆရာတော်ကြီးကလည်း ကြိုတင်သိရှိနေသောကြောင့် အမြဲအားထုတ်နေကြ





www.burmeseclassic.com

www.burmeseclassic.com





◆ သမာကသုခဆရာတော်ကြီး သီတင်းသုံးခဲ့သော ရေကျောင်း - သိမ်တော်ကြီးအား အသစ်မြင်တွေ့ရပုံ
ယခုကျောင်းထိုင်ဆရာတော်ဖြစ်နေသော အရှင်ပညာဝံသအား ဖူးမြင်ရပုံ ◆

မန်ကျည်းပင်ကြီး၏အောက်တွင် ထိုင်လျက် ဗားမဲ့ဘာသာဖြင့် တိုးညှင်းစွာ ရွတ်ဆို စောင့်မျှော်နေလေ၏။

မောင်ခင်မော်က ဝတ်ပြုလိုက်စဉ်မှာပင် ဆရာတော်ကြီးက **"ယေကာသျှံ ယေကာသျှံ"**ဟု ရွတ်ဆို၍ သာဓုခေါ်နေဟန်ရှိပါသည်။

မောင်ခင်မော်အား (၈)ခုစား အင်းကို ထပ်မံချီးမြှင့်၍ ဆရာတပည့် "ဗားမဲ့ဘာသာ"ဖြင့်ပင် တစ်ညတာလုံး ပြောဆိုနေကြလေတော့သည်။ မောင်ခင်မော်ကား "ဗားမဲ့ဘာသာ"ကြီးကို အပြီးတိုင် ပေါက်မြောက် အောင်မြင်သွားလေ၏။

ဗားမဲ့ဘာသာဖြင့်ပင် ကျွန်ုပ်၏ တူမအရင်းဖြစ်သူ ကျူရှင်ဆရာမ၏ စိတ်ဝေဒနာအား ကုသပေးရာ (၂)ကြိမ်မျှနှင့် လုံးဝပျောက်ကင်းသွားလေသည်။ တူမလေးမှာ စိတ်အထူးကုဆေးရုံ၊ စစ်ဆေးရုံတို့မှ အကြိမ်ကြိမ် ကုသ၍ မရသောကြောင့် ခြေထောက်(၂)ဖက်စလုံး စက်ဘီးသော့ဖြင့်ခတ်၍ အခန်းထဲမှာ လွတ်လပ်စွာ ထားရှိရလေ၏။

(၃)နှစ်ကျော်အောင် ကုသ၍ မရတော့ဟု ထင်မိရာမှ "ဗားမဲ့ဘာသာအင်း"ဖြင့် ပျောက်ကင်း၍ ကျူရှင်ဆရာမအဖြစ် ပြန်လည်လုပ်ကိုင်နေလေပြီ။

ကျောက်ခွဲစက်လုပ်ငန်း လုပ်ကိုင်သော မ...မှာ ရွှေစာရံအနီးမှ ကျောက်ကုန်းအား လိုင်စင်ရရှိ၍ တူးဆွခဲ့သော်လည်း၊ စက်သွားများကျိုးပဲ့ခြင်း၊ အင်ဂျင်များ ပျက်စီးခြင်းနှင့် လုပ်သားများအား ခြောက်လှန့်ခြင်းများကြောင့် လက်လျှော့ဆုံးရှုံးရမလို ဖြစ်နေရလေ၏။

ယင်းကိစ္စအား "ဗားမဲ့ဘာသာ" အင်းဖြင့်ပင် အကျိုးပြုပေးခဲ့နိုင်လေသည်။ ရေးသား၍ မကုန်နိုင်တော့ပါ။

ဒုတိယတပည့်ကြီးမှာ (ကိုဝင်း-ရွာထောင်)ဖြစ်ပါသည်။ ကိုဝင်းမှာ ငွေပန်းထိမ်၊ ကြေးပန်းထိမ် ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်ပါသည်။

ကိုဝင်းမှာ "ဗားမဲ့ဘာသာပေါက်" အောင်မြင်ပြီးနောက် ကျွန်ုပ်နှင့်လည်း အလွန်ရင်းနှီးသူဖြစ်၍ ကျွန်ုပ်အား အကူအညီများ ပေးခဲ့သူဖြစ်လေ၏။

ကိုဝင်းမှာ တစ်ကိုယ်ရည် တစ်ကာယ လူပျိုကြီးဖြစ်လေရာ ယခုအခါ ဝိပဿနာအလုပ်ကို ကူးရောက်သွားပြီဖြစ်၍ ရှင်တော်မြတ်ဘုရား၏ အလိုတော်အတိုင်း ကြီးမားပြောင်မြောက်လှသော တရားတော်မြတ်ဖြင့် ပျော်မွေ့နေလေပြီ။

တတိယမြောက် တပည့်ကြီးမှာ **"ကိုဘိုဝင်း-ဗိသုကာပညာရှင်"** ဖြစ်ပါသည်။ ဆရာတော်ကြီး၏ မြေးမကလေးနှင့် အိမ်ထောင်ပြုပြီးနောက် အဘိုးဆရာတော်ကြီးအား အထူးကြည်ညိုလေးစားလှပါပေ၏။

ဆရာတော်ကြီးကလည်း ချစ်ခင်သော မြေးတပည့်ဖြစ်လေ၏။ ဆရာတော်ကြီး၏ "ဗားမဲ့ဘာသာအင်းတော်"များကို သောက်မျိုး၍ လွယ်ကူစွာပင် ဘာသာပေါက်ခဲ့သောကြောင့် ပါရမီထူးလှပါပေသည်။

ယနေ့တိုင် "ဗားမဲ့ဘာသာအင်း" တော်ကြီးများဖြင့် အကူအညီပေး ဒါနပြုလျက် မြန်မာ့ရိုးရာ ပန်းရန်ဗိသုကာ

www.burmeseclassic.com



▲ ပုဏ္ဏကလိုဏ်ဂူ အနီးကပ်မြင်ကွင်း

▼ စစ်ကိုင်းတောင်ရိုး ဂေါ်ဘာကကျောင်းတော်အား မြင်တွေ့ရပုံ



ပညာရှင်အဖြစ်ရပ်တည်နေလေသည်။

အထက်ပါသုံးဦးမှလွဲ၍ "ဗားမဲ့ဘာသာ"ပေါက်မြောက်သူ မရှိသေးပါ။

## ဆရာတော်ကြီး ကုသခဲ့သောရောဂါဆန်း

စစ်ကိုင်းတောင်ရိုးရှိ ကျွန်ုပ်၏နေအိမ်အနီးတွင် စာသင်တိုက်ကြီးရှိပါသည်။ ထိုကျောင်းတော်ကြီးတွင် **"ဦးသောဘာက"**ဟု ဘွဲ့အမည်ရှိသည့် ရဟန်းတော်တစ်ပါးတွင် မယ်တော်ကြီးမှာ အသက်(၆၀)ကျော်ခန့်ရှိလေသည်။

ဇာတိ ပဿျူးရွာတွင် နေထိုင်စဉ်(၁၀)နှစ်ခန့်အတွင်း ဝဲဘက်ပေါင်နှင့်ခြေသလုံးအဆစ်များမှာ အလွန်ကိုက်ခဲနာကျင်လှသောကြောင့် လိမ်းဆေး၊ သောက်ဆေး၊ အပ်စိုက်မှုစ၍ အနိုင်ပညာများဖြင့်လည်း မသက်သာပါ။

နာမည်ကြီးပါရဂူကြီးများဖြင့် ကုသသော်လည်း ငွေသိန်း(၂၀)ခန့်သာ ကုန်သွားရော ရောဂါကမူ ထူးခြားမှုမရှိ၊ တိုးလို့သာ ဆိုးရွားနေလေတော့၏။

ကျွန်ုပ်၏ဆရာတော်ကြီးထံ လိုက်ပို့ပြီးနောက် ဆရာတော်ကြီး၏ မေတ္တာဓာတ်ဖြင့် ငွေကြေး တစ်ပြားတစ်ချပ်မျှမကုန်ရဘဲ ပျောက်ကင်းချမ်းသာသွားလေ၏။

မမြတ်မွန်ဟု အမည်ရှိသော အပျိုကြီးမှာ ကျွန်ုပ်၏ သူငယ်ချင်းတစ်ယောက်ဖြစ်ပါသည်။ သစ်ညိုပင်ကျေးရွာသူဖြစ်၍ အလွန်သဘောဖြူလှသောကြောင့် တစ်ရွာလုံးက ချစ်ခင်လေးစားရသူဖြစ်လေ၏။

အိမ်သူအိမ်သားများနှင့် ကျွန်ုပ်ကဲ့သို့ အလွန်ရင်းနှီးသော သူငယ်ချင်းများ၊ တစ်ရွာသားများနှင့် အတူရှိပါက တကယ့် လူကောင်းတစ်ယောက်ဖြစ်လေ၏။ ပျော်ရွှင်ဖွယ်နေထိုင်ပါ၏။

တခြား တစ်ရွာတစ်ကျေးမှ သူစိမ်းထစ်ရုံဆံများဖြစ်သော ကျန်းမာရေးဌာနမှ လူများ၊ လူမှုရေးအဖွဲ့အစည်းများမှ အမျိုးသမီးကြီးများ ရောက်ရှိလာပါက "ဆွဲမနိုင်ထိန်းမရ"အောင် ကြမ်းလေတော့သည်။

ဧည့်သည်စိမ်းရောက်လာသည်နှင့် ထဘီကိုချွတ်၍ ဧည့်သည်ဦးခေါင်း၊ မျက်နှာတို့အား ရိုက်နှက်လေ့ရှိပါသည်။ ထဘီဖြင့် အားရအောင် ရိုက်ပြီးနောက် ထဘီကို လုံးဝပြန်မဝတ်ဆင်တော့ဘဲ ကိုယ်လုံးတည်းဖြင့် နွားတဲတွင်သာ အိပ်နေလေသည်။

တစ်ကိုယ်လုံး နွားချေးများဖြင့် ပွလန်ပေတူးလျက် စကားလည်း လုံးဝမပြောတော့ပါ။ ဤမျှ ဆိုးဝါးလှပေ၏။ ကျွန်ုပ်တို့ကျွေးသော အစားအစာများကိုမူ အနည်းငယ် စားပါသော်လည်း ထဘီကို လုံးဝမဝတ်ပါ။

ဆရာတော်ကြီးကို လျှောက်ထားသောအခါ **"ကင်ပွန်းသီးနှင့် ဒန့်တရော်"**အား ထုထောင်းပြီး ရုံးသားဖြူ ကရမက်တို့ဖြင့် ရောမွှေကာ "ဗားမဲ့



www.burmeseclassic.com

www.burmeseclassic.com



◆ သမဏသုခဆရာတော်ကြီးအားနတ်ကြီးမှ တံမြက်စည်းလှည်းရန် လမ်းညွှန်ခဲ့သော ရေပ်ကလေးအားယနေ့ အသွင်သစ်ဖြင့် တွေ့ရပုံ

ဘာသာဖြင့် ရွတ်ဖတ်လေတော့၏။ ရွတ်ဖတ်ပြီးနောက် လက်ခလယ်တို့၍ ကျွန်ုပ်အား ခိုင်းစေတော်မူပါသည်။

ထိုခေါင်းလျှော်ရည်အား ရေသန့်ဘူးတွင် ထည့်၍ ရွာသို့သွားခဲ့ရပြန်လေ၏။ သစ်ညိုပင်ရောက်လျှင် အပျိုကြီးမအား နွားချေးပုံအတွင်း အိပ်လျက် တွေ့ရလေ၏။

ကျွန်ုပ်က အသံပြုလိုက်သောအခါ မျက်လုံးကလေးဖွင့်ကြည့်ပြီး မရေရာသောအကြည့်ဖြင့် ကျွန်ုပ်အား တုံ့ပြန်လေ၏။ အရမ်းပင် သနားစရာကောင်းလှပါသည်။

'ဟော့… ငါ့ရွှေအောင်လေ၊ မှတ်မိတယ် မဟုတ်လား ထ…ထ'

ဟု ပြောလိုက်လေရာ အသာတကြည့်ပင် ငုတ်တုတ်ထထိုင်လေ၏။

ဆရာတော်ကြီး မှာကြားသည့်အတိုင်း ကျွန်ုပ်တို့ သူငယ်ချင်းတစ်စုက ဝိုင်းထိုင်ကြပြီး ကင်ပွန်းရေစင်ဖြင့် သူမ၏ဆံပင်ကို သပ်ချပေးရာ ငြိမ်၍သာ ခံယူပါသည်။ မျက်နှာကိုလည်း ရေစင်ဖြင့်သစ်၍ သန့်စင်ပေးကြရလေ၏။

ထို့နောက် အဘွားပေးသော ထဘီအသစ်ကလေးကို ဝတ်ဆင်ပေးလေရာ လူကောင်းတစ်ဦးကဲ့သို့ ကြည်လင်နေလေတော့၏။ ညနေပိုင်းတွင် ရေမိုးသန့်စင်၍ **"ဘုရားသွားရအောင်"**ဟု ကျွန်ုပ်က ပြောလေရာ အဘွားနှင့်အတူ သူငယ်ချင်း(၂)ဦးတို့ပါ ကျွန်ုပ်တို့(၅)ဦးသည် စိတ္တသုခစေတီတော်သို့ ရောက်ရှိကြလေ၏။

ဝတ်ပြုပူဇော်ပြီးသောအခါ ဆရာတော်ကြီး စီရင်ပေးထားသော"ဗားမဲ့အင်းတော်",တစ်ချပ်အား ပြာပြု၍ နံ့သာဖျော်ရေစင်ဖြင့် တိုက်ရလေ၏။ အပျိုကြီးမမြတ်မွန်မှာ စိတ်ဖောက်ပြန်ခြင်း လုံးဝ ကင်းစင်ချမ်းသာသွားလေ၏။

သူမသည် ရွာတွင် ဓမ္မစကြာအရွတ်ကောင်းလှ၍ အသံကလည်း ကောင်းမွန်လေရာ သစ်ညိုပင်ရွာတွင် ပျော်ရွှင်ငြိမ်းချမ်းစွာ ဘဝကို အဆုံးသတ်သွားခဲ့လေပြီ။

ဆရာတော်ကြီးကား ဤမျှ မေတ္တာစွမ်းအားကြီးမားလှ၍ ကျွန်ုပ်ကဲ့သို့ သာမန်လူတစ်ယောက်ကို တစ်ဆင့်စေခိုင်းပြီး ချမ်းသာစေသူလည်း ဖြစ်ပါပေသည်။

## ချီးမြှင့်ခဲ့သော ဂါထာမန္တန်များ

သမဏသုခ ဆရာတော်ကြီး ဦးဝါသဝနှင့် ဆရာတပည့်အဖြစ်ခံယူပြီး ဆည်းကပ်နေထိုင်ခဲ့သော အနှစ်(၂၀)ခန့်အတွင်း "ဗားမဲ့ဘာသာ"ကြီးလုံးဝ မရခဲ့သော်လည်း ဂါထာတော်များနှင့် အဆောင်အင်းတော်များကို ပိုင်ဆိုင်ခွင့်ရရှိခဲ့ပါသည်။

## ချီးမြှင့်ခဲ့သော ဂါထာများ

၁။ ပုဒ်အာ မန္တန်တော်
၂။ သရဏံအဝှက်ဂါထာတော်
၃။ စိန္တာမဏိမန္တန်တော်
၄။ ဗုဒ္ဓအသံတော်ဂါထာ
၅။ အုံ့မံဂါထာတော်
၆။ တာပုဏ္ဏဂါထာတော်
၇။ အာဏာတည်ဂါထာတော်
၈။ ပုဏ္ဏကဂါထာတော်
၉။ စန္ဒာမုနိဂါထာတော်

နှင့် ဆေးမန်း၊ ရေမန်းဂါထာများ ဖြစ်ပါသည်။

ဆရာတော်ကြီးဦးဝါသဝမှာ ဆေးဆရာကြီးဘဝဖြင့် စစ်ကိုင်းမြို့နယ်အတွင်း တောင်ရိုးတိုက်နယ်ဝွာရိုးတွင် ဇီဝတိတာဒါနကို အထူးပြု၍ ကယ်ဆယ်ကုသလျက်ရှိနေရာ၌ ငွေကြေးအသပြာကို ဘယ်မျှပေးပါဟု မတောင်းခဲ့ဘူးပါ။

ပေးစရာ ငွေမရှိလို့ မကုရဘူးဟူ၍ မည်သည့်အခါမျှ မရှိခဲ့ဘူးချေ။

တိုင်းရင်း ဆေးဖက်များကိုလည်း မည်သည့်ဆိုင်ကိုမျှ သွားဝယ်ခြင်း မရှိပါ။ ဖော်စပ်ရန်လိုအပ်သော ဆေးပင်၊ ဆေးရွက်၊ ဆေးမြစ်၊ ဆေးပွင့်မှန်သမျှကို တောင်ဖီလာတောင်တန်း၏ လျှိုမြောင်တစ်လျှောက်တွင် ကိုယ်တိုင်ရှာဖွေ တူးယူဖော်စပ်ပါသည်။

ဆေးပင်ရှာဖွေရာတွင် ဆေးပင်တည်ရှိရာ ဌာနရှိ ဆေးပင်စောင့်ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com

များအား မေတ္တာပို့ခြင်း၊ ဂါထာမန္တန် ရွတ်ဆိုခြင်း။ ဂါထာမန္တန်ရွတ်ဆိုခြင်း သီလခံယူ၍ မေတ္တာယူပြီးမှသာ အရုဏ်တက်ချိန်၌ ဆေးမြစ်တူး ထွက်လေ့ရှိပါသည်။

## ချောင် အပိုင်ရရှိခြင်း

ပုဂ္ဂိုလ်ထူးကြီးများနှင့် ကြုံဆုံရပြီး ဗားမဲ့ဘာသာ ပေါက်မြောက် အောင်မြင်သောအခါ သက်တော်(၇၀)မျှ ရှိနေလေပြီ။

သက်တော် (၇၁)နှစ်ပြည့်ခါနီးတွင် စစ်ကိုင်းတောင်ရိုး ဝက်ဘာတောင် ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်ရှိပြီး ဝက်ဘာချောင်တွင် (၂)ဝါဆိုတော်မူ၏။

ရဟန်းသံဃာမဲ့နေသော ရှေးဟောင်း သမထာသုခချောင်နှင့် သိမ်တော်ကြီးအား ဝက်ဘာဆရာတော်ကြီးက အပ်နှံတော်မူလေသည်။

ဆရာတော်ကြီး ဦးဝါသဝသည် သမထာသုခ ရှေးဟောင်းသိမ်တော်ကြီးတွင် (၁၉)ဝါ၊ စုစုပေါင်း(၂၁)ဝါတိုင်တိုင် ပျံလွန်တော်မူသည်အထိ သီတင်းသုံးတော်မူလေ၏။

သားဖြစ်သူ"ကိုပေါက်"မှာ လူပျိုကြီးလည်းဖြစ်၍ လယ်ယာများစွာ ပိုင်ဆိုင်ပါသော်လည်း၊ ခမည်းတော်ကြီး တစ်ပါးတည်း စိတ်မချနိုင်သောကြောင့် အနီးကပ်စောင့်ရှောက်လျက် ဆရာတော်ကြီးထံမှ တိုင်းရင်းဆေးပညာများကို ဉာဏ်မီသရွေ့ ဆည်းပူးလေတော့၏။

## ဆေးပညာအမွေခံခြင်း

သက္ကရာဇ် ၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ရဟန်းဘဝသို့ ကူးပြောင်း၍ "ကိုပေါက်"ဘဝမှ မြင့်မြတ်လှသော"**အရှင်ပညာဝံသ**"ဘွဲ့မည်ဖြင့် သမထာသုခဆရာတော်ကြီး၏ အနားတွင် ခန်းနေကိုယ်တော်ဖြစ်သွားလေ၏။



သမထာသုခဆရာတော်ကြီး တရားအားထုတ်ခဲ့သော ဝက်ဘာတောအုပ်ကြီး

"အရှင်ပညာဝံသ"မှာ ခမည်းတော်ကြီး၏ ဆေးပညာအချို့မှ ရောဂါအတော်များများနှင့် "ခွေးရူးကိုက်ခံရသောအနာ"များကို အချိန်မီ ရောက်ရှိလာပါက ရှင်းရှင်းပျောက်အောင် ကုသနိုင်စွမ်းရှိသောကြောင့် ကျော်ကြားလျက်ရှိနေလေပြီ။

အလှူငွေ လက်ခံခြင်း လုံးဝမပြုပါ။

ဤသို့အားဖြင့် ခမည်းတော်ကြီး၏ ကျေးဇူးတော်ကို ဆပ်လျက်ရှိနေလေ၏။ သို့ရာတွင် သမထာသုခဆရာတော်ကြီး၏ သားအရင်းဖြစ်သော်ငြားလည်း "ဗားမဲ့ဘာသာ" ပေါက်မြောက်နိုင်ခွင့် မရရှိခဲ့ပါ။

ဆရာတော်ကြီးသည်ကား ပျံလွန်တော်မူမည့်အချိန်နှင့် နေ့ရက်တို့ကို ကြိုတင် အမိန့်ရှိခဲ့ပါသော်လည်း အမှတ်တမဲ့သာ နေခဲ့သောကြောင့် တကယ် ပျံလွန်တော်မူသောအခါကျမှသာ အဖြစ်မှန်ကို နားလည်ခဲ့ကြရလေတော့သည်။

ဆရာတော်ကြီးဦးဝါသဝ၏ မွေးနေ့မှာ ၁၂၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၁၅)ရက်နေ့ဖြစ်သလို ပျံလွန်တော်မူသောနေ့မှာလည်း ၁၃၇၀ပြည့်နှစ်၊ တန်ဆောင်းမုန်းလပြည့် (၁၅)ရက်နေ့ ဖြစ်နေပုံမှာလည်း ထူးခြားလှပါပေ၏။

ပျံလွန်တော်မူသည့် ၁၂–၁၁–၂၀၀၈ ခုနှစ် ညဦးယံတွင် ကျွန်ုပ်အား အိပ်မက်နိမိတ် ပေးတော်မူပါသည်။ ဆရာတော်ကြီးက"**ဆရာအောင်ရေ... ကျုပ် ဒီနေ့ညမှာပဲ အောင်ပြီ**"ဟု အိပ်မက်ပေးလေရာ ကျွန်ုပ်က မောင်ခင်မော်အား ပြောကြားသောအခါ ထိုင်ငိုလေတော့၏။

ယခုအခါ ဆရာတော်ကြီးလည်း ပျံလွန်တော်မူသည်မှာ (၈)နှစ်မျှရှိလေပြီ။ တပည့်ကြီးမောင်ခင်မော်လည်း ဆရာတော်ကြီးနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

ကျွန်ုပ်အတွက် အားကိုးရာ ရွှေတောင်ကြီး ကွယ်လေပြီတကား။

***စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ အစစအရာရာ အေးမြကြပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ ၊ ၁၁၀၆၇၂) (တဆဝက(တနယ်ခင်း) ၀၀၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရတဲ့လျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနိုးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ [illegible] ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် [illegible]နှင့် ဓနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံ [illegible]ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ၊ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားခဲ့ပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတွန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အခုံနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အရွယ်နဲ့ ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်၊ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ပိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုးခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့်မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများမဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေးပဲ**ဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**


**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(သ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၅၁၊ ၀၉ ၇၃၂ ၄၁၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆ ၂၅၁၊ ၀၉ ၄၅၃ ၂၂၂၃။**




www.burmeseclassic.com

www.burmeseclassic.com

**ယခင်လမှ အဆက်**

ထိုထက်မှ ယနေ့တိုင်အောင် မြက်မွှားခေါ် **အိမ်မိုးသက်ငယ်ကဲ့သို့ ပျစ်၍ အမိုးလုပ်ရသောမြက်ပင်မှ လွဲ၍** မည်သည့်အပင်ကြီးမှ ဟုတ်တိပတ်တိ မပေါက်သည်ကို မြင်တွေ့ရပါသည်။

**ဒေသခံများ၏ ပြောပြချက်အရ လူဦးရေ တိုးပွားလာ၍ စိုက်ခင်းများ တိုးချဲ့ရန် မြေရှားပါးလာမှုကြောင့် ထိုတောင်ကြောများတွင် တက်ရောက် စိုက်ပျိုးသော်မှ မည်သည့်သီးနှံမှ အောင်မြင်ဖြစ်ထွန်းမှု မရှိကြောင်း သိရပါသည်။**

အထက်ပါ စစ်ပွဲတွင် နဂါးမင်းသမီးလေး ဝင်ရောက်ကူညီပေးသဖြင့် နဂါးမြို့တော်မှ မောင်ပေါက်တို့ အနိုင်ရရှိခဲ့ပါသည်။ ထိုသို့ ဖြစ်ပွားပြီး အေးချမ်းစွာ ပေါင်းဖက်လာကြရာမှ မောင်ပေါက်မှာ အသက်အရွယ်ကြီးရင့် ဇရာထောင်းပြီး လူတို့၏သက်တမ်း ပြည့်လေသော် ကံကုန်ရလေသည်။


နဂါးမင်းသမီးလေးမှ မောင်ပေါက်ရုပ်ကလာပ်ကို မြေကြီးဖြင့် မြှုပ်နှံခြင်းမပြုဘဲ ရွှေငွေရတနာစိန်ကျောက်ထွေများအပြည့်ဖြင့် မြှုပ်နှံ၍ ဘောဂဝတီ နဂါးပြည်သို့ ပြန်သွားလေသည်။

ယခု ရပ်စောက်မြို့ ပြည်သူ့ရဲစခန်း မြောက်ဘက် မြို့ကုန်းပေါ်တွင် ကြောင်လိမ်လှေကား ခေါ် ရွှေဥမင် စေတီတော်ကြီးကို စဝ်ဖလုံခွန်ခမ်းရည် ခေါ် စော်ဘွားကြီး မောင်ရွှေရည်နှင့် မဟာဒေဝီ စဝ်လွယ်မယ် မိသားစုတို့မှ သာသနာသက္ကရာဇ် ၂၃၁၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၃၄ ခုနှစ်၊ ခရစ်နှစ် ၁၇၇၂ ခုနှစ်တွင် တည်ထား ကိုးကွယ်ခဲ့ပါသည်။

ထို ကြောင်လိမ်(ရှေးဟောင်း ရွှေဥမင်စေတီ)တော်ကြီးမှာ ယခု


# ငါးမျိုးရှိ ရှေးမြို့တော် (၂)

**နိုမောင်သိ**



▲ နမ့်ဟူးဟိုဂို (ဆီ) မထူးစမ်းရှိရာ မထူးတာမြို့အဝင်

▼ နမ့်ဟူးဟိုဂို မထူးစမ်း(အဝင်)



သာသနာသက္ကရာဇ် ၁၃၇၅ ခုနှစ်တွင် (၂၄၁)နှစ်သက်တမ်း ရှိခဲ့ပြီ ဖြစ်ပါသည်။ ဥာဏ်တော်မှာ ဖိနပ်တော်မှ စိန်ဖူးတော်အထိ (၉၉)ပေ (၂)လက်မ ရှိပြီး ဖိနပ်တော်တစ်ဖက် အလျားမှာ (၄၂)ပေ (၃)လက်မ ရှိပါသည်။ ပထမ

www.burmeseclassic.com


ရင်ပြင်တော် တစ်ဖက်အလျားမှာ (၆၆)ပေ ရှိပါသည်။ ဘုရားပရိဝုဏ် တစ်ဖက်အကျယ်မှာ (၁၀၅)ပေအထိ ရှိပါသည်။

သက္ကရာဇ် ၁၁၃၄ ခုနှစ်၊ တော်သလင်းလဆန်း (၁၄)ရက်နေ့တွင် ရွှေညမင်စေတီတော်ကို ပန္နက်တင် မင်္ဂလာ ကျင်းပခဲ့ပါသည်။ ၁၁၃၄ ခုနှစ်၊ ဝါဆိုလဆန်း(၁၂)ရက်နေ့တွင် ထီးတော် တင်လှူပူဇော်ခဲ့ပါသည်။ (၇)နှစ်ကြာ တည်ဆောက်ခဲ့ရပြီး ရပ်ဓောက် (နဂါးမြို့တော်)ရှိ စေတီတော်အားလုံးတွင် အထူးခြားဆုံး ဗိသုကာလက်ရာ ဖြစ်သည့် (၁)ဆူတည်းသော စေတီတော် ဖြစ်ပါသည်။

တစ်ခါတစ်ရံ နဂါးမလေးမှ မိန်းကလေးတစ်ယောက်ကဲ့သို့ ဖန်ဆင်းပြီး ကျောက်လှေကို လာရောက် မေးမြန်းစုံစမ်းကြောင်း လူကြီးသူမများမှ ပြောပြခြင်းကို ကြားခဲ့ဖူးပါသည်။ အမှန်မှာ ကျောက်လှေ မဟုတ်ဘဲ **ကြောင်လိမ်**ဟု ယူဆပါသည်။

ထိုအနီးတစ်ဝိုက်တွင် နဂါးကျစ်ကုန်းခေါ် မြို့ကုန်းတစ်နေရာတွင် မောင်ပေါက်၏ ရတနာများဖြင့် မြှုပ်နှံထားသော ရုပ်ကလာပ်ကို ငုံ၍ ရွှေညမင်စေတီ တည်ထားကိုးကွယ်သည်ဟု နဂါးမလေးမှ ယူဆထားသဖြင့် ထိုစေတီအနီးတစ်ဝိုက်တွင် ရှိနိုင်၍ မကြာမကြာ လာရောက် ရှာဖွေသည်ဟု ရှေးလူကြီးသူမများမှ ပြောပြခဲ့ပါသည်။

ထို့အပြင် နှောင်းလူတို့ကို နဂါးမြို့တော်ရှိ **နဂါးကျစ်ရေ**ကို သောက်ဖူးသူတိုင်း မခွဲနိုင် မခွာရက် ဖြစ်ကြသည်ဟု ပြောဆိုကြသလို နဂါးမလေးမှာ တစ်ခါတစ်ရံ လူသားမိန်းကလေးကဲ့သို့ ဖန်ဆင်းအယောင်ဆောင်ပြီး အင်း



နဂါးမင်းသမီး မျှော်တောင်ထိပ်ရှိ ဟင်းသီးကုန်းတောင်ကြော

ဓာတ်ပုံ(နန်းပုံ့မိုး)



နဂါးမင်းသမီး မျှော်တောင်ထိပ်ရှိ လှည်းယာတောင်ကြော









www.burmeseclassic.com

www.burmeseclassic.com




▲ ယောင်သပိတ် ခွဲအ မြှုပ်နှံရာ နန်းဟုသူဟိုင်း ပေါ် ဝေဠုစမ်းရေထွက်

▼ အသေးစုံရှာများမှ နဂါးမင်းသမီးလေးကို ပူဇော်သည့်ဘာဝင် နန်းဟုသူဟိုင်ရေထွက်



▼ ဝေဠုစမ်း နန်းဟုသူဟိုင်း ရေထွက်အစ



ခေါင်းရေထွက်တစ်ဝိုက်နှင့် မြို့ကုန်းရှိ ကြောင်လိမ်(ရွှေဥမင်စေတီ) အနီးနား တစ်ဝိုက်တွင် တွေ့ခဲ့ကြသည်ဟု ရှေးလူကြီးများ၏ ပါးစပ်ရာဇဝင်အရ သိရှိခဲ့ပါသည်။

## ဒုတိယအမည် ရဿဝတီ

ဦးကုလားရာဇဝင်နှင့် မှန်နန်းရာဇဝင်လာအရ **ရဿဝတီ** ဟု ခေါ်တွင်သော နောက်ခံသမိုင်းမှာ ပေါက္ကံပြည်ကြီးခေါ် ပုဂံနေပြည်တော်ကြီးနှင့် ခေတ်ပြိုင်ဟု ဆိုနိုင်ပါသည်။

နဂါးကျစ်ကုန်းဟုခေါ်သော အရပ်ယနေ့ ရပ်စောက်မြို့ရှိ မြို့ကုန်းရပ်ကွက်အရပ်၌ **ရဿဝတီ**အမည်တွင်သော မြို့တော်ကို **ကောလိယမင်းကြီး**မှ တည်ထောင်ခဲ့ကြောင်း မှတ်သားသိရှိရပါသည်။ ထိုကောလိယမင်းမှ မြန်မာသက္ကရာဇ် ၁၂ ခုနှစ်၊ အေဒီ ၆၅၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သည်ဟု သိရသည်။

ထိုအချိန်ကာလမှာ ပုဂံပြည်ကြီးကို တည်ထောင်အုပ်စိုးခဲ့ကြသော မင်းဆက်(၅၅)ဆက်ဖြစ်သော မင်းများထဲမှ ပုပ္ပါးစောရဟန်းမင်း(သဃ်ရာဇာ)(၅၃၅–၅၆၂)၏သမက် ရွှေအုန်းသီး မြန်မာသက္ကရာဇ် ၂ ခုနှစ်နှင့် မင်းဆက်တစ်ပါးဖြစ်သော ညီပိတ်သုံ သက္ကရာဇ် ၁၄ ခုနှစ် မင်းဆက်နှစ်ဆက် အုပ်စိုးစဉ်ကြားကာလ ဖြစ်ပါသည်။

ထို့ကြောင့် ရဿဝတီမြို့ တည်ထောင်သည့်ကာလမှာ ပုဂံပြည်ကြီး တည်ထောင်သော ခေတ်နှင့်အပြိုင်ဟု ယူဆနိုင်ပါသည်။

အေဒီ ၁၄၆၇ ခုနှစ်တွင် သီပေါစော်ဘွားနှင့် ရပ်စောက်စော်ဘွားတို့ မသင့်မမြတ်ဖြစ်ပြီး တိုက်ခိုက်ကြရာ သီပေါစော်ဘွားမှ အင်းဝမင်းထံ စစ်ကူ



www.burmeseclassic.com

www.burmeseclassic.com

တောင်း ပူးပေါင်း၍ **ရဿဝတီ**မြို့ကို ဝိုင်းရံ တိုက်ခိုက် ဖျက်ဆီးခဲ့ကြသဖြင့် အေဒီ ၆၅၀ ပြည့်နှစ်မှ အေဒီ ၁၄၆၇ ခုနှစ်ထိ မင်းလုပ်အုပ်ချုပ်ခဲ့သော ကောလိယမင်းဆက် ကုန်ဆုံးသွားခဲ့ပါသည်။ ထိုတွင် ဒုတိယအမည်ရှိ ရဿဝတီခေါ် နဂါးမြို့တော်မှာ နိဋ္ဌိတံခဲ့ရပါသည်။



▲ နန်းဟော့ပ်ဂိုး (ခေါ်) ပထွေးခင်းရှိ သစ်ကြီးဝါးကြီးပင်များ

## တတိယနာမည် ရပ်စိုက်သည်

ရှေးသမိုင်း ပါးစပ်ရာဇဝင်များအရ ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီး (၅၃၆–၅၇၂)သည် ရဿဝတီမြို့သို့ ကောဇာသက္ကရာဇ် ၅၅၂ ခုနှစ်တွင် ရောက်ရှိလာခိုက် မိုးနဲမြို့မှ သယ်ယူဆောင်လာသော ပိန္နဲသီးကို စားပြီး မျိုးစေ့ကို အဓိဋ္ဌာန်၍ ရပ်တော်မူလျက် ခြေမတော်ဖြင့် စိုက်လိုက်လေရာ ချက်ချင်း ရွက်လွှာ(၇)လွှာဖြင့် အပင် ငယ်ပေါက်ပြီး အဓိဋ္ဌာန် အောင်တော်မူသည်ဟု ဆိုခဲ့ကြပါသည်။ ထိုအခါမှစ၍ **ရပ်စိုက်**ဟု အမည်တွင်ခဲ့ကြောင်းကို သိရှိခဲ့ရပါသည်။

ယခု နဂါးကျစ်ကုန်းခေါ် မြို့ကုန်းပေါ်တွင် သာသနာသက္ကရာဇ် ၁၆၄၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၅၅၂ ခုနှစ်၊


▼ နန်းဟော့ပ်ဂိုး (ခေါ်) ပထွေးခင်းရှိ နဂါးသင်္ကေတ





www.burmeseclassic.com

www.burmeseclassic.com




နဂါးမြို့တော် ဒုတိယအမည် ရဿဝတီခန်းမကြီး နဂါးပုံစံများဖြင့် သင်္ကေတပြထားသည်



နဂါးမြို့တော်(ရပ်ဆောက်ရှိ) နဂါးသင်္ကေတများ

နဂါးကျစ်ကုန်းပေါ်မှ နဂါးမြို့တော်ရှုခင်း



ခရစ်နှစ် ၁၀၉၀ ပြည့်နှစ်၌ ဉာဏ်တော်အမြင့် (၅၉)တောင်၊ ဖိနပ်တော် ပတ်လည်အကျယ်(၁၂၂)တောင်ခွဲ၊ ဖိနပ်တော်တစ်ဖက်အရှည် အတောင်(၃၀)ရှိ မုတ္တောစေတီခေါ် ရွှေပိန္နဲစေတီကြီးကိုတည်ထားကိုးကွယ်တော်မူခဲ့ပါသည်။

ထိုစေတီတော်ကြီးမှာ ယခု နဂါးကျစ်ကုန်းခေါ် မြို့ကုန်းအရှေ့ဘက်ရှိ ဓာတ်ပေါင်းစုဘုရားကြီး ပရိဝုဏ်အတွင်းတွင် ခံ့ထည်စွာ ဖူးမြော်နိုင်ပါသည်။ ယခု ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်တွင် နှစ်ပေါင်း(၈၂၃) ရာဇဝင်သမိုင်းတွင်ကမ္ပည်းတင်ခဲ့ပြီဖြစ်ပါသည်။

ထိုနရပတိစည်သူမင်းကြီး မဟာရောက်မီမှာပင် ပုဂံပြည့်ရှင်မင်းကြီး (၃၇၉–၄၂၁) နဂါးကျစ်ကုန်းပေါ်ရှိ ဓာတ်ပေါင်းစု ဘုရားကုန်းပေါ်တွင် သာသနာသက္ကရာဇ် ၁၅၉၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၄၁၄ ခုနှစ်၊ ခရစ်နှစ် ၁၀၅၅ ခုနှစ်တွင် ရွှေစည်းခုံစေတီတော်ကြီးကို လာရောက်တည်ထားကိုးကွယ်ခဲ့သည်ကို သိရှိရပါသည်။

ဉာဏ်တော်(၈၁)ပေ (၅၄)တောင်၊ ဖိနပ်တော်တစ်ဖက် အလျားပေ (၄၈)ပေရှိပြီး ယခု ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်တွင် သက်တမ်းမှာ (၉၆၁)နှစ် သမိုင်းဝင်ခဲ့ပြီ ဖြစ်ပါသည်။

တစ်ဖန် ရှေးကာလတစ်ခု၌ သီရိဓမ္မာသောကမင်းကြီးမှ သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်၊ ခရစ်နှစ် ဘီစီ ၃၀၈ ခုနှစ်တွင် နဂါးကျစ်ကုန်းရှိ ဓာတ်ပေါင်းစု ဘုရားကြီးတွင် ရှစ်သောင်းစေတီတော်ကြီးကို လာရောက် တည်ထားကိုးကွယ်ခဲ့ပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**နိုင်မင်းညို**



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို လစဉ် ဝယ်ယူ ဖတ်ရှုသကဲ့သို့ စာမူဆောင်းပါးများကိုလည်း အခါ အားလျော်စွာ ပေးပို့လျက်ရှိပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ အစွမ်းထက်သော ကျင့်စဉ်များ၊ အစွမ်းထက်သော ဂါထာ အင်းစမများ၊ အင်္ဂရိတ်ပညာရပ်များနှင့် ကိုယ်တွေ့ တိုင်းရင်းဆေးမြီးတိုများ၊ ဗေဒင်ပညာ ရပ်များ မသိရှိရသေးသော နေရာဒေသ များမှ ပုဂ္ဂိုလ်ထူးများနှင့် ဖြစ်ရပ်ဆန်းကြယ်များ စသော သိမှတ်စရာများတွေကို ဖတ်ရှုရ၍ များစွာ အကျိုးရှိလှပါသည်။

ယခုအခါမှာ စာရေးသူလည်း ရှေးအင်းပညာရှင် ဆရာကြီးများ၏အထံမှ ရရှိသော ကမ္ဘဝါစာထဲမှ ကမ္ဘဝါအင်းတော်ကြီးကို ရေးသား တင်ပြလိုက်ရပါသည်။

အင်းပညာရပ် (၉၉)ရာနှုန်းနီးပါးသည် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃဂုဏ်တော်များနှင့် ဘုရားရှင်ဟောထားခဲ့သော ဂါထာပါဠိတော်များကို အများအားဖြင့် ထည့်သွင်း စီရင်လာသည်ကိုသာ တွေ့မြင်ရဖူးပါသည်။

အင်းပညာ၊ စမပညာဖြင့် အောင်မြင်၍ အပြီးတိုင် အစွမ်းထက်လိုသောသူများသည် ပထမဆုံး သီလစခန်းကို ကျင့်သုံးပြီး ဒုတိယအနေနှင့် သမာဓိစွမ်းအင်ကို ဆက်၍ ကြိုးစားအားထုတ်ရပါမည်။

သမာဓိစွမ်းအင်ရရှိအောင် သတိအရေးကြီးလှပါသည်။ သတိတစ်လုံး အခက်ဆုံးဆိုသည့်အတိုင်း သက်နှင့်ပတ်သက်၍ ဘုရားရှင် ဟောထားသည်များရှိပါသည်။

'သတိစ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ'



ကမ္ဘဝါစာထဲမှ

# ကမ္ဘဝါအင်းတော်ကြီး

ဆရာဦးစန်းယု
ခေတ်မီအဘိဓမ္မာတောင်သာ
(တိုင်းရင်းဆေး)ဝါးခယ်မမြို့၊ ကံကွင်း



**ဘိက္ခဝေ**– ချစ်သားရဟန်းတို့၊ **ခေါ**–စင်စစ်၊ **သတိစ**– မမေ့မှု သတိတရားကိုသာလျှင်၊ **သဗ္ဗတ္ထိကံ**– အရာရာတိုင်း၌ အလိုရှိအပ်၏ဟူ၍၊ **အဟံ**–ငါဘုရားသည်၊ **ဝဒါမိ**–ဟောတော်မူ၏။

သို့အတွက်ကြောင့် သတိတရားရှိမှ သမာဓိရနိုင်ပါသည်။ ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းကျင့်ကြံ အားထုတ်သောအခါမှာ နှာသီးနှာဖျားမှာ ထွက်လေဝင်လေများကို သတိနှင့်ကပ်ပြီး ရှုပွားကျင့်ကြံရပါသည်။ ထို့ကြောင့် ရှေးဦးစွာ သီလများကို လုံခြုံစေပြီး သမာဓိအဆင့်သို့ ရောက်ရှိအောင် ကျင့်ကြံပွားများနိုင်ပါက အင်းနှင့် စမများ၏ အစွမ်းသတ္တိ အံ့ဩလောက်အောင် အထူး[illegible]ထက်မြက်သည်ကို တွေ့ရှိရပါသည်။

ယခု ကမ္ဘဝါအင်းစီရင်ရာတွင် အင်း၏ စည်းကမ်းအရ အင်းကျိုးခြင်း၊ အင်းကန်းခြင်း၊ အင်းပေါက်ခြင်းများ မရှိအောင် စီရင်ရပါမည်။ အင်းချခြင်းကိုစွ မကျွမ်းကျင်သေးပါက ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ မြန်မာ့အင်းပညာ(၁) [ဆရာစော– အင်းတစ်ထောင်]၏ ဆောင်းပါးတွင် နည်းယူ၍ အင်းကို စီရင်နိုင်ပါသည်။

နက္ခတ်အဝင်အထွက် မသိပါက ဘုရားရှင်ကို ဆီမီးရေချမ်း ကပ်လှူပြီး ဤဂါထာကို (၇)ခေါက် ရွတ်ဖတ်ပူဇော်ပြီး အင်းကို စီရင်နိုင်ပါသည်။

**ရွတ်ဖတ်ရန်ဂါထာမှာ...**

သု,နက္ခတ္တံ သု,မင်္ဂလံ၊
သု,ပ္ပဘာတံ သု,ဟုဋ္ဌိတံ၊
သု,ခဏော သု,မုဟုတ္တော စ၊
သု,ယိဋ္ဌံ ဗြဟ္မစာရိသု၊

ပုဗ္ဗဏှသုတ် ပရိတ်တော်လာဂါထာဖြင့် (၇)ခေါက် ရွတ်ဖတ်ပူဇော်၍ အင်းနှင့်စမ စသည်များကို စီရင်၍ အသုံးပြုနိုင်ပါသည်။

ယခုတင်ပြမည့်အင်းမှာ ရဟန်းတော်များ ကမ္ဘဝါစာတွင် အသုံးပြုလျက်ရှိသော **"သုထာတု မေ ဘန္တေသံ"** အင်းဆန်များ ဖြစ်ပါသည်။

**အင်းချပုံမှာ** အစကွက်မှ ရထားသွားနည်းဖြင့် ချသွား၍ အဆုံးထောင့်ကွက်တွင် သံအက္ခရာဖြင့် ဆုံးရသည်။

**ဝိယသိဒ္ဓိအစွမ်းလိုလျှင်** အဝင်နက္ခတ်၊ **ပယောဂအတိုက်အခိုက် ကာကွယ်လိုလျှင်** အထွက်နက္ခတ်၊

www.burmeseclassic.com

www.burmeseclassic.com

**ကာယသိဒ္ဓိခန္ဓာကိုယ်အကာအကွယ် အထိအခိုက် ပြီးစွမ်းလိုလျှင်** ခပတ် နက္ခတ် အသီးသီး ရွေးချယ်၍ သိမ်ဝင်ထားသော ရွှေပြား၊ ငွေပြား၊ ကြေးပြားတွင် လက်ဖွဲ့ထိုး၍ ဆောင်ရပါမည်။

ဆောင်ရသောအကျိုးကား ခန္ဓာကိုယ်၏ ရှေ့ပိုင်းက လက်ဖွဲ့ကို ဆောင်ပါက ဝိယသိဒ္ဓိ(ခေါ်) လူနတ်ချစ်ခင်စေတတ်၏။ လိုရာဆန္ဒပြီး မြောက်စေသည်။

ခန္ဓာကိုယ်၏ နောက်ပိုင်းက လက်ဖွဲ့ကိုဆောင်–စုန်းနတ်မိစ္ဆာ တစ္ဆေ အစိမ်းသရဲစသော ပယောဂတို့အပေါင်း မကပ်ရောက် မနှိပ်စက်နိုင်။

ဦးခေါင်းပိုင်းမှာ လက်ဖွဲ့ထား၍ ဆောင်– ဆန့်ကျင်လိုင်တို့ ချစ်ခင်စေတတ်၏။ သတိထားရမည့်အချက်မှာ အထက်လမ်းသုံး အင်းများဖြစ်၍ အိမ်အောက်သို့ ကမ္ဘဝါအင်းလက်ဖွဲ့ မကျရောက်စေရန် သတိထားရမည်။

အင်းလက်ဖွဲ့ အိမ်အောက်သို့ ကျရောက်သွားပါက ဘေးအန္တရာယ်ကြီးစွာ ဖြစ်တတ်၏။

'အင်း၏အသက် နက္ခတ်၊ ဓာတ်၏ အသက် အခါပိုင်း ဆေးမှာ ရာသီ'

ဆိုသည့် ရှေးပညာရှိ သူတော်ကောင်းဆရာတို့၏ စကားအရ နက္ခတ်ကျွမ်းကျင်သူများအတွက် နက္ခတ်၏ အင်အားသတ္တိနှင့် မိမိအလိုရှိသော ကိစ္စအရပ်ရပ်တို့ကို တူညီစွာညှိ၍ ကမ္ဘဝါအင်းလက်ဖွဲ့ကို စီရင်ပါက နက္ခတ်၏ စွမ်းအင်သဘာဝအတိုင်း ရရှိစေနိုင်ပါသည်။

***

**ဆရာဦးစန်းယု**

***ခေတ်မီအဘိဓမ္မာတောင်သာ***

**(တိုင်းရင်းဆေး)ဝါးခယ်မမြို့ကံကွင်း**

**ကမ္ဘဝါအင်းဆန်**

သု ဏာ တု မေ ဘ န္တေ ဏာ တု မေ ဘ န္တေ တု မေ ဘ န္တေ မေ ဘ န္တေ ဘ န္တေ န္တေ
၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ ၁၁ ၁၂ ၁၃ ၁၄ ၁၅ ၁၆ ၁၇ ၁၈ ၁၉ ၂၀ ၂၁

သု ဏာ တု မေ ဘ န္တေ သံ ဏာ တု မေ ဘ န္တေ သံ တု မေ ဘ န္တေ သံ မေ ဘ န္တေ သံ ဘ န္တေ
၂၂ ၂၃ ၂၄ ၂၅ ၂၆ ၂၇ ၂၈ ၂၉ ၃၀ ၃၁ ၃၂ ၃၃ ၃၄ ၃၅ ၃၆ ၃၇ ၃၈ ၃၉ ၄၀ ၄၁ ၄၂ ၄၃ ၄၄ ၄၅
သံ န္တေ သံ သံ
၄၆ ၄၇ ၄၈ ၄၉ အားလုံးပေါင်း(၄၉)လုံး

**ရှေ့ဘက်ခြမ်းချရန် အင်းချပုံစံ (၁)**

| | | | | | | |
|---|---|---|---|---|---|---|
| သု | ဏာ | တု | မေ | ဘ | န္တေ | |
| ဏာ | တု | မေ | ဘ | န္တေ | | |
| တု | မေ | ဘ | န္တေ | | | |
| မေ | ဘ | န္တေ | | | | |
| ဘ | န္တေ | | | | | |
| န္တေ | | | | | | |
| | | | | | | |

**အင်းဆန်သွင်းရန် နံပါတ်စဉ်ဇယား (၁) ရှေ့ခြမ်းအတွက်**

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | |
| ၇ | ၈ | ၉ | ၁၀ | ၁၁ | | |
| ၁၂ | ၁၃ | ၁၄ | ၁၅ | | | |
| ၁၆ | ၁၇ | ၁၈ | | | | |
| ၁၉ | ၂၀ | | | | | |
| ၂၁ | | | | | | |
| | | | | | | |

**အနောက်ဘက်ခြမ်းချရန် ပုံစံ (၂)**

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | သံ |
| | | | | | သံ | န္တေ |
| | | | | သံ | န္တေ | ဘ |
| | | | သံ | န္တေ | ဘ | မေ |
| | | သံ | န္တေ | ဘ | မေ | တု |
| | သံ | န္တေ | ဘ | မေ | တု | ဏာ |
| သံ | န္တေ | ဘ | မေ | တု | ဏာ | သု |

**အနောက်ဘက်ခြမ်းချရန် (၂) နံပါတ်စဉ်ဇယား**

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | ၄၉ |
| | | | | | ၄၈ | ၄၇ |
| | | | | ၄၆ | ၄၅ | ၄၄ |
| | | | ၄၃ | ၄၂ | ၄၁ | ၄၀ |
| | | ၃၉ | ၃၈ | ၃၇ | ၃၆ | ၃၅ |
| | ၃၄ | ၃၃ | ၃၂ | ၃၁ | ၃၀ | ၂၉ |
| ၂၈ | ၂၇ | ၂၆ | ၂၅ | ၂၄ | ၂၃ | ၂၂ |

**အရှေ့ခြမ်းနှင့်အနောက်ခြမ်းတွဲ၍ ကမ္ဘဝါအင်းချပြီးသော အင်းပုံစံ (၃)**

| | | | | | | |
|---|---|---|---|---|---|---|
| သု | ဏာ | တု | မေ | ဘ | န္တေ | သံ |
| ဏာ | တု | မေ | ဘ | န္တေ | သံ | န္တေ |
| တု | မေ | ဘ | န္တေ | သံ | န္တေ | ဘ |
| မေ | ဘ | န္တေ | သံ | န္တေ | ဘ | မေ |
| ဘ | န္တေ | သံ | န္တေ | ဘ | မေ | တု |
| န္တေ | သံ | န္တေ | ဘ | မေ | တု | ဏာ |
| သံ | န္တေ | ဘ | မေ | တု | ဏာ | သု |

www.burmeseclassic.com

စကြာဗြာဓာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"သြော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-ဝ၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-ဖေ၁၃ Y ၀၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

"သြော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထမျိုးတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-၈/၆၆၆၊ သုမင်္ဂလာလမ်းမကြီး၊**

**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၅၂၂၅၄၀**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေမင်းတောရဆရာတော် မဟာကမ္မဋ္ဌာနာစရိယ

# ဘဒ္ဒန္တ ဣန္ဒသိရိ

၏

# လက္ခဏာတော်

ဦးခင်မောင်သန်း
(အ.မ.က၊ ပခန်းတန်း)

## ထေရုပ္ပတ္တိ

ဆရာတော်သည် ပဲခူးတိုင်း၊ ဝေါ မြို့နယ်၊ ကမ်းကြီးဆိပ်ကျေးရွာနေ ခမည်းတော် ဦးသောင်း၊ မယ်တော် ဒေါ်ခင်ကြည် တို့က ၁၃၀၇ ခုနှစ်၊ နတ်တော်လဆန်း (၅)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။ မွေးချင်း (၄)ယောက်ရှိသည့်အနက် သားဦးရတနာဖြစ်ပြီး ငယ်မည်မှာ မောင်အောင် ဖြစ်ပါသည်။

(၉)နှစ်သား အရွယ်တွင် ကမ်းကြီး ဆိပ်ကျေးရွာ ရတနာသီရိ (တဲထိပ်) ကျောင်းဆရာတော် ဘဒ္ဒန္တခေမိန္ဒကို ဥပဇ္ဈာယ်ပြုပြီး ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၂၈ ခုနှစ်၊ နယုန်လဆန်း (၆) ရက်နေ့ နံနက် (၈)နာရီ(၄၂)မိနစ် အချိန်တွင် မှန်ပြည်နယ် ကျိုက်ထိုမြို့ နယ် စစ်တောင်းမြို့ အလင်းရောင်သိပ္ပံ



www.burmeseclassic.com




ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒမာလာ ကို ဥပဇ္ဈာယ်ပြုပြီး အလင်းရောင်သိပ္ပံကျောင်း ခဏ္ဍသိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်ကျောက်ကုန်းတောရ မေဒိနီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျောင်းတော်ရာရွှေကျင်တိုက်သုံးထပ်ကျောင်း ပရိယတ္တိစာသင်တိုက်များတွင် ပညာဆည်းပူးခဲ့သည်။

ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနထေရ် ဘဒ္ဒန္တဇောတိပါလ ဆရာတော်ကြီး၏ထံတွင် အခြေပြုတန်း ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းများကို အောင်မြင်ခဲ့ပြီး ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက် နာယကဆရာတော်လေးပါးထံတွင် ဓမ္မာစရိယ (စာချတန်း)ကို အောင်မြင်ခဲ့ပါသည်။

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အနန်းပင်တောရ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇနိယထံ၌ ၁၃၆၆ ခုနှစ်တွင် ဓမ္မာစရိယတန်းကို ဒီဃနိကာယ် မြန်မာဂုဏ်ထူးစာမေးပွဲကို ဖြေဆိုအောင်မြင်သဖြင့် သက်တော် (၆၀)ပြည့်နှစ်တွင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။

ကျောင်းတော်ရာ ရွှေကျင်သုံးထပ်ကျောင်း၌ သီတင်းသုံးနေထိုင်စဉ် ရွှေတိဂုံစေတီတော် အနောက်မြောက်ရှိ ဗုဒ္ဓဇယန္တီဓမ္မာရုံတော်၌ ၁၃၃၁ ခုနှစ်မှ စတင်ပြီး ဓမ္မာစရိယ ဘီအေဆရာတော်ကြီးများ ကြီးမှူးကျင်းပသော သာသနာပြုသင်တန်းတွင် တတိယအကြိမ်မြောက်၌ တက်ရောက်သင်ကြားဖြေဆိုအောင်မြင်ခဲ့ပါသည်။

၁၃၄၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဟာမစ်တဲစ်လမ်း မဟာစည်ရိပ်သာ၌ ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ကြီးထံတွင် ပဋိပတ္တိနည်း ကျင့်စဉ်များကို နည်းခံအားထုတ်ခဲ့ပြီး ၁၃၄၃ ခုနှစ်၊ ဝါဆိုလမှ စတင်ပြီး ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေဥမင်တောရရိပ်သာ ဆရာတော်ကြီးထံ၌ ပရိယတ္တိ ပဋိပတ္တိနည်းကို ခံယူကာ သီတင်းသုံးနေထိုင်ခဲ့ပါသည်။

၁၉၉၈ ခုနှစ်၊ ဧပြီလမှ စတင်ပြီး မြတ်ပန်းရဂုံ မဂ္ဂဇင်းတွင် သန္တာနန္ဒ (မ-ဥက္ကလာပ)အမည်ဖြင့် ဓမ္မဆောင်းပါးများကို ရေးသားခဲ့ပါသည်။

---

လက္ခဏာတော် လေ့လာချက်

---

**❑ ဘယ်ညာ နှစ်ဖက်လုံးတွင် အင်္ဂါလမ်း ပါ,ပါတယ်။ (က)**

**F.17B. September, 2016.**



www.burmeseclassic.com

www.burmeseclassic.com

ဒါကတော့ ဘေးရန် အန္တရာယ်ကင်းခြင်း။ သူတစ်ပါး မကောင်းမကြံစည်နိုင်ခြင်း။ ဉပဒ္ဒေအကံ့၊ ကင်းခြင်း။ ဆေးလိုက်ခြင်း ပရိသတ်ကို ခံ့ညားစေခြင်း။ အသက်ရှည်ခြင်း။ ကျန်းမာခြင်းကို ဖြစ်စေပါမယ်။

**❑ အသက်လမ်းကြောင်း အရင်းမှာ ကြာဖူး ထင်ရှားနေပါတယ်။ (ခ)**

ဒါကတော့ တရားထူးတရားမြတ် ရစေခြင်း။ အသက်ရှည်ခြင်း။ အိုဇာတာကောင်းခြင်း။ စိတ်ငြိမ်းချမ်းမှုရစေခြင်း၊ ကိုးကွယ်သူများကိုလဲ ပူပင်ကြောင့်ကြ ကင်းဝေးစေနိုင်ခြင်း။ ကံကောင်းခြင်းတို့ပါပဲ။ ရောက်နိအသည့် ကြာအသင့်ဆိုတဲ့ ဘဝမျိုးပါပဲ။ [ဘယ်ဘက်တွင် သယ္ယမ္ဘူလင်းပါသဖြင့် ယခုလို သုံးသပ်ပါတယ်။ (စ)]

**❑ ကြာသပတေးဂြိုဟ်ခုံ၌ ရည်ရွယ်ချက်လမ်းကြောင်း (ဖေယျထီးမိုး) ထင်ရှားနေပါတယ်။ (ဂ)**

ဒါကတော့ ရည်ရွယ်ချက်ထားရှိခြင်းနဲ့ ရည်ရွယ်ချက်အတိုင်း ပြီးမြောက်စေခြင်းပါပဲ။

**❑ လက်သန်းသည် အတွင်းသို့ အနည်းငယ် ယိုင်နေပါတယ်။ (ဃ)**

ဒါကတော့ အနေအေးခြင်း။ သိုသိုသိပ်သိပ်နေခြင်းရဲ့ ပြယုဂ်ပါ။

**❑ ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် ဩဇာလမ်းတစ်ကြောင်း ထင်ရှားပါတယ်။ (င)**

ဒါကတော့ အာဝဇ္ဇန်းကောင်းခြင်း။ စည်းရုံးရေးကောင်းခြင်း။ ဆက်ဆံရေးပြေပြစ်ခြင်း။ အသံကောင်းခြင်း (အသံကို အသုံးပြုရသော လုပ်ငန်းများ အကျိုးပေးခြင်း။ တရားဟော၊ တရားပြ၊ ဓမ္မကထိက)။

**❑ ရတနာဘဏ်တိုက် ပါရှိပါတယ်။ (ဆ)**

ဒါကတော့ ငွေကြေးရလွယ်ခြင်း။ ပစ္စည်းလေးပါး ပေါများစေခြင်း။ ငွေကံကောင်းခြင်း။ ငွေကြေးစုဆောင်းမိခြင်းကို ဖြစ်စေပါမယ်။ ရှေးအိုးမြှုပ်ခဲ့သူလို့ ဆိုရိုးပြုကြပါတယ်။ [ဗုဒ္ဓဟူးဂြိုဟ်ခုံ၌ မှည့်မဟတ်များပါ၍ ယခုလို သုံးသပ်ပါတယ်။ ငွေကြေး အလှူခံရလွယ်စေတယ်။ လာဘ်လာဘ မချို့ငဲ့သော အကျိုးကို ရစေပါမယ်။ (င)]

**❑ တနင်္ဂနွေဂြိုဟ်ခုံမှာ ကြာဖူးသင်္ကေတ တွေ့ရတယ်။ (ဇ)**

ဒါကတော့ တနင်္ဂနွေဂြိုဟ်ခုံကို အားကောင်းစေပါတယ်။ ဒါကြောင့် ဘွဲ့ထူးဂုဏ်ထူးရခြင်း။ ဂုဏ်သတင်းကျော်ကြားခြင်း။ နေရာဌာနကောင်း အဆောက်အအုံကောင်းများ ပိုင်ဆိုင်ရခြင်း။ ဥစ္စာဓနပြည့်စုံခြင်း။ အောင်မြင်မှုသရဖူဆောင်းရခြင်းရဲ့ သင်္ကေတပါ။

**❑ စနေဂြိုဟ်ခုံတွင် နှလုံးလမ်းကြောင်းထိပ်တွင် ကြာဖူးသင်္ကေတ (ဈ)နှင့် တနင်္လာကစ,သော စနေထီးမိုး(ဘယ်) ထင်ရှားပါတယ်။ (ဈ)**

ဒါကတော့ စိတ်ရင်းစေတနာသဒ္ဓါတရားကောင်းခြင်းကို ပြပါတယ်။ ပူပင်သောကငြိမ်းအေးခြင်း။ ကူညီထောက်ပံ့သူပေါ်ခြင်း။ ကြည်ညိုသူများစေခြင်း။ ပစ္စည်းလေးပါး မချို့ငဲ့ခြင်းတို့ပါပဲ။

ဒ့ပြင် ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်ရခြင်း။ ပင်းစိုးရေဇာများရဲ့ ဆည်းကပ်ကိုးကွယ်မှုကို ရခြင်း။ ဩဇာတိက္ကမ ကြီးမားစေခြင်း။ ဘာသာ့သာသနာရေးလုပ်ငန်းများ အထူးအောင်မြင်စေခြင်း။ ရပ်ဝေးက ကြည်ညိုသူ ပို၍ များစေတတ်ခြင်းရဲ့ ပြယုဂ်များပါပဲ။

**❑ နှလုံးလမ်းကြောင်း အရင်းတွင် မြားမြီးသင်္ကေတကို တွေ့ရပါတယ်။ (ည)**

ဒါကတော့ တပည့်တပန်း ပေါများစေခြင်း။ ကြည်ညိုသူ အကာ,အကာမများ ပေါများစေခြင်း။ ခြွေရံပရိသတ် ပေါများစေတတ်သော သင်္ကေတတစ်ခုပဲ ဖြစ်ပါတယ်။

***သင်္ချေဘဝ သာယာပါစေ။***

| |
|---|
| **ဦးခင်မောင်သန်း** |
| *(အ.မ.က၊ ပခန်းတန်း)* |


**မည်**

**သူ**

**မ**

**ဆို**

**ပါ**

**ဝင်**

**ရေးသား**

**နိုင်ပါသည်...**

စာမူပို့လိုက...

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တဗေဒင်ပြည်မဂ္ဂဇင်း

အမှတ် ၂၀၉-မြေညီ၊

၂၉-လမ်း(အထက်)

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၂၄၂၃၀၄၊




www.burmeseclassic.com

www.burmeseclassic.com

ကိုဘာညွန့်တစ်ယောက် မထင်မှတ်ဘဲ ရှုံးသွပ်စွာ စိတ်ဝင်စား အဂ္ဂိရတ်ပိုး ဝင်သွားရာမှ ဗိုမထိုးရ မနေနိုင် ဖြစ်နေသည်။

သို့နှင့် ယခင်က အောင်မြေဗောဓိ ရွှေသေဒုပ်ပေါ်လမ်း၏ လက်ကျန် ရွှေသေသပိတ်ရောင် နက်ပြောင်နေသည့် ဓာတ်သား(၁)ကျပ်သားကို အရင်းတည်ပြီးနေစဉ် မီးတေဇောပေးနေသည်။

ထိုမှဆက်ပြီး ရရှိခဲ့သည့် ဝီရိယ အကျိုးဆက်အနေဖြင့်…

**"ရွှေသေ တေဇောရ"** ဓာတ်လုံး ကောင်းကောင်းတစ်လုံးတော့ ရရှိခဲ့လေပြီ။

သို့ဖြစ်၍ အခြားအခြားသော အဂ္ဂိရတ် လက်ဝဲလုပ်ရတ် စားလမ်းပေါင်း မြောက်မြားစွာကိုလည်း လက်တွေ့ လေ့လာသုတေသန အဖြေရှာနေခဲ့သလို…

လက်ဝယ်ပိုင်ပိုင် ရရှိထားသည့် "ရွှေသေဓာတ်လုံး" ကိုလည်း တစ်နေ့မပြတ် လေဖိုတင် မီးစိုက်လာခဲ့သည်မှာ အနှစ်(၂၀)ကျော်လာခဲ့ပြီ။

ကိုဘာညွန့်မှသည် ဦးဘာညွန့်၊ အဘာညွန့် ဟူသော အရွယ်ဖြစ်သော အသက်(၆၅) နှစ်အရွယ်သို့ပင် ရောက်ခဲ့လေပြီ။

"တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုသလို ယခင် မွေးရပ်ဇာတိရွာမှ အရောင်းအဝယ်ဖွံ့ဖြိုး၍ စစ်တပ်လေ့ကျင့်ရေး တပ်အခြေစိုက်ရာ လှည်းကူးမြို့နယ်မှ ရွာကြီးတစ်ရွာသို့ ပြောင်းရွှေ့လာပြီ ကုန်စုံဆိုင်ကြီး တစ်ဆိုင် ဖွင့်လှစ်ပြီး ရောင်းချလာခဲ့ရာတွင်လည်း စီးပွားဖြစ်ထွန်း၍ လိုတရလာခဲ့လေသည်။

ဆိုင်လုပ်သား လေး၊ ငါးဆယ်ယောက်



ဦးမောင်မြင့်
(ရွှေနဝင်း)

ဦးဘာညွန့်၏

# သွပ်ဓာတ်

အပိုင်း(၃)

ပင် ထားရှိလောက်အောင် လုပ်ငန်း ဖွံ့ဖြိုးပြီး ရောင်းဝယ်ကောင်းခဲ့လေသည်။

ဤသည်တို့မှာလည်း **"ကိတ်သေဓာတ်လုံး" ၏ အစွမ်းသတ္တိများ၏ ပံ့ပိုးပေးမှု**ဟု ဦးဘာညွန့်တစ်ယောက် ယုံကြည်ခဲ့လေသည်။

သို့သော် လောကဓမ္မတာလမ်းစဉ်အတိုင်း ဖြစ်ချိန်တန်လို့ ဖြစ်ခဲ့ပြီးလေတော့ ပျက်ချိန်တန်လို့ ပျက်ရတော့မည့် အခြေအနေက ဆိုက်ရောက်လို့ လာနေပြီဆိုတာကိုတော့ ဦးဘာညွန့် သတိမထားခဲ့မိပေ။

ဓာတ်ကောင်းတစ်လုံးကို ရရှိပိုင်ဆိုင်ထားသည့် ဝါရင့်အဂ္ဂိရတ်သမားတို့၏ ထုံးစံအတိုင်း ဓာတ်သေဓာတ်လုံး၏ လုံ့ခွံကို အခြားသောရုပ်ဓာတ်များနှင့် လုံ့ကျင်း၍ ရုပ်ပြောင်းစေခြင်း၊ အာကာသဓာတ်များကို လုံ့ခွံဖြင့် မီးချော့၍ ဖမ်းယူခြင်း စသော စမ်းသပ်မှု မျိုးပေါင်းစုံကို လုပ်ကိုင်လာခဲ့ရာ ထိုအထဲတွင် ရွှေသေဓာတ်လုံး၏ အစွမ်းသတ္တိမှာ **"သွပ်ဓာတ်"** **ကို အလွန်နိုင်ခြင်းပင်**ဖြစ်သည်။

ယင်းလုံ့ခွံဖြင့် သွပ်ဓာတ်အစိမ်းကို လုံ့တည့်ကျင်းလိုက်လျှင် သွပ်မှာ တခါတည်းနှင့် အခိုးမီးတောက်ငြိမ်းသည့် အခုသင့်ကို ရပြီး ဆက်၍ (၅)လုံလောက်

www.burmeseclassic.com

ကျင်းပေးလိုက်လျှင် သွပ်သေဓာတ်လုံး (၁)လုံးအဲဖြစ် ရောက်သွားလေသည်။

ထို့ကြောင့် ဦးဘညွန့်မှာ သွပ်သေဓာတ်လုံးကောင်းကလည်း အကျိုးပေးနေပြီး အရောင်းအဝယ် အပွင့်အလန်းနှင့် လူချစ်လူခင်ကလည်း ပေါမှပေါ ဆိုသလို ဖြစ်နေသည်။

ထို့ထက် ထူးခြားသည်မှာ ရွှေသေဓာတ်လုံးကို အရည်ကျိုလိုက်ပြီး အရည်ပျော်နေသည့်အချိန်မှာ **သွပ်အစိမ်း သန့်စင်ပြီး (၁)မတ်သားခန့်ကို** ပစ်ထည့်လိုက်လျှင်...

ထို သွပ်ဓာတ်အစိမ်းမှာ လုံးဝ အခိုးမီးတောက်မှ ကန်ထွက်မသွားဘဲ လက်ချားခဲလေးကို ထည့်လိုက်သလို **"ရွှေသေဓာတ်လုံး"**၏ ပျော်ရည်ထဲတွင် ပျော်ဝင်သွားပြီး တအောင့်လောက်အကြာမှာ...

ပေါက်ပေါက်ပွင့်လေးကဲ့သို့ ဖြူဖွေး၍ သန့်စင်နေသော **သွပ်ပြာအပွင့်လိုက်လေး ပြန်အန်ထွက်လာသည်**ကို ထူးဆန်းစွာ တွေ့ရလေသည်။

ထိုသွပ်ပြာသေလေးများကို လုံအအေးခံ၍ လက်ဖဝါးပေါ် ခေါက်ချလိုက်ပြီး ဦးဘညွန့်တစ်ယောက် လျက်ဆေး လျက်သလို လျှာဖြင့် လျက်ပြီး ရေနွေးကြမ်းတစ်ခွက်ဖြင့် သောက်ချလိုက်လေသည်။

ဤသို့ ရွှေသေဓာတ်လုံး၏ အစွမ်းသတ္တိဖြင့် ဦးဘညွန့်တစ်ယောက် သွပ်သေပြာရိုက်ပြီး မကြာခဏ ဆေးဝါးအနေဖြင့် သုံးဆောင်လာခဲ့လေသည်။

ဒီနေရာမှာ ဓာတ်တရားတို့၏ အကျိုးတရား အာနိသင်နှင့် အချိန်တွယ် ပမာဏချင့်ချိန် စားသုံးရမည့် အတိုင်းအတာကို "သတိမပြုမိခဲ့" လေတော့ သွပ်ဓာတ် သွပ်သေပြာက ၁၃ူ့သဘောအတိုင်း အစွမ်းပြလေတော့သည်။

**"အကောင်းလွန်တော့ အဆိုးဖြစ်တတ်တဲ့"** သဘာဝ သဘောတရားကဲ့သို့ပင် ဖြစ်သည်။ ဦးဘညွန့်တစ်ယောက် အသက်(၆၅)နှစ်ကျော်အရွယ်လို့သာ ဆိုရသော်လည်း သူ့ကိုကြည့်လိုက်လျှင် ငါးဆယ်ကျော်၊ ငါးဆယ်အရွယ်ခန့်လို့ လူတိုင်းက ထင်ကြလေသည်။

အရွယ်ကတင်၊ စီးပွားရေးကလည်း ကောင်း။ လူချင်လူခင်ကလည်း ပေါများပြီး အဘက်ဘက်က ပြည့်စုံနေသည်ဟု ထင်ရသော်လည်း ဦးဘညွန့်မှာ အိမ်ထောင်ဘက် ဇနီးသည်က လွန်ခဲ့သည့် (၃/၄)နှစ်က ဆုံးလေတော့ သွပ်ပြာ၏ အစွမ်းသတ္တိတွေကြောင့် အရွယ်တင် နုပျို ကျန်းမာနေသည်။

ထို့ပြင် ကျန်းမာပြီးတော့ ယောကျ်ားများ "လန်းဖြာ" သည့်ကိစ္စက [ကာမဂုဏ်ကိစ္စကလည်း] သွပ်ပြာအစွမ်း၏ အဓိက အစွမ်းပြချက်ဖြစ်သည့် သက်ပွားအားရှိပြီး အမြဲတမ်း ပန်းရွှင်လန်းနေလေတော့ ထိုကိစ္စကို ငြိမ်းသတ်ရန်အတွက် အိမ်တွင် လာရောက်ကူညီပေးနေသော ဇနီးသည်ဘက်မှ ဆွေနီးမျိုးစပ်တော်သည့် အသက်(၃၅)နှစ်အရွယ် မိန်းကလေးတစ်ယောက်ကို တရားဝင် လက်ထပ်ယူလိုက်ရတော့သည်။

ဒီနေရာတွင် ယောကျ်ားနှင့်မိန်းမ လွတ်လပ်သည့်သူချင်း လက်ထပ်တာဘာများဆန်းသလဲဟု တွေးထင်ကြသော်လည်း ဦးဘညွန့်၏ လူမှုအသိုင်းအဝိုင်း ပတ်ဝန်းကျင်မှာတော့ ဟိုပြောဒီပြော လူ့မနော အပြောမလွတ် ဖြစ်နေကြလေသည်။

ပတ်ဝန်းကျင်၏ မေးငေါ့ပြောဆိုမှုများ၏ဒဏ်ကို ဦးဘညွန့်တစ်ယောက် အသက်ကြီးမှ လက်တွေ့ တွေ့ကြုံရင်ဆိုင်လာခဲ့ရလေရာ ထိုပတ်ဝန်းကျင်မှာ နေထိုင်ရတာကို မပျော်မိုက်လာတော့ပေ။

လက်ရှိစီးပွားရေး အရောင်းအဝယ်ကောင်းမွန်ဖွံ့ဖြိုးနေသည့် လုပ်ငန်းတစ်ခုလုံးနှင့် အိမ်ဝင်းကိုပါ အပြီးအပိုင်ရောင်းချပြီး ပဲခူးမြို့ပေါ်သို့ ပြောင်းရွှေ့သွားခဲ့သည်။

ပဲခူးသို့ ပြောင်းရွှေ့ပြီး သင့်တော်သည့် အိမ်တစ်လုံးကို ဝယ်ယူပြီး အဂ္ဂိရတ်လုပ်ငန်းကို ဆက်လက် လုပ်ကိုင်နေပြီး ငွေပိုငွေလျှံများကို ဘဏ်တွင် အပ်နှံ၍ အတိုးထုတ်ယူပြီး အေးအေးဆေးဆေးနှင့် ဘဝကို အခြေချတော့မည်လို့ တွေးနေပါသည်။

ထိုစဉ် ဖြူန်းဆို မိမိလက်ထပ်ထားသည့် (၃၅)နှစ်အရွယ် မိန်းမက ကလေးကိုယ်ဝန်ရှိလာလေတော့ အသက်ကြီးမှ မြေးမချီရဘဲ ကိုယ်တိုင်မွေးသည့် ကလေး ချီရမယ့်ကိန်း ဆိုက်ပြန်လေပြီ။

သည်တော့လည်း ဘာတတ်နိုင်မှာလဲ၊ ကိုယ်ပြုခဲ့တဲ့အမှုပေပဲ တာဝန်ကျေရမှာပေါ့လို့သာ ဖြေသိမ့်ရတော့သည်။

တစ်ခါ ကလေးငယ်လေး မွေးဖွားလာတော့ ကလေးငယ်နှင့် ဇနီးမယားလေးအတွက် တာဝန်တွေ မလစ်ဟင်းရအောင် ပြုစုပေးနေရတော့...

**"ရွှေသေဓာတ်လုံး"** မီးတေဖောပေးရေးအတွက် သင့်တော်မည် ထင်သည့် လူတစ်ယောက်ကို ငှားပြီး လေဖိုမီးစိုက်သည့်အလုပ်ကို ကိုယ်စား လုပ်ကိုင်ခိုင်းခဲ့လေသည်။

သို့နှင့် (၆)လလောက်ကြာသည့် အခါမှာတော့ ပြဿနာတက်လေတော့သည်။ အကြောင်းက "ရွှေသေဓာတ်လုံး"ကို လေဖိုတင် မီးဖေးဖို့ ငှားထားသည့်လူက ဒီဓာတ်လုံး အဖိုး



www.burmeseclassic.com

www.burmeseclassic.com

တန်တာကို သိတော့ အင်္ဂလိရတ်ဉာဏ် မတောက်တခေါက် အသိဉာဏ် နည်းပါးစွာဖြင့်...

သူ့မှာရှိသည့် သူများပေးထားသည့် ဘာဓာတ်မှန်း မသိသည့် ဓာတ်လုံးကို ရွှေသေဓာတ်လုံးနှင့်ပေါင်းပြီး လေဖို တင်လိုက်ပြီ၊ နောက်မှ သူထည့်လိုက်သည့် ဓာတ်လုံးအလေးချိန်အတိုင်း ဦးဘညွန့်မသိအောင် ပြန်ခွဲယူမည်လို့ ကြံပြီး...

"ရွှေသေဓာတ်လုံး" နှင့် ပေါင်းလိုက်လေတော့ သွားလေပြီပေါ့၊ ရွှေသေ ဓာတ်လုံးဟာ လုံးဝကို ပျက်စီးသွားလေတော့သည်။

ဒီကိစ္စကို လက်လွန်ပြီးမှ ဦးဘညွန့် သိလိုက်ရတော့ ဘယ်လိုမှ ပြန်ပြီး ဓာတ်လုံးကို အဖတ်ဆယ်လို့ မရတော့ပေ။

ဦးဘညွန့်တစ်ယောက် မိမိ အနှစ် (၃၀)၊ (၄၀)ခန့် အရင်းတည်ပြီး ထိုးလာသည့် ဓာတ်ကောင်းတစ်လုံးဟာ ပျက်ချင်လာတော့လည်း ဘာမဟုတ်တာနှင့် ပျက်ခဲ့ရလေတော့ လူဟာ အရုပ်ကြိုးပြတ် မတ်တတ်တောင် မရပ်နိုင်လောက်အောင် စိတ်ဓာတ်ကျခဲ့လေသည်။

အသက်(၇၀)နှစ်ကျော် အရွယ်ကြီးမှ မိမိကလေးက နို့စို့ လသားအရွယ်နှင့် အခြေခံကောင်းပြီး ဝင်ငွေဖြောင့်နေသည့် စီးပွားရေးလုပ်ငန်းကလည်း စွန့်လွှတ်ခဲ့ရပြီ။

တစ်သက်လုံး အရိပ်တကြည့်ကြည့်နှင့် ပိုးလိုဥထားသည့် "ရွှေသေဓာတ်လုံး" ကလည်း မထင်မှတ်ထားဘဲ ပျက်စီးခဲ့လေတော့...

စာရှုသူများ ဦးဘညွန့်၏ လောကဓံဒုက္ခများကို ကိုယ်ချင်းစာ၍ ခံစားကြည့်နိုင်ပါလိမ့်မည်။



စာရေးသူက အဘဦးဘညွန့် အသက်(၈၀)ကျော်အရွယ် ယခုနောက်ဆုံး ဓာတ်သိမ်းခန်းရောက်မှ တွေ့ဆုံ ရင်းနှီးခင်မင်ခဲ့ရပြီး...

သူ၏ ဘဝဓာတ်ကြောင်းစုံကို ရင်ဖွင့်ပြခဲ့၍ ယခုလို သိခဲ့ရခြင်းဖြစ်ပါသည်။

**နိဂုံးချုပ်အနေဖြင့်...**

အဘဦးဘညွန့် ပြောခဲ့သည့် အင်္ဂလိရတ်ဓာတ်ပညာများနှင့် ပတ်သက်သည့် မှတ်သား သတိပြုစရာစကားမှာ...

'မောင်ရင်တို့လို အင်္ဂလိရတ်ပညာသင် ဝါသနာရှင်လေးတွေကို အဘ အထူးပြောချင်တာက အင်္ဂလိရတ် ဓာတ်ပညာဖော အလွန်သိမ်မွေ့ နက်နဲသလောက် စည်းကမ်း ဥပဒေသတွေကလဲ စောင့်ထိန်းစရာ များပြားလှပါတယ်။

မိမိဓာတ်စခန်း အောင်မြင်လာလေလေ သီလ၊ သမာဓိ ဉာဏ်ပညာကို အထူးဖြည့်ကျင့်ပေးနိုင်မှ တည်မြဲတာတဲ့ သဘောတရားကို အမြဲ သတိထားပါ။

ပြီးတော့ ဓာတ်တရားတွေရဲ့ အစွမ်းသတ္တိ အကျိုးအာနိသင်တွေကိုလဲ အရမ်းပဲ ပရမ်းပတာ မသုံးစွဲကြပါနဲ့လို့ အဘ မှာချင်ပါတယ်။

ဘာကြောင့်လဲဆိုတော့...

အဘကိုယ်တွေ့ "သွပ်ဓာတ်ကို နိုင်နင်းပြီ လိုသလို ရနေတော့" အဲဒီသွပ်ဓာတ်ရဲ့ အစွမ်းအာနိသင်ကို သင့်တော်သလို အသုံးမချဘဲ အရမ်း ထင်သလို သုံးစားပါပြီးတော့...

အသက်အရွယ်နဲ့ မမျှအောင် လူငယ်လူပျိုလေးများလို သုက်ဓာတ်တွေ ပွားများ အားရှိကျန်းမာလာလေတော့ ပုထုဇဉ် ကာမဂုဏ်စိတ်ကို ဘယ်လိုမှ ချုပ်နိုင်လို့ မရခဲ့တာက အစပြု မှားခဲ့တာပဲကွယ်။

အကယ်၍သာ သွပ်ဓာတ် သဘောသဘာဝကို သေချာ သတိပြုပြီး ထိန်းထိန်းသိမ်းသိမ်းနဲ့ အသုံးပြုခဲ့မယ်ဆိုခဲ့ရင် အဘဘဝက ဒီလိုမျိုး ဓာတ်သိမ်းမလှ ဖြစ်ခဲ့မှာ မဟုတ်ပါဘူးလို့ အဘ ယုံကြည်ပါတယ်။

ဒါကြောင့် မောင်ရင်တို့လို လူငယ် အင်္ဂလိရတ်ပညာသင် ဝါသနာရှင်လေးတွေကို အဘက တွေ့တိုင်း ကိုယ့်ဘဝနဲ့ရင်းပြီး ရခဲ့တဲ့ သင်ခန်းစာကို ပြောပြီး အမြဲသတိပေးခဲ့တာပါကွယ်။

အမှန်ကတော့ အဘရဲ့ ဒုက္ခတွေဟာ သွပ်ဓာတ်ရဲ့ အစွမ်းအာနိသင်ကို မဆင်မခြင် သုံးခဲ့မိလို့ ဖြစ်ခဲ့တဲ့ "သွပ်ဒုက္ခ"လို့ပဲ ပြောရမှာပေါ့လေ'

ကဲ...စာရှုသူ အင်္ဂလိရတ်ပညာသင် ဝါသနာရှင်များ ခင်ဗျား... စာရေးသူကတော့ ကျွန်တော် ကြားနာမှတ်သားခဲ့ရသမျှသော အဘဦးဘညွန့်၏ ဘဝနှင့်ရင်းပြီး တွေ့ကြုံခဲ့ရသည့် သင်ခန်းစာတစ်ရပ်ကို အရှိအတိုင်း တင်ပြပေးလိုက်ပါသည်။

ခံစားချက်ခြင်း တူညီလျှင် ပညာယူနိုင်ကြပြီး ရင်ခုန်သံခြင်း မတူညီလျှင်လည်း သည်းခံပေးကြပါဟု လေးစားစွာဖြင့် ပန်ကြားလိုက်ပါသည်။

**"ပညာပြည့်ဝ နလုံးလှ ကျန်းမာ ရွှင်လန်းကြပါစေ"**

***[ရှေ့လတွင် အပိုင်း(၄) "သွပ်ဓာတ် ချင့်ချိန်သုံးစွဲနည်း" ဆက်လက် တင်ပြပေးပါမည်။]***

**ဦးမင်းဇင်(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

## ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် ဗ္ဗင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေး ပံ့ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံ့ခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံ့ခဲနေမယ်။ မျက်လုံးမျက်ခွံဖွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းရှို ခေါ်တဲ့ မာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အဲထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံ့တာ၊ ဇက်ကြောတက်၊ နောက်ကြောထိုးတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါ အဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့ နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ ဘာ မန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအစုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး-ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---


ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း။
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၁၉၇၅၂၄။

www.burmeseclassic.com



မိမိတို့ နေထိုင်ရာဒေသတွင် "ရွှေဘွဲ့တော်ပါရှိသော ရှေးဟောင်းသမိုင်းဝင်စေတီ"တော်ကိုးဆူဖြစ်စေ၊ ရွှေဘွဲ့တော်ပါရှိသော ရုပ်ပွားတော်ထံတွင်ဖြစ်စေ ကျင်ကြံအားထုတ်နိုင်ကြပါသည်။

အကယ်၍ ရွှေဘွဲ့တော် ပါရှိသည့် စေတီတစ်ဆူမျှသာ တည်ရှိပါက ရွှေဘွဲ့တော်ပါရှိသော ထိုစေတီတော်တွင်(ဥပမာ=ရွှေစည်းခုံ)၏ မွေးနံထောင့်တွင် စတင် အားထုတ်၍ မွေးနံထောင့်တွင် ပြီးစီးအောင်မြင်နိုင်လေ၏။

တစ်ရက်အဓိဋ္ဌာန်ဖြစ်စေ၊ ကိုးရက်အဓိဋ္ဌာန်ဖြစ်စေ အားထုတ်နိုင်ကြလေသည်။

မိမိတို့၏ နေရာဒေသတွင် **"ရွှေဘွဲ့တော်ပါစေတီတော်"** လုံးဝမရှိလျှင်လည်း စိတ်ပျက်စရာမလိုပါ။ ဘွဲ့အမည် သတ်မှတ်ထားခြင်းမရှိသော စေတီတော်တစ်ဆူ၏ ရုပ်ပွားတော်မြတ်အား မိမိစွမ်းနိုင်သမျှ ရွှေဆိုင်းများဖြင့် ဘုရားရှင်ကိုယ်စား ရုပ်ပွားတော်အား **"မိမိဆန္ဒရှိရာ ရွှေဘွဲ့တော်"** တပ်၍ ရွှေစေတီ၊ ရွှေရုပ်ပွားတော်အဖြစ် ဆောင်ရွက်နိုင်ကြလေ၏။

ရွှေဆေးဖြင့် ပူဇော်ပါက သက်န်းတော်ကိုသာ ပူဇော်ပါ။


စစ်ကိုင်းမြို့တွင် ရွှေဘွဲ့တော်ပါ စေတီတော်များ အလွန်များပြားစွာ တည်ရှိပါသည်။ ယင်းတို့တွင် **"အတွင်းရွှေကိုးဆူနှင့် အပြင်ရွှေကိုးဆူ"**ဟူ၍ တည်ရှိနေသောကြောင့် ဖေယျာသားမှန်လျှင် ရွှေနှင့်မကင်းကြပါဟု ရေးရမလို ဖြစ်ပါ၏။

အောင်မြေဒေသကြီးလည်း ဖြစ်



သမဏောသုခဆရာတော်ကြီး

# ဦးဝါသဝဏ်ပေါ်
# ရွှေကိုးဆူကျင့်စဉ်






သမဏောသုခဆရာတော်ကြီးအား ပုဂ္ဂိုလ်ကျော်ကျောင်းတွင် ဖူးမြော်ရပုံ



www.burmeseclassic.com

www.burmeseclassic.com





▲ ရွှေမုဋ္ဌောစေတီတော်

ရွှေတောင်ဦးမော်စေတီတော် ▶

သောကြောင့် ဘုရားဖူးရင်း ရောက်ရှိလာသူတိုင်း ကုသိုလ်ထူးလှသော ရွှေကိုးဆူကျင့်စဉ်ကို အားထုတ်နိုင်လေသည်။

အဓိဋ္ဌာန် စတင်ရာရက်မှာ လပြည့်ရက် တနင်္ဂနွေဆုံလျှင် လွန်စွာအကျိုးကြီးပါသည်ဟု သမဏသုခဆရာတော်ကြီးဦးဝါသဝမှ အမှာစကား ရှိပါ၏။

**ပထမအဦးဆုံး ရည်ရွယ်သော စေတီတော်တွင်...**

၁။ ရွှေထီးတော် ကိုးလက်၊
၂။ ရွှေဆီမီး ကိုးတိုင်၊
၃။ ရွှေယပ် ကိုးချောင်း။
၄။ ရွှေထမင်း ကိုးပွဲ၊
၅။ ရေတော် ကိုးခွက်

တို့ဖြင့် ရှင်တော်မြတ်ဘုရားကို ဆက်ကပ်ပူဇော်ပါ။

ပရိကံပြု၍ ကိုးပါးသော သီလကို ခံယူဆောက်တည်ပါ။

စေတီတော်ဆိုင်ရာ ပုဂ္ဂိုလ်ထူးများ၊ မိမိနှင့်ဆိုင်ရာ နတ်မင်းကြီးများကို ပင့်ဖိတ်၍ မိမိ လှူဒါန်းသော လှူဖွယ်များအား အပ်နှံ၍ မြတ်စွာဘုရားထံ လှူဒါန်းစေခြင်းမှာ အကောင်းဆုံးဖြစ်ပါသည်။

ပုဂ္ဂိုလ်ထူးများအား အသိသက်သေအရာထား၍ အဓိဋ္ဌာန်တင်ပါ။

မိမိ အားထုတ်နိုင်သော ရက်အပိုင်းအခြားကို စေတီတစ်ဆူလျှင် (သို့မဟုတ်) စေတီကိုးဆူ၌ (၉)ရက်၊ (၂၇)ရက် စသဖြင့် အဓိဋ္ဌာန်ပြု၍ မပျက်မကွက် အားထုတ်ပါ။

စတင် အားထုတ်ရမည့် အချိန်မှာ နေ့စဉ် နံနက်(၆း၀၀)နာရီမှ နံနက်(၉း၀၀)နာရီအတွင်းဖြစ်၏။

## နေ့အလိုက် အကျိုးထူးများ

**✤ တနင်္ဂနွေနေ့တွင်...**

ပညာရရှိခြင်း၊ ငွေကြေးရစရာရရှိခြင်း၊ စကားအပြောအဆို အောင်မြင်ခြင်းတို့ ကြုံတွေ့ရတတ်ပါသည်။

**✤ တနင်္လာနေ့တွင်...**

မိမိအား ဆရာတစ်ဆူကဲ့သို့ ပူဇော်ခံရခြင်း၊ တပည့်အဖြစ် ခံယူလိုသူ ပေါ်လာတတ်ခြင်း၊ မေတ္တာ,ကရုဏာ စကားဖြင့် လူများအား အကြံပြုနိုင်ခြင်း၊ ထူးဆန်းသောကိစ္စများ, နတ်ကိစ္စများ ပေါ်ပေါက်လာတတ်ပါသည်။

**✤ အင်္ဂါနေ့တွင်...**

အနေကဇာတင်ပွဲ၊ ထီးတင်ပွဲ၊ ပရိတ်တော်ပွဲများ သဘင်တွင် ကူညီရတတ်၏။ ထိုအတွက်၊ ကံစမ်းမဲ စသောကိစ္စများတွင် ပါဝင်ရတတ်၏။ စမ်းသပ်ခံရတတ်၏။

**✤ ဗုဒ္ဓဟူးနေ့တွင်...**

ဘုန်းကြီး၊ ရဟန်း၊ အမိ၊ အဘနှင့် သီလရှိသူတို့အား ကူညီရတတ်၏။ ဆွေမျိုးမိတ်သင်္ဂဟများအတွက် မြေယာကိစ္စ၊ အမွေကိစ္စများ ဖော်ဆောင်ပေးရတတ်၏။ အိပ်မက်၊ အာရုံထူးများ ရရှိတတ်၏။

**✤ ကြာသပတေးနေ့တွင်...**

အမိအတွက်၊ အမိနှင့်တူသူအတွက် စိတ်ချမ်းသာရတတ်၏။ သားသမီး စသော ငယ်ရွယ်သူတို့အတွက် ရွေးယူစရာ ကြုံရနိုင်၏။ ဆရာသမား ဂုရုများမှ လမ်းညွှန်တတ်၏။ မိမိအား





www.burmeseclassic.com


www.burmeseclassic.com



◆ ရွှေစေတီတော်အား မှုန်မြင်ရပုံ



◆ ရွှေကြက်တောင်ဘုရား



◆ ရွှေတောင်ကုန်းစေတီတော်မြတ်

မတရားကြံစည်သူမှ အမြင်ကြည်လင်လာတတ်၏။

**✚ သောကြာနေ့တွင်...**

မိမိသည် ဆရာကြီးတစ်ဆူကဲ့သို့ ခံစားရတတ်၏။ အရာရာ၌ စကားအရာအားဖြင့် အောင်မြင်တတ်ပါသည်။ မပြီးနိုင်သော အလုပ်များကို မယုံနိုင်စရာ ဆောင်ရွက်နိုင်လေ၏။

**✚ စနေနေ့တွင်...**

ပျော်ရွှင်ကျေနပ်စွာ နေထိုင်ရခြင်း။ ဘာသာရေးကိစ္စများ၊ လူမှုရေးကိစ္စများတွင် နာမည်ရရှိတတ်၏။ မိဆိုင်ဆိုင်ကိစ္စများတွင် ကိုယ်တိုင်ပါဝင်ရတတ်၏။ အင်တာဗျူးအတွက် အကြံကောင်းများ ပေးရတတ်၏။

အထက်ပါ နေ့အလိုက် ကြုံဆုံတတ်ရခြင်းများမှာ မိမိ၏ လက်ရှိအခြေအနေအပေါ်တွင် တည်မှီ၍ပေါ်လာတတ်ခြင်း ဖြစ်ပါသည်။

အားထုတ်ရာတွင် ဒါန,သီလနှင့် သမာဓိတရားတွင် အဓိကကျသောကြောင့် ကြိုးစားအားထုတ်နိုင်သလောက် ကောင်းကျိုးချမ်းသာများ အမှန်တကယ် ရရှိပါလိမ့်မည်။

ရံဖန်ရံခါတွင် မိမိအာရုံထားသောကြောင့် **"အာရုံမှား"**များ ရရှိတတ်လေသည်။ အာရုံမှားများကို သမာဓိအားလျော်စွာ စဉ်းစားခြင်း၊ ချင့်ချိန်ခြင်း၊ ပညာရှိများ၏ အဆိုအမိန့်များကို ခံယူကြရမည် ဖြစ်ပါသည်။

ပုတီးပတ်များကို မိမိနှင့် တန်သမျှသော အဓိဋ္ဌာန်ပြုပါ။ ရွှေစေတီတစ်ဆူလျှင် ပုတီးတစ်ပတ်ဖြစ်စေ၊ ကိုးပတ်ဖြစ်စေ အဓိဋ္ဌာန်အတိုင်းသာ ဆောင်ရွက်ရန် လိုပါသည်။

ရွှေတစ်ဆူတည်း ဖြစ်ပါမူ အရပ်/ထောင့် ရှစ်အရပ်/ထောင့်နှင့် မူလအရပ်/ထောင့်တွင် ပြီးပါစေ။

**အဓိဋ္ဌာန်ပြည့်မြောက်သည့် တနင်္လာနေ့တွင် သာယာသော ဘုရားသည်း လည်းသံများ မင်္ဂလာရှိသော ဂီတသံများ၊ တေးဂုဏ်သံများကြားက မွှေးကြိုင်သင်းပျံ့သော ရနံ့ကောင်းများကို ရရှိခံစားရတော့မည်ပါသည်။**

အဓိဋ္ဌာန်အောင်ပွဲနေ့တွင် ရွှေစေတီ၊ ရွှေဘုရားအား ပန်း,ရေချမ်း,အမွှေးတိုင်,အလင်းတိုင်များဖြင့် ပူဇော်၍ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းတို့အား ပျော်ရွှင်စွာ အကျွေးအမွေးများဖြင့် အောင်ပွဲခံနိုင်ကြပါသည်။

မိမိ ပင့်ဖိတ်ထားသော နတ်မင်းကြီးများ, ပုဂ္ဂိုလ်ထူးများ,, ဆရာအရှင်များကို မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်း၊ အမျှဝေခြင်း၊ မေတ္တာသုတ်ဖြင့် ရွတ်ဖတ်ပူဇော်၍ ဆုတောင်းပြီးပါက ပြန်ပို့နိုင်ကြပါသည်။

ဤကျင့်စဉ်တော်မှာ သမထသုခ ဆရာတော်ကြီးကိုယ်တိုင် ဗားမဲ့ အဆက်အနွယ်တော်ဖြစ်၍ အင်းဝမြို့ ဗားမဲ့ဆရာတော်ကြီး အရှင်နန္ဒသာရ၏ အဆက်အနွယ်များမှ **"ဘာသာလမ်းစဉ်""ဗားမဲ့ပညာစဉ်"** အဖြစ် ယနေ့ထက်တိုင် လက်စွဲထားရသော ကျင့်စဉ်ဖြစ်လေသည်။

စစ်ကိုင်း အောင်မြေဒေသတွင် အတွင်းရွှေကိုးဆူနှင့် အပြင်ရွှေကိုးဆူတို့မှာ...


အတွင်းရွှေကိုးဆူ

၁။ ရွှေမုဋ္ဌောစေတီ *(ရတနာပုံတံတားအနီး*




www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေမြင်မိစေတီတော်

◆ ရွှေမင်းဝံစေတီတော်အား ရွှေဘုံမှုန် ရွှေဘုံမြင် ရွှေဘုံထင် ရုပ်ပွားတော်များနှင့် ပူဇော်ကြပုံ



*ကိုးပေတံတားကိတ်]*

၂။ ရွှေဆည်းလည်းမုဋ္ဌော *[ရတနာ့ပုံတံတား အထွက် လက်ယာဘက်]*

၃။ ရွှေတောင်ဦးမော်မုဋ္ဌော **[ရောဝတီမြစ်ကမ်း၊ စစ်ကိုင်းတောင်]**

၄။ ရွှေကူနီမုဋ္ဌော ***[ရွှေတောင်ဦးမော်၏ ခြေတော်ရင်း]***

၅။ ရွှေစေတီ ***[ပတ္တမြားတောင်ထိပ်၊ စစ်ကိုင်းတောင်]***

၆။ ရွှေကြက်တောင် ***[နန်းဦးမြို့သစ်၊ တောင်ရိုးလုံမ်း၊ စစ်ကိုင်းတောင်]***

၇။ ရွှေတောင်ကုန်းစေတီ ***[မြေဝတီရပ်ကွက်၊ ရောဝတီမြစ်အနီး]***

၈။ ရွှေမြင်မိစေတီ ***[ရေခါးရွာအနီး၊ စစ်ကိုင်းတောင်]***

၉။ ရွှေမင်းဝံစေတီ ***[မင်းဝံတောင်ထိပ်၊ စစ်ကိုင်းတောင်အနီး]***

ဤသို့အားဖြင့် အတွင်းရွှေကိုးဆူတို့သည် အစဉ်အလိုက် တည်ရှိနေလေရာ အလွယ်တကူ သွားရောက်ဖူးမြော်အားထုတ်နိုင်ကြလေ၏။

အတွင်းရွှေကိုးဆူတို့ တည်ရှိနေပုံမှာလည်း ထူးခြားလှပေသည်။

စစ်ကိုင်းမြို့၏ အလယ်ဗဟို ဖြစ်နေသော ရွှေကြက်တောင်စေတီနှင့် တောင်တော်ကို ဗဟိုထား၍ အရှေ့ဘက်အရပ်တွင် **ရွှေတောင်ဦးမော်စေတီတော်၊ ရွှေဆည်းလည်းစေတီတော်နှင့် ရွှေကူနီမုဋ္ဌောစေတီတော် (၃)ဆူ တည်ရှိလေ၏။**

စစ်ကိုင်းမြို့၏ တောင်ဘက်အရပ်တွင် **ရွှေမုဋ္ဌောစေတီတော်** တည်ရှိလေသည်။

စစ်ကိုင်းမြို့၏ အနောက်ဘက်မျက်နှာတွင် **ရွှေတောင်ကုန်းစေတီ** စံပယ်နေလေ၏။

စစ်ကိုင်းမြို့၏ မြောက်ဘက်၌ကား **ရွှေမင်းဝံစေတီ၊ ရွှေစေတီနှင့် ရွှေမြင်မိစေတီတော်တို့က** စစ်ကိုင်းမြို့တော်ကြီးကို ရွှေတောင်တန်းများဖြင့် ကာရံထားသကဲ့သို့ ဖြစ်လေသည်။

## အပြင်ရွှေကိုးဆူ

၁။ ရွှေရင်မြော်စေတီ ***[စစ်ကိုင်းတောင်]***

၂။ ရွှေပုတ်တိုင်စေတီ ***[စစ်ကိုင်းတောင်]***

၃။ ရွှေမြင်တင်စေတီ ***[စစ်ကိုင်းတောင်]***

၄။ ရွှေဘုန်းပွင့်စေတီ ***[မင်းဝံတောင်ထိပ်၊ စစ်ကိုင်းတောင်]***

၅။ ရွှေကြီးစေတီ ***[မြေဝတီရပ်ကွက်၊ ရောဝတီဆိပ်ကမ်း]***

၆။ ရွှေကြက်တော့စေတီ ***[ကြက်တော့ရွာ၊ ရောဝတီဆိပ်ကမ်း]***

၇။ ရွှေကြက်ယက်စေတီ ***[ရွှေကြက်ယက်ရွာ၊ ရောဝတီဆိပ်ကမ်း]***

၈။ ရွှေကြက်ကျစေတီ ***[ရွှေကြက်[illegible] ရောဝတီဆိပ်ကမ်း]***

၉။ ရွှေစေတီ ***[အင်းဝ မယ်နု[illegible] အနီး၊ ရောဝတီမြစ်အနီး]***



www.burmeseclassic.com

www.burmeseclassic.com

အပြင်ရွှေကိုးဆူတို့၏ တည်ရှိနေပုံများမှာလည်း အတွင်းရွှေကိုးဆူစေတီတော်များကဲ့သို့ စစ်ကိုင်း ရွှေမြို့တော်ကြီးအား ဝန်းရံတည်ရှိနေပုံမှာ လွန်စွာထူးခြားလှပါပေ၏။

စစ်ကိုင်းရွှေမြို့တော်ကြီး၏ မြောက်အရပ်မျက်နှာတွင် **ရွှေမြင်တင်၊ ရွှေရင်မြော်၊ ရွှေဘုန်းပွင့်နှင့် ရွှေပွတ်တိုင်စေတီတော်**တို့က နေရာယူထားကြလေသည်။

စစ်ကိုင်းမြို့၏ **အရှေ့တောင်ထောင့်အရပ်၌ ရွှေကြက်ထောင့်စေတီ** တည်ရှိလေ၏။

စစ်ကိုင်းမြို့၏ **တောင်ဘက်အရပ်**တွင် **ရွှေစေတီတော်၊**

စစ်ကိုင်းမြို့၏ **အနောက်တောင်ထောင့်အရပ်၌ ရွှေဂူကြီးစေတီတော်၊**

စစ်ကိုင်းမြို့၏ **အရှေ့စူးစူးအရပ်**၌ကား **ရွှေကြက်ကျ၊ ရွှေကြက်ယံ၊ ရွှေစေတီ**တော်များက ဝန်းရံဆီးကာလျက် ဇေယျာပူရ ရွှေမြို့တော်ကြီးအား **"မဟာအောင်မြေ" ဌာနကြီး**အဖြစ် ဖော်ဆောင်နေလေတော့သည်။

မဟာအောင်မြေဌာနနှင့် ရွှေကိုးဆူကျင့်စဉ်တော်မှာ လိုက်ဖက်လှပါပေ၏။

**သို့ရာတွင် [illegible] ကျောင်း အရံအတွင်း အားထုတ်၍ မရသောကြောင့် ရွှေစေတီ၊ ရွှေဘုရားမှသာ အားထုတ်ရပါသည်။**

ရွှေကိုးဆူ ကျင့်စဉ်တော်အတွက် ပုတီးစိပ်ရမည့် ဂါထာတော်မှာ **"သဗ္ဗဇေယျ" ရွှေဂါထာတော်** ဖြစ်ပါသည်။

ဂါထာတော် တစ်ခေါက်ရွတ်ဆိုပြီး ပုတီးတစ်စေ့ချ၍ ပုတီး(၉)ပတ် စိပ်ရပါမည်။ မိမိ၏ ရရှိသော အချိန်ကာလအားလျော်စွာ အားထုတ်ကြရပါလိမ့်မည်။



▲ ရွှေမြင်တင်စေတီတော်

▼ ရွှေဂူကြီးစေတီတော်



<u>သဗ္ဗဇေယျရွှေဂါထာတော်</u>


ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိံ ဟာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟော ရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ၊
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **အာဒိစ္စော** | = | အာဒိတ်စော |
| **ရတ္တိမာ** | = | ရတ်တိမာ |
| **စန္ဒိမာ** | = | စန်ဒိမာ |
| **သန္နဒ္ဓေါ** | = | သန်နတ်ဓော |
| **ခတ္တိယော** | = | ခတ်တိယော |
| **ဗြာဟ္မဏော** | = | ဗြန်မဏော |
| **သဗ္ဗ** | = | သဗ်ဗ |
| **ရတ္တိံ** | = | ရတ်တိန် |

www.burmeseclassic.com





◆ ရွှေကြက်ယက်စေတီတော်အား ဖူးမြင်ရပုံ

◆ ဘုရား ဖူးမြင် ကာလုန်းလပြည့် ရွှေကြက်ယက်ရုပ်ပွားတော်

**ဗုဒ္ဓေါ** = ဗုတ်ဓော
**သမ္ဗုဒ္ဓံ** = သမ်ပန်နံ
**ဗုဒ္ဓံ** = ဗုတ်ဓံ
**ဝန္ဒာမိ** = ဝန်ဒါမိ

**သမ္ဗုဒ္ဓေယျဂါထာတော် ဖြစ်ပေါ်လာပုံမှာ** စိတ်ဝင်စားဖွယ် ကောင်းလှပေ၏။ အခါတစ်ပါး၌ ဘုရားရှင်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်တွင် အရှင်အာနန္ဒာ၏ မေးလျှောက်ချက်ဖြင့် ဤဂါထာတော်ကို ဟောကြားခြင်းဖြစ်သည်။

တစ်ခုသောလပြည့်၌ ညနေ ဆည်းဆာအချိန်တွင် နေမင်းကြီး၏ ဝင်လုခါနီး တင့်တယ်လှပသောအရောင်နှင့်အတူ ထွက်ပြူစ ရွှေလမင်းကြီး၏ ရွှေရောင်အဆင်းကို လည်းကောင်း၊ တစ်ချိန်တည်းမှာပင် မင်းမြောက်တန်ဆာအပြည့်အစုံ၊ စစ်အင်္ဂါလေးပါးဖြင့် ဘုရားရှင်ထံ ရောက်လာသော **ပသေနဒီ ကောသလမင်းကြီး**၏ တင့်တယ် ခမ်းနားမှုကို မြင်ရလေ၏။

ထို့အတူ **"ကာဠုဒါယီ ရဟန္တာမထေရ်"** ဈာန်ဝင်စားနေစဉ် အရောင်အဆင်း တောက်ပနေပုံကို ဖူးမြင်ရလေ၏။ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားရှင်၏ ရွှေအဆင်းနှင့် ထွန်းလင်းတောက်ပခြင်းမှ သာလွန်ထူးကဲလှသဖြင့်ဘုရားရှင်အားလျှောက်ထား မေးလေတော့၏။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒိဝါတပတိ အစရှိသော–သမ္ဗုဒ္ဓေယျ ဂါထာတော်ကို ဟောကြားတော်မူခဲ့လေသည်။ ဤသို့အားဖြင့် ဖြစ်ပေါ်လာခဲ့လေ၏။

**ဂါထာတော်မြတ်၏ မြန်မာပြန်အကျဉ်းမှာ...**

**အာဒိစ္စော၊** နေမင်းသည်။ **ဒိဝါ၊** နေ့အခါ၌။ **တပတိ၊** ထွန်းလင်းတောက်ပ၏။ **စန္ဒိမာ၊** လသည်။ **ရတ္တိံ၊** ညဉ့်အခါ၌။ **အာဘာတိ၊** ထွန်းလင်းတောက်ပ၏။ **ခတ္တိယော၊** ရှင်ဘုရင်သည်။ **သန္နဒ္ဓေါ၊** ချပ်ဝတ်တန်ဆာဆင်ပါမှသာလျှင်။ **တပတိ၊** ထွန်းလင်းတောက်ပ၏။ **ဗြာဟ္မဏော၊** ရဟန္တာသည်။ **ဈာယီ၊** ဈာန်ဝင်စားမှသာလျှင်။ **တပတိ၊** ထွန်းလင်းတောက်ပ၏။

**အထ၊** ထို နေ၊လ၊ ရှင်ဘုရင်၊ ရဟန္တာတို့ထက်။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **သဗ္ဗမဟောရတ္တိံ၊** အလုံးစုံသော နေ့ညဉ့်ပတ်လုံး။ **တေဇသာ၊** တန်ခိုးတော်ဖြင့်။ **တပတိ၊** ထွန်းလင်းတောက်ပတော်မူပါပေ၏။ **တာဒိသံ၊** ထိုကဲ့သို့သော။ **တေဇ သမ္ပုဏ္ဏံ၊** တန်ခိုးတော်နှင့်ပြည့်စုံတော်မူသော။

**ဗုဒ္ဓံ၊** မြတ်စွာဘုရားကို။ **အာဒရံ၊** ရိုသေစွာ။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏဒီမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ရွှေကိုးဆူ ကျင့်စဉ်တော်နှင့် ရွှေဂါထာတော်မှာ ကျင့်ကြံအားထုတ်သူတိုင်းအတွက် တန်ဖိုးမဖြတ်နိုင်အောင် အကျိုးကြီးလှပါကြောင်း ကုသိုလ်ပြုလိုက်ရပါသည်။

*အဝေရာ ဘေးမဲ့ အေးမြချမ်းသာအောင်မြင်ကြပါစေ။*

**အောင်ရွှေမြတ်**
*(စစ်ကိုင်းတောင်)*



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက် ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ



**စက်တင်ဘာလတွင်...**

✣ ကြွက်နှစ်ဖွား



ငွေကြေး အကျပ်အတည်း ကြုံတွေ့ရ တတ်သည်။ တန်ဖိုးကြီးမားသော ပစ္စည်းများ နှင့် ငွေပမာဏ များစွာအတွက် အာမခံ တာဝန်ယူခြင်းကို ဆင်ခြင်ပါ။

နေအိမ်ရှိ စွမ်းအင်မဲ့စက်(အပ်ချုပ်စက်၊ စက်ဘီး စသည်)များ ပျက်စီးပျောက်ဆုံးနိုင်သည်။ အမျိုးသားများ ဇနီး(သို့မဟုတ်) ချစ်သူ၏ ငြိုငြင်ခြင်း ခံရကိန်းရှိသည်။

✣ နွားနှစ်ဖွား



သုတေသနလုပ်ငန်းများ အဆင်ပြေမည်။ စီးပွားရေး ဈေးကွက်သစ်၊ ကုန်စည်သစ်များ စမ်းသပ်လုပ်ကိုင်ခြင်း ပြုသင့်သည်။

မျက်မှန်၊ လက်ကိုင်ဖုန်း စက်များ လက်ဆောင်ရကိန်းရှိသည်။ အသည်းနှင့် သည်းခြေဆိုင်ရာ ရောဂါများ သတိထားကာကွယ်ပါ။ စက္ကူနှင့် အထည်အလိပ် လုပ်ငန်းအကျိုးပေးထက်သန်သောကာလ ဖြစ်သည်။

✣ ကျားနှစ်ဖွား



ရာထူး အလုပ်အကိုင် တိုးတက်အောင်မြင်မည်။ နေထိုင်မှု အဆင့်အတန်း မြင့်မားသောကာလဖြစ်သည်။

ပင်လယ်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ရရှိတတ်သည်။

အဖျော်ယမကာ သောက်သုံးဖွယ်ပစ္စည်းများ လက်ဆောင်ရနိုင်သည်။ အမျိုးသမီးတို့ ချစ်သူ၊ ခင်ပွန်းထံမှ လက်ဆောင်လက်ခံရဖွယ်ရှိသည်။

✣ ယုန်နှစ်ဖွား



နေအိမ်ဂေဟာသို့ ညည့်ကောင်းစောင်ကောင်း ရောက်လာတတ်သည်။ ရပ်ဝေးမြေခြားမှ သတင်းစကား၊ လက်ဆောင်ပစ္စည်းများ လက်ခံရကိန်းရှိသည်။

အရိုးအကြောဆိုင်ရာ ဝေဒနာများ သတိပြုကာကွယ်ပါ။ ပန်းချီ၊ ပန်းရန်နှင့် ဝန်ဆောင်မှု လုပ်ငန်းများမှ ငွေကြေး အမြတ်အစွန်း ရတတ်သည်။

✣ ကြက်နှစ်ဖွား



ခန့်မှန်းတွက်ဆရသော လုပ်ငန်းများ လွဲချော်ပျက်ပြားနိုင်သည်။ အရေးကြီးသော လုပ်ငန်း၊ စီမံကိန်းများ စတင်ရန် မသင့်သောကာလ ဖြစ်သည်။

အိမ်ခြံမြေနှင့် ပတ်သက်၍ အရေးအတင် ပြောဆိုရဖွယ်ရှိသည်။ ကြွေထည်၊မြေထည် ပစ္စည်းများ အကျိုးပေးထက်သန်သော ကာလဖြစ်သည်။

✣ မြွေနှစ်ဖွား



လုပ်ငန်းအခက်အခဲအချို့ ပြေလည်သွားမည်။ အပူလောင်ခြင်းနှင့် လျှပ်စစ်ပစ္စည်းများကြောင့် ဖြစ်ရသော ဘေးဥပဒ်အန္တရာယ်များ သတိထားရှောင်ကြဉ်ပါ။

စွန့်စားရသော အလုပ်များ လုပ်ကိုင်ရတတ်သည်။ စားဖိုဆောင်သုံးပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရရှိနိုင်ကြသည်။

✣ မြင်းနှစ်ဖွား



ကြံစည်လုပ်ကိုင်သမျှ အောင်မြင် ထွန်းပေါက်သောကာလဖြစ်သည်။ စကားအပြောအဆို မှားယွင်းမောက်မာနေတတ်ခြင်းကို ဆင်ခြင်ပါ။

မိသားစု မိတ်သင်္ဂဟများ စုံညီတွေ့ဆုံခွင့်ရနိုင်သည်။ ဖန်ထည်၊ မှန်ထည်များနှင့် ပတ်သက်၍ အကျိုးပေးထက်သန်သော ကာလဖြစ်သည်။

✣ မျောက်နှစ်ဖွား



မြစ်ကူးချောင်းခြား ခရီးလမ်းများသွား လာရတတ်သည်။ အတွေ့အကြုံ ဗဟုသုတ တိုးပွားမည်။ မျှော်လင့်နေသော သတင်းစကားများ ကြားသိရမည်။

ကျောက်ကပ်နှင့် ဆီးအိမ်ဆိုင်ရာ ဝေဒနာများ သတိထားပါ။ သားသမီး(သို့မဟုတ်) အစ်ကို,မောင်ဘက်မှ တူ,တူမများနှင့် ပတ်သက်၍ သုမင်္ဂလာကိစ္စ ပေါ်ပေါက်ကိန်းရှိသည်။

✣ နဂါးနှစ်ဖွား



စိတ်မချမ်းမြေ့ဖွယ် သတင်းစကား၊ အနိဋ္ဌာရုံမြင်ကွင်းများ ကြားသိမြင်တွေ့ရ တတ်သည်။

သစ်ဝါးအချွန်အစများ၊ သစ်ငုတ်သစ်ကိုင်းများ ထိခိုက်၍ သွေးထွက်သံယိုဖြစ်ခြင်းကို သတိပြု ကာကွယ်ပါ။

ခေတ်ပေါ်ပစ္စည်း၊ ဖက်ရှင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ငွေကြေးအကျိုးအမြတ် ရရှိနိုင်သည်။

✣ ခွေးနှစ်ဖွား



စီးပွားရေး ငွေကြေးကိစ္စ အခက်အခဲ ကြုံရဖွယ် ရှိသော်လည်း ကူညီထောက်ပံ့မှုများ အချိန်မီ ရရှိနိုင်သည်။

မိခင်၏ ဆွေမျိုးသားချင်းများအတွင်း သာရေးနာရေးကိစ္စများ ပေါ်ပေါက်၍ ငွေအားစိုက်ထုတ်လုပ်ကိုင်ပေးရတတ်သည်။ သစ်,ဝါး, ကြိမ်များ၊ သစ်တောထွက်ပစ္စည်းများ အကျိုးပေးထက်သန်သောကာလ ဖြစ်သည်။

✣ ဆွဲနှစ်ဖွား

ပညာရဲရင့် ပွဲလယ်တင့်သည့် ကာလဖြစ်သည်။ သင်ယူထားသော နှုတ်မှုလက်မှု အတတ်များကြောင့် လူအများ အရေးတယူ နေရာပေးခြင်း ခံရမည်။

ကျေးလက်ဒေသများသို့ သွားရောက်ရတတ်သည်။ အိမ်ထောင်မရှိသောဂမျာနှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ရရှိနိုင်သည်။

✣ ဝက်နှစ်ဖွား



ငွေကြေးလာဘ်လာဘ ရှင်လန်းသော ကာလဖြစ်သည်။ ငွေကြေးသောက နည်းပါး၍ ယဉ်ရထား၊ ဇိမ်ခံပစ္စည်းများ ဝင်ကိန်းရှိသည်။

ကြေး,သံ,သွပ်,သတ္တု ပစ္စည်းများနှင့် ပတ်သက်သည့် အမြတ်အစွန်းရဖွယ်ရှိသည်။ ထီး,ခမောက်,ဦးထုပ်,ခေါင်းစည်း အဆင်တန်ဆာများ ဝင်နိုင်သည်။

**ဤလတွင် ကံဇာတာ နိမ့်ပါးနေသူတို့သည်** သောကြာနေ့တွင် သက်ကြီးရွယ်အို အမျိုးသား(အဘိုးအို)တစ်ဦးအား အနီရောင် အသုံးအဆောင်တစ်ခု လှူဒါန်းပေးပါ။ ပါပဆိုးကျိုးများ လွင့်ပြယ်၍ အခက်အခဲ ပြဿနာများ ပြေလည်သွားပါမည်။

***ကြံဆောင်သမျှ အောင်မြင်ကြပါစေ***

**ဟူကျင်းဇီ (*Hu Jin Zhi*)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း
အမှတ်တံဆိပ်

# သွေးတိုးကျဆေး
# ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း၊ သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အဲတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမထင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ၊ ဖုန်း – ၆၉၁၀၉၁၊ ၅၂၅၄၁။

---



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

သရက်ကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ ＊ ＊ ＊





ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က **မုံရွာမြို့မှ ကိုဇော်ထူး**ဆိုတဲ့ အမျိုးသား ဖြစ်ပါတယ်။

ထိုးမြဲလက်မှတ်အဖြစ် နာမည်နှစ်လုံးတွဲကို မြန်မာအက္ခရာနဲ့ ရေးထိုးထားခြင်းဖြစ်တယ်။ **"ဇ" အက္ခရာက** ခွက်မှောက်သင်္ကေတဖြစ်လို့ ငွေထွက်များမယ်။

လက်မှတ်ရဲ့ အောက်ခြေမှာ **"နဲ"** ထိုးမြဲလက်မှတ်သင်္ကေတ မကောင်းပါဘူး။


ထိုးမြဲလက်မှတ်ရှင်ရဲ့ မြန်မာလို **မွေးသက္ကရာဇ်က ၁၃၃၆ ခုနှစ်၊ ပြာသိုလ အင်္ဂါနေ့** ဖြစ်တယ်။ ဒါကြောင့် မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်နဲ့ ဂုဒ္ဓိစဉ် ချကြည့်ရင် အောက်ပါအတိုင်းတွေ့ရမယ်။


＊ ＊ ＊ [နံပါတ်–၁]

ညှံ့ရင် ကျန်တဲ့နှစ်ခုလဲ လိုက်ညှံ့တတ်ပါတယ်။

ဒီနာမည်မျိုးမှာ ထိုးမြဲလက်မှတ်ကို နာမည်အစစာလုံးဖြစ်တဲ့ **"ဇော်"**ကိုသာ ရွေးထိုးရမှာပါ။

＊ ＊ ＊






**အက္ခရာ**နဲ့ နှစ်ချောင်းငယ်တို့က အမြီးသင်္ကေတ ဖြစ်နေလို့ အိမ်ထောင်ရေး ရှုပ်ထွေးမှုတွေ ကြုံရနိုင်တယ်။

လက်မှတ်ရဲ့ အပေါ်မှာလဲ "နီ"နဲ့ နှစ်ချောင်းငင်အဆွဲတို့ အမြီးဖြစ်နေသလို ရက်စွဲထည့်ဖို့ဆွဲထားတဲ့"✓" **သင်္ကေတ**နဲ့လဲ မြီးနေတယ်။

ဒါကြောင့် အလုပ်အကိုင်စီးပွားရေး **တွေမှာ** အယှဉ်အမြိုင်များတတ်တယ်။

အင်္ဂါသား အဓိပတိဖွားကို **အင်္ဂါ+စနေ=အဓိပတိ+ပုတိ=ဣဋ္ဌ+အနိဋ္ဌ** နာမည်ပေးထားတာ ညှံ့ပါတယ်။ နာမက္ခရတိုင်စဉ်မှား၊ ဂုဒ္ဓိမှား နာမည်ဖြစ်လို့ ကံကြမ္မာအညှံ့တွေဖြစ်ဖို့ သေချာတယ်။


အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုတဲ့ အရေး(၃)ပါးဟာ ဖိုခုံလောက်ဆိုင်ဖြစ်တဲ့အတွက် တစ်ခု

❖ လက်မှတ်အောက်က မျဉ်းမသားရဘူး။

❖ ကြိုက်ပုံ ငွေအိတ်သင်္ကေတ တည့်တည့်လှလှဆွဲပါ။

❖ "ဇ"ကို ခွက်မှောက်မဖြစ်အောင် သတိထားဆွဲပါ။

၂။ ＊ ＊ ＊



www.burmeseclassic.com

ယခုလအတွက် **နံပါတ်(၂)**နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က **ဒေါပုံမြို့နယ်မှ "မယုယုငွေ"**ဆိုတဲ့ အမျိုးသမီးဖြစ်ပါတယ်။

နာမည်ရဲ့ရှေ့နှစ်လုံးဖြစ်တဲ့ **"ယုယု"**ကို အင်္ဂလိပ်လို လက်မှတ်ထိုးထားခြင်းဖြစ်တယ်။ **"ယု"**တစ်လုံးကို လက်မှတ်ထိုးပြီး အပေါ်အညွန့်နေရာမှာ **အင်္ဂလိပ်ဂဏန်း "2"**ကို ဆွဲထားတယ်။ **ခွက်ပက်လက်ပုံ နှစ်ခုကြောင့် ငွေဝင်ကောင်း၊ ငွေရှာကောင်း ဖြစ်နိုင်တယ်။**

ဒါပေမယ့် ငွေအိတ်ပုံသေးတဲ့အတွက် ငွေစုဆောင်းရရှိမှုတော့ နည်းနိုင်တယ်။ အညွန့်က (၄၅)ဒီဂရီ လောက်ရှိတဲ့အတွက် အောင်မြင်တိုးတက်မှုရှိမယ့် ပုံသဏ္ဌာန်ဖြစ်တယ်။

သူမရဲ့ မြန်မာလို **မွေးသက္ကရာဇ်က ၁၃၄၄ ခုနှစ်၊ သီတင်းကျွတ်လ ဗုဒ္ဓဟူးဖွားဖြစ်လို့** မူလ မဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်နဲ့ ဗုဒ္ဓိစဉ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမယ်။

* * * [နံပါတ်-၂]

အကိုင်ကောင်း ဖြစ်နိုင်တယ်။

နာမက္ခရတိုင်စဉ်မှာ၊ ဗုဒ္ဓိပြန်ဖြစ်နေလို့ နာမည်ကောင်းတစ်ခုတော့ မဟုတ်ဘူး။ အထူးသဖြင့် နာမည်အစ စာလုံးနှစ်လုံးဟာ ဗုဒ္ဓဟူးနံ သောမအက္ခရာဖြစ်လို့ သံရှည်ပေးရမယ့်အစား သံတိုသံပြတ်နဲ့ ပေးထားတာ မှားပါတယ်။

**ဒါကြောင့် အိမ်ထောင်ရေးအဆိုင်းမြင်တဲ့ အချိန်တွေမှာ ရေစပ်လက်ထပ်ရေးတွေ အညှိုးအမှုကြီးရတတ်တယ်။ အိမ်ထောင်ကျမှု လက်သလို အိမ်ထောင်ကောင်းရဖို့ မလွယ်ဘူး။**

ဒီလိုနာမည်မျိုးမှာ နာမည်နောက်ဆုံးစာလုံး **"ငွေ"တနင်္လာနံ သိုက်ဌာနကို လက်မှတ်ရွေးထိုးတာက ပိုကောင်းပါတယ်။**

* * *



❖ ငွေအိတ်သင်္ကေတ ထည့်ရမယ်။

❖ အညွှန့်နေရာမှာ ပွင့်ဖတ်(၄)ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်ရမယ်။

❖ လက်မှတ်အောက်က မျဉ်းမသားရဘူး။


ယခုလအတွက် **နံပါတ်(၃)**နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က **သင်္ကေတမြို့နယ်မှ "ဦးကျော်လွင်"**ဆိုသော အမျိုးသားဖြစ်ပါတယ်။

နာမည်ရဲ့ ရှေ့စာလုံးဖြစ်သော **"ကျော်"**တစ်လုံးတည်းကိုသာ မြန်မာလို လက်မှတ်ရေးထိုးထားခြင်း ဖြစ်ပါတယ်။

လက်မှတ်ပုံသဏ္ဌာန်က ဘယ်ဘက်စောင်းနေလို့ ဘယ်ကိုစွမဆို အတိုက်အခံပြုတတ်သူ ဖြစ်နိုင်တယ်။ ဒီလက်မှတ်ရှင်မျိုးက ကြိုးစားသလောက် ခရီးမရောက်တတ်ဘူး။ သူများထက် ပိုပြီး ကြိုးစားရတတ်တယ်။

ခွက်မှောက် သင်္ကေတတွေကြောင့် ငွေထွက်များပြီး ငွေမမြဲတတ်သူလဲ ဖြစ်လိမ့်မယ်။ ပတ်ဝန်းကျင်နဲ့ သဟဇာတ သင့်မြတ်ဖို့ ခက်ခဲမယ်။

အပေါ်ထောင်လွန်းတဲ့ အညွှန့်ကြောင့် လုပ်ငန်းရှင်၊ အကြီးအမှူးဦးစီးခေါင်းဆောင်လုပ်ရတတ်ပေမယ့် ဘယ်




ဗုဒ္ဓဟူးအဓိပတိဌာနဖွားကို **ဗုဒ္ဓဟူး + ဗုဒ္ဓဟူး+ တနင်္လာ= အဓိပတိ + အဓိပတိ+သိုက် = ထွန်း+ ထွန်း+ထွန်း** နာမည်ပေးထားတာ အပြင်မိတ်ကြိုက်တွဲလဲဖြစ်လို့ စီးပွားရေးကောင်း၊ အလုပ်

၃။ * * *



စောင်းပြီး အောက်ဘက်ထိုးဆင်းတဲ့ **"ယပင့်" သင်္ကေတကြောင့်** လက်အောက်ငယ်သား၊ ဝန်ထမ်းတွေနဲ့ အဆင်မပြေဘဲ လက်အောက်ငယ်ထမ်းတွေရဲ့ ဝိုင်းညစ်တာ၊ ချောက်တွန်းတာ



www.burmeseclassic.com

www.burmeseclassic.com

ခံရတတ်တယ်။ အလုပ်ပျက်၊ စီးပွားပျက် ဖြစ်သွားရတတ်တယ်။

သူ့ရဲ့မွေးသက္ကရာဇ်ဟာ '**မြန်မာလို ၁၃၃၆ ခုနှစ်၊ တန်ခူးလ ၁၀နလ်ာနေ့** ဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရ တိုင်စဉ်၊ ဝုဒ္ဓိအစဉ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမယ်။

* * * [နံပါတ်-၃]

နာမည်ကောင်းဖြစ်တယ်။ ဒါပေမယ့် ထိုးမြဲလက်မှတ် ရွေးထိုးထားတဲ့ **"ကျော်"** ဆိုတာ မရဏဌာနက တနလ်ာနံဖြစ်ပြီး လက်မှတ်ပုံသဏ္ဌာန် ညံ့တဲ့အတွက် ငွေကြေးကိစ္စ၊ အကြွေးကိစ္စ စိတ်ညစ်ရလိမ့်မယ်။

ဒီနာမည်မျိုးမှာ နှစ်လုံးတွဲကို လက်မှတ်ပုံသဏ္ဌာန်ကောင်း ပြုပြင်ရေးထိုးသင့်ပါတယ်။

* * *




❖ ငွေအိတ်သဏ္ဍာန်၊ အောက်ခြေပြားပုံ တည့်တည့်လေးလုပ် ကြိုးကြိုးဆွဲပါ။

❖ အညွန့်ကို ညာဘက်(၄၅)ဒီဂရီမှသာ စောင်းတက်ပါ။ အညွန့်မရှည်စေနဲ့။

❖ လက်မှတ်အောက်က မျဉ်းမသားပါနဲ့။

ဒါဆိုရင် အညံ့အပျက်တွေ သက်သာပပျောက်ပြီး အခွင့်ကောင်းချမ်းသာကြီးပွား မြန်ဖြစ်လာပါမယ်။

***(ဒီလအတွက် ဒီမျှနဲ့သာ ကျေနပ်နိုင်ကြပါစေ)***




(မူလမဟာဘုတ်ခွင်) (နာမက္ခရတိုင်) (ဝုဒ္ဓိစဉ်)

**တနလ်ာ မရဏဖွား**ဖြစ်သူကို **တနလ်ာ+ဗုဒ္ဓဟူး= မရဏ+ ရာဇ= အနိဋ္ဌ+ ဣဋ္ဌ** နာမည်ပေးထားတာ ကောင်းပါတယ်။ အပြင်မိတ်ဖြစ်လို့ စီးပွားအရှာကောင်း၊ ငွေဝင်ကောင်း လှုပ်ရှားတက်ကြွ သြဇာရှိသူ ဖြစ်ပါမယ်။

နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်ဖြစ်လို့

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဓေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

**စာမျက်နှာ (၁၄၈)မှ အဆက်**

လား'

'အေး...သိတယ်လေ'

'အဲဒီကြိတ်မှန်ပင်ကို ပွတီးနီးလုံးပါအောင် နုတ်ယူပြီး ထုထောင်းချေမှုလို့ရတဲ့အစိတ်ကလေးထဲ ညှစ်ချထားလိုက်ပါ။ ပြီးတော့ နေပူပူထဲမှာ တစ်ရက်နှစ်ရက်လောက် မြှုပ်ထား...'

'အေး... ပြီးတော့ ဘာဆက်လုပ်ရမလဲ'

'ဘာမှ ဆက်မလုပ်ရတော့ဘူးအစ်မရဲ့...။ စဥ့်အင်တုံကလေးထဲက နေပူပြီးထားပြီး ကြိတ်မှန်ရွက်အရည်ကို တစ်နေ့နှစ်ကြိမ် မှန်မှန်လိမ်းပေးရုံပါပဲ'

'တဲ့... ဟုတ်မှ ဟုတ်ရဲ့လားဟယ်။ မောင်လေးနည်းက လုပ်ရတာ လွယ်လွယ်လေးပဲလို့'

'ဟုတ်တယ် လွယ်လွယ်လေးမို့ လူတွေက လိုက်မလုပ်ကြတာအစ်မရဲ့...။ ဦးလေးမောင်ကျော်ဆိုရင် သုံးလေးလအတွင်း ဆံပင်ပြန်ပေါက်လာတာ။ ကျွန်တော်ဆိုရင် ဆံပင်တွေဖြူလာလို့ အဖေ့နည်းအတိုင်း လုပ်လိုက်တာ အခုဆို ဘယ်မှာ ဆံပင်ဖြူရှိတော့လို့လဲ'

'ဟုတ်တော့ ဟုတ်ပါတယ်ကွယ်'

'ဟုတ်တာတွေ မဟုတ်တာတွေ လုပ်မနေနဲ့တော့ မပူနဲ့ ညီလေး။ အစ်ကိုကိုယ်တိုင် ဆေးဖော်ပေးလိုက်မယ်။ အခုလို နည်းလမ်းပေးတဲ့သူ ရှိလို့မှ လိုက်မလုပ်ရင် ဘယ်ဖြစ်မလဲကွ ကျေးဇူးပဲ 'ညီလေးရယ်'

'ဟုတ်ကဲ့ လုပ်ဖြစ်အောင် လုပ်ကြည့်စမ်းပါ'

လက်ဖက်ရည်ဆိုင်တွင် တွေ့ခဲ့သော မောင်လေးမင်းပေးသော နည်းအတိုင်း ကျွန်တော်က အဆက်မပြတ် ဆေးဖော်ပေးပါသည်။

ကြိတ်မှန်ပင်အားထုထောင်း၊ အရည်ညှစ်တုန်းမှာတော့ ဆံပင်တွေ မည်းမမည်းတော့ ကျွန်တော်မသိပါ။ ကျွန်တော့်လက်တွေ မည်းနေသည်တော့ အမှန်ဖြစ်ပါသည်။

ကျွန်တော့်မှာ ကြိတ်မှန်ပင် ရှာပုံတော်ဖွင့်ပြီး ဆေးကုန်သွားလိုက်ထပ်ပြီး ဖော်ပေးလိုက်သဖြင့် လုပ်ပေးလိုက်ရ ငါးလခန့်ကြာသောအခါ ကျွန်တော့်ဇနီးသည်မှာ ဆံပင်များ ပြန်လည်ပေါက်လာရုံတင် မကတော့ဘဲ ဆံပင်ဖြူများပါ မည်းနက်သွားသည်ကို တွေ့မြင်ရပါတော့သည်။

**သားတွေးအောင်မြင့်စိန် *(မအူပင်)***



www.burmeseclassic.com

www.burmeseclassic.com

# ဆံပင်ပေါက် ဆံပင်နောက်

သိပ်မခက်

သားရွှေအောင်မြင့်စိန်
(မအူပင်)

တစ်နေ့သောအခါက ဖြစ်ပါသည်။

ကျွန်တော်တို့ ဖနီးမောင်နှံမှာ ခေတ္တအနားယူသည့်အနေဖြင့် လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

လက်ဖက်ရည် မှာသောက်လိုက်ပြီးသည်နှင့် နှစ်ယောက်သား လက်ဖက်ရည်သောက်လိုက်၊ စကားပြောလိုက်ဖြင့် အပန်းဖြေနေသည်။

'အစ်ကို ကျွန်တော် ခဏ ထိုင်မယ်နော်'

'အေး...အေး...ထိုင်ကွာ'

ကျွန်တော်တို့ဖနီးမောင်နှံ စကားပြောနေစဉ် တစ်ဖက်ဝိုင်းမှ လူရွယ်တစ်ယောက်က ကျွန်တော်တို့ဝိုင်းဆီ ကူးလာပြီး ခွင့်တောင်းလိုက်သည်။

ကျွန်တော်တို့ဝိုင်းကို ကူးလာသောလူရွယ်မှာ အနောက်ပိုင်း မြသီတာ(၃)လမ်းတွင် နေထိုင်သော မောင်လေးမင်းပင်ဖြစ်သည်။ ယခင်ကပင် ရင်းနှီးနေသော လူရွယ်လည်းဖြစ်သည်။

သူ၏ ကိုယ်ရည်ကိုယ်သွေးမှာ အသားခပ်လတ်လတ်ဖြစ်သော်လည်း သူ၏ဆံပင်မှာမူ နက်မှောင်နေလျက်ရှိသည်။

မောင်လေးမင်းနှင့် စကားစမြည်ပြောကြားနေရင်းမှနေ၍ ကျွန်တော်၏ ဖနီးသည်နှင့် အောက်ပါအတိုင်း အချီအချ စကားများပြောဖြစ်သည်ကို မှတ်တမ်းတင်ရေးသားလိုက်ပါသည်။

'အစ်မကို ကျွန်တော်ကြည့်ရတာ တစ်ခုခုလိုနေသလိုပဲ'

'ဘာဖြစ်လို့လဲ မောင်လေးရဲ့'

'ဩော်... အစ်မရယ်၊ အစ်မက လူကတော့ လှနေပြီး ဆံပင်က ဖျက်နေသလားလို့ပါ'

'ဘာဖြစ်လဲ မောင်လေးရာ၊ မမအသက်က ကြီးပြီးလေ'



'ဟုတ်ပါတယ် အသက်ကြီးတာမှန်ပေမယ့် ဆံပင်က ဖျက်နေတယ်လေ။ အစ်မ့ဆံပင်က ထိပ်ဘက်မှာ ကြဲပြီး ပြောင်ခါနီးအတိုင်း ဖြစ်နေတယ်'

'ဒါကတော့ မောင်လေးရာ ဘုရားပေးတဲ့အတိုင်းပဲပေါ့'

'မဟုတ်ဘူး အစ်မရဲ့... အဲဒါက လွယ်လွယ်လေးပါ'

'ဟုတ်မှလဲ ပြောစမ်းပါ မောင်လေးရာ'

'ဟုတ်ပါတယ် ကျွန်တော့်ရဲ့အဖေက ဆံပင်ညှပ်ဆရာကြီး ဦးမောင်စိန်ဆိုတာ သိတယ်မဟုတ်လား'

'သိပါတယ်ကွယ်'

'အဲဒီနည်းက အဖေပေးခဲ့တဲ့နည်းပဲ။ အဖေကိုယ်တိုင် သုံးစွဲသလို ကျွန်တော်လဲ သုံးတယ်လေ။ အဲဒါကြောင့် ကျွန်တော့်ဆံပင်ကို ကြည့်ပါလား'

'ဟုတ်တယ်နော်... ဆံပင်တွေက မည်းနက်နေတာပဲ'

'ကျွန်တော့်အဖေ ဆံပင်ဆိုရင်လဲ ဘယ်မှာဖြူတာတွေ့လို့လဲလို့'

'ဟုတ်ပါတယ်ကွယ်'

'အဖေကိုယ်တိုင် သုံးစွဲပြီးတော့ အဖေ့ဆိုင်ကို ဆံပင်လာညှပ်တဲ့ ဦးလေးမောင်ကျော်ကို နည်းပေးလိုက်တာ ကျွန်တော် ကြားလိုက်တယ်။ သိပ်မကြာဘူး ဦးလေးမောင်ကျော် ဆံပင်လာညှပ်တော့ ဆံပင်တွေ ပြန်မည်းနေတာ တွေ့ရတော့တာပဲ'

'အေးဟာယ် အစ်မကိုလဲ နည်းပေးပါဦး'

'အဲဒါကြောင့် အစ်မတို့ဝိုင်းကို လာခဲ့တာပေါ့ အစ်မရယ်။ အစ်ကိုလဲ မှတ်ထားနော် နည်းကတော့ သိပ်မခက်ပါဘူး'

'မှတ်ထားပါမယ်ကွာ... အစ်ကိုလဲ လက်ဆင့်ကမ်းရတာပေါ့ မဟုတ်ဘူးလား'

'ဟုတ်တာပေါ့ အစ်ကိုရယ်... ဒီလို အစ်မရဲ့...၊ စိန်နားကပ်ပွင့်လေးတွေလို ပွင့်တဲ့ ကြိတ်မှန်ပင် သိတယ်မဟုတ်

စာမျက်နှာ (၁၄၇) သို့

www.burmeseclassic.com



# ငွေညှစ်ဖို့ သစ်ပင်စိုက်မျိုး ပိုးမွှားတိုး

မောင်ရင်ငွေ (မအူပင်)

နွေရာသီ၌ နယ်မြို့များတွင် နေထိုင်သူတို့အဖို့ ကိုယ့်ခြံ၊ ကိုယ့်ဝန်းနှင့်ဖြစ်သောကြောင့် ခြံဝန်းထဲရှိ သစ်ပင်အရိပ်တို့တွင် နားခိုခွင့်ရ၍ နွေ၏ အပူဒဏ်ကို အသင့်အတင့် ကာကွယ်ခွင့်ရနေကြပါသည်။

ကျွန်တော့်အိမ်ခြံသည် ပေ(၆၀)ပတ်လည် ခြံဝန်းဖြစ်၍ မကျယ်လှပေမယ့် သစ်ပင်ပန်းမန်တို့ စိုက်ပျိုးထားနိုင်ပါသည်။

ကျွန်တော့်မိသားစုမှာ သားရယ်၊ သမီးရယ်၊ ဇနီးသည်ရယ်၊ ကျွန်တော်ရယ် လေးဦးသာရှိ၍ နေထိုင်လောက်ရုံသာ သွပ်မိုး ပျဉ်ထောင်အိမ်ကလေးသာ ဆောက်ထား၍ ခြံဝန်းထဲ၌ မြေပိုရှိနေပါသည်။

ထိုမြေပိုကိုလည်း ကျွန်တော့် ဝါသနာအလျောက် အလကားမထားဘဲ အရိပ်ရမည့် သစ်ပင်၊ စားသောက်ရမည့် သစ်ပင်အချို့တို့ကို စိုက်ပျိုးဖြစ်ခဲ့ပါသည်။ ကျွန်တော့်ခြံကို ကျွန်တော် ဝယ်ယူခဲ့သည်မှာ (၁၅)နှစ်ရှိနေပြီဖြစ်သည်။

ခြံစတင် ဝယ်ယူစဉ်ကတည်းက စိုက်ပျိုးခဲ့သော ပိန္နဲပင်တို့ပင် အရိပ်ရပြီး အသီးများပါ စားနေရပြီဖြစ်ပါသည်။ ခြံဝယ်စဉ်က ပါလာခဲ့သော အုန်းပနီပင်သုံးပင်ကလည်း အသီးလှိုင်သလို ထီးသဖွယ် အုပ်မိုးထား၍ အရိပ်လဲ ရနေပါသည်။

နောက်ဖေးခြံစပ်တွင် စိုက်ပျိုးထားသော သရက်ပင်တွေကလည်း ခြံစည်းရိုးလည်းရ၊ ရာသီချိန်၌ အသီးတွေ လှိုင်လှိုင်သီးတတ်ပါသည်။

အိမ်ရှေ့ခြံစည်းရိုးတွင် စိုက်ပျိုးထားသော ကွမ်းသီးပင်တွေကလည်း ခြံစ, ဝယ်စဉ်ကတည်းက ပိန္နဲပင်နှင့်အတူ စိုက်ပျိုးထားသည့်အပင်များ ဖြစ်၍ ကွမ်းသီးများကို ခူးယူရောင်းချ စားသောက်ခွင့်ရနေပြီ ဖြစ်ပါသည်။

ရန်ကုန်မြို့ ကမာရွတ်(၄)ရပ်ကွက် ကွမ်းခြံ(၂)လမ်းတွင် နေထိုင်သော ကျွန်တော့်ဦးလေး ဦးမြင့်ခိုင်က ဒီနှစ် ရန်ကုန် နွေရာသီ၏ အပူဒဏ်ကို မခံနိုင်၍မှာဆိုကာ မေလအစ ကတည်းက ကျွန်တော့်အိမ်သို့ ရောက်နေခဲ့ပါသည်။

ကျွန်တော့်ဦးလေး ကျွန်တော့်အိမ်ရောက်သည့်နေ့မှစ၍ နေ့လယ်ခင်း၌ အိမ်ပေါ်တွင် မနေဘဲ အိမ်ပေါ်မှ ပက်လက်ကုလားထိုင် တစ်လုံးကိုယူ၍ အိမ်ခေါင်းရင်းရှိ ပိန္နဲပင်အောက်၌ ခင်းထိုင်ပြီး စာအုပ်တစ်အုပ်ကို ဖတ်နေတတ်ပါသည်။

သည်နေ့ နေ့လယ်ခင်း ကျွန်တော် အလုပ် လုပ်ကိုင်နေရင်း အလုပ်ထဲ ချွေးတွေ တအားထွက်ပြီး လူက နုံးနေ၍ အလုပ်နားပြီး အိမ်ပြန်လာခဲ့ပါသည်။

ကျွန်တော် အိမ်ပြန်ရောက်သည်နှင့် သားဖြစ်သူကို ပက်လက်ကုလားထိုင် တစ်လုံးယူလာဖို့ ပြောလိုက်ပြီး ကျွန်တော့်ဦးလေးရှိရာ ပိန္နဲပင်အောက် သွားပြီး...

'ဦးလေး နေရတာ အဆင်ပြေရဲ့လား။ ရန်ကုန်မှာနဲ့ ဒီမှာ ဘယ်အရပ်က ပိုပူလဲဗျ'

'ဘယ်အရပ်ကပိုပူလဲတော့ ဦးလေးတော့ မခွဲခြားတတ်ဘူး။ မင်း ခြံထဲမှာက သစ်ပင်အရိပ်တွေနဲ့ဆိုတော့ ရန်ကုန်က ဦးလေးရဲ့တိုက်ခန်းလောက် မပူတာတော့ အမှန်ပဲ ငါ့တူရာ၊ ဦးလေး ငါ့တူကို မြှောက်ပင့်ပြောတာ မဟုတ်ဘူးနော်။ အမှန်ကိုပြောတာကွ'

ကျွန်တော့်သားဖြစ်သူ ယူလာပေးသော ပက်လက်ကုလားထိုင်ကို ကျွန်တော့်ဦးလေးနှင့် မျက်နှာချင်းဆိုင်တွင် ခင်း၍ ကျွန်တော်ထိုင်လိုက်ပါသည်။ ဦးလေးက သူ့စကားကို ထပ်ဆက်လိုက်ပြန်ပါသည်။

'ဒီလို နွေရာသီမှာ မင်းလိုခြံမျိုးတို့ ရန်ကုန်မှာရှိရင် သိပ်တန်ဖိုးရှိတာပေါ့ကွာ။ တို့ရန်ကုန်မြေက ကိုယ့်ခြံကိုယ့်ဝန်း သစ်ရိပ်၊ ဝါးရိပ်နဲ့နေဖို့က မလွယ်ဘူးကွယ့်'

'ဦးလေးကလဲ ရန်ကုန်မြို့ကြီးက မြို့ကြီးပြကြီးဆိုတော့ အရာရာပြည့်စုံတော့ နေပျော်ပါတယ် ဦးလေးရာ'

ကျွန်တော့် ပြောစကားကြောင့် ဦးလေး ဦးမြင့်ခိုင်က တစ်ချက် မဲ့ပြုံးပြုံးလျက်...

'မင်းကသာ နေပျော်တယ် ပြောနေ၊ တကယ်လက်တွေ့ နေနေရတဲ့ ငါတို့က ရန်ကုန်ကတော့ အသေကျပ်၊ အနေကျပ်နဲ့ နေလို့ထိုင်လို့ကို မချောတော့ပါဘူး။

ဒါနဲ့ မင်းခြံထဲကို ငါလိုက်ကြည့်တော့ သစ်ပင်တွေက အတော်စုံတာပဲကွ ငါ



www.burmeseclassic.com

www.burmeseclassic.com

'ပုပ္ပါးဘက်သွားတုန်းက လောကီပညာသည် ဆရာတစ်ယောက် နည်းပေးခဲ့တဲ့ နေ့ခုနစ်နံ သစ်ပင်စိုက်ပျိုးရင် စီးပွားတိုးတယ်ဆိုတဲ့ အစီအရင်နည်းကိုတောင် သွားသတိရမိတယ် ငါ့တူရေ'

ဦးလေးဦးမြင့်နိုင် ပြောလိုက်သော နေ့ခုနစ်နံ သစ်ပင်စိုက်ပျိုးရုံဖြင့် စီးပွားတိုးတက်စေမည့် အစီအရင် အကြောင်းကို သိလိုသော ကျွန်တော်က...

'ဦးလေးပြောမယ့် အစီအရင်နည်းကို ကျွန်တော် သိချင်လိုက်တာဗျာ၊ အဲဒီ "နေ့ခုနစ်နံ သစ်ပင်စိုက်ပျိုးလို့ စီးပွားဖြစ်ထွန်းတယ်"ဆိုတဲ့အကြောင်းကို ကြားဖူးတာ ကြာပြီ။

ဘယ်လိုစိုက်ပျိုးရမလဲဆိုတာ အတိအကျ မသိလို့ သိချင်နေတာ ဦးလေးပြောမယ်ဆိုတော့ အကိုက်သင့်လိုက်တာဗျာ'

ဦးလေးဦးမြင့်နိုင် သူဖတ်နေသော ဆရာကြီးဒဂုန်ရွှေမျှား၏ "စောရသက်ပြင်းနှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ပိတ်၍ ပက်လက်ကုလားထိုင်ပေါ်တွင် အနေအထားပြောင်းထိုင်လိုက်ပြီး...

'နေ့ခုနစ်နံ သစ်ပင်စိုက်ပျိုးနည်းကို ငါ့တူက သိချင်နေတယ်ဆိုတော့ ရှင်းပြရတာပေါ့။ **နေ့ခုနစ်နေ့ဆိုတာက တနင်္ဂနွေအစ စနေအဆုံး နေ့တွေပေါ့ကွာ။**

အဲဒီနေ့တွေမှာ ကိုယ်ပိုင်ဗျည်း အက္ခရာတွေ ရှိတယ်။ တနင်္ဂနွေဆို အ,ဥ၊ တနင်္လာဆိုရင် က,ခ,ဂ,ဃ,င ဆိုတာတွေ သိထားမှ သစ်ပင်တွေရဲ့ အမည်တွေကို ဘာနေ့တွေလဲဆိုတာ ခွဲခြားလို့ရမှာ တနင်္ဂနွေနံနဲ့ပတ်သက်လို့ သစ်ပင်စိုက်မယ်ဆိုရင်တော့ အုန်းပင်ပေါ့ကွ။

'တနင်္လာနံနဲ့ဆိုရင်တော့ ကွမ်းသီးပင်တို့၊ ခံတက်ပင်တို့ပေါ့ကွာ။ အင်္ဂါနံနဲ့ ပတ်သက်တဲ့အပင်ဆိုရင်တော့ ဆီးပင်က အကောင်းဆုံးပဲ။

ဗုဒ္ဓဟူးနံနဲ့ဆိုရင် ဝါးပင်၊ ကြာသပတေးနံနဲ့ဆိုရင် မာလကာပင်၊ မရန်းပင် စတာတွေ စိုက်လို့ရတယ်။

သောကြာအတွက်ဆိုရင် သရက်ပင်က အသင့်တော်ဆုံးပဲ၊ စနေနံအတွက် ကတော့ တမာပဲ စိုက်သင့်တယ်။

အဲဒီအပင်တွေကိုလဲ ကြုံသလို စိုက်လို့ မရဘူးကွ။ ဖယားလေးနဲ့ မှတ်သားထားရင် ပိုလို့ကောင်းတာပေါ့ကွာ။ မင်းလွယ်အိတ်ထဲက ဘောလ်ပင်နဲ့ စာအုပ်ပေး ငါရေးပြမယ်'

ကျွန်တော်လည်း လွယ်အိတ်ထဲမှ အလုပ်တွင် စာရင်းမှတ်သည့် ဗလာစာအုပ်နှင့် ဘောလ်ပင်ကို ထုတ်ပေးလိုက်ပါသည်။ ဦးလေးဦးမြင့်နိုင်လည်း ဗလာစာအုပ်ကိုလှန်၍ စာရွက်အလွတ်နေရာတွင် အောက်ပါဖယားအတိုင်း နေ့ခုနစ်နံ သစ်ပင်စိုက်ပျိုးဖို့ နေ့ရက်နှင့် အပင်တွေကို ချရေးပါတော့သည်။

* * *

| စဉ် | နေ့နံ | စိုက်ရမည့်အပင် | စိုက်ရမည့်နေ့ |
|---|---|---|---|
| ၁ | တနင်္ဂနွေ | အုန်း | စနေ |
| ၂ | တနင်္လာ | ကွမ်းသီး ခံတက် | ကြာသပတေး |
| ၃ | အင်္ဂါ | ဆီး | ဗုဒ္ဓဟူး(ညနေ) |
| ၄ | ဗုဒ္ဓဟူး | ဝါး | သောကြာ |
| ၅ | ကြာသပတေး | မာလကာ မရန်း | တနင်္လာ |
| ၆ | သောကြာ | သရက် | ဗုဒ္ဓဟူး(နံနက်) |
| ၇ | စနေ | တမာ | တနင်္ဂနွေ |

ဦးလေးဦးမြင့်နိုင် ရေးပေးလာသော နေ့ခုနစ်နံ သစ်ပင်စိုက်ပျိုးနည်း အစီအရင်ကို ဖတ်ကြည့်နေစဉ် ဦးလေးဦးမြင့်နိုင်က ကျွန်တော့်ကို...

'ငါ့တူရေ... စိုက်ခိုင်းတဲ့အပင်နဲ့ စိုက်ပျိုးရ



မယ့်နေ့တွေကို ဦးလေး လေ့လာကြည့်တော့ တတိမိတ်တွေကွ၊ တစ်ခုတော့ ရှိတယ် ငါ့တူရေ... သစ်ပင်စိုက်ပျိုးမယ့်နေ့တွေမှာ အသားလွတ်စားပြီး ကိုယ်ပတ်ဝန်းကျင်မှာ ရှိတဲ့ ညောင်ပင်တစ်ပင်မှာ ဆီမီးတိုင် တစ်တိုင်ကို ရက္ခစိုးနတ်အတွက် ရည်မှတ်လို့ ထွန်းညှိပေးရမယ်လို့ အမှာရှိတယ်ကွ။

ငါ့တူ စိတ်ဝင်စားမှုရှိရင်တော့ ဒီိုးကာလမှာ စိုက်ကြည့်ပေါ့။ ဦးလေးပုပ္ပါးက ပြန်လာပြီး အဲဒီနေ့ ခုနစ်နံ သစ်ပင်စိုက်ပျိုး စီးပွားတိုး အစီအရင်ကို တွဲထားဘက်က မိတ်ဆွေ တစ်ယောက်ကို ပေးလိုက်တာ အဲဒီလူ စီးပွားရေးအတော်ကို အဆင်ပြေနေတယ်ကွ။

မင်းလဲ စိတ်ဝင်စားတယ်ဆိုတော့ ဦးလေးက စမ်းကြည့်စေချင်တယ်။ ဦးလေးကတော့ ရန်ကုန်မှာ တိုက်ခန်းနဲ့ နေရတာဆိုတော့ မြေပိုင်မရှိလို့ စမ်းချင်တာတောင် စမ်းခွင့် မရပါဘူးကွာ။

နောက် သစ်ပင်စိုက်တယ် ဆိုကတည်းက ကျေးငှက်တိရစ္ဆာန်တွေအတွက် နေထိုင်စရာ ဖြစ်လာပြီး "သစ်ပင်ကောင်း ငှက်တစ်သောင်းနား"ဆိုတဲ့အတိုင်း မင်းလဲ ထာဝရ ကုသိုလ်ရနေမှာပါကွာ'

ကျွန်တော့်ဦးလေး စကားတို့ဆုံးသည်နှင့် လာမည့် မိုးကာလ၌ နေ့ခုနစ်နံ သစ်ပင်စိုက်ပျိုး စီးပွားတိုး အစီအရင်ဖြင့် သစ်ပင်တွေ ကျွန်တော့်အိမ်ခြံဝန်းထဲ၌ ထပ်မံစိုက်ပျိုးဖို့ ဆုံးဖြတ်လိုက်မိပါတော့သည်။

**မောင်ရင်ထွေး(မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက်
# စကြာမင်း
အမှတ်တံဆိပ်
# ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့... ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဪ... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်၊ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးခေတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်၊ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လိုရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေတက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည်အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

စကြာမြင်းဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆ရ၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမြင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမြင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမြင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမြင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမြင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ 'တစ်သက်လုံး 'မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမြင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမြင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမြင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်က လက်တွေ့ပျောက်ကင်းတဲ့ စကြာမြင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။


ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမြင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမြင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမြင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သစ္စာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)

www.burmeseclassic.com



◆ ဆေးတောင့် ဆေးလုံးအချို့

ကျောင်းဆရာဟောင်းတစ်ဦးထံမှ

# ရှေးဟောင်း ဆေးအောင်းပုရပိုက်များ

ဘုန်းနိုင်ဝင်း

'မန္တလေးကို ရောက်ရင် ဒီနေရာ ဝင်ခဲ့ပါ' ဟု စာတည်းချုပ်က ညွှန်ကြားကာ စာမူတစ်စောင် ထုတ်ပေးခဲ့သည်။ ဆောင်းပါးရှင် **ဦးအောင်သန်း (ကလောင်အမည်-စိန်မြရွှေ)** ၏ ဆောင်းပါးဖြစ်သည်။

ဆောင်းပါးတွင် သူ၏ဖခင် ဦးယုံ၊ အဘိုးဦးဆင်၊ အဘိုးဦးကောက် စသည်တို့သည် မြန်မာ့လောကီပညာ ဆေးအင်းပညာများ တတ်မြောက်ကြသည့် ရှေးမြန်မာ့ဆေးဆရာမျိုးဆက် ဖြစ်ကြောင်းနှင့် ကာယသိဒ္ဓိပြီးမြောက်သည့် ဆံခံအင်း၊ မြွေနိုင်၊ မြွေကာအစီအရင်၊ စားခွက်နိုက်အင်း စသည်တို့အကြောင်း ဖတ်ရှုရသည်။

ယင်းတို့နှင့်ပတ်သက်၍ ဘိုးဘွား အစဉ်အဆက် အမွေဆက်ခံရထားသည့် ဆေးများ၊ အရုပ်များ၊ ပုရပိုက်များ ရှိသော်လည်း အသုံးပြုပုံကို မသိရှိခဲ့ရပေ။

မိမိ၌ အမွေဆက်ခံသူလည်း မရှိသဖြင့် ဤပညာရပ်များကို ယုံကြည်သော၊ နားလည်သော၊ အသုံးချတတ်သော ပညာရှင်တစ်ဦးဦးကိုဖြစ်စေ၊ ပညာရှင်အဖွဲ့ကိုဖြစ်စေ လွှဲပြောင်းပေးအပ်လိုပါသည်။

လွဲမှားစွာ အသုံးချမည့်သူများ လက်သို့ မရောက်စေလိုပါ။ အကယ်၍ စိတ်ဝင်စားပါက ဆက်သွယ်ပါရန် လိပ်စာကိုလည်း ပေးထားလေသည်။


သို့ဖြစ်၍ မန္တလေးသို့ ရောက်ရောက်ချင်းပင် ဆိုင်ကယ်ငှား၍ လိပ်စာအတိုင်း သွားရောက်ရှာဖွေခဲ့သည်။ အဆင့်ဆင့် စုံစမ်း၍ အတန်ကြာမှ သူ၏ နေအိမ်ကို တွေ့ရ၏။ လူကား မရှိပါ။ သော့ခတ်ထား၏။

ပတ်ဝန်းကျင် အိမ်နီးချင်းများက ကူညီပေးကြပါသည်။

'ဆရာကြီးက ဒီအချိန်ဆိုရင် မတ္တရာကျောင်း ရောက်နေလောက်ပြီ'

'ကျွန်တော် ဖုန်းဆက်သေးတယ်။ စက်ပိတ်ထားသတဲ့။ မတ္တရာကျောင်း

www.burmeseclassic.com





▲ ဆေးတောင့်များ

◀ အင်း၊ စာမအချို့

က ဘယ်နားမှာလဲ'

'ဟုတ်တယ် ဖုန်းသာရှိတာ၊ မကိုင်တတ်၊ မဆက်တတ်ဘူး။ ပိတ်ထားတာများတယ်။ မတ္တရာကျောင်းက လမ်းနည်းနည်းရှုပ်တယ်။ နေဦး ဆရာကြီးကို လိုက်ပို့ပေးတဲ့ ဆိုင်ကယ်သမား "ဦးမောင်"ဆိုတာ ကျွန်တော် ဆက်သွယ်ပေးမယ်'

သို့ဖြစ်၍ "ဦးမောင်" ရောက်ရှိလာကာ မတ္တရာကျောင်းဆီသို့ ဦးဆောင်ခေါ်သွားပေးသည်။

'ဆရာကြီးက အထက်တန်းပြဆရာဘဝနဲ့ ပင်စင်ယူခဲ့တာပါ။ ကိုယ်ပိုင်အိမ်မရှိလို့ ပန်းထိမ်အလုပ်ရုံက နောက်ဖေးခန်းကလေးမှာ နေခွင့်ပေးထားတယ်။ သားထောက်သမီးခံလဲ မရှိဘူး။ ပင်စင်လစာကလေးနဲ့ ခြစ်ချုတ် စခန်းသွားနေရတာ။

ကျွန်တော်လဲ ဝယဝုဒ္ဓိ အင်လေးထားပြီး ဆရာကြီးသွားချင်တဲ့ နေရာကို ကာသိုလ်ပြု ပို့ပေးပါတယ်။ သူ့မှာရှိတဲ့ ဆေးအင်း ပစ္စည်းတွေကိုလဲ ကိုယ်တိုင် မသုံးတတ်လို့ လိုချင်သူတွေ ထိုက်တန်တဲ့ မေတ္တာကြေးနဲ့ပေါ့လေ လွှဲပေးချင်နေတယ်'

'မေတ္တာကြေးဆိုတော့ ဆရာအတွက် အိမ်ခြံတစ်ခုခုကို ဆိုလိုတာလား ကိုမောင်'

'အင်းပေါ့လေ သူ့စားဝတ်နေရေး ပြေလည်သွားအောင်ပေါ့။ ဒါ ကျွန်တော့် အထင်ပြောတာနော်။ ကျွန်တော် လူမှုကွန်ရက်(FaceBook)ကနေ တင်ပေးသေးတယ်။ အလေးအနက်ထားကြပုံ မရဘူး။ တုံ့ပြန်မှု မရှိဘူးဗျာ'

မတ္တရာကျောင်းတိုက်သို့ ရောက်သောအခါ လမ်းလျှောက်ထွက်နေသည် ဆိုသဖြင့် ဦးမောင်ကပင် လိုက်လံရှာဖွေပေးသည်။

'နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို ကျွန်တော် ပို့ထားတာကြာပြီလေ၊ မသုံးတော့ဘူးလို့တောင် ထင်မိတယ်'

'ဟုတ်ကဲ့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လလောက်ကတည်းက, ရပါတယ်။ ဓာတ်ပုံနဲ့ အချက်အလက်တချို့ လိုနေလို့ပါ။ နယ်လှည့်အယ်ဒီတာအနေနဲ့လဲ မန္တလေးကို ခရီးမသင့်သေးလို့ နည်းနည်းကြာသွားတာပါ'

'ရေတံခွန်တောင်က ဆရာတော်ကြီးတစ်ပါးက ဒါမျိုး စိတ်ဝင်စားတယ်လို့ ကြားရတယ်'

'ရေတံခွန်တောင် ဆရာတော်ကြီးက ပျံလွန်တော်မူသွားပြီလေ'

'ဟုတ်ကဲ့... ကျွန်တော် စုံစမ်းတော့ ဆရာတော်ကြီး မရှိတော့ပါဘူး။ ဒီကပဲ စောင့်ရပေါ့။ ကျွန်တော် ကိုမောင်နဲ့ ပစ္စည်းတွေ ယူခိုင်းလိုက်မယ်။ ကျွန်တော့်အခန်းက ကျဉ်းလို့ နေစရာ ရပ်စရာမရှိဘူး။ အားနာလို့ပါ'

ဦးမောင်က သူ့အိမ်သို့ပြန်၍ ပစ္စည်းများကို ယူလာပေးသည်။

ယွန်းကွမ်းအစ်အတွင်း ဆေးတောင့်များနှင့် အရုပ်များကို တွေ့ရသည်။

'အရင်က အညွှန်းစာရွက်ငယ်ကလေး တပ်ထားသေးတယ်။ ဟိုပြောင်း ဒီရွှေ့နဲ့ ပျောက်ကုန်တယ်။ အညွှန်းတချို့တော့ ကျန်ပါသေးတယ်'

ကျန်ရှိသမျှတွင် **ဗုဒ္ဓသာယကာယ သိဒ္ဓိဆေး၊ ပယောဂနာ၊ သိဒ္ဓိကြီးဆေး(ကာယနှင့်အခြား)၊ ဆေးကြား ရသာဆေးရှီးမဟာ** စသည်ဖြင့် ဖတ်ရှု

www.burmeseclassic.com

www.burmeseclassic.com



◆ ရှားပါးပစ္စည်းများ



◆ ပုရပိုက်အချို့

ရသည်။

ဆေးတောင့်များဖြစ်သည်။ ခြသေ့ရုပ်၊ ဖော်ဂျီရုပ်များ၊ ဆေးပြာ၊ ဓာတ်ပြာများလည်း ပါဝင်၏။

ဝက်စွယ်နကင်းပိတ်နှင့် အခြားရှားပါးပစ္စည်းများလည်း တွေ့ရ၏။ ဦးအောင်သန်းက ယင်းတို့၏ အသုံးပြုပုံအညွှန်းများကို မသိရှိရဟု ဆို၏။

'ဝက်စွယ်နကင်းပိတ်ကတော့ အဖေတို့ဆောင်စဉ်က ကာယပြီးတယ်။ ဒါကို ရောင်းဖို့ အလောင်းအစားနဲ့ စမ်းသပ်တော့ အစွမ်းမပြတော့ဘူး။ ထူးဆန်းတယ်။ ဒီလို ထူးဆန်းတာတွေ ကျွန်တော်တို့ နယ်ဘက်မှာလဲ အများကြီးရှိတယ်။

ကျွန်တော် ရွှေဘိုကပါ။ ဝက်လက်မြို့အရှေ့ဘက်နားမှာ **"ကိုးပင်ချောင်း"** ဆိုတာရှိတယ်။ ချောင်းစပ်ရေထဲမှာ သစ်တုံးကြီးတစ်တုံး မြေတစ်ဝက် နစ်နေတယ်။ ရေနည်းတဲ့ တပေါင်း၊တန်ခူးလတွေမှာ ရေပေါ် အစွန်းကလေးပေါ်နေတယ်။

တက်ထိုင်တာတို့၊ အဝတ်လျှော်တာတို့ မလုပ်ရဲဘူး။ နတ်ကြီးတယ်။ လူတွေကို ခုကွမပေးပေးမယ့် တိုင်းပြည်မှာ အပြောင်းအလဲ ဖြစ်တော့မယ်ဆိုရင် ရေပေါ် သိသိသာသာကြီး ပေါ်တက်လာတယ်။

အဘိုး၊ အဘွားတွေ ပြောပြတာကတော့ သီပေါမင်း ပါတော်မူအခါ တစ်ကြိမ်၊ ဂျပန်တွေဝင်ခါနီးမှာ တစ်ကြိမ် ရေပေါ်ပေါ်သတဲ့'

'အခု ပေါ်နေပြီလား ဆရာကြီး'

'ဟင့်အင်း မပေါ်ပါဘူး။ ဂျပန်ဝင်ခါနီး အဲဒီလိုဖြစ်နေတော့ ရွာသူရွာသားတွေလဲ မင်းပြောင်းတော့မယ် ဘာညာနဲ့ အုန်းအုန်းကျွက်ကျွက် ပြောဆိုကြလို့ အင်္ဂလိပ်အစိုးရက သစ်တုံးကြီးကို သံကြိုးဆိုင်းပြီး ယန္တရားနဲ့ဆွဲတယ်။ မရဘူး။ သံကြိုးပြတ်တယ်။ စက်ပျက်တယ်။

ဒါနဲ့ ပုဆိန်၊ ရဲတင်းတွေနဲ့ ခုတ်ဖို့ယူပြီး ပီးရှို့ခိုင်းတာ။ ရှို့တဲ့လူရော၊ ခိုင်းတဲ့အရာရှိရော ဝမ်းလျှောတာ မရပ်ဘူး။ ထင်းတွေ မှုလင်နေရာပြန်ပို့၊ ကန်တော့ပွဲနဲ့ တောင်းပန်မှ ဝမ်းရပ်သွားကြတယ်တဲ့'

'ကျေးဇူးတင်ပါတယ် ဆရာကြီး။ အဲဒီဘက်ရောက်ရင် လေ့လာကြည့်ပါ့မယ်။ ဒီပုရပိုက်တွေကကော'

'ပုရပိုက်တွေလဲ ဆေးတွေနဲ့အတူတူပဲ။ ဘိုးဘွားအမွေဖြစ်လို့ စောင့်ရှောက်ထိန်းသိမ်းပါ့မယ်ဆိုပြီး တာဝန်ယူလိုက်ရပေမယ့် ရုတ်တရက်ကြီး ဆုံးသွားတော့ အဖေ့ကို ဘယ်လို သုံးရသလဲဆိုတာ မေးခွင့်မရလိုက်ပါဘူး'

ပုရပိုက်အနက်ရောင် တစ်ခုပါ

www.burmeseclassic.com



◆ ဆရာဦးအောင်သန်း

ပုရက်ပိုက်ဖြူခေါ် စက္ကူပေါ်စကာလက ချပ်စက္ကူကြီး၊ ငယ်လေးအုပ်တို့ကို တွေ့ရသည်။ အင်းစာမများ၊ ရုပ်ပုံများ ရေးဆွဲထားသည်။ အညွှန်း မပါရှိပေ၊ သမားကိုင်ဆေးနည်းများ ဖြစ်သည်။

ဆေးဂိုဏ်းဝင်၍ ဆိုင်ရာ အစောင့်အရှောက်များကို ပင့်ဖိတ်အပ်နှံကာ ခန္ဓာကိုယ်ပေါ်၌ စုတ်ဖြင့် ပေါက်ရသော ဆေးအစွမ်းဂါထာများ ဖြစ်သည်။

အချို့ဆေးအင်းဂါထာများမှာ ဂိုဏ်းဝင်ပြီးနောက် လိုရာသုံးရန် ဖော်ပြထားခြင်းဖြစ်သည်။

'ဆေးဂိုဏ်းအမည်တွေကော မှတ်မိသေးလား ဆရာကြီး'

'ဘာမှကို မေးချိန် မရလိုက်ပါဘူး။ ကျွန်တော်တို့က ပညာသင်သွားနေတော့ အဖေနဲ့ လက်ပွန်းတတီး မနေခဲ့ရဘူး။ နောက်ပိုင်း အထက်တန်းပြ ဆရာဘဝနဲ့ ဘဝကို ရုန်းကန်နေရချိန်မှာလဲ သင်ယူဖို့ အချိန်မရ၊ ကိုယ်တိုင် ဆန္ဒမပြင်းပြတာလဲ ပါမှာပေါ့လေ။

အစ်မက ရှိသေးတယ်။ အသက် (၈၀)ကျော်ပါပြီ။ စစ်ကိုင်းတောင် ကေတုမတီချောင်မှာနေတယ်။ သူ့ဆီမှာ **ဆေးထိုးစုတ်ခင်**(စုတ်ဆေးထိုးရာ၌ အလေးချိန်စီးစေရန် ပိုးထည့်ရသော အစိတ်အပိုင်း)တွေ၊ ခွေးရူးဆိပ်၊ မြွေဆိပ်ချတာတွေလဲ ကိုယ်တိုင်လုပ်ပေး၊ ကယ်မ,ပေးပါတယ်။ အဘွားစောလို့ခေါ်ကြတယ်။

အရင်တုန်းက ဒါထက် ပိုစုံတယ်။ ပုရပိုက်တွေ အများကြီးပဲ။ အဖေ (ဆရာယုံ) အိမ်ထောင်ကျခါစ ရွာမှာ တောင်သူလုပ်ရင်း နွားစာစဉ်းနေတယ်။ အဲဒီအချိန်မှာ ဆေးဆရာတစ်ယောက်က လျှာပွတ်ဆေး၊ ကတိုးနှာ၊ သွေးဆေး စတာတွေ အော်ရောင်းရင်း အိမ်နား ရောက်လာတယ်။

အမယ်အိုတစ်ယောက်က မေးမြန်းပြီးတော့...

"ရှင့်ဆေးတွေကလဲ ဟိုမှာ နွားစာစဉ်းနေတဲ့ သူငယ်လောက်တောင် မစုံဘူး"

လို့ပြောသတဲ့။ ဒါနဲ့ ဆရာကြီးက အဖေ့ဆီလာပြီး ဆေးပညာအကြောင်း မေးစမ်းပါတယ်။ အဖေကလဲ သိပ်အထင်မကြီးတော့ သာမန်ကာလျှံကာပဲ ပြောပြပါတယ်။ ဆရာက...

"မင်းဆီမှာ (နှစ်မည်လို)လို့ ရေးထားတဲ့ ဆေးတစ်ဖုံရှိတယ် မဟုတ်လား။ ယူလာစမ်း'

ဆိုတော့မှ အံ့သြပြီး အိမ်ပေါ်ဖိတ်ခေါ် နေရာပေးတယ်။ ဆေးကို ထုတ်ပြလိုက်တော့...

"အေး...ဗမ္မာတလူ ပြိုင်သူမရှိတော့ဘူး။ မင်း ဖို့နောက် လိုက်ခဲ့မလား"

လို့ပြောတယ်။

"မဖြစ်သေးပါဘူး သားနဲ့မယားနဲ့ တောင်သူအလုပ်ကလဲ ရှိသေးတယ်"

"အေးလေ ဒါဖြင့်ရင်လဲ နေခဲ့ပေါ့ကွာ"

ဆေးဆရာကြီး ထွက်သွားတော့မှ တရေးရေး တွေးမိပြီး အမီလိုက်ရှာပေမယ့် မတွေ့ရတော့ဘူး။ အဲဒီဆေး ရပြီးနောက် အဖေ ဆေးကုတာ ပိုပြီးဆေးလိုက်လာတယ်၊ နာမည်လဲ ပိုထင်ရှားလာတယ်'

'အဲဒါ ဘယ်ဆေးလဲ ဆရာကြီး'

'မရှိတော့ပါဘူး။ အမေက ဒါတွေကို မနှစ်မြို့ဘူး။ ချောင်းရေကြီးရင် ပေပုရပိုက်တွေ တစ်ထုပ်ချင်း မျှောပစ်တာ။ ဒီပုရပိုက်တွေက အမေ မရမက သိမ်းထားလို့ ကျန်ရစ်တာတွေပါ'

ယင်းနောက်တွင် ဆရာကြီးအား မြို့တွင်းသို့ ဖိတ်ခေါ်၍ နံနက်စာ ဒါနပြုခဲ့သည်။ ဆရာကြီးကိုယ်တိုင် မသုံးစွဲတတ်သော **ဆေးအင်းပုရပိုက်(ရှေးမြန်မာ့လောကီပညာ အမွေအနှစ်)များကို တတ်သိနားလည်စွာဖြင့် အများအကျိုး၊ လောကအကျိုးအတွက် အသုံးချသူ ပေါ်ပေါက်နိုင်ပါစေဟူသော** ဆုတောင်းလိုက်ရပေသည်။

**ခွန်စိုင်းဝမ်း**



www.burmeseclassic.com

www.burmeseclassic.com



ရဲချိုးသူ (ဇောဓိမြိုင်)
မြို့တောင်ဦး

# သိဒ္ဓိဝင် ကျွန်းနက်

'ဗျို့...ကိုအာယု'

'ခြံထဲ ဝင်လာခဲ့လေ'

'လက်ထဲက သစ်သားတုံးမည်းမည်းကြီးက ဘာသစ်လဲဗျ'

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကလေး၊ ဂန့်ဂေါ၊ ယော၊ ဆော၊ ရေမျက်နီ စသည့် နယ်တို့က အဖိုးတန် ရတနာတန်းဝင် သစ်ကောင်းများ ပေါများလှပါသည်။

အထူးသဖြင့် ကျွန်း၊ ပျဉ်းကတိုး (ပျဉ်း)၊ အင်ကြင်းသစ်များကိုသာ ဒေသခံတို့ လူအသုံးအဆောင်နှင့် အဆောက်အအုံများ ပြုလုပ်တည်ဆောက်ကြရာတွင် အဓိကထား သုံးစွဲကြပါသည်။

ကလေးမြို့နယ်၊ မြောက်စည်းရွာမှ ကိုတင်မောင်နှင့် လက်ဖက်ရည်ဆိုင်တွင် စကားလက်ဆုံကျမိရာက ထူးခြားသည့် ကျွန်းနက်အကြောင်း ရောက်ရှိခဲ့ပါသည်။

ကျွန်းနက်ဆိုတာ ရှိကြောင်း၊ အရောင်းအဝယ် ဈေးကွက်လည်း ရှိသည်ဟု ဆိုပါသည်။ မန္တလေး မဟာမြတ်မုနိဘုရားကြီးသို့ ဘုရားဖူး ရောက်ရှိခဲ့စဉ် ဝါသနာအရ ပန်းပုလုပ်ငန်း ဈေးဆိုင်တန်းများ လှည့်ပတ်ကြည့်ရှုရာ ကျွန်းနက် ဘုရားဆင်းတုတော်များ၊ ရဟန္တာရုပ်တုများ၊ အခြားအခြားသော ရုပ်တုများ တွေ့ခဲ့ရပါသည်။

ထုလုပ်ဆဲ ရုပ်တုများမှ ဆောက်ဖြတ်စ ကျွန်းနက်သား၊ အတိုအထွာ အစအနများ တောင်းယူခဲ့ဖူးပါသည်။

စိတ်တွင် သိထားခဲ့ဖူးသည့် အသိအရ ဆရာအရှင် ဘရသေ့ ရှင်ပညာဒီပမိန့်မှာဖူးသည့် **"လက်ခတ်သံကျွန်းဖိုသား သောင်းတိုင်မှ ကြားသလေလေဆိုတဲ့ သီချင်း တဘောင်က ကျွန်းနက်ကို ဆိုတာပဲ ဒကာ"** ဟု မှတ်သားခဲ့ဖူးခြင်းကြောင့် ဖြစ်ပါသည်။

'ကျွန်းနက်ဆိုတာပဲ ကိုအာယု၊ သိသူဖော်စားဖို့ပေါ့ဗျာ'

'ဘယ်ကများ ဘယ်လိုရှာဖွေတွေ့ရှိခဲ့ပြန်လဲ၊ ခင်ဗျားနဲ့ တွေ့လိုက်ရင် အဆန်းအပြားတွေကြီးပဲ'

'ဒီလိုဗျ ခင်ဗျားသိတဲ့အတိုင်းပဲ ကျွန်တော့်ရဲ့ ဝါသနာပေါ့ဗျာ၊ တောင်ခရမ်းရွာက ကိုကျော်ဆွေဆီက ရလာတာ ကိုတင်မောင် လမ်းညွှန်ပြလိုက်လို့ပဲ'

ကျွန်းနက်သည် ဝိဇ္ဇာခရ အင်္ဂါရတ် အသိအတတ် လေ့လာလိုက်စားလက်တွေ့သမားတို့အဖို့ သိဒ္ဓိဝင် သံဓာတ်ကိန်းစက်ရာ သစ်မြတ်တစ်ပါး ဖြစ်လေသည်။

**အထက်ပါကောင်းကင်တမ်ခွင် အထိပင် လက်ဆောင်ပေးလောက်အောင် သိဒ္ဓိပြီးမြောက်သော သံဓာတ်လုံးမှာ ကျွန်းပိုင်မှ ဖြစ်သည့်သံသာဖြစ်ကြောင်း ပေါ်ညာအဖြစ် ဘရသေ့ မိန့်ဖူးပါသည်။**

ဘရသေ့ ရှင်ပညာဒီပက...

'အယူအကောက် အနက်အဓိပ္ပါယ်တွေ အမျိုးမျိုးတွေ ရှိကြပါတယ်။ သူ့အယူ ကိုယ့်အယူ မတူတာမျိုးတော့ ရှိတတ်တယ် ဒကာ'

ဟု မိန့်ကြားထားပြန်၍ အတိအကျမှန်ပါသည်ဟုလည်း မဆိုလိုပါ။ ကျွန်းနက်နှင့်ပတ်သက်၍ အသိသဘော ဘရသေ့မိန့်ဖူးသည်က...

'ကျွန်းနက်၊ ထွန်းမြတ်ပါတဲ့ ပညာသံ ဝိဇ္ဇာရှင်ဉာဏ်၊ သံဓာတ်ရှင် ဝိဇ္ဇာဓိုရ်ကြီးရယ်က ထွက်ရပ်မှန်နည်းကို ပေးတယ် ကျွန်းဖိုရှင်သား'

ဆိုပြီး ကဗျာလင်္ကာလေးပမာ ရွတ်ဆိုပြရင်း အသိအတတ်ဆိုသည်မှာ သိပြီးနောက် နည်းပညာသဘော ကူးပြောင်းမှသာ အကျိုးတရား အမှန်ရရှိတတ်ကြတာမို့ ဝါသနာရှင်များ လက်တွေ့အသုံးချနိုင်စေရန် ထင်ပြရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

ကျွန်းနက်ပင်၏ မူလဇီဖပင်ရင်းသည်ကား ကျွန်းဖိုပင်ဟု မှတ်သားဖူးပါသည်။ သိပ္ပံဆန်သည့် ဉာဏ်အသိအရ သဘာဝ ရေနံမြေထွက်ရှိရာ မကွေး၊ ကလေး၊ ရေနံချောင်း၊ ချောက်နှင့် ကမ်းလွန်ပင်လယ်နေရာများတွင် တွေ့ရှိတတ်ပါသည်။

ဖြစ်စဉ်သဘောအရ ကျွန်းဖိုပင်မှ ရေနံသဘာဝဓာတ်ငွေ့များအား စုပ်ယူရာမှ ဓာတ်အသွင်ပြောင်းလဲကာ ပင်စည်ရောင်ပါ ပြောင်းလဲ မည်းနက်ပြီး သေဆုံးသည်ဟု ဆိုပါသည်။

တဖြည်းဖြည်း ဓာတ်ပြုပြောင်းလဲခြင်း၊ အမည်းရောင်ပြောင်း၍ ကျွန်းဖိုပင်သေသည်ဟု ဆိုရခြင်းမှာ ကလေးနယ်မှ ဒေသခံတစ်ဦး ပြောပြဖူး၍ ဖြစ်ပါသည်။

## ကျွန်းနက်ရပါလျှင် မီးရှို့ပြာချ သံလိုက်ရ

စနစ်တကျပြုလိုသူအတွက် ကျွန်းနက်သားအား အလေးချိန် ချိန်တွယ်၍ သွပ်ပြား၊ သံပြားပေါ်တင်ပြီး ပြာကျစေသည်အထိ မီးရှို့ရပါသည်။

ပြာအလေအလွင့်မရှိစေရေး ဂရုပြုဆောင်ရွက်ရပါသည်။ ရရှိသော ပြာ၏ အရောင်အဆင်းမှာ မီးခိုးဖြူ အရောင်မျိုးမဟုတ်ဘဲ **အုတ်နီခဲကျိုးမှုန့် အသွင် နီကြွင်ကြွင် ဖြစ်ပါသည်။ ထိုပြာများအား သံလိုက်နှင့် တို့ထိသည်တွင် သံလိုက်သည်က လက်တွေ့အမှန်** ဖြစ်ပါသည်။

ဓာတ်ပြုခြင်းရှိသည့် ကျွန်းဖိုနှင့် ရေနံသဘာဝဓာတ်ငွေ့ ပေါင်းစပ်ခြင်းတို့ကား မီးရှို့စဉ် ရရှိသည့် အငွေ့အနံ့က သက်သေသဘောသာ ဖြစ်ပါတော့သည်။

**ထို့ကြောင့် ကျွန်းနက်အမှန်သည်**



**အသားအရည်မဲနက်ခြင်း၊ မီးရှို့လျှင် ဝတ်စ်ငွေ့ အနံ့ထွက်ခြင်း၊ အုတ်နီခဲကျိုးပြာ အရောင် နီကြွင်ကြွင်ရှိပြီး သံလိုက်မှုသာ မှတ်သားသင့်သည်။**

## ကျွန်းနက်ပြာ

ပြာမှုန့်များကို ရေတွင်စိမ်ကာ ဆေးကြောပြီး အနှစ်ဓာတ်ပြာမှုန့်များကို မှိုဖြူဖြင့် စရနယ်ရပါသည်။

ထို့နောက် အခြောက်ခံပြီး သင့်လျော်သည့်လုံတွင် ထည့်ကာ လုံပိတ် ဖော်မံ၍ မီးလတ်ကို သုံးပြီး ထိုးယူရပါသည်။

လုံတစ်ခိုင်ထိုးပြီး ဖိုခွင်မှချ၍ အလိုချမ်းကာ လုံအတွင်း ကြည့်ပါမူ **ကျွန်းနက်သံ မည်းညစ်ညစ် အစိုင်အခဲ သတ္တုဓာတ်သားအား** ရရှိပါမည်။

## ကျွန်းနက်သံ မည်းညစ်ညစ်မှ မီးတက်ခြင်း

လက်ချားမီးပေါက်၊ ဇဝက်သား၊ ဆား၊ နနွင်းမှုန့် ထို(၄)ပါးအား ဆတူရောစပ်ရပြီး လုံအတွင်း ထိုဆေးပါသွင်းပြီး ဓာတ်သားအလယ်တွင် ထားကာ ဖော်မံခြင်းဖြင့် မီးအေးဖြင့် ထိုးယူရပါမည်။ စိတ်ရှည်သည်းခံ ဉာဏ်ဖြင့်ချိန်ပြီး မီးတက်ရခြင်းဖြစ်လေသည်။

ရသေ့ရှင်က...

'ကျွန်းနက်သံ အစွမ်းထက်အမှန်မို့မြင်းအပ်ဖမြင်အပ် နတ်မိစ္ဆာတို့ ဖျက်တတ်၏။ ဒါကြောင့် သီလလုံစွာ ဂုဏ်တော်ထုံရမယ်၊ အဲဒီလို လုပ်တာတောင် သွယ်ဝိုက်တဲ့နည်းနဲ့ မိသားစုပြဿနာ၊ လူမှုရေး ပြဿနာတွေ အကြောင်းရှာကာ ဝင်လာတတ်တာမို့ နတ်ကောင်းနတ်မြတ်၊ ဝိဇ္ဇာပုဂ္ဂိုလ်တွေ စောင့်ရှောက်နိုင်စေဖို့ အထက်ပွဲ(၁)ပွဲ ထိုးရတယ်။ မီးစပြီး ကစားမယ်ဆိုတာနဲ့ နိမိတ်ကို ကြည့်ရတယ်။ အောင်အတိတ်အောင်နိမိတ်ကို ယူရတယ်'

ဟု မိန့်ကြားခဲ့သည့်စကား ကြားမိပြန်ပါသည်။

## အညစ်စင်လာသည့် နက်ပြောင်သည့် သံအနှစ်လုံး

ရသေ့ရှင်က...

'သီလ၊ သမာဓိ၊ ပညာ အင်္ဂါသုံးတန် ပြည့်စုံသည့်မှန်ပါလျှင် လူဟာ ရုပ်ကြည်လာပြီး စိတ်ပါ ဖြူလာသလိုပဲ'

ဟု မိန့်ပါသည်။

'ရက္ခမှု ကျွန်းနက်သံဟာ တဖြည်းဖြည်း အညစ်စင်လာတာနဲ့အမျှ ကျစ်လျစ်လာပြီး အလေးချိန်စီးလာကြောင်း ခေါ်လက်ချားမှာ နှစ်ကြည့် ချော်ဟာ တဖြည်းဖြည်း ကြည်လာရင် ဓာတ်သားဟာ နက်ပြောင်ပြောင် အရောင်ထွက်ပြီမှတ်'

ဟု မှတ်သားဖူးပြန်ပါသည်။

## သံတွယ်ပြုတ်ရန်က... ဂဝံ

ရသေ့ရှင်မှ...

'ဒကာ ဒီအဆင့်မှာ သံတွယ်မပြုတ်သေးဘူး။ စိတ်မညစ်နဲ့ အနာရှိရင် ဆေးသိသုံ့အတွက် ပျောက်ကင်းဖို့ရာ မခက်ခဲပါဘူး။ ဂဝံကျောက်ကို အထင်မသေးနဲ့ အစွမ်းကြီးတဲ့ သတ္တုရှိတယ်။

ဒီတော့ ဂဝံကျောက်ကို အမှုန့်ထောင်း ဂဝံမှုန့်(၃)ဆ၊ ဆား(၁)ဆနဲ့ ရောရမယ်။ ဆန်းပြားတဲ့နည်းပဲ။

အဲဒါ ဖိုခွင့်ပုံစံပြောင်းလို့မှတ်။ ဖိုခွင်အတွင်း ဂဝံကျောက် အတုံးအခဲလေးတွေစီပြီး မီးသွေး ပါဝင်နိုင်အောင် မျှပြီးထည့်၊ လုံခွဲထဲ ဂဝံမှုန့်နဲ့ ဆားရောထည့်ထားတဲ့ ဆေးကို ထည့်ပြီး နက်ပြောင်ပြောင် သံလုံးကို နှစ်ပြီး



www.burmeseclassic.com

မီးလတ်သာ ထိုးပေတော့။

လုံကို အဖုံးဖွင့်ပြီး ထိုးရမယ်ဆိုတာ သတိပြုလက်တွေမြင်ပါလိမ့်မယ်။ လုံအတွင်းက ထွက်တဲ့ မီးတောက်အရောင်နဲ့ ဂဝံမြေမို့ခွင်က ထွက်တဲ့ မီးတောက်တွေရဲ့ ထူးခြားချက်ကို ပြောချင်တာ။-

အုံ့ညြဖွယ် သံတွယ်လွတ်တော့မယ်။ ဇွဲလိုသလို မီးအချိန်အဆ စကားပြောတယ်။ ပညာဉာဏ်ရှိ သတိကြီးသူအတွက် (၉)လုံတိတိ ထိုးရုံမျှနဲ့ သံတွယ်လွတ်ရုံသာမက အပျော့အပျောင်းဆိုက်ပါလေရော။

လိုချင်လှတဲ့ အရောင်အဆင်း နက်မှောင်ဝင်းတဲ့ ပုလဲနက်ရည် သိဒ္ဓိ စပြုတဲ့ ဓာတ်ကို ရပါတယ်ဒကာ'

## သိဒ္ဓိဝင်ရန် ကျွန်းနက်သံ

'သားသမီးကို မိဘတို့ မြေတောင် မြှောက်ပေးပြီး လူ့လောကအလယ် တင့်တယ်ပြီဆိုရင် မိဘဟာ တအား ဝမ်းသာရသလိုပေါ့။ ကိုယ် ယုံကြည်မြတ်နိုးတဲ့ဓာတ်ကို သိဒ္ဓိတန်ခိုး အမှန်ရှိတဲ့ ဓာတ်လုံးအဖြစ် ပုဂ္ဂိုလ်တိုင်း လိုချင်တယ်။

ဒီတော့ စပါးကြီးသည်းခြေအစစ်ကို ရအောင် ရှာရမယ်။ အဲဒီမြွေရဲ့ သည်းခြေမှာ သဘာဝကိုလွန်တဲ့ သတ္တိစွမ်းအားထူးရှိတယ်။ အသက်ဝင်တယ်။

အစစ်မှသာ သိဒ္ဓိလမ်းအတွက် အကျိုးကြီးနိုင်တယ်။ သည်းခြေအစစ်က မည်းမှုန်ကြာပါစေ နီးပြားအစငယ်နဲ့ ထိတို့ကာ ရေတွင်ချသည်က ကူးခပ်တတ်တယ်။ အဲဒါ စပါးကြီးသည်းခြေအစစ်ပဲ'

ဟု မိန့်ကာ မီးလတ်ကိုသာသုံးပြီး လက်ချားဖြင့် မီးကစားရင်း စပါးကြီးသည်းခြေတွင် အကြိမ်ကြိမ် ခံရည်လောင်းရန် ဖြစ်လေသည်။

ကိုယ်တိုင်လုပ်ကြည့် အစွမ်းသိဆိုသလို ဓာတ်ကို မဆိုထားနှင့် ချော်မှာပင် ချိ,ချဉ်,ဖန်,ခါး အရသာ(၄)ပါးရှိလာကြောင်း၊ ထို့အပြင် ချော်အသွင်မှာ ပုလဲကွဲကဲ့သို့ မရှိတော့ဘဲ ဖယောင်းလို ဖြူလာပါလျှင် သိဒ္ဓိဝင်ကာ ဓာတ်သေစပြုပြီးဟု မှတ်ရမည်ဟု ဆိုမိန့်ဖူးပြန်ပါသည်။

## သိဒ္ဓိဝင်ကျွန်းနက်သံဓာတ်လုံး

'အသိနဲ့အတတ် ထပ်တူကာ မှတ်ယူရန်က လာဘ်လူးထူးခြားခြား ဝင်တယ်။ သီလလုံခြုံ ဂုဏ်ဖက်ထုံကာ သမာဓိရှိစွာ နေကြည့်ပါက တစ်ခါလာဖူးသူ နောက်တစ်ခါလာကာ အကျိုးပြုမယ်။

ဆန်,ဆီ,ဆား အိမ်မှာ၊ ကျောင်းမှာ လိုအပ်သမျှ ဝင်လာမယ်။ ဉာဏ်အသိနဲ့ သတိရှိရမှာက နဝင်းသဘောကို နားလည်ရမယ်။

သိဒ္ဓိဝင်ပြီဆိုတာ ယုံကြည်ခဲ့ပြီဆိုရင် ဆန်အိုးထဲ ဓာတ်ကို (၉)နာရီထား၊ ဆီအိုးထဲ(၉)နာရီထား၊ ဆားအိုးထဲ(၉)နာရီထား၊ နဝင်းအသွားနဲ့ ခွဲလို့သာယူကြည့် အခန်းအခြောက်မရှိ တစ်နည်းနည်းနဲ့ ပြည့်ပြီလို့သာမှတ်။

ချော်ချက်ကာ ဖေးကာရမလား။ ယုံကြည်သူအတွက် (၉၆)ပါးရောဂါ ဟူသမျှ ပျောက်ကင်းစေပြန့်တယ်။ မဖျော်ကို အထူးနိုင်တယ်။ မှတ်ရန်က စိတ်ကောင်းကိုင်သူ စိတ်ဖြူရတယ်။ ဒါအပြင် ရုပ်ခန္ဓာပါ သန့်ရှင်းရမယ်။ ပြဒါးခဲဦးမလား၊ ထုံတင်ခဲ့ရုပ်'

ဟု သိဒ္ဓိသဘောကို ပြောဆိုမိန့်ပြခဲ့ပါသည်။

## အာထက်သံ(သိုမဟုတ်)လက်ခတ်သံ

ရသေ့ရှင်မှ...

'နည့်သိမ်မွေ့လှတဲ့ အနုလောမ သိဒ္ဓိဝင်ဓာတ်မြတ်ကြီးတွေကို အပင်ပန်းအဆင်းရဲခံကာ ပုဂ္ဂိုလ်ရှင်တွေ ရှာဖွေခဲ့ကြတာ ဘာဖြစ်လို့လဲ တွေးနိုင်ရမယ်။ သိထားရမယ်။

ရွှေလိုချင်တာလား၊ ငွေများလိုချင်လို့ပဲလား၊ လောကီစည်းစိမ်တွေ အတွက်လား၊ မဟုတ်



ဘူး၊ ဝိဇ္ဇာဖြစ်မြောက် ထွက်ရပ်ပေါက်ဖို့ဆိုတဲ့ အန္တိမရည်ရွယ်ချက်တစ်ခုတည်းပဲ။

သမထအကျင့်မြတ်မှ အခြေခံတဲ့ ကသိုဏ်းအတက် (စိတ်အတတ်)နဲ့ ပတ်သက်နေပြန်တယ်။

ဗဟုသုတမှတ်ရန် ငါရသေ့ ပြောလိုသည်က လည်ပတ်ခြင်းအသွင် စိတ်စက်ကို မြင်ပါမှ ပြဒါးရဲ့ သဘောဟာ အဓိက ထင်ဟပ်ပြန်တယ်။ စိတ်တန်ခိုးစွမ်းအား ကြီးမားထက်မြက်ဖို့ဆိုတာ ကသိုဏ်းစက်(စိတ်စက်) ကောင်းစွာ လည်ပတ်နိုင်ရတယ်။

ပြဒါးရှင်ဖြစ်ဖို့ ပြဒါးသေရမယ်။ သေပြီးမှသာ ရှင်သန်ထွက်မြောက် သိဒ္ဓိအမှန် ပေါက်စေတာကြောင့် စိတ်ချယုံကြည်စွာ အာကာသဓာတ် ကိန်းစက်ဝင်ပြီးတဲ့ ပြဒါးဓာတ်ကို ပြာရိုက်ပြီး စားကြရတာ။

ဓာတ်လုံး အသုံးမရှိတော့ဘူး ဆိုချင်တာ။ ကြိုးစားအားထုတ် ကျင့်ကြံသူတွေရဲ့ ရုပ်ခန္ဓာမှာ စွမ်းအားအထူးရစေဖို့ "အန္တိမပြာ" လိုလို့ပဲ။

လူတွေ ပြောကြပါတဲ့ ဝိဇ္ဇာမျက်လုံးဆိုတာ နာမ်ခန္ဓာကျင့်ခြင်းမှသည် ကသိုဏ်းစက်က ဖြစ်တည်တဲ့ စွမ်းအားထူးပဲ။ အဲဒီထွက်ရပ်ပေါက်စေတဲ့ အဆင့်အထိ အကျိုးပြုနိုင်တဲ့ သံမို့ အချို့သိသူတို့က "သံမျက်စိ"လို့ ကျွန်းနက်သံကို ခေါ်ခြင်းဖြစ်တယ်။

အဘ ရတ်တရက် သဘောမပေါက်နိုင်မှန်း ရသေ့ သိပါရဲ့။ ဘာအတွက် ပုဂ္ဂိုလ်ရှင်တွေ သံသေဓာတ်လမ်းကို ကြိုးစားကြတာလဲ ယုတ္တိရှိရှိ သိရအောင်ပါ။

အဲဒါမှ အဘာကြားဖူးတဲ့ သံဝိဇ္ဇာမိန့်ခြွေတာ၊ သံနဲ့ထွက်ရပ်ကိစ္စ ပြီးမြောက်တယ်လို့ ဆိုနိုင်


(စာမျက်နှာ (၁၆၀) သို့)

www.burmeseclassic.com

# ကျွဲနွားများ

## အနာပေါက်ပြီး ပိုးတွယ်နေလျှင်





မြန်မာနိုင်ငံသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေပြီဆိုသော်လည်း လယ်သမားအများစုမှာ ကျွဲနွားများကိုပင် အသုံးပြုနေရဆဲဖြစ်ပါသည်။

ထို့ကြောင့်လည်း ရွံ့ထဲ၊ ဗွက်ထဲ ရုန်းဖော်ရုန်းဖက် ကျွဲနွားများအား အလေးဂရုပြုကာ ကျွေးမွေးစောင့်ရှောက်ကြ၏။

တစ်ဖက်မှ ကြည့်လျှင်လည်း ကျွဲနွားများ၏ တန်ဖိုးမှာ လွန်စွာကြီးမြင့်လာသဖြင့် တစ်စုံတစ်ခုဖြစ်လျှင်တတ်နိုင်သူများအတွက်မထောင်းသာသော်လည်း နွမ်းပါးသော လယ်သမားများအဖို့မူ လုပ်ငန်းခွင် ယာယီရပ်ဆိုင်းရသည့်အထိ ရှိနိုင်လေရာ အထူးသတိပြုကြရ၏။

ကျွဲနွားများ ကျန်းမာရေးနှင့် ပတ်သက်၍ မြို့ပြနှင့် နီးစပ်သူများအတွက် တိ/မွေးကု ဆရာဝန်များထံတွင်အလွယ်တကူ ကုသနိုင်ကြပါသည်။

သို့သော် ဝေးလံခေါင်ဖျားဒေသများတွင် နေထိုင်ကြသူ တောင်သူဦးကြီးများအဖို့ အကျဉ်းအကျပ်နှင့် ရင်ဆိုင်ကြရလေသည်။ အခန့်မသင့်လျှင် ကျွဲနွားများ အသက်ဆုံးရှုံးမှုနှင့်ပင် ရင်ဆိုင်ကြရတတ်ပေသည်။

ကျေးလက်နေ တောင်သူဦးကြီးအများစုမှာ ကျွဲနွားများ မည်သည့်ရောဂါဖြစ်လျှင် မည်သို့ ကုသရမည်ဆိုသည့် မိရိုးဖလာ ရှေးဟောင်းနည်းပညာများကို ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်း သယ်ဆောင် အသုံးပြုကြသည်လည်းရှိ၏။

ထိုသို့သော ရှေးရိုးကုထုံးများအနက်မှ ကျွဲနွားများ **အကြောင်းအမျိုးမျိုးကြောင့် အနာဖြစ်ပြီး ပိုးလောက်တွယ်နေပါက** ပိုးလောက်များ အလိုလိုကျွာကျကာ အပျောက်မြန်သည့် လက်တွေ့ကုထုံးနည်း တစ်ခုအား **မင်းလှမြို့နယ် ကျောင်းစုရွာနေ လယ်သမားကြီး ဦးခင်မောင်ရင်ထံမှ ရရှိခဲ့သဖြင့်** ကျွဲနွားနှင့် မကင်းနိုင်သေးသော တောင်သူဦးကြီးများအတွက် စေတနာမွန်ဖြင့် မျှဝေလိုက်ရပါသည်။

**ကုသနည်း**

အရွယ်ရောက် အုန်းသီးတစ်လုံးအား ထိပ်ဖွင့်ပါ။ ပြီးလျှင် အုန်းရည်များအား ဝါးကျည်တောက်တွင်ထည့်၍ အနာဖြစ်နေသော နွားအား တိုက်ပေးပါ။

တစ်နေ့တစ်ကြိမ်တိုက်ရန် အခက်အခဲရှိပါက တစ်ရက်ခြားတစ်ကြိမ် တိုက်ပေးပါ။ တစ်ပတ်အတွင်း သိသာထူးခြားစွာ သက်သာပျောက်ကင်းသွားသည်ကို တွေ့ရပါလိမ့်မည်။

**[ဆေးနည်းပေးသူ ဦးကြီး ဦးခင်မောင်ရင်အား အထူး ကျေးဇူးတင်ရှိပါသည်။]**

**ကိုစနေ**

စာမျက်နှာ (၁၅၉)မှ အဆက်

တာ။

ဒီဆို လက်ခတ်သံကျွန်းဗိုလ်သား သောင်းတိုင်မှ ကြားသလေဆိုတာ ကျွန်းနက်သံဆိုတာ မှတ်သားလို့ရပြီပေါ့"

စိတ်တွင် အံ့သြဖူးပါသည်။ ကျွန်းနက်ဟု ဆိုသည်နှင့် အသိအတတ်ကြီးလှသည့် ယခင် မဟာမြိုင်တော ပလွှင်တောင်တွင် သီတင်းသုံးနေထိုင်ဖူးသူ **ဘရသေ့ အရှင်ပညာဒီပ**၏ ပညာဂုဏ်အား ရိုသေစွာ ဦးညွှန့်ကန်တော့မိပါ၏။

အဘရသေ့ကား ဓာတ်ထိုးခြင်းလည်း မရှိပါ။ ဂုဏ်တော်ထုံကာ သမထအကျင့်မြတ်ဖြင့် ပါရမီစခန်းလျှောက်လှမ်းနေသူ သူတော်စင်တစ်ဦးသာ ဖြစ်ပါသည်။

လက်တွေ့သိလိုစိတ်ဖြင့် ရှာဖွေရယူထားသည့် ကျွန်းနက်တုံးကြီးအား မီးရှို့ပြာချခဲ့ရာ အမှန်ပင် ဂဏ်(စ်)နှင့် ကျွန်းသား ရောစပ်ထားသည့် အနံ့ရှိပြီး အုတ်နီမှုန့်ရောင် ပြာများ သံလိုက်နေပါသည်။

ထိုပြာများအား မှုံဖြူဖြင့်နယ်၍ လုံတွင်ထည့်ပြီး မီးကစားကြည့်ရာ ကျွန်းနက်သံသတ္တု အမှန်ပင် ရခဲ့ဖူးပါသည်။

အဆင့်ဆင့် တက်လှမ်းရန်ကားများစွာလှသော လောကီ လူ့ဘောင်ဝယ် ကြိုးစားရှာဖွေ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ဘရသေ့ရှင် မိန့်မှာပြ၍သာ သိမီသမျှ ရေးသားတင်ပြမိပါတော့သည်။

***ကျေးဇူးတော်ရှင် မဟာဓာတ်မြိုင် ဆရာတော်ကြီးအား အာရုံပြု၍ ဦးညွှတ်လျက်...***

ရဲမျိုးသူ(ဓာတ်မြိုင်)
မြို့တောင်ဌ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# အဆောင်ကျောက်မျက်များ အကြောင်း (၂)

ဇော်ကင်ဖ (LL.B)

ယခုလအတွက် ဖော်ပြပေးမည့် စိတ်ဝင်စားဖွယ်ကောင်းသော အဆောင်ကျောက်မှာ **"မော်ဝင်ကျောက်"** ဖြစ်ပါသည်။

**မွန်ပြည်နယ်၊ ဘီးလင်းမြို့နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့**တို့ကို ဆက်သွယ်ထားသည့် မော်တော်ကားလမ်း၏ အရှေ့ဘက်ခြမ်းနှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နှင့် ကမမောင်းမြို့တို့ ဆက်သွယ်ထားသော မော်တော်ကားလမ်း၏ အနောက်ဘက်ခြမ်းမှာ တောင်တန်းများ၊ မြစ်ချောင်းများ၊ လျှိုမြောင်၊ တောတောင်များ လွန်စွာ ထူထပ်ပါသည်။

အထူးသဖြင့် ဘီးလင်းမှ မြောက်ဘက် ရင်းအုံ၊ နတ်ကြီး စသည်တို့၏ အရှေ့ဘက်နှင့် ကမမောင်းမြို့၏ အနောက်ဘက်တို့မှာ ခရီးလှည့်လည်သွားလာရင်း ထူးခြားသော ကျောက်တုံးအချို့ကို တွေ့ရှိခဲ့ရသည်။

ထိုကျောက်တုံးများ၏ အရွယ်အစားမှာ အရှည် အလျား(၆)လက်မခန့်မှ (၁)ပေခန့်အထိ၊ အနံ အကျယ်မှာ (၆)လက်မခန့် ရှိတတ်ပြီး၊ အလေးချိန်အားဖြင့် (၁)ပိဿာ၊ (၂)ပိဿာခန့် ရှိတတ်သည်။ အရွယ်အစားမျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံ ရှိပါသည်။


ထိုကျောက်တုံးများ၏ အပြင်ခွံမှာ လိမ္မော်ခွံရောင် ရင့်ရင့်ဖြစ်ပြီး အချို့မှာ မျက်နှာပြင်ပေါ်၌ မီးခိုးရောင်၊ အမည်းရောင်များ ဖုံးအုပ်နေတတ်သည်။

ထိုကျောက်တုံးကို ကျောက်ဖြတ်လွှဖြင့် ခွဲစိတ်ကြည့်လျှင် အခွံပိုင်းမှာ



မော်ဝင်ငယ်များ ထိရောက်နေသည့် အမိုက်အမိုင်ဖြင့် ပြုလုပ်ထားသော စေတီငယ်များ

သစ်စေးဝင်နေသော မော်ဝင်ကျောက်ဖြင့် ပြုလုပ်ထားသည့် စေတီငယ်များ



လိမ္မော်ရောင်နှင့် ညိုမည်းမည်းအရောင် အစက်အပြောက် အကွက်ငယ်များ တွေ့ရပြီး၊ အတွင်းအနှစ်သားမှာ အဖြူရောင်၊ အဝါရောင်များအဖြစ် တွေ့ရှိရပါသည်။

အတွင်းသားမှာ မာကျောခြင်း၊ ချောမွေ့ခြင်း၊ ပြောင်လက်ခြင်းများရှိပြီး အလင်းမှုန် အမျိုးအစားဖြစ်သည်။ အခွံရော အသားပါ ရော၍ စေတီငယ်များအဖြစ် သွေးလိုက်သောအခါ ပြောက်ကျားကျား ညိုညစ်ညစ် စေတီငယ်များကို ရရှိသည်။

အတွင်းသားကို ဦးစားပေးပြီး စေတီသွေးလိုက်သောအခါ အဖြူရောင်





www.burmeseclassic.com

www.burmeseclassic.com





◆ မှော်ဝင်ကျောက်တုံးကို ဖြတ်တောက်ထားသော အတွင်းသားပုံ

♦ မှော်ဝင်ကျောက်တုံးကို သဘာဝအတိုင်း တွေ့မြင်ရပုံ

စေတီငယ်များ ရရှိပါသည်။

ထိုစေတီငယ်များကို အလင်းရောင်ဖြင့် သေချာကြည့်ရှုသောအခါ အဝါရောင်အတွင်းမှာ သစ်ပင်ငယ်လေးများကို လှပစွာ တွေ့မြင်ရသည်။ ရေမှော်ပင်လယ်များနှင့် သဏ္ဌာန်တူပါသည်။ အလွန် ကြည့်၍ကောင်းပါသည်။

ကျောက်တုံး၏ အပြင်ခွံကို ပါးပါးခွာပြီး အပြင်ခွံနှင့် အတွင်းသားကို ပါးပါးလွှာကြည့်သောအခါ ထိုအလွှာထဲတွင် ထူးခြားဆန်းပြားစွာ သစ်ပင်ငယ်များကို တွေ့မြင်ရပေသည်။

အလွှာပါးကို ဆွဲပြားပုံ၊ လက်စွပ်ကျောက်ပုံ စသည်ဖြင့် ပုံဖော်ကာ အချောသွေးကြည့်သောအခါ **ပယင်းကျောက်ထဲတွင် ပိုးကောင်ငယ်များဝင်နေသကဲ့သို့၊** ထိုဆွဲပြား၊ လက်စွပ်ကျောက်တို့ထဲမှာ သစ်ပင်ငယ်များ ရှိနေသည်ကို လှပစွာ တွေ့မြင်ရသည်။

သစ်ပင်ကြီးများတွင် တွယ်ကပ်ပေါက်ရောက်ကြသော မှော်ပင်လယ်များသည် သစ်ခေါက်ကွာနေသော သစ်ပင်အပြင်သားတွင် ပေါက်ရောက်နေရာမှ ထိုသစ်ပင်မှထွက်သော အစေးများ၏ ဖုံးအုပ်ခံရကာ သစ်ပင်အသားအတွင်း စိမ့်ဝင်သွားပေလိမ့်မည်။

ထိုသစ်ပင်ကြီးများ ပြိုလဲ၍ အပိုင်းအစများအချို့ ကျိုးပဲ့ကာ မြေသားမြေလွှာအောက်သို့ နှစ်သန်းပေါင်းများစွာကြာအောင် ရောက်ရှိပြီးမှ မြေလွှာလှုပ်ရှားမှု၊ ရေတိုက်စားမှု စသည်တို့ကြောင့် မြေမြင်ပေါ် ပြန်လည်ရောက်ရှိလာသော သစ်ပင်ကျောက်ဖြစ်ရုပ်ကြွင်းဟု ယူဆမိပါသည်။

**ဤ ကျောက်တုံးမျိုးကို မှော်ပင်ငယ်များ ဝင်နေသည်ကို အစွဲပြု၍ "မှော်ဝင်ကျောက်"ဟု ခေါ်ပါသည်။ မှော်ဝင်ကျောက်တုံးကို လှီးဖြတ်၍ စီရင်ပြုလုပ်ထားသော စေတီ၊ လက်ဝတ်တန်ဆာ၊ ဆွဲပြား လက်စွပ်ကျောက်တို့ကို မှော်ဝင်အဆောင်ကျောက်စေတီ၊ မှော်ဝင်အဆောင်ကျောက် စသည်ဖြင့် ခေါ်ကြသည်။**

အထက်ပါ မှော်ဝင်အဆောင်ကျောက်များကို ဂမ္ဘီရပညာဖြင့် သိဒ္ဓိတင်ကာ ဆောင်ထားခြင်းဖြင့် ရှင်သန်ခြင်း၊ အသက်ရှည်ခြင်း၊ ခိုင်မြဲခြင်း စသည့် အကျိုးထူးများ ရရှိစေပါသည်။

အချစ်ရေးခိုင်မြဲဖို့၊ အိမ်ထောင်ရေး သာယာပျော်ရွှင်ခိုင်မြဲဖို့၊ အလုပ်အကိုင် နေရာဌာန ခိုင်မြဲဖို့၊ စီးပွားငွေကြေး ခိုင်မြဲဖို့၊ ကျန်းမာဘေးကင်း အသက်ရှည်ဖို့ စသည့် အလိုဆန္ဒ ပြည့်ဝလိုခြင်းများအတွက် ဉာဏ်နှင့်ယှဉ်၍ သုံးနိုင်ပါသည်။

ထို အဆောင်စေတီ၊ အဆောင်ကျောက်များကို သိဒ္ဓိတင်နည်းမှာ ဘုရားစင်ရှေ့တွင် စားပွဲ/ခုံ စသော အမြင့်တစ်ခုတွင် ပိတ်ဖြူစင်ကြယ်ခင်းပါ။

အဆောင်စေတီ၊ အဆောင်ကျောက်တို့ကို ရေသန့်နှံ့သာရည်တို့ဖြင့် ဆေးကြောသန့်စင်ပြီး ပန်းကန်ပြားတွင်ထည့်ပါ။

ထိုပန်းကန်ပြားကို ငွေဗန်း(သို့မဟုတ်) ကြေးဗန်းထဲ ထည့်ပါ။ ထို ငွေဗန်း(သို့မဟုတ်) ကြေးဗန်းကို ပိတ်ဖြူစင်ကြယ် ခင်းထားသော စားပွဲ(သို့မဟုတ်)ခုံပေါ် တင်ပါ။


တနင်္လာနေ့မှစ၍ နေ့စဉ် နံနက် (၆)နာရီမှ (၇)နာရီခွဲအတွင်း တစ်ကြိမ်၊ ညနေ (၆)နာရီမှ (၇)နာရီခွဲအတွင်း






www.burmeseclassic.com

www.burmeseclassic.com



● မှော်ပင်ငယ်များ ဝင်နေသော ကျောက်သားကို ပါးပါးလွှာထားပုံ



● မှော်ဝင်နေသော ကျောက်လွှာပါးဖြင့် ပြုလုပ်ထားသော ဆွဲပြားပုံ

တစ်ကြိမ် ဘုရားရှင်ကိုရည်စူး၍ ပန်း၊ ဆွမ်း၊ ဩဘက်တော်ရေ၊ အလင်းတိုင်၊ အမွှေးတိုင် စသည်တို့ လှူဒါန်းပြီး အောက်ပါဂါထာတော်ကို တစ်ကြိမ် လျှင် (၃၄)ခေါက် ရွတ်ဖွားပူဇော်ပေးရ မည်။

စိရံ ပါလေတု မံ ဗုဒ္ဓေါ
ဓမ္မော ရမတု မာနသေ။
သံဃော ဒါတု သုခံသမ္ဘွေ
အေဝါ မာနေန္တု မံ သဒါ။

ခက်ခဲသော ပါဠိအသံထွက်

**ဗုဒ္ဓေါ** = ဗုတ်ဓော
**ဓမ္မော** = ဓမ်မော
**သမ္ဘွေ** = သတ်ဗေ
**မာနေန္တု** = မာနင်တု

အနက်

**ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **မံ**–အကျွန်ုပ်ကို၊ **စိရံ**–ကြာမြင့်စွာ၊ **ပါလေတု** – စောင့်ရှောက်တော်မူပါစေသတည်း။

**ဓမ္မော** – တရားတော်မြတ်သည်၊ **မာနသေ** – ကျွန်ုပ်၏စိတ်၌၊ **ရမတု**– မွေ့လျော်ပါစေသတည်း။

**သံဃော** – သံဃာတော်မြတ်သည်၊ **သုခံသမ္ဘွေ**–ချမ်းသာအလုံးစုံကို၊ **ဒါတု** –ပေးတော်မူပါစေသတည်း။

**အေဝါ** – နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်၊ **မံ**–အကျွန်ုပ်ကို၊ **သဒါ**–အခါခပ်သိမ်း၊ **မာနေန္တု**– မေတ္တာလျှံဖြိုး မြတ်နိုးကြပါစေကုန် သတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ မဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ (ဓမ္မာစရိယ(မဟာဝဏ္ဏိဒီ မြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက– ဒီဃနိကာယကောဝိဒ(နိကာယဝိဗုလ)]မှ ပြန်ဆိုပေးပါသည်။]***

(၄၆)ရက်ကြာအောင် သိဒ္ဓိတင်ရ မည်။ ကြာသပတေးညမှာ သိဒ္ဓိတင် ခြင်းကိစ္စ ပြီးမြောက်ပါမည်။

သိဒ္ဓိတင်ပြီးသော မှော်ဝင်ကျောက် အဆောင်စေတီတော်ကို နေအိမ် ဘုရားစင်တွင်လည်းကောင်း၊ ဈေးဆိုင် ဘုရားစင်တွင်လည်းကောင်း၊ လုပ်ငန်း ခွင်ဘုရားစင်တွင်လည်းကောင်း ခိုင်မြဲ စွာ ကပ်ထားရမည်။

မှော်ဝင်ကျောက်အဆောင် ဆွဲပြား ကို အမျိုးသမီးများက လည်ပင်းတွင် ရွှေကြိုး၊ ငွေကြိုး စသည်တို့ဖြင့် ဝတ် ဆင်ဆောင်ထားနိုင်ပြီး၊ မှော်ဝင် ကျောက်အဆောင်လက်စွပ်ကို အမျိုး သားတို့ ညာသန်သူက ညာလက် ချောင်းတွင်လည်းကောင်း၊ ဘယ်သန် သူက ဘယ်လက်ချောင်းတွင် လည်း ကောင်း ဝတ်ဆင်ထားနိုင်ပါသည်။

**ထို မှော်ဝင်ကျောက်အဆောင်စေတီ၊ အဆောင်ဆွဲပြား၊ အဆောင်လက်စွပ် တို့ကို (၇)ရက်တစ်ကြိမ်ဖြစ်စေ၊ (၉)ရက် တစ်ကြိမ်ဖြစ်စေ အဆင်ပြေသလို သီရိ တင်ပေးခြင်း ထက်လက် ပြုလုပ်သွား ခြင်းဖြင့် စွမ်းအင် ထပ်မံဖြည့်တင်ပေးရ ပါမည်။**

ကရင်ပြည်နယ်၊ ကမမောင်းဒေသရှိ ရေဝေဂူဘုရသေ့ ဦးပညာကူဒ္ဓိ၏ ဂန္ဓာရီ ပညာ မှတ်စုမှတ်တမ်းပါ ပွဲတွေ့ အဆောင်တစ်မျိုးဖြစ်၍ အစွမ်းထက် မြက်ပါသည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇေ(LL.B)**



www.burmeseclassic.com

www.burmeseclassic.com



# မြတ်ပဌာန်း အဓိဋ္ဌာန်ပြင်း

### ဉာဏ်ပွင့်ကံပွင့် အဓိဋ္ဌာန် အစီအရင်များ

**ကောင်းမြင့်မြတ်စိန်**

ကျွန်တော်ဟာ ပဌာန်းတရားတော်မြတ်ကြီးကို အလွန် ယုံကြည်ခဲ့တာကြာပါပြီ။ အေးသာယာမြို့သစ် စက်မှုလက်မှုသိပ္ပံ နည်းပညာကောလိပ်တွင် နည်းပြဆရာ လုပ်စဉ်ကတည်းကဖြစ်ပါတယ်။ တိကျစွာ ဆိုရရင် ၁၉၉၃ ခုနှစ်နောက်ပိုင်းမှ ယနေ့ထိ ဖြစ်ပါတယ်။

နည်းပြဆရာဘဝတွင် အဆောင်နေကျောင်းသားကျောင်းသူများကို ပဌာန်းတရားတော် ပစ္စယနိဒ္ဒေသတို့နဲ့ ဓမ္မစကြာတရားတော်တို့ကို သင်ပေးကာ ဝတ်အသင်း ဖွဲ့ပေးခဲ့ပါတယ်။

ညစဉ် အဆောင် ဘုရားခန်းများတွင် ဝတ်ရွတ်စဉ်များနဲ့ အတူရွတ်ခဲ့ကြပါတယ်။

ထို့ပြင် ကျောင်းမှ ဆရာ ဆရာမ ဝန်ထမ်းများကိုလဲ စိတ်ဝင်စားသူများကို စည်းရုံးကာ ဝတ်အသင်းဖွဲ့ပြီး ကျောင်းဘုရားခန်းတွင် ရွတ်ဖတ်ခဲ့ကြပါတယ်။

ဝန်ထမ်းအိမ်များက ဖိတ်ရင်လဲ ကျွန်တော်တို့ ဝန်ထမ်းဝတ်အသင်းက သွားရောက် ရွတ်ပေးကြပါတယ်။

၂၀၀၄ ခုနှစ်တွင် ကျောင်းမှ ဆေးပင်စင် ယူပြီးသောအခါမှာလဲ ကျွန်တော့်မိသားစုနဲ့အတူ အိမ်မှာ ဝတ်ရွတ်စဉ်အတိုင်း ရွတ်ကြပါတယ်။

သို့သော် မိသားစု လူစုံချိန်များမှသာ ရွတ်ကြပါတယ်။ ကျွန်တော်ကတော့ အစဉ်သဖြင့် ပဌာန်းကို ရွတ်နေခဲ့ပါတယ်။

နီးစပ်သူ မိတ်ဆွေများ၊ တပည့်များ၊ ဆွေမျိုးသားချင်းများကို ပဌာန်းတရားတော်ကြီးအကြောင်း ကြည်ညိုဖွယ် ပြောပြ၊ ရွတ်ချင်စိတ် တိုးပွားအောင် အမြဲ တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင် ပဌာန်း အဓိဋ္ဌာန်အမျိုးမျိုးကို အားထုတ်ခဲ့ပါတယ်။ ယုံကြည်မှုတွေ ပိုလို့ပိုလို့ တိုးပွားလာခဲ့ပါတယ်။ ဝတ်အသင်းများနဲ့ အတူရွတ်စဉ်က ပဌာန်းနိဒ္ဒေသပါဠိတော်ကြီးကို အလွတ်အာဂုံရအောင် မကျက်ခဲ့ပါ။ ပင်စင်ယူပြီးနောက် တစ်ဦးတည်း ရွတ်သောအခါ ပိုမိုယုံကြည်စွာ နှုတ်ထက် အာဂုံဆောင်ခဲ့ပါတယ်။

ဒီအခါ စာအုပ်ဆောင်စရာမလိုဘဲ အချိန်မရွေး ရွတ်ဖတ်နိုင်ပါတယ်။ ဘုရားရှင်ရဲ့ အဖွင့် လေးနက်ခက်ခဲတဲ့ ပဌာန်းတရားတော်ကြီးကို ကိုယ်နဲ့ မကွာ နှလုံးသားမှာ၊ ဦးနှောက်ထဲမှာ ဆောင်ထားရလို့ အလွန် ကြည်နူးခဲ့ပါတယ်။ အားရှိခဲ့ပါတယ်။

အကြံအစည် အောင်မြင်ခြင်း၊ လုပ်ငန်းကောင်းများရရှိခြင်း၊ အကူအညီကောင်းများ ရရှိခြင်း၊ အကြံဉာဏ်ကောင်းပွင့်ခြင်း စသော ထူးခြားမှုများကို ကိုယ်တွေ့ကြုံခဲ့ရပါတယ်။

အခက်အခဲများကို အလွယ်တကူ ကျော်လွှားနိုင်ခဲ့ပါတယ်။ ခရီးကောင်းများ၊ နိုင်ငံခြားခရီးနဲ့ ဘုရားဖူးခရီးစဉ်များကိုပင် သူတစ်ပါးရဲ့ အကူအညီ အထောက်အပံ့ဖြင့် သွားခဲ့ရပါတယ်။

ယခု ထူးထူးခြားခြား တင်ပြချင်တာကတော့ ပဌာန်းအဓိဋ္ဌာန် အောင်မြင်စွာ ပြုလုပ်ပြီးနောက် ဝါသနာအရ ယတြာ အစီအရင်များကိုလဲ ပြုလုပ်ခဲ့ရာ ယခင်ကထက် အထူးတိကျ အောင်မြင်မှု ရရှိခြင်းအကြောင်းပါပဲ။

ကျွန်တော်ဟာ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ "**ဘေးကင်း၊ ကံကောင်း၊ ကောင်းခြင်းပေါင်း**" ဆိုတဲ့ ယတြာ အစီအရင်အကြောင်း ရေးသားခဲ့ဖူးပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရှာဖတ်နိုင်ပါတယ်။

အဲဒီယတြာဟာ မကြာခဏ ပျက်တတ်ပါတယ်။ ကြိုတင်ပြီး သေချာအောင် စီစဉ်ထားတာတောင် အကြောင်းအမျိုးမျိုးကြောင့် ပျက်သွားတတ်ပါတယ်။

ဒါပေမယ့် အောင်မြင်ရင်လဲ အလွန် ထူးခြားစွာ အကျိုးရှိတတ်ပါတယ်။ ကျွန်တော့် ဆွေမျိုး မိတ်ဆွေများနဲ့ ကျွန်တော် ကိုယ်တိုင် ကြုံတွေ့ခဲ့တာပါ။

"ဘေးကင်း၊ ကံကောင်း၊ ကောင်းခြင်းပေါင်း" ယတြာအစီအရင်ကို အကျဉ်းမျှ ဖော်ပြပေးပါမယ်။ ဒါမှလဲ ရှင်းသွားမှာပါ။

မိမိရဲ့ မွေးနံကစ၍ (၃)ရက်မြောက် တိုက် ပြုလုပ်ရမှာပါ။ ပထမဦးဆုံး မိမိမွေးနေ့မှာ မြတ်စွာဘုရားကို



www.burmeseclassic.com

www.burmeseclassic.com

**"ဗယာကြော်"**ငါးခု လှူရပါမယ်။ အနည်းဆုံး ဗယာကြော်ငါးခု လှူရပါမယ်။

ဒါပေမယ့် ဘုရားကို လှူတာဖြစ်လို့ အရေအတွက် အဓိက မဟုတ်ပါ။ မိမိရဲ့ သဒ္ဓါစိတ်သာ အဓိကပါ။ မွေးနေ့ မနက်စောစောလှူပါ။ ဦးစွာ ဘုရားရှင်အား မိမိနေအိမ်သို့ ပင့်ပါ။ ဆွမ်းတစ်ပွဲ၊ သောက်တော်ရေတစ်ခွက်နဲ့ ဗယာကြော်ငါးခုကို လှူပါ။ ဘေးဘယာ ဝေးကွာပါစေကြောင်း ဆုတောင်းပါ။

(၃၁)ဘုံသား အားလုံးကို အမျှဝေပါ။ နောက်တစ်ရက်တွင် မုန့်လုံးရေပေါ် တစ်ပွဲနဲ့ သောက်တော်ရေတစ်ခွက် လှူရပါမယ်။ အထက်ပါအတိုင်း မနက်စောစော ဘုရားရှင်အား ပင့်ဖိတ်လျှောက်ထားပြီးမှ လှူရပါမယ်။ မြုပ်နေသောကံ၊ ပိတ်နေသောကံများ ပျောက်ကွယ်ဝေးလွင့်ကာ၊ ကောင်းသောကံများ ပွင့်ပါစေလို့ ဆုတောင်းရပါမယ်။

ဆက်လက်ပြီး နောက်တစ်ရက် မနက်စောစောတွင် အထက်ပါနည်းအတိုင်း ဘုရားရှင်အား မိမိနေအိမ်သို့ ဦးစွာ ပင့်ဖိတ်ပြီး ကောက်ညှင်းပေါင်း တစ်ပွဲနဲ့ သောက်တော်ရေတစ်ခွက် လှူပါ။ ကောင်းခြင်းမင်္ဂလာ အဖြာဖြာတို့ ပေါင်းစုရောက်ရှိပါစေလို့ဆုတောင်းပါ။

"ဘေးကင်း၊ ကံကောင်း၊ ကောင်းခြင်းပေါင်း" အစီအရင်နည်းမှာ အောင်မြင်ရန် ခက်ခဲပါတယ်။ ဒါကြောင့် ပဌာန်းအဓိဌာန်(၉)ရက် ဦးစွာ အောင်မြင်အောင် အားထုတ်ထားရပါတယ်။

ပြီးမှ အဲဒီအစီအရင်ကို မွေးနေ့မှစပြီး သုံးရက်ဆက်တိုက် ပြုလုပ်ပါတယ်။ ဒီအခါမှာ အခက်အခဲမရှိ ထူးထူးခြားခြား အောင်မြင်ကံကောင်း



ခြင်းများ ဖြစ်ပေါ်ခံစားခဲ့ရပါတော့တယ်။

ပဌာန်းအဓိဌာန်ကို ဆက်ပြီး (၉)ရက် အားထုတ်သွားပါတယ်။ ကျွန်တော် အဓိဌာန်ဝင်ပုံကိုလဲ ပြည့်စုံအောင် ဖော်ပြပါဦးမယ်။

ကျွန်တော်က ညစဉ်(၁၀)နာရီ နောက်ပိုင်း လူခြေတိတ်ချိန်မှာ အဓိဌာန်ဖြင့် ပူဇော်မှုများကို စတင်ပါတယ်။ မြတ်စွာဘုရားကို အလင်းတိုင်နဲ့ အမွှေးတိုင် လှူပါတယ်။ ဘုရားပင့်ပြီး နတ်ပင့်ပါတယ်။ ပြီးမှ ငါးပါးသီလ ခံယူဆောက်တည်ပါတယ်။

အဓိဌာန် စတင်သောနေ့မှာ အဓိဌာန်(၉)ရက်ဝင်မယ့် အကြောင်းကို ဘုရားရှင်အား တိုင်တည်လျှောက်ထားပါတယ်။ ပြီးတော့ ဓမ္မဖြင့် အောက်ပါအတိုင်း ပူဇော်ပါတယ်။

(က) မေတ္တသုတ်

(ခ) ပစ္စယုဒ္ဒေသ ၂၄ ပစ္စည်း တစ်ခေါက်

(ဂ) ပစ္စယနိဒ္ဒေသ တစ်ခေါက်

(ဃ) ပစ္စယုဒ္ဒေသ ၂၄ ပစ္စည်း တစ်ခေါက်

ပြီးလျှင် သစ္စာပြုဆုတောင်း အမျှပေးဝေပါတယ်။ သစ္စာပြုပုံမှာ...

'ယခုအခါ မြတ်စွာဘုရားအား ပဌာန်းတရားတော်မြတ်ကြီးဖြင့် ရွတ်ဖတ်ပူဇော်ပြီးပါပြီ။ ဤသစ္စာမှန်ကန်ပါက (...)မိမိလိုရာ ပြည့်ပါစေ'

ဆိုပြီး ဆုတောင်းပါတယ်။ ဆုတစ်ခုတည်း တောင်းတာပါ။

အဲဒီနောက် ပင့်ဖိတ်ထားတဲ့ နတ်တွေကို ပြန်ပို့ပါတယ်။ ဒါကတော့ ကျွန်တော် ပဌာန်းပူဇော်ပုံ အကျဉ်းမျှ ဖော်ပြပေးတာပါ။

စာဖတ်သူအနေနဲ့ ကိုယ်ဉာဏ်ရှိသလို၊ သဒ္ဓါပေါက်သလိုလဲ ကောင်းသထက်ကောင်းအောင် စီစဉ်ပူဇော်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဌာန်းတရားတော်ကြီးကို အဓိဌာန်ဖြင့် ဘုရားကို ပူဇော်ရတဲ့ အကျိုးကတော့ (ပဌာန်းအဓိဌာန်နဲ့ ယတြာအစီအရင်ကောင်းတို့ကို ပေါင်းစပ်လုပ်ဆောင်ပြီး မိမိ လိုရာ ပြည့်ဝအောင် လုပ်ဆောင်ဖို့)ဉာဏ်ပွင့်သွားခြင်းပါပဲ။ ကံပွင့်သွားခြင်းပါပဲ။

နောက်တစ်နည်းကတော့ တစ်နှစ်တာ သက်ရောက်ကာလအတွင်းမှာ "ငွေဝင်မယ့်" ရက်ပိုင်း၊ လပိုင်းတွေ ရှိပါတယ်။ ဒါပေမယ့် အဲဒီ ငွေဝင်မယ့် ကာလတွေမှာ ငွေမဝင်တာမျိုးတွေ ကြုံနေကြရပါတယ်။

ကျွန်တော်နဲ့ နီးစပ်တဲ့ ဆွေမျိုးမိတ်ဆွေတွေကို တွက်ချက်ပြီး သုတေသန လုပ်ကြည့်ခဲ့ပါတယ်။ အချို့ ငွေဝင်မယ့်ကာလမှာ ငွေဝင်ပေမယ့် အချို့ကျတော့ မဝင်ဘူး။ ငွေဝင်တော့လဲ တစ်ခါတစ်ရံ အနည်းငယ်သာ ဝင်ပါတယ်။


ဒါကြောင့် ကျွန်တော်က အဖြေရှာခဲ့ပါတယ်။ နည်းလမ်းရှာခဲ့ပါတယ်။ ပဌာန်းတရားတော် အဓိဌာန်တန်ခိုးတော်ကြောင့်ပဲ ဉာဏ်ပွင့်ပြီး ကံပွင့်ခဲ့ရပြန်ပါတယ်။

မြန်မာ့ရိုးရာ သက်ရောက်ပြီဟ်စား



www.burmeseclassic.com

www.burmeseclassic.com




သံညောင်း၊ လှည်းနှောင်း၊ တောနေ ဘောမေဟုဒ္ဓ (၁၆)ခါနှင့် သောရီဂုရု အဌပြု လော့'

လင်္ကာအဓိပ္ပါယ်ကို လွယ်ကူစွာ သိစေဖို့ ဂြိုဟ်ရှစ်ခွင်အဌလက်ခွင်နဲ့ပဲ ရှင်းပြလိုက်ပါတယ်။

* * *


တစ်နှစ်တာလုံးအတွက် ရက်ပေါင်း (၃၆၀)အဖြစ် ယူဆပြီး ဂြိုဟ်ခွင်အလိုက် ဒသာ စိပ်ပေးပါတယ်။ ဒီနည်းအရ တစ်နှစ်တာလုံးမှာ ဂြိုဟ်ရှစ်ခွင် ဂြိုဟ်ရှစ်လုံးမှာ ဒသာကာလတွေ ပြောင်းလဲသွားပါတယ်။

ဗေဒင်နည်းအရ လူတိုင်းဟာ တစ်နှစ် တစ်ခါ သက်ရောက်ဂြိုဟ် ကူးပြောင်းပါတယ်။ သက်ရောက်ဂြိုဟ်တွက်နည်းကိုတော့ ဗေဒင်ဝါသနာရှင် တော်တော်များများ သိပါတယ်။

မိမိရောက်တဲ့ အသက်ကိုတည်၊ ရှစ်နဲ့စား၊ အကြွင်းသင်္ချာ အရေအတွက်အတိုင်း မွေးနေ့မှ စတင် ထောက်သွားပါတယ်။ ကျတဲ့ဂြိုဟ်ဟာ သက်ရောက်ဂြိုဟ်ပါပဲ။

နာရီလက်တံ လှည့်တဲ့အတိုင်း ထောက်သွားရမှာပါ။ ဥပမာ အသက် (၃၀)ရှိသော [၆–ကြာ]သားသမီးရဲ့ သက်ရောက်ဂြိုဟ်ရှာမယ် ဆိုပါစို့။ **(၃၀)ကို (၈)နဲ့စားတော့ (၆)ကြွင်းမယ်။ အဌလက်ဂြိုဟ်ခွင်မှာ နာရီလက်တံလှည့်တဲ့အတိုင်း** ထောက်ကြည့်မယ်။

* * *





(၆)ကြွင်းသဖြင့် စနေဟာ သက်ရောက်ဂြိုဟ် ဖြစ်တယ်။ အသက်(၃၀) ရှိတဲ့ “၆–ကြာ”သားသမီးဟာ စနေဂြိုဟ်မှာ သက်ရောက်ဂြိုဟ် ဖြစ်ပါတယ်။

အဲဒီတစ်နှစ်လုံး စနေဂြိုဟ် သက်ရောက်ဆိုပေမယ့် ရှေးဆရာ

ယခု ဥပမာပေးထားတဲ့ အသက် (၃၀)ရှိ (၆)ကြာသားသမီးဟာ **စနေဂြိုဟ် ဒသာမှာ (၃၃)ရက် (၈)နာရီပဲ ကြာပါတယ်။** စနေသက်ရောက်ဖြစ်လို့ စနေက စတင်ပြီး ဒသာတွေ ရွှေ့ပြောင်းပါတယ်။ ဒီလိုပါ။

* * *




မြတ်တို့က ထပ်မံပြီး ဒသာတွေ စိပ်ထားပါသေးတယ်။ အထူးသဖြင့် ငွေဝင်မယ့်ဒသာကာလကို သိအောင် စိပ်ထားပါတယ်။ ရှေးဆရာမြတ်တို့ဟာ နောင်းလူတွေ မှတ်ရလွယ်ကူ အောင် လင်္ကာစီပေးခဲ့ပါတယ်။

'ဂနိုင်၊ မြန်နှီး၊ ကူးသန်း၊ မြည်သူ၊ ညည်းညူ၊

ရှေးဆရာမြတ်တို့ မိန့်ဆိုချက်ရ တစ်နှစ်တာ သက်ရောက်ကာလတွင် (တနင်္လာနဲ့ရာဟု) ဒသာကာလများဟာ ငွေဝင်မယ့် ကာလတွေဖြစ်ကြောင်း မှတ်သားခဲ့ရပါတယ်။

ဒါကြောင့် **အသက်(၃၀)ရှိတဲ့ (၆)ကြာ သားသမီးဟာ** စနေဂြိုဟ်သက်



www.burmeseclassic.com

www.burmeseclassic.com

ရောက်နှစ်မှာ ဘယ်အချိန်မှာ ငွေဝင် မလဲဆိုတာ တွက်ကြည့်နိုင်ပါတယ်။

ငွေဝင်မယ့်ကာလ အတိအကျ တွက်လိုပါက မွေးသက္ကရာဇ် အတိအကျ သိရပါမယ်။

ဥပမာ– **၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း(၄)ရက် (၆)ကြာသားသမီး ဆိုပါစို့။ ယခု ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း (၃)ရက်တွင် (၂၉)နှစ်ပြည့်ပါမယ်။** (၃၀)နှစ်ထဲ ရောက်လို့ စနေသက်ရောက် ဖြစ်ပါမယ်၊ စနေသက်ရောက် အသက်(၃၀) မှာ ဘယ်အချိန် ငွေဝင်ကောင်းမလဲ တွက်ပြပါမယ်။

* * *

| နှစ် | လ | ရက် | နာရီ |
|---|---|---|---|
| ၁၃၇၇ | ၉ | ၄ | ၀ (နတ်တော်လ)(လဆန်း) |
| | ၁ | ၃ | ၈ (စနေဒသာ) |
| ၁၃၇၇ | ၁၀ | ၇ | ၈ |
| | ၂ | ၃ | ၈ (ရှ–တေးဒသာ) |
| ၁၃၇၇ | ၁၂ | ၁၀ | ၁၆ |
| | ၁ | ၁၀ | ၀ (ရာဟုဒသာ)* * |
| ၁၃၇၈ | ၁ | ၂၀ | ၁၆ |
| | ၂ | ၁၀ | ၀ (၆–ကြာဒသာ) |
| ၁၃၇၈ | ၄ | ၀ | ၁၆ |
| | ၀ | ၂၀ | ၀ (၁–နွေဒသာ) |
| ၁၃၇၈ | ၄ | ၂၀ | ၁၆ |
| | ၁ | ၂၀ | ၀ (၂–လာဒသာ)* * |
| ၁၃၇၈ | ၆ | ၁၀ | ၁၆ |

ဒီလိုတွက်ကြည့်တဲ့အခါ ငွေဝင်မယ့် ကာလကို အတိအကျ သိနိုင်ပါတော့တယ်။ အသက်(၃၀) ၆–ကြာသားသမီး ဟာ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက် (၁၆)နာရီ(ညနေ ၄–နာရီ)မှ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၉)ရက် ညနေ(၄)နာရီထိ ငွေဝင်မယ့် ကာလ ဖြစ်ပါတယ်။

နောက်ထပ် ငွေဝင်မယ့်ကာလက တော့ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၅)ရက် ညနေ(၄)နာရီမှ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း(၁၀)ရက် ညနေ (၄)နာရီထိ ဖြစ်ပါတယ်။

တွက်ချက်တဲ့ နေရာမှာ ရက်ပေါင်း ကို လဖွဲ့၊ လကို နှစ်ဖွဲ့ စသဖြင့် တွက်ရပါတယ်။

ဒီလို ငွေဝင်ကာလ အတိအကျ သိပေမယ့် တချို့လူတွေ ငွေဝင်တယ်။ တချို့လူတွေ ငွေမဝင်ပါဘူး။ လူချင်း တူပေမယ့် ကံချင်းမတူလို့ပါ။ အတိတ် ကံချင်းလဲ မတူနိုင်သလို ယခု ပစ္စုပ္ပန် ကံချင်းလဲ မတူနိုင်ပါဘူး။ လူအမျိုးမျိုး စိတ်အထွေထွေ ကံအသွယ်သွယ် ဖြစ်နေပါတော့တယ်။

အတိတ်ကံဆိုတာ သာမန်လူတွေ မှန်းဆ မသိရှိနိုင်ပါ။ ဒါပေမယ့် ပစ္စုပ္ပန်ကံကိုတော့ကောင်းအောင် လုပ်လို့ ရပါတယ်။ ကံကောင်းမှ ငွေဝင်လာဘ်ရွှင်မှာပါ။

ဒါကြောင့် ကံကောင်းအောင် ကံကိုပြင်ရပါမယ်။ ကျွန်တော် ကတော့ပဋ္ဌာန်းတရားတော်ကြီး ကိုပဲ အားကိုးပါတယ်။ အဲဒီလို ငွေဝင်မယ့် ကာလတွေကို ကြိုတင် တွက်ချက်ထားပြီး တော့ အဲဒီကာလ မရောက်ခင် ကတည်းက ပဋ္ဌာန်းအဓိဋ္ဌာန် ဝင်ပါတယ်။

ငွေဝင်မှုမယ့် ကာလ စာစ် လေ့လုံးပဋ္ဌာန်းတရားတော် အဓိဋ္ဌာန်တွေကို ဆက်ကာ ဆက်ကာ ပြုလုပ်ပါတယ်။

ဒီအခါမှာ ကျွန်တော်ဟာ လက်တွေ့ ငွေဝင်ကောင်းခဲ့ပါတယ်။ ကျွန်တော်နဲ့ နီးစပ်သူတွေကိုလဲ အဲဒီ နည်းအတိုင်း အကြံပေးခဲ့ပါတယ်။ သူတို့လဲ အမှန်တကယ် ငွေဝင်ကောင်း ခဲ့ကြပါတယ်။

စာရှုသူမိတ်ဆွေတို့လဲ လက်တွေ့ ပြုလုပ်စေလိုပါတယ်။ လက်တွေ့ ငွေဝင်ကောင်းတာ၊ ကံကောင်းတာ ကြုံကြရမှာ အမှန်မုချပါပဲ။

**ကောင်းမြင့်မြတ်စိုး**

**စာမျက်နှာ (၁၆၈)မှ အဆက်**

ကောင်း၊ **"သံယံ သရဏံ ဂစ္ဆာမိ"** ကို **ပိကစ၍ "မိဿကစ်ဏံရသယံသံ"** ဟူ၍ လည်းကောင်း ရွတ်ဆိုကြပါ သည်။ မည်သို့ အကျိုးသက်ရောက် သည်ကိုကား မပြောပြတတ်ပါ။

ယခု စာရေးသူသိထားသော သရဏဂုံ(၃)ပါး ရွတ်ဆိုနည်း(၄)မျိုးကို စာဖတ်သူများ ရှင်းအောင် ပြန်ရေးပြ ပါမည်။

**ပဌမနည်း(မူလပဌမနည်း)**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ၊ တတိယမ္ပိဟူ၍ သုံးကြိမ် ရွတ်ဆိုခြင်း။

**ဒုတိယနည်း**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

**တတိယနည်း**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ ဗုဒ္ဓံ။ သရဏံ ဗုဒ္ဓံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ ဓမ္မံ၊ သရဏံ ဓမ္မံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ သံဃံ။ သရဏံ သံဃံ ဂစ္ဆာမိ၊

**စတုတ္ထနည်း**

မိဿကစ်ဏံရသမံဗုဒ်။

မိဿကစ်ဏံရသမံဓံ။

မိဿကစ်ဏံရသယံသံ။

ဟူ၍ ဖြစ်ပါသည်။

စာရေးသူ သိထားသော လေးမျိုး ဖြစ်ပါသည်။ မည်သို့မည်ပုံ ရွတ်ဖတ် ခြင်း၊ ပုတီးစိပ်ခြင်းများရှိလျှင်လည်း ဖော်ပြပေးကြစေလိုပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း သရဏဂုံမြဲမြံ စွာ နိဗ္ဗာန်ဝင်နိုင်ကြပါစေ။

**ကဿာ သင်းမွှေး**



www.burmeseclassic.com

www.burmeseclassic.com

# သရဏဂုံ ရွတ်ဖတ်ပုံ ကျင့်စဉ် နည်းမျိုးများ

ကဗျာ သင်းဖြေ

ဗုဒ္ဓဘာသာဝင်တိုင်း သရဏဂုံ(၃)ပါးကို သိပြီးကြသည့်အတိုင်း ရွတ်ဖတ်ပူဇော်လျက် ရှိကြပါသည်။

**“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ”**ဟူ၍ မူလသုံးပါးကို ဒုတိယမ္ပိ၊ တတိယမ္ပိ ဟူ၍ (၃)ခါ၊ (၃)ကြိမ် ရွတ်ပွားလိုက်လျှင် (၉)ခါဖြစ်သွားပါသည်။ ထို့ကြောင့် သဝေမပါ ကိုးဂါထာဟူ၍လည်း ထင်ရှားပါသည်။

သရဏဂုံ(၃)ပါးကို စိတ်ဝယ်ထုံမွမ်းနေခြင်းဖြင့် နိဗ္ဗာန်ရောက်သည့် တိုင်အောင် အကျိုးပေးပါသည်။ သရဏဂုံ(၃)ပါးကို အိပ်ရာမှ ယောင်ယမ်း၍ ရွတ်ဖတ်သော ကလေးသည် ဘီလူးစားခြင်းမှ လွတ်မြောက်၍ မင်းကြီးသုံးဆောင်သော စားဖွယ်ကိုပင် သုံးဆောင်ရကြောင်း ထင်ရှားသော ဇာတ်တော်ရှိသည်။

ထို့ပြင် ဘေးရန်အန္တရာယ် အသွယ်သွယ်တို့နှင့် ကြုံတွေ့နေရစဉ် သရဏဂုံ(၃)ပါး၏ အစွမ်းကြောင့် လွတ်ကင်းချမ်းသာလာခဲ့ကြောင်း...

ဖတ်တစ္ဆေ့ သရဲပြိတ္တာတို့နှင့်တွေ့ရသောအခါ သရဏဂုံ(၃)ပါးကို ရွတ်ဖတ်သဖြင့် ကွယ်ပျောက်သွားကြောင်း အတွေ့အကြုံပေါင်း များစွာသော ဖြစ်ရပ်ဇာတ်လမ်းများကိုလည်း ဖတ်ခဲ့ဖူးပါသည်။

ထို့ကြောင့် ယခုရေးမည့် အကြောင်းသည် သရဏဂုံ(၃)ပါးနှင့် စပ်လျဉ်း၍ အစွမ်းထက်မြက်ပုံအကြောင်း ရေးသားရန် မရှုယ်ရှယ်ပါ။ ရွတ်ဖတ်ပုံ အမျိုးမျိုးကို စာရေးသူ လေ့လာ တွေ့ရှိသမျှ တင်ပြလိုရင်းဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ ပုဗ္ဗေနိဝါသဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်၊



အာသဝက္ခယဉာဏ်တော်ကို အတိုချုပ်၍ **“ပု၊ ဒိ၊ အာ”**ဟူ၍ ရွတ်ဆိုကြပါသည်။ ထို“ပု၊ ဒိ၊ အာ”ကို အပြန်အလှန်အားဖြင့် **“အာ၊ ဒိ ပု။ ဒိ၊ ပု၊ အာ”**ဟူ၍ ရွတ်ခြင်းဖြင့် ရန်သူကို ဟန့်တားနိုင်သည်။

“ကိုက်မည့်ခွေးတောင် မကိုက်တော့၊ ဟောင်မည့်ခွေးတောင် မဟောင်နိုင်တော့ဘဲ အာစေးနေပါသည်။ ယင်းကို အနုလုံပဋိလုံ ရွတ်ဆိုသည်ဟုလည်း ခေါ်ကြသည်။

ထိုသို့ ရွတ်ပြီးလျှင် **“ပု၊ ဒိ၊ အာ”**ဟု ပြန်ရွတ်ထားရသည်။ သို့မဟုတ်လျှင် ခွေးသည် အာစေးပြီး မဟောင်တတ်တော့ပေ။ လူလိုဆိုလျှင် စကားပြန်မပြောတတ်ဘဲ “အ”သလို ဖြစ်သွားတတ်သည်ဟု သိရပါသည်။

ထိုနည်းတူစွာ သရဏဂုံ(၃)ပါးကိုလည်း ဖော်ပြပါအတိုင်း ရွတ်ဆိုကြပါသည်။ **“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ”**ဟူ၍ အနုလုံပဋိလုံ ရွတ်ဆိုခြင်းဖြင့် အမှောင့်ပယောဂအစွဲဟူသမျှ ချေချွတ်၍ရခြင်း၊ မကောင်းသော ဘေးရန်အန္တရာယ်မှ လွတ်မြောက်စေသည်ဟု သိရပါသည်။

ဤသည်မှာ တစ်ပုဒ်လုံးကို အပြန်အလှန်ရွတ်ခြင်းဖြစ်၍ တစ်ပိုဒ်ချင်း၊ တစ်ဖြတ်ချင်း အပြန်အလှန် ရွတ်ဆိုခြင်းလည်း ရှိပါသည်။

“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”ကို **“ဂစ္ဆာမိ သရဏံ ဗုဒ္ဓံ၊ သရဏံ ဗုဒ္ဓံ ဂစ္ဆာမိ”**ဟူ၍လည်းကောင်း...

“ဓမ္မံ သရဏံ ဂစ္ဆာမိ”ကို **“ဂစ္ဆာမိ သရဏံ ဓမ္မံ၊ သရဏံ ဓမ္မံ ဂစ္ဆာမိ”**ဟူ၍ လည်းကောင်း...

“သံဃံ သရဏံ ဂစ္ဆာမိ”ကို **“ဂစ္ဆာမိ သရဏံ သံဃံ၊ သရဏံ သံဃံ ဂစ္ဆာမိ”**ဟူ၍ လည်းကောင်း ရွတ်ဆိုကြသည်။

ရွတ်ဆိုသည့်သာမဟုတ် ပုတီးစိပ်ကြပါသည်။ စိတ်အာရုံကို တည်ကြည်အောင် အမျိုးမျိုး လုပ်ကြခြင်း ဖြစ်ပါသည်။

တစ်ဖန် ဤသို့လည်း ရွတ်ကြပါသေးသည်။

“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”ကို မိကစ၍ ရွတ်သည်မှာ **“မိဆာဂစ်ဏံရသဓ်ဗုဒ်”**ဟူ၍ လည်းကောင်း၊ **“ဓမ္မံ သရဏံ ဂစ္ဆာမိ”**ကို **မိကစ၍ “မိဆာဂစ်ဏံရသမ်မဓ်”**ဟူ၍ လည်း


စာမျက်နှာ (၁၆၇) သို့

www.burmeseclassic.com

# တောင်ကန်စွန်းရွက်

ဆေးဖက်ဝင်၏

အောင်သန်းလင်း
(ဘီအေ)



အိမ်၏ ရှေ့ပိုင်းနေရာဟူသည် အိမ်ကို ဧည့်သည်ရောက်ရှိလာခဲ့လျှင် အများဆုံးနေထိုင်ရာ ဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်မှုမရှိခဲ့။ အိမ်ရှင်ကို အထင်အမြင် သေးသွားနိုင်လေသည်။

ထို့ကြောင့် နံနက်ပိုင်း ရေမချိုးမီ အချိန်တွင် အိမ်ရှေ့ပိုင်းကို ဦးစားပေးပြီး ကျွန်တော်မောင်ဖိုးအောင် သန့်ရှင်းရေး ပြုလုပ်မြဲဖြစ်သည့်အတိုင်း ယနေ့လည်း အိမ်ရှေ့မြေပြင်မှာ မြက်နုတ်ပေါင်းရှင်း လုပ်နေခဲ့သည်။

'ကိုဖိုးအောင်... ရှေ့မှာရှိတဲ့ ကွမ်းရွက်နဲ့ ဆင်ဆင်တူတဲ့အပင်ကို မနုတ်မိစေနဲ့နော်။ အဲဒါ ပေါင်းပင်မဟုတ်ဘူး။ ဆေးဖက်ဝင်တဲ့ အပင်မို့ ကျုပ်စိုက်ထားတာ'

အိမ်ပေါ်မှ ဇနီး ဒေါ်အေးအေး၏ ပြောစကားကြောင့် ဖိုးအောင်၏ရှေ့မှာ ရှိသော တစ်တောင်လောက်အမြင့်ဖြစ်နေသော ထိုသစ်ပင်ကို သတိထားမိသွားသည်။

အရွက်က သူမပြောသည့်အတိုင်း ကွမ်းရွက်နှင့် ဆင်ဆင်တူသော်လည်း ရွက်ဖျားက အနည်းငယ် ပိုရှည်သဖြင့် ညောင်ရွက်နှင့်လည်း တူသည်ဟု ပြောနိုင်ပြီး အရွက်ရင်း အညာရိုးတံကား ကွမ်းရွက်ငါက် များစွာ ရှည်လျားသည်ကို တွေ့ရသည်။

'ဆေးဖက်ဝင်တဲ့အပင်ဆိုပဲ... တယ်ဆိုတဲ့ စာပါလား။ ဘယ်လို ဆေးဖက်ဝင်သလဲ မှတ်သားထားရအောင်လို့ သိရင် ပြောပြပါဦး မအေးရဲ့'

'သိချင်မှတ်သားချင်ရင် အိမ်ကို မနွဲ့လာမှ မေးကြည့်ပေတော့။ သူ့အိမ်မှာက မြေကွက်ကျဉ်းပြီး ကျုပ်တို့အိမ်က မြေကွက်နေရာလွတ် ကျယ်ကျယ် မြင်လို့ လာစိုက်ထားတာ။ သူပြောတာက **ကျောက်ကပ်နဲ့ဆီးအတွက် အတော်စွမ်းတဲ့** ဆေးပင်ဆိုလားပဲ'

ဤသို့ဖြင့် နောက်တစ်နေ့ ညနေပိုင်းတွင် ဒေါ်နွဲ့ ရောက်ရှိလာသဖြင့် မေးကြည့်လိုက်သည်။

'ဆေးဖက်ဝင်တာ ဟုတ်တယ် အစ်ကိုရဲ့။ အရွက်က ကွမ်းရွက်နဲ့ ဆင်တူသလို ရှိတယ်။ ကွမ်းရွက်ပင်လို နွယ်ပင်အမျိုးအစားထဲကပဲ။ ကျွန်မ မြင်ဖူးတာတော့ အပင်က ရှစ်ပေလောက်ထိမြင့်တယ်။

တချို့ဒေသတွေမှာ "**လသာပင်**" လို့လဲ ခေါ်လေ့ရှိတယ်။ **အပွင့်ပွင့်ရင် အော်လံပုံရှိပြီး အပွင့်မှာ ခရမ်းရောင် အရင့်မျိုးနဲ့ အနုမျိုးဆိုပြီး နှစ်မျိုးကွဲပြားရာမှာ နှစ်မျိုးလုံး ဆေးဖက်ဝင်တယ်လို့** ဆိုတယ်'

'ဟုတ်ပြီ ဒေါ်နွဲ့။ ဘယ်လိုဆေးဖက်ဝင်သလဲဆိုတာကို ပြောပြပါဦး'

'ထောက်ကြန့်မှာနေတဲ့ ကျွန်မတူလေးတစ်ယောက်က ကျောက်ကပ်ရောဂါရှိတယ်။ ရောဂါကြောင့် အတော် ဖောရောင်နေပြီလို့ သတင်းကြားလို့ ရပ်ကွက်မှာ တောင်ကန်စွန်းပင်စိုက်ထားတဲ့အိမ်က အရွက်တောင်းလာခဲ့တယ်။

တောင်ကန်စွန်းရွက်ကို ရေစင်အောင် ဆေးကြောပြီး ငါးပိတစ်မျိုးမျိုးနဲ့ ဟင်းချက်လိုက်တယ်။ ဟင်းချက်ရင် ထုံးစံအတိုင်း ထည့်ရမှာတွေအားလုံးလိုလို ထည့်လို့ရပေမယ့် ဆီကိုမထည့်ရဘဲ ရေစပ်စပ်လေးနဲ့ ချက်ရတာပါပဲ။

ကျွန်မချက်တဲ့ဟင်းကို ချိုင့်နဲ့ထည့်ပြီး ထောက်ကြန့်ကို ယူသွားတယ်။ တူလေးကိုလဲ ပြောပြရတယ်။ မင်းရဲ့ ရောဂါပျောက်ချင်ရင် အဒေါ်ချက်လာတဲ့ဟင်းကို ယုံကြည်ပြီး ထမင်းနဲ့ စားနိုင်သလောက်စားဆိုတော့ တူလေးကလဲ သူ့ရောဂါပျောက်ချင်စေနဲ့ ချက်ချင်းစားလိုက်တယ်။



 (စာမျက်နှာ (၁၇၁) သို့)

www.burmeseclassic.com

မြန်မာ့ကျေးလက်တောရွာက

# ဓာတ်ဗိန္ဒောဆရာများ၏ ဗေဒင်တွက်ပုံ အချို့

မောင်ပေါ်ယိန်း
(အင်းတော်)



ရွှေလီမြစ်ကမ်းဘေးက စာရေးသူ၏ တည်းခိုအိမ်ရှင်ဖြစ်သည့် **ဘကြီးကြူး**သည် ဟိုဘက်ခေတ်မှာ ကျေးရွာသုံး ဓာတ်ဗိန္ဒောဆရာ ဖြစ်ပါသည်။

ဘကြီးကြူးကတော့ လူနာပင့်၍ လူနာအိမ်ရောက်လျှင် လူနာရှင်၏ အသက်ကို ဦးစွာ မေးပါသည်။

မေးပြီးသည်နှင့် အောက်ပါအတိုင်း တွက်ပါသည်။

**ပထဝီသုဦးရှေ့ချင်** ဘုရားကို ဆွမ်းကပ်ခိုင်းသည်။

**အာပေါသုဦးလျှင်** ရေကြည်တော်ကို တစ်နေ့(၃)ကြိမ် ကပ်ခိုင်းပါသည်။

**ဝါယောသုဦးလျှင်** ဘုရားကို ယပ်သက်စေလှူခိုင်းပါသည်။

**ကြိုဟ်ရှစ်ခွင်ရှိလျှင်** မွေးနံဘုရားမှာ (၉)ချက် ယပ်ခတ်ခိုင်းပါသည်။

**တေဇောဓာတ်သုဦးလျှင်** ဘုရားကို ဆီမီး သက်စေလှူခိုင်းပါသည်။

တွက်ပုံမှာ...

၁။ **လူနာ၏အသက်**ကို တည်ပါသည်။ **(၅)ဂဏန်းရောပြီး (၄)ဖြင့် စားရပါမည်။ သုဦးသော်**...ပထဝီသုဦးပါသည်။

၂။ **အသက်တည် (၃၀)ရော၊ (၄)ခုစား။ သုဦးသော်**... အာပေါဓာတ် သုဦးပါသည်။

၂။ **အသက်တည် (၆၀)နှင့် မြှောက်၊ (၄)နှင့်စား။ သုဦးသော်**...ဝါယောဓာတ် သုဦးပါသည်။

၄။ **အသက်တည် (၄)နှင့်စား။ သုဦးသော်**... တေဇောဓာတ် သုဦးပါသည်။

ဥပမာ တွက်ပြပါမည်။

**အသက်(၁၅)နှစ်ရှိသူ ဆိုပါစို့။** ပထဝီဓာတ်အသုဦးကို တွက်သော်...

* * *

```
အသက်     ၁၅ နှစ်
ရောကိန်း  + ၅
        ၄ | ၂၀ | ၅
            ၂၀
        ၀ ကြွင်း၍ ပထဝီဓာတ်သုဦးပါသည်။
```

အာပေါ၊ ဝါယော၊ တေဇော အသုဦးကို ပထဝီဓာတ်သုဦး တွက်ပုံအတိုင်း တွက်ကြည့်ပါကုန်။

**ဝေဒနာမူလအစတွက်ပုံမှာ** လူနာရှင်၏ အသက်ကို တည်ရပါမည်။

၁။ လူနာအသက်ကို တည်ပါ။

၂။ ရသာ(၆)ပါးနှင့် မြှောက်ပွားရမည်။

၃။ (၇)ဖြင့် စားပါ။

၄။ အကြွင်းအတိုင်း ရောဂါဝေဒနာမူလအစကို တွေ့ရမည်။

(က) **၁-ကြွင်းလျှင်** ကြက်သားစားခဲ့ခြင်းမှ စတင်ခြင်းဖြစ်သည်။

(ခ) **၂-ကြွင်းလျှင်** မုန့်ဆီကြော်မှ စတင်မည်။

(ဂ) **၃-ကြွင်းလျှင်** နွားနို့ဖဲ့သောက်သုံးခြင်းမှ စတင်မည်။

(ဃ) **၄-ကြွင်းလျှင်** ကြက်ဥစားခြင်းမှ စ,မည်။

(င) **၅-ကြွင်းလျှင်** ဝက်သားက စ,ခဲ့မည်။

(စ) **၆-ကြွင်းလျှင်** ကြံရည်မှ စ,ခဲ့ပါမည်။

(ဆ) **၀-ကြွင်းလျှင်** လက်သုပ်၊ ဟင်းလျာများမှ စ,ခဲ့မည်။

**အသက်(၆၇)နှစ် ဆိုပါစို့...**

* * *

```
အသက်  ၆၇ နှစ်
      × ၆ ရသာ ၆-ပါး
    ၇ | ၄၀၂ | ၅၇
        -၃၅
         ၅၂
        - ၄၉
          ၃ ကြွင်း
```





www.burmeseclassic.com

www.burmeseclassic.com

မူလဝေဒနာဌာနသိရန် တွက်ပုံကိုလည်း ဆက်လက် တင်ပြသွားလိုပါသည်။

၁။ လူနာအသက်ကို တည်ပါ။
၂။ ခန္ဓာငါးပါး (၅)ဂဏန်းနှင့်မြှောက်ပါ။
၃။ (၇)ဖြင့် စားပါ။
၄။ အကြွင်း၏အဖြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ၁–**ကြွင်းသော်** အရိုးမှုဖြစ်သော ဝေဒနာ။
(ခ) ၂–**ကြွင်းသော်** အကြောမှုဖြစ်သော ဝေဒနာ။
(ဂ) ၃–**ကြွင်းသော်** အူမှုဖြစ်သော ဝေဒနာ။
(ဃ) ၄–**ကြွင်းသော်** ဝမ်းဗိုက်ထဲမှုဖြစ်သော ဝေဒနာ။
(င) ၅–**ကြွင်းသော်** ခါးမှုဖြစ်သော ဝေဒနာ။
(စ) ၆–**ကြွင်းသော်** အစာလွန်၍ဖြစ်သော ဝေဒနာ။
(ဆ) ၀–**ကြွင်းသော်** အရူးနာ။

**အသက်(၆၇)နှစ်ပဲ ဆိုပါစို့...**

* * *

```
အသက် ၆၇ နှစ်
      × ၅ ခန္ဓာငါးပါး
  ၇| ၃၃၅ |၄၇
    -၂၈
      ၅၅
     -၄၉
       ၆ အစာလွန်၍ဖြစ်သောအနာ
```

လူနာမကုမီ ဘကြီးကြူးသည် လူနာ၏အသက်ကို တွက်ပြီးမှ ဆေးကုလေ့ ရှိပါသည်။

ဟိုဘက်ခေတ်၏ ကာလ အပိုင်းအခြားမှာ မြန်မာဗိန္ဒောဆရာများ၏ လက်ဆန်းနည်းတွက်ပုံများ ဖြစ်ပါသည်။

သူ့ခေတ်နှင့် သူ့အခါကတော့ တွင်ကျယ်ခဲ့ပါသည်။ ဘကြီးကြူးအား တွက်နည်း၏ မြစ်ဖျားခံရာ ပညာ၏ ဆရာရင်းများကို မေးကြည့်သည့်အခါ ဘုန်းကြီးကိုပဲ ပြောပြပါသည်။

တစ်ချိန်က မြန်မာဘုန်းတော်ကြီးများသည် မိမိတို့၏ တပည့်သားမြေးများကို ဗေဒင်လက်ဆင့်ကမ်း၊ ဆေးပညာလက်ဆင့်ကမ်းပေးကြသည်။

တစ်ချိန်ကမူ မြန်မာဘုန်းတော်ကြီးများသည် မိမိတို့ တတ်ကျွမ်းရာ ဘာသာရပ်များကို ကျောင်းသားများကို သင်ပေးလေ့ ရှိပါသည်။

ဆေးပညာ ဝါသနာပါသော ဆရာတော်များက ဆေးပညာများကိုလည်းကောင်း၊ ဗေဒင်ပညာ ဝါသနာပါသော ဆရာတော်မှာ ဗေဒင်ပညာကိုလည်းကောင်း။ အင်္ဂလိပ်ပညာ ဝါသနာပါသူ အင်္ဂလိပ်ပညာကိုလည်းကောင်း သင်ပေးကြပါသည်။

ဘကြီးကြူး၏ တွက်နည်းမှာ လွန်စွာရိုးစင်းမည် ဖြစ်ပါသည်။ သို့သော် တစ်ချိန်က တွင်ကျယ်ခဲ့သော ပညာရပ်ဖြစ်ခဲ့ပါသည်။

မြန်မာ့ရိုးရာပညာရပ်သည် 'တိမ်သည်ဖြစ်စေ၊ နက်သည်ဖြစ်စေ၊ မြန်မာ့ပညာရပ်များ မတိမ်ကောစေလို၍ တင်ပြလိုက်ရပါကြောင်း...။

*အာယု ဝဍ္ဎော သုခံ ဗလံ*

**မောင်ဗဟိန်း** *(အင်းတော်)*

စာမျက်နှာ (၁၆၉)မှ အဆက်

သိပ်မကြာဘူး ဆီးသွားတော့ အဖတ်တွေတောင် တွေ့ရတယ်လို့ဆိုတယ်။ အဖောရောင်နေတာတွေလဲ ပြန်ကျသွားလို့ ဆေးရုံသွားဖို့ စီစဉ်နေတာ မသွားလိုက်ရတော့ဘူးလေ။ ဒါက ကျွန်မကိုယ်တွေ့ပဲ အစ်ကိုရဲ့။

နောက်ထပ်က ဆီးနဲ့ပတ်သက်တဲ့ အတွေ့အကြုံလဲ ရှိသေးတယ်။ ကျွန်မတို့လမ်းထဲမှာ အရင်တုန်းကနေသွားတဲ့ ဆရာဦးလှချစ်ဆိုတာ ဆီးသွားရင် သွေးလိုနီနေတဲ့ဆီးတွေ သွားတယ်။

အဲဒါကိုလဲ တောင်ကန်စွန်းရွက်နုတွေခူးပြီး ကျွန်မပေးလိုက်တာပဲ။ အဲဒီအရွက်တွေကို ပြုတ်ပြီး ငါးပိရည်နဲ့တို့ ထမင်းစားရင် အတူစားလိုက်တာနဲ့ သူ့ရောဂါ သက်သာသွားဖူးတယ်။

**ဒါကြောင့် တောင်ကန်စွန်းရွက်ဟာ ဆီးနဲ့ ကျောက်ကပ်ရောဂါတွေအတွက် အတော် အစွမ်းထက်တယ် ဆိုတာ သေချာပါတယ်'**

'ဒေါ်နွဲ့က ဒီဆေးနည်းတွေကို ဘယ်လိုလုပ်ပြီး သိထားတာလဲ ပြောပါဦး'

'အရင်တုန်းက ကျွန်မအိမ်နဲ့ ဘေးချင်းယှဉ်ပြီး နေသွားခဲ့ဖူးတဲ့ လင်ညီအစ်မလဲတော်စပ်တဲ့ ဇော်ခဲလီ (ပဒိုင်းတိုင်းရင်းသူ) သူ့သားကျောက်ကပ်ရောဂါရှိတာကို တောင်ကန်စွန်းရွက်တွေ ချက်ကျွေးပြီး ဆေးကုသတာကိုမြင်ဖူးထားလို့ သိနေတာပါပဲ'

**စာကြွင်း။ ။ဆေးနည်းပြောပြသူ ဒေါ်နွဲ့၊ နွယ်နီ(၁၃)လမ်း၊ မြောက်ဥက္ကလာ၊ ရန်ကုန်ကိုကျေးဇူးတင်လျက်...။**

**အောင်ဆန်းလင်း** *(ဘီအေ)*



www.burmeseclassic.com

www.burmeseclassic.com

တောင်သူဦးကြီးတို့အတွက်

# ကြက်သွန်ဖြူ ပိုးသတ်ဆေး

## (Garlic Pesticide)

တနိုင်း၁

ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်နေတဲ့ တောင်သူဦးကြီးတို့ရဲ့ စိုက်ခင်းတွေမှာ ကျရောက်ဖျက်ဆီးလေ့ရှိတဲ့ **ပျပိုး၊ ပုရွက်ဆိတ်နဲ့ စုပ်စားပိုးတစ်မျိုးဖြစ်တဲ့ လေ့း(ခေါ်) သရစ်ပိုးတို့ကို နှိမ်နင်းရန်နဲ့ အခြား ဖျက်ပိုးတွေကို ကာကွယ်ရန်**အတွက် အကုန်အကျသိပ်မများပါဘဲနဲ့ ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်တဲ့ သဘာဝပိုးသတ်ဆေးဖြစ်တဲ့ကြက်သွန်ဖြူ ပိုးသတ်ဆေးထုတ်လုပ်နည်းကို ရေးသား တင်ပြလိုက်ပါတယ်။


ဒီနည်းကို အသုံးပြုပြီး ဓာတုပိုးသတ်ဆေးတွေကို လျှော့ချသုံးစွဲလို့ အော်ဂဲနစ်သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်နိုင်ပါတယ်။

ဒီနည်းကို ရှမ်းပြည်နယ်တောင်ပိုင်းမှာ တောင်သူသက်မွေးပညာသင်ကျောင်းအဖြစ် ဖွင့်လှစ်ပြီး သင်ကြားပြသပေးခဲ့တဲ့ ဂျပန်ပညာရှင်များထံမှ ရရှိခဲ့တဲ့ နည်းပညာတစ်ခုဖြစ်သလို ဒီနည်းပညာကိုအခြေခံလို့ **ရေစကြို မြို့နယ် ပခန်းကြီး လယ်ယာ-သစ်တောစိုက်ပျိုးရေး သင်တန်းကျောင်း** (Organization for Industrial Spiritual Cultural and Advancement-OISCA)မှာလဲ တောင်သူဦးကြီးများကို သင်ကြားပေးခဲ့တဲ့ နည်းပညာတစ်ခုဖြစ်ပါတယ်။

လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကတော့ အိမ်ကမီးဖိုချောင်မှာ အိမ်ရှင်မများ အသုံးပြုလေ့ရှိတဲ့ **ကြက်သွန်ဖြူ၊ ရှလကာရည်နဲ့ ချက်အရက်ပြင်းတို့** ပါဝင်ပါတယ်။

ဆေးဖော်စပ် အသုံးပြုနည်းမှာတော့ ကြက်သွန်ဖြူ(၆၀)ကျပ်သား (တစ်ကီလိုဂရမ်)ကို ကြေညက်အောင်ထောင်းပြီး ရေ(၁၅)လီတာ (လေးဂါလံခန့်) ဆန့်တဲ့ မြေအိုးဖြစ်စေ၊ စဉ့်အိုးဖြစ်စေ ဒါမှမဟုတ် ပလတ်စတစ်ပုံး တစ်ခုဖြစ်စေ ထည့်ပါ။

ပြီးရင် ရေ (၁၀) လီတာ (နှစ်ဂါလံခွဲ) ဖြည့်ပါ။ ထပ်မံပြီး ရှလကာရည် **နို့ဆီဘူး တစ်ဘူးခွဲ (၅၀၀ စီစီ)နဲ့ အရက်ပြင်း (ချက်အရက် - မီးပြတ် အရက်) ရေသန့်ဘူး နှစ်ဘူး (နှစ်လီတာ)**ကို ထည့်ပေးရမှာ ဖြစ်ပါတယ်။



◆ အသင့်သုံး ကြက်သွန်ဖြူ ပိုးသတ်ဆေး

ကြက်သွန်ဖြူ အပါအဝင် ရှလကာရည်၊ မီးပြတ် အရက်ပြင်း အားလုံးကို ထည့်မွှေပြီးပါက အပေါ်မှ သတင်းစာစက္ကူဖြစ်စေ၊ လွယ်လင့်တကူ ရရှိနိုင်သည့် ဂျာနယ်စက္ကူဖြစ်စေ၊ တစ်ခုခုဖြင့် လုံအောင်ဖုံးအုပ်၍ ကြိုးတစ်ချောင်းဖြင့် ချည်ပေးပါ။ အိုးကို အေးမြပြီး ခြောက်သွေ့တဲ့ အရိပ်အောက်မှာ ထားပေးရပါမယ်။

တစ်နေ့ကို တစ်ကြိမ်မွှေပေးပြီး အပေါ်မှစက္ကူစကို ပြန်လည်ဖုံးအုပ်ဖို့ မမေ့ပါနဲ့။ ပလတ်စတစ်ပုံးဆိုပါက အဖုံးကို မကြာခဏ ဖွင့်ဖွင့်ပေးရပါလိမ့်မယ်။ အဲဒီလိုမှ မလုပ်ပေးနိုင်ရင် အပေါ်မှာ ကဖော်ပေါက် ဖောင်းတင်းပြီး ပလတ်စတစ်ပုံးပေါက်ကွဲ ပျက်စီးနိုင်ပါ

စာမျက်နှာ (၁၇၄) သို့

www.burmeseclassic.com





စလင်း ဦးကျော်

# ယာယီခရီးမသွားမီ

သတိထား

မည်သူမဆို မကောင်းသော လောကဓံ (အဆိုးလောကဓံ)များမှ ကင်းဝေးစေရန် ခရီးယာယီမသွားမီ၊ မိမိသွားရမည့်အရပ်သည် သင့်တော်သည်၊ မသင့်တော်သည်ကို လေ့လာ သုံးသပ်ပြီးမှ သွားသင့်ပါသည်။

မိမိသွားမည့် အရပ်ဒေသသည် အထူးပင် မသင့်လျော်သောအရပ် (စန်းဆိုဥ္ဓးသောအရပ်) ဖြစ်ပါက ဘေး ဥပဒ်အန္တရာယ်တို့နှင့် ရင်ဆိုင်တွေ့ကြုံ ရတတ်ပါသည်။

**ဥပမာပြရသော်** အင်းဝဘုရင် မင်းကြီးမင်းခေါင်သည် မွန်တိုင်းရင်း သားများနှင့် စစ်တိုက်ရန် အကြောင်း ပေါ်လာသည်။ မင်းကြီးသည် သား တော် မင်းရဲကျော်စွာကို ဗိုလ်မှူးခန့်၍ စစ်ချီခိုင်းမည် ဖြစ်သည်။

ထို့ကြောင့် ဘုရင်မင်းခေါင်သည် ထိုအရပ်သို့ သားတော်မင်းရဲကျော်စွာ စစ်ချီထွက်ရန် သင့်မသင့် ပုဏ္ဏားပညာ ရှိ၊ လူပညာရှိ၊ ရဟန်းပညာရှိများကို မေးတော်မူသည်။

ဗေဒင်ပညာရှိများသည် ယခုအချိန် သည် မင်းရဲကျော်စွာ၏ အသက်(၃၁) နှစ်တွင် ရှိနေသဖြင့် ထိုအရပ်သည် မသွားသင့်ပါကြောင်း **(စန်းသုဥ္ဓးသော မသင့်သောအရပ်ဖြစ်နေပါကြောင်း)** အညီအညွတ် လျှောက်ထားကြပါ သည်။

မင်းရဲကျော်စွာသည် ငယ်ရွယ်သူ ဖြစ်သည်ကတစ်ကြောင်း၊ မိမိ၏ စွမ်း ရည်သတ္တိကို ယုံကြည်သည်ကတစ် ကြောင်းတို့ကြောင့် ပညာရှိများ၏ စကားကို မနာယူဘဲ မွန်တို့ပြည်သို့ စစ်ချီထွက်ပါသည်။

ဘုရင်မင်းခေါင်သည် အထူးစိတ်ပူ ပင်လျက် ဗေဒင်ပညာရှိကြီးများနှင့် တိုင်ပင်နှီးနှောပြန်သည်။ ဗေဒင်ပညာ ရှိကြီးများက မည်သည့်နည်းများနှင့်မျှ ပြန်မလာနိုင်တော့ကြောင်း အညီ အညွတ် လျှောက်တင်ကြပါသည်။

ဘုရင်မင်းခေါင် အမျက်ထွက် ကာ...

'ကောင်းပြီ... ယခုဟောချက်အတိုင်း မှန် လျှင် ရှိစေတော့၊ ငါ့ရဲ့သားတော် မင်းရဲကျော်စွာ ဘေးမသီရန်မခဘဲ ပြန်လာခဲ့သော် ဗေဒင် ပညာရှိများအား ရေတွင်နှစ်၍ သတ်စေ'

ဟု အမိန့်ထုတ်ပြန်ထားလေ့သည်။

တစ်နေ့၌ မင်းရဲကျော်စွာသည် အရက်လွန်စွာသောက်၍ စည်းလုံးမှုမရှိ ဖြစ်လေသည်။ မွန်တပ်အတွင်းသို့ အတင်းဝင်တိုက်ရာ ဆင်ထက်မှ ကျ သည်။ ဆင်ထိသဖြင့် အဖမ်းခံရသည်။ ရာဇဓိရာဇ်မင်းက...

'မင်းသား... သင့်အပေါ်မှာ ငါ စိတ်အထူး မရှိပါ။ ဆေးဝါး ထမင်းစားပါ။ အနာပျောက် လျှင် ဒီမှာနေလိုက ငါ့သမီးနှင့် ထိမ်းမြား၍ အိမ်ရှေ့အရာကို ပေးမည်။ အင်းဝကို ပြန်လို လျှင်လည်း ကောင်းစွာပို့မည်။ ကိုယ်လက် ကျန်းမာလာအောင် ဆေးဝါး ထမင်းစားပါ'

ဟု ဆိုတော်မူ၏။

မင်းရဲကျော်စွာကား နှလုံးခိုင်မြဲ ဇာတိမာန်ကြီးသူ ဖြစ်သည်။

'အရှင်မင်းကြီး... ဟံသာဝတီကို မရလျှင် ငါမပြန်ဟု အဓိဋ္ဌာန်ရင်းရှိသည်။

ယခုတဝရောက်မှသော်ကား သူ့ကျွန် ဟူ သောအမည်ကို မခံလိုပြီ။ ရှင်သော်ထက် သေသော်မြတ်၏။ ငါ့ကို သတ်လော့'

ဟု ဆိုလေ၏။ ထိုညတွင်ပင် မင်းရဲ ကျော်စွာ အနိစ္စရောက်လေ၏။

မင်းရဲကျော်စွာ အနိစ္စရောက် ကြောင်း သတင်းကို ဘုရင်မင်းခေါင် ကြားလျှင် များစွာပူဆွေး ယူကျုံးမရ ဖြစ်သည်။ ဗေဒင်ပညာရှင်များကို လည်း အထူးပူဇော်ခြင်းဖြင့် ချီးမွမ်း ထောပနာပြုလေသည်။

သို့ပါ၍ အောက်ပါ မသွားမလာအပ် သော စန်းသုဥ္ဓးအရပ်များသို့ သွားလာ ခြင်းကို ရှောင်ကြဉ်ပါက အထူးပင် ဘေးအန္တရာယ် အသွယ်သွယ်တို့မှ ကင်းဝေးပြီး မိမိတို့၏ လိုဆန္ဒများ ပြည့်ဝကြပါလိမ့်မည်။

**ခရီးယာယီ သွားသင့်၊ မသွားသင့် သောအရပ်များကို ရွေးရန် တွက် ချက်နည်းမှာ...**

ရောက်ဆဲအသက်ကိုတည် (၈)ရှနှင့် စားပါ။ အကြွင်းကို အရှေ့အရပ်မှစ၍ အစဉ်အတိုင်း လက်ဝဲရစ်ရေပါ။ /



www.burmeseclassic.com

www.burmeseclassic.com

*** ⟶

လူတစ်ယောက်အတွက် အသက်

| အရှေ့မြောက် ၁ | အရှေ့ ၂ | အရှေ့တောင် ၃ |
|---|---|---|
| မြောက် ၆ | | တောင် ၄ |
| ၈ အနောက်မြောက် | ၅ အနောက် | ၀ အနောက်တောင် |

အပိုင်းအခြားဖြင့် ဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်ပါသည်။

အောက်တွင် အသက်အပိုင်းအခြားများအလိုက် ခရီးယာယီမသွားသင့်သည့်အရပ်များကို ပြသောဇယားကို ဖော်ပြလိုက်ပါသည်။

*** ⟶

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးသည် ယာယီခရီး အတူး မသွားသင့်သောအရပ်တို့ကို သွားလာခြင်း ရှောင်ကြဉ်သဖြင့် အန္တရာယ်အပေါင်းမှ ကင်းဝေးကာ လိုရာဆန္ဒပြည့်ဝကြစေရန် ဤဆောင်းပါးကို ရေးသားလိုက်ခြင်းဖြစ်ပါသည်။

**စလင်း ဦးကျော်**

(၁)**ခုကြွင်းလျှင်** ➪ အရှေ့တည့်တည့်အရပ် မကောင်းပါ။ ခရီးယာယီ မသွားသင့်ပါ။
(၂)**ခုကြွင်းလျှင်** ➪ အရှေ့မြောက်ထောင့်အရပ် မကောင်းပါ။ ခရီးယာယီ မသွားသင့်ပါ။
(၃)**ခုကြွင်းလျှင်** ➪ မြောက်အရပ်တည့်တည့် မကောင်းပါ။ ခရီးယာယီ မသွားသင့်ပါ။
(၄)**ခုကြွင်းလျှင်** ➪ အနောက်မြောက်ထောင့်အရပ် မကောင်းပါ။ ခရီးယာယီ မသွားသင့်ပါ။
(၅)**ခုကြွင်းလျှင်** ➪ အနောက်အရပ်တည့်တည့် မကောင်းပါ။ ခရီးယာယီ မသွားသင့်ပါ။
(၆)**ခုကြွင်းလျှင်** ➪ အနောက်တောင်ထောင့်အရပ် မကောင်းပါ။ ခရီးယာယီ မသွားသင့်ပါ။
(၇)**ခုကြွင်းလျှင်** ➪ တောင်အရပ်တည့်တည့် မကောင်းပါ။ ခရီးယာယီ မသွားသင့်ပါ။
**သုညကြွင်းလျှင်** ➪ အရှေ့တောင်ထောင့်အရပ် မကောင်းပါ။ ခရီးယာယီ မသွားသင့်ပါ။

| အသက်အပိုင်းအခြားနှစ်များ | | | | | | | | | | | ခရီးယာယီမသွားသင့်သောအရပ် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ⟶ အရှေ့တည့်တည့်အရပ် |
| ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ⟶ အရှေ့မြောက်ထောင့် |
| ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ⟶ မြောက်တည့်တည့်အရပ် |
| ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ⟶ အနောက်မြောက်ထောင့် |
| ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ⟶ အနောက်တည့်တည့်အရပ် |
| ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ⟶ အနောက်တောင်ထောင့် |
| ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ⟶ တောင်တည့်တည့်အရပ် |
| ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ⟶ အရှေ့တောင်ထောင့် |

စာမျက်နှာ (၁၇၂)မှ အဆက်

တယ်။

(၇)ရက်ပြည့်လျှင် **ကြက်သွန်ဖြူ ပိုးသတ်ဆေးရည်အဖြစ်** အသုံးပြုနိုင်ပါပြီ။ အသုံးမပြုမီ အနယ်အဖတ်များကို ရေစစ်ဆန်ခါဖြင့် စစ်ယူ အသုံးပြုလိုပါတယ်။

**သုံးရမည့် အချိုးအစားကတော့** ရေလေးဂါလံမှ ငါးဂါလံဝင် ဆေးဖျန်း ပုံးတစ်ပုံးမှာ ကြက်သွန်ဖြူ ပိုးသတ်ဆေးရည် **နို့ဆီဘူး သုံးချိုးနှစ်ချိုး (၂၀၀စီစီ)ခန့်ဖြင့်** ရောစပ်ပက်ဖျန်းနိုင်ပါတယ်။

အသုံးပြုရမည့် အချိန်ကာလကတော့ **မျိုးပင်များပေါက်ပြီး အရွက်နု နှစ်ရွက်ထွက်ချိန်မှာ** ဆေးရည်တစ်ဆ ရေအဆ တစ်ထောင်ဖြင့်စတင်ပက်ဖျန်းခြင်း၊ **မျိုးပင်ကလေးများ ရွှေ့ပြောင်းစိုက်ပျိုးပြီး** တစ်ပါတ်ခန့်အကြာ ဆေးရည်တစ်ဆ ရေအဆ ငါးရာဖြင့် တစ်ပါတ်တစ်ကြိမ် ပက်ဖျန်း အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။

**ဒီနေရာမှာ သတိထားလိုသည်မှာ ကြက်သွန်ဖြူ ပိုးသတ်ဆေးရည်ကို အသင့်ရှိရှင်တွေတဲ့ ကြက်သွန်ဖြူစိုက်ခင်းတွေမှာ အသုံးမပြုရပါ။**

အခြားသော သဘာဝပိုးသတ်ဆေးများနှင့် ရောနှော ပက်ဖျန်းလို့ရပါတယ်။

**ရှုလကာရည်** မရနိုင်ခဲ့ဘူးဆိုရင် ကြက်သွန်ဖြူကို မီးပြတ်အရက် တစ်မျိုးတည်းနှင့် တစ်လခန့်ကြာအောင် စိမ်ထား၍ အနယ်အနှစ်တွေကိုစစ်ပြီး အထက်ပါအချိုးအတိုင်းရေဖြင့်ရောစပ်လို့အသုံးပြုနိုင်ကြောင်းကိုရေးသားတင်ပြလိုက်ပါတယ်။ ●

**တနိုင်းခ**



www.burmeseclassic.com

www.burmeseclassic.com

# ရေတွင်း ရေကြာ ရှာနည်း

စံလွင်သာ

ပတ္တမြားရောင်ခြည် စေတီခေါ် ကျိုက်ပေါင်း ဆံတော်ရှင်စေတီအနီးသို့ ရောက်သော် ဘာဘက်ပဝါကို ပခုံးပေါ် တင်လျက် ပန်းစည်းကိုင်ထားသော ဦးဘစိန်ကို တွေ့ရ၏။

‘ဘုရားတက် နောက်ကျတယ်နော် ဦးလေး’

‘အေးကွာ... ငါ့အိမ်က ရေတွင်း ရေခန်းသွားလို့ စက်ရေတွင်းရေ ဝယ်ချိုးရတယ်။ နည်းနည်းနောက်ကျသွားတာပေါ့’

‘ဦးလေးတို့ ရေတွင်းတောင် ရေခန်းမှတော့ အယ်လ်နီညိုက အတော်ဆိုးတာပဲ’

‘ဆိုးသပေါ့ကွာ... ငါ့အသက် (၈၀)ကျော်ပြီ။ အိမ်က ရေတွင်း ရေခန်းတာ ဒီတစ်နှစ်ပဲ ကြုံရဖူးတယ်။ စက်ရေတွင်း(အဝီစိတွင်း) ရေကလေးရလို့ တော်သေးတာပေါ့’

ကျိုက်ပေါင်းစေတီဝန်းကျင်ရှိ ရေတွင်းများသည် ရေသွက်၊ ရေသန့်များ ထွက်ရှိ၍ ပေါင်မြို့မရပ်ကွက်များသို့ သောက်သုံးရေ ဖြန့်ဖြူးပေးရာ နေရာဖြစ်သည်။

ယခုနှစ် နွေအပူရှိန် မြင့်မားလှသည့် အပြင် အစိုဓာတ်ထိန်းပေးသည့် **ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကျွဲကော စသည့် သီးပင်စားပင်များ အစား** ရော်ဘာခေါ် ကြက်ပေါင်စေးပင်များ ပြောင်းလဲ စိုက်ပျိုးခဲ့ကြသည်။

ထို့နောက်ပိုင်း ကုလားမတောင်တန်း ရေခန်းခြောက်၍ စိမ့်စမ်းများလည်း ကျောက်တုံးကျောက်ခဲများသာ မြင်းမှုနေကြရာ စေတီဝန်းကျင် ရေပေးသေရာဌာနမှ နှစ်ရက် တစ်ကြိမ်၊ သုံးရက် တစ်ကြိမ်ဆိုသကဲ့သို့ ရေကို စုဆောင်းကာ အနည်းငယ်စီ ခွဲဝေပေးနေရသည်မှာ သိရ၏။

‘စို့ ဆရာတော်ကြီးရှိရင် ဘယ်နေ့ မိုးရွာမလဲဆိုတာသိရတယ်။ ခုလို ရေတွင်း ရေခန်းတော့ မိုးကိုမျှော်နေပြီတယ်။ ကဲ... ငါလဲ ဘုရား ဝတ်တက်လိုက်ဦးမယ်’



ဦးဘစိန်က စီးလာသော ဖိနပ်ကို ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ကာ လှေကားအတိုင်း ကုန်းတော်ပေါ်သို့ တက်သွားသဖြင့် ရှေ့ဆက်လျှောက်လာခဲ့သည်။

**ဘုရားကြီးကျောင်းတိုက် ဆရာတော် အရှင်ပညာဒီပရှိစဉ်က** လောကီမှတ်ရာအဖြာဖြာကို ဝေငှသင်ကြားပေးတော်မူရာ ကျွန်ုပ်သည်လည်း အတန်အသင့်မျှ သင်ယူရရှိခဲ့သည်။ နွေနှောင်းကာလတွင် ကောင်းကင်နက္ခတ်တာရာများ၊ ဝန်းကျင်သစ်ပင်များ၊ ပိုးမွှားတိရစ္ဆာန်များ၏ အခြေအနေကို ကြည့်ရှုသုံးသပ်ကာ မိုးရွာမည့်ရက်ကို တိကျစွာ မိန့်ကြားတော်မူခဲ့သည်။

ထိုပဟောကိန်းကို တစ်နေ့နေ့တွင် သင်ယူမည်ဟု အားခဲထားသော်လည်း ဆရာတော် ပျံလွန်တော်မူသည်အထိ အထမမြောက်ခဲ့ချေ။ သင်္ကြန်အပြီး (၄၅)ရက်အတွင်း [ခရစ်ပြက္ခဒိန် ဖွန်လ (၃၀) ရက်နေ့မတိုင်မီ] မုတ်သုံမိုးရွာသည်ဟုသာ ယေဘုယျ မှတ်သားခဲ့ရလေသည်။

သို့သော် ရေတွင်းတူးရာ၌ ရေကြောရှာနည်းကိုမူ မှတ်သားနိုင်ခဲ့သည်။ **ရေတွင်းတူးမည့်နေရာတွင် တစ်ရက်ကြိုတင်ပြုလုပ်ရခြင်း ဖြစ်သည်။**

ယင်းအတွက် အရွယ်အစားတူညီသော ကွမ်းရွက်(၂၄)ရွက် ရွေးခြယ်ထားရသည်။ ထို့နောက် အရုဏ်တက်ချိန်တွင် တွင်းတူးရန် မြေနေရာသတ်မှတ် အမှိုက်သရိုက်၊ မြက်ပင်ပေါင်းပင်များကို တစ်တောင်ပတ်လည်ခန့် ရှင်းလင်းပစ်ရသည်။

ထိုနေရာသည် အိမ်သာမှ အနည်းဆုံး (၂၄)တောင်အကွာအဝေးတွင် ရှိရမည်။ အမှိုက်ပုံ၊ အမှိုက်ကျင်း၊ ရေတွင်းဟောင်း စသည်တို့နှင့်လည်း အတောင်(၃၀)အကွာ၌ ရှိရမည်။

www.burmeseclassic.com

ယခုအခါ မြေနေရာ နည်းပါးကာ လူနေထူထပ်လာသဖြင့် အိမ်ယာမှလွဲ၍ ကျန်နေရာများကို တွက်ချက်ခြင်းမပြုကြတော့ဟု (၁၉၉၀ ပြည့်နှစ်ခန့်က) မိန့်တော်မူ၏။

ရှေးဦးစွာ **ဝသုန္ဒရေ မြေစောင့်နတ်သမီးအား ဤနေရာ၌ ခုနစ်ရက်သားသမီးအသက်ကို အထောက်အပံ့ဖြစ်စေမည့် ရေတွင်း တူးဖော်ခွင့်ပေးပါရန် ပန်ကြားရသည်။**

ထို့နောက် အနက်တစ်တောင်၊ အကျယ် ထွာဆိုင်ခန့်ရှိသော မြေကျင်းကို တူးကာ ကွမ်းရွက်များကို အစီအရီထပ်လျက် ကျင်းတွင်း ထည့်ရသည်။ အကြောကို အပေါ်ဘက်၊ ပြောင်ချောနေသည်ကို အောက်ဘက်ထားရ၏။

ရွက်ကြော (အစင်းအကြောများရှိသည့်)ဘက်သည် နတ်ဒေဝတာများနှင့် သက်ဆိုင်သည်။ ဒေသခံ(မွန်တိုင်းရင်းသား)တို့သည် ကွမ်းယာသောအခါ ကွမ်းရွက်ကျောဘက်တွင် ထုံးသုတ်ခြင်းမပြုဘဲ ပြောင်ချောနေသည့်ဘက်၌သာ ထုံးသုတ်လေ့ရှိကြသည်။

ထို့ကြောင့် နတ်ဒေဝတာများကို အလေးအနက်ထား တိုင်တည်သည့်သဘောကို ဆောင်၍ အထက်သို့ ရွက်ကြောမှောက်၍ ထားရခြင်း ဖြစ်သည်ဆို၏။

ထို့နောက် မြေစာများကို အသာအယာ ဖြည့်ဖုံးထားရသည်။ ဖိသိပ်ခြင်းမပြုရပါ။

ခြင်းကြား သို့မဟုတ် တစ်ခုခုဖြင့် ကာရံ၍ ခွေး၊ ကြက်၊ ကြောင် တိရစ္ဆာန်များမနင်းမိစေရန် ကာကွယ်ထားရသည်။

နောက်တစ်နေ့နံနက်တွင် မြေစာများကို ဖယ်၍ ကွမ်းရွက် တစ်ရွက်ချင်း လှန်ကြည့်ရသည်။ ချွေးပြန်နေသော (ရေသီးရေမှုန်များ ကပ်နေသော)ကွမ်းရွက်ကို တွေ့သည်အထိ တစ်ရွက်ချင်း ရေတွက်ထားရသည်။

**ဥပမာ (၁၀)ရွက်မြောက်တွင် ချွေးပြန်နေသည်ကို တွေ့ရပါက ဆယ်တောင်အနက်အထိ တူးလျှင် ရေရှုပေါက်၊ ရေကြောတွေ့မည်။ (၁၂)ရွက်မြောက်ဖြစ်လျှင် (၁၂)တောင် တူးရမည်ဟု မှန်းဆ သိရှိနိုင်လေသည်။**

'၂၄ ရွက်စလုံး ကုန်လို့ ရေငွေ့ပုံတာမတွေ့ရရင်ကော ဘုရား'

'၂၄ တောင် ၃၆ ပေ အနက်မှာ ရေတွေ့ရင်တောင် ဘာယ်လိုင်ငင်ရပ့်မလဲ။ ရေစုပ်စက်နဲ့ စုပ်ရင် တစ်လုံးတည်းနဲ့ ရနိုင်မလား။ ကမ္ဘာ့ဆွဲအား၊ လေဖိအားကို လွန်ဆန်ပြီး အမြင့်(၃၄) ပေထက် ပိုမတက်နိုင်ဘူးလေ။

ဒါက ရူပဗေဒနိယာမနော်။ လက်တွေ့မှာ (၁၈)ပေလောက်တောင် မြင်းကောင်ရေ တမတ်၊ ငါးမူးအားနဲ့ ရေမတက်ဘူး။ ဒီတော့ အဲဒီနေရာ ရေတွင်းမတူးနဲ့ပေါ့'

ထိုအခါမှပင် ဆရာတော်ကြီးသည် ဗရိယတ္တိစာပေအပြင် လောကဓာတ်ပညာ အိုင်အေတန်းခေါ် ဥပစာတန်း (တက္ကသိုလ်ပညာ ဒုတိယနှစ်) အောင်မြင်တော်မူကြောင်း သိရလေသည်။

**ကွမ်းရွက်(၂၄)ရွက်မှာ နှစ်သိန်းလေးသောင်း အထုရှိသော ပထဝီပံသု မြေအထုကို ရည်ညွှန်းခြင်းဖြစ်ကာ** ယင်းမျှ (၂၄ တောင်မျှ)နက်သော ရေတွင်းလည်း မတွေ့ဘူးခဲ့ဟု ကြားနာရပေသည်။

**(ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီဖြစ်သော ပေါင်မြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော် အရှင်ပညာဒီပအား ဝပ်တွား ကန်တော့လျက်..)**

**စံထွန်းသာ**

စာ မူ ပို့ လို က...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၊၄၅



www.burmeseclassic.com

www.burmeseclassic.com



◆ လိမ်ယှက်မြွေသဏ္ဍာန် ပေါက်ပင် နွယ်ဝင်ကျွင်းတိုးကို အနီးကပ်တွေ့မြင်ရစဉ်

သာထက်မြတ်
(မကွေး)

မြွေတစ်ကောင်နှင့်တူသော

# နွယ်ဝင်ကျွင်းတိုး

တစ်နေ့သော အခါသမယတွင် ကျွန်တော်သည် မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်အတွင်းရှိ လဲပင်ကျင်းကျေးရွာလေးသို့ အလည်တစ်ခေါက် ရောက်ခဲ့ပြန်လေ၏။


ထိုရွာကလေးတွင် ကျွန်တော်နှင့် ဆွေလိုမျိုးလို နေထိုင်သည့် ဦးမုတ်၊ ဒေါ်သန်းစိန်တို့ ဇနီးမောင်နှံရှိသည်။ သူတို့သည် တောင်သူလုပ်ငန်း၊ လက်သမားလုပ်ငန်းတို့နှင့် အသက်မွေးဝမ်းကျောင်းကြသူများဖြစ်သည်။

ဦးမုတ်က အသက်(၅၀)ကျော်ရှိကာ ရိုးသားပွင့်လင်းစွာ ပြောဆိုတတ်ပြီး သူ့ဇနီးဒေါ်သန်းစိန်ကလည်း အသက်(၅၀)ကျော်ရှိကာ ရိုးသား၏။

'ဟော အခုနလေးပဲ ဆရာ့အကြောင်း ပြောနေမိသေးရဲ့၊ အသက်ရှည်ဦးမယ်။ လာဗျို့ ဆရာ...နေကောင်းတော့ အတော်ပဲ့ရဲ့နော်။ အဲ့ယ်နီညို ရာသီဥတုကြောင့် ကျုပ်တို့ မြေလတ်အညာတစ်ခွင် ပြုံပြုံစင်အောင် ပူချက်က ကမ်းကုန်ပဲ ဆရာရေ...

လေထုထဲမှာ ရေငွေ့လုံးဝ မရှိတော့ဘူးဆိုပဲ၊ ကျုပ်တို့ ရွာက ကျောင်းဆရာ ဦးမြင့်ငြိမ်းက ပြောတယ်ဗျ။ ဟုတ်မှာပါပါဆရာရယ်၊ လူတွေကလဲ မိုးလေဝသ မမှန်မကန်ဖြစ်တော့ လုပ်တတ်ရာ ထင်းခုတ်ရောင်း၊ မီးသွေးဖုတ်ရောင်း

www.burmeseclassic.com



◆ ရွှေနှာသည့် သစ္စာချိန်မှ ထွက်ရှာရန် ပြင်းရာသာ ပေါက်နွယ်ကွင်းထိုး

ကြနဲ့။

ဒီတော့ပိုပြီး မိုးခေါင်ရေရှားဖြစ်၊ မိုးခေါင်ရေရှားဖြစ်တော့ စိုက်ပျိုးသမျှ မဖြစ်ထွန်း။ မဖြစ်ထွန်းတော့ ထင်းပိုခုတ်၊ မီးသွေးပိုဖုတ် တောပိုပြုတ်၊ တောပိုပြုတ်တော့ မိုး ပိုလို့ခေါင်။ ဒါနဲ့ပဲ သံသရာလည်ပြီး စီးပွားရေး ကျပ်တည်းသထက် ပိုကျပ်တည်းလာတာပေါ့ဗျာ'

ခရီး ရောက်မဆိုက်ဆိုသလို ကျွန်တော့်ကို မြင်မြင်ချင်း စကားဆိုလာသူက ဦးမုတ်။

ဤသို့ ရိုးသားပွင့်လင်းစွာ စကားဆိုလာသဖြင့် မည်သို့နှစ်သိမ့်ရမည်နည်းဟု စဉ်းစားကြည့်မိသည်။ အဖြေကား ကျေနပ်ဖွယ်မရှိ။ ထို့ကြောင့် ကျွန်တော် ငြိမ်နေလိုက်၏။ ခဏကြာမှ...

'ဒါနဲ့ ဦးမုတ် ကျွန်တော့်ကို အရေးတကြီး ဖုန်းဆက်ခေါ်လိုက်တဲ့ကိစ္စက' ဟု ကျွန်တော် စကားစလိုက်သည်။ ထိုအခါ ဦးမုတ်က...

'တခြားမဟုတ်ပါဘူး ကျုပ်အဘိုးလက်ထက် အနောက်ရိုးမတောနက်ထဲကနေ အင်တွဲတို့၊ ပုန်းညက်တို့ ထွက်ရှာရင်း ရခဲ့တဲ့ (မြွေတစ်ကောင်နဲ့တူတဲ့) ပေါက်နွယ်ဝင်ကွင်းထိုးတစ်ခု အိမ်ပြင်ဆောက်ရာက တွေ့ခဲ့လို့ဗျာ'

ဟု ဆို၏။

'ဘယ်လို အိမ်ပြင်ဆောက်တာလဲဗျ'

'ဒီလိုဆရာရေ... ကျုပ်တို့မွေးချင်းတစ်စု ပိုင်ဆိုင်တဲ့ ဘိုးဘွားပိုင် အိမ်ကြီးတစ်လုံးရှိတယ်ဗျ။ သက်တမ်းအားဖြင့်တော့ (၇၅)နှစ် အနည်းဆုံးရှိလိမ့်မယ်။

အဲဒီအိမ်ကြီးကနေ ကျုပ်တို့ညီအစ်ကို မောင်နှမတစ်တွေ အိမ်ထောင်အသီးသီးကျခဲ့ကြတာပေါ့။ ဒီတော့ နောက်ဆုံး အမေ၊ အဖေ အဘိုးအဘွားတွေပဲ ကျန်နေခဲ့တယ်လေ။

အဲဒါ တစ်နေ့က အဘိုးက အိမ်ပြင်ဆောက်ချင်တယ်ဆိုပြီး ကျုပ် လာခေါ်တယ်။ တိုတိုပြောရရင် ဖျက်ဆောက်ရော၊ ဖျက်တော့ အဘိုး မီးခံတိုက်နားမှာ ဟောဒီ ပေါက်နွယ်ဝင်ကွင်းထိုးကို တွေ့တယ်ပေါ့။

'ဒါနဲ့ အဘိုးကို အကျိုးအကြောင်း စပ်စုကြည့်မိတယ်။ အစကတော့ အဘိုးက အတိတ်မေ့သလို ငွေ့ပျောက်သလို လုပ်နေသေးတယ်။ ကျုပ်ကလဲ

www.burmeseclassic.com

အရှမ်းသိချင်တာနဲ့ မရမက အတင်း မေးတာပေါ့။

အမယ်...ကျုပ်အဘိုးက မပြောဘူး ဆရာ။ အဲ... မပြောမဖြစ် ပြောတော့လဲ တိုင်ပတ်နေတယ်။ သတိမေ့လို့ မပြောတာ မဟုတ်ဘူးနော်။

ကျုပ်က ယုတ္တိမရှိတဲ့ အကြောင်းအရာတွေကို အယုံအကြည်နည်းမှန်း အဘိုးက သိလို့ မပြောပြတာပါ။

အတန်ကြာတော့မှ စီးပွားတက်အောင်၊ ဈေးရောင်းကောင်းအောင်၊ လာဘ်ရွှင်အောင်၊ ရစရာ ကြွေးမြီးပြန်လာဆပ်အောင်၊ မီးကွင်းအောင်၊ ရန်စွယ်မာန်စွယ်ကင်းအောင် အန္တရာယ်ကင်းအောင် ဆောင်ထားခဲ့တာလို့ မဖြေချင့် ဖြေချင် ပြန်ဖြေခဲ့တယ်ဗျို့'

'ခင်ဗျား အဘိုးအနေနဲ့ကော ဒီနွယ်ဝင်ကွင်းထိုးက အကျိုးပြုတာ၊ လက်တွေ့ကြုံဖူးတာရှိခဲ့ရဲ့လား'

'ရှိတယ်ဗျ၊ အဘိုးတို့ အဘွားတို့က ဆန်၊ ဆီ၊ ဆားနဲ့ ကုန်မျိုးစုံ ရွာမှာရောင်းတယ်။ ဈေးသည်ဆိုတော့ အကြွေးလဲ ရောင်းရတာပေါ့။

ဒါပေမယ့် ဈေးရောင်းကောင်းသလို အကြွေးလဲ မဆုံးခဲ့ဘူးဆိုဘဲ။ ဒါဟာ ဒီ ပေါက်နွယ်ဝင်ကွင်းထိုးကြောင့်လို့ ပြောတာပဲ ဆရာရေ'

'ခင်ဗျား အဘိုးအဘွားတွေက အသက်ကြီးလှရောပေါ့'

'ကြီးပါသကောဗျာ၊ အသက်(၉၀-၈၅)နှစ်တွေ'

'ဒါဆို ဈေးရောင်းတော့'

'ကျုပ်တူမလေးတွေက အကူအညီ ပေးပါတယ်။ အဘိုးအဘွားက နားမည်ခံရုံသက်သက်ပါ။ ကဲပါ... ငါ့ဆရာရယ် ဓာတ်ပုံရိုက်မှာဖြစ်လဲ အဘိုးအိမ် သွားရိုက်ကြရအောင်လေ'



◆ ပေါက်သပ်မှ နွယ်ဝင်ကွင်းထိုးအား တစ်ဖက်မှ တွေ့မြင်ရပုံ

ထို့ကြောင့် ကျွန်တော်သည် ဦးမုတ်ခေါ်ဆောင်ရာနောက်သို့ လိုက်သွားရင်း ပေါက်နွယ်ဝင်ကွင်းထိုးကို ထောင့်စုံအသီးသီးကနေ မှတ်တမ်းတင်ယူခဲ့ပေသည်။

ထို့ပြင် အသင့်ပါလာသော ပေကြိုးဖြင့်လည်း တိုင်းယူလိုက်၏။ အလျား ၁ ပေ ၈ ဒဿ"၊ လုံးပတ်-၇" နီးပါးခန့်ရှိပြီး ရွှေပိန်းချထားသည်ကို တွေ့ရှိရပေသည်။

**ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ**

**သာထက်စော်(မကွေး)**



www.burmeseclassic.com

www.burmeseclassic.com

ဂါမဏိကျော် (ဝိဇ္ဇာဓရ)
စစ်ကိုင်း

# ထွက်သွားသူများ ပြန်လာစေသော

ယတြာအစီအရင်



တစ်နေ့သောအခါတွင် ကျွန်ုပ်သည် စိတ်အေးလက်အေး ထိုင်နေခိုက်၌...

'အာစရိကို ချောင်းလိုက်ရတာဗျာ၊ လေး,ငါးရက်ရှိနေပြီ။ အခုမှ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့တော့တာပဲ'

ဟု ပြောရင်း ကိုသံချောင်းဆိုသူသည် ဝင်ရောက်လာလေတော့၏။

'လာ... ကိုသံချောင်း။ ကျုပ်ဖြင့် ဘယ်ခရီးမှ မသွားရပါဘူးဗျာ။ ခင်ဗျားနဲ့ မဆုံဖြစ်လို့ နေမှာပါ'

ဟု ကျွန်ုပ်မှ ပဋိသန္ဓာရပြု၍ ခေါ်လိုက်ရ၏။

'တစ်ခုလောက် အကူအညီတောင်းချင်လို့ အာစရိရ'

ဟု ကိုသံချောင်းမှ စကားစလိုက်လျှင်...

'သိပါတယ်ဗျာ ကျုပ်ကို လေး,ငါးရက် ချောင်းနေတယ် ဆိုကတည်းက အညီအညီလိုအပ်မှန်း ကဲ...ပြောပါဦး'

ဟု ကျွန်ုပ်မှ စကားထောက်လိုက်လျှင်...

'အိမ်က ထွက်သွားတဲ့သူကို ပြန်ခေါ်တဲ့ ယတြာလေးလုပ်ချင်လို့ အာစရိရ အဲဒါ'

ဟု ကိုသံချောင်းမှ ပြောလေ၏။

'အင်း... အဲဒါက ရပါတယ် ဘာနေ့သားသမီးလဲ'

ဟု မေးလျှင် "တနင်္ဂနွေသမီး အာစရိ"ဟု ပြောလေ၏။

'ဘယ်အရပ်၊ ဘယ်ဒေသ ထွက်သွားတာလဲ သိလား'

ဟု မေးလျှင်...

'ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိဘူး'

ဟု ပြောလေ၏။

'ဟင်...ခင်ဗျားဟာကလဲ သေချာပြောစမ်းပါဦးဗျ၊ အိမ်ကနေ ဘယ်လိုပုံနဲ့ ထွက်သွားသလဲဆိုတာ'

ဟု ကျွန်ုပ်မှ မေးလျှင်...

'ခက်တော့ ခက်တယ် အာစရိရ... ကောင်မလေးက ခိုးရာလိုက်သွားတာ'

'ဒါများဗျာ အချိန်တန် ပြန်အပ်လိမ့်မပေါ့ ကောင်လေးမိဘတွေဆီ ဝင်တွေ့လိုက်လေ'

'ကောင်လေးက ဒီက မဟုတ်ဘူး'

'ဟုတ်လား ဘယ်ဒေသကလဲ'

'အဲဒါလဲ မသိဘူး အာစရိရေ'

'ကောင်းရောဗျာ၊ ဒါနဲ့များ ဘယ်လိုကြုံကြိုက်ကြပြီး ခိုးရာလိုက်သွားရတာလဲ'

ဟု ကျွန်ုပ်မှ မေးလျှင်...

'အဲဒါကြောင့် ခက်ပါတယ်လို့ပြောနေ၊ အင်တာနက်ထဲက တွေ့ပြီး လိုက်ပြေးတာတဲ့ အာစရိရေ'

ဟု ကိုသံချောင်းမှ ပြောလေ၏။

'အင်း... ခင်ဗျားဟာကလဲ ဒီတိုင်းဖြင့် ဟုတ်ပါ့မလားဗျာ၊ နိုင်ငံရပ်ခြားတွေများ ရောင်းစားခံရရင် ဘယ့်နှယ်လုပ်ပါ့'

ဟု ကျွန်ုပ်မှ ပြောသောအခါ...

'အဲလိုတော့ ဟုတ်ဟန်မတူဘူးဗျ၊ ကလေးမက သူ့အဒေါ်တွေဆီကို ဖုန်းလှမ်းဆက်သတဲ့။

သူ့အတွက် မပူကြပါနဲ့၊ ကောင်းကောင်းမွန်မွန် ရှိပါတယ်ဆိုတဲ့ အကြောင်း တစ်ခွန်း,နှစ်ခွန်းပြောပြီး ဖုန်းချသွားတယ်လို့ ပြောတယ်၊ နှစ်ခါလောက် ဆက်တယ်လို့ ပြောပါတယ်။

လိုက်သွားတာကလဲ (၁၅)ရက်လောက်ရှိပြီဆိုတော့ဗျာ။ မိဘတွေခမျာ စိတ်ပူပြီး ဘယ်လုပ်ရမှန်းမသိ၊ ဘယ်လိုက်ရမှန်းမသိနဲ့ပေါ့။ ဒါကြောင့် ယတြာအစီအရင်လေးနဲ့ အထောက်အကူ ရလိုရငြားပေါ့ အာစရိရာ၊ လုပ်ပေးစမ်းပါဦး'

ဟု ကိုသံချောင်းမှ အကူအညီတောင်းခံလာပါသဖြင့် ကျွန်ုပ်သည် အိမ်မှထွက်သွားသူ ပြန်လာစေတတ်သော ယတြာအစီအရင်ကို ပေးလိုက်ရပေတော့သည်။

---

ထွက်သွားသူ ပြန်လာစေရန်

---

ယတြာအစီအရင်များ

---

'ပြန်စေလိုမှု တြိစတု ဉာဏ်[illegible]ရှာ'



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အင်္ဂလိပ်စကား အဆိုအမိန့်အရ...

<u>**တနင်္ဂနွေသားသမီးပြန်လာစေလိုသော်**</u>

၁။ **တနင်္ဂနွေနံ ဆုန်း/အင်သားကို ချွန်၍ ပန္နက်တိုင်ပြုလုပ်ပါ။ လိုအပ်သောစာကို အပြန်ရေးပါ။**

**တနင်္ဂနွေနေ့တွင်=** တိုရန်းအခါဖြစ်သော ညနေ(၃)နာရီမှ (၄)နာရီ (၃၀)မိနစ်အချိန်အတွင်း၌...

စတုရန်းဖြစ်သော= တောင်အရပ်သို့ မျက်နှာမူပြီးလျှင် အိမ်၏ လှေကားခြေရင်း သို့မဟုတ် တံခါးပေါက်အခြေတွင် ပန္နက်သားကို မြေကြီးထဲ ဝင်အောင် ရိုက်ပါ။ နှုတ်မှလည်း လိုအပ်သော ဆုတောင်းဆိုပေးပါ။

ဥပမာ...



၂။ **သံချေး/သွပ်ပြားပေါ်တွင်** တနင်္ဂနွေသားသမီး၏ ဝတ်ခဲ့သောအကျီနှင့် အုန်းသီးဆန် အနည်းငယ်ထည့်၍ ယင်းနေထိုင်ခဲ့သော အိပ်ရာ စသည်တွင် ထားပြီး အကျီနှင့် အုန်းသီးဆန်ကို မွှေနှောက်ပေးပါ။ နှုတ်မှလည်း လိုအပ်သလို ပြောဆိုပေးပါ။ မကြာမကြာလုပ်ပေးပါ။

(၇)ရက် သို့မဟုတ် တစ်လအတွင်း ပြန်လာခြင်း၊ သီတင်းစကား ကြားရခြင်းတို့ ဖြစ်တတ်ပါသည်။

<u>**တနင်္လာသားသမီးများ ပြန်လာစေလိုသော်**</u>

၁။ တနင်္လာနံဖြစ်သော **ကံ့ကော်သား** စသည်ကို ချွန်၍ ပန္နက်တိုင်ပြုလုပ်ပြီး လိုသောစာကို အပြန်ရေးပါ။

တနင်္လာနေ့ **ညနေ(၃)နာရီမှ (၄)နာရီ (၃၀)မိနစ်အချိန်**အတွင်း၌ အနောက်အရပ်သို့ မျက်နှာမူပြီး အိမ်၏ လှေကားခြေရင်း သို့မဟုတ် တံခါးအခြေတွင် ပန္နက်သားကို မြေကြီးထဲ ဝင်အောင် ရိုက်ပါ။ နှုတ်မှလည်း လိုရာဆုတောင်းပေးပါ။

၂။ ဒန်အိုးထဲတွင် တနင်္လာသားသမီး ဝတ်ခဲ့သော အကျီနှင့် ကြာဆံ အနည်းငယ်ထည့်၍ ယင်း၏ အိပ်ရာ စသည်ပေါ်တွင်ထားပြီး အကျီနှင့် ကြာဆံတို့ကို မွှေနှောက်ပေးပါ။ နှုတ်မှလည်း လိုရာဆုတောင်း ပြောပေးပါ။

(၇)ရက် သို့မဟုတ် တစ်လအတွင်း ပြန်လာခြင်း၊ သီတင်းစကား ကြားရခြင်း ဖြစ်ပါလိမ့်မည်။

<u>**အင်္ဂါသားသမီးများ ပြန်လာစေလိုသော်**</u>

၁။ **အင်္ဂါနံဖြစ်သော စီး(ဆီး)သားကို ချွန်၍ ပန္နက်တိုင်ပြုလုပ်ပြီး လိုသောစာကို အပြန်ရေးပါ။**

အင်္ဂါနေ့တွင် ညနေ(၃)နာရီမှ (၄)နာရီ (၃၀)မိနစ်အချိန်အတွင်း၌ မြောက်အရပ်သို့ မျက်နှာမူပြီး အိမ်၏ လှေကားခြေရင်း သို့မဟုတ် တံခါးပေါက်အခြေတွင် ပန္နက်တိုင်ကို မြေကြီးထဲ ဝင်အောင် ရိုက်ပါ။ နှုတ်မှလည်း လိုရာဆုတောင်းပေးပါ။

၂။ **အင်တုံ သို့မဟုတ် အိုးထဲတွင်** အင်္ဂါသားသမီး ဝတ်ဆင်ခဲ့သော အကျီနှင့် ဆန် အနည်းငယ်ထည့်၍ ယင်းတို့၏ အိပ်ရာ စသည်တွင် ထားလျက် အကျီနှင့် ဆန်တို့ကို မွှေနှောက်ပေးပါ။ နှုတ်မှလည်း လိုရာ ဆုတောင်းပါ။

<u>**ဗုဒ္ဓဟူးသားသမီးများ ပြန်လာစေလိုသော်**</u>

၁။ ဗုဒ္ဓဟူးနံ လင်းလွန်းသား စသည်ကို အဖျားချွန်ပြီး ပန္နက်တိုင်ပြုပြီး လိုသောစာကို အပြန် ရေးပါ။

ဗုဒ္ဓဟူးနေ့ ညနေ(၃)နာရီမှ (၄)နာရီ (၃၀)မိနစ်အချိန်အတွင်း၌ အနောက်တောင်ထောင့် အရပ်သို့ မျက်နှာမူပြီး အိမ်၏ လှေကားခြေရင်း သို့မဟုတ် တံခါးပေါက်အခြေတွင် ပန္နက်တိုင်ကို မြေကြီးထဲ ဝင်အောင် ရိုက်ပါ။ နှုတ်မှလည်း လိုရာ ဆုတောင်းပေးပါ။

၂။ ခြင်းထဲတွင် ဗုဒ္ဓဟူးသားသမီး ဝတ်ဆင်ခဲ့သော အကျီနှင့် လက်ဖက် အနည်းငယ်ထည့်ပြီး ယင်း၏ အိပ်ရာ စသည်တွင် ထား၍ အကျီနှင့် လက်ဖက်ကို မွှေနှောက်ပေးပါ။ နှုတ်မှလည်း လိုရာ ဆုတောင်းပေးပါ။

<u>**ကြာသပတေးသားသမီးများ ပြန်လာစေလိုသော်**</u>

၁။ ကြာသပတေးနံ ပိတောက်သား စသည်ကို ချွန်၍ ပန္နက်တိုင်ပြုပြီး လိုသောစာကို အပြန်ရေးပါ။

ကြာသပတေးနေ့ ညနေ(၃)နာရီမှ


စာမျက်နှာ (၁၈၃) သို့

www.burmeseclassic.com

www.burmeseclassic.com

# ချောင်းများဆရာတော်ကြီး

ချီးမြှင့်တော်မူသော

# ဥာဏ်ပညာ ထက်မြက်စေသော

## ဂါထာတော်

မောင်ခြောက်ကျော် (အိမ်မဲ)

ကျွန်တော်သည် အင်းစမပညာရပ်များ၊ ဂါထာတော်၊ မန္တန်တော်များ ရွတ်ဖတ်ရခြင်းကို အလွန် ဝါသနာထုံသည်။ ဂါထာမန္တန်များကို ရွတ်ပွားရာ၌လည်း ဗုဒ္ဓဘုရားရှင်၏ နှုတ်တော်ထွက် ဓမ္မစကားများ၊ ဘုရားရှင်အား ရှိခိုးသော ပါဠိတော်၊ ဂါထာတော်များကိုသာ ရွတ်ပွားပါသည်။


ကိုယ်တိုင် လက်တွေ့ကျင့်ကြံ ရွတ်ပွားပြီး အကျိုးထူးလျှင် မိတ်ဆွေ အပေါင်းအသင်းများကို မျှဝေလေ့ရှိသည်မှာ ကျွန်တော့်အကျင့် ဖြစ်သည်။

ကျွန်တော်သည် ဂါထာမန္တန်များကို မျှဝေလေ့ရှိသလို တစ်ဖက်ကလည်း ဂါထာတော်များကို စမ်းသပ်ခြင်း၊ ဂါထာတော် အထူးအဆန်းများကို ရှာဖွေခြင်းလည်း ပြုပါသည်။

တစ်နေ့ ကျွန်တော်တို့၏ **အိမ်မဲမြို့နယ်မှ ချောင်းများဆရာတော်ကြီး ချီးမြှင့်သော ပညာဉာဏ် ထက်မြက်စေသည့် ဂါထာတော်တစ်ပုဒ်**ကို ကျွန်တော် ရရှိလိုက်ပါသည်။

ဂါထာတော်ကို ရရှိထားသော်လည်း ဂါထာ၏ အစွမ်းသတ္တိကိုတော့ မစမ်းသပ်ရသေးပါ။

တစ်ခုသော နေ့လယ်ခင်းလေး၌ ကျွန်တော်သည် အလုပ်နားနေစဉ်



ဘဒ္ဒန္တသီရိ (ညောင်ကန့်ချောင်းများဆရာတော်၊ ဓမ္မာကာရာမကျောင်းတိုက်)

သဖြင့် စာရေးရန် အိမ်ရှေ့ သရက်ပင်အောက်၌ စားပွဲနှင့် ကုလားထိုင်ချကာ စာရေးရန် စိုင်းပြင်းနေစဉ် အိမ်ရှေ့ခြံဝမှ...

'ဆရာ...ဆရာ့တပည့်ကို ကယ်ပေးပါဦးဆရာ'

နေပူထဲ အဲဆောင်းမပါ ချွေးသံတလုံးလုံးနှင့် ခြံထဲကို လှမ်းဝင်လာသူ



www.burmeseclassic.com

www.burmeseclassic.com

က ဒေါ်ခင်ဝင်း။

ဒေါ်ခင်ဝင်းဆိုတာက ကျွန်တော့်အိမ်၌ ကျူရှင်သင်စဉ်က ကျွန်တော့်ဆီမှာ ကျူရှင်တက်ခဲ့သော ကျောင်းသူလေး မရွှေဇင်ဝင်း၏အမေ ဖြစ်သည်။ ကျွန်တော်က ထိုင်ခုံတစ်လုံး ချပေးကာ...

'ထိုင်ပါဦး ဒေါ်ခင်ဝင်းရဲ့၊ ရွှေဇင်ဝင်းက ဘာဖြစ်နေလို့ ကျွန်တော်က ကယ်ရမှာလဲ'

ဟု မေးလိုက်ရာ ဒေါ်ခင်ဝင်းက...

'ဒီလိုဆရာရေ...ဆရာ့တပည့်က စာမေးပွဲကြီးနီးမှ ကျက်ပြီးသားစာတွေ မေ့ကုန်လို့တဲ့။ ပြီးတော့ စာကျက်မယ်လို့ စားပွဲထိုင်လိုက်တာနဲ့ ခေါင်းမူးလာပြီး စာကျက်လို့ မရလို့တဲ့။ အဲဒါ စိတ်ညစ်ပြီး တငိုငိုတရယ်ရယ် ဖြစ်နေလို့ ဆရာရေ'

ကျွန်တော်က...

'ဟာ...ဒေါ်ခင်ဝင်းရယ် စိုးရိမ်စိတ်ကြီးရင် ဒီလိုပဲ ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ခေါင်းမူးတယ်ဆိုတာကတော့ ပဌယာဂ အနှောင့်အယှက်လဲ ဖြစ်နိုင်တယ်။ အိပ်ရေးပျက် ပင်ပန်းလို့လဲ ဖြစ်နိုင်တယ်။

ကျွန်တော်က ပဌယာဂကုဆရာမဟုတ်တော့ အတိအကျ မသိဘူး။ ဒါပေမယ့် ကျွန်တော် ရထားတဲ့ဂါထာတစ်ပုဒ် ရွတ်ကြည့်ဖို့ ပေးလိုက်မယ်။ ချောင်းဖျားဆရာတော်ကြီးရဲ့ ပညာဉာဏ် ထက်မြက်စေတဲ့ ဘုရားရှိခိုးဂါထာဖြစ်တယ်။ ယုံယုံကြည်ကြည်နဲ့ ရွတ်ကြည့်ပါလို့ ကျွန်တော့်တပည့်ကို ပြောလိုက်ဗျာ'

ဟု ပြောရင်း အောက်ပါ **စက္ခုငါးပါးဂါထာတော်လေး**ကို ရေးပေးလိုက်လေသည်။

**စက္ခုငါးပါးဘုရားရှိခိုးဂါထာဇဗော်**

"ပုဗ္ဗစက္ခု ဓမ္မစက္ခု ဉာဏစက္ခု သမန္တစက္ခု ဒိဗ္ဗစက္ခု စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏ဘုရား"

နောက်ရက်၌ ဒေါ်ခင်ဝင်းနှင့် လမ်းမှာဆုံသဖြင့် ရွှေဇင်ဝင်း၏ အခြေအနေ မေးကြည့်ရာ စာတွေလည်း ပြန်မှတ်မိလာကြောင်း၊ ခေါင်းလည်း မမူးတော့ကြောင်း ဝမ်းသာဖွယ် သတင်းစကားကြားသိရလေသည်။

ထို့ကြောင့် စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းစေရန်နှင့် ပညာဉာဏ် ထက်မြက်စေရန် စိတ်ရည်သန်လျက် ရေးသားတင်ပြလိုက်ပါသည်။

**ချောင်းဖျား ဆရာတော်ကြီးအား ရှိသေစွာ ဦးခိုက်လျက်...**

*သဗ္ဗေ ဗုဒ္ဓါ နမာမိ*

**မောင်အောင်ကျော်**
**(အိမ်မဲ)**

**ဝန်ခံချက်** ။ ။ ကျွန်တော်သည် ဤစက္ခုငါးပါးဂါထာတော်ကို ဓမ္မဒါနပြုသော စာရွက်ကလေးတစ်ရွက်မှ အမှတ်မထင် ရရှိခဲ့ခြင်းဖြစ်သည်။

ဓမ္မဒါနအလှူရှင်ဖြစ်သော K+K မိသားစုအားလည်း မမြင်ဘူးသော်လည်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**စာမျက်နှာ (၁၈၁)မှ အဆက်**

(၄)နာရီ(၃၀)မိနစ်အချိန်အတွင်း၌ အရှေ့မြောက်ထောင့်အရပ်သို့ မျက်နှာမူပြီး အိမ်၏ လှေကားခြေရင်း သို့မဟုတ် တံခါးပေါက်အခြေတွင် ပန်းကိုက်တိုင်ကို မြေကြီးထဲဝင်အောင် စိုက်ပါ။ နှုတ်မှလည်း လိုရာဆုတောင်းပေးပါ။

၂။ ဇလုံထဲတွင် ကြာသပတေးသားသမီး ဝတ်ခဲ့သောအကျီနှင့် မြေပဲဆန်အနည်းငယ်ထည့်ပြီး ယင်း၏ အိပ်ရာ စသည်တွင်ထား၍ အကျီနှင့် မြေပဲဆန်ကို မွှေနှောက်ပေးပါ။ နှုတ်မှလည်း လိုရာ ဆုတောင်းပြောပေးပါ။

**သောကြာသားသမီးများ ပြန်လာစေလိုသော်**

၁။ သောကြာနံ သီးသား စသည်ကို အဖျားချွန်၍ ပန်းကိုက်တိုင်ပြုပြီး လိုရာစာကို အပြန်ရေးပါ။

သောကြာနေ့ ညနေ(၃)နာရီမှ (၄)နာရီ (၃၀)မိနစ်အချိန်အတွင်း၌ အရှေ့အရပ်သို့ မျက်နှာမူပြီး အိမ်၏လှေကားခြေရင်း သို့မဟုတ် တံခါးပေါက်အခြေတွင် ပန်းကိုက်တိုင်ကို မြေကြီးထဲ ဝင်အောင် စိုက်ပါ။ နှုတ်မှလည်း လိုရာဆုတောင်းပေးပါ။

၂။ လင်ပန်းထဲ၌ သောကြာသားသမီး ဝတ်ဆင်ခဲ့သော အကျီနှင့် သရက်သီး အနည်းငယ်ထည့်၍ ယင်း၏အိပ်ရာ စသည်တွင်ထားပြီး အကျီနှင့် သရက်သီးကို မွှေနှောက်ပေးပါ။ နှုတ်မှလည်း လိုရာဆုတောင်း ပြောပေးပါ။

**စနေသားသမီးများ ပြန်လာစေလိုသော်**

၁။ စနေနံ ထန်းသား စသည်ကို အဖျားချွန်၍ ပန်းကိုက်တိုင်ပြုပြီး လိုရာစာကို အပြန်ရေးပါ။

စနေနေ့ ညနေ(၃)နာရီမှ (၄)နာရီ (၃၀)မိနစ်အချိန်အတွင်း၌ အရှေ့တောင်ထောင့်အရပ်သို့ မျက်နှာမူပြီး အိမ်၏ လှေကားခြေရင်း သို့မဟုတ် တံခါးပေါက်အခြေတွင် ပန်းကိုက်တိုင်ကို မြေကြီးထဲဝင်အောင် စိုက်ပါ။ နှုတ်မှလည်း လိုရာ ဆုတောင်းပေးပါ။

၂။ ပုံးထဲတွင် စနေသားသမီး ဝတ်ဆင်ခဲ့သော အကျီနှင့် ထန်းလျက် အနည်းငယ်ထည့်ပြီး ယင်း၏ အိပ်ရာ စသည်တွင် ထားလျက် အကျီနှင့် ထန်းလျက်ကို မွှေနှောက်ပေးပါ။ နှုတ်မှလည်း လိုရာဆုတောင်း ပြောပေးပါ။

(၇)ရက် သို့မဟုတ် တစ်လအတွင်း ပြန်လာခြင်း၊ သတင်းစကား ကြားရခြင်းတို့ ဖြစ်တတ်ပါသည်။

**ဂါမဏိစော် (ဗိုလ်ရှုံ)**
**စစ်ကိုင်း**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

# လာဘ်လာဘ

## ရွှင်လန်းကြပါစေ




ဤလတွင် ငွေကြေးလာဘ်လာဘများ သက်လွှက်ရွှင်လန်းစေရန် ပြုလုပ်သင့်သော ယတြာအစီအစဉ်မှာ...

- **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ရက်အတွင်း မွေးဖွားသူ)** ရဲယိုညွန့်(၂)ညွန့်၊ ကံ့ကော်ညွန့်(၂)ညွန့်၊ အောင်သပြေ(၂)ခက်နှင့် သောက်တော်ရေ (၈)ခွက်တို့ကို အများကိုးကွယ်သည့် စေတီပုထိုးတစ်ဆူ၌ ဗုဒ္ဓဟူးနေ့တွင် စနေထောင့်မှ ကပ်လှူပါ။
- **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးဖွားသူ)** ကံ့ကော်ညွန့်(၁)ညွန့်၊ အုန်းလက်(၁)ရွက်၊ ဇီး(ဆီး)ညွန့်(၁)ညွန့်နှင့် ယပ်(သို့မဟုတ်) တံခွန်(ကြက်လျှာ)(၂)ခုတို့ကို ကြာသပတေးနေ့တွင် စေတီပုထိုးတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးဖွားသူ)**ကြက်ဥ,ဘဲဥ,ငုံးဥ စသည့် ရရာဥတစ်မျိုးမျိုး(၄)လုံး၊ ကျောက်ဖရုံယို(၄)ခု၊ သကြား(၄)ပန်းကန်နှင့် ဖယောင်းတိုင်(၁)တိုင်တို့ကို အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **ကရကဋ်ရာသီဖွား (ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးဖွားသူ)** ထန်းလျက်(၆)ခဲ၊ ပေါက်ပေါက်(၆)ပန်းကန်၊ သီဟိုဠ်ဆန်(၆)ပန်းကန်နှင့် ဆွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် ဘုရားစေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။
- **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးဖွားသူ)** ကြက်သွန်နီ(၃)ဥ၊ နှမ်းပျစ်(နှမ်းယို)(၃)ခု၊ ဆီး(ဇီး)ယို(၃)ပန်းကန်နှင့် သောက်တော်ရေ(၆)ခွက်တို့ကို အများပူဇော်သည့် စေတီပုထိုး၏ တနင်္လာဂြိုဟ်တိုင်တွင် စနေနေ့၌ ကပ်လှူပါ။
- **ကန်ရာသီဖွား (ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်း မွေးဖွားသူ)** နှင်းဆီပန်း(၅)ပွင့်၊ စံပယ်(၅)ကုံး(သို့မဟုတ်) ငှက်ပျောသီး(၅)လုံး၊ ထန်းလျက်(၅)ခဲနှင့် တံခွန်(ကြက်လျှာ)(၃)ခုတို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်းမွေးဖွားသူ)** အောင်သပြေ(၇)ခက်၊ ပိတောက်ညွန့်(၇)ညွန့်၊ သီဟိုဠ်ညွန့်(၇)ညွန့်နှင့် ဖယောင်းတိုင်(၅)တိုင်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်းမွေးဖွားသူ)** ပိတောက်ညွန့်(၁၀)ညွန့်၊ အုန်းလက်(၁၀)ရွက်၊ ဗာဒံညွန့်(၁၀)ညွန့်နှင့် ဆွမ်းထမင်း(၇)ပန်းကန်တို့ကို သောကြာနေ့တွင် ဘုရားစေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။
- **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက်အတွင်း မွေးဖွားသူ)** ပိတောက်ညွန့်(၅)ညွန့်၊ အုန်းလက်(၅)ရွက်၊ တမာညွန့်(၅)ညွန့်နှင့် သောက်တော်ရေ(၁၀)ခွက်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါထောင့်မှ ကပ်လှူပါ။
- **မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးဖွားသူ)**သပြေ(၃)ခက်၊ ဆီး(ဇီး)ညွန့်(၃)ညွန့်၊ ဥသျှစ်ညွန့်(၃)ညွန့်နှင့် တံခွန်(၅)လက်တို့ကို တနင်္လာနေ့တွင် ဘုရားစေတီတစ်ဆူ၌ တနင်္ဂနွေထောင့်မှ ကပ်လှူပါ။
- **ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက် အတွင်း မွေးဖွားသူ)**ဩဇာညွန့်(၆)ညွန့်၊ ရဲယိုညွန့်(၆)ညွန့်၊ သီဟိုဠ်ညွန့်(၆)ညွန့်၊ ဖယောင်းတိုင်(၃)တိုင်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးဖွားသူ)** သီဟိုဠ်ညွန့်(၈)ညွန့်၊ ပိတောက်ညွန့်(၈)ညွန့်၊ ခရေညွန့်(၈)ညွန့်နှင့် ဆွမ်းထမင်း(၆)ပန်းကန်တို့ကို စနေနေ့တွင် ဘုရားစေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူပါ။

ရရန်ရှိသော ငွေကြေး,လာဘ်လာဘများ အဟန့်အတားမရှိဘဲ လွယ်ကူလျင်မြန်စွာ ရရှိနိုင်ကြပါလိမ့်မည်။

**ထက်မင်းကျော်စွာ**

www.burmeseclassic.com



# နဂယ်နကွင်းပိတ်

## အစီအရင်တစ်နည်း

မောင်သန့်မြင့် (သငါ)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၂၈) နှစ်ပြည့် အမှတ်တရ အထူးထုတ် မဂ္ဂဇင်းမှ စာမျက်နှာ(၆၃)တွင် ဖော်ပြထားသော (လွယ်ကောင်းအောင်)၏ ကျည်လွှဲနဂယ် နကွင်းပိတ်အစီအရင်ကို ဒုတိယ ကမ္ဘာစစ်အတွင်း နေရာဒေသအလိုက် ရရာလက်နက်စွဲကိုင်ပြီး မျက်နှာဖြူ အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်များကို တော်လှန်ခဲ့ကြသော ဖောင်းပြင်မြို့နယ်မှ ဗိုလ်လယ်နှင့် ဗိုလ်ကျားတို့၏ နောက်လိုက် တော်လှန်ရေးရဲဘော်များအား ဆရာတော်ကြီးများမှ အမျိုးဘာသာအတွက် စီစဉ်ပေးခဲ့သော ကျည်လွှဲ၊ ကျည်ပြီး (ဓားနှင့် ထိုးလျှင် ဓားကျိုး၊ လှံနှင့် ထိုးလျှင် လှံခွေ၍ ပေါက်တူး၊ ပေါက်ဆိန်များဖြင့် ပေါက်လျှင်ပင် သံပုဆိန်များ အသွားပင် ပဲ့ကြေသည်)ဟု အာစရိယဓါဒ ကြားနာ သိရှိရပါသည်။

နဂယ် နကွင်းပိတ် အစီအရင်ကို အောက်ပါ နည်းဥပဒေသများ လုပ်ထုံးလုပ်နည်းများဖြင့် ပေစာပုရပိုက်မှ ဖတ်မှတ်မိသမျှ ပညာပါရမီအလို့ငှာ ဆရာကြီးအား မခြွင်းမချန် အမှန်တင်ပြအပ်ပါသည်။

**အစီအရင် စီရင်ပုံမှာ...**

### နက္ခတ် ခပတ်ရွေးခြင်း

❖ ငွေပြား၊ ကြေးပြား၊ ခဲမဖြူ၊ ခဲပြား၊ ရွှေပြား၊ သလွဲစင် စသည် တစ်ခုခုကို အပြေအပြစ် အညီအညာ ပြုထားခြင်း၊

❖ နက္ခတ်ခပတ်ကြုံသော နေ့ကောင်း ရက်မြတ်တွင် တိကျသော အခါချိန်နာရီတွင် စားပွဲခုံပေါ် ပိတ်ဖြူခင်းပြီး သိဒ္ဓိအပါး(၃၀) အကျယ်(၁၀၀၀) ဆောင်တော်မူကြကုန်သော ပေါက်ဆရာ (၆၉)ပါး အမှူးထား၍ ပွဲတစ်ပွဲ ငှက်ပျော(၂)ဖီး၊ အုန်းသီး(၁)လုံး သပြေမြေစာ ပန်းကတော့(၂)ခု၊ ကွမ်း(၂)ယာ၊ လက်ဖက်ကို ဆီမပါဘဲ ဆားနှင့်နယ်၍ ပိန္နဲရွက်နှင့်ဖြစ်စေ၊ ငှက်ပျောရွက်ဖြင့်ဖြစ်စေ ကတော့ချွန်ထိုးပြီး ထည့်ကာ (၂) ကတော့ ငှက်ပျောတစ်ဖီးစီတွင် ထိုးညှပ်ပြီး ဖယောင်းထုပ်၊ အမွှေးတိုင်အစုံထည့်ပြင်ထားပြီး ပွဲစောင့်နတ်များ၊ ဂိုဏ်းစောင့်များကို ပင့်ဖိတ်ကြပါသည်။

မိမိသုံးမည့် ကညစ်၊ မျဉ်းတံ၊ အင်းပြား ပြုလုပ်မည့် တစ်ခုခုသော အပြားများကို မွဲပြင်ထားသော စားပွဲပေါ် တင်ထားရပါသည်။

စီရင်ပေးမည့်ပုဂ္ဂိုလ်သည် လူဖြစ်လျှင် အနည်းဆုံး ငါးပါးသီလ ခံယူဆောက်တည် မြဲမြံရမည်။ ရေမိုးသန့်စင်၍ သန့်ရှင်းသော အဝတ်အစားများ ဝတ်ဆင်ထားရပါမည်။

နက္ခတ်မိ၍ အချိန်စေ့သောအခါ **"တနချေခြင်း ပြုလုပ်ပါ"** အင်းချမည့်၊ အပြားရေးမည့်၊ ကညစ်သားမည့် မျဉ်းတံများကို အားလုံး စုကိုင်ထားပြီး...

'ဥုံ တနတန ဇာရတန၊ ဗျာယတန၊ အာကာတန၊ ပထဝီတန၊ တနကြီးတနငယ် တနသုံးဆယ်၊ ပြေဖြာပြေ ကျေဖြာကျေ' ဟု (၇)အုပ် အနည်းဆုံး ရွတ်ဖတ်တနချေပါ။ ပြီးလျှင် စီရင်မည့် အပြားပေါ်တွင် နဂယ်ကို တဆက်တည်း ခဲလည်းမပြတ်၊ ခဲကြောင်းလည်း မထပ်အောင် ရေးဆွဲ၍ နဂယ်ခြေမှ လက်ဝဲဘက်သို့ ဝဖြစ်အောင် တစ်ဆက်တည်း ရေးပါ။ (* * *)



**ရေးသောအခါ ရွတ်ဆိုရန်မှာ...**

'အဂ္ဂရ'မဈေ့ဥ္စာနေ တိဋ္ဌတု'

ဟု ရွတ်ဆိုပါ။

ဤရေးသားခြင်း အစီအစဉ်ပြီးလျှင် နဂယ် မျက်နှာပြုရာ လက်ယာဘက်မှနေ၍ နဂယ်၏ လက်ဝဲကျောဘက်သို့ လိပ်ပါ။

**ရွတ်ဆိုရန်ဂါထာ...**

'ဥုံကုဒ္ဒိပိဓ ဒိဗ္ဗသောတ သမ္မတနာန ပိဋကနာန ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယ



www.burmeseclassic.com

www.burmeseclassic.com

ဥဒါယံ လှုံ့လှုံ့ ဂန္ဓ နံ့ သဗ္ဗတိဋ္ဌဖု မဟာ ရက္ခ နံ့ ကြိုင်ကြောကြိုင်း ဝင်ကြောဝင်'

ဟု (၉)ခေါက်စေအောင် ဦးခံ၍ မပြတ်ရွတ်ပါ။

## အသက်သွင်းရန်

'ဝဏ္ဏတေန ဝဏ္ဏတော ဘဿဝရော ဝရတောနဝ၊ ဝဏ္ဏတောဝရံ ဌာနေ ခေမတော ဝရံ သမ္ဗနဝ၊ ဝမ္ဗနာနိနေန ဝကပ္ပိတာ နလိမ္ပနွော ဝဿဓာဿ နဝ'

ဤဂါထာနှင့် (၃၇)အုပ်ရွတ်ပြီး အသက်သွင်းပြီးနောက်....

'ဦး မဟာဝိဇ္ဇာဖလ ဖယိဖယိ ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော၊ အာယုအသစ် ဝင်ကြောဝင် ချဉ်းကြောချဉ်း ကပ်ကြောကပ်'

ယင်းဖြင့်(၇)အုပ်မှ (၃၇)အုပ်ထိ ရွတ်နိုင်သည်။

'ဘုန်းတော်လွန်တရာ ကြီးမြတ်တော်မူကုန်သော ကကုသန် ကောဏဂုံ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဘုရားငါးဆူ မိန့်တော်မူချက် ဦးထိပ်ရွက်၍ အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်တိုင်၊ မြောက်မှုတ်ကြယ်၊ အထက်ပြဟ္မာနှစ်ဆယ် အောက်တစ်ယူဇနာ ဖီလာထုတ်ခြင်း အန္တရာယ်ပြောအတွင်း မိုးတင်းနေကြကုန်သော... ဗုဒ္ဓဝိဇ္ဇာ၊ ဓမ္မဝိဇ္ဇာ၊ သံဃဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ၊ စမဝိဇ္ဇာပေါင်းများစွာနှင့် အောဒေါနတ်တကာတို့ ငါ၏လက်တွင်း လက်ဖွဲ့အင်းကို သွင်းကြ အသက် ရင်မှာဖက်၍ ရင်ငွေ့အင်း သက်ဝင်စေသောဝ...

ဦးဗုဒ္ဓသိဒ္ဓိ ဓမ္မသိဒ္ဓိ သံဃသိဒ္ဓိ ယတာဝိတသိဒ္ဓိ အာစရိယသိဒ္ဓိ ပြဟ္မာသိဒ္ဓိ ဒေဝါသိဒ္ဓိ သိဒ္ဓိအပေါင်း ထောင်းသောင်းများစွာ ထက်ကြောထက် သက်ကြောသက် *[(၇)ခေါက်]*

## လက်ဖွဲ့အင်းချုပ်ပုံ

'ဦးဘုရားလေးဆူ လေးဝလှနှင့် လေးဆူဘုရား လေးတံခါး လေးပါးရှင်ပင် ချုပ်ကြောချုပ်' *[(၇)ခေါက်]*

ဤနယ်ကွင်းပိတ် အစီအရင်သည် အာစရိယ ဆရာမြတ်၏ အဆိုအမိန့်အရ ဗုဒ္ဓ၏ မျက်မှောင်တော်နှစ်သွယ် အလယ်မဟုတ် တည့်တည့်မှ (ဥဏ္ဏာလုံ) မွေးရှင်တော်ကို ညွှန်းဖော်ပါသည်။

အင်းသက်သွင်းသော ဂါထာ၏ တပိုင်းတစ ဖော်ပြရလျှင် "**ဝဏ္ဏတော ဝရံ ဌာနေ ခေမတောဝရံ သမ္ဗနဝ**" စာပိုဒ်သည် ထင်ရှား၏။ **ဝရံ**-မြတ်သော၊ **ဝဏ္ဏတော**-အရောင်အဆင်းသည်၊ **ဌာနေ**-(ဌာန၌) မျက်မှောင်နှစ်သွယ် အလယ်တည့်တည့်၊ **ဌာနေ**-ဌာနကို ကြည့်သဖြင့် လည်းကောင်း၊ **ဝရံ**-မြတ်သော၊ **ခေမတော**- ဘေးရန်ကင်း ပြတ်ခြင်းကိုလည်းကောင်း၊ **သမ္ဗနဝ**-ကိုးပါးသော ဂုဏ်တော်ဖြင့် တင့်တယ်ခြင်းများကိုသာ ညွှန်းဆိုဖော်ပြ၍ အဆုံးတိုင်း နဝဖြင့် အဆုံးသတ်ထားသဖြင့် ယုံမှားဖွယ်မရှိပါ။


**နဝ**-သည် ကိုးကို ဖော်ပြသလို ရှေးကဝိအမော် ဆရာတော်များနှင့် ရသေ့ရှစ်သောင်း၊ လောကီဝိဇ္ဇာ ဆရာမြတ်များသည် အမျိုးဘာသာ သာသနာကို ထိပါးနှောင့်ယှက်ကြသည့် နယ်ချဲ့သမား မိစ္ဆာများကို ကာကွယ်တွန်းလှန်ရာ၌ **န** နှင့် **ဝ** ကို တစ်ဆက်တည်းပြု၍ အဆောင်အကာ အပြီးအဆီးအဖြစ် သုံးခဲ့ကြသည်ဟု ပေပုရပိုက်မှ လည်းကောင်း၊ လောကီအင်းအင်္ဂတ္တိရိကျမ်းများမှ လည်းကောင်း သင်ကြားသိသမျှ (အမျိုးဘာသာ သာသနာအတွက် သေနတ်မီးပေါက် ဗုံးစိန်အမြောက် မကြောက်ရကြောင်း)ရေးသားပါသည်။

ကျန်ရှိသော နက္ခတ်ခေတ်၊ အကာန်းအမြင်၊ တိထီငါးရစ်၊ မိတ္တူဥပါဒ်၊ ဝရသိဒ္ဓိ အစရှိသော ရွေးချယ်စိစစ်ပုံ၊ စီရင်မည့်နေ့အချိန်၊ မိတ်ရန် ဥဒ်ါသိဒ် စသည်များကို လက်လှမ်းမှီသမျှ တင်ပြပါမည်။

ဤနယ် နကွင်းပိတ် ဥဏ္ဏာလုံ မွေးရှင်တော်တံဆိပ်တည်ရာ ဥဇ္ဇိသခေါ် နဖူးသင်းကျစ်တော်သည် လည်းကောင်း၊ အထက်ဝဲယာ လေးဆူစွယ်တော်၊ ညှပ်ရိုးတော်တို့သည် အသမ္ဘိန္န မပြိုကွဲ မပျက်စီး၊ မီးလည်း မလောင်၊ ငါးထောင်သာသနာ ခွန့်ရှည်ကြာအောင် တည်ရှိနေပေသည်။

နနှင့်ဝကို အဆုံးသတ်၍ ရှေးဆရာမြတ်များ စီတန်းထားသော နကွင်းပိတ်၊ ဝဏ္ဏတေန ဂါထာသည် ဝ,တစ်ဆယ့်သုံးလုံး ဂါထာဟုလည်း ပဗ္ဗာဇနီယ ကမ္မဝါတွင် ဖော်ပြသည်။

ပေမူ၌ကား နကိုးလုံးကို အထူးပြု၍ ဥဇ္ဇိသ မျက်မှောင်နှစ်သွယ်မှ ရုပ်ပွားတော်မြတ်များတိုင်းတွင် ဖူးတွေ့မြင်ရသော ဝရံဌာနေ မြတ်သောဌာန (* * *)



ဤသို့ ဝဏ္ဏတော အရောင်းအဆင်းတို့သည် တပြောင်ပြောင်လင်း၍ အောင်မြင်ခြင်းသို့ ရောက်တော်မူပါသည်။

## ကိုယ်တွေ့

ဤဝဏ္ဏတေန ဝ,တစ်ဆယ့်သုံးလုံး ဂါထာ၊ ဝ,အထူးပြု န,ကိုးခု ဤဂါထာကို သက်သတ်လွတ်စား။ အနိမ့်ဆုံး ငါးပါးသီလမှ (၉)ပါးသီလ လုံခြုံစွာ စောင့်ထိန်းပြီး ဝေနေယျာအများ အထူးမေတ္တာပို့ပြီး နေ့နေ့ညည တတ်အားသမျှ တစ်လမျှလောက် မကျိုးမပေါက် မပျောက်မကြား ရွတ်ပွား ပူဇော်ကြည့်





www.burmeseclassic.com

www.burmeseclassic.com

ပါ။

အရှင်မြတ်များ၊ အရှင်ဘုရားနှင့် မိတ်ဆွေများ ပကတိမျက်စိနှင့် မြင်အောင် ရှေ့မှောက်သို့ ရောက်လာပါလိမ့်မည်။ ထူးမြတ်သော လောကီ လောကုတ္တရာအကျိုးများ လက်တွေ့ခံရပါလိမ့်မည်။

ဤဂါထာတော်ကို ရွတ်ပွားပူဇော်နေရုံမျှဖြင့် ဤရွေ့ ဤမျှ ပြောမပြနိုင်အောင် အကျိုးကျေးဇူးများသော နယ်၊ နကွင်းယယ် လက်ဖွဲ့အင်းအား ကောင်းမြတ်သော နေ့နက္ခတ်၊ အချိန်နာရီ၊ တိထီ၊ အမြင့်အကန်း၊ နက္ခတ်၊ ဝင်ထွက်ခပတ်၊ လာဘ မြိတ္တ ဝရသိဒ္ဓိစသော နည်းနိဿယ ကျနသေချာရွေး၍ ပုဒ်ပါဒ်အက္ခရာ ဂါထာစုံနိယ၊ ဂရု လဟု၊ ဒီဃရဿ မကျန်ရအောင်၊ ဩြောင်းလည်း တစ်ဖုံ ဦးလည်းတစ်မျိုး အွမ်၊ ဟ္ဂွမ်လို့တာဝ ဌာန်ခြောက်ဝဖြင့် ရွတ်ခါဟိန်းဟောက် သိဒ္ဓိမြောက်အောင်။ စီရင်ပြီးခါ သစ်စေးသုံးထပ်။ ရွှေသုံးထပ် ချလတ်အပြီး...

သျှောင်ကြီးဖွေ့ ဦးကြီး၊ သျှောင်မှာစီး၊ စစ်ထွက်ယောက်ျား မှန်လေငြားကာ၊ ယာလက်မောင်းမှာ စီးလေပါရှင့်...

နှုတ်မာငံ့ထား ဟိန်းဟောက်ငြားကာ။ မကောင်းတစ္ဆေ စုန်းကဝေတို့ ပြေးလေဝေးကွာ၊ ရန်သူမှာကား တုန်ချောက်ချား၍ တစ်ပါးစကြဝဠာ လွင့်လေရာသည်...

နဝဂုဏ လက်ဖွဲ့အင်းမြတ် တန်ခိုးတတ်၏ ကြီးမြတ်တေဇော် အာနုဘော်ရှင့် သီလသီတင်း မွေးယုံ့သင်းခြင်းသည် ထက်အောက် ဝဲယာ လေညာ လေတင်မရှိ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးမြင်သော မျက်စိ၊ မှုန်ဝါးခြင်းမရှိ တည်ကြည်သော စိတ်နှလုံးသား ရှိသူအား အများကိုးစားယုံကြည်ကြ၏။

သီလ၊ သမာဓိ၊ ပညာရှိ ပုဂ္ဂိုလ် အပေါင်းလုပ်သမျှ အမှားမရှိသကဲ့သို့ နောင်လာနောက်သား အမျိုးလေးပါးတို့ လွယ်ကူစွာ အသုံးချ ပြုလုပ်နိုင်စေခြင်းငှာ သိထားမှတ်မိသမျှ ဖော်ပြအပ်ပါသည်။

**မောင်ဘုန်းမြင့်(သင်္ဂ)**


စာမျက်နှာ (၁၈၈)မှ အဆက်

**လက္ခဏာပဒေသာ အခြေပြများ**

**၁။ ပုံစံ(၂) လက်ဖဝါးပုံစံပိုင်ရှင်က** အိုးအိမ်ခြံမြေ ဥစ္စာပစ္စည်း ပိုပြီး တောင့်တင်း ပြည့်စုံကြွယ်ဝပါမယ်။ ဘာကြောင့်လဲဆိုရင်...

လက်ဖဝါးပေါ်မှာ ဗိမာန်သင်္ကေတ မင်္ဂလာအခြံအရံဟာ တိုးတက်မှုလမ်း၊ ကံလမ်းတွေနဲ့ ထင်ရှားစွာ ပေါင်းစပ်တည်ရှိနေလို့ဖြစ်ပါတယ်။ **ပုံစံ(၁)မှာတော့** ဗိမာန်သင်္ကေတမပီပြင်ပျက်ယွင်းနေတယ်။

* * *





**၂။ ပုံစံ(၂)လက်ဖဝါးပုံစံပိုင်ရှင်က**ပိုပြီး ခန္ဓာကိုယ်တောင့်တင်းကြံ့ခိုင် သန်စွမ်းကျန်းမာမယ်။

**ဘာကြောင့်လဲဆိုရင်** ပုံစံ(၂)မှာ အသက်လမ်းကြောင်းနဲ့ အရံအသက်လမ်းကြောင်း ထင်ရှားအားကောင်းလှပါတယ်။ **ပုံစံ(၁)မှာတော့** အဖျက်လမ်းတွေနဲ့ အားမကောင်းပါဘူး။


* * * →

**၃။ ပုံစံ(၂)လက္ခဏာရှင်က အိုဓာတာ ကောင်းမယ်။**

ဘာကြောင့်လဲဆိုရင် ပုံစံ(၂) အသက်လမ်းကြောင်း အောက်ခြေ လက်ဖနောင့်ပိုင်းမှာ**ငါးကြင်းမြီးသင်္ကေတ မင်္ဂလာအခြံအရံ ထင်ရှား**ပါရှိလို့ ဖြစ်ပါတယ်။




* * *




*(လက္ခဏာပညာသုတ တိုးပွားကြပါစေ)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင် (ဥပဒေဘွဲ့)**

**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



ပုံစံ-၁

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ

လွတ်မှာ ရေးမှတ်ပြီးမှသာ လက္ခဏာပဟေဠိအဖြေနဲ့ ညှိနှိုင်းတိုက်ဆိုင် ကြည့်ကြဖို့ အကြံပေးအပ်ပါတယ်။

ပဟေဠိ အဖြေများကို
စာမျက်နှာ(၁၈၇)တွင်ကြည့်ရှုပါရန်။



ပုံစံ-၂

ယခုလအတွက် ဖော်ပြပေးလိုက်တဲ့ ဘယ်လက်ဖဝါး ပုံစံ(၁)နဲ့ ပုံစံ(၂) ပိုင်ရှင်များကတော့ အမျိုးသမီးများ ဖြစ်ကြပါတယ်။

ထိုလက်ဖဝါးပုံစံများကို သေချာစွာ လေ့လာကြည့်ရှု စစ်ဆေးပြီးမှ အောက်ပါ လက္ခဏာပဟေဠိ မေးခွန်းများကို ဖြေကြည့်ကြပါ။

၁။ အိုးအိမ်ခြံမြေ ဥစ္စာပစ္စည်း ဘယ်သူက ပိုပြီး တောင့်တင်းပြည့်စုံမလဲ၊ ဘာကြောင့်လဲ။

၂။ ဘယ်သူကပိုပြီး ခန္ဓာကိုယ်တောင့်တင်း ကြံ့ခိုင်သန်စွမ်းကျန်းမာမလဲ၊ ဘာကြောင့်လဲ။

၃။ ဘယ်သူက အိမ်ထောင်ရေးကောင်းမလဲ၊ ဘယ်သူက အိမ်ထောင်ရေးညံ့မလဲ၊ ဘာကြောင့်လဲ။

မိမိတို့ရဲ့အဖြေကို သီးခြားစာရွက်



www.burmeseclassic.com

www.burmeseclassic.com

စီးပွားတိုးတဲ့

# အိမ်စောင့်ဂမုန်း

ရွှေဇော်ခမြ
မောင်ကြည်သိန်း



◆ အိမ်စောင့် ဂမုန်းပုံ

ဂမုန်းသည် ဆေးဖက်ဝင်ကာ ဝိဇ္ဇာ ရေကျင့်စဉ်လမ်းသို့လည်း ပို့ဆောင်ပေးနိုင်၏။ ဥစ္စာစည်းစိမ် ချမ်းသာနှင့်လည်း ပြည့်စုံစေနိုင်သည့်ပြင် စုန်းနတ်၊ ပယောဂဘေး၊ ရန်သူဘေးများကိုလည်း ကာကွယ်ပေးတတ်သည်။

လောကီပညာ၏ ဆန်းကြယ်မှုကို ဖန်တီးပေးရာတွင် ဂမုန်းအပါအဝင်ဖြစ်သည်ဟု နက္ခတ္တဝေဒ ပညာရှိကြီး ပျဉ်းမနားဦးသန်းမောင်၏ (၇-၁၀-၁၉၆၂)နေ့စွဲဖြင့် ရေးသားထုတ်ဝေသည့် မြန်မာ့အလင်း သတင်းစာမှ ကောက်နုတ်ချက်ကို မှတ်သားဖူးပါသည်။

'ဂမုန်းပင်တစ်ပင်ဟာ စိုက်ပျိုးပြီးလို့ သက်တမ်း(၃)နှစ်ကြာမှ အသက်ဝင်လေ့ရှိတယ်။ ဒီချိန်မှာမှ "သိဒ္ဓိ"တစ်မျိုးက အကျိုးပေးနိုင်စွမ်းရှိတယ်။ ဂမုန်းပင်တိုင်းမှာ ထူးခြားတဲ့ သိဒ္ဓိတစ်မျိုးမျိုးတော့ ရှိစမြဲပါ။ ဒါပေမဲ့ စိုက်ပျိုးတဲ့ပုဂ္ဂိုလ်မှာ သီလမရှိရင်လဲ အကျိုးမပေးဘူး'

လို့ **ရွှေတောင်မြို့မှ "တိလောက" ဆရာတော်ကြီးမှ** မိန့်ကြားခဲ့တာကို နာယူမှတ်သားရပါတယ်။

ဂမုန်းပင်ဟာ ပရိယာယ်လဲ ကြွယ်ဝတယ်၊ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ဆိုရင် ဂမုန်းပင်တွေ အရွက်ကျသွားလေ့ ရှိပါတယ်။ ဒါဟာ ဂမုန်းပင်ရဲ့ သဘာဝ အစစ်အမှန်ဖြစ်တယ်။

သဘာဝအစစ်အမှန်ကို သွေဖည်ခဲ့ရင်ဖြင့် သဘာဝလွန်ဖြစ်ရပ်ဟု မှတ်သားရပါမည်။

ဤ သဘာဝလွန်ဖြစ်ရပ်များရှိသည့် ဂမုန်းပင်ကို ပြပါဆိုလျှင် စာရေးသူအိမ်မှာစိုက်ထားသည့် **"အိမ်စောင့်ဂမုန်း"** ပင်ကို ပြရပေမည်။

အဘယ်ကြောင့်မူ ဤဂမုန်းပင်သည် အရွက်မကြွေ ၊ အသီးမသီး ထာဝရ စိမ်းစိုနေသည့် ဂမုန်းပင်ထူးဖြစ်နေသောကြောင့် ဖြစ်သည်။

ဤဂမုန်းပင် ရရှိပုံကလဲ အတော်လေး ခက်ခဲပြီး ဆန်းကြယ်လှပါတယ်။ စာရေးသူရဲ့မိဘများနဲ့ ယောက္ခမများသည် ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် တရုတ်မော်ရွာလေးတွင် တောင်ယာ လယ်လုပ် အိမ်ဆိုင်ရောင်းဘဝဖြင့် ဝမ်းရေးအတွက် နီစွဲရူဝ ရုန်းကန်လှုပ်ရှားနေရစဉ်ဘဝမှာ စာရေးသူရဲ့ မိဘနှစ်ပါး ကွယ်လွန်သွားခဲ့သည်မှာ ရာစုနှစ် နှစ်ခုပင် ကျော်လာခဲ့ပါပြီ။ သို့သော် ယနေ့တိုင် လွမ်းဆွတ် သတိတရ ရှိနေဆဲရယ်ပါ။

မိဘနှစ်ပါး မရှိတော့သည့်နောက် ဖနီးသည်ခင်ဝင်းရီ၏ မိဘနှစ်ပါးဖြစ်သည့် ဦးထွန်းရီ၊ ဒေါ်ခင်ရီတို့ဟာ စာရေးသူ၏မိဘများသာ ဖြစ်ခဲ့ရပါသည်။

မိဘများဟာ ကုန်ရောင်းကုန်ဝယ်တစ်ဖက်၊ လယ်ယာတစ်ဖက်နှင့် အလုပ်များနေစဉ် တစ်နေ့ စာရေးသူမိခင်ဒေါ်ခင်ရီမှ စာရေးသူတို့ရွာ တရုတ်မော်မှ အနောက်ဘက်ကမ်းမှာရှိသည့် ကြံခင်းမြို့သို့ ကုန်ဝယ်ရန်အသွား အိမ်တစ်အိမ်ကို ရောက်လျှင် ထူးခြားသော အပင်တစ်ပင်ကို တွေ့လျှင်...

'ဒါ ဘာပင်လို့ ခေါ်သလဲကွယ့်'

ဒီအခါမှာ အိမ်ရှင်အမျိုးသမီးမှ...

'ဒီအပင်ကို အိမ်စောင့်ဂမုန်းလို့ ခေါ်ပါတယ်။ ကျွန်မရဲ့ဘိုးဘွားများ လက်ထက်ကတည်းက စိုက်ပျိုးလာတာပါ'

'ဘာများ ထူးခြားမှုရှိသလဲကွယ်'

'ထူးခြားတာကတော့ အိမ်မှာ စီးပွား လာဘ်လာဘတိုးပွားစေတယ်။ ရှိပြီးဥစ္စာ မြဲမြံစေတယ်၊ အိမ်ကိုလဲ ကာကွယ်စောင့်ရှောက်ပေးတယ်၊ သူခိုးဓားပြရန်ကလဲ ကာကွယ်ပေးပါတယ်'

'ဟာ...ဒါဆိုရင် အဒေါ်ကို နည်းနည်းလောက်၊ ဖွဲ့ပေးပါလားကွယ်'

 စာမျက်နှာ (၁၉၁) သို့

www.burmeseclassic.com

www.burmeseclassic.com

# ရွှေပေါ်ကျွန်းဆရာတော်ကြီး

ချီးမြှင့်သော တောင်းကျိုးချမ်းသာ ဖွင့်လန်းတာ

# ဘေးရန်ကင်းပါစေ

ကျင့်စဉ်

ဇော်ကြန့်ခံ
(ကျိုက်လတ်)



အန္တရာယ်ကင်းဂါထာတော်

အနန္တ ဗုဒ္ဓ တေဇေန
အနန္တ ဓမ္မ တေဇေန
အနန္တ သံဃ တေဇေန၊
အသောကံ ဝိရဇံ ခေမံ
တောရံ ကောဓံ ဝိနဿန္တု။

အနက်

**အနန္တ ဗုဒ္ဓ တေဇေန**–အဆုံးမရှိသော ဘုရားတန်ခိုးတော်ကြောင့်၊ **အနန္တ ဓမ္မ တေဇေန**–အဆုံးမရှိသော တရားတန်ခိုးတော်ကြောင့်၊ **အနန္တ သံဃ တေဇေန** – အဆုံးမရှိသော သံဃာ့တန်ခိုးတော်ကြောင့်၊ **အသောကံ** –စိုးရိမ်ခြင်းမရှိ **ဝိရဇံ**–ကိလေသာမြူ အညစ်အကြေးမရှိ **ခေမံ**–ဘေးရန်ကုန်ခန်း ငြိမ်းချမ်း၏၊ **တောရံ**–ခိုးသူသည်၊ **ကောဓံ**–အမျက်ဒေါသသည်၊ **ဝိနဿန္တု** – ပျောက်ပျက်စေကုန်သတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏိဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

ခရီးသွားစရာရှိသောအခါ၊ အလုပ်အကိုင် အကြံအစည်ရှိသောအခါ မိမိတို့သွားရမည့် ခရီးလမ်းကို အာရုံညွှတ်၍ သုံးခေါက်ရွတ်ဆိုပြီး ဘယ်ဘက်ကစ၍ လှမ်းသွားပါ။ အန္တရာယ်ကင်း ဘေးရှင်းပါလိမ့်မည်။

အထက်ပါ ဘေးအန္တရာယ်ကင်း၍ အောင်မြင်မှု အဖြာဖြာ ရရှိစေသော **ရွှေပေါ်ကျွန်း ဆရာတော်ကြီး၏** ကျင့်စဉ်ကို ရွှေပေါ်ကျွန်းဝေနေယျများ အားလုံးလိုလို သိရှိပြီး အကျွမ်းတဝင်ရင်းနှီးနေပြီး ဖြစ်ပါလိမ့်မည်။

ယုံယုံကြည်ကြည် လက်တွေ့ကျင့်ကြံနေကြသူများ အနေဖြင့်လည်း ဘေးအန္တရာယ်ကင်းဝေးကာ အဆင်ပြေအောင်မြင်မှုတို့ကို ရရှိခံစားသုံးဆောင်နေကြရမည်မှာ မလွဲကေန်ပင် ဖြစ်ပါလိမ့်မည်။

ထိုကျင့်စဉ်လေးသည် ရွှေပေါ်ကျွန်း သာသနာပြုစခန်းရှိ ပွဲတော်ရက်များ၊ မြို့နယ်အသီးသီး၏ စပေါင်းကံထပ်ပွဲများ၊ ဘုရားထီးပွဲတင်များ... အစရှိသည်တို့တွင် မကြာမကြာ ဓမ္မဒါနပြုရိုက်နှိပ်ထုတ်ဝေလေ့ ရှိသောကြောင့် လူသိအလွန်များသော ကျင့်စဉ် ဖြစ်ပါသည်။

ကျွန်ုပ်ကိုယ်တိုင်လည်း ဤကျင့်စဉ်လေးဖြင့် သွားခဲ့သမျှ ခရီးစဉ်များ၊ အိမ်မှအထွက် ခရီးစဉ် အစမှ အဆုံး၊ အိမ်ပြန်ရောက်သည်အထိ အန္တရာယ်တစိ ဘေးမရှိဘဲ ထိုက်သင့်သော တရားသဖြင့်ဖြစ်သော အောင်မြင်မှုတို့ကို ရရှိကြုံတွေ့ခဲ့ရသည်မှာ အကြိမ်ပေါင်းများစွာ မရေတွက်နိုင်၊ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်ပါသည်။

တိုတိုတုတ်တုတ် လိုရင်းတိုရှင်းဖြင့် အလွန်အစွမ်းထက်သော ကျင့်စဉ်လေး ဖြစ်ပါသည်။

သို့သော်... ဤကျင့်စဉ်လေးသည် လတ်တလော အသုံးတည့်အောင် လိုရင်းတိုရှင်း ထုတ်ပေးထားသော ကျင့်စဉ် ဖြစ်ပါသည်။

ဤကျင့်စဉ်၏အကျယ် အပြည့်အစုံကို ကျွန်ုပ်သည် **ရွှေပေါ်ကျွန်း ဆရာတော်ကြီး၏ တပည့်ကြီးဖြစ်သော ဆရာဦးလှစိန်ထံမှ မထင်မှတ်ဘဲ ရရှိခဲ့၍ သိရှိမှတ်သားခဲ့ရပါသည်။**

ထိုကျင့်စဉ် အပြည့်အစုံသည် ရွှေပေါ်ကျွန်း ဝေနေယျများတွင်ပင် သိထားသူ အလွန်နည်းပါးနေလိမ့်မည်ဟု ယူဆထင်မြင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် မသိရှိသေးသော ဝေနေယျအဟောင်းများ၊ ဝေနေယျ အသစ်များနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိထားစေရန် ရည်ညွှန်း၍ အန္တရာယ်ကင်းကာ ကောင်းကျိုးချမ်းသာ ပွင့်လင်းစေသော ဤကျင့်စဉ်ကို ရေးသားဖော်ပြပေးလိုက်ပါသည်။

<u>စရဏကျင့်စဉ်</u>

အနန္တ ဗုဒ္ဓ တေဇေနာ၊
အနန္တ ဓမ္မ တေဇေနာ၊
အနန္တ သံဃ တေဇေနာ၊
အသောကံ၊ ဝိရုဠ်၊ ခေမံ၊
စောရံ၊ ကောဓံ၊ ဝိနဿန္တု။

ဤဂါထာကို ညအိပ်ရာဝင် (၉) ခေါက်၊ နံနက်အိပ်ရာထ (၉)ခေါက်၊ မွန်းတည့်(၉)ခေါက်အားဖြင့် တစ်နေ့လျှင် (၂၇)ခေါက် ရွတ်ဆိုပါ။

ခရီးသွားလာစရာရှိသော အခါတို့၌လည်းကောင်း၊ စကားပြောဆိုစရာရှိသောအခါလည်းကောင်း မိမိတို့ ဆန္ဒရှိသလောက် ဖြည်းဖြည်းမှန်မှန် ရွတ်ဆိုပေးပါ။

အန္တရာယ်ကင်း၍ ကောင်းကျိုးချမ်းသာ ပွင့်လင်း၍ လာပါလိမ့်မည်။ ယုံကြည်မှုအင်အား ကောင်းစွာထား၍ ကြိုးစားကျင့်ဆောင်ပါ။

**အထူးအားဖြင့် တနင်္ဂနွေ၊ စနေ၊ တနင်္လာ သားသမီးတို့သည်** မိမိတို့ဆိုင်ရာ မွေးနေ့ကစ၍ (၇)ရက်ပြည့်အောင် ကုန်းသတ္တဝါတို့၏ အသွေးအသားကို စားသောက်ခြင်းမှ ရှောင်ကြဉ်ပြီး နံနက်အိပ်ရာထအချိန် အထက်ပါ ဂါထာကို ပုတီးတစ်ပတ်ရအောင်စိပ်ပါ။

**အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး သားသမီးတို့သည်** မိမိတို့ဆိုင်ရာ မွေးနေ့စကာ၍ (၇)ရက်ပြည့်အောင် ကုန်းသတ္တဝါတို့၏ အသွေးအသားများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ပြီး နံနက်အိပ်ရာထအချိန် အထက်ပါ ဂါထာကို ပုတီးတစ်ပတ်ရအောင် စိပ်ပါ။

မိမိအိမ်ရှိ ဘုရားအိုးတစ်လုံးလုံး၌ သပြေပန်းစိုက်၍ (၇)ရက်ပြည့်အောင် လှူဒါန်းထားပါ။ မန်းညီးလျှင် ပန်းလှယ်ပါ။ ရေကို နေ့စဉ်လှယ်ပါ။

**သောကြာ သားသမီးတို့သည်** မိမိတို့ဆိုင်ရာ မွေးနေ့ကစ၍ (၇)ရက်ပြည့်အောင် ကုန်းသတ္တဝါတို့၏ အသွေးအသားများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ပြီး နံနက်အိပ်ရာထအချိန် အထက်ပါ ဂါထာကို ပုတီးတစ်ပတ်ရအောင် စိပ်ပါ။

နံနက်အိပ်ရာထ ဖယောင်းတိုင် (၅)တိုင်၊ ည(၇)နာရီ ဖယောင်းတိုင် (၅)တိုင်အားဖြင့် တစ်နေ့ တစ်နေ့လျှင် (၁၀)တိုင် ထွန်း၍ (၇)ရက်ပြည့်အောင် ပူဇော်ပါ။

**ဆရာတော်**
**စေတော်ဝင်ကျောင်း**
**ရွှေပေါက်ကျွန်း**

***ကောင်းမှု အကြောင်းပြု တောင်းဆုပြည့်ပါစေ၊***

**အောင်နန္ဒစံ(ကျိုက်လတ်)**

**စာမျက်နှာ (၁၈၉)မှ အဆက်**

'ဘိုးသွား လက်ထက်ကတည်းက စိုက်ပျိုးလာလို့ ဘယ်သူ့မှ မပေးရဘူးလို့ မှာထားလို့ မပေးနိုင်ပါဘူး။ စိတ်မရှိပါနဲ့ရှင်'

အမေက အိမ်ပေါ်မှအဆင်း အိမ်ရှင်သူဌေးအမျိုးသားမှ မျက်စိမှိတ်ပြပြီး ပြန်ရန် ပြောလိုက်တယ်။

အမေလဲ ဖမ်တော်ဆိပ်ဆင်းပြီး ဖမ်တော်ပေါ်လဲ တက်ရော ဆိုင်ကယ်နဲ့ သူဌေးရောက်လာပြီး တစ်ထွာခန့်ရှိတဲ့ ဂမုန်းကိုင်းလေး ပေးလာပါတယ်။ သူဌေးမှ...

'ခိုးစိုက်မှ သီဒ္ဓိထူးတာ'

လို့ ရယ်ကျဲကျဲပြောပြီး ပြန်သွားပါတော့တယ်။

စာရေးသူအမေ ဒေါ်ခင်ရီ ဝမ်းသာအားရယူလာပြီး စိုက်ပျိုးပါတော့တယ်။

"အကျိုးပေးတော့ အကြောင်းထင်" ဆိုသကဲ့သို့ အပင်လဲ စိမ်းစိမ်းစိုစို ဝေဝေဆာဆာလဲ ဖြစ်လာရော အဲဒီနှစ်ကျမှာပဲ ဆန်ဈေးတွေကောင်း၊ စပါးဈေးတွေ၊ မြေပဲဈေးတွေ ကောင်းလာပြီး တစ်ဟုန်ထိုး စီးပွားတက်ခဲ့ပါတယ်။

ယခုအခါ တရုတ်မှော်ရွာမှာ နံပါတ် (၁)နေရာ ယူထားပါတော့တယ်။

၂၀၁၂ ခုနှစ်မှာ ရွာကနေ ရွှေတောင်မြို့၊ ကြာနီကန်ရပ် တည်ကုန်းရွာမကို အပြီးပိုင် ပြောင်းရွှေ့လာခဲ့ပါပြီ။

ဒါပေသိ မွေးရပ်မြေ အကျိုးပေးတဲ့ ရွာလေးကို ၂၀၁၄ ခုနှစ်၊ ပြာသိုလမှာ ရပ်ရွာသာရေးနာရေး လူငယ်အဖွဲ့ကို လှူနာတင်ကားတစ်စီး သွားရောက် လှူဒါန်းခဲ့ပါတယ်။

တရုတ်မှော်ရွာ ဆိုတာကလဲ နယ်နယ်ရရ မဟုတ်ပါဘူး။ ရှေးဟောင်းသမိုင်းဝင် ရွာလေးတစ်ရွာပါ။

စာရေးသူအမေမှ ပျိုးပြီးသား အပင်တစ်ပင်ပေးလိုက်ရာ ယခုအခါ သုံးပင်ပွားနေပါပြီ။ အပင်ပွားသကဲ့သို့ စာရေးသူ စီးပွားရေးလဲ တိုးပွားလာခဲ့ပါတယ်။

ဒါကြောင့်မို့ ဂမုန်းပါသနာရှင် အပေါင်းလဲ စီးပွားဥစ္စာ ဒီရေအလား တိုးပွားစေရန် စိုက်သင့်တဲ့ဂမုန်း၊ မစိုက်သင့်တဲ့ ဂမုန်းများ ရွေးချယ်ပြီး စိုက်ပျိုးခြင်းအားဖြင့် ကျန်းမာချမ်းသာစေကြောင်း စေတနာကောင်းဖြင့် တင်ပြရင်း...

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ၊***

**ရွှေမှော်မြေ မောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက် ထီ ဆုကြီးများ ဆွတ်ခူးနိုင်ဖို့





စက်တင်ဘာလတွင် ဖွင့်လှစ်မည့် **ထီဆုကြီး**များနှင့် နီးစပ် ကံထူးနိုင်ကြစေရန် ၂၊ ၅၊ ၀၊ ၆ဂဏန်းခြေများကို ၈၊ ၈၊ ၀၊ ပ အက္ခရာများဖြင့် တွဲဖက်၍ ကံစမ်းပါ။

ဂဏန်းအပူးအထပ်အလိုရှိပါက ၂၊ ၅၊ ၀၊ ၆ဂဏန်းများအနက် နှစ်လုံးအထက်ပိုမိုပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။

မိမိတို့မွေးဖွားသည့် ရာသီအလိုက် ကံအခွင့်အလမ်းများ အသုံးချလိုပါက

* * *

| မွေးလရာသီ | ဂဏန်း | အရောင် | အရပ် | ကံပွင့်နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီ မတ်၂၁မှဧပြီ၂၀ | ၈ | ပြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေ သားသမီး | ဗုဒ္ဓဟူး သားသမီး |
| ပြိဿရာသီ ဧပြီ၂၀မှမေ၂၀ | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူး သားသမီး | ကြာသပတေး သားသမီး |
| မေထုန်ရာသီ မေ၂၀မှဇွန်၂၀ | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး သားသမီး | အင်္ဂါ သားသမီး |
| ကရကဋ်ရာသီ ဇွန်၂၀မှဇူ၂၀ | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာ သားသမီး | ဗုဒ္ဓဟူး သားသမီး |
| သိဟ်ရာသီ ဇူ၂၂မှဩ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ သားသမီး | စနေ သားသမီး |
| ကန်ရာသီ ဩ၂၂မှစက်၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ သားသမီး | တနင်္ဂနွေ သားသမီး |
| တူရာသီ စက်၂၂မှအောက်၂၂ | ၉ | ဖြူ | အရှေ့မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး သားသမီး | ကြာသပတေး သားသမီး |
| ဗြိစ္ဆာရာသီ အောက်၂၃မှနို၂၀ | ၇ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး သားသမီး | သောကြာ သားသမီး |
| ဓနုရာသီ နို၂၂မှဒီ၂၀ | ၀ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး သားသမီး | သောကြာ သားသမီး |
| မကာရရာသီ ဒီ၂၀မှဇန်၁၉ | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေ သားသမီး | တနင်္လာ သားသမီး |
| ကုံရာသီ ဇန်၂၀မှဖေ၁၈ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ သားသမီး | တနင်္ဂနွေ သားသမီး |
| မိန်ရာသီ ဖေ၁၉မှမတ်၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ သားသမီး | စနေ သားသမီး |

(**ဥပမာ။ ။ ကန်ရာသီဖွား**(ဩဂုတ်လ(၂၂)ရက်မှစက်တင်ဘာလ(၂၁)ရက်အတွင်းမွေးသူ)တို့သည် (၃)ဂဏန်း၊ ပန်းရောင်၊ တောင်အရပ် တနင်္လာနေ့၊ ခါးသောအရသာ သန္တာကျောက်မျက်တို့ကို ကံလာဘ်ပွင့်လင်းစေပါလိမ့်မည်။ စပ်တူထိုးလိုပါက သောကြာသားသမီးများနှင့် ကံစပ်ပါ။ တနင်္ဂနွေသားသမီးများနှင့် စပ်တူပူးပေါင်းခြင်းကို ရှောင်ပါ။

**ဤလတွင် ထီကံထူးနိုင်ကြသူတို့မှာ** စနေသားသမီးများ ဖြစ်ကြသည်။ အင်္ဂါနှင့် ဗုဒ္ဓဟူးသားသမီးတို့သည်လည်း အတန်အသင့် များပြားသော ဆုငွေများကို မျှော်လင့်နိုင်ကြသည်။

**ထီလက်မှတ်အရောင်းဆိုင်တည်နေရာကို ရွေးချယ်လိုပါလျှင်...**

လွင်ပြင်ကျယ်ဒေသ၊ မန်ကျည်းကစားကွင်းများအတွင်း လေဝင်လေထွက် ကောင်းမွန်ရာနေရာတို့တွင် ရောင်းချသောဆိုင်၊ ကား၊ စက်ဘီး၊ လှည်းများဖြင့်ရောင်းသော ရွေ့လျားအရောင်းဆိုင်၊ အလှပြင်ဆိုင်၊ ဆံသဆိုင် ဈေးရုံကြီးများအနီး ရောင်းချသောဆိုင်များကို ရွေးချယ်သင့်သည်။

**ထီကံမြှင့်ယတြာပြုလိုပါက...**

အဖြူကို အထက်တွင်ဆောင်၍ အနက်ကို နင်းကြမ်းပြုပါ။ ဥပမာ ဖိနပ်အနက် (သို့မဟုတ်) အနက်ရောင် စကပ်၊ ဘောင်းဘီ စသည် ဝတ်ဆင်၍ အကျႌ သို့မဟုတ် အပေါ်အကျႌ အဖြူရောင်ဝတ်ဆင်လျက် ကံစမ်းနိုင်ပေသည်။

***ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ...***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

ဘေးရန်ကင်းစေသော

အုံ့ကြွယ်

# အန္တရာယ်ကင်းတဲ့ဆိပ်ဖော်

မိရိုးဖလာကိုးကွယ်ရာ ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုတို့ ကူးပြောင်းရန်ဆိုသည်မှာ လွန်စွာခက်ခဲ၊ မလွယ်ကူသော ကိစ္စရပ်ကြီးတစ်ခုဖြစ်သည်။ တော်ရုံတန်ရုံ ယုံကြည်မှုဖြင့် ကူးပြောင်းရန်မှာလည်း မဖြစ်နိုင်ပါ။


မိမိပတ်ဝန်းကျင်၊ ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်၊ စေ့ဆော်တိုက်တွန်းအပ်သော မမြင်နိုင်သော စေတနာ၊ သဒ္ဓါတရား၊ တွေးခေါ်မျှော်မြင်အပ်သော ဆင်ခြင်တုံတရားစသည့် အချက်များ အားလုံးပေါင်းစုံမှသာလျှင် လူမှန်းသိစမှ ယုံကြည် ကိုးကွယ်လာခဲ့သည့် ဘာသာတရားကို ချက်ကွယ်ပြုကာ ဘာသာတစ်ခုအပေါ် သက်ဝင်ယုံကြည် ကိုးကွယ်မှုတစ်ရပ် ပေါ်ထွက်လာခဲ့ရမည်ဖြစ်သည်။

တစ်နည်းအားဖြင့် တိမ်မြုပ်နေသော အမြုတေလေးဘဝမှ အစိုင်အခဲထုထည်ကြီးများစွာဖြင့် ပေါ်ထွန်းလာခဲ့ရသည့် အလှတရားတစ်ပါးဟု ဆိုနိုင်ပါသည်။

ဤသို့ အလွန်တရာ ခက်ခဲစွာသော အရိုးစွဲဘာသာတစ်ခုမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလျက် ဘုရားအကာ၊ ကျောင်းအကာခံယူကာ ဂေါပက ဥက္ကဋ္ဌတာဝန်ကိုပါ ထမ်းဆောင်လျက်ရှိသူတစ်ဦး၏ ဘဝပုံရိပ်ကို တစ်စိတ်တစ်ပိုင်း တင်ပြလိုက်ရပါသည်။

*　　*　　*

မိုးရွာရွာ၊ နေပူပူ နေ့စဉ်နေ့တိုင်း ညနေ(၃)နာရီဝန်းကျင်တွင် ကျန်းမာ



ဝဲမြဘုရားနှင့် ကျောင်းဒါယကာအဖွဲ့ ဥက္ကဋ္ဌ
ကချင်တိုင်းရင်းသားကြီးဦးမရမ်ဂမ်

ရေး မကောင်းသော မောင်အုံ့အိမ်တွင် စုကာ ဘုရားစကား၊ တရားစကားနှင့် အခြားထွေရာလေးပါးစကားများ ပြောဖြစ်ကြသည်။

**ဦးထွန်းရွှေ**(ကျောင်းအုပ်ကြီး–ငြိမ်း) နှင့် **ဦးလှသောင်း**(သာသနာရေးမှူး–ငြိမ်း)၊ **ဦးမရမ်ဂမ်**(စစ်မှုထမ်းဟောင်း)၊ **ကိုဝင်းလှိုင်မြင့်**၊ ရုံးအုပ်ကြီး၊ ခလရ (...)တို့မှာ ပင်တိုင်ဆွေးနွေး၊ စကားစစ်ထိုးနေကြသူများဖြစ်သည်။

ရပ်ရေးရွာရေး၊ သာရေးနာရေး၊ ဘာသာရေးကိစ္စများ ပြောဖြစ်ခဲ့ကြသလို ကိုယ်နှင့် လက်လှမ်းမမှီသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ နိုင်ငံရေး နယ်ပယ်အထိ မိမိတို့သိသမျှ စကားလက်ဆုံ ပြောမကုန်အောင် ရှိခဲ့ကြသည်။

တစ်ခါတစ်ရံ ကိုယ်နှင့် ကိုယ့်မိသားစုဝင်တို့၏ အကြောင်းပါ ကောင်းကျိုးဆိုးပြစ် မခွင်းမချန် အကြံဉာဏ်ယူရင်း မိသားစုပမာ ဆွေးနွေးမေးမြန်း အကြံတောင်းခံခြင်းများလည်း ရှိကြသည်။

ကိုယ့်အကြောင်း၊ သူ့အကြောင်း ပြောကြရင်း ကနေ့ အလှည့်ကျသူမှာ ကချင်တိုင်းရင်းသားကြီး "**ဦးမရမ်ဂမ်**" ဖြစ်သည်။ အရပ်က အနေတော်၊ လုံးပုံက ဝဝဖိုင့်ဖိုင့်၊ အသားညိုညိုနှင့် သူ၏ မူပိုင် အမှတ်တံဆိပ်မှာ အစဉ်ပြုံးနေသော ဖြူဖြူဖွေးဖွေး သွားများကို အဝေးကပင် မြင်နိုင်သည်။

'နေစမ်းပါဦးဗျ ဦးမရမ်ဂမ်ရ... ခင်ဗျားနဲ့ ကျွန်တော် ခင်မင်နေတာ ဆယ်စုနှစ် နှစ်ခုလောက်ရှိပါပြီ။ ကျွန်တော် ဖားဆောင်းမြို့ ရောက်စ တွေ့တုန်းကတော့ ခင်ဗျားကို တချို့က "ကိုမရကန်"လို့ ခေါ်သလို တချို့က "ကိုမယားကန်"ခေါ်တာ ကြားရတယ်ဗျ၊ မေးမယ် မေးမယ်နဲ့ နှစ်တွေတာ ကြာလာတာ မမေးဖြစ်ဘူး။ အပန်းမကြီးရင် အခုရှင်းပြပါလားဗျာ'

မောင်အုံ့က စပ်စုမိသည်။

'ဦးအုံ့က မသိသေးဘူးထင်တယ်၊ အဲဒီနှစ်(၂၀)လောက် ကာလတုန်းက ကိုမရမ်ဂမ်က အခုလို မဟုတ်ဘူး။ အလွန် အရက်စွဲနေတဲ့ လူကြီးပေါ့ဗျာ။ အလုပ်ကတော့ ဘာမှ မရွေးဘူးဗျို့၊ ခြံထဲမှာ သစ်ပင်စိုက်၊ နယ်တကာလှည့်ဘူးခွံ၊ ပုလင်းခွံလိုက်ဝယ်၊ အဖွဲ့ရဲ့ တာဝန်ပေးချက်အရ မှောင်ခိုအရက်တွေဖမ်း၊ ယုတ်စွအဆုံး ကွမ်းယာဗန်းနဲ့ လည်ရောင်း၊ အိမ်တကာလိုက် ရေထမ်းသည်အထိ အလုပ်စုံလုပ်ခဲ့တဲ့လူ

www.burmeseclassic.com

ပေါ့ဗျာ။

ဆိုးတာက မူးလာရင် သွေးဆိုး တတ်တာပဲဗျ။ သူလိုချင်တာကို ရ အောင်ယူတယ်၊ အလကားတော့ မယူ ဘူး။ တန်ရာတန်ဖိုးငွေတော့ ပေးတယ်၊ သူလိုချင်တာ မရဘူးဆိုရင် လိုက်လိုက် ကန်တတ်လွန်းလို့ "မရကန်" လို့ ခေါ် ကြတာလေ'

အငြိမ်းစားကျောင်းအုပ်ကြီး ဦးထွန်း ရွှေက ဖောက်သည်ချသည်။

'ဒါဆို ကျွန်တော်ကြားဖူးတာ မှန်ပြီ ထင်တယ်၊ သူက မူးလာရင် အိမ်က မိန်းမ ဒေါ်ရင်စိန်ကို ဂျီကျတယ် ဆိုပဲဗျ။ ဒီဟင်းက မကောင်းဘူး၊ ငါက အမဲ သားကြိုက်မှန်းသိရက်နဲ့ ဘာလို့ မချက် တာလဲ၊ ကြက်သားဟင်းက ဆားငန် တယ်နဲ့ ကချီကဘက် အလွန်လုပ်တယ် ဆိုကိုး။

တစ်နေ့ ထမင်းပွဲမှာ ပန်းကန်တွေခွဲ လုံးကိုပါ ရန်လုပ်လို့ ဒေါ်ရင်စိန်က ကြောက်ကန့်ကန့်လိုက်တာ မှောက် ရက်လဲသွားတာမို့ "မယားကန်" ခေါ် တယ်ဆိုလား ကြားတာပဲဗျ'

ခလရ(...)မှ ရုံးအုပ်ကြီး ကိုဝင်းလှိုင် မြင့်က အရွှန်းဖောက်ဝင်ထုရှ်၍ ဦးမရမ် ဂမ်ခမျာ ဖက်ကလေးပုသွားရှာသည်။

'အလကားပါဗျာ... အဲဒီလူတွေ နောက်ပြောတာမို့ မယုံနဲ့ ဦးအုံ့ရေ... ဘာပဲဖြစ်ဖြစ် ကျွန်တော်အကြောင်း ပြောလာပြီဆိုတော့ ကောင်းဆိုးနှစ်လီ၊ လောကီထုပ္ပတ်၊ မရမ်ဂမ်ဇာတ်ကို တော့ အလျဉ်းသင့်တုန်း ပြောရပေဦး တော့မယ်ပေါ့ဗျာ'

* * *

မရမ်ဂမ်မှာ ကချင်တိုင်းရင်းသား ဖြစ်ပြီး မွေးချင်း(၇)ယောက်တွင် အကြီးဆုံးသားကြီးဖြစ်၍ "ဂမ်" ဘွဲ့ကို ရခဲ့သည်။ အဖ ဦးမရမ်နော်၊ အမိ ဒေါ်နန်းရွှေတို့မှ ဗန်းမော်မြို့တွင် မွေး ဖွားခဲ့ပါသည်။ သားချည်း(၆)ယောက် မွေး၍ အငယ်ဆုံးမှာ သမီးမိန်းကလေး ဖြစ်သည်။ ယခုအခါ အကြီးဆုံးသား မရမ်ဂမ်နှင့် အငယ်ဆုံးသမီး "မကော့ ဖန်" တို့သာ ကျန်တော့သည်။

ကျန်သည့် သား(၅)ဦးမှာ ကွယ်လွန် ခဲ့ပြီဖြစ်သည်။ ဖခင်မှာ စစ်မှုထမ်းဖြစ်၍ တာဝန်ကျရာဒေသမျိုးစုံကို လိုက်ပါခဲ့ရ သည်။

အလယ်တန်းပညာ သင်ယူပြီး နောက် စစ်တပ်ထဲသို့ ဝင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် ကယားပြည်နယ် လောပိတရှိ ခလရ (၇၂)သို့ ရောက်ရှိခဲ့ပြီး ရခိုင်တိုင်းရင်းသူ မရင်ရင်စိန်နှင့် အိမ်ထောင်ကျသည်။

တပ်မတော်မှ အနားယူပြီး သား တစ်ဦးနှင့်အတူ ဖားဆောင်းမြို့သို့ ရောက်ရှိခဲ့ရာ ယခုအခါ သားသမီး(၅) ဦးရရှိကာ အခြေတကျ နေထိုင်လျက် ရှိသည်။

'ဖားဆောင်းရောက်စကာလတုန်းက စား ဝတ်နေရေး အလွန်ခက်ခဲပေါ့ဗျာ။ ကျွန်တော် က ကြံရာကျပန်းလုပ်၊ မိန်းမက ပဲပြုတ်ရောင်း နဲ့ ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်ရတာပေါ့။ အဲဒီတုန်းက သာရေး နာရေး ဘာသာရေး ဆိုတာ ဘာမှန်းတောင် မသိခဲ့ပါဘူးဗျာ၊ မိရိုးဖလာကိုးကွယ်ခဲ့တဲ့ ဘာသာကိုလဲ အလေးထားခဲ့ရမှန်းမသိခဲ့သလို ဗုဒ္ဓဘာသာ ဆိုတာလဲ ဝေလာဝေး ဆိုသလိုပဲလ။

အရက်သောက်၊ အလုပ်ကြမ်းလုပ်နဲ့ ဘဝကို ပျော်ပျော်ကြီး ရင်ဆိုင်ခဲ့တာလေ။ ဟော... ကျွတ်ချိန်တန်တော့လဲ ဗုဒ္ဓဘာသာဝင် ဖြစ် လာရသလို ဘဝကလဲ အခြေတင့် အနေမြင့် လာခဲ့ရတယ်ဗျ'

ဦးမရမ်ဂမ်က သူ့ဘဝကို နောက် ကြောင်းပြန်၍ ဇာတ်ကြောင်းကို လှန် ခဲ့သည်။ တစ်နေ့... ဤတစ်နေ့ကို တော့ သူဘယ်တော့မှ မေ့မည်မဟုတ်။ မှတ်မှတ်ရရ ၁၉၉၉ ခုနှစ်၏ ဆောင်းဦး ကာလ၊ နိုဝင်ဘာလတွင် ဖြစ်သည်။ ဖားဆောင်းမှ ခဲသတ္တုများထွက်ရာ မော်ချီးသို့ ဟင်းသီးဟင်းရွက်ပလိုင်းကို ထမ်းကာ ခြေကျင်တက်ခဲ့သည်။

မော်ချီးမှာ (၂၁)မိုင်ကွာဝေးပြီး လုံခြုံရေးမှာ အညိုရောင်အဆင့် သတ် မှတ်ထား၍ လုံခြုံရေးယာဉ်တန်း ထွက် မှသာ ကားများအသွားအလာ ရှိသည့် ကာလဖြစ်သည်။ ထို(၂၁)မိုင်ခရီးကို ပလိုင်း(၂)လုံးအပြည့်ဖြင့် တက်လာခဲ့ သော်လည်း မောပန်းရကောင်းမှန်း မသိခဲ့။

ပါလာသောပုလင်းကို ထုတ်မော့၍ အားဆေးသောက် အပန်းဖြေကာ အားမွေးခဲ့သည်။ (၁၃)မိုင်စခန်းမှာ ထမင်းစား ခေတ္တနားပြီး ခရီးဆက် သည်၊ လမ်းရိုးအတိုင်းသွားလျှင် ကြာ မည်ထင်၍ တောကြားတောင်ကြား တွင် တွေ့မြင်ရသည့် ခြေကျင်လမ်း အတိုင်း လိုက်ခဲ့သည်။

ထင်တာတွေ လွဲသွားရပါသည်။ လမ်းကလေးမှာ မော်ချီးသို့ မရောက် ဘဲ သောင်းကျန်းသူများ စခန်းချရာသို့ ဦးတည်နေပေပြီ။ ဒီ အတိုင်းသွားလျှင် သောင်းကျန်းသူများ စခန်းချရာသို့ ဆင်းသက်ရပေတော့မည်။ မဖြစ်ချေ ဘူးဟု စိတ်ပိုင်းဖြတ်ကာ လမ်းလေးမှ ဖဲ့ထွက် တောကြီးမျက်မည်းသို့ တိုးဝင် ခဲ့သည်၊ ပါလာသည့် အားဆေး ကလည်း ပြတ်။ ရေကလည်း ဆာ၊ ကြောက်လွန်းလို့ ဇောချွေးကလည်း ပြန်နဲ့မို့ ခြေလှမ်းက မရွေ့ချင်တော့။ နားနေလို့ကလည်းမဖြစ်၊ ငပွေးများနဲ့ တွေ့လိုက်လျှင် အသက်ရှင်နိုင်ဖွယ်မ်း မရှိဟု တွေးရင်း အားတင်းလျှောက်ခဲ့ ရသည်။ /





www.burmeseclassic.com

www.burmeseclassic.com

ဟောဟိုမှာ တဲလေးတစ်လုံး လူရိပ်လူခြေ မမြင်ရ၍ ငပွေးနေရာတော့ မဖြစ်တန်ရာ၊ ရေက ဆာလွန်းအားကြီးပြီမို့ ဘာပဲဖြစ်ဖြစ်ဟု ဆုံးဖြတ်ကာ တဲလေးအတွင်းဝင်မိသည်။ ကံအားလျော်စွာ ရေအိုးတစ်လုံးကို တဲ၏အဝင်ဝတွင် တွေ့ရသည်။

ဘာကိုမျှ မမြင်တော့ ရေအိုးဖုံးကို မ,ရေခွက်ကို ဘေးချကာ အိုးလိုက်မော့သောက်မိသည်။ သောက်၍ဝတော့မှ ရေအိုးချကာ ဘေးဘီသို့ကြည့်မိသည်။ ဣန္ဒြေသိက္ခာ အပြည့်ရှိသော ရဟန်းတစ်ပါး၏ ကရုဏာမျက်လုံးတစ်စုံကို တွေ့လိုက်ရသည်။


အေးမြသောရေကို သောက်ရ၍ အေးချမ်းမှု ကို ခံစားရသလို၊ ကရုဏာရှင်နှင့် တွေ့ရသောကြောင့် လုံခြုံနွေးထွေးသွားသလိုလည်း ခံစားရသည်။ မည်သည့်အခါမှ လက်အုပ်ချီဘူးခြင်းမရှိသူ ဦးမရမ်ဂမ်တစ်ယောက် ကြည်ညိုစိတ်ဖြင့် အလိုလို လက်အုပ်ချီမိသည်။

'လွတ်လွတ်လပ်လပ် သက်သောင့်သက်သာနေပါ ဒကာကြီး။ ကြည့်ရတာ တောထဲက လူတော့ ဟုတ်ပုံမရဘူး မျက်စိလည်လမ်းမှားလာပုံရရဲ့နော်။

အေး…ဒီမှာတော့ ဘာအန္တရာယ်မှ မရှိပါဘူး။ ဦးပဥ္စင်းက သက်သတ်လွတ်ဘုဉ်းပေးတာကြောင့် ဘာမှတော့ ကျွေးစရာမရှိဘူးကွယ့်၊ ဒကာလေး ဆာရင်တော့ ကျောင်းဘေးက ငှက်ပျောပင်မှာ ခူးစားပေါ့ကွယ်'

ဦးမရမ်ဂမ် ဟန်မဆောင်နိုင်တော့ပေ။ ကျောင်းနံဘေးရှိ အလေ့ကျပေါက်နေသည့် တောငှက်ပျောသီးများကို ခူးစားမိသည်။ ဗိုက်ပြည့်တော့မှ တဲကျောင်းလေးပေါ် ပြန်တက်ခဲ့သည်။

တဲခေါင်းရင်းတွင် ဗုဒ္ဓဘုရားရှင်ပုံတော်ကို တွေ့ရသည်။ ပုံတော်၏



အောက်ဘက်တွင် သင်္ကေန်း(၃)ထည်ခန့်နှင့် ခေါင်းအုံးဖြစ်ဖွယ်ရှိသော ဝါးပိုးဝါးခြမ်းလေးကို တွေ့ရသည်။

'ဒကာကြီးကြည့်ရတာ တို့များ ဗုဒ္ဓဘာသာဝင်တော့ ဟုတ်ပုံမရဘူး'

'ဟုတ်ပါတယ် ဘုန်းကြီး ကျွန်တော်က တခြားဘာသာဝင်ပါ။ ဘုန်းကြီးက ဗုဒ္ဓဘာသာဝင် မဟုတ်မှန်း ဘာလို့သိတာလဲခင်ဗျ'

'ဦးပဥ္စင်း အမြင်အာရုံပေါက်နေတဲ့ ကိုယ်တော်မဟုတ်ပါဘူး။ ဒကာကြီးရဲ့ ပြောဆိုပုံ လေယူလေသိမ်းနဲ့ ဘုရားပုံတော်ကို မြင်တာတောင် မဖူးတာရယ်ကြောင့် ဗုဒ္ဓဘာသာမဟုတ်ကြောင်း ခန့်မှန်းမိတာပါ'

'ဘုန်းကြီးနဲ့ ကြုံတုန်း ဆွေးနွေးခွင့်ပေးပါ။ ဗုဒ္ဓရဲ့ အယူဝါဒနဲ့ အကျိုးများကို ရှင်းပြပါလားခင်ဗျ။ စိတ်ဝင်စားလှလာချင်လို့ မေးတာပါနော် မဖြေလဲရပါတယ်'

'စိတ်ဝင်စားတယ်ဆိုရင်လဲ ရှင်းပြတာပေါ့ ဒကာ၊ အကျဉ်းချုံး နားလည်အောင် ပြောရရင် ဗုဒ္ဓဝါဒသည် ဖန်ဆင်းရှင် ဝါဒ၊ အရှိတရား နိစ္စဝါဒ မဟုတ်ပါဘူး။ ကံနဲ့ ကံရဲ့ အကျိုးတရားကို ယုံကြည်တဲ့ မတည်မြဲခြင်းဆိုတဲ့ အနိစ္စတရားသာ ဖြစ်တယ်။ တစ်နည်းအားဖြင့်တော့ ဗုဒ္ဓအယူဝါဒသည် တန်ခိုးရှင်ကို အားကိုးတဲ့ဝါဒ မဟုတ်ဘူး။

ကောင်းမှု,မကောင်းမှုသည် မိမိပြုမှုချက်အပေါ်သာ တည်ပြီး အမှန်တရားကို ယုံကြည်ကျင့်ကြံသူများ၊ မိမိကိုယ်ကို အားကိုးတဲ့သူများကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနဲ့ သဘာဝတရားတို့က စောင့်ရှောက်ပါတယ်။

ဒါကြောင့် ဒကာကြီးလဲ မကြာမီကာလအတွင်းမှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပြီး ဘာသာ သာသနာအကျိုးကို သယ်ပိုးထမ်းဆောင်မယ့်သူတော်ကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ဦးပဥ္စင်းက ယုံကြည်တယ်'

ဇော်ဘမိရဟန်း၏ စကားအဆုံးတွင် တရားအခြေခံရှိသူ ဦးမရမ်ဂမ်ရင်ဝယ် အတွေးသစ်တို့ လင်းလက်လာသည်။

တိမ်သလ္လာဖုံးနေသော လမင်းကြီးအဖြစ်မှ တိမ်ခိုးမြူမှောင်တို့ ကင်းစင်သည့် လပြည့်ဝန်းကြီးပမာ စိတ်နှလုံးသန့်ရှင်းကြည်လင်လာခဲ့သည်။ တဲကျောင်းထိပ်မှ ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးခဲ့သည်။

'အကာကြီးကို တစ်ခုတော့ အသိပေးလိုက်မယ်၊ စိတ်နှလုံးကောင်းရှိသူမို့ ကြုံတွေ့ရမယ့် ဘေးရန်တွေ အလိုအလျောက် ပျောက်သွားပါလိမ့်မယ်။

မကြာခင်မှာ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်မှာမို့ ဗုဒ္ဓဘာသာရဲ့ အဓိကဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးသော ကိုးကွယ်ရာဆိုတဲ့ သရဏဂုံသုံးပါးဂါထာတော်မြတ်ကို ချီးမြှင့်လိုက်ပါမယ်'

ဘုန်းကြီးက သရဏဂုံသုံးပါးကို ရှေ့က တိုင်ပေး၍ ဦးမရမ်ဂမ်က လိုက်ပါ ရွတ်ဆိုသည်။ လေး,ငါးဆယ်ခေါက်ဆိုမိတော့ အလွတ်ရသွားသည်။

'ကဲ… အချိန်လဲ လင့်ပြီ ဒကာကြီး



www.burmeseclassic.com

www.burmeseclassic.com

လဲ ခရီးဆက်ပေတော့။

သရဏဂုံသုံးပါးကို ဆောင်ထားနိုင်ပြီမို့ အခြားဘာသာ အယူဝါဒတွေ မကိုးကွယ်သရွေ့တော့ ဗုဒ္ဓဘာသာ ဖြစ်ပါလိမ့်မယ်။ အဲ... တခြားဘာသာကို ကိုးကွယ်ရင်တော့ ဗုဒ္ဓဘာသာဝင် အဖြစ်ကလဲ အလိုလို လျောကျပါလိမ့်မယ်။ ဒီစကားလေးကို မြဲမြဲမှတ်ထားပါ။

ဦးပဥ္စင်းက ဘဝတစ်သက်သာ လက်ဆောင်ကောင်း ပေးပြီးပြီမို့ အဆောင်ကောင်းလေးတစ်ခုလဲ ချီးမြှင့်လိုက်ပါဦးမယ်။ ဒါကတော့ ဘေးအန္တရာယ်များ ကင်းဝေးပြီး သာသနာအကျိုးကို သယ်ပိုးစေတတ်မယ့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး စီရင်ထားတော်မူတဲ့ အန္တရာယ်ကင်း အမှတ်တံဆိပ် ပုံတော်ပါပဲ။

လောကီဆရာတို့ စီရင်တဲ့ သာသနာပဂါထာမန္တန်မျိုး မဟုတ်ဘဲ ဗုဒ္ဓဂုဏ်တော်များနဲ့သာ စီရင်ထားတဲ့ တံဆိပ်တော်မို့ အထူး အကျိုးပေးလှပါတယ်။ ဒကာကြီး ယုံယုံကြည်ကြည်သာ ကိုယ်နဲ့မကွာအောင် ထားပါလို့ မှာလိုက်ပါမယ်။ ကဲ...ကဲ ခရီးဆက်ပေတော့ ဒကာကြီး'

ဘုန်းကြီးက ဘုရားပုံတော်ဘေးက ဝါးထရံမှာ ချိတ်ဆွဲထားသော မိုင်းကိုင်စက္ကူ(ရှမ်းစက္ကူ)ဖြင့် ရေးဆွဲထားသော **ပုံတော်(တံဆိပ်တော်)**ကို လှမ်းပေးခဲ့ရာ ဦးမရမ်ဂမ် တရိုတသေ လက်လှမ်းယူခဲ့မိသည်။ ထို့နောက် ဘုန်းကြီးကို နှုတ်ဆက်၍ ထွက်ခွာခဲ့သည်။ ရှိခိုးဦးချခြင်းတော့ မပြုမိပေ။

နာရီဝက်ခန့် လျှောက်မိတော့ ကံဆိုးမိုးမှောင်ကျကာ သောင်းကျန်းသူတစ်စုနှင့် ပက်ပင်းတိုး၍ ကြိုးတုပ်ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံရပြီး သူတို့၏ ယာယီစခန်းတွင် ရိုက်နှက်စစ်ဆေးခံရသည်။

နာကျင်လှသည့်ကြားမှ ဘုန်းကြီးပြောသည့် ကံတရားဆိုသည်မှာ မှန်ပါလားလို့ အတွေးက ပေါ်လာသည်။ ဒီတော့မှ သရဏဂုံသုံးပါးကို သတိရကာ အဆက်မပြတ် ရွတ်ပွားနေမိသည်။ သောင်းကျန်းသူများမှာလည်း စစ်မေးရင်း သူလျှိုမဟုတ်ဟု သုံးသပ်ကြရပုံရသည်။ ငပွေးတစ်ယောက်က...

'အေး... မင်းကို မနက်မှ ထပ်စစ်ဦးမယ်။ ပြေးမယ်တော့ မကြံနဲ့၊ ငါတို့ စခန်းပတ်လည်မှာ မြေမြှုပ်ဗုံးအပြည့်ရှိတယ်ကွ။ ပြေးရင်လဲ ဗုံးထိပြီး အရိုးအသား တခြားဆီဖြစ်မှာပဲလေ... ပြေးရင် ပြေးပေါ့'

ပြောကာ သေနတ်ကို လွယ်၍ အိပ်စင်ပေါ် တက်သွားကြသည်။ ထွန်းညှိထားသည့် မီးတုတ်အလင်းရောင်ဖြင့် ကင်းစောင့်တစ်ဦးသာ လှုပ်ရှားမှုရှိသည်ကို တွေ့ရသည်။ ဦးမရမ်ဂမ်ကိုယ်ပေါ်တွင် ချည်နှောင်ထားသည့် ကြိုးမှာ ဘယ်အချိန်က ပြေလျော့မြေခနေသည်ကို မသိ။ အနည်းငယ် လှုပ်ရှားကြည့်တော့ ကြိုးပြေနေကြောင်း တွေ့၍ အားတက်သွားသည်။

ခဏတာမျှ အရိပ်အကဲကို ကြည့်၍ ဦးမရမ်ဂမ် တစ်ဟုန်ထိုး ပြေးထွက်မိသည်။ သရဏဂုံသုံးပါးအားကိုးဖြင့် မိုင်းတွေ၊ ဗုံးတွေလည်း မကြောက်တော့။ စခန်းကထွက်မိတော့ အားသွန်ပြေးခဲ့ရာ မမြင်မကန်းနှင့် သစ်ပင်တစ်ပင်အားတိုက်မိကာ အနီးရှိ ဗုံးခိုကျင်းထဲသို့ ပြုတ်ကျသွားသည်။

ဗုံးခိုကျင်းထဲသို့အရောက် ငပွေးများထောင်ထားသည့် ပဒေသာမိုင်းလည်း နေရာအနှံ့ ဆူညံစွာ ပေါက်ကွဲသံကို နားကွဲလုမတတ် ကြားရပါတော့သည်။

စစ်သားလူထွက်မို့ စစ်ဇါတ်သဘောကို နားလည်သူဖြစ်ရာ ပေါက်ကွဲသံများ ဆုံးသည်နှင့် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ပါလေတော့သည်။

မည်မျှအချိန်ကြာအောင် ကြောက်အားလန့်အားနှင့် ပြေးမိသည်အထိ အရုဏ်တက်လာ၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည့်အခါ မော်ချီးနယ်မြေ၊ အမှတ်(၂)ဂိတ်ကို ရောက်နေရာ "အသက်မသေတော့ဘူး" ဆိုသည့် အသိဖြင့် စိတ်ကို လျှော့လိုက်ရာ သတိမေ့လျော့သွားပါတော့သည်။

* * *

'အဲဒီလို သေဘေးက လွတ်မြောက်လာပြီကတည်းက ဘုန်းဘုန်းပြောခဲ့တဲ့ ကံနဲ့ ကံရဲ့အကျိုးကိုလဲ ယုံကြည်လာခဲ့တယ်။ သရဏဂုံသုံးပါးကိုလဲ သက်ဝင်ယုံကြည်ပြီး အသက်ထက်ဆုံး ဆောက်တည်မယ်လို့လဲ စွဲမြဲစွာ သန္နိဋ္ဌာန်ချထားခဲ့တယ်လေ။

ပြီးတော့ အရက်သေစာလဲ လုံးဝရှောင်ရှားခဲ့သလို ခြေလေးချောင်းနဲ့ ကုန်းသားဆိုကြက်ဥ၊ ဘဲဥတို့ကိုတောင် မစားတော့ဘူးလို့ ဆုံးဖြတ်ပြီး မစားခဲ့တာ ကနေ့ထိတိုင်ပါပဲ။ ဘာသာရေးကိစ္စတွေ အားတက်သရော ဆောင်ရွက်ရင်းနဲ့ တတ်စွမ်းသမျှ ဒါနမှုကိုလဲ ပြုခဲ့ပါတယ်။

အခုဆိုရင် "ခဲမြှုပ်ဘုရားနဲ့ ဘုန်းတော်ကြီးကျောင်း"တို့ရဲ့ ဂေါပက ဥက္ကဋ္ဌတာဝန်ကိုလဲ ယူထားပြီး သာရေးနာရေး လူမှုရေးပါ မကျန် အားတက်သရော ဆောင်ရွက်နိုင်ခဲ့ပါတယ်ဗျာ။ ကဲ... ဒါကတော့ ကျွန်တော့်ဘဝဇာတ်လမ်းမှတ်တမ်းလေးကို ဆိုလိုက်ပါရစေ'

ဦးမရမ်ဂမ်က ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် ဖြစ်လာရပုံ အကြောင်းကို ဇာတ်လမ်းပမာ နားခံစရာအဖြစ် တင်ဆက်ခဲ့သည်။

'အေးဗျာ၊ အခုလို ကြားရ,သိရ

www.burmeseclassic.com

တော့ ဦးမရမ်ဂမ်ကြီးကို ပိုပြီး လေးစားသွားပါတယ်။ ဒါပေမယ့် မြှုပ်ကွက်တစ်ခု ကျန်နေသေးတယ်ဗျ။ ဒါလေးတော့ ဖော်ထုတ်ပေးစေလိုသေးတယ်လေ'


ရှုံ့အုပ်ကြီးကိုဝင်းလှိုင်မြင့်က ပြောလာတော့ ဦးမရမ်ဂမ်က...

'ဘာလဲဗျ ဘာမြှုပ်ကွက်လဲ ဆိုပါဦး' ဟု တုံ့ပြန်ခဲ့သည်။

'ပြောပါမယ်ဗျာ... ဘုန်းတော်ကြီး လမ်းညွှန်ခဲ့တဲ့ သရဏဂုံသုံးပါးကို သိပါပြီ။ ဒါပေမယ့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး စီရင်ခဲ့တဲ့ အန္တရာယ်ကင်း တံဆိပ်တော်ဆိုတာလဲ ကျွန်တော်တို့ကို ပြဦးလေဗျာ'

ကိုဝင်းလှိုင်မြင့် စကားအဆုံးတွင် ဦးမရမ်ဂမ်က ဝတ်ဆင်ထားသော တိုက်ပုံအကျီအတွင်းအိတ်ထဲမှ ပလတ်စတစ်လောင်းထားသည့် အောက်ပါ တံဆိပ်တော်(ပုံတော်)လေးကို တရိုတသေထုတ်ပြခဲ့သည်။

***




ဦးမရမ်ဂမ်၏ အဆောင်တံဆိပ်တော်လေးကို တစ်ယောက် တစ်လှည့် ကြည့်ပြီးနောက် ကိုဝင်းလှိုင်မြင့်က...

'အဆောင်လေးကို မြင်ရတော့ အလိုလို ကြည်ညိုမိတယ်ဗျာ။ စီရင်ထားတဲ့ စာလုံးအက္ခရာလေးတွေ အကြောင်းနဲ့ အကျိုးပေးမှုတွေကို ရှင်းပြပေးရင်တော့ ပိုပြီး ပြည့်စုံမှာမို့ ကျွန်တော်တို့ကို ရှင်းလင်း ပြောပြပေးဦးဗျ'

လို့ မေတ္တာရပ်ခံခဲ့ရာ ဦးမရမ်ဂမ်က ဆက်လက်ရှင်းပြသည်။

'အန္တရာယ်ကင်း အမှတ်တံဆိပ်တော်မှာပါဝင်တဲ့ အက္ခရာစာလုံးတွေက သာမန်ဖော်ပြချက်မဟုတ်ဘဲ ဂုဏ်တော်တွေ၊ စမအက္ခရာတွေဗျ။ အလယ်ကောင် စက်ဝန်းထဲမှာပါတဲ့ **"ဘဂဝါ"**က ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ ဂုဏ်တော်ဆိုတာကတော့ အားလုံးသိပြီးဖြစ်မှာပါ။

နောက်စက်ဝန်းထဲပါတဲ့ **"ပညာ၊ သမာ၊ အာဘာ၊ နတ္ထိ"**က မင်္ဂလသုတ်ပါး တရားတော်မှာပါတဲ့ သမ္မာဒိဋ္ဌိကို ဖော်ပြ ထားတာလေ၊ အဓိပ္ပါယ်က **"ပညာနှင့် တူသော အလင်းရောင်သည် မရှိ"**ဆိုတဲ့ ဂုဏ်တော်ကို ဖော်ပြထားတာပေါ့ဗျာ။

ထောင့် (၆)ကွက်ထဲက **"နီလာ၊ ပီတာ၊ လောဟိတာ၊ ဩဒါတာ၊ မဥ္ဇိဋ္ဌ ပဘဿရ"** ဘုရားရှင်ရဲ့ ရောင်ခြည်ခြောက်သွယ်ကို ဖော်ကျူး ထားတာပါဗျာ။ **"ဗြွမ"**(ပရထမ)ကိုတော့ အမျိုးမျိုး အနက်ဖွင့်ကြပါတယ်။

အချို့က **"ပထရမ"** ခေါ်ပြီး **"ပထ"**နဲ့ **"အရမ"**တို့ ခွဲပြီး **"ပထ"** ဆိုတာ **"လမ်းခရီး"**၊ **"အရမ"**ကို **"ယုတ်ညံ့သော"**လို့ ဆိုတာကြောင့် **"ယုတ်ညံ့သူ မကောင်းဆိုးရွားတို့ သွားရာလမ်း"** တစ်နည်းအားဖြင့် **"မြူ စားတတ်သူတို့ရဲ့ ဗဓေယာဂအန္တရာယ်"** လို့ ဆိုနိုင်ပါတယ်။

ဒီလို မကောင်းဆိုးရွား၊ ယုတ်ညံ့သူတွေကို ဒီတံဆိပ်တော်မှာ ထည့်သွင်း ချုပ်နှောင်ထားလို့ ဘေးရန် ကင်းရှင်းစေတဲ့အဓိပ္ပါယ်လို့ ဆိုရမှာပေါ့ဗျာ၊ တချို့ကလဲ **"ပရထမ" "သစ္စာလေးပါး မြတ်တရားကို ဦးစွာသိသော မြတ်စွာဘုရား"**လို့ အဓိပ္ပါယ် ဖွင့်ကြတယ်လေ။

(နီ) **အက္ခရာ** စမလေးကတော့ **"နဝ" "အရဟံ အစ ဘဂဝါအဆုံး ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါး"**ကို ဖော်ညွှန်းထားတာပေါ့ဗျာ။

**"အြဟံ"**အဓိပ္ပါယ်ကတော့ ရှင်းပါတယ်။ **"အရဟံ"** လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားပဲပေါ့။

ကဲ...တံဆိပ်တော်ဟာ ဘုရားဂုဏ်တော်တွေနဲ့ မြတ်စွာဘုရားကို ဖော်ညွှန်းထားတာဖြစ်လေတော့ ဘယ်မှာလာပြီး မကောင်းဘဲ အန္တရာယ်မကင်းဘဲ နေပါတော့မလဲဗျာ။ အန္တရာယ်ကင်း၊ ဘေးရှင်း ကောင်းကျိုးချမ်းသာဖြစ်စေပြီး သာသနာအကျိုး သယ်ပိုးစေနိုင်တဲ့ စိတ်ကောင်းစေတနာတွေ ဖြစ်လာစေမယ်ဆိုတာ ယုံမှား သံသယ မဖြစ်ကြပါနဲ့လို့ ပြောလိုက်ပါရစေဗျာ'

အားလုံး တညီတညွတ်တည်း ရွတ်ဆိုကြပါသည်။

'သာဓု၊ သာဓု၊ သာဓု'

**အံ့ကြွယ်**

**နဂ္ဂုတ္တ ရောင်ခြည်မဂ္ဂဇင်း ၁၉၉၇**


www.burmeseclassic.com

www.burmeseclassic.com

# သံပရာသီးအကျိုး

အဖိုးအနွယ်

ကိုလွှမ်း
(မင်းလှ)



"စားသမျှအစာ သံပရာတစ်ခြမ်းနဲ့ချေ"ဟု ဆိုစကားရှိပါသည်။ အဓိပ္ပါယ်မှာ မည်မျှစားထားသည်ဖြစ်စေ သံပရာသီးတစ်ခြမ်း စားလိုက်ရုံဖြင့် အစာကြေညက်သည်ဟု ဆိုခြင်း ဖြစ်ပါသည်။

အစာကြေညက်ရန်အတွက် သံပရာသီးသည် အစွမ်းထက်သည်ဟု ဆိုခြင်း ဖြစ်ပါသည်။ သံပရာသီးသည် အလုံးသေးပါသည်။ တန်ဖိုးလည်း အလွန်နည်းပါသည်။ သို့သော် ယင်း၏ အရေးပါမှုမှာ တန်ဖိုးမဖြတ်နိုင်ဟု ဆိုခြင်း ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ်ဝန်းကျင်က ပြည်ခရိုင်၊ ဝက်ထီးကန် ရဲလေ့ကျင့်ရေးကျောင်းတွင် ကျွန်တော် တာဝန်ကျခဲ့ပါသည်။ ဝက်ထီးကန် ရဲလေ့ကျင့်ရေးကျောင်းတွင် ဘိန်းဖြတ်စခန်းဟု လူသိများသော စိုက်ပျိုးမွေးမြူရေးစခန်းကိုလည်း တာဝန်ယူရပါသည်။

စိုက်ပျိုးမွေးမြူရေး စခန်းဆိုသည်မှာ မူးယစ်ဆေးဝါးစွဲသူများအား ပြန်လည်ထူထောင်ပေးသောစခန်း ဖြစ်ပါသည်။

ထိုစခန်းတွင် ရဲတပ်ဖွဲ့သာမက ကျန်းမာရေးဌာနမှ ဆရာဝန်တစ်ဦးနှင့်အဖွဲ့၊ စိုက်ပျိုးရေးဌာနမှ မန်နေဂျာတစ်ဦးနှင့်အဖွဲ့၊ လူမှုဝန်ထမ်းဌာနမှ ဦးစီးအရာရှိတစ်ဦးနှင့်အဖွဲ့များ ရှိကြပါသည်။

အားလုံးကို ရဲတပ်ဖွဲ့ကပင် တာဝန်ယူ ကြီးကြပ်ရပါသည်။ အရာရှိအားလုံးကို သီးခြားစီ နေအိမ်များလည်း ပေးထားပါသည်။ ဌာနကွဲပြားကြသော်လည်း ထိုစခန်းတွင် အတူနေကြသဖြင့် ရင်းနှီးကြပါသည်။ များသောအားဖြင့် အရာရှိများမှာ မိသားစုများ ခေါ်မလာကြသဖြင့်ပိုမိုလွတ်လပ်ရင်းနှီးကြပါသည်။

ကျွန်တော်တို့ ရဲတပ်ဖွဲ့တွင် တပ်မတော်မှ ပြောင်းလာသော အရာရှိတစ်ဦး ပါရှိသည်။ ထောင်ထောင်မောင်းမောင်းဖြစ်ပါသည်။ အရက်ကိုလည်း အလွန်ကြိုက်ပါသည်။

တစ်နေ့ ဆရာဝန် ဒေါက်တာမြင့်အောင်က ယင်းအား သွေးချိန်ကြည့်ရာ မျက်နှာကြည့်လိုက်၊ သွေးပေါင်ချိန်စက်အား ကြည့်လိုက်နှင့် မျက်လုံးပြူးနေပါသည်။

'ဗိုလ်ကြီး ခင်ဗျားဘယ်လိုနေလို့လဲ'

'ဘယ်လိုမှ မနေဘူး၊ နေကောင်းတယ်ဆရာ ကြုံလို့ သွေးချိန်ကြည့်တာ'

'ဟာ မဟုတ်သေးဘူး ခင်ဗျား သွေးပေါင် (၂၀၀)ကျော်နေတယ် အရက်မသောက်ဘဲ ဖြတ်ထားရင်ကောင်းမယ် ခင်ဗျား လေဖြတ်သွားမယ်'

'ဟုတ်ကဲ့ဆရာ'

ကျွန်တော်ကြားသောအခါ ယင်းအား အရက်မသောက်ရန် ပြောသည့်အပြင် ယင်းကို အရက်ဝယ်ပေးသော ရဲဘော်များလည်း အရက်ဝယ်မပေးရန် ကြပ်မတ်ထားပါသည်။

တပ်ဖွဲ့ဝင်များကလည်း အရက်ဝယ်မပေးရဲပါ။ ယင်းမှာ ဗိုလ်ကြီးညွန့်ဝေ ဖြစ်ပါသည်။ ယင်းကို အများက အဘဟု ခေါ်ကြပါသည်။

စိုက်ပျိုးမွေးမြူရေးစခန်းနှင့် ရဲလေ့ကျင့်ရေးကျောင်းကြားတွင် ကွင်းကြီးရွာရှိပါသည်။ ယင်းရွာမှာ ဖဲ့ဘာအရက်ချက်၍ ရောင်းပါသည်။ ယင်းသင်တန်းကျောင်းမှ အရက်ကြိုက်သူများမှာ ယင်းရွာမှ အရက်ကိုသာ ဝယ်သောက်ကြပါသည်။

တစ်ည(၈)နာရီခန့် ကျွန်တော် ကင်းစစ်ရန် သွားရာ ဘောလုံးကွင်းထဲတွင် တောကြောင်ကြီးတစ်ကောင် တွေ့ပါသည်။ ကျွန်တော် လိုင်စင်ဖြင့်ကိုင်သော နှစ်လုံးပြူးမှာ မနေ့က ဗိုလ်ကြီးညွန့်ဝေယူထားသဖြင့် ယင်းအိမ်သို့ ကျွန်တော် တက်သွားပါသည်။

ဗိုလ်ကြီးညွန့်ဝေအိမ်တွင် ယင်းအိမ်ခေါင်းရင်းဘက်တွင် နေသော လူမှုဝန်ထမ်းဌာနမှ ဦးစီးအရာရှိ ဦးစိန်ညွန့်နှင့်အတူ အရက်သောက်နေကြသည်ကို တွေ့ရပါသည်။

ကျွန်တော်မြင်သောအခါ ပုလင်းနှင့်ခွက်များ စားပွဲအောက်ထိုးပြီး ဝှက်ထားကြပါသည်။ ကျွန်တော်လည်း မမြင်ယောင်ဆောင်ပြီး သေနတ်တောင်းကာ ဆင်းလာပါသည်။ တောကြောင်ကြီး မတွေ့တော့၍ မပစ်ဖြစ်တော့ပါ။

နောက်တစ်နေ့ နံနက်(၈)နာရီ ရုံးတက်သောအခါ ရုံးသို့ ဗိုလ်ကြီးညွန့်ဝေရောက်မလာပါ။ (၉)နာရီတိုင် ရောက်မလာသဖြင့် ရုံးမှ ရဲဘော်တစ်ဦး လွှတ်ခေါ်ခိုင်းလိုက်ပါသည်။ ခဏအကြာ ရဲဘော်ပြန်လာပါသည်။

'အဘ ဟောက်ပြီး အိပ်နေတယ် နှိုးမရဘူး'

'ဒီအချိန်ထိ အိပ်တာ ပုံမမှန်ဘူးကွ'

'ဟောက်အိပ်နေတာမှ လမ်းပေါ်က တောင်ကြားရတယ်'

ကျွန်တော် မသင်္ကာတော့ပါ။ တာဝန်မှူးနှင့်အဖွဲ့အား သွားကြည့်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပြီး မရလျှင် အိမ်တံခါးရိုက်ဖွင့်စစ်ရန်ပါ မှာလိုက်ပါသည်။ ခဏအကြာ တာဝန်မှူး ဒုရဲအုပ် ပြန်ပြေးလာပြီး...

'အဘ ဗိုလ်ကြီးသေနေပြီ'

ကျွန်တော် ချက်ချင်း ကားဖြင့် အိမ်ရှေ့မောင်းသွားပြီး ကားပေါ်တင်၍ ဆေးရုံပို့ပါသည်။ အသက်မရှိတော့ပါ။ ဆရာဝန်က ဦးနှောက်သွေးကြောပြတ်သည်ဟု ပြောပါသည်။ ကျွန်တော်တို့ တစ်စခန်းလုံး ဆွေးသွားပါသည်။

နောက်မှ ကျွန်တော် သတိရပါသည်။ ဗိုလ်ကြီးညွန့်ဝေမှ ညက အတူ အရက်သောက်သော , လူမှုဝန်ထမ်းဌာနမှ ဦးစီးအရာရှိ ဦးစိန်ညွန့်ကို မေးရာ သူလည်း အိပ်ရာထဲမှ မထကြောင်း ပြော၍ အတင်း အနိုးခိုင်းပါသည်။ ဦးစိန်ညွန့် နိုးတော့လာပါသည်။

သို့သော် ကောင်းကောင်း သတိမရပါ။ ကယောင်ကတမ်း ဖြစ်နေပါသည်။ ချက်ချင်း ဆေးမှူးဦးတင်ရွှေ ရောက်လာပြီး ဆေးတိုက် ဆေးထိုးမှ သက်သာသွားပါသည်။

နောက်မှ သိရသည်မှာ ဗိုလ်ကြီးညွန့်ဝေနှင့် ဦးစိန်ညွန့်တို့မှ ညက ကျွန်တော် တွေ့သည့်အတိုင်း အတူ အရက်သောက်ကြပါသည်။ လူချင်းခွဲပြီး ဦးစိန်ညွန့်က အိမ်ပြန်အိပ်မည်အပြု အန်ပါသည်။ ယင်းအိမ်ရောက်နေသော ယင်းတပည့် ကိုအေးကျော်က **သံပရာသီးတစ်လုံး ညှစ်ပြီး သံပရာရည်တိုက်**ပါသည်။

ထို သံပရာသီးတစ်လုံးကြောင့်သာ ဦးစိန်ညွန့် မသေခြင်းဖြစ်ပါသည်။ သံပရာရည်သာ မသောက်ခဲ့လျှင် ထိုနေ့ညက ဦးစိန်ညွန့်လည်း သေသွားနိုင်ပါသည်။ ယင်းအရာရှိနှစ်ဦးလုံး တစ်ယောက် တစ်အိမ် တစ်ယောက် တည်းစီ နေကြသူများဖြစ်ပါသည်။

ထို့ကြောင့် သံပရာသီးတစ်လုံးသည် လူ့အသက်တစ်ချောင်းကို ကယ်လိုက်ပါပြီ၊ သံပရာကို သုံးတတ်လျှင် လူတို့ကို နည်းပေါင်းများစွာ အကျိုးပြုပါသည်၊ သို့ပါ၍ သံပရာသီးအကျိုးအဖိုး အနန္တဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ထိုဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် သံပရာသီးတစ်လုံး၏တန်ဖိုး အဖိုး မဖြတ်နိုင်ပါ။ ကျွန်တော် ကိုယ်တိုင်လည်း သံပရာရည်ကို အမြဲလိုလို သောက်ပါသည်၊ အစာစားပြီး ဗိုက်ထဲ၌ မအီမလယ်ဖြစ်လျှင် သံပရာတစ်လုံးခန့် ဝါးပြီး မျိုချပါ။ ခဏချင်း သက်သာသွားပါသည်။

ပဲခူးမြို့တွင် မဟာစေတီဘုရားကြီးအနီး၌ ဘုန်းကြီးကျောင်း တစ်ကျောင်းသို့ ကျွန်တော် ရောက်ဖူးပါသည်။ ယင်းကျောင်းမှ ဆရာတော်က ယင်းထံ လာဖူးသူများကို အမြဲတမ်း သံပရာသီးတစ်လုံး ပြန်ပေးလေ့ရှိပါသည်၊ သံပရာသီးကို အမြဲဆောင်ရန်လည်း မှာကြားပါသည်။

**အိပ်သည့်အခါပင် အိပ်ရာဘေး၌ သံပရာသီးတစ်လုံးထား အိပ်ရန် မှာပါသည်။ သံပရာသီးသည် အမှောင်ပယောဂ အတိုက်အခိုက်များကို ကာကွယ်သည်ဟု ပြောပါသည်။ သံပရာသီး အိပ်ရာအနီး ထားအိပ်လျှင် ညအိပ်မက်များ အိပ်မွေ့ချ၍ နိုးခြင်းမှ ကာကွယ်နိုင်ပါသည်။**

သံပရာ၏အနံ့သည် အိပ်မွေ့ချသောအနံ့ကို ပယ်ပျောက်နိုင်ပါသည်။ သံပရာသီး၏ အစွမ်းများကား ရေး၍ကုန်နိုင်မည် မဟုတ်ပါ။ အောက်ပါအတိုင်း အကြံပြုလိုပါသည်။

၁။ သွေးတိုးရောဂါရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ထမင်းစားပြီးတိုင်း သံပရာရည်တစ်ခွက် သောက်ပါ (သို့မဟုတ်) သံပရာသီးတစ်ခြမ်း ဝါးစားပါ။

၂။ သွေးတိုးရှိသူများ မုန့်ဟင်းခါး အုန်းနို့ခေါက်ဆွဲ မစားရကြပါ။ ယင်းမုန့်ဟင်းခါး အုန်းနို့ခေါက်ဆွဲကြောင့် သွေးတက်တတ်ပါက သံပရာတစ်ခြမ်း ညှစ်ထည့်ပြီး စားသုံးပါ။ သွေးမတက်ပါ။

၃။ လေဖြတ်သူများ လက်,ခြေ ကိုယ်ပေါ်တွင် ထုံကျင်နေသူများ ဖြစ်သည့်နေရာကို သံပရာသီးဖြင့် အမြဲလိုလို ပွတ်လိမ်းပေးပါ။ လက်ထဲ ကိုင်ထားပါ။

၄။ ည အိပ်ရာဘေးတွင် သံပရာသီးတစ်လုံး ထား၍ အိပ်ပါ။

၅။ အရက်သောက်တတ်သူများ အရက်အတွင်း သံပရာသီး တစ်စိတ်ခန့်ညှစ်(သို့မဟုတ်) သံပရာသီးစိတ် ထည့်၍ သောက်ပါ။

၆။ ခြေထောက် အတက်ပေါက်သည်ဟု ဆိုကာ ခြေဖနောင့် မထောက်နိုင် နာကျင်နေသူများ ရေချိုးသည့်အခါ ခြေဖဝါးကို ဆားနှင့် သံပရာသီးတစ်ခြမ်းဖြင့် ပွတ်ပြီးမှ ရေချိုးပါ။

၇။ အစာအဆိပ်ဖြစ်၍ အော့အန် ဝမ်းလျောသူများ အခြားဆေးများ လက်လှမ်းမမှီက သံပရာသီးအား အရည်ညှစ်၍ ဆားမီးဖုတ်ဖြင့် ဖျော်၍တိုက်ပါ။

၎င်း အကြံပြုချက်များသည် ကျွန်တော်ကိုယ်တိုင် အသုံးပြုခဲ့သော အတွေ့အကြုံများအရ တင်ပြခြင်း ဖြစ်ပါသည်။ အင်္ဂလိပ်ဆေးဝါးများသည် မစွမ်းဟု မဆိုပါ။ စွမ်းပါသည်၊ ငွေကြေးကုန်ကျပါသည်။ နေရာဒေသတိုင်း ထိုအစွမ်းထက်သော အင်္ဂလိပ် ဆေးဝါးများ၊ ဆရာဝန်များ မရနိုင်ပါ။

ကျွန်တော့် အကြံပြုချက်များသည် ငွေကြေးအကုန်အကျ သက်သာသည့်ပြင် အလွယ်တကူရနိုင်သော သံပရာသီးတစ်လုံး၏ တန်ဖိုးရှိပုံများနှင့် အသုံးပြုပုံများဖြစ်ကြောင်း တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

*သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေ။*

**ကိုထွန်း(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

# ကျန်းမာရေး အတွက်

## အကြံပေးချက်

ဤလတွင်...

✦ **မိဿရာသီဖွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ ရက်အတွင်း မွေးသူ)**တို့သည် **ဝါယောဓာတ်စာကို** အားပြုစားသုံး၍ တေဇောဓာတ်စာကို လျှော့ပေါ့စားသုံးသင့်သည်။

**ဝါယောဓာတ်စာ ။ ။** ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ လိပ်ဥ၊ ငှက်ဥများ။

ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်း(ဥ)၊ ခွေးတောက်ရွက်၊ သပွတ်ခါး၊ ကြောင်လျှာ၊ သင်္ဘောသီးအရင့်၊ တမာရွက်၊ ယင်ပြား၊ ရှားစောင်းခါး၊ လက်ဖက်၊ ကန့်ဂလာ၊ ကြက်ဟင်းခါး။

မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ မုန်ညင်းခါး၊ ထန်းလျက်။

**တေဇောဓာတ်စာ ။** မြွေပွေးသား၊ မြွေဟောက်သား၊ ငါးပြေမ၊ ငါးဖမ်းမ၊ ငါးတန်၊ ကကတစ်၊ ကဘီလူး၊ ငါးသလောက်၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်သား၊ ကြက်သား၊ ဒူးရင်းသီး၊ ရဲယို၊ သင်္ဘောသီးမှည့်၊ ဩဇာသီး၊ စောင်းလျားသီး၊ မရန်းသီး၊ သံပရာသီး၊ ရှောက်ချဉ်သီး၊ ဆီးသီးချဉ်၊ ကနစိုသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ။

ချင်း၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ ကရဝေး၊ သစ်ကြံပိုး၊ လေးညှင်း၊ ပတဲကော၊ ပင်စိမ်း၊ ဒန့်သလွန်ရွက်၊ တောင်သလဲရွက်၊ ပေါက်ပန်းနီ၊ ပေါက်ပန်းဖြူ၊ ကြိတ်မှန်ရွက်။

လဲလူရွက်၊ ဝါရွက်၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ ကုက္ကိုရွက်၊ ကြာဟင်း၊ သက်ရင်း၊ ငုံ၊ ထန်းရည်၊ ဝဥ၊ အင်ဥ၊ ဗီလောပီနန်ဥ။

✦ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို အားပြုစားသုံး၍ ပထဝီဓာတ်စာကို ဆင်ခြင် လျှော့ပေါ့သင့်သည်။

**အာပေါဓာတ်စာ ။ ။** ကျွဲသား၊ ကြွံသား၊ ရေမြွေသား၊ ရေကြက်သား၊ ဝက်သုံးထပ်သား၊ လိပ်သား၊ ခရု၊ ဂဏန်း၊ ကနကမာ၊ ဗျိုင်း၊ ဝမ်းဘဲ၊ ငန်း၊ ဖားသားများ၊ ငါး၊ လင်ပန်း၊ ငါးပတ်။

ငါးဖယ်၊ ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ(ငါးလက်ခွာ)၊ ကဘီလူး၊ ကသပေါင်၊ ကသပိုး၊ ငါးသလဲထိုး။

စပျစ်သီး၊ ဆီးချိုသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ သရက်သီး၊ ဘူးသီး၊ သခွားသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သင်္ဘောသီးနု၊ ငှက်ပျောသီး၊ ကနဖော့။

ရေထိကရုံး၊ မန်ကျည်းသီးစိမ်း၊ လယ်ပတူး၊ အောင်မဲညို၊ ခဝဲ၊ သပွတ်၊ မင်းကွတ်သီး၊ ကြက်သွန်နီ၊ ကျောက်ပွင့်၊ ရေညှိ၊ စားတော်ပဲ၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နံနံ၊ ဆိတ်ဖူး၊ မုန်ညင်းဖြူ၊ ပုန်းရည်ကြီး၊ မဲဇလီကြီး၊ ဖလံတောင်ဝှေး၊ (ရေ)သရက် ကင်းညွှန့်၊ ကြံရည်၊ အုန်းရည်။

**ပထဝီဓာတ်စာ ။ ။** ကြက်သား၊ ချိုးသား၊ ခါးသား၊ ချေ–သမင်–ဒရယ်–ဆတ်သား၊ ဆိတ်သား၊ ပွတ်၊ ပုတတ်သား၊ လင်းမြွေသား၊ စပါးကြီးမြွေသား၊ ပုရစ်၊ ပလူး၊ ငါးခူ၊ ငါးကြင်း၊ ငါးဖင်းရိုင်း။

ဝါးစင်စပ်၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဉ့်၊ ငါးမြွေဆိုး၊ ပုဇွန်၊ ဆိတ်နို့၊ ကျွဲနို့၊ နွားနို့၊ ထောပတ်၊ ဝက်ပေါင်းသား၊ အမဲ(နွား)သား။

ပိန်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ကိုင်းဥ၊ ဥသျှစ်၊ တညင်း၊ မာလကာ၊ ဒူးရင်း၊ မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ အုန်းသီး၊ သစ်ကြားသီး၊ စားတော်ပဲ၊ ဒန့်သလွန်။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို ပိုမိုစားသုံး၍ ဝါယောဓာတ်စာကို လျှော့ပေါ့ပါ။

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြု၍ အာပေါဓာတ်စာကို ရှောင်ကြဉ် လျှော့ပါ။



✦ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို ပိုမိုဖြည့်ဆည်း၍ ဝါယောဓာတ်စာကို ဆင်ခြင် သုံးဆောင်ပါ။

✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို အထူးပြုစားသုံး၍ တေဇောဓာတ်စာကို ဆင်ခြင် လျှော့ပေါ့ပါ။

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားဖြည့်သုံးဆောင်ကာ ပထဝီဓာတ်စာကို ရှောင်ကြဉ်ပါ။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို ပိုမို အားပြု၍ အာပေါဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။

✦ **ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်းမွေးသူ)**တို့သည် အာပေါဓာတ်စာကို အဓိကဖြည့်ဆည်း၍ ဝါယောဓာတ်စာကို ဆင်ခြင် သုံးဆောင်ပါ။

✦ **မကာရရာသီဖွား (ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို ပိုမိုအားပြု တေဇောဓာတ်စာကို လျှော့ပေါ့ သုံးဆောင်ပါ။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)**တို့သည် တေဇောဓာတ်စာကို အဓိက အားပြု၍ ပထဝီဓာတ်စာကို ဆင်ခြင် သုံးဆောင်ပါ။

✦ **မိန်ရာသီ( ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို ပထဝီဓာတ်စာကို အားပြုသုံးဆောင်၍ အာပေါဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။

*အာရောဂျဆုလာဘ်နှင့် ပြည့်စုံကြပါစေ။*


**ဆေးသုတေသ**



www.burmeseclassic.com

www.burmeseclassic.com






▲ ဆရာတော် နောက်ဆုံး သီတင်းသုံးခဲ့သည့် ချင်းရွှေယန်း (ရေစင်ကျောင်းဆောင်) ကျောင်းတော်

◄ ဆေးဝိဇ္ဇာဘိုးဘိုးခေါ် ရေစင်ဆရာတော်

# ဆေးဝိဇ္ဇာဘိုးဘိုး

## သို့မဟုတ် ရေစင်ဆရာတော်

တရုတ်လူမျိုးတို့၏ မိရိုးဖလာ ကိုးကွယ်ယုံကြည်မှု ဓလေ့တွင် ဆေးဝိဇ္ဇာဘိုးဘိုးအား ကျန်းမာရေးဆိုင်ရာ ကိစ္စများအပြင် စီးပွားရေး၊ လူမှုရေးကိစ္စများအတွက် ပူဇော်ဆုတောင်းလေ့ ရှိကြသည်။

**ထုံ့စွေ့ရေနတ်မင်း ထူတိကုန်း** (Tǔ Dì Gōng)ကို အဓိက ကိုးကွယ်ပူဇော်သည့် **ကြန့်တိတ်** (ကျန့်တဲ Jiàn Dé) ဘုံဘုရားကျောင်းတွင်လည်း ဆေးဝိဇ္ဇာဘိုးဘိုးကို မြင့်မြတ်သောလက်ယာဘက်၌ ပူဇော်ထားလေ့ရှိကြသည်။

ဆေးဝိဇ္ဇာဘိုးဘိုးကို ဖူကျန့်ပြည်နယ်သားတို့က **"ချိင်ကြီးကျော့စု"**ဟု ခေါ်ကြ၍ အများသုံး Mandaren မန်ဒလရင်စကားဖြင့် **ချင်းရွှေကျူးရှီး**ရဲ (Qīng Shǔi Zǔ Shi)ဟု ခေါ်ကြသည်။

**ကျူးရှီးကုန်း** (Zǔ Shī Gōng) (ကျော့စုကုန်း)ဟုလည်း ခေါ်သည်။

**ကျူး**=ဘိုးဘေး၊ Shi = ဆရာ၊ ဆရာတော်ဟု တိုက်ရိုက်ပြန်ဆိုနိုင်သည်။ သို့သော် **"ကျူးရှီး"**သည် ဆရာ၏ဆရာ၊ အဘိုးဆရာ၊ ဆရာကြီးဟုလည်းကောင်း၊ ဗုဒ္ဓဘာသာ သိက္ခာဝါတော်ကြီးမြင့်သော ဆရာတော်ဘုရားဟုလည်းကောင်း အဓိပ္ပာယ်ဆောင်ယူသုံးနှုန်းကြခြင်းဖြစ်သည်။

Gōng = ကုန်းသည် သက်ကြီးရွယ်အို အမျိုးသားကို လေးစားရိုသေမှုဖြင့် ခေါ်ဝေါ်ခြင်းဖြစ်ရာ **"အဘိုးဆရာတော်"**ဟု ဆိုနိုင်သည်။

ဆေးဝိဇ္ဇာဘိုးဘိုး၏ ငယ်မည်မှာ **ချဲန်းရုန်းကျူ** (Chēn Róng Zǔ)၊ (တန်အင်စု)ဖြစ်သည်။ အေဒီ ၁၀၃၇ ခုနှစ် [တရုတ်နှစ်ဆန်း(၆)ရက်နေ့]တွင် ဖူကျန့်ပြည်နယ် **ယုံချွန်း**(Young Chun) မြို့နယ်၊ Xiǎo Gu ရှောင်းကူရွာ၌ မွေးဖွားခဲ့သည်။

အရွယ်မတိုင်မီကာလကပင် ရဟန်းဘောင်ဝင်ရောက်ကာ [တရုတ်ဗုဒ္ဓဘာသာဝင်များသည် (၁၈)နှစ်၊ (၁၉)နှစ်အရွယ်ရောက်မှသာ ရဟန်းပြုလေ့ရှိသည်။ အချို့မှာ ငယ်စဉ်ကလေးဘဝကပင် ဘုန်းကြီးကျောင်းတွင် ခိုလှုံနေထိုင်ကြ၍ တရားမွေ့ကျင့်ကြံမှုနှင့် ပရိယတ္တိစာပေများကို လေ့လာသင်ယူရန် ဆန္ဒပြင်းပြ၍ ဆရာတော်ကလည်း သဘောညီညွတ်ပါက ရဟန်းဝတ်ပေးလေ့ရှိကြသည်။

မြန်မာဓလေ့ကဲ့သို့ လိင်ဆယ်ပါးနှင့် ရှင်ကျင့်ဝတ်ကို စောင့်ထိန်းရသည့် ရှင်သာမဏေ(ကိုရင်)ကား မဟုတ်ကြပါ။ ဘုန်းကြီးကလေး "ရှောင်းဟိုရှန့်" ဟု ခေါ်ကြသည်။]

"ချဲန်း"ကိုယ်တော်လေးသည် စိတ်ဖွဲသန်စွာဖြင့် ကြိုးစားအားထုတ်ရာ သုံးနှစ်ကြာသော် သမထကမ္မဋ္ဌာန်း

www.burmeseclassic.com

ပေါက်မြောက်၍ တရားထူးရရှိတော်မူပြီးနောက် မျိုးရိုးအမွေခံ ဆေးပညာ၌လည်း ပိုမိုတတ်မွှမ်း သိမြင်လာသည်။

ရဟန်းဘဝဖြင့် **မာကျန်း** (Ma' Zhāng)ဒေသသို့ ကြွရောက်သီတင်းသုံးရသောအခါ ဒေသခံ နွမ်းပါးသူတို့အား ဆေးဝါးကုသ၍ စောင့်ရှောက်ပေးတော်မူသဖြင့် **"မာကျန်းရှန့်ရဲင်း"** (Ma' Zhāng Shàng Rén)ဟူ၍ အမည်ပေး ကျော်ကြားလာသည်။ **"မာကျန်းအရှင်သူမြတ်"ဟုခေါ်ဝေါ် ကျော်ကြားလာခြင်း ဖြစ်သည်။**

အသားညိုမည်းသဖြင့် မွေးဇာတိ ဖုကျန့်ဒေသက မျက်နှာမည်း ဆရာတော် **"ဝူးမြန့်ကျူးရှီး"**ဟု ခေါ်ကြသည်။ **"ကျူရှီးကုန်း"** အဘိုးဆရာတော်ဟုလည်း ခေါ်လေ့ရှိကြလေသည်။

အေဒီ ၁၀၈၃ ခုနှစ်၌ သက်တော် (၄၇)နှစ်ရှိပြီဖြစ်သော **"မာကျန်း"** အရှင်သူမြတ်အား **"လျို"**မျိုးနွယ် ဒါယကာတစ်ဦးက**"ချင်းရှီးဖုန်းလိုင်"** ဒေသတွင် ဘုန်းကြီးကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းသဖြင့် ကြွရောက်၍ အလှူခံယူ သီတင်းသုံးတော်မူသည်။

ထိုကျောင်းတော်၌ (၁၈)နှစ်ခန့် သီတင်းသုံးတော်မူပြီးနောက် သက်တော်(၆၅)နှစ်အဝင် ခရစ်ခုနှစ် ၁၁၀၁ခုနှစ်တွင် ကမ္မဋ္ဌာန်းရှုမှတ်နေလျက်မှ ခန္ဓာဝန်ချတော်မူလေသည်။

ယင်းကျောင်းတော်သည် ကျောက်ဆောင်ထိပ်၌ရှိ၍ "ရေစင်ကျောက်ဆောင်"(ချင်းရွှေယန်း)ကျောင်းတော်ဟု ခေါ်ဝေါ်ကြ၏။

ဆရာတော်ကြီးသည် ဆင်းရဲနွမ်းပါးသူတို့အား ဆေးဝါးကုသပေးသည်။ လမ်းတံတား ပြုပြင် တည်ဆောက်ပေးသည်။ မိုးခေါင်သောကာလများ၌ ဆရာတော်ကို ပင့်လျှောက်ပါက ကြွရောက် သုတ်ပရိတ်တော်များ ရွတ်ဖတ်ပေးခြင်းဖြင့် မိုးဖြိုင်ဖြိုင် ရွာသွန်းစေသဖြင့် **"ချင်းရွှေကျူရှီး"** ရေစင်ဆရာတော်ဟု ခေါ်ကြ၏။

ထို့ကြောင့် လောကီမျက်နှာစာ၌ သောကအပူမီးတောက်လောင်နေပါက **"ချင်းရွှေကျူရှီး"**ရေစင်ဆရာတော်၏ မေတ္တာရေစင်ဖြင့် ပက်ဖျန်းငြိမ်းအေးမှု ပေးပါရန် ဆုတောင်းလေ့ ရှိကြလေသည်။

မွေးရပ်မြေအခြားနေရာသို့ ရောက်ရှိသွားကြသော တရုတ်အနွယ်ဘွားများကလည်း ရေစင်ဆရာတော်ခေါ် ဆေးဝိဇ္ဇာဘိုးဘိုးကို ရောက်ရာဒေသ၌ ဆက်လက်ကိုးကွယ်ကြသဖြင့် ကမ္ဘာပေါ်ရှိ **တရုတ်တန်း**(China Town)များ၌ ဆေးဝိဇ္ဇာဘိုးဘိုး ပူဇော်မှုဓလေ့ကို မြင်တွေ့ကြရလေသည်။

ဆရာတော်မွေးနေ့ဖြစ်သော တရုတ်နှစ်ဆန်း(၆)ရက်နေ့တွင် ယုံကြည်ကိုးစားကြသော တပည့်၊ ဒါယကာ၊ သာဝကများက မွေးနေ့ပူဇော်ပွဲအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

အခြားသော နေ့ရက်များတွင်လည်း မိမိတို့သိလိုရာ အကြောင်းကိစ္စများ မေးလျှောက်ခြင်း၊ ရောဂါကုထုံး ဆေးဝါးများ မေးမြန်းခြင်းစသည့် အကြောင်းကိုယ်စီဖြင့် လာရောက်ပူဇော်ကြသူများစွာ မြင်တွေ့နိုင်သည်။

"ရေစင်ဆရာတော်"၏ ကျောင်းသို့ သွားရောက်ကာ သိလိုရာ မေးလျှောက်ကြရာ၌ ဂေါပကအဖွဲ့ဝင်နှစ်ဦးက ရုပ်တုတော်အား နှစ်ယောက်ထမ်း ဝေါယာဉ်(ထမ်းစင်)ပေါ်သို့ ပင့်ဆောင်ရသည်။

ထို့နောက် ရွှေစက္ကူမီးရှို့ကာ ပူဇော်ခြင်းဖြင့် ဆေးဝိဇ္ဇာဆရာတော်၏ ဓာတ်သက်ဝင်လျက် ဝေါယာဉ် လူးလွန့်လှုပ်ရှားလာသည်။

ထိုအခါ သိလိုရာမေးခွန်းများ မေးလျှောက်ရသည်။ ဆန် သို့မဟုတ် သဲဖြူးထားသော စားပွဲမျက်နှာပြင်တွင် ဝေါယာဉ်နောက်မှီအစွန်းဖြင့် အဖြေကို ရေးသားပေးသည်။

တရုတ်ဘာသာဖြင့်သာမက မြန်မာဘာသာစသည်ဖြင့်လည်း မေးလျှောက်နိုင်၍ သက်ဆိုင်ရာ ဘာသာစာပေဖြင့် ရေးသား ဖြေကြားလေ့ရှိသည်။

သဒ္ဓါတရားထက်သန်၍ ရိုသေလေးစားစွာ မေးလျှောက်လာသူတို့အတွက် ကောင်းကျိုးသုခ ဖြစ်တည်စေမည့် အကြံဉာဏ်များ ဖြေကြားပေးသည်ကို လက်တွေ့ ကြုံဆုံခဲ့ရပေသည်။

မြန်မာနိုင်ငံအတွင်း **"ရေစင်ဆရာတော်"**ကျောင်း အတန်များစွာ ရှိလေရာ ရန်ကုန်ရှိ ကုက္ကိုင်းဘုံကျောင်း၊ မော်လမြိုင်ရှိ အင်းဝိုင်း၊ ဈေးကြိုဘုံကျောင်းများမှာ ပရိသတ် ဒါယကာ စည်ကားစွာ လာရောက်တတ်ကြသည်။ အခြားသော မြို့ရွာများ၌လည်း စည်ကားသောကျောင်းများ ရှိနိုင်ပါသည်။

ဆေးဝိဇ္ဇာဘိုးဘိုးခေါ် ရေစင်ဆရာတော်သည် တရုတ်ဗုဒ္ဓဘာသာ၌ သမထကမ္မဋ္ဌာန်း ပေါက်မြောက်တော်မူ၍ တရားထူးရရှိသည့် ဆရာတော်ကြီး တစ်ပါးဖြစ်ကာ လွန်ခဲ့သောနှစ်ပေါင်း (၉၀၀)ကျော်က ပျံလွန်တော်မူခဲ့သော်လည်း ဘွဲ့မည်ဂုဏ်သတင်းက ယနေ့တိုင် ပျံ့သင်းနေဆဲ ဖြစ်လေသည်။

**ဟူချင်းဇီ**





www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် သမားတော်တိုင်းရင်းဆေးကုခန်း

# ဆရာ ဦးကိုကိုကြီး

(တဆ-၀၃၂၁၂)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# ချောင်းဆိုးရင်ကျပ်ရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

မြေးမြမောင်ယဉ်တင့်


ချောင်းဆိုးရောဂါနဲ့ ရင်ကျပ်ရောဂါဟာ ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါးကို လွန်,ယုတ်,လဲ့မှား ပြုဖန်များရင် ဖြစ်လွယ်တဲ့ ရောဂါများဖြစ်သလို မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်တဲ့ ရောဂါလဲ ဖြစ်ပါတယ်။

အဲဒီချောင်းဆိုးရောဂါနဲ့ ရင်ကျပ်ရောဂါတွေကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် မြောက်ဥက္ကလာမြို့နယ်ကို ရောက်တဲ့အခါ ဆရာဦးကိုကိုကြီးနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာဦးကိုကိုကြီးက **သားမင်းအမှတ်တံဆိပ်နဲ့ ချောင်းဆိုးသလိပ်ပျော်ဆေး၊ နှလုံးသည်းခြေဆေးများ**ကို ထုတ်လုပ်ဖြန့်ချိလျက်ရှိတဲ့ ဆေးတိုက်ပိုင်ရှင်လဲ ဖြစ်ပါတယ်။

အသက်(၉၀)နှစ်ခန့်ရှိပြီး ဆေးကုသက် နှစ်(၄၈)ရှိနေပြီဖြစ်တဲ့ ဆရာဦးကိုကိုကြီးနဲ့ တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

▲ **'ဒီတစ်ပတ် ဆရာကြီးနဲ့ ဆွေးနွေးချင်တဲ့ ရောဂါကတော့ ချောင်းဆိုးရင်ကျပ်ရောဂါနဲ့ ရင်ကျပ်ရောဂါ ကာကွယ်စောင့်ရှောက်နည်းတွေကို ဆွေးနွေးမှာဖြစ်ပါတယ်။ ပထမ ချောင်းဆိုးရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပြောပြပေးပါ ဆရာ'**



ဆရာဦးကိုကိုကြီး(တဆ-၀၃၂၁၂)

○ 'ချောင်းဆိုးရောဂါဟာ အပူရှိခိုက် အအေးစာ စားမိ၍သော် လည်းကောင်း၊ ရင်တွင်း၌ အာပေါ,ပထဝီ ဓာတ်နှစ်ပါး နှစ်ပတ်ဖွဲ့ပြီး အာကာသဓာတ် မရရှိခြင်းကြောင့် လည်းကောင်း၊ တေဇောဓာတ်ကြောင့် ဝါယောဓာတ်ငုတ်ပြီး ရင်တွင်းကလေ လည်ချောင်းကတစ်ဆင့် တိုးဝှေ့ထွက်လာခြင်းကြောင့် လည်းကောင်း ချောင်းဆိုးရောဂါ ဝေဒနာတစ်ရပ် ဖြစ်လာခြင်းပဲ ဖြစ်ပါတယ်'

▲ **'ချောင်းဆိုးရောဂါ ဘယ်နှမျိုး ရှိပါသလဲဆရာ၊ ဆက်ပြီး ပြောပြပေးပါဦး'**

○ 'ချောင်းဆိုးရောဂါ (၄)မျိုးရှိပါတယ်။ အဲဒါတွေကတော့...

၁။ အပူချောင်း၊

၂။ အအေးချောင်း၊

၃။ အမိချောင်း၊

၄။ အပူစွဲချောင်း...

ဆိုပြီး (၄)မျိုး ဖြစ်ပါတယ်'

▲ **'အဲဒီ ချောင်းဆိုးရောဂါ(၄)မျိုးရဲ့ ဖြစ်စဉ်များကို ပြောပြပေးပါဦးဆရာ'**

○ 'အဲဒီ(၄)မျိုးထဲက **အပူချောင်း**ဟာ အဖျားရောဂါခံစားပြီး အဖျားပျောက်ပေမယ့် ချောင်းဆိုးဟာ မပျောက်ဘဲ တာရှည်နေတဲ့ချောင်းကို **အပူချောင်း**လို့ခေါ်ပါတယ်။

အဖျား ဖျားစဉ်ကာလမှာ အစာအေး ဆေးအေး အစားများတဲ့အတွက်

www.burmeseclassic.com

အစားလွန်ပြီး ရင်လေးရင်ကျပ်ဖြစ်တဲ့ ချောင်းကို **အအေးချောင်း**လို့ ခေါ်ပါတယ်။

အေးတဲ့ရာသီမှာ မဆင်မခြင် ရေချိုးခြင်း၊ အအေးစာများ အစားများခြင်းကြောင့် အပတ်ဖွဲ့ အားကြီးပြီး ဝါယောဓာတ်ချုပ်ကာ အပူခံအားမကြီးဘဲ ပကတိရှိရင်းစွဲ တေဇော၊ ဝါယောဓာတ်များ ပြင်းစွာ တိုးဝှေ့တဲ့အတွက် ဆိုးတဲ့ချောင်းကို **အစိချောင်း**လို့ ခေါ်ပါတယ်။

နေပူမီးပူခံပြီး ရေချိုးမိတဲ့အတွက် **အဆုတ်မှာ အပူစွဲဆိုးတဲ့ချောင်း**ကို **အပူစွဲချောင်း**လို့ ခေါ်ပါတယ်'

▲ **'အဲဒီချောင်းဆိုးရောဂါကို သက်သာပျောက်ကင်းအောင် မကုသခဲ့ရင် နောက်ဆက်တွဲ ဘယ်လိုရောဂါမျိုး ဖြစ်နိုင်ပါသလဲ ဆရာ'**

○ 'ချောင်းဆိုးရောဂါကို သက်သာပျောက်ကင်းအောင် မကုသနိုင်ခဲ့ရင် တစ်ဆင့်တက်ပြီး **ချောင်းဆိုးသွေးပါ အဆုတ်နာ**ထိ ဖြစ်နိုင်ပါတယ်'

▲ **'ချောင်းဆိုးရောဂါ ကာကွယ်စောင့်ရှောက်နည်းများကို ပြောပြပေးပါဦး ဆရာ'**

○ 'ချောင်းဆိုးရောဂါ ကာကွယ် စောင့်ရှောက်နည်းများကတော့ ကံ၊စိတ်၊ ဥတု၊အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါးကို လိုက်လျောညီထွေ နေထိုင်ရပါမယ်။

ပထမဦးဆုံး မဖျားမနာရအောင် ဂရုစိုက်ရပါမယ်။ အဖျားရောဂါက တစ်ဆင့် ချောင်းဆိုးရင်ကျပ်ဖြစ်တတ်တဲ့အတွက် ရာသီအကူးအပြောင်းတွေမှာ မဖျားမနာရအောင် ဂရုစိုက်ရပါမယ်။

နေပူမီးပူခံပြီး ရေချိုးခြင်း၊ နေပူထဲမှ လာပြီး မကြာခင် ရေချိုးခြင်း လုံးဝ ရှောင်ကြဉ်ရပါမယ်။ ကွမ်း၊ဆေးလိပ်၊

**နေပူမီးပူ ခံပြီး ရေချိုးမိတဲ့ အတွက် အဆုတ်မှာ...**

အရက်သောက်ခြင်း လုံးဝ ရှောင်ကြဉ်ရပါမယ်။

ပန်ကာလေ၊ လေအေးစက်နဲ့ နေထိုင်မှုများခြင်းကို ဆင်ခြင်ရပါမယ်။ အပုပ်နံ့များ၊ အနံ့ဆိုးများ၊ ဂက်(စ်)နံ့များနဲ့ ကင်းရှင်းအောင် နေထိုင်ရပါမယ်။

မေထုန်မှုလွန်ကဲခြင်း၊ ဆီး၊ဝမ်း၊လေ အဟုန်တို့ကို တားမြစ်ခြင်းများကို ဆင်ခြင်ရပါမယ်။ အုန်းသီး၊ငှက်ပျောသီး၊ဆီကြော်မုန့်များ လွန်ကဲစွာ စားခြင်းကို ရှောင်ကြဉ်ရပါမယ်။

အစာမကြေခင် နောက်ထပ်ဆင့်ကဲ အစားအစာ စားသောက်ခြင်း၊ ကြေကျက်ခဲသော အစားအစာများကို စားခြင်းမှ ရှောင်ကြဉ်ရပါမယ်။

အထက်ပါ အချက်အလက်များကို ဆင်ခြင်နေထိုင် စားသောက်သွားရင် ချောင်းဆိုးရောဂါ ကြိုတင်ကာကွယ်နိုင်ပါတယ်'

▲ **'ဆက်လက်ပြီး ရင်ကျပ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပြောပြပေးပါဦးဆရာ'**

○ 'ရင်ကျပ်ရောဂါဖြစ်စေတဲ့ အကြောင်းရင်းများကတော့ အာယုဗ္ဗေဒ ဆေးပညာအရ ကာလ၊အတ္တ၊ကမ္မဆိုတဲ့ အကြောင်းတရား (၃)ပါးကို မဆင်မခြင် ပြုမိတဲ့အတွက် ရင်ကျပ်ရောဂါ ဖြစ်ကြရတာပါ။

ကာလဆိုတဲ့ ရောက်ဆဲကာလမှာ အချိန်အခါကို ဂရုမပြု၊ နွေ၊မိုး၊ဆောင်းဆိုတဲ့ ဥတုသုံးပါးမှာ လိုက်လျောညီထွေနေထိုင်မှု မရှိခြင်း၊ ကမ္မဆိုတဲ့ အပြုအမူတွေကြောင့် ရင်ကျပ်ရောဂါ ဖြစ်ကြရခြင်း ဖြစ်ပါတယ်။

ဥပမာ ပန်ကာလေ၊လေအေးစက်တို့နဲ့ နေထိုင်မှုများခြင်း၊ အချိန်အခါမဲ့ ညဉ့်နက်သန်းခေါင် ရေချိုးခေါင်းလျှော်ခြင်း၊ နေပူမီးပူခံပြီး ရေချိုးခြင်း၊ နေပူထဲမှလာပြီး ရုတ်တရက် ပန်ကာလေ၊ လေအေးစက်နဲ့ နေထိုင်ခြင်းများဟာ ပန်းနာရင်ကျပ်ရောဂါ ဖြစ်ရုံသာမက လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောဖြတ်ခြင်း၊ ပေါက်ခြင်းများကို ဖြစ်စေနိုင်ပါတယ်။

အတ္တဆိုတဲ့ အစားအသောက်ကြောင့်လဲ ရင်ကျပ်ရောဂါကို ရရှိစေပါတယ်။ ရေခဲရည်၊ ရေခဲမုန့်၊ ဖာလူဒါ၊ ပန်းသီး၊ ငှက်ပျောသီး၊ သခွားသီး ဖရဲသီး စတဲ့ အေးသော အစားအစာများကို အေးတဲ့ မိုးဥတု၊ဆောင်းဥတုများတွင် လွန်ကဲစွာ စားသောက်ခြင်း အပြင်...

အထက်မှာ ပြောခဲ့တဲ့ ကမ္မအပြုအမူ နေထိုင်မှုစရိုက်အရ လောဘ၊ဒေါသ၊ မောဟ၊ရာဂ၊မာန်မာန စရိုက်များခဲ့ရင် စိတ္တဇဝါယော (စိတ်ကြောင့်ဖြစ်သောလေ) လွန်ကဲတဲ့အခါမျိုး၊ မောဟစရိုက် စိတ္တဇဝါယော အားနည်းတဲ့ အခါမျိုးတွေ ကြိမ်ဖန်များစွာ မှားယွင်းမှု ရှိလာတဲ့အခါ ရင်ကျပ်ရောဂါ ဖြစ်တတ်ပါတယ်'

▲ **'ရင်ကျပ်ရောဂါ ဘယ်နှမျိုး ရှိပါသလဲ ဆရာ'**

○ 'ရင်ကျပ်ရောဂါ နှစ်မျိုး ရှိပါတယ်။

၁။ လေကြောင့်ဖြစ်သောရောဂါ၊

၂။ သလိပ်ကြောင့်ဖြစ်သောရောဂါ...

ဆိုပြီး နှစ်မျိုးရှိပါတယ်'

▲ **'လေကြောင့်ဖြစ်တဲ့ ရင်ကျပ်ရောဂါ**



www.burmeseclassic.com

www.burmeseclassic.com

**▲'သလိပ်ကြောင့်ဖြစ်တဲ့ ရင်ကျပ်ရောဂါကို ခွဲခြားပြီး ပြောပြပေးပါဦးဆရာ'**

○'ရင်ကျပ်ရောဂါဟာ အသက်ရှူမဝတာ၊ မောပန်းတာချင်း တူပေမယ့် လက္ခဏာချင်း နည်းနည်းကွာခြားပါတယ်။

**လေကြောင့်ဖြစ်တဲ့ ရင်ကျပ်ရောဂါလက္ခဏာများကတော့...**

၁။ ချောင်းမဆိုးခြင်း၊
၂။ ချောင်းဆိုးသော်လဲ သလိပ်မရခြင်း၊
၃။ သလိပ်ရတဲ့အခါ ပျစ်ချွဲသော သလိပ်မဟုတ်ဘဲ သာဂူစေ့ကဲ့သို့ မာမာသလိပ်ခဲ, ကျောက်ကျောက်ကဲ့သို့ အမျှင်ချောင်းပမာထွက်ခြင်း၊
၄။ နှာမွန်ခြင်း, နှာချေခြင်း၊
၅။ ရေ (သို့မဟုတ်) ဟင်းရည်သောက်တဲ့အခါ သီးတတ်ခြင်း၊
၆။ အစားစားရင်ဖြစ်စေ, ရေသောက်ရင်ဖြစ်စေ နင်တတ်ခြင်း၊
၇။ ညအိပ်ပျော်စဉ် တံတွေးသီးတတ်ခြင်း၊
၈။ မွှေးလွန်းသောအနံ့, နံလွန်းသောအနံ့ မခံနိုင်ခြင်း၊
၉။ ဒေါသကြီးခြင်း, စိတ်ထိခိုက်လွယ်ခြင်း၊
၁၀။ ပက်လက်လှန်၍ အိပ်မရခြင်း၊
၁၁။ အသက်ရှူတဲ့အခါ လေသံကတရှဲရှဲကြားရခြင်း။
၁၂။ ညအခါ ရောဂါ ပို၍ခံစားရခြင်း။
၁၃။ အပူကို အလိုရှိခြင်း...

လက္ခဏာများဟာ လေကြောင့်ဖြစ်တဲ့ ရင်ကျပ်ရောဂါလက္ခဏာများ ဖြစ်ပါတယ်။

**သလိပ်ကြောင့်ဖြစ်တဲ့ ရင်ကျပ်ရောဂါလက္ခဏာများကတော့...**

၁။ ချောင်းဆိုးခြင်း၊
၂။ ချောင်းဆိုးရင် ချွဲသလိပ်သံကြားရခြင်း၊
၃။ သလိပ်များစွာ ထွေးရခြင်း။
၄။ ရုပ်စိုဝဖြိုးခြင်း, ရုပ်လေးခြင်း။
၅။ အသားအရေဖြူဖျော့ခြင်း, အသားအရေအေးခြင်း၊
၆။ ခံတွင်းအရသာ ချိုငန်ခြင်း။
၇။ ဝမ်းမီးညံ့၍ အစာမကြေခြင်း။
၈။ အအေးကြိုက်နှစ်သက်ခြင်း၊
၉။ အသက်ရှူရင် ချွဲသလိပ်သံ ကြားရခြင်း...

စတဲ့ လက္ခဏာများ ဖြစ်ပါတယ်'

**▲'ရင်ကျပ်ရောဂါ ကြိုတင်ကာကွယ် စောင့်ရှောက်နည်းများကို သိပါရစေဆရာ'**

○'ရင်ကျပ်ရောဂါ ကြိုတင်ကာကွယ် စောင့်ရှောက် နည်းများကတော့ ဥတုသုံးပါးလုံး ရေချိုးဆင်ခြင်ရမယ်၊ ''ဆောင်းတစ်ဆယ်, နွေကိုး, မိုးဆယ့်တစ် ရေချိုးစနစ် အကျိုးဖြစ်၏'' ဆိုတဲ့ ဆောင်ပုဒ်အရ **ဆောင်းဥတုမှာ** မနက်(၁၀)နာရီတွင် ရေချိုးသင့်ပါတယ်။

**နွေရာသီမှာ** မနက်(၉)နာရီမှာ ရေချိုးသင့်ပြီး **မိုးရာသီမှာ** မနက်(၁၁)နာရီ ရေချိုးရင့်အခိုးပွင့်ပြီး ကျန်းမာစေနိုင်ပါတယ်။

**''နွေ အီး၊ မိုး ချီး(ချေး)၊ ဆောင်း ဆီး''** ဆိုသလို နွေရာသီမှာ လေမချုပ်အောင် ဂရုစိုက်ရပါမယ်။ မိုးရာသီမှာ ဝမ်းမချုပ်အောင် ဂရုစိုက်ရမှာ ဖြစ်သလို၊ ဆောင်းရာသီမှာ ဆီးမချုပ်အောင် အထူးဂရုပြုရပါမယ်။

အစားအစာများအနေနဲ့ အရည်ဓာတ် ကင်းမဲ့တဲ့ အကြော်အလှော်၊ အဖုတ်အကင်၊ အခြောက်တို့ကို၊ ဆီပြန်ဟင်းမစားဘဲ အရည်ပါတဲ့ ဟင်းများ စားသောက်ရပါမယ်။ ကြက်စွပ်ပြုတ်၊ ဆိတ်စွပ်ပြုတ်ရည်များ သောက်သုံးရပါမယ်။

အပုပ်နံ့,ညှော်နံ့များ မရှူရှိုက်မိအောင် နေထိုင်ရပါမယ်။ ကွမ်း, ဆေးလိပ်, အရက် လုံးဝ ရှောင်ကြဉ်ရပါမယ်။ ဆေးလိပ်ကို ကိုယ်တိုင်မသောက်ဘဲ နေရမယ့်အပြင် တစ်ဆင့်ခံ ဆေးလိပ်ငွေ့ မရှူရှိုက်မိဖို့ သတိထားရပါမယ်။

ရာသီစာများအနေနဲ့ ပူလွန်းသော ဥတုမှာ အပူအစပ်စာများ လွန်ကဲစွာစားခြင်း၊ အေးလွန်းသော ဥတုမှာ အအေးစာများ လွန်ကဲစွာ စားသောက်ခြင်းများ ရှောင်ကြဉ်ရပါမယ်။

ရာသီသုံးပါးမှာ ချည်ထည်အင်္ကျီ၊ လုံချည်များဝတ်ရင် ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေပါတယ်။

ကျန်းမာရေးမဂ္ဂဇင်း၊ ဂျာနယ်များကို ဖတ်ရှုလေ့လာပြီး အစာလဲဆေး၊ ဆေးလဲအစာ ဆိုသလို အသီးအနှံ၊ အစားအစာများကို ရာသီဥတုနဲ့ လိုက်လျောညီထွေ စားသောက်သွားရင် ချောင်းဆိုးရောဂါ၊ ရင်ကျပ်ရောဂါ သာမက ရောဂါအမျိုးမျိုး ကာကွယ်နိုင်ကြောင်း ပြောချင်ပါတယ်'

**▲'ကျေးဇူးတင်ပါတယ် ဆရာ'**

**ဆရာဦးကိုကိုကြီးနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...**

**ဆရာ ဦးကိုကိုကြီး**
**သမားတော် တိုင်းရင်းဆေးကုခန်း**
အမှတ်(၁၀၁၃)၊ ကွန်နာ(၁၀)လမ်း။
(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၇၀၅၃၆၄၊ ၀၉ ၅၀၉၇၉၈၁၃

**မြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်မှ (၃၀)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျောင်းမြသည်

## တနင်္ဂနွေ

**စီးပွားရေး** ။ ။ အထည်ချုပ်စက်ရုံများ လုပ်ငန်းကောင်းမည်။ စားသောက်ကုန်လုပ်ငန်းများ အမြတ်များမည်။ အမျိုးသမီးအသုံးအဆောင်များ၊ အလှကုန်များ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းအရေးရာ** ။ ။အလုပ်အကိုင်များ သတ်မှတ်ရက်မတိုင်မီ အောင်မြင်စွာ ပြီးစီး၍ ချီးကျူးခံရမည်။ လုပ်ဖော်ကိုင်ဖက်များ၏ ကျေးဇူးကို မမေ့ပါနှင့်။

**အိမ်တွင်းရေး** ။ ။ အိမ်တွင်းရေး အဆင်ပြေမည်။ သားသမီးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်စရာတစ်ခု ပေါ်ပေါက်လာတတ်သည်။

**အချစ်ရေး** ။ ။ ဘဝတူများ၏ ဝိုင်းဝန်းပံ့ပိုးမှုကြောင့် ချစ်သူတစ်ယောက် ရရှိမည်။ သစ္စာရှိရှိချစ်သွားပါ။

**ပညာရေး** ။ ။ အသက်မွေးဝမ်းကြောင်းမှုသင်တန်းများ တက်ရောက်ပါ။ အောင်မြင်တတ်ကျွမ်းကျင်၊ အလုပ်အကိုင်ရရှိမည်။

**ကျန်းမာရေး** ။ ။ ကျန်းမာရေး ကောင်းပါသည်။ နေပူထဲမှ ပြန်ရောက်ရောက်ချင်း ရေမချိုးပါနှင့်။

**ဆောင်ရန်ရက်များ** ။ ။၁၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ။ ၄၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၄၊ ၆၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ ဆန္ဒင်းမကောင်း(၆)တုံး (သို့မဟုတ်) ဆီထမင်း (၆)ပုံကို ရဟန်းတစ်ပါးပါးအား ကပ်လှူဒါန်းပြုပါ။ လိုရာဆုတောင်းပါ။

## တနင်္လာ

**စီးပွားရေး** ။ ။ လုပ်ဖော်ကိုင်ဖက်ကောင်းများ၏ ကူညီမှုဖြင့် စီးပွားရေးလုပ်ငန်း၊ အလုပ်အကိုင်များ အဆင်ပြေအောင်မြင်မည်။ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးတွဲလုပ်ကိုင်ခွင့်ရမည်။

**ဝန်ထမ်းအရေးရာ** ။ ။မိမိအထက်မှလူကြီးများနှင့် အဆင်ပြေအောင်နေပါ။ နေရာဌာန ပြောင်းရွှေ့ရကိန်းရှိနေသည်။

**အိမ်တွင်းရေး** ။ ။မိသားစုနှင့် အဆင်ပြေအောင်နေပါ။ မိမိအပေါ် မကျေနပ်ချက်များ ရှိနေသည်။ မိသားစု၏ လိုအင်ဆန္ဒများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးပါ။

**အချစ်ရေး** ။ ။ငွေကြေးလိုအပ်ချက်ကြောင့် အချစ်ရေးတွင်အဆင်မပြေစရာလေးတွေ ပေါ်လာမည်။

**ပညာရေး** ။ ။ပညာရေးကံကောင်းနေပါသည်။ မည်သည့်ပညာကိုပဲသင်သင် မည်သည့်သင်တန်းကိုပဲတက်တက် အောင်မြင်တတ်မြောက်မည်။

**ကျန်းမာရေး** ။ ။ ကျန်းမာရေးကောင်းပါသည်။ အူပရိကရောဂါများဖြစ်သော ခေါင်းမူးခေါင်းကိုက်ဝေဒနာ ဖြစ်မည်။

**ဆောင်ရန်ရက်များ** ။ ။ ၁၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ။ ၃၊ ၆၊ ၈၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၃၊ ၆၊ ၈၊ ၉ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ စိန်ပန်းဆာတ်ရသော ဆိတ်သားနှင့် ပဲဟင်းကိုချက်ပြီး ဘုန်းတော်ကြီးအား ကပ်လှူပါ။













## အင်္ဂါ

**စီးပွားရေး** ။ ။ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ အလှကုန်ပစ္စည်းများ အကျိုးအမြတ်များမည်။ အလှပြင်ဆိုင်များ လုပ်ငန်းကောင်းမည်။

**ဝန်ထမ်းအရေးရာ** ။ ။ ဝန်ထမ်းအနေဖြင့် လုပ်ငန်းတာဝန်များ ပိနေသော်လည်း ကြိုးစားလုပ်ကိုင်ရမည်။ အလုပ်မပြီးလျှင် အပြစ်တင် ခံရလိမ့်မည်။

**အိမ်တွင်းရေး** ။ ။ အိမ်ထောင်ဖက်ကောင်း၍ အိမ်တွင်းရေးသာယာမည်။ မိသားစုဝင်ငွေကောင်း၍ အစစအရာရာ အဆင်ပြေမည်။ သားသမီးများ ပညာရေး၊ ကျန်းမာရေးကောင်းမည်။

**အချစ်ရေး** ။ ။ အချစ်ရေးကံဇာတာ တက်နေသည်။ လက်ထပ်ရန် အလျင်မလိုပါနှင့်။သီတင်းကျွတ်အောင် စောင့်ပါဦး။

**ပညာရေး** ။ ။ အချစ်ရေးအောင်မြင်နေ၍ ပညာရေးကို ထိခိုက်နိုင်ပါသည်။ ချစ်လဲချစ်ပါ။ ပညာကိုလည်း ကြိုးစားပါ။

**ကျန်းမာရေး** ။ ။ကျန်းမာရေး ကောင်းပါသည်။လေထိုး လေအောင့်တတ်၍ လေပွစာများကိုရှောင်ပါ။

**ဆောင်ရန်ရက်များ** ။ ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၃၊ ၅၊ ၇၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ ဘဲသားဆန်ပြုတ်ပြုတ်၍ ဘုန်းတော်ကြီး(၃)ပါးအား အရုဏ်ဆွမ်းကပ်ပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။ ။ စက်ရုံအလုပ်ရုံများ ပုံမှန်အတိုင်း လုပ်ကိုင်နေရမည်။ အထည်ချုပ်စက်ရုံများ အကျိုးအမြတ်များမည်။ ဆေးဝါးထုတ်လုပ်ရောင်းဝယ်ရေး ဝင်ငွေတိုးမည်။

**ဝန်ထမ်းအရေးရာ** ။ ။လုပ်ငန်းလုပ်ကိုင်ရာတွင် မမျှော်လင့်ဘဲအနှောင့်

www.burmeseclassic.com

www.burmeseclassic.com

အယုဂ်ကို တွေ့ရတတ်သည်။
**အိမ်ထောင်ရေး**။ ။ သားသမီးများကြောင့် မိသားစု စိတ်ဆင်းရဲရတတ်သည်။ စိတ်ရှည်သည်းခံ၍ လမ်းမှန်ရောက်အောင် ဆိုဆုံးမပေးပါ။
**အချစ်ရေး**။ ။ အချစ်ရေး အဆင်ပြေနေရာမှ မနာလိုသူ၏ ကတုန်းကတိုက်ပြုလုပ်မှုကြောင့် အထင်အမြင်လွဲတတ်သည်။
**ပညာရေး**။ ။ပညာရေးကောင်းပါသည်။ ခေတ်မီ ခေတ်ပေါ် ပညာရပ်များ သင်ကြားခွင့်ရလိမ့်မည်။
**ကျန်းမာရေး**။ ။ ခြေချော်လဲခြင်း၊ အမြင့်မှကျခြင်းတို့ ဖြစ်တတ်၍ သတိဖြင့်သွားလာပါ။ ပေါ့ပေါ့ဆဆ မလုပ်ပါနှင့်။
**ဆောင်ရန်ရက်များ**။ ။ ၁၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။
**ရှောင်ရန်ရက်များ**။ ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။
**ထီထိုးရန်ရက်များ**။ ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။
**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၄၊ ၆၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ မွေးနေ့နံနက် (၉)နာရီ (၅)မိနစ်အချိန်တွင်နေအိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် "သမ္ဗုဒ္ဓေဂါထာတော်ကြီး" ကို (၁၇)ကြိမ်ရွတ်ပွားပါ။







## ကြာသပတေး

**စီးပွားရေး**။ ။ခရီးသွားလုပ်ငန်းများ ပုံမှန်လုပ်ကိုင်နေရမည်။ လုပ်ငန်း မတိုးချဲ့ပါနှင့်ဦး။ ယာဉ်ကား လုပ်ငန်းများတွင် အရင်းအနှီးများများမထည့်ပါနှင့်ဦး။ ကံမလိုက်သေးပါ။
**ဝန်ထမ်းရေးရာ**။ ။လုပ်ငန်းဆိုင်ရာခရီး ထွက်ရလိမ့်မည်။ ခရီးထွက်ပြီးပြန်လာလျှင် နေရာကောင်းသို့ ပြောင်းရလိမ့်မည်။
**အိမ်ထောင်ရေး**။ ။ဒုက္ခပေးမည့်ဆွေမျိုးများ ရောက်လာလိမ့်မည်။ ဆွေမျိုးများ၏ အလိုက်မသိမှုကြောင့် မိသားစုမှာ စိတ်ရောကိုယ်ပါ ပင်ပန်းလိမ့်မည်။
**အချစ်ရေး**။ ။မိမိတို့ချည်း ချစ်နေရုံနှင့် မပြီးသေး။ နှစ်ဖက်လူကြီးမိဘများက သဘောတူအောင် ကြိုးစားပါဦး။ ဝါကျွတ်မှလက်ထပ်ဖို့ စဉ်းစားပါ။
**ပညာရေး**။ ။ ပညာရေးကံဇာတာ ကောင်းပါသည်။ ပြည်ပထွက်ခွင့်းသာမက ပြည်ပနိုင်ငံတွင် ကျောင်းတက်လိုက တက်ရောက်နိုင်ပါသည်။
**ကျန်းမာရေး**။ ။ ကျန်းမာရေးကောင်းပါသည်။ အပရိက ခေါင်းကိုက်၊ ဖက်ထိုးရောဂါလောက်တော့ ခံစားရမည်။
**ဆောင်ရန်ရက်များ**။ ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။
**ရှောင်ရန်ရက်များ**။ ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈။
**ထီထိုးရန်ရက်များ**။ ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၃၊ ၂၆၊ ၃၀။
**ထီထိုးရန်ဂဏန်းများ**။ ။ ၂၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ ယှဉ်ပြိုင်ရန်၊ လုပ်ဆောင်ရန်ရှိလျှင် ထအောင်းညွန့်၊ ဇော်ညွန့်ကို လေ့ခါးရင်းမြေပြင်တွင်ချ၍ နင်းပြီးသွားပါ။

## သောကြာ

**စီးပွားရေး**။ ။ မြေအရောင်းအဝယ်လုပ်ငန်းများ အကျိုးအမြတ်ရှိမည်။ ငွေကြေးရောင်းဝယ်ရေး၊ လဲလှယ်ရေးလုပ်ငန်းများ ပုံမှန်လုပ်ကိုင်နေရမည်။
**ဝန်ထမ်းရေးရာ**။ ။ ငွေကြေးကိုင်တွယ်သုံးစွဲရသူဖြစ်လျှင် စာရင်းဇယားတိတိကျကျထားပါ။ ငွေကြေးဆိုင်ရာပြဿနာ ပေါ်ကိန်းရှိ၍ အထူးသတိထားပါ။
**အိမ်ထောင်ရေး**။ ။ သားသမီးတို့ကြောင့် စိတ်ဒုက္ခရောက်ရတတ်၍ သားသမီးတို့ကို စိတ်ချမ်းသာအောင်ထားပါ။ သူတို့ဆန္ဒကို အတတ်နိုင်ဆုံး လုပ်ဆောင်ပေးပါ။
**အချစ်ရေး**။ ။ မိဘများကြောင့် အချစ်ရေး အဆင်မပြေဖြစ်ရတတ်သည်။ လူကြီးမိဘများ၏ သဘောတူညီမှုရရှိအောင် ကြိုးစားဆောင်ရွက်ပါ။
**ပညာရေး**။ ။ အခက်အခဲတွေ့လျှင် စိတ်မပျက်ပါနှင့်။ အခက်အခဲကို ကျော်လွှန်သည်နှင့် ထူးထူးခြားခြား အောင်မြင်မှု ရရှိမည်။
**ကျန်းမာရေး**။ ။ ကျန်းမာရေးကောင်းနေရာမှ နှလုံးရောဂါအခံရှိလျှင် ရုတ်တရက် နှလုံးရောဂါ ပြန်ဖြစ်တတ်သည်။ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။
**ဆောင်ရန်ရက်များ**။ ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉၊ ၃၀။
**ရှောင်ရန်ရက်များ**။ ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈။
**ထီထိုးရန်ရက်များ**။ ။ ၂၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၃၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၅၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ ကလေးများကို နွားနို့ထမင်း ကျွေးမွေးဒါနပြုပါ။

## စနေ

**စီးပွားရေး**။ ။ရွှေပန်းထိမ်လုပ်ငန်း၊ ရွှေအရောင်းအဝယ်လုပ်ငန်းများ အကျိုးအမြတ်များမည်။ ကိုယ်စားလှယ် အကျိုးဆောင် ရှေ့နေလုပ်ငန်းများ၊ အလုပ်ကောင်းမည်။
**ဝန်ထမ်းရေးရာ**။ ။ အထက်လူကြီးသာမက လုပ်ဖော်ကိုင်ဖက်များ၏ ကူညီအားပေးမှုကြောင့် မိမိတာဝန်ယူလုပ်ဆောင်ရမည့် လုပ်ငန်းများ အောင်မြင်ပြီးမြောက်မည်။
**အိမ်ထောင်ရေး**။ ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ အိမ်ထောင်ဖက်၏စီးပွားရေး ကောင်းမည်။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်းမည်။
**အချစ်ရေး**။ ။ ချစ်သူနှင့် အပျော်ခရီးထွက်ခွင့် ကြုံလိမ့်မည်။ လူကြီးမိဘများကလည်း သဘောတူ၍ ဝါကျွတ်လျှင် လက်ထပ်နိုင်ပါသည်။
**ပညာရေး**။ ။ ချစ်တာလည်း ချစ်ပါ။ ပညာရေးကိုတော့ လက်မလွှတ်ပါနှင့်။ နည်းနည်းကြိုးစားရုံနှင့် များများ အောင်မြင်ပါလိမ့်မည်။
**ကျန်းမာရေး**။ ။ သွေးတိုးရောဂါအခံရှိပါက သွေးတိုးရောဂါပြန်ထတတ်သည်။
**ဆောင်ရန်ရက်များ**။ ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၂၉။
**ရှောင်ရန်ရက်များ**။ ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ**။ ။ ၃၊ ၈၊ ၁၂၊ ၁၅၊ ၂၄၊ ၂၇၊ ၂၉။
**ထီထိုးရန်ဂဏန်းများ**။ ။ ၄၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ သက်ကြီးဝါကြီးများကို ဆေးဝါး လှူဒါန်းပေးပါ။

*ကျန်းမာ ချမ်းသာပါစေ။*

**ဆရာ ရောင်ခြည်**




www.burmeseclassic.com

www.burmeseclassic.com

# သဗ္ဗသိဒ္ဓိပြဒါး

## ခဲရည်လောင်းနည်း



### ပြဒါး၏ ဂုဏ်သတ္တိနှင့် အမည်များ

၁။ လကြေး စသော ဓာတ်ကြီးများ၊ ရွှေဓာတ်တို့ကို စားတတ်သောကြောင့် ပြဒါးကို **(ရသ)**ဟုဆို၏။

၂။ လကြေး စသော ဓာတ်အလုံးစုံတို့၏အထက်၌ ဖြစ်သောကြောင့် ပြဒါးကို **(ရသိန္ဒြ)**ဟုဆို၏။

၃။ ကိုယ်၌ ကျန်းမာရေးကို ဖြစ်စေခြင်း၊ ရွှေ စသော ဓာတ်တို့ကို ပြုလုပ်စေတတ်သောကြောင့် ပြဒါးကို **(သူတ)** ဟုဆို၏။

၄။ ပြဒါးသည် သဘာဝအားဖြင့် လှုပ်ရှားတတ်၏။ ထို့ကြောင့် ပြဒါးကို **(စပလ)**ဟူ၍လည်းခေါ်၏။

၅။ လကြေး စသော မြတ်သောဆေးတို့၌ ပြဒါးသည် ဘုရင်နှင့်တူသောကြောင့် ယင်းကို **(ရသရာဇ)**ဟူ၍လည်းခေါ်၏။

၆။ ရောဂါတည်းဟူသော နွံ၌ နစ်မြုပ်နေကြသော သတ္တဝါတို့ကို ကယ်ထုတ်နိုင်သောကြောင့် **(ပါရဒ)**ဟူ၍လည်းခေါ်၏။ ဒါကြောင့် ပါရဒ၏ အစွမ်းကို ဖော်ထုတ်ကြပါစို့...

### သဗ္ဗသိဒ္ဓိပြဒါးခဲရည်လောင်းနည်း

၁။ **ကွမ်းရွက်ရည်**တွင် မီးအကြိမ်ပေါင်း (၁၅၀) သွန်းလောင်းလေ၊ **ဘော်ငွေအဆင်းနှင့် တူလာ၏။**

၂။ **သံပရာရည်**တွင် (၁၇၀) သွန်းလောင်းလေ၊ **မိုးကြိုးလောဟာအဆင်းနှင့် တူ၏။**

၃။ **ရှားစောင်းကြီးရည်**တွင် (၁၉၀) သွန်းလောင်းလေ၊ **ရွှေအဆင်းနှင့် တူ၏။**

၄။ **ပျားရည်**တွင် မီးပေါင်း(၂၅၀) သွန်းလောင်းလေ၊ **ကျောက်စိမ်းအဆင်းနှင့် တူ၏။**

၅။ **ကြံသကာရည်**တွင် မီးပေါင်း(၂၇၀) သွန်းလောင်းလေ၊ **ပုလဲအဆင်းနှင့် တူ၏။**

၆။ **အုန်းရည်**တွင် မီးပေါင်း(၂၉၀) သွန်းလောင်းလေ၊ **ဝိတုန်းတောင်အဆင်းနှင့် တူ၏။**

၇။ **ဝက်ဆီ၊ နွားနို့၊ ထောပတ်**တွင် မီးပေါင်း အကြိမ်(၃၀၀) သွန်းလောင်းလေ၊ **သောက်ရှူးကြယ်ကဲ့သို့ရှိ၏။**

ထိုပြဒါးကို **ပျားရည်၊ ဆီဥထောပတ်**တို့တွင် (၇)ရက်စိမ်၍ထားလေ၊ ခုနစ်ရက်လည်လျှင် ဆီဥထောပတ်,ပျားရည်တို့သည် အချိုအဆိမ့် အရသာမရှိသည်ဖြစ်၏။

ယင်း ပြဒါးစိမ်ထားသော အရည်တို့ကို **(၁)ကျပ်သားကို** ကုန်အောင် သောက်သော် ကိုးဆယ့်ခြောက်ပါးသော ရောဂါတို့သည် ပျောက်ကင်း၏။ အသက်(၁၅၀) နေရ၏။

**(၂)ကျပ်သားကို** ကုန်အောင် သောက်သော် ကာယသိဒ္ဓိပြီး၏။ ကိုယ်ပြောင်း၊ ကိုယ်ခွာ၊ အနှောင်အဖွဲ့ပြီး၏။ အသက်(၂၅၀) နေရ၏။

**(၃)ကျပ်သားကို** ကုန်အောင် သောက်သော် ဖြူသောဆံပင်တို့သည် မည်းနက်ကုန်၏။ မွဲနေသော မျက်စိတို့သည် ပွင့်လင်းကြည်လင်၏။ ကျိုးနေသော သွားတို့သည် ပြန်နိုင်၏။ အသားအရေတို့သည် မာကျောကုန်၏။ အဆင်းအရွယ် ပျိုမျစ်ကုန်၏။ အသက်(၃၀၀) နေရကုန်၏။

**(၄)ကျပ်သားကို** ကုန်အောင် သောက်သော် ရှိန်းအုံ့ဆေးယာ အစုံမျိုး၊ အဆိပ်မျိုးမှ စ၍ အကျဉ်းသုံးဆယ်၊ အကျယ်တစ်ထောင် ပြီး၏။ အသက် (၅၀၀) နေရ၏။

**(၅)ကျပ်သားကို** ကုန်အောင် သောက်သော် ကိုယ်ပြောင်းကိုယ်ခွာ၊ နာနာရုပ်အတတ်တို့ကို ဆောင်နိုင်၏။ တစ်ယူဇနာမြင့်သော တောင်ကို အချိန်တစ်ထောင်လေးသော ဝန်နှင့် ရွက်ဆောင်နိုင်၏။

ပန်းခြင်း၊ မောခြင်းမရှိပြီ။ ခုနစ်ရက်လည်အောင် သောက်သော် မစားမသောက်သော်လည်း ဆာလောင်မွတ်သိပ်ခြင်း မရှိပြီ။ အသက်(၇၀၀) နေရ၏။

**(၆)ကျပ်သားကို** ကုန်အောင် သောက်သော် ရုပ်ပြောင်းရုပ်ဝင်ပြီး၏။ အသက်(၉၀၀) နေရ၏။

**(၇)ကျပ်သားကို** ကုန်အောင် သောက်သော် စုန်းမျိုး၊ ဖော်ဂနီမျိုးတို့၏ အတတ်ပညာကို ထိုးထွင်းသိမြင်၏။ သူများ မကောင်းကြံသမျှကို သိ၏။ အသက်(၁၀၀၀) နေရ၏။

**နေမင်းသူရိယ**



www.burmeseclassic.com

www.burmeseclassic.com

သီရိမ္မာသောကမင်းကြီး တည်ထားကိုးကွယ်သော

# မြသိန်းတန်စေတီတော်

မင်းနွယ်စိုး
(ဝက်လက်)


လှူသီနည်းပါးလှသော ရှေးဟောင်းသမိုင်းစေတီတစ်ဆူဖြစ်သော သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် မြသိန်းတန်စေတီတော်မြတ်ကြီး၏ သမိုင်းဝင် ဖြစ်စဉ်များကို စာရေးသူ လက်လှမ်းမီရာ လေ့လာမိသမျှ တင်ပြလိုက်ရပေသည်။

မြသိန်းတန် စေတီတော်မြတ်ကြီးကို **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၏ တောင်ဘက် (၂)မိုင်ခန့်အကွာ ဝက်လက်ရွာသာကြီး ကားလမ်းမဘေးရှိ ခေါ်တော ကျေးရွာ၊** ရွာ၏ မြောက်ဘက်အဝင်ဝတွင် တည်ထားကိုးကွယ်တော်မူထားပါသည်။

ခေါ်တောကျေးရွာ ဆိုသည်မှာ ဒုတိယပုဂံဟုပင် တင်စားရလောက်အောင် စေတီပုထိုးများ ပေါ်များလှပေသည်။

မြသိန်းတန် စေတီတော်မြတ်ကြီးအပြင် အခြားသော ရှေးဟောင်းစေတီပုထိုးများလည်း ခေါ်တောကျေးရွာတွင် ရှိနေပေးသည်။

ဂေါတမဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်းနှစ်ရာကျော်လာသောအခါ သီရိဓမ္မာသောကမင်းတရားကြီးသည် ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး ပြန့်ပွားစည်ပင်ရန် ရည်သန်၍ ဘုရားရှင်၏ ဓာတ်တော် မွေတော်တို့ကို ဌာပနာပြုလျက်...



▲ မြသိန်းတန်စေတီတော်နှင့် ဘုရားအာရုံခံ

စေတီပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် အစရှိသည်တို့ကို တိုင်းပြည်အတွင်း နေရာအနှံ့အပြားတွင် တည်ထားကိုးကွယ်တော်မူခဲ့လေသည်။


မြသိန်းတန် စေတီတော်မြတ်ကြီးသည်လည်း ရှစ်သောင်းလေးထောင်သော စေတီများတွင် တစ်ဆူအပါအဝင် ဖြစ်ပေရာ သာသနာတော်နှစ်နှစ်ရာနှင့် သုံးရာအကြားတွင် တည်ထားခဲ့သည်ဟု ကျောက်စာမှတ်တမ်းများအရ ယူဆရပေမည်။

ထို့ကြောင့် မြသိန်းတန်စေတီတော်ကြီး၏ ပထမဦးဆုံးသော ဘုရားဒါယကာမှာ သီရိဓမ္မာသောကမင်းကြီး




www.burmeseclassic.com

www.burmeseclassic.com



▲ မြသိန်းတန်စေတီအရှေ့ဘက်မှန်



▲ မြသိန်းတန်စေတီအနီးမှ နဂါးရုံဘုရားနှင့် ရှေးဟောင်းစေတီ

သာ ဖြစ်ပေသည်။

သီရိဓမ္မာသောက မင်းကြီးလည်း မြသိန်းတန် စေတီတော်မြတ်ကြီးကို ခေါ်တောကျေးရွာ၏ မြောက်ဘက် ရွာဦးထိပ်တွင် ဉာဏ်တော်အမြင့် ငါးတောင်၊ ထီးသွယ်ငါးဆင့်ဖြင့် တည်ထားတော်မူခဲ့သည်ဟု ကျောက်စာကမ္ပည်းမှတ်တမ်းများအရ လေ့လာသိရှိရပါသည်။

ကာလအတန်ကြာသောအခါ မြန်မာနိုင်ငံအောက်ပိုင်းအရပ်တွင် နေထိုင်ကြသော သိုက်ဆရာများက သိုက်စာအရ ပြည့်တန်ပစ္စည်းများ ရှိသည်ဟုဆိုကာ မြသိန်းတန်စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ ခေါ်တောကျေးရွာသို့ သက္ကရာဇ်သုံးရာ အရောက်တွင် လိုက်လာခဲ့ကြလေသည်။

ထို့နောက် သိုက်ဆရာများက အောင်စည် အောင်မောင်းများတီး၍ လိုက်လံရှာဖွေကြရာတွင် ဆင်ပေါက်လောက်ရှိသော ကျောက်လုံးကြီးကို မြသိန်းတန်စေတီတော်၏ အရှေ့တော်မှောက်တွင် တွေ့ရှိရလေသည်။

သိုက်ဆရာများက ထိုကျောက်လုံးကို ခွဲခြမ်းခြင်းအမှု ပြုမည်ဆိုရာ နယ်စားမင်းက ခွင့်မပြုခဲ့ပေ။

ထို့နောက် ဝက်လက်မြို့နယ်၊ ရုံးသာရွာမှ ရွာသူကြီးကာတော်က ထိုကျောက်လုံးကြီးနှင့်အတူ မြတစ်သိန်းတန်ကျောက်ကို ဖုံးအုပ်ကာ ယခင်စေတီတော်ကို ငုံလျက် နှစ်ဆယ့်ငါးတောင်ပတ်လည် အကျယ်နှင့် ဉာဏ်တော် လေးဆယ့်ခုနစ်တောင် အမြင့်ရှိသော စေတီတော်ကြီးအဖြစ် တည်ထားကိုးကွယ်ခဲ့လေသည်။

ကာလရှည်ကြာသောအခါ စေတီတော်ကြီးမှာ ပျက်စီးယိုယွင်းလာခဲ့လေသည်။ ထိုအခါ ခေါ်တောကျေးရွာမှ ဘုရားဒါယကာ ဦးငွေဆက်နှင့် ဒါယိကာမ ဒေါ်ဦးတို့က ဒုတိယအကြိမ် ပြုပြင်မွမ်းမံခဲ့ပြန်လေသည်။

သက္ကရာဇ် တစ်ထောင့်နှစ်ရာကျော်လေသော် ယိုယွင်းပျက်စီးလာသော စေတီတော်ကြီးကို ပြုပြင်မွမ်းမံရန်အတွက် စေတီတော်ကြီး ပရိဝုဏ်နှင့် တစ်ဆက်တည်းရှိသော ရွှေသိမ်တော်ကျောင်းဆရာတော် ဦးသာဂရမထေရ်ကြီးမှ ဦးစီးနာယကပြုလျက် ဒါယကာ၊ ဒါယိကာမများ စုပေါင်းကောင်းမှုဖြင့် စေတီတော်ကြီးကို ပြင်သထီးရောက် တတိယအကြိမ်မြောက် ပြုပြင်မွမ်းမံခဲ့ရပြန်ပါသည်။

သက္ကရာဇ် ၁၂၇၇ ခုနှစ် ရောက်လေသော် လေပြင်းများ တိုက်ခတ်သဖြင့် စေတီတော်ကြီး ပြိုပျက်စီးခဲ့ရပြန်ပါသည်။


ထိုအခါ ခေါ်တောကျေးရွာဇာတိဖြစ်သော ဝက်လက်မြို့မှ ဆန်စက်ပိုင်ရှင် ဦးကိုရင်ကြီးနှင့်ဇနီးဒေါ်လှိုင် သားသမီးတစ်စုတို့က ကောင်းမှုပြုလျက် စေတီ




F.27B. September, 2016.

www.burmeseclassic.com

www.burmeseclassic.com



▲ ထီးတော်အကျွန်ကို ပြုပြင်မွမ်းမံထားသော ရှေးဟောင်းစေတီပုထိုးများ



မြသိန်းတန်ဘုရား အာရုံခံအတွင်းမှ ရှေးဟောင်းဆင်းတုရုပ်ပွားတော်များ ▶

တော်အိမ်ကို တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီတော်အသွင်ဖြင့် စတုတ္ထအကြိမ်မြောက် ထပ်မံပြုပြင်မွမ်းမံခဲ့ပါသည်။

သက္ကရာဇ် ၁၂၉၈ ခုနှစ်တွင် မြသိန်းတန်စေတီတော်ကြီး ပြုပြင်မွမ်းမံတည်ထားကိုးကွယ်ခဲ့သော သမိုင်းမှတ်တမ်းများကို ကျောက်ထက်အက္ခရာအဖြစ် မှတ်တမ်းတင်ခဲ့ပါသည်။

ယခုအခါ စေတီတော်ကြီး၏ အာရုံခံတန်ဆောင်းအတွင်းမှ ရှေးဟောင်းရုပ်ပွားဆင်းတုတော်များဖြင့် အလွန်ကြည်ညိုဖွယ်ရာ ဖူးမြော်ကြည်ညိုနိုင်မည် ဖြစ်ပါသည်။

ထိုမျှသာမက မြသိန်းတန်စေတီတော်ကြီးနှင့် မလှမ်းမကမ်းတွင် ရေကန်ပေါင်းရှစ်သောင်းလေးထောင် အပါအဝင် ဖြစ်သည်ဟု ယူဆရသော **ရှေးဟောင်းရေကန်တစ်ကန်**ကို ယခုအချိန်ထိ မြင်တွေ့နိုင်ပါသေးသည်။

ရှေးအခါက ထိုရေကန်ကို **လက်ပံကန်**ဟု ခေါ်ဆိုခဲ့ကြောင်း ရှေးလူကြီးသူမများ ပြောဆိုသည်ကို စာရေးသူငယ်စဉ်က ကြားခဲ့ဖူးပါသည်။

စာရေးသူ လက်လှမ်းမီရာ လေ့လာ

▼ မြသိန်းတန်စေတီတော်ရှေ့မှ ရှေးဟောင်းကျောက်စာ



▼ ဘုရားဝင်းအတွင်းမှ ကြီးမားသော ညောင်ပင်ကြီး



▼ ရှေးဟောင်းစေတီတန်းအနီးမှ ထူးဆန်းစွာ လက်တစ်ဖက် ပျောက်နေသော ခြင်္သေ့






www.burmeseclassic.com

www.burmeseclassic.com



မြသိမ်းတန်ဘုရားအနီးမှ ပြိုကျပျက်စီးနေသော ရှေးဟောင်းစေတီတစ်ဆူ



မြသိမ်းတန်စေတီအနီးမှ ပေါင်းပင်မြက်ပင်များ ပုံအုပ်နေသော ရေတွင်းဟောင်းနေရာ



မြသိမ်းတန်စေတီတော်နှင့် မလှမ်းမကမ်း ရှိသော ရှေးဟောင်းရေကန်

**မိသည်မှာ ထိုရေကန်ငယ်သည် မည်သည့် အခါကမျှ ထိန်းသိမ်းတူးဖော်ပြုပြင်ခြင်း မရှိပါဘဲ ယခုအချိန်ထိ မြင်တွေ့နေရသည် မှာ အလွန်ပင် ထူးခြားလှပေသည်။**

စေတီတော်၏ အခြားတစ်ဖက် မလှမ်းမကမ်း တစ်နေရာတွင် **ရှေးရေတွင်းပျက်တစ်ခု**ကို စာရေးသူတို့ ငယ်စဉ်က တွေ့ခဲ့ရဖူးပါသည်။

ထို ရေတွင်းဟောင်းသည်လည်း ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်တွင် အပါအဝင် ဖြစ်နိုင်သည်ဟု ခေါ်တော်ရှာသူရှာသားများယနေ့အချိန်ထိပင် ပြောဆိုယူဆကြလေသည်။

မြသိမ်းတန်စေတီတော် ဘုရားဝိုင်း အတွင်းရှိ ရှေးဟောင်းဘုရားစေတီများကိုလည်း ရွှေသိမ်တော်ကျောင်း ကျောင်းထိုင်ဆရာတော်များအဆက်ဆက်က ပြုပြင်ထိန်းသိမ်းလာခဲ့ရာ အတော်အတန် ပြီးစီးအောင်မြင်ခဲ့လေသည်။

သို့သော် ငွေကြေးအခက်အခဲများကြောင့် ယခုအချိန်ထိ ပြုပြင်မွမ်းမံနိုင်ခြင်းမရှိသေးသော ဘုရားဂူတိုများလည်း ကျန်ရှိနေပေသေးသည်။

မြသိမ်းတန် စေတီတော်ကြီးနှင့် ကပ်လျက် တည်ထားတော်မူသည့် ထူးခြားသော စေတီတော်တစ်ဆူကို လည်း ဖူးတွေ့နိုင်ပါသည်။

ထိုစေတီမှာ ခြင်္သေ့လေးကောင်သည် ထောင့်လေးထောင့်တွင် ဝန်းရံထားပါသည်။

**ထူးခြားချက်မှာ ထိုစေတီတော်မျက်နှာ များဘက်မှ ခြင်္သေ့နှစ်ကောင်ပါရှိသည်။ လက်ယာဘက်မှ ခြင်္သေ့ရုပ်မှာ လက်ယာ လက်တစ်ဖက် မြှောက်ထား၍ လက်ဝဲဘက်မှ ခြင်္သေ့ရုပ်မှာ လက်တစ်ဖက် မြှောက်ထားသည်ကို တွေ့ရပေသည်။**

ယခုအခါတွင် ထိုစေတီမှာ နေ့စဉ်လိုပင် ဖူးမြော်ကြည်ညိုကြသူ များပြားလျက်ရှိပေသည်။

အကြောင်းမှာ ထိုစေတီတော်ကို ဖူးမြော်ကြည်ညိုခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းဖြင့် လာဘ်လာဘများ ပေါ်များခြင်း၊ အန္တရာယ်ကင်းခြင်းနှင့် မျက်နှာပွင့်လင်းမှု ရှိစေသည်ဟု လူအများ ယုံကြည်ကြလေသည်။

စာရေးသူတို့ ငယ်စဉ်က ထိုစေတီ၏ရှေ့တွင်ရှိသော ရှေးအခါကပင် ရှိခဲ့သည့် ရေမ ခရေပင်ကြီးအောက်တွင် စာသင်ခဲ့ရသည်။

ထိုအချိန်ကတည်းကပင် ခရီးသွား အချို့က အန္တရာယ်ကင်းရှင်းစေရန် အတွက် ထိုစေတီအား ဝင်ရောက်ဖူးမြော်ကြသည်မှာ ယနေ့အထိပင် ဖြစ်လေသည်။

ယခုအခါတွင် စေတီတော်ကြီးမှုခ်ဦးတွင် လာဘမုနိရုပ်ပွားတော်မြတ်ကြီးနှင့် အခြားပြုပြင်မွမ်းမံထားသော စေတီပုထိုးများ၊ ရေတွင်းရေကန်များ ရေမ ခရေပင်ကြီး အပါအဝင် သစ်ပင်ပန်းပင်များနှင့် အလွန်သာယာကြည်ညိုဖွယ်ရာ ကောင်းလှပေသည်။

သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မြသိမ်းတန်စေတီတော်မြတ်ကြီးကို ခေတ်အဆက်ဆက် ထိန်းသိမ်းပြုပြင်မွမ်းမံ ကိုးကွယ်ခဲ့ကြရာ ယခုအခါတွင် ရွှေသိမ်တော်ကျောင်း ဆရာတော် ဦးပညာတိက္ခ ဦးစီးနာယကပြုလျက် ဘက်စုံပြုပြင်မွမ်းမံ တိုးချဲ့ကာ ကိုးကွယ်ကြည်ညိုလျက် ရှိနေပါကြောင်း...

**မင်းနွယ်စိုး(ဝက်လက်)**



www.burmeseclassic.com

www.burmeseclassic.com

# တောရစေတုတ္တိုဆရာတော်ကြီး၏

## လက္ခဏာနှင့် ထူးခြားချက်များ

လက္ခဏာသုတေသီ

လက်ကောက်ဝတ်တွင် အသက်လမ်းနှင့် ထိစပ်ကာ စတင်လာသော ကံလမ်းကြောင်းသည် လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံသို့ ရောက်ရှိနေသဖြင့် စာပေအနုပညာ၌ ထူးချွန်ခြင်းကို ရည်ညွှန်းသည်။


ထိုလမ်းကြောင်း၏ အလယ်ခန့်မှ ခွဲထွက်သော လမ်းကြောင်းတစ်ခုက လက်ခလယ်အောက် စနေဂြိုဟ်ခုံသို့ တက်သွားသဖြင့် အထူးတလည် ကံကောင်းသောဘဝကိုရခြင်းဖြစ်သည်။

အရံကံလမ်းကြောင်းသည် လက်ဝါးစောင်း တနင်္လာဂြိုဟ်ခုံမှ စတင်မှကာ စနေဂြိုဟ်ခုံသို့ရောက်ရှိခြင်းကြောင့် အလိုလို ထိုးထွင်းသိမြင်၍ ပရိသတ်အခြွေအရံ ပေါများစေသည်။

ကာယလမ်းမှ အတက်တစ်ခုခွဲကာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံသို့ တက်ရောက်နေသဖြင့် ကြံတိုင်းအောင်၏။ အခြားလမ်းကြောင်းတစ်ခုကလည်း လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံသို့ တိုင်ခွဲထွက်ထားသည်။

ဤကဲ့သို့ ကံလမ်းအကူလမ်းများလေးခုသည် လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းအောက်ခြေသို့ တိုင်တက်ရောက်နေသောကြောင့် ကံဝဒေသာကို ပိုင်ဆိုင်မည်ဟု ရည်ညွှန်းသည်။

ဉာဏ်လမ်းကြောင်းမှာ ထင်ရှားရှည်လျားစွာရှိသဖြင့် အမြော်အမြင်ကြီးခြင်းနှင့် နက်ရှိုင်းသော ဉာဏ်ပါရမီအဟုန်ရှိခြင်းတို့ ပြည့်စုံ၏။ ဉာဏ်လမ်းအဆုံးတွင် အနည်းငယ်ကော့၍ အတက်ငယ်



တောစေတုတ္တိုဆရာတော်ကြီး

ဦးသောဘိတာလင်္ကာရ

တစ်ခု တက်နေသဖြင့်အလိုအလျောက်တင်ကြိုသိရှိသောဉာဏ်ကို ပိုင်ဆိုင်ရခြင်းဖြစ်သည်။

ထူးခြားသည်ကား ဆရာတော်၏ ဉာဏ်လမ်းအဆုံး၌ ထင်ရှားသည့် လေးထောင့်ကွက် ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ ဉာဏ်လမ်းအဆုံး၌ ကျွန်းခံသော လက္ခဏာရှင်များစွာ ပေါပေါများများ တွေ့ရတတ်သော်လည်း လေးထောင့်ကွက်ပါသော လက္ခဏာရှင်ကိုမူ တစ်သိန်းတစ်သန်းတွင် တစ်ယောက်မှ တွေ့ရန် ခဲယဉ်းလှသည်။

လေးထောင့်အမှတ်အသားတို့ မည်သည် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်စွမ်းရှိ၏။

လက္ခဏာရှင်သည် ဉာဏ်အရာ၌ မှောက်မှားခြင်းကြောင့် ကျရောက်စေတတ်သော ဘေးအန္တရာယ်ဟူသမျှကို ကာကွယ်ပေးနိုင်သောသဘော ရှိပါသည်။

သို့ဖြစ်၍ ဆရာတော်သည် ဤအမှတ်အသားပါရှိခြင်းကြောင့် မည်မျှပင် ခက်ခဲနက်နဲသော လောကကြောင်း၊ ဓမ္မကြောင်း ဖြစ်စေကာမူ ယင်းနှစ်ဌာနတို့၌ ယထာဘူတကျအောင် ဝေဖန်ဆန်းစစ်နိုင်သော ဉာဏ်သစ္စာ(အမှန်တရား)ကို သိသော ဉာဏ်ပါရမီနှင့် ပြည့်စုံသည့်သာမက သူတစ်ပါးကို နားလည်အောင် ဟောပြနိုင်ခြင်း ဖြစ်လေသည်။

အသက်လမ်းကြောင်း ရှည်လျားခြင်းနှင့် နက်ထင်းခြင်းကြောင့် လည်းကောင်း၊ အာယုလမ်းကြောင်းနှင့် မျဉ်းပြိုင်၍ ထောက်ထားသော ဒုတိယအာယုလမ်းကြောင်း ပါရှိခြင်းကြောင့်လည်းကောင်း အသက်ရှည်ကြာ အနာမဲ့ကြောင်းကို ညွှန်းသည်။

အနည်းငယ်ပါသော အဖြတ်လမ်းကြောင်းငယ်များက ညွှန်းသော အသက်ပိုင်းတွင်မူ ကျန်းမာရေးအညံ့ရောစွက်နိုင်သည်။

မေတ္တာလမ်းကြောင်းသည် လက်ညှိုးအရင်း ကြာသပတေးဂြိုဟ်ခုံမှ စတင်၍ နက်လည်း နက်၊ ရှည်လည်း ရှည်၊ ဖြာလည်း ဖြာခြင်းကြောင့် **မြတ်ဗုဒ္ဓ၏ တရားပွဲများရှာတွင် အနှစ္စသတ္တဝါ**



www.burmeseclassic.com

www.burmeseclassic.com

**အပေါ်၌ ဥပေက္ခာတရားထက် မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ လွှမ်းကဲနေတတ်ကြောင်းကို** ညွှန်းသည်။

တနင်္ဂနွေလမ်းကြောင်းသည် လက်ဝါးစောင်း တနင်္လာဂြိုဟ်ခုံမှ တနင်္ဂနွေဂြိုဟ်ခုံသို့ရောက်အောင် ရှည်လျားပြတ်သားစွာ တက်သွားခြင်းကြောင့် ကဗျာ၊ အနုပညာ၊ စာပေ၊ အဘိဓမ္မာအပိုင်းတွင် ပါရမီဓာတ်ခံရင့်သန်၍ ပရိယတ်ထောပနာပြုခြင်းခံရ၏။

လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် ဗုဒ္ဓဟူးလမ်းကြောင်း လေးကြောင်းမျှ ပါရှိသဖြင့် သိပ္ပံပညာ၊ သင်္ချာပညာ၊ စာပေအရေးအသားတို့ ၌ ထူးချွန်၏။

ဗုဒ္ဓဟူးလမ်းကြောင်း တစ်ခုသည် မေတ္တာလမ်းကြောင်းအောက်သို့ ဖြတ်၍ အင်္ဂါဂြိုဟ်ခုံဆီသို့ ညွှတ်ဆင်းနေခြင်းကြောင့် အထင်၊ အမြင်၊ အကြားဓာတ်များနှင့် ပြည့်စုံရ၏။

## ထူးခြားဖြစ်စဉ်

အာယုလမ်းကြောင်း၏ အောက်ခြေ၊ ကံလမ်းကြောင်းတစ်ခုသည် (၁၉ နှစ် ၆ လ)ပိုင်း၌ ခွဲထွက်စဉ် **ရဟန်းဖြစ်ခဲ့သည်။**

ဗုဒ္ဓဟူးဂြိုဟ်ခုံသို့ ရှေးရှုလာသော ကံလမ်းကြောင်းအခွဲငယ်တစ်ခု ခွဲထွက်လာသည့် (၃၂နှစ်)ပိုင်းတွင် **သူမတူအောင် ထင်ရှားကျော်ကြားခဲ့သည်။**

မျဉ်းပြိုင်တက်လာသော ကံလမ်းကြောင်းနှင့် တနင်္ဂနွေလမ်းကြောင်း (၂)ခုတို့ တြိဂံအဖြစ် ပေါင်းစည်းသော (၃၇ နှစ်–၈လ)ပိုင်းတွင် **ပရမတ္ထတရားကို တွေ့၏။**

ထိုတြိဂံမှ အတက်ငယ်များ ခွဲတက်လာသည့် (၅၀ နှစ်မှ ၆၃ နှစ်) ကာလ



◆ တေဇစက္ကီဆရာတော်ကြီး၏ လက္ခဏာ

၌ လောကဓမ္မကြောင်းနှင့် ပတ်သက်၍ အတိတ်ကောင်း၊ နိမိတ်ကောင်းများ ပြကာ လူတကာတို့ အံ့သြခြင်းဖြစ်ခဲ့သည်။

ကံလမ်းကြောင်းသည် မေတ္တာလမ်းကြောင်းနှင့် တွေ့လုနီးနီး ကန့်လန့်လမ်းတစ်ကြောင်း ဖြတ်သွားသော (၅၅ နှစ်)ပိုင်းတွင် အတိုက်အခံ၊ ရန် အကြီးအကျယ်တွေ့ခဲ့၏။

လက်ဝါးစောင်းမှ ခရီးလမ်းကြောင်းသည် မေတ္တာလမ်းကြောင်းကို ဖြတ်ကျော်သည့် (၅၆–၅၇နှစ်)ပိုင်းတွင် နိုင်ငံခြားခရီး သွားရ၏။

ကံလမ်းကြောင်းနှင့် တနင်္ဂနွေလမ်းကြောင်းတို့သည် အားကောင်းစွာ ပြိုင်၍ တနင်္ဂနွေဂြိုဟ်ခုံတိုင်အောင် တက်သွားကြသဖြင့် လက္ခဏာရှင်သည် သက်တမ်းစေ့နေရ၍ ဘဝတွင် ဘေးမသီ ရန်မခဘဲ သာသနာပြုကိစ္စများ ထူးခြား ပြောင်မြောက် အောင်ခြင်းသို့ ရောက်ရမည်ကို အသေအချာ ရည်ညွှန်းချက်ပြုလျက်ရှိပါကြောင်း...

**ဆရာဦးထွန်းရှိန်(မိုးတား)**
**အမှတ် (၂၀၅)၊ လွှစ္စလမ်း။**
**ရန်ကုန်မြို့**

တေဇစက္ကီဆရာတော်သည် သက်တော် (၆၈)နှစ်ပြည့်ချိန် ၁၃၃၀ ပြည့်နှစ်တွင် **ဆရာကြီးဦးထွန်းရှိန်(မိုးတား)က လက္ခဏာစစ်ဆေး၍** ကောက်ချက်ချထားခြင်းဖြစ်ပါသည်။

**(ကျမ်းကိုး ။ ဉာဏစာဂီ၏ သာသနာဝင် ကျောက်တိုင်စာအုပ်၊ စာမျက်နှာ ၅၁၅–၅၁၉)**

**လက္ခဏာသုတေသီ**

www.burmeseclassic.com

ရှမ်းပြည်နယ်မှ

# လေငန်းဆေးတော်ကြီး

မိုးမိုး (ရွှေ–မင်းလှ)

စာရေးသူ ဆေးကုခန်းတွင် လူနာများ အလာနည်းချိန်တွင် ရန်ကုန် တစ်ဖက်ကမ်း ဇလွန်မှ အစ်မဝမ်းကွဲ ရှင်ပြုအလှူတော်သို့ မင်းလှမှ ရန်ကုန်မြို့သို့ ကားဖြင့် ခရီးထွက်ခွာခဲ့ပြီးနောက်၊ ရန်ကုန်မှ ဇလွန်သို့ ထပ်မံ၍ ခရီးဆက်ခဲ့ရာ မရောက်တာကြာမြီ ဖြစ်သည့်အတွက် မြို့များ၏ ထိုးတက်မှု သာယာမှုတွေကို စာရေးသူ ခံစားကြည့်ရှုလေ့လာခဲ့ပေသည်။

သိပ်များမကြာမီ အစ်မဝမ်းကွဲရှိသော ဇလွန်မြို့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့လေသည်။ ညနေ အလှူမဏ္ဍာပ်တွင် ဇလွန်မြို့ပေါ်ရှိ လူကြီးများနှင့် စကားဆွေးနွေးပွဲလေး တစ်ခု ကြုံတွေ့ခဲ့ရလေသည်။

မြို့ပေါ်ရှိ လူကြီးလူငယ်များက သူတို့ဒေသသို့ ရောက်ရှိလာကြသော ဧည့်သည်များကို တာဝန်ကျေပွန်စွာ ဧည့်ခံကျွေးမွေးကြသည်။ ပြီးတော့ ဆေးဆရာ၊ စာရေးဆရာများကို အထူး တလေးတစား ဂုဏ်ပြုဆက်ဆံသည်ကို တွေ့မြင်ခံစားရသဖြင့် စာရေးသူ စိတ်တွင် ဝမ်းသာပီတိ ဖြစ်ခဲ့ရသည်။


နံနက်မိုးလင်း၍ ရှင်လောင်းများနှင့် အတူ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ခဲ့စဉ် ဘုန်းတော်ကြီးကျောင်း တိုက်ထဲသို့ တုတ်ကောက်ကိုင်၍ ဖြည်းညင်းစွာ လျှောက်လှမ်းလာသော ကျောင်းဒါယိကာမကြီး အဘွားဝင်းကို လှမ်းမြင်လိုက်ရသဖြင့် စာရေးသူ အဘွားစောထံ အပြေးလေး သွား၍ ဖေးမကူညီ၍ ဘုန်းကြီးကျောင်းပေါ်သို့ အရောက်ပေးပို့ပြီး စာရေးသူမှ...

'အို့...အဘွားဝင်း မနှစ်က လေငန်းဖြစ်ပြီး အိပ်ရာထဲမှာ လဲနေတယ်ဆို၊ အစ်မက ဖုန်းဆက်တုန်းက ပြောတယ်'

'ဟုတ်ပါတယ် ဆရာမ၊ တိုင်းရင်းဆေးနဲ့ပျောက်သွားလို့ အဘွားဝင်း အခုလို လျှောက်နိုင်တာပေါ့ ဆရာမ'

'ဒါဆိုရင် အဘွားဝင်းဖြစ်စဉ် အစအဆုံး ပြောပြပေးနော်'

'ကဲ...ဆရာမ သေချာ နားထောင်ပေတော့...



မနှစ်က မိုးဦးကျ အချိန်တုန်းက နေဝင်ခါနီးမှာ ခေါင်းတွေယားလို့ ခေါင်းလျှော်လိုက်တာ၊ လျှော်လဲပြီးရော လေငန်းရောဂါ စဖြစ်ပြီး အဘွားဝင်းလဲ အိပ်ရာထဲမှာ လဲနေရတယ်။ အနှိပ် ဆရာခေါ်နှိပ်၊ ဆေးတွေဝယ်လူး၊ ဆေးသောက် လုပ်တာ အဘွားဝင်း ပိုက်ဆံသာ ကုန်သွားတယ် သိပ်မသက်သာပါဘူး ကွယ်။

တန်ဆောင်မုန်းလပြည့် ကထိန် သင်္ကန်းကပ်လှူပွဲမှာ ရှမ်းပြည်နယ်မှာ နေတဲ့ အဘွားဝင်း ရဟန်းခံထားတဲ့ ဘုန်းကြီး ကြွလာပြီး အဘွားဝင်း အခြေအနေကိုကြည့်ပြီး အနှိပ်သည် လွှတ် လေငန်းရောဂါ ပျောက်တဲ့ဆေး နည်း ပေးခဲ့တယ်။

အဘွားဝင်းလဲ ဆေးကို အမြန်ဆုံး ဖော်စပ်ပြီးသောက်တာ ဆေးမည်(၃)ဖုံ လောက်မှာ ဆေးအစွမ်းကြောင့် အဘွားဝင်း လမ်းကောင်းကောင်း လျှောက်နိုင်ပြီး ကျန်းမာလာတယ်။

လေငန်းဖြစ်တုန်းက သောက်ခဲ့ရတဲ့ ဆေးဖိုး၊ လိမ်းခဲ့ရတဲ့ ဆေးမျိုးစုံ ပိုက်ဆံ ကုန်တာသာ အဖတ်တင်တယ်။ ဒီကြား ထဲ' အနှိပ်သည်က ပျောက်အောင် နှိပ်ပေးမယ်ဆိုပြီး ငွေကြိုတင်ယူထား ပြီး လေငန်းရောဂါကို ပျောက်အောင် မကုပေးနိုင်ဘူး။ ကြာတော့ အဘွားဝင်း ကိုယ်တွေ့လက်တွေ့နာပြီး တော်တော် လေး ဒုက္ခရောက်ခဲ့ရတယ်။

အခု ဆရာမ မြင်တဲ့အတိုင်း ဘုန်း ကြီးပေးတဲ့ တိုင်းရင်းဆေးနဲ့ပျောက် တာ။ ဘုန်းကြီးပေးတဲ့အသက်ပဲ ရှိတော့တယ် ဆရာမလေး'

'ဒါဆိုရင် အဘွားဝင်းရဲ့ အနှိပ်လွှတ် သွက်ချာပါဒလေးငန်းဆေးနည်း ပြော ပြပေးပါ။ ပြီးတော့ ခုနစ်ရက်သားသမီး တွေကို အဘွားဝင်းလို ငွေကုန်လူပန်း မဖြစ်စေချင်ဘူး။

စိတ်ချပါ အဘွား...ကျွန်မ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းက တစ်ဆင့် မြန်မာ တစ်နိုင်ငံလုံး သိသွားအောင် ဖော်ပြပေး မယ် အဘွားဝင်း'

'အေးကွယ် သာဓု...သာဓု...သာဓု ကဲ ဆရာမ လိုက်မှတ်ပေတော့...

 (စာမျက်နှာ (၂၁၆) သို့)

www.burmeseclassic.com

www.burmeseclassic.com

# ဒူးနာပျောက်ဖို့

## ဆေးနည်းတစ်လက်

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်မှာ "ဇရပ်လှကြီးရွာ"နဲ့ "ဇရပ်လှလေးရွာ" ဆိုတာရှိတယ်။

၁၃၇၈ခုနှစ်၊ ကဆုန်လဆန်း(၃)ရက် [၉–၅–၂၀၁၆] တနင်္လာနေ့က ဇရပ်လှကြီးရွာ အရှေ့ကျောင်းလို့ လူသိများတဲ့ "ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်း"မှာ "သိက္ခာထပ်၊ ရဟန်းခံ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲကြီး"ကိုစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။

အလှူရှင်တွေက ကွယ်လွန်သူ "ဦးတင်လှလေး"ရဲ့သား "ဦးဇော်ဇော်အောင်"နဲ့ ချွေးမ "ဒေါ်ဥမ္မာထွေး" မိသားစုတို့ပါပဲ။

"အလှူတော် မင်္ဂလာပွဲကြီး"မှာ တရားဟောဖော် ညွှန်ပြပြောဆိုဆုံးမခဲ့တဲ့ ဆရာတော်က **ပန်းတနော် မြတောင်ကျောင်းတိုက် ဆရာတော် ဦးကုမာရ** [စာရေးဆရာ"မြတောင်ကုမာရ" "မြထိပ်တင်(ပန်းတနော်)"] စတဲ့ ကလောင်နာမည်အမျိုးမျိုးနဲ့ အမျိုးဘာသာ သာသနာအတွက် စာရေးနေတဲ့ ဆရာတော်၊ လက်ရှိထင်ပေါ်ကျော်ကြားနေတာက "သာကီသွေးဂျာနယ်"ရဲ့ "ဩဝါဒါစရိယ ဆရာတော်" ဖြစ်ပါတယ်။

စာရေးသူတို့က မိဘတွေလက်ထက်ကတည်းက မြတောင်ကျောင်းရဲ့ ဦးစီးပဓာန နာယကဆရာတော် ဦးဝိမလတို့၊ မြတောင်ဆရာတော် ဦးကုမာရတို့ကို ရိုသေလေးစားခဲ့ကြတာပါ။ ဆရာတော်တွေက သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတာကိုး။

တရား ချီးမြှင့်ပေးတဲ့အခါ ဆရာတော်က မေးခဲ့ပါတယ်။



'ဆရာမကြီး မပါဘူးလား'

'ဒူးနာနေလို့ မလာနိုင်ပါဘူး ဘုရား'

'ဒူးနာပျောက်ဆေးက လွယ်လွယ်လေးပါ ဆရာရဲ့'

'အမိန့်ရှိပါဘုရား'

'ငွေတောက်ရွက်နဲ့ မအူရွက်ကို သိတယ်မဟုတ်လား'

'တင်ပါ့'

'ညအိပ်ခါနီးမှာ ငွေတောက်ရွက်တွေကို အရည်ညှစ်၊ နာတဲ့ဒူးခေါင်းပတ်လည် အထက်အောက် ဘေးဘက်တွေပါ ဖိလိမ်း၊ ဆယ့်ငါးမိနစ်လောက်လိမ်း။

လိမ်းပေးပြီးတာနဲ့ အရည်မညှစ်တဲ့ ငွေတောက်ရွက် အဲဒီ ဒူးဆစ်ပေါ်တင် အပေါ်က မအူရွက်ထပ်အုပ်၊ အဲဒီလိုလုပ်ပြီးရင် အဝတ်နဲ့ အဲဒီဒူးခေါင်းကို စွပ်ထားပေး၊ ငြိမ်ငြိမ်သက်သက်နေ၊ သုံးရက်ဆက်လုပ် အဲဒါပဲ'

ဦးဇော်ဇော်အောင်နဲ့ ဒေါ်ဥမ္မာထွေးတို့ရဲ့ အလှူမင်္ဂလာပွဲမှာ စာရေးဆရာ "မြတောင်ကုမာရ"ပေးတဲ့ ဆေးနည်းအတိုင်း ဆောင်ရွက်လို့ စာရေးသူရဲ့ ဇနီး ဒေါ်တင်တင်ကြည်ရဲ့ ဒူးနာ သက်သာပျောက်ကင်းခဲ့ပါတယ်။

အဲဒီ "ဒူးနာပျောက်ဆေး အလွယ်လေး"ဆေးနည်းပေးတဲ့ ဆရာတော်ကို ကျေးဇူးအထူးတင်ပါတယ်။

ဒူးနာသမားများ ဒူးနာသက်သာ ပျောက်ကင်းကြပါစေ။

**ပန်းတနော် နောင်လတ်**

စာမျက်နှာ (၂၁၅)မှ အဆက်

အနိုင်ရွက် သွက်ချာပါဒလေငန်း

ဆေးတော်ကြီး

| | |
|---|---|
| ၁။ သံပရာသီး | ၁၂ လုံး အရည်ညှစ် |
| ၂။ ရှောက်သီး | ၁ လုံး အရည်ညှစ် |
| ၃။ ပျားရည် | ၂၅ ကျပ်သား |
| ၄။ ပွေးကိုင်း | ၁၀ ကျပ်သား |
| ၅။ ထန်းလျက် | ၁၀ ကျပ်သား |
| ၆။ ဆား | သင့်ရုံထည့်ပါ။ |

ဆေးတွေကို ရောမွှေပြီး **ကြွက်မြီးတန်းအောင်ကျိုပြီး ဖန်ဘူးထဲ အလုံပိတ်၊ နေပူပူမှာ (၃)ရက်လောက် နေပြပြီး** မနက် လက်ဖက်စားတစ်ဇွန်း၊ ညအိပ်ရာဝင် လက်ဖက်စားတစ်ဇွန်း စားပါ။

ဆေးမည် (၃)ဖုံလောက်ဆိုရင် သိသာ ပျောက်ကင်းနိုင်ပါတယ် ဆရာမလေး။ တကယ်လို့ ဓာတ်ချုပ်ရင် တစ်ဇွန်းပိုတိုက်ပေါ့'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အဘွားဝင်း၊ ကျွန်မသွားလိုက်ပါဦးမယ်'

'အေးကွယ် ဆရာမလေး ကျန်းမာပါစေ'

စာရေးသူတွေ့ခဲ့ရသော အဘွားဝင်း ခံစားနေရသော လေငန်းရောဂါကြီးကို မြန်မာတို့၏ ဆွေးစွမ်းကောင်း သမားစဉ်ဆက်ဆက်မှလာပြီး သဘာဝတိုင်းရင်းဆေးစစ်စစ်များ စီမံဖော်စပ်ထားသဖြင့် ရောဂါဝေဒနာကို သက်သာပျောက်ကင်းနိုင်သော ကုထုံးဆေးနည်းပေါင်းစုံ ဆေးကျမ်းစာများ ယနေ့တိုင်မကွယ်မပျောက်ဘဲ ထာဝရတည်နိုင်ပါစေဟု ဆုတောင်းမေတ္တာ ပို့ခဲ့ရပါသည်။

***ရောဂါကင်းပျောက် အသင်းရှေ့ပါစေ။***

**စိုးစိုး(ရွှေ–မင်းဂေ)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ကြုံတွေ့ဖူးခဲ့သည့်

# ဘိုးပီယ

မိုးကျော်
(လှိုင်သာယာ)



ကျွန်ုပ် သိကျွမ်းခဲ့ရသော ဘိုးပီယဆိုသူမှာ အသက်(၈၀)ဝန်းကျင်ခန့်ရှိပြီး **အသားဖြူဖြူ ဦးပြည်းကတုံးနှင့် အတွင်းမှ စွပ်ကျယ်အပေါ်တွင် နို့သာရောင်တိုက်ပုံကို ဝတ်ဆင်ထားသော** အဆိုပါ ပုဂ္ဂိုလ်ကြီးသည် ဘုရားစင်အောက်တည့်တည့်တွင် နေရာယူထိုင်နေသည်။ ထိုပုဂ္ဂိုလ်ကြီး၏ရှေ့တွင် လူ(၇)ဦးခန့် ရောက်ရှိနေသည်။

ကျွန်ုပ်သည် အဆိုပါ ဘိုးပီယဆိုသည့် ပုဂ္ဂိုလ်ထူးနှင့် တစ်ကြိမ်တစ်ခါမှ နီးနီးကပ်ကပ် ဆုံစည်းခဲ့ဖူးခြင်း မရှိချေ။ ကျွန်ုပ်တို့၏ တက္ကသိုလ်ပရိဝုဏ်၌ ဝိဇ္ဇာများ ဆုံစည်းပွဲ၌ တစ်ကြိမ်မျှသာ မနီးမဝေးမှ မြင်တွေ့ခဲ့ရဖူးသည်။

ယခု ကြုံတွေ့ရခြင်းမှာ ဒုတိယအကြိမ်မြောက် မြင်တွေ့ဆုံဖူးခြင်းဖြစ်သည်။ ထိုသို့ မြင်တွေ့ရင်းနှီးခွင့်ရနိုင်အောင် ဘိုးပီယ၏ တပည့်ရင်းများဖြစ်ကြသူ ကိုထွန်းကြည်၊ ကိုမောင်မောင်တို့နှင့်အတူ ဘိုးပီယနေထိုင်ရာ ကမ္ဘာအေးဘက်ရှိ နေအိမ်သို့ ရောက်လာခဲ့သည်။

ကျွန်ုပ်သည် ဘိုးပီယဆိုသည့် ပုဂ္ဂိုလ်ကြီးနှင့် ရင်းနှီးမှုရနိုင်ရန် အနီးဆုံးသော နေရာ၌ နေရာယူလိုက်သည်။

အမှန်အတိုင်း ဝန်ခံ ပြောကြားရလျှင် ကျွန်ုပ်သည် ဘိုးပီယဆိုသူနှင့် တစ်ကြိမ်တစ်ခါမှ ယခုလို အနီးကပ် မတွေ့ဆုံခဲ့ဘူးချေ။ ယခု အနီးကပ်ရောက်ရှိကာမှ **ဘိုးပီယ၏ မျက်လုံးများကို အသေအချာ ကြည့်မိသည်။**

**ဘိုးပီယ၏ မျက်လုံးများသည် ပကတိ မျက်သားဖြူဖြူနှင့် ဖြူဖွေးလျက်ရှိပြီး မျက်သားနက် သူငယ်အိမ်ကို မမြင်မတွေ့ရချေ။ ဘိုးပီယသည် မျက်မမြင် သူတော်စင်တစ်ဦးသာ ဖြစ်လေသည်။**

ဘိုးပီယဟု ခေါ်တွင်စေရခြင်းမှာလည်း ပီယသိဒ္ဓိ ပြီးထားသူတစ်ယောက်ဟု သိရသည်။ ဘိုးပီယ၏ မျက်စိများသည် အမြင်ကွယ်နေသူဟု ထင်မြင်ရသော်လည်း **သွားပုံလာပုံ၊ မြင်တွေ့ပုံများမှာ မျက်စိအမြင်ဓာတ်ရနေသော လူတစ်ယောက်ပမာ ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ရသည်။**

ယခုလည်း ကျွန်ုပ်တို့ ရောက်ရှိသွားချိန်တွင် ကျွန်ုပ်တို့၏ရှေ့တွင် ရောက်ရှိနေသော လွယ်အိတ်ကိုယ်စီနှင့် ပုဂ္ဂိုလ်(၃)ဦးအား ဘိုးပီယကိုယ်တိုင် ဆေးလိပ်၊ ကွမ်း၊ ရေနွေးကြမ်းများဖြင့် ဧည့်ခံနေသည်ကို လှမ်းတွေ့လိုက်ရသည်။

'အဘတို့က ဆင်းရဲပေမယ့် ဒီလောက်တော့ ဧည့်ခံနိုင်ပါတယ်ကွာ။ လူလေးတို့(၃)ဦးက ပုလင်းကိုယ်စီနဲ့ပါလား။ အဲ... လေးထောင့်ပုလင်းတွေပဲကွ။ အဲဒါး ဘောင်းဘီဝတ် တုတ်ကောက်ကိုင်ပြီး လျှောက်နေပုံတွေပဲ။ ဟဲ...ဟဲ...အဘလဲ ကြိုက်တယ်ကွယ့်။

ဘာတဲ့ကွ နေပါဦး။ သူ့နာမည်လေးက... ဪ... ဂျော်လီလမ်းလျှောက် အရက်ဆိုတာ နာမည်ကြီးတဲ့ အရက်ပဲ။ အတော်ကောင်းမယ့်ပုံပဲ။ ကဲ...ကဲ...ထုတ်ကြစမ်းကွာ'

ဘိုးပီယသည် မိမိရှေ့ဆီမှ ပုဂ္ဂိုလ်၏ လွယ်အိတ်ထဲမှ ပုလင်းကို တောင်းလိုက်သည်။ အဆိုပါ ပုဂ္ဂိုလ်သည် လွယ်အိတ်အတွင်းမှ မထုတ်ချင် ထုတ်ချင်နှင့် ဘိုးပီယ၏ လက်အတွင်းသို့ ထုတ်ပေးလိုက်သည်။ ဘိုးပီယပြောသလို အရက်ပုလင်းမှာ ဂျော်နီဝါ့ကား အရက်ပုလင်း ဖြစ်နေသည်။

'ကဲ...ကဲ...လူလေးတို့ အရက်ပုလင်းကို ဖွင့်လိုက်စမ်းကွယ့်။ အဘလဲ သောက်ကြည့်ရတာပေါ့။ ကောင်းမယ့်ဆိုတာလေး သောက်ကြည့်လိုက်တော့ ကောင်းမယ့်ဆိုတာလေး ဖြစ်သွားတာပေါ့ကွာ'

အဆိုပါ ပုဂ္ဂိုလ်သည် ဘိုးပီယ၏ လက်အတွင်းသို့ ပုလင်းကို ဖွင့်ပေးလိုက်သည်။ ဘိုးပီယသည် အရက်ပုလင်းကို လှမ်းယူလိုက်ပြီး...

'လူလေးတို့ အရက်တွေက အစစ်တွေပါနော်။ အဘက အတုဆို မသောက်ချင်ဘူးကွယ့်'

ဘိုးပီယမှ အရက်ပုလင်းကို နမ်းကြည့်လိုက်ပြီး...

'ဟင်...,လူလေးတို့ အရက်ပုလင်း





www.burmeseclassic.com

ကာလ ရေတွေပါလာကြ၊ အထဲက ရေ တွေပါ။ ရော... ရော... မင်းတို့ဟာ မင်းတို့ပဲ သောက်ကြည့်စမ်းပါဦးကွာ'

ဆိုကာ အရက်ပုလင်းကို ပြန်ပေးလိုက်သည်။ ထိုသို့ဖြင့် ဒုတိယလူ၊ တတိယလူ ပုဂ္ဂိုလ်များဆီမှ ပါလာသော အရက်ပုလင်းများကို အထက်ပါနည်းအတိုင်း တောင်းယူ နမ်းကြည့်လိုက်ပြီး ရေပုလင်းများအဖြစ် ဖြစ်နေသဖြင့် ရှေ့တွင်ချထားလိုက်သည်။

ပုလင်းပိုင်ရှင်များသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘယ်လိုလဲဟေ့ဆိုသည့် သဘောနှင့် မေးငေါ့နေကြသည်။

မိမိတို့ တပင်တပန်း တယုတယ သယ်ယူလာခဲ့သော ပုလင်းများသည် အရက်ပုလင်းများ မဟုတ်သည့်အတွက် လူပုံအလယ်တွင် ရှက်လည်း ရှက်သွားသည်။ ထိုအခါ ထိုပုဂ္ဂိုလ်(၃)ဦးထဲမှ တစ်ယောက်က...

'အဘ...ကျွန်တော်တို့ ယူလာတာ အရက်အစစ်နဲ့ ပုလင်းတွေပါ။ အခုပဲ ကျွန်တော်တို့ ပလေဒီယံနောက်က စတိုရုံထဲက ထုတ်လာကြတာပဲ'

'အေးလေ...ဟုတ်မှာပေါ့ကွာ၊ ခုမင်းတို့အမြင်ပဲ မဟုတ်လား၊ ဟုတ်၊ မဟုတ် မင်းတို့ နမ်းကြည့်၊ သောက်ကြည့်ပေါ့ကွာ။ အဘကတော့ အရက်အစစ်မှ သောက်တာကွ။ နောက် မင်းတို့လာရင် အရက်စစ်စစ် ယူလာစမ်းပါကွာ။ အခုတော့ မင်းတို့ အရက်စစ်က ရေအစစ်တွေ ဖြစ်နေပြီကွယ့်... ဟဲ... ဟဲ...

ကဲ...လူလေးတို့ ဒီအတွက် သောက ဖြစ်မနေစမ်းပါနဲ့ကွာ။ အရက်သောက်ချင်တော့လဲ အရက်ဖြစ်ရမှာပေါ့။ ရေသောက်ချင်တော့လဲ ရေဖြစ်ရမှာပေါ့။ အရက်သောက်ချင်တဲ့လူတွေက ဒီဘက်ကထိုင်၊ ရေသောက်ချင်တဲ့လူတွေက ဒီဘက်ကို လာကြ၊ နေရာယူကြစမ်းဟေ့။ ပေး...မင်းတို့ပုလင်းတွေ'



ဆိုကာ တပည့်များနှင့် ဧည့်သည်များကို ဝဲယာတို့၌ နေရာယူခိုင်းလိုက်သည်။ အဆိုပါ ပုဂ္ဂိုလ်(၃)ဦးမှာ ကြောင်အမ်းအမ်းဖြစ်နေပြီး ဝဲယာတို့၌ နေရာယူလိုက်ကြသည်။

ဘိုးပီယသည် ရှေ့တွင်ချထားသော ပုလင်း(၃)ပုလင်းမှ တစ်ပုလင်းကို ကောက်ယူ နမ်းကြည့်လိုက်ပြီး...

'ရောဟေ့... ရေသောက်ချင်လူ ပေးစမ်း မင်းခွက်'

အနီးဆုံး ဝဲဘက်ခြမ်းရှိ လူ၏ခွက်ထဲသို့ ထည့်ပေးလိုက်သည်။

'ဟဲ့...လာစမ်း အရက်သောက်ချင်တဲ့လူ'

ဘိုးပီယသည် ထိုပုလင်းထဲမှ ရေကို ပင် ညာဘက်ခြမ်းရှိ အရက်သောက်ချင်သူ၏ ခွက်ထဲသို့ ထည့်ပေးလိုက်သည်။ ထိုသို့ဖြင့် ရေသောက်ချင်သူများ၏ ခွက်ထဲသို့ ရေအဖြစ် ထည့်ပေးလိုက်၊ အရက်သောက်ချင်သူများ၏ ခွက်ထဲသို့ အရက်များအဖြစ် ထည့်ပေးလိုက်နှင့် အဆိုပါ ပုလင်း(၃)ပုလင်းထဲမှ ရေဖြစ်လိုက်၊ အရက်ဖြစ်လိုက်နှင့် ကုန်သွားသည်။

ကျွန်ုပ်တို့အားလုံးသည် ဘိုးပီယ၏ လုပ်ဆောင်ချက်များကို မမှိတ်မသုန် ငေးကြည့်နေရင်း အထူးအဆန်းတစ်ခု သဖွယ် အံ့သြနေကြသည်။ ထိုသို့ အံ့သြစရာများကြောင့် ဧည့်သည်(၃)ဦးထဲမှ တစ်ဦးက...

'အဘ... ကျွန်တော်တို့ကို ခွင့်လွှတ်ပါ။ အတုအယောင်တွေ ရှုပ်ထွေးနေတဲ့အခါ အတိအရောရော ကျောက်အရောရောထဲမှာ အဘတစ်ယောက် မပါတူဆိုတာ ကျွန်တော်တို့ ယုံကြည်သွားပါပြီ။ ကျွန်တော်တို့မှာ တာဝန်ပိုင်းအရ လာရောက်ခဲ့ရတဲ့အတွက် ကျွန်တော်တို့အပေါ် နားလည်ခွင့်လွှတ်ပေးပါ အဘ'

'အဘ နားလည်ပါတယ် လူလေးတို့ရာ။ အဘတို့ကလဲ အထက်ပုဂ္ဂိုလ် ပိုင်းဆိုင်ရာတို့ရဲ့ ခိုင်းစေမှု ညွှန်ကြားချက်အရ ဖြုတ်နေရတာပါ။ ဒီအထဲမှာ မသူတော်တွေကလဲ ရှိနေကြတော့ လူလေးတို့လဲ ဘယ်သိနိုင်ပါ့မလဲ။

အမျိုးဘာသာ သာသနာအတွက် အဘတို့မှာလဲ ကာကွယ်ပေးဖို့ တာဝန်ရှိနေတာပဲ။ မင်းတို့မှာ တာဝန်ရှိသလို အဘတို့ကလဲ နိုင်ငံတော်ရဲ့ အတွက် တစ်ဖက်တစ်လမ်းမှ စွမ်းဆောင်ပေးနိုင်ဖို့ တာဝန်ရှိနေတာပါပဲ'

'ဟုတ်ကဲ့ ကျွန်တော်တို့ နားလည်ပါပြီအဘ... ကျွန်တော်တို့ကိုလဲ ခွင့်လွှတ်ပါ'

ထိုပုဂ္ဂိုလ်(၃)ဦးသည် ဘိုးပီယကို ဦးနှိမ်ချကန်တော့ကြပြီး နှုတ်ဆက်ကာ ထွက်ခွာသွားကြလေသည်။

* * *

တစ်နေ့...

ကျွန်ုပ်တို့သည် ဘိုးပီယ၏ တပည့်တစ်ဦးအိမ်သို့ ဘိုးပီယ ရောက်လာမည်ဆို၍ သွားရောက် စောင့်မျှော်နေကြသည်။ ကျွန်ုပ်တို့နည်းတူ အခြားပရိသတ်များ၊ လူကုံထံအသိုင်းအဝိုင်းများနှင့် အိမ်၏ ဧည့်ခန်းတစ်ခုလုံး ပြည့်နှက်နေသည်။

မကြာမီ ဘိုးပီယ ရောက်ရှိလာပြီး လူအုပ်အတွင်းသို့ တန်းတန်းမတ်မတ် ဝင်သွားသည်။ ဘိုးပီယသည် မျက်စိမမြင်ရသူဟု ဆိုသော်လည်း အတွဲမလို၊ အကူမလိုဘဲ လူရှိသတ်



F.28B. September, 2016.

www.burmeseclassic.com

www.burmeseclassic.com

အတွင်း ဝင်ရောက်သွားသည်မှာ မျက်စိ မြင်ရသူပမာ ဖြစ်နေသည်။

လူပုံအလယ်တွင် ဝင်သွားရာတွင် တစ်စုံတစ်ဦးကိုမှ တွန်းတိုက်ထိခိုက်မှု မရှိဘဲ မိမိသွားလိုရာသို့ ဖြောင့်ဖြောင့် တန်းတန်း ရောက်ရှိသွားသည်။

ဘိုးပီယသည် လူပုံအလယ်တွင် ထိုင်နေသော ဖြူဖြူဝဝ အမျိုးသမီးကြီး တစ်ဦး၏အနီးသို့ ရောက်သွားပြီး ထိုင်ချလိုက်သည်။ ထိုအမျိုးသမီးကြီး ကို ဘိုးပီယသည် အားရပါးရ လက်ဖြင့် ဆုပ်နယ်ကာ...

'အဲ... အဲ... ဝဝတုတ်တုတ်ကြီးဆိုတော့ ကိုင်လို့ကောင်းတာပေါ့။ အဲ...ဆုပ်လို့ကလဲ ပြည့်ပြည့်ဝဝကြီးဗျ။ ကိုင်လို့ကောင်း၊ ဆုပ်လို့ ကောင်းပါလားကွ'

ဘိုးပီယသည် ထိုအမျိုးသမီးကြီး၏ ခန္ဓာကိုယ် တစ်ကိုယ်လုံးကို အားပါးတရ ဆုပ်နှယ်နေပြီး ပါးစပ်မှလည်း တဖွဖွ ပြောဆိုနေသည်။ ပရိသတ် အားလုံးမှာ ဘိုးပီယ၏ လုပ်ရပ်ကို နားမလည်နိုင်စွာနှင့်သာ ငေးကြည့် နေကြပြီး...

'သမီးယောကျ်ားသာရှိရင် အခော် မနာလို ဝန်တို ဖြစ်နေမှာပဲကွ။ အေးကွ...အေးကွ... အတော်ကိုင်လို့ကောင်း၊ ဆုပ်လို့ကောင်း တာပဲ။ သမီးယောကျ်ားတော့ ဒေါသတွေ ပေါက်ကွဲကုန်ပြီနဲ့တူတယ်။ ရှက်ရမ်း ရမ်းနေ မှာပဲကွယ်။

တတ်နိုင်ဘူးလေ... ဒါကလဲ သူ့သဘော သူဆောင်နေတာပေါ့။ အဘကလဲ အဘ သဘောဆောင်ပြီး ကိုယ့်အလုပ် ကိုယ့် သဘော လုပ်နေရတာပဲကွ'

တစ်အောင့်ခန့်ကြာလျှင် ဘိုးပီယ သည် လူအုပ်ကြီးကို ကျော်ခွကာ ဘုရားစင်ရှေ့တွင် သွားရောက်ထိုင်နေ လိုက်သည်။ လူသူပရိသတ်တို့မှာ လည်း ဘိုးပီယ၏ လုပ်ဆောင်ချက် များကို မှင်တက်မိနေသူများပမာ ကြည့် နေကြသည်။

အဆိုပါ အမျိုးသမီးမှာလည်း ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်နေ ရာမှ လူအုပ်ကြီး၏နောက်၌ ထိုင်နေ သော သူ၏ ယောကျ်ားဖြစ်သူမှ ခေါ် ယူသဖြင့် ပြန်လည် ထွက်ခွာသွားခဲ့လေ တော့သည်။

နောက်(၂)ရက်ခန့် ကြာသောအခါ အဆိုပါ လင်မယားဖြစ်သူတို့သည် ဘိုးပီယ နေထိုင်ရာအိမ်သို့ သွားရောက် ခဲ့ကြပြီး ဖျော်ရည်၊ အမွှေးတိုင်၊ ဖယောင်းတိုင် စုံလင်စွာနှင့် ကန်တော့ ကြပြီး ကျွန်တော်၊ ကျွန်မတို့ အဘ အပေါ် ကာယကံ၊ဝစီကံ၊ မနောကံတို့ ဖြင့် ဖြစ်မှားမှုများ ရှိခဲ့ပါလျှင် ခွင့်လွှတ် ကျေအေးပါစေဆိုပြီး လာရောက် ကန်တော့ကြလေသည်။

အဆိုပါ အမျိုးသမီးမှာလည်း ယခင် တွေ့ဆုံစဉ်က မြင်တွေ့လိုက်ရသည့် ခန္ဓာကိုယ်မျိုး မဟုတ်ဘဲ ကိုယ်ရေ စစ်သွားကာ ကြည့်ကောင်းသော ခန္ဓာ ကိုယ် အချိုးအစား ဖြစ်နေသည်ကို တအံ့တသြ တွေ့လိုက်ရသည်။

'အဘရဲ့ စေတနာ မေတ္တာတရားကို အစ ပထမတုန်းကတော့ ကျွန်တော် နားမလည်ခဲ့ဘူး။ ကျွန်တော့်အမျိုးသမီးရဲ့ ခန္ဓာမှာ ဖြစ်ပျက်နေ တဲ့ ရောဂါတွေကို အဘ ကယ်တင်ကုသ လိုက်တဲ့အတွက် အခု အဘရှေ့မှာ မြင်နေ တဲ့ ကျွန်တော်ရဲ့ အမျိုးသမီးဟာ ရောဂါတွေ သန့်စင်သွားလို့ မူလ ကိုယ်နေဟန်ထားဘဝ ကို ပြန်ရခဲ့ပါပြီ။

အဘရဲ့မေတ္တာတရားက (၇)ရက်သားသမီး တွေအပေါ်မှာ ကယ်နိုင်သလောက် ကယ် တင်နေတာဆိုတာကို အခုမှ မျက်မြင် ကြုံတွေ့ခဲ့ရပြီမို့ အဘရဲ့ ကျေးဇူးတရားဟာ ကျွန်တော်တို့ လင်မယားနှစ်ယောက်အပေါ် ကြီးမားလှပါတယ်။ ဒီအတွက် အဘကို ရိုသေလေးမြတ်စွာ ကျွန်တော်တို့လင်မယား နှစ်ယောက် ရှိခိုးဦးတင် ကန်တော့ခဲ့ပါတယ်။

ပထမတော့ အဘ လုပ်ကိုင်နေတာ တွေကိုကြည့်ပြီး လောကီနယ်ပယ်က ပုထုဇဉ်တို့ရဲ့ သဘော သဘာဝအတိုင်း အဘအပေါ်မှာ မလိုမုန်းထားတဲ့ ဒေါသ တွေ ထွက်ပေါ်လာခဲ့ပါတယ် အဘ။ အခုတော့ ဒါတွေကို နားလည်ခဲ့ပြီမို့ ကျွန်တော်တို့အပေါ် အဘ နားလည် ခွင့်လွှတ်ပေးပါ အဘ'

လက်အုပ်ကလေးချီကာ ပြောနေ သော အဆိုပါ လင်မယားကို ဘိုးပီယ သည် ပြုံးပြုံးကလေး ကြည့်နေပြီး...

'အေးလေ... လူလေးတို့က ပုထုဇဉ် လောကထဲက ပုထုဇဉ်တွေပဲကွ။ ဒါလောက် တော့ ရှိမှာပေါ့။ အဘတို့က မြင်ပြီးသားပါ။ လူလေးတို့ရယ်... အဘ ခွင့်လွှတ်ပါတယ် ခွင့်လွှတ်ပါတယ်ကွာ'

အဆိုပါ လင်မယားနှစ်ယောက် သည် ဘိုးပီယကို ဦးနှိမ်ချကန်တော့ ကာ ပြန်သွားကြလေသည်။ ကျွန်ုပ် သည် **ဘိုးပီယ၏ လူသာမန်တို့ မမြင်မတွေ့နိုင်သည်တို့ကို မြင်တွေ့ သိရှိ နိုင်သည့် မနောစွမ်းအင်သည် အံ့ဩဖွယ်ရာ ဖြစ်နေတော့သည်။**

ယခုလည်း ရောဂါရှင်တို့ ဖွင့်အန် မပြောခင် ကြိုသိ ကြိုမြင်နိုင်စွမ်းရှိသည့် ဘိုးပီယ၏ လုပ်ဆောင်ချက်တို့သည် (၇)ရက်သားသမီးတို့အပေါ်၌ ထားရှိခဲ့ သော ကြီးမားသော မေတ္တာတရား တစ်ခုပင် ဖြစ်ပါတော့သည်။

**ဦးကျော်(လှိုင်သာယာ)**

မှတ်ချက်

ဂန္ဓာရီဇာမထိဆရာကြီး၏ ဘဝ အတွေ့အကြုံများထဲမှ။



www.burmeseclassic.com

www.burmeseclassic.com

# ငှက်ဖျားပျောက် ဆေးနည်းတစ်လက်

ငှက်ဖျားရောဂါ ဖြစ်လာပြီဆိုလျှင် ဆေးမျိုးစုံကို ရှာဖွေကြံဆလျှင် ရောဂါပျောက်ကင်းစေရန် အချိန်မီ ကုသကြရပေသည်။

စာရေးသူသည် ၁၉၇၈ခုနှစ်တွင် ပဲခူးရိုးမပေါ်တွင် သစ်လုပ်ငန်းလုပ်ကိုင်ခဲ့ရာမှ ငှက်ဖျားရောဂါဝင်ရောက်ကာ အလုပ်ပျက်အကိုင်ပျက် ဖြစ်ခဲ့ရပါသည်။

ဟိုဆေးနဲ့ပျောက်းနိုး၊ ဒီဆေးနဲ့ပျောက်နိုးဖြင့် ရောဂါနှင့် ဆေးမှာ လုံးချာလိုက်နေခဲ့ပါသည်။

ထို့နောက် တောင်ပေါ်ရှိ အလုပ်တာဝန်မှ ခေတ္တခွင့်ယူကာ မိမိအိမ်သို့ပြန်ကာ အနားယူစဉ် မိခင်ကြီး ဒေါ်ခင်ညွန့်မှ စိတ်ရှည်စွာ ကုသပြုစုပေးရာမှ ငှက်ဖျားရောဂါမှာ အမြစ်ပြတ်ကာ ယနေ့တိုင် ထိုရောဂါဘေးမှ ကင်းဝေးခဲ့ရပါသည်။

မိခင်ကြီးမှာ စေတနာ သဒ္ဓါတရားထက်သန်သူ ဖြစ်သည့်အလျောက် ငှက်ဖျားရောဂါဝေဒနာ ခံစားနေရသူ ရဟန်းရှင်လူအပေါင်းကို ဆေးနည်းလည်းပေး၊ ဆေးကိုလည်း ဖော်စပ်ဒါနပြုခဲ့ရာ မပျောက်ကင်းသူ မရှိခဲ့ပါ။

မိခင်ကြီးထံ ဆေးနည်းကိုပေးသွားသည့် ကရင်မကြီးမှာ ထိုစဉ်က အသက်(၉၀)ကျော်ရှိပြီး ယခုအခါ သူ၏အရပ်သို့ ပြန်သွားပြီဖြစ်ကြောင်း သိရပါသည်။

ဘယဆေးဆိုင်များတွင် ရောင်းချသည့် ပုဏ္ဏခါးရှိန်းခို တစ်မတ်သားဝယ်ပါ။ ထိုရှိန်းခိုမှာ မည်သည့်အရွယ်အစားပင် ဖြစ်စေ ငရုတ်ကောင်းစေ့အရွယ် အလုံးကလေးများ လုံးထားရပါမည်။

ဝါးနက်ဝါး အစိုတစ်လုံး ရှာခုတ်ရပါမည်။ တောရွာများ၊ တောစပ်များတွင် အလေ့ကျပေါက်လေ့ရှိပါသည်။



ဝါးရသည်နှင့် တစ်ဆစ်ခန့်ဖြတ်ပါ။ ဝါးကျည်တောက်သဏ္ဍာန် ဖြစ်သွားပါမည်။ ထိုဝါး၏ ပွင့်နေသောဘက်မှ ရှိန်းခိုလုံးလေးများကို ထည့်ပါ။

ရှိန်ခိုများ ထည့်ပြီးသောအခါ မီးသွေး မီးဖိုသို့တင်၍ ဖုတ်ရပါမည်။ ဝါး၏အဝဘက်ကို တစ်ခုခုဖြင့် ဆို့ထားပါ။

ဝါးကို မီးကျွမ်းလာသည်အထိ မီးပြင်းပေးပြီး လှည့်၍လှည့်၍ ဝါးကို ပြုပြင်ပေးပါ။

အရှိန်ရ၍ ဝါးအခွံတစ်ခုလုံး မီးသွေးရောင်ထ၍ ကျွမ်းသွားမှ မီးအေးအေးဖြင့် ပြန်နှပ်ထားပါ။

**မှတ်ချက်။ ။ ဝါးကို မီးဖုတ်စဉ် အနီးရှိလူမှ အနားတွင် မပြတ်နေပြီး ဝါးတစ်ခုလုံး မီးလောင်ကျွမ်းမသွားစေရန် ဂရုပြုရပါသည်။**

ရှိန်းခိုအား ဝါးနက်ဝါး၏ဓာတ်ကို မီးဖြင့်ပေးပြီး ရယူသည့်သဘော ဖြစ်ပါသည်။

ထို့နောက် မီးဖိုမှဝါးကို ပြန်ချကာ မီးကျွမ်းနေသော ဝါးနက်ဝါးကိုခွဲ၍ အထဲမှ ထွေးအိနေသော ရှိန်းခိုလုံးကလေးများကို သန့်ရှင်းအောင် ပြုလုပ်ရပါသည်။ ဖန်ဗူလင်းသန့်သန့်နှင့် ထည့်၍ ဆေးအဖြစ် စားနိုင်ပါပြီ။

**ဆေးစားနည်းမှာ...**

နေ့စဉ် နံနက်စောစော မည်သည့်အစာမှ မစားသေးမီ အလုံးသုံးလုံးကို ရေနွေးဖြင့် သောက်ရပါမည်။ တစ်နေ့တစ်ကြိမ်သာဖြစ်၍ ရေနွေးနှင့်ချိုး၍ ရေလည်း ဝဝသောက်ရပါသည်။

အစားရှောင်ရန်မလိုဘဲ ဆေးကုန်သည်အထိ လိုသလို စားသွားနိုင်ပါသည်။ ဆေးများက ခန္ဓာကိုယ်ပူလာသည်မှလွဲ၍ မည်သည့်အန္တရာယ်မှ မရှိပါ။

**[ဤဆောင်းပါးဖြင့် ကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်ခင်ညွန့်အား ကန်တော့ပန်းဆင်လျက်...]**

**မောင်သက်ထွန်း (ဒီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါ။

**နှလုံးလမ်းကြောင်း၊ ဉာဏ်လမ်းကြောင်း၊ အသက်လမ်းကြောင်း** သုံးကြောင်းတစ်နေရာ၌ ဆုံပြီး ပူးကပ်နေတယ်။(A.A)


ဒါကတော့...

*အိမ်ထောင်ရေးသောက မကင်းနိုင်ဘူး။
*အိမ်ထောင်ရေး ပြိုကွဲတတ်ခြင်း။
*အိမ်ထောင်ဆက် များစေခြင်း။
*အပျို လူပျိုနဲ့ ညားတတ်ခြင်း။
*အိမ်ထောင်ဖက်ရဲ့ သစ္စာမဲ့မှု ကြုံရတတ်ခြင်း၊
*သားသမီး ကံမကောင်းတတ်ခြင်း။
*အိမ်ထောင်ရေး သာယာရင် စီးပွားရေး လူမှုရေးပြဿနာ ကြုံတတ်ခြင်း။

စသည်ဖြင့် ဟောပြောလို့ ရပါမယ်။ လက္ခဏာရှင်ရဲ့ အမေးကိုကြည့်ပြီး အဖြေပေးလိုက်ရုံပါပဲ။ ဗဟုသုတ အလို့ငှာ ဖော်ပြပေးလိုက်ပါတယ်။

# ဗဟ်ချက်ကောင်း

## ဟောကွက်



ဇရံ ရက္ခန္တော အဗ္ဗာနံ ရက္ခတိ

ဦးသော်ခင်(ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com

# မတွေ့ဖူးသော ဂါထာတော်တစ်ပုဒ်

ကိုလှသန့်
(မ/ဥတ္တလာ)

ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားများသည် မိမိတို့၏ မိဘဆရာသမားနှင့် သက်ဆိုင်ရာ လူကြီးမိဘတို့၏ ဟောပြောသွန်သင်သော စကားဖြင့်လည်းကောင်း၊ ပါဠိစာပေ တတ်ကျွမ်းသော စာပေပညာရှင်များ, စာရေးဆရာများ၏ ရေးသားချက်များကိုလည်းကောင်း...

မိမိတို့ လျှောက်လှမ်းသော ဘဝခရီး ကြမ်းဝယ် ကိုယ်,စိတ်နှစ်ပါး သက်သာစေရန် ရည်ရွယ်၍ အားကိုးအားထားရာအဖြစ်ဖြင့် ရတနာမြတ်သုံးပါးနှင့် စပ်ဆိုင်သော ဂါထာတော်များ၊ စကားပြေများကို ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်မှုပြုကြ၏။

ယခု ကျွန်တော် ရေးသားသော အကြောင်းအရာသည် မည်သည့် ပုဂ္ဂိုလ်အားမျှ မှားသည်ဟု မဆိုပါ။ မိမိတို့နည်း မိမိတို့ဟန်ဖြင့် မှန်ကန်နေပါလိမ့်မည်။

သို့သော်လည်း မိမိတို့ ရွတ်ဖတ်သရဇ္ဈာယ်သော ဂါထာတော်များ၊ စကားပြေများသည် စာပေစကားနှင့် ပြောလျှင် **သုတ္တ,သုတ္တာနုလောမ** ဖြစ်လျှင် ပို၍ သဘာဝကျပါလိမ့်မည်။

ဆိုလိုရင်းမှာ **ဘုရားရှင် ပိဋကတ်တော်(သို့မဟုတ်)ပိဋကတ်တော်အား လျော်ကန်မှသာ** အကျိုးပေးမှု များပါလိမ့်မည်။

ယခု ရေးသားရင်းရခြင်းမှာလည်း မိမိတို့ ရွတ်ဖတ်သော၊ မြင်တွေ့နေရသော ဂါထာတော်မြတ်၏ မူရင်းလာသော စာပေနှင့် **ဌာန်ကရိုဏ်းကျနမှု**ကို သိစေလိုရင်း ဖြစ်ပါသည်။

ပြည်သူများသည် နာမည်ကျော်ကြားသူ စာရေးဆရာကြီးတို့၏ ရေးသားမှုကို အလေးထား ဖတ်ရှုကြသဖြင့် ပညာရှင်များသည် သတိကြီးစွာ ရေးသားကြရမည်သာဖြစ်သည်။



ပိဋကတ်စာပေ တတ်ကျွမ်း၍ ကျော်ကြားသော အချို့ဆရာကြီးများသည်ပင် အမှတ်မဲ့ ရေးသားမိကြသဖြင့် ချွတ်ချော်တိမ်းပါးမှု ရှိတတ်ကြပါသည်။

**ထိုသို့ ဖြစ်ရသည်မှာ ထိုဆရာကြီးများ ရေးသားပြုစုရာ၌ မိမိရေးသားသော အကြောင်းအရာကို မူရင်းပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့နှင့် တိုက်ဆိုင်မကြည့်ဘဲ မိမိ လေ့လာမှတ်သားမှုသည့်အတိုင်း အမှန်ထင်၍ ရေးသားခြင်းကြောင့် ဖြစ်သည်။**

ယခုနေ့ ခေတ်စားနေသော ဂါထာမန္တန်စာအုပ်များ၊ ဂမ္ဘီရမဂ္ဂဇင်းများတွင် များသောအားဖြင့် ပါနေတတ်ပြီး ရွတ်ဖတ်ပူဇော်ရာတွင် အကျိုးပေးမှု ထူးခြားသော ဂါထာတော်ကြီးကို တင်ပြလိုပါသည်။

မူရင်းစာအုပ်တွင် ပါရှိသည့်အတိုင်း တင်ပြလိုက်ခြင်း ဖြစ်ပါသဖြင့် မတူညီသည်ကို ခွင့်လွှတ်ကြပါရန် ကြိုတင်ပန်ကြားအပ်ပါသည်။

ဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖွဲ့ဆိုသီကုံးရွတ်ဆိုမှသာ အကျိုးပေးမှု မြန်ဆန်သည်ကို ဆရာတော်ကြီးတစ်ပါး၏ ဩဝါဒကို တစ်ဆင့်ကြားဖူးသည်မှာ...

'တို့နိုင်ငံမှာကွာ... သူများ ယောင်လို့ ယောင် အမှောင် တောင်,မြောက် မသိသူတွေ များနေပြီ၊ တစ်ခါကလဲ တရားဟောကြွတဲ့ နေရာမှာ ဒကာနှစ်ဦး လျှောက်တာ ဖြေရှင်းခဲ့ရသေးတယ်။

ဒကာတစ်ဦးက အရှင်ဘုရား တပည့်တော်တို့ လောကီဂါထာများမှာ အရှင်ဘုရားတို့ သင်နေတဲ့ ဆန်းအလင်္ကာကျမ်းတွေနဲ့ ကိုက်ညီတော့ ပြင်ပြီးရွတ်ဆိုရင် အကျိုးပေးပါ့မလားဘုရားလို့ လျှောက်ထားတယ်။

ဒါနဲ့...ငါလဲ ဥပမာပေးပြီး ပြောခဲ့တယ်။ ဒကာကြီး စစ်ပွဲတစ်ပွဲ တိုက်ခိုက်ခဲ့တဲ့ နေရာမှာ တစ်ဖက်က စနစ်တကျ လေ့ကျင့်မှုရှိပြီး တစ်ဖက်က စနစ်တကျ လေ့ကျင့်မှု မရှိရင် ဘယ်ဘက်က နိုင်မယ်ထင်သလဲ၊ တို့တော့ စနစ်မကျရင် ဘယ်ဟာမှ အသုံးမကျဘူး ထင်တာပါပဲလို့ ဖြေခဲ့ရတယ်'

အထက်ပါ ဆရာတော်ကြီး၏ ဩဝါဒကို ခံယူလျက် ယခု ရွတ်ဆိုနေသော ဂါထာတော်နှင့် **မူရင်းကျမ်းတွင်ပါသော ဂါထာတော်**ကို ယှဉ်တွဲပြပါမည်။ ပညာရှင်များမှ သုတေသနပြုမည်ဟုသာ ကြည့်မြင်စေလိုပါသည်။

တင်ပြလိုသော ဂါထာတော်မှာ **"ဣစ္ဆန္တောဂါထာတော်မြတ်"** ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ လက်ရှိ မဂ္ဂဇင်းနှင့် ဂါထာ စာအုပ်များ၌ ပါရှိနေသည်မှာ...

ဘဂဝါ ကုသလ္လ သာသပဂဇ္ဇ၊
ကုတော ဝိတော စက်မတိ။
ဘဂဝါ ကုသလ္လ ဧတ္တဝါဥ္စ
အတ္တဘာဝေန ဆာဒယေ။

ဖြစ်ပါသည်။

ဤဂါထာတော်မြတ်၏ **မူရင်းကျမ်း စာမှာ** ပိဋကတ်တော်တွင် မပါရှိပါသော်လည်း **သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ဆရာတော် အရှင်ဗုဒ္ဓရက္ခိတ** ၏ လက်စွမ်းပြ **"ဇိနာလင်္ကာရဋီကာ"** အမည်ရှိသောကျမ်းစာ ဖြစ်ပါသည်။

**ကျမ်းစာ၏ တည်ဆောက်ပုံမှာ** ဘုရားရှင်၏ ဗုဒ္ဓဝင်အကျဉ်းချုပ်ကို ဂါထာတစ်ပုဒ် ရေးပြီးတိုင်း ထိုဂါထာကို ပါဠိဘာသာစုဏ္ဏိယဖြင့် ထပ်မံ၍ ဖွင့်ဆိုရေးသားပါသည်။ ယခု ဂါထာတော်မြတ်သည် **သုဓမ္မဝတီပုံနှိပ် တိုက်မှ ရိုက်သည့်စာအုပ်၌ စာမျက်နှာ(၂၄၂)တွင်** ရှိပါသည်။

**မူရင်းဂါထာတော်မှာ...**

ကုသလ္လ သာသပေ ဂဇ္ဇ၊
စက်မာမိ ကုတော ဝိတော။
ကုသလ္လ လောကဓာတုမှိ
အတ္တဘာဝေန ဆာဒယေ။

ဟု ပါရှိပါသည်။

ဆရာတော် ရေးသားသည့် ပုံစံမှာ **ဆန်းကျမ်းအလိုအားဖြင့် အက္ခရာ (၈)လုံးစီရှိသော လေးပါဒ (၃၂)လုံးသွဲ့** ဂါထာတော် ဖြစ်ပါသည်။

**ဂါထာတော်၏ အက္ခရာတစ်လုံးစေနှင့် သဒိုက်း,နဒိုက်း မရှိခြင်း၊ ပထမပါဒနှင့် တတိယပါဒတို့၌ အစအက္ခရာ(၄)လုံး နောင်သဒိုက်ရှိခြင်း၊ ဒုတိယပါဒနှင့် စတုတ္ထပါဒတို့၌ အစအက္ခရာ(၄)လုံး နောင် ဇဒိုက်ရှိခြင်းဟူသော "ပထျာ ဝတ္တဂါထာ"၏ လက္ခဏာအင်္ဂါရပ်များနှင့် ညီညွတ်ခြင်း ဖြစ်ပါသည်။**

ထို့ပြင် ကြိယာပုဒ် ထားရာတွင် ဆရာတော်မှ ဘုရားရှင်ကိုယ်တော်မြတ်ကိုယ်တော်တိုင် ဟောကြားသည့် အနေဖြင့် ကတ္တားဧကြိယာကို **"စက်မာမိ"**ဟု စီကုံးထားပါသည်။ တတိယပါဒ၌လည်း **"လောကဓာတုမှိ"**ဟု လောကဓာတ်တစ်ခုလုံး ဟူသော ပါဠိဖြင့် သုံးနှုန်းထားပါသည်။

***[ထိုဂါထာတော်မြတ်အပြင် အက္ခရာတစ်လုံးတည်းဖြင့် (၃၂)လုံးသွဲ့ စီကုံးထားသော ဂါထာတော်များလည်း ရှိပါသေး၏။ အလျဉ်းသင့်လျှင် ထင်ပြပါဦးမည်။]***

စာရှုသူများ ယခုဆိုရလျှင် မူရင်းကျမ်းစာ၌ ပါရှိသော ဂါထာတော်မြတ်ကို တည်ဆောက်ဖွဲ့စည်း သီကုံးပုံနှင့်တကွ ကြည့်ညိုနိုင်လောက်ပေပြီ။ ဆက်လက်၍ ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် အာရုံပြု ကြည်ညိုနိုင်ရန်အတွက် မူရင်းဂါထာ၏ အနက်အဓိပ္ပါယ်ကို ရေးသားဖော်ပြပေးပါဦးမည်။

**(အဟံ-ငါဘုရားရှင်သည်) ကုသလ္လ** -အလိုရှိတော်မူသည်ရှိသော်၊ **သာသပေ ဂဇ္ဇ**-မုန်ညင်းစေ့၏ အတွင်း၌၊ **ကုတော ဝိတော**-ထိုမှဤမှ၊ **စက်မာမိ** -စကြံကြွတော်မူနိုင်၏။

**ကုသလ္လ** - အလိုရှိတော်မူသည် ရှိသော်၊ **လောကဓာတုမှိ**-တုံသောင်းသော လောကဓာတ်တစ်ခွင်၌၊ **အတ္တဘာဝေန**-ခန္ဓာကိုယ်တော်ဖြင့်၊ **ဆာဒယေ**- လွှမ်းမိုးဖုံးအုပ်တော်မူနိုင်လေ၏။

**စာရှုသူ ပရိသတ်များအတွက် မေတ္တာလက်ဆောင်...**

ကုသလ္လ ဂါထာတော်မြတ်အား မြင်းသေမြင်းကိုက်နည်းဖြင့် ချရေး၍ **လက်ယာရစ်လှည့်ပြီး ချပါ။ နေသိဒ္ဓိ နက္ခတ် ယှဉ်သောအချိန်တွင် ငွေပြား တွင်ရေးပါ။ ကုန်ရောင်းကုန်ဝယ် ခြင်း၊ သိဒ္ဓိကိစ္စများအတွက် မိမိတို့ အလိုရှိသလို အသုံးပြုပါလေ။**

* * *

***အလိုတော့ မှန်သမျှ ကြံသမျှ ပြည့်ပါစေ။***


**ကိုလှသန့်**(*မ/ဥက္ကလာ*)

| | | | | | | | |
|---|---|---|---|---|---|---|---|
| [illegible] | ဗု | ဒ္ဓ | သ | ရ | ထံ | ဂ | [illegible] |
| ဓ | ◐ | ကု (၁) | တော (၁၄) | က (၂၁) | ဇ္ဇ (၈) | ◒ | ဇွ |
| မိဓ | အ (၂၅) | လော (၂၀) | ဂ (၇) | လ္လ (၂) | ဓိ (၁၅) | ဓာ (၂၂) | ဇ |
| င | ဆေ (၆) | ကု (၁၃) | တ္တ (၂၆) | တု (၂၃) | သာ (၃၀) | စ (၉) | ဝ |
| ဣ | န္တော (၁၉) | မိ (၂၄) | န (၂၉) | ယေ (၃၂) | န္တော (၃) | တော (၁၆) | ဇေ |
| ဓ | မိ (၁၂) | သ (၅) | လ္လ (၁၈) | ဘာ (၂၇) | က် (၁၀) | ဒ (၃၁) | ဋ |
| ဒ | ○ | ဝေ (၂၈) | မာ (၁၁) | သာ (၄) | ကု (၁၇) | ◡ | ဍ |
| [illegible] | ဍာ | ဍင | ဠ | ငြီ | ပ | ဏှ | [illegible] |




www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ



## ထီးလိုက ရွေးချယ်ပါ ဤဂဏန်း

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၃၂ |
| **စက်တင်ဘာလ** | ၉ |
| **ခုနှစ်** | +၂၀၁၆ |
| | ၂၃၅၇ = ၁၇ = ၈ |

**အကြိမ်၊ လ၊ ခုနှစ်** များအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၈)ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၂၊ ၄၊ ၈၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၂၊ ၄၊ ၈** ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၂...၁ | ၄...၁ | ၈...၁ |
| ၁...၂ | ၂...၂ | ၄...၂ | ၈...၂ |
| ၁...၄ | ၂...၄ | ၄...၄ | ၈...၄ |
| ၁...၈ | ၂...၈ | ၄...၈ | ၈...၈ |
| ၁...၀ | ၂...၀ | ၄...၀ | ၈...၀ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် ၂၊ ၄၊ ၈ ဂဏန်းများ ဦးစားပေး ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"** ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၉ + ၂ + ၀ + ၁ + ၆)= ၁၈=၉ ရသည်။ သို့ဖြစ်၍ **"၉"**ဂဏန်းကိုလည်း ပစ်ပယ်၍ မရပါ။

သို့ဖြစ်၍...

**စ...ဆုံး**

| | | | | | | |
|---|---|---|---|---|---|---|
| ၁... | ၁၊ | ၂၊ | ၄၊ | ၈၊ | ၉၊ | ၀ |
| ၂... | ၂၊ | ၄၊ | ၈၊ | ၉၊ | ၀၊ | ၁ |
| ၄... | ၄၊ | ၈၊ | ၉၊ | ၀၊ | ၁၊ | ၂ |
| ၈... | ၈၊ | ၉၊ | ၀၊ | ၁၊ | ၂၊ | ၄ |
| ၉... | ၉၊ | ၀၊ | ၁၊ | ၂၊ | ၄၊ | ၈ |

ဤလတွင် **တနင်္လာနှင့် ဗုဒ္ဓဟူး** သားသမီးများ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ ရှေးဟောင်းဘုရား (သို့မဟုတ်) စေတီတော် တစ်ဆူဆူတွင် ဒိဗ္ဗိတပတိ အစချီ ငွေဝင်ဂါထာတော်ကို မိမိသက်စေ့ (၁၀၈)လုံး ပုတီးကုံးဖြင့် "၈"ရက်တိတိ ပွားများအားထုတ်ပေးပါ။ ပြီးပါက ရင်ပြင်တော်ကို သန့်ရှင်းရေး ပြုလုပ်ပေးပါ။

ဤအဓိဋ္ဌာန် အောင်မြင်ပြီးပါ မိမိတို့ ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအား မိမိ တတ်စွမ်းနိုင်သမျှ ဆေးဝါး၊ အာဟာရ လှူဒါန်းပေးပါ။ ဤဒါနပြုပြီးပါက မိမိ ကြိုက်နှစ်သက်ရာ ထီဆိုင်များတွင် ကံစမ်းနိုင်ပါသည်။

အထူးဂဏန်း

- ၁၂၂၄၄၈
- ၂၄၈၉၀၂
- ၄၈၂၄၅၉

*ထီကံ ပွင့်ပါစေ။*

ဆရာရဲထက်(သဒ္ဒါသီ)



www.burmeseclassic.com

www.burmeseclassic.com

# သုံးပန်လှသိုက်ကန်နန်းဦးမှ

## ထူးဆန်းသည့် သင်္ကေတအမှတ်အသားများ (၁)

အောင်ချစ်ကြည်
(ကြို့ပင်ကောက်)



ကြက်ခြေခတ် သင်္ကေတဟူသည် မဟုတ်မမှန်ခြင်း၊ လွဲချော်ခြင်း၊ ခွင့်မပြုခြင်း၊ ငြင်းဆိုခြင်း၊ တားဆီးခြင်း အစရှိသော အပျက်သဘောဆောင်သည့် သင်္ကေတဖြစ်ပါသည်။ တစ်ခါတစ်ရံ စာရွက်စာတမ်းတချို့ပေါ်တွင် လက်မှတ်ရေးထိုးရန်ရှိသောအခါ စာမတတ်သူဖြစ်ပါက လက်ဗွေအမှတ်(သို့မဟုတ်) ကြက်ခြေခတ်တို့ကို အသုံးပြုကြသည်။

ထိုကဲ့သို့ ကြက်ခြေခတ်ခြင်းသည် ထိုပုဂ္ဂိုလ်အား ကိုယ်စားပြုသည့် သင်္ကေတဟု တချို့က ထင်မှတ်မှားကြသည်။ ဤသည်မှာ စာမတတ်သည့် အထောက်အထားသာဖြစ်၍ လက်ဗွေနှိပ်သကဲ့သို့ ကိုယ်စားပြုနိုင်ခြင်းတော့ မရှိပါ။

လက်ဗွေဟူသည်မှာ လူတစ်ယောက်နှင့် တစ်ယောက် ထပ်တူကျအောင် မတူညီနိုင်သဖြင့် လက်ဗွေနှိပ်သူ တစ်ဦးတည်းပိုင် သင်္ကေတအမှတ်အသား ကိုယ်ပိုင်သင်္ကေတ ထိုပုဂ္ဂိုလ်အား ကိုယ်စားပြုသည့် ထင်ရှားသော မှုရင်း သင်္ကေတအထောက်အထား တစ်ခု ဖြစ်သည်။

ကြက်ခြေခတ်၏ အဓိပ္ပာယ်မှ ငြင်းပယ်ကြောင်း၊ မှားကြောင်း၊ လက်မခံကြောင်း၊ ပျက်ကြောင်းနှင့် မှားသည်ဟု အဓိပ္ပါယ်တည့်တည့်ရပါသည်။

တားမြစ်ချက်များတွင်လည်း ရှေးခါကတည်းက ကြက်ခြေခတ် သင်္ကေတကို အသုံးပြုခဲ့ကြသည်။ သို့သော် လူတိုင်းတော့ အလေးအနက် မထားတတ်ကြပါ။

လွန်ခဲ့သည့် တစ်လခန့်က အကြောင်းအားလျော်စွာ ကြက်ခြေခတ်သင်္ကေတနှင့် ပတ်သက်သော စိတ်ဝင်စားဖွယ်ဇာတ်ကြောင်းတစ်ခုကို မှတ်မှတ်ထင်ထင် ကြားသိခဲ့ရပါသည်။

ကီစွတစ်ခုဖြင့် ခရီးသွားခိုက် ပိုက်

www.burmeseclassic.com

ဆိုင်စွာပင် ကျွန်တော်နှင့် တွေ့ဆုံကြည်မှု တူညီသော အသက်(၉၀) ကျော်အရွယ်ရှိ ဦးဘကွန်းဆိုသူ ယောဂီဝတ်အဘိုးနှင့် တွေ့ဆုံခဲ့ရခြင်း ဖြစ်သည်။

အဘိုးအိုနေထိုင်သည့် နေရာကား ရှေးဟောင်း သာယာဝတီနယ် ပဲခူးရိုးမ တောင်ခြေ ဥယျာဉ်ကြီးမှာ ဖြစ်သည်။ ယောဂီအဘိုးအိုက သူ၏ မြေးညီ အစ်ကိုနှစ်ယောက်အား ဆုံးမစကား ပြောရင်း သုံ့တစ်ပါးမပေးသည့်ပစ္စည်းကို အဓမ္မနည်းဖြင့် ခိုးဝှက်လုယက် မယူအပ်,မကျူးလွန်အပ်ကြောင်း၊ မိမိ ငယ်စဉ်က လောဘနောက်လိုက်မိ၍ ယခုကဲ့သို့ ဒုက္ခိတဘဝ ရောက်ခဲ့ရကြောင်း...

မောဟဖုံးလွှမ်းနေ၍ ကြက်ခြေခတ် ပြတာတောင် အပေါင်းလက္ခဏာထင်၍ မဆင်ခြင် မိုက်မှားသဖြင့် လူ့ဘဝ တို့သွားရာလမ်းကို မလွဲမသွေရောက်ခဲ့ရကြောင်းတို့ကို အောက်ပါအတိုင်း ကြားသိ မှတ်သားခဲ့ရပါတော့သည်။

* * *

'သုံးပန်လှသိုက်'

**'အေးရွာကလေးတောင် ရွှေတဟောင်၊ ဂူကြီးကြော့အနောက် ခဲတစ်ပေါက်၊ ခပေါင်းပင်ရိပ် တရေးအိပ်'**

သိုက်စာ တစ်ပိုင်းတစ်စဖြစ်သည်။ ရှေးဟောင်း သာယာဝတီနယ်တွင် ''သုံးပန်လှသိုက်''ဟု ဆိုက လူတိုင်းလိုလို ကြားဖူးနားဝရှိကြသည်။ ကြို့ပင်ကောက်မြို့ အရှေ့(၈)မိုင်ကွာ၊ ပဲခူးရိုးမ တောင်ခြေရှိ မြို့တွင်းကျေးရွာသည် ရှေးဟောင်း သာယာဝတီခေတ်က နန်းမြို့ရိုးဟောင်း၏ အတွင်းဘက်ရှိ ရွာကြီးတစ်ရွာဖြစ်သည်။

သာယာဝတီ မြို့တည်နန်းတည် သတိုးနော်ရထာဘုရင် (သုံးမြို့ရှင်) သည် ထိုနေရာတွင် စတင် နန်းစိုက်၍



နောင်မင်းဆက်ပေါင်း (၂၅)ဆက်ထိ အုပ်စိုးသွားခဲ့သည်။

**[သမိုင်းသုတေသီတချို့၏ အဆိုအရ ဤရှေးဟောင်းသာယာဝတီမြို့သည် ပျူခေတ် AD(၇၀၀)ဝန်းကျင် ကာလက ရှေးဟောင်းပျူမြို့ငယ် တစ်ခု ဖြစ်ခဲ့သည်ဟု သိရသည်။]**

ယခုဖော်ပြအံ့သော ရတနာသိုက်သည် သုံးမြို့ရှင်ဘုရင်၏ နှမတော် သုံးပန်လှမင်းသမီးထားရစ်ခဲ့သော ရှေးခေတ်ဟောင်းက ရတနာသိုက်ကြီး တစ်ခုဖြစ်သည်ဟု ယုံကြည်ကြ၍ သိုက်ဆရာများ စိတ်ဝင်စားကြသလို အကြိမ်ကြိမ် ရှာဖွေတူးဖော်ကြသော်လည်း ယနေ့ထိ မအောင်မြင်ခဲ့ကြပါ။

သတိုးနော်ရထာ (သုံးမြို့ရှင်ဘုရင်) သည် တောင်ညိုမြို့၊ ကျောက်စောင်းမြို့နှင့် သာယာဝတီမြို့ ထိုသုံးမြို့ကို အုပ်ချုပ်၍ AD(၁၂၈၄–၁၃၁၉) နန်းသက် (၃၅)နှစ်ကြာ စိုးစံခဲ့သည်။

ထိုစဉ် သာယာဝတီနယ် အကျယ်အဝန်းကား ယခုလက်ရှိ သာယာဝတီခရိုင်နှင့် ပြည်ခရိုင် နှစ်ခုပေါင်း ဧရိယာ ဖြစ်သည်ဟု သိရသည်။

သတိုးနော်ရထာဘုရင်တွင် မွေးချင်းမောင်နှမ (၅)ဦးရှိခဲ့သည်။ သတိုးနော်ရထာ၊ သတိုးမင်းလတ်၊ သတိုးမင်းငယ်၊ နှမတော်ကြီး မယ်စောလှနှင့် နှမငယ် မယ်စောမှုန်တို့ဖြစ်သည်။

နှမတော်ကြီး မယ်စောလှကို **''သုံးပန်လှဒေဝီ''**ဟု ထိုခေတ်က လူသိများခဲ့သည်။ သုံးပန်လှမင်းသမီး ထားရစ်ခဲ့သော ရတနာများကို ခေတ်အသီးသီးတွင် သိုက်ဆရာအတော်များများက ရှာဖွေဖော်ထုတ်ရန် အမျိုးမျိုး ကြိုးစားခဲ့ကြသည်။

ရှေးလူတို့ပြောစကား၊ သိုက်စာ တစ်ပိုင်းတစ်စတို့ဖြင့် လိုက်လံရှာဖွေ ခန့်မှန်း တူးဖော်ကြသော်လည်း အကြောင်းအမျိုးမျိုးဖြင့် ဘေးဒဏ်ဆိုးများသင့်၍ ပျက်စီးကြကုန်လျက် လက်လျှော့ထားလိုက်ကြရသည်။

ယခုဖော်ပြပါ ဇာတ်လမ်းသည်ကား ကြက်ခြေခတ်အမှတ်အသားကို ယနေ့အထိ တမြည့်မြည့်ခံစားရင်း တွေးမိတိုင်း ထိတ်လန့် ကြောက်ရွံ့လျက်ရှိသည့် သုံးပန်လှသိုက်တူးဖော်ရာတွင် ကိုယ်တိုင် လိုက်ပါဖူးခဲ့သော ထောင်ပြန်ဘကွန်း(သို့မဟုတ်) ဓားဘကွန်း (သို့မဟုတ်)ယောဂီဆရာကြီးဦးဘကွန်း၏ ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်း တစ်ခုဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

* * *

ဓားဘကွန်း(သို့မဟုတ်) ထောင်ပြန် ဘကွန်း။

မြန်မာသက္ကရာဇ် ၁၂၈၇ ခုနှစ်က ပဲခူးရိုးမတောင်ခြေ အေးရွာကလေး ရွာတွင် ယာသမား မိဘနှစ်ပါးမှ သူ့ကို မွေးဖွားခဲ့သည်။ ငယ်စဉ်က ကျွဲစာ တောရ ဆရာတော်ကျောင်းတွင် ကိုရင်ဝတ်ရင်း သဒ္ဒါ၊ သင်္ဂြိုဟ်ထိ ဘုန်းကြီးစာ သင်ခဲ့ဖူးသည်။

ကိုရင်လူထွက်ပြီးနောက် ငေးဖြစ် သူနှင့်အတူ ထင်းခုတ်၊ ဝါးခုတ်၊ မိုးနတ်၊





www.burmeseclassic.com

www.burmeseclassic.com

ဖျူဥတူး၊ ကြက်ထောင်၊ ငှက်ထောင် အလုပ်များနှင့် ကျစွာတော၊ ကုန်းရွာတော ရွှေလောင်းစားကျက်တောနှင့် သခ်ရိုင်တောများအတွင်း ခြေရာချင်းထပ်မျှ ကျင်လည်ဖူးသည်။

သို့ဖြင့် အရွယ်ရောက်ခဲ့ပြီးနောက် အပေါင်းအသင်းစုံလာရာမှ ဆိုးနှိုးတိုက်အဖွဲ့တစ်ခုနှင့် ပေါင်းမိ၍ ဓားပြမှုဖြင့် ထောင်(၃)နှစ်ကျခဲ့သည်။ ရွာပြန်ရောက်သောအခါ ထောင်ပြန်ဘကွန်းဟု အမည်တွင်ခဲ့တော့သည်။

ဘကွန်းငယ်စဉ်ကတည်းက ဓားမြှောင်တိုကာလေးများ ပစ်ပေါက်ခြင်းကို ဝါသနာထုံခဲ့သည်။ ကျွမ်းကျင်လာသောအခါ နှစ်ဖက်သွားရှိ ဓားတိုကလေးများကို တစ်ကြိမ်တည်း နှစ်ချောင်းကိုင်၍ လိုရာ ပစ်မှတ်ကို နှစ်ချောင်းလုံး ထိမှန်အောင် ပစ်ပေါက်နိုင်ခဲ့သည်။ အလွန်လျင်မြန် ဖျတ်လတ်၍ အသုတ်အပုတ် ကျွမ်းကျင်သည်။

ညဉ့်မှောင်ထဲတွင် 'နေ့အခါကဲ့သို့ သွားလာတတ်ခြင်းသည် ဘကွန်း၏ သူမတူအောင် ထူးခြားသော အရည်အချင်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့်လည်း ဓားပြဗိုလ်မိုးသီးက ဘကွန်းကို သူတို့အလုပ်အတွက် မျက်စိကျခဲ့ကာ စည်းရုံးသိမ်းသွင်း၍ တပည့်မွေးခဲ့ရခြင်းဖြစ်သည်။

ထောင်မှ ထွက်လာသော ဘကွန်းနောက်တကြိမ်စွာရ၍ ယာတောသို့ပြန်ကာ မိဘများနှင့်အတူ စိုက်ပျိုးမွေးမြူခြင်းဖြင့် ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်စားသောက်နေခဲ့သည်။

တစ်နေ့တွင် ယာမီးရှို့ရန် မီးလမ်းတားနေသော ဘကွန်းထံသို့ ဧည့်သည်သုံးဦး ရောက်လာခဲ့သည်။ အသက်(၅၀)ကျော်ခန့်ရှိ ပိတ်ဖြူဝတ်အဘိုးကြီးတစ်ဦးနှင့် အသက်(၄၀)ခန့် လူလတ်



ပိုင်းနှစ်ဦးဖြစ်သည်။ ဘကွန်းနားနေသော ပျဉ်းမပင်ကြီးအရိပ်သို့ ဝင်လာရင်း အဘိုးအိုက...

'လူလေး မောင်ဘကွန်း အဘတို့လာမယ်နော်'

ဟု ပျူငှာဖော်ရွေသောအပြုံးသိမ်မွေ့ညင်သာသောအသံဖြင့် ခွင့်တောင်းရင်း သုံးယောက်လုံး ဘကွန်းထိုင်နေရာ သစ်ရိပ်ရှိ သစ်တုံးကြီးပေါ်သို့ ဝင်ထိုင်လိုက်ကြသည်။

အဘိုးအိုက စတင်မိတ်ဆက်စကားပြောပြီးနောက် မိမိတို့အကူအညီတောင်းရန်ကိစ္စဖြင့် ဘကွန်းရှိမည့်နေရာကို စုံစမ်း၍လာခြင်းဖြစ်ကြောင်း။ ကူညီရမည့်ကိစ္စမှာလည်း ဘကွန်းအနေဖြင့် အပန်းမကြီးသောကိစ္စတစ်ခုဖြစ်ကြောင်း။ ကူညီနိုင်မည်ဆိုပါက လုပ်ငန်းအဆင်ပြေလျှင် ဘကွန်းသာမန် ယာသမားဆင်းရဲသားဘဝမှ နေ့ချင်းညချင်း ကြီးပွားချမ်းသာမည်ဖြစ်ကြောင်း.....

သေချာပေါက် ဘဝတစ်ဆစ်ချိုးပြောင်းလဲတိုးတက်နိုင်သည့် ငွေကြေးပမာဏ သေချာပေါက် ရရှိမည်ဖြစ်ကြောင်း။ သဘောတူ၍ အလုပ်လက်ခံမည်ဆိုပါက ယခုချက်ချင်း စရန်ငွေအဖြစ် ငွေ(၃၀၀၀ဝိ/) ပေးခဲ့မည် ဖြစ်ကြောင်း ဖျောင်းဖျပြောဆိုရင်း ပိတ်ဖြူလွယ်အိတ်ကြီးထဲမှ ငွေများ နှိုက်ယူ၍ ဘကွန်း၏ ရှေ့နားမှ သစ်ငုတ်ကြီးပေါ်တွင် စရန်ငွေ သုံးသောင်းချပြလိုက်သည်။

ဘကွန်းကူညီရမည့်အလုပ်မှာ ကျစွာတောစပ်မှ ရတနာသိုက်ရှိရာ သိုက်တွင်းပေါင်းကြီးနေရာကို ညအချိန် လမ်းပြခေါ်ဆောင်ပေးရန်နှင့် လူသူလေးပါးအနှောင့်အယှက်မှ ကာကွယ်ပေးရန်ဖြစ်သည်။

အကယ်၍ လက်ခံမည်ဆိုက ယခုတစ်ခါတည်း အဖြေပေး၍ လုပ်ငန်းစတင်၍ ပြင်ဆင်ပြီး မကြာမီ ရက်ပိုင်းအတွင်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပြောပြသည်။

ဘကွန်းက အတန်ကြာသည်ထိ အပြန်ပြန်အလှန်လှန် စဉ်းစားရင်း အင်းမလုပ် အဲမလုပ်ရှိနေခဲ့ရာ ခေါင်းဆောင်အဘိုးအို၏ တပည့်တစ်ယောက်က စိတ်မရှည်ဟန်ဖြင့်...

'ကဲဗျာ... ခင်ဗျားဟာကလဲ စဉ်းစားစရာမလိုတာကို အပိုအလုပ်ရှုပ်ခံ စဉ်းစားနေတာကို၊ တစ်ခါတည်း အဖြူအမည်း သဲကွဲအောင် ပြတ်ပြတ်ပြောစမ်းပါဗျာ'

အဘိုးအိုက ထိုလူအား ဖျတ်ခနဲကြည့်၍ မျက်နှာတင်းတင်းဖြင့်...

'ဟဲ့...လူမိုက် နင်အသာနေစမ်း ဘာတစ်ခွန်းမှ ဆက်မပြောနဲ့ရပ်'

ဟု အမိန့်သံ ခပ်တင်းတင်းဖြင့် ပြောလိုက်ရာ ထိုပုဂ္ဂိုလ် ပျာပျာသည်ခေါင်းပုသွားကာ လေးစားသော အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာဖြင့်…

'ဟုတ်…ဟုတ်ကဲ့ပါအဘ'

ဟု ပြော၍ ခေါင်းငုံ့သွားတော့သည်။ သို့ဖြင့် အဘိုးအိုနှင့် ဘကွန်းတို့ လုပ်ငန်းကိစ္စ အတန်ကြာအပြန်အလှန် ဆွေးနွေးကြပြီးနောက် အပေးအယူ တည့်သွားကြပါသည်။

သို့နှင့် အဘိုးအိုက ဘကွန်းအား စရန်ငွေ(၃၀၀၀ဝိ/)ကို ပေးပြီးနောက် လုပ်ငန်းဆောင်ရွက်မည့် နေ့ရက်အချိန် နာရီများ အတိအကျချိန်းဆို၍ သုံးယောက်စလုံး တောစပ်မှ ပျောက်ကွယ်သွားကြသည်။

ဘကွန်းသိရသည်မှာ ပိတ်ဖြူဝတ် အဘိုးအိုသည် နာမည်ကြီး အထက်လမ်းဂိုဏ်းကြီးတစ်ခုမှ ဂိုဏ်းချုပ်ဆရာကြီးဘိုးတော်ဖျိုင်းဖြစ်၍ ပစ္စည်းဖောင်း လိုက်လံ ရှာဖွေရာတွင် နာမည်ကြီးပုဂ္ဂိုလ်ဟု သိကြရသည်။

ထိုအခါက ရှေးဟောင်းပစ္စည်းများကို ယခုခေတ်ကဲ့သို့ဥပဒေဖြင့် တင်းကျပ်စွာ ထိန်းသိမ်းစောင့်ရှောက်ထားမှု အားနည်းချိန်ဖြစ်၍ တစ်ကြောင်း၊ ပိုင်ရှင်မရှိသော မြေအောက်ပစ္စည်းဖြစ်သည် တစ်ကြောင်း၊ တစ်စုံတစ်ယောက်အား ထိခိုက်နစ်နာမှု မရှိနိုင်ဟု လည်းကောင်း စဉ်းစားမိခဲ့ပြီး အောင်မြင်လျှင် ပွပေါက်တိုးမည် မအောင်မြင်လျှင်လည်း စရန်ငွေ(၃၀၀၀ဝိ/)ဆိုတာ မနည်းပါဟု တွေးရင်း လောဘစိတ်ဖြင့် ဘကွန်းက ဤအလုပ်ကို လွယ်လွယ်နှင့် လက်ခံ လိုက်လျောခဲ့ခြင်းဖြစ်သည်။

တရားဥပဒေနှင့် မကင်းသော အလုပ်ဆိုလျှင် ယခင်ခါးပြမှုနှင့် ထောင်ထဲဝင်ခဲ့ရသည့် အဖြစ်နှင့်ပင် လန့်သွားခဲ့သူဖြစ်သည်။ ဥပဒေနှင့် မကင်း သူတစ်ပါး မျက်ရည်ပေါက်ကြီး ငယ်ကျပြီးမှ ကိုယ်စားရသည့်အလုပ်မှ သံထွေးခဲ မျိုရသကဲ့သို့ ပူလောင်လွန်းလှသည်ကို တစိမ့်စိမ့် တွေး၍ နောင်တကြီးစွာရခဲ့သူ ဖြစ်သည်။

ယခုကိစ္စကား ပိုင်ရှင်မဲ့ပစ္စည်းကို လွတ်လွတ်လပ်လပ် ရှာဖွေခြင်းဖြစ်သည်ဟု ဘကွန်း ယုံကြည်သဖြင့် သူ့ကိုယ်သူ လိပ်ပြာသန့်နေခဲ့တော့သည်။ သက်ရှိထင်ရှား လူသားဥစ္စာ မဟုတ်သော်ငြားလည်း ထိုရတနာပစ္စည်းများကို စွဲ၍ နှစ်ပေါင်းများစွာ စောင့်နေကြသည့် မူလပိုင်ရှင် ပရလောကသားများ ထိုနေရာတွင် ရှိနေကြသည်ကို ထိုအချိန်က ဘကွန်းသိခဲ့ပါလျှင်…

*　*　*

မှတ်မှတ်ရရ တပေါင်းလဆုတ်(၈) ရက်နေ့။

ဘကွန်းတစ်ယောက် အကောင်းသားနေရင်းမှ ရာသက်ပန် ဒုက္ခိတဘဝကို ရောက်ခဲ့ရသောနေ့ဖြစ်သည်။ ယနေ့သည ဘကွန်းတို့အဖွဲ့ လုပ်ငန်းဆောင်ရွက်မည့်နေ့ဖြစ်သည်။

သိုက်စာညွှန်းအရ သွားရောက်ရမည့်နေရာကား ခပေါင်းပင်ညီနောင်ကုန်းကြောမှာ ဖြစ်သည်။ ထိုနေရာကို အရင်တုန်းက ဘကွန်း အကြိမ်ကြိမ်ရောက်ဖူးပြီး ဖြစ်သည်။

ညနေပိုင်း ညီအစ်ကို မသိတသိ အချိန်တွင် ဘိုးတော်ဖျိုင်းအမည်ခံ သိုက်ဆရာကြီးနှင့် အဖွဲ့သားများ မြင်းလှည်းနှစ်စီးဖြင့် ဘကွန်းအိမ်သို့ ရောက်လာကြသည်။ ဘိုးတော်ဖျိုင်းက ဝတ်ဖြူစင်ကြယ်နှင့်ဖြစ်၍ ကျန်အဖွဲ့သားများမှာ သစ်ခေါက်ဆိုးရောင်များ ဝတ်ဆင်ထားသည်။

ဘကွန်းက အိမ်နီးချင်းများကို အထက်ဂိုဏ်းဆရာကြီးနှင့် တပည့်များ ကျစ္စာဘုရားတွင် ဓာတ်ကျသဖြင့် အဓိဋ္ဌာန်ပုတီးစိပ်ဖို့ ရောက်ရှိလာကြခြင်းဖြစ်ကြောင်း သတင်းလွှင့်ထားလိုက်သည်။

ရွာမှ နာရီဝက်ခန့် ခပ်ဖြည်းဖြည်း လမ်းလျှောက်လျှင် ကျစ္စာဘုရားကြီးသို့ ရောက်မည်။ ခဏကြာတွင် လိုက်ပို့ပေးသော မြင်းလှည်းနှစ်စီးရွာထဲမှ ပြန်ထွက်သွားသည်။

ဘကွန်းတို့အဖွဲ့က အမှောင်ရိပ်ခိုကာ ကျစ္စာဘုရားဘက်သို့ ခြေယောင်ပြ ချီတက်ခဲ့ကြသည်။ လမ်းတစ်ဝက်ခန့်အရောက်တွင် ညနေစောင်းက လမ်းဘေး ချုံတောအတွင်း ဝှက်ထားခဲ့သော ပေါက်တူး, တူးရွင်း, ဂေါ်ပြား, ပေါက်ချွန်းနှင့် မြေသယ်ခြင်းတောင်းများကို ထုတ်ယူ၍ ခပေါင်းပင်ညီနောင်ကုန်းကြောဘက်သို့ ဘကွန်း၏ ဖြတ်လမ်းပြမှုဖြင့် ခပ်သုတ်သုတ် သွားရောက်ကြတော့သည်။

ဘိုးတော်ဖျိုင်းတို့အဖွဲ့က ဘကွန်းအား နယ်ခံလည်းဖြစ်၊ တေလည်းကျွမ်း၊ ထောင်ပြန်လူမိုက်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

လည်းဖြစ်၍ လူရှိန်သည်က တစ်ကြောင်း၊ အကြောင်းရှိလာပါက လက်ရုံးရည်အရာ၌ အားကိုးအားထား ပြုလောက်သည်က တစ်ကြောင်းတို့ကြောင့် မရမက စည်းရုံးခဲ့ခြင်းဖြစ်သည်။

ခပေါင်းပင်ညီနောင်သို့ ရောက်လျှင် ခပေါင်းပင်ကြီးများ အနောက်ဘက် ပေနှစ်ဆယ်ခန့်အကွာတွင် အလျား ဆယ်ပေ၊ အနံ ငါးပေခန့် သိုက်တွင်းဟောင်းကြီးကို တွေ့ရတော့သည်။ စည်းဝါးတိုက်ထားသည့်အတိုင်း ဘိုးတော်ဗျိုင်းတို့အဖွဲ့ အမြန် လှုပ်ရှားလိုက်တော့သည်။

ပွဲပြင်ခြင်း၊ တောပိုင်တောင်ပိုင်များအား ကန်တော့ပွဲများပေးခြင်းကို ဘိုးတော်ဗျိုင်းနှင့် လက်ထောက်တစ်ဦးက ဆောင်ရွက်၍ ဆရာပွဲနှင့် သိုက်ပွဲရှေ့တွင် မြေတူးသမားများက ပေါက်တူး၊ တူးရွင်း၊ ခြင်းတောင်း၊ ဂေါ်ပြားနှင့် မြေသယ်ခြင်းတောင်းများကို ပွဲအပ်၍ အထိအခိုက်မရှိအောင် တောထိုင်ကြရသည်။

ဆရာဖြစ်သူက ပရိတ်ချည်ခင်မန်းကြိုးကို သုံးပတ်ပတ်၍ နေရာသတ်မှတ်ပေးပြီးနောက် မြေတူးခြင်း စတင်ခဲ့သည်။

လဆုတ်(၈)ရက်ညက အနောက်သို့ ယိုင်စပြုလျက် ဆလိုက်မီးထိုးပြထားသကဲ့သို့ ခပ်မှုန်မှုန် အလင်းရောင်ဖြင့် သိုက်တွင်းကြီး ပတ်ဝန်းကျင်နှင့် ခပေါင်းပင်ကြီးများ၏ အောက်ပိုင်း လုံးပတ်ကြီးပေါ် ကျရောက်လျက်ရှိသည်။

ဘကွန်း၏ မျက်လုံးများက အမှတ်မထင် ခပေါင်းပင်ကြီးများဆီ ရောက်သွားခဲ့ရာ ရောမ ခပေါင်းပင်ကြီး၏ လုံးပတ်ပေါ်တွင် ကြီးမားသော ကြက်



ခြေခတ်ရာ ဓားထစ်ကြီးသုံးခုကို တွေ့လိုက်ရတော့သည်။

ဘကွန်းက ဘိုးတော်ဗျိုင်းအနားသို့ကပ်၍ တီးတိုးပြောလိုက်သောအခါ ဘိုးတော်ဗျိုင်းက ခပေါင်းပင်ကြီးမှာ တွေ့ရသော ကြက်ခြေခတ်ဓားထစ်ရာကြီးများကို စေ့စေ့ကြည့်၍ အနည်းငယ် တွေဝေသွားပြီးနောက် တခြားအဖွဲ့သားများ မရိပ်မိစေရန်နှင့် စိတ် စနိုးစနောင့်မဖြစ်စေရန် မချိပြုံး ပြုံးလျက် ဘကွန်းဘက်သို့ လှည့်၍...

'ဟာ... ဒါတွေ အစွဲအလမ်း မထားစမ်းပါနဲ့ကွာ၊ အဲဒီ အင်္ဂလိပ်ကောက်သမား ထင်းခွေသမားတွေ သစ်ရိပ်ခိုရင်း မနေနိုင်မထိုင်နိုင် လက်ဆော့ထားတာ ဖြစ်မှာပေါ့'

ဟု ခပ်ပေါ့ပေါ့သဘောဖြင့် ပြန်ပြောရင်း အစီအစဉ်အတိုင်း ဆရာပွဲရှေ့တွင် တင်ပျဉ်ခွေထိုင်၍ ဂါထာမန္တန်များကို စတင် ရွတ်ဖတ်တော့သည်။

ခဏအကြာတွင် အနီးရှိ တပည့်ဖြစ်သူ လက်ထောက်ဆရာအား ဖယောင်းတိုင်၊ အမွှေးတိုင်မီးများ မပြတ်စေရန်နှင့် ဘေးဘီကို သတိထားကြည့်ရန် လမ်းညွှန်ရင်း မူလတွင်းဟောင်း မြေကျင်းချိုင့်ခွက်ပေါ်သို့ သဲမန်း၊ ဆန်မန်းများကို ကြဲပက်ကာ မြေကျင်းတူးခြင်းကို စတင်ခိုင်းလိုက်သည်။

ဓားဘကွန်းက အကြောင်းရှိလျှင် အသုံးပြုရမည့် ပေါက်ဓား လေးချောင်းကို ကုတ်အင်္ကျီအိတ်တွင်း လက်နှိုက်၍ စမ်းကြည့်နေမိသည်။ လက်တွင် ငှက်ကြီးတောင် ဓားရှည်ကို ဓားလွတ်ကိုင်၍ စည်းဝိုင်းအတွင်းရှိ ကျောက်ပြားကြီးပေါ်တွင် ထိုင်နေလိုက်သည်။

သို့ ထိုင်နေရင်းမှာပင် ဘကွန်း၏ မျက်လုံးများက ခပေါင်းပင်ကြီးတွင် မထင်မှတ်ဘဲ တွေ့နေရသည့် ကြက်ခြေခတ် အမှတ်အသားကြီးများကို ကြည့်ရင်း စိတ်ထဲတွင်လည်း မသန့်သလို အန္တရာယ်အငွေ့အသက် တစ်ခုခု ခံစားနေမိသလိုလိုနှင့် လှုပ်ရှားနေတော့သည်။

ဘိုးတော်ဗျိုင်းက ဂါထာမန္တန်များ မန်းမှုတ်၊ တပည့်ဖြစ်သူက အမွှေးတိုင်၊ ဖယောင်းတိုင်မီးများ မငြိမ်းစေရန် ဂရုစိုက် ထွန်းညှိပေးရင်းဖြင့် မြေတွင်းတူးချိန် တစ်နာရီကျော်ညဥ့် (၁၁)နာရီကျော်အချိန်သို့ ရောက်လာခဲ့လေသည်။

ဘကွန်း၏ မျက်လုံးထဲတွင် ကြက်ခြေခတ်ဓားထစ်ရာ လတ်လတ်ဆတ်ဆတ်ကြီးများကိုသာ မြင်ယောင်နေမိတော့သည်။ ငယ်ငယ်တုန်းက ဘုန်းတော်ကြီးကျောင်းတွင် စာမပြန်နိုင်၊ မရေးနိုင်၍ ကျောက်သင်ပုန်းပေါ် ကြက်ခြေခတ်ခံရတိုင်း အရိုက်ခံခဲ့ရသည်များကို သတိရနေမိသည်။

မှားလျှင် ကြက်ခြေခတ်ခံရသည်။ ဒီလူတွေနဲ့ ဝင်ပါမိတာ ငါမှားနေပြီလား။ ဒါဆိုရင် အပြစ်ပေးခံရဦးမှာလား ဟု တွေး၍ ကြက်သီးမွေးညင်းထလာသည်။

တစ်ဖန် စိတ်ကို တင်းလိုက်ပြီးလျှင်...

'အယ်...ကြောက်ရင် လာဘ်ရွှေ ရဲရင်




www.burmeseclassic.com

www.burmeseclassic.com

မင်းဖြစ် ဆိုစကားရှိသားပဲ အောင်မြင်ခဲ့ရင် သူတို့က ငါ့ကို ငွေတစ်သိန်းကြီးများတောင် ပေးမယ်လို့ ကတိပြုထားတာပဲ ဒီငွေလောက် ဆို ငါတစ်သက် မဆင်းရဲနိုင်တော့ဘူး။ သူ တို့ရှာနေတဲ့ ရတနာသိုက် မြန်မြန်ရှာတွေ့ပါ စေ’

ဟု တ,ကာ ကျိတ်၍ ဆုတောင်းနေ မိပြန်သည်။ တောင်တွေးမြောက်တွေး ဖြင့် ကျောက်ဖျာကြီးပေါ်တွင် ထိုင်ရင်း အိပ်ချင်ပြေစေရန် ဆေးပေါ့လိပ် တစ်လိပ်ကို မီးညှိ၍ ဖွာရှိုက်နေတော့သည်။



သူ့ခေါင်းထဲတွင် ရှေးလူကြီးများထံ မှ ကြားဖူးခဲ့သော သုံးပန်လှမင်းသမီး ၏ အလှဂုဏ်၊ ဘာသာ သာသနာ ကိုင်းရှိုင်းပုံ၊ အလှူအတန်းရက်ရောပုံ၊ ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့ ပုံ၊ မနက်,နေ့လယ်,ညနေ ဘယ်အချိန် ကြည့်ကြည့် ကြည့်လိုက်တိုင်း ကျက်သရေရှိ၍ အလှတရားတို့ဖြင့် ပြည့်နေ သည်ဟု ဆိုပါသည်။

သို့သော် ထိုခေတ်က နန်းတွင်းသူ နန်းတွင်းသားများသာမက တွေ့မြင်ရ သည့် ပြည်သူအများက တစ်ညီ တစ်ညွတ်တည်း “သုံးပန်လှဒေဝီ”ဟု အမည်ပေးခဲ့ကြကြောင်း ထွေရာ လေးပါးတို့ကို စဉ်းစားရင်း အတွေးစ ရှည်လျက်ရှိတော့သည်။

လဆုတ်ပက္ခ၏ လမင်းက တဖြည်း ဖြည်းချင်း အနောက်ဘက်ရှိ သစ်ပင် သစ်အုပ်များထဲသို့ ငုပ်လျှိုးကာ မြေ ကျင်းတူးသည့်နေရာတစ်ဝိုက် အလင်း ရောင် အားနည်း၍ မှုန်တိမှုန်မွား အခြေအနေသို့ ရောက်လာခဲ့သည်။

တဖြည်းဖြည်းချင်း နက်လာသော မြေကျင်းကြီးထဲမှ ပေါက်တူး,ပေါက် ပြား, ဂေါ်ပြားသံများအား ပုံမှန် ပေါ် ထွက်လျက်ရှိပြီး ပတ်ဝန်းကျင်က ညဉ့် နက်လာသည်နှင့်အမျှ ငြိမ်သက်လျက် ရှိသည်။

သယ်ထုတ်လိုက်သော မြေသားပုံ က ကြီးလာသလို မြေကျင်းကလည်း လူတစ်ရပ်မြုပ်အထိ နက်ရှိုင်းလာခဲ့ သည်။

‘ဘဆရာ…ဘဆရာ အိုးခြမ်းကွဲတွေ ထွက်လာတယ်၊ ဟောဒီ အရှေ့တောင် ထောင့်မှာ အိုးခြမ်းကွဲတွေ အပြုံလိုက် ထွက်လာတယ်’

ကျင်းတူးသမားတစ်ဦးက မြေသယ် တက်သော လှေကားထစ်ပေါ် ကိုယ် တစ်ပိုင်းပေါ်အောင် တက်လာ၍ အသံ ခပ်အုပ်အုပ်ဖြင့် ဘိုးတော်ဖျိုင်း ကြားရုံ လောက် လှမ်းပြောလိုက်သည်။ ဘိုးတော်ဖျိုင်း ကျင်းနှုတ်ခမ်းအနီး သွား၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့် သည်။

‘အေး…ဟုတ်ပြီ ဆက်တူးကြစမ်း။ ဖန် ပုလင်းကွဲတွေ မှန်ကွဲအစအနတွေ တွေ့ရင် ငါ့ကိုပြော ကဲ…ဆက်တူးကြစမ်း မြန်မြန် လုပ်’

ဟု အမိန့်ပေးကာ ကန်တော့ပွဲရှိရာ ပြန်လာ၍ မူလနေရာတွင် ထိုင်ရင်း အမွှေးနံ့သာရည်တစ်မျိုးဖြင့် ငှက်ပျော ပွဲအား ပက်ဖျန်းကာ ပုတီးစိပ်နေတော့ သည်။

ကျင်းတူးသမား၊ မြေသယ်သူမား များ အားတက်ကာ လှုပ်ရှားမှု မြန်ဆန် သွက်လက်လာတော့သည်။ အချိန် ကား ညဉ့် တစ်ချက်တီးကျော်လာခဲ့ပြီ။

ဘိုးတော်ဖျိုင်းကို အုန်းကပ် စောင့် ရှောက်ပေးနေသော လက်ထောက် ဆရာမှာ တစ်ချက်တစ်ချက် အိပ်ငိုက် ၍နေသည်ကို ဘကွန်းမြင်နေရသည်။ ကြယ်ရောင်များ အားကိုး၍ တူးဖော် နေကြခြင်းဖြစ်သည်။

လရောင်ကို အားပြုမရတော့ပါ။ ငှက်ပျောပွဲရှေ့တွင် ထွန်းညှိထားသော ဆေးဖယောင်းတိုင်ကြီး၏ အလင်း ရောင်သာ အားထားနေကြရတော့ သည်။ အခြေအနေကား ပြောင်းလဲ ထူးခြားခြင်းမရှိသေး။ တွင်းထဲမှ မြေ သားတချို့နှင့် အိုးခြမ်းကွဲများသာ ပေါ်လျက်ရှိသေးသည်။

အနီးအနားနှင့် ခေါင်းပေါ်မှ ဖြတ်၍ ပျံသွားကြသော ညဉ့်ငှက်တို့ အော်မြည် သံ၊ ခပ်ဝေးဝေးဆီမှ ချေ(ဂျီ)ဟောက်သံ သဲ့သဲ့ကြားရသည်က လွဲ၍ တောလုံး ငြိမ်သက်လျက်ရှိသည်။

အမြဲတမ်း အိပ်ရာ စောစောဝင်လေ့ ရှိသော ဘကွန်း အားတင်းထားသည့် ကြားက မျက်ခွံတွေလေး၍ မျက် တောင်များ စင်းလာသည်။

သို့သော် ဘကွန်းက သတိကြီးစွာ ထား၍ အိပ်ငိုက်မသွားရလေအောင် အားတင်းကာ ငှက်ကြီးတောင်ဓားကို မြဲမြံစွာဆုပ်ကိုင်ရင်းကျောက်ပြားပေါ်တွင် ကိုယ်ကို မတ်မတ်ထိုင်နေလိုက်သည်။

* * *

**ရွှေလ ဆက်မတ်ပါရန်**

**အောင်ချစ်ကြည်**
**(ကြို့ပင်ကောက်)**



www.burmeseclassic.com

www.burmeseclassic.com



သိလ
(ရေတံခွန်တောင်)

# စွဲလမ်းခြင်းဟူသည်...

[၁]

အစွဲအလမ်းထားရင် အသည်းကျွမ်းသွားမယ်ဆိုတာက ခေတ်စကားပေါ့လေ။ တကယ်တမ်းကျတော့ အသည်းတင်မကဘူး သံသရာမှာပါ နာသွားတာ အထင်အရှားပါ။ မကြောက်တတ်ရင်သာပါ ခံရချက်က မသက်သာလှပါဘူး။

[၂]

နှစ်ငါးဆယ်ကျော်ဆိုတော့ ကြာတော့ကြာခဲ့ပြီပေါ့။ ကျွန်တော်မှ လူပျိုပေါက်အရွယ် ရှိသေးတာလေ။

ကျွန်တော့်အလုပ်က စကျင်ကျောက်သားနဲ့ ကျောက်စာတိုင်၊ ရုပ်တု၊ မှတ်တိုင်စတာတွေလုပ်တဲ့ လုပ်ငန်းမှာ အလုပ်သမားပေါ့။ အလုပ်ရှင် အဘိုးကြီးက အသက်ငါးဆယ်ကျော်ခြောက်ဆယ်အရွယ် ရှိနေပြီ။

**သူ့မှာပညာကြီးတာက လူ၊ ဆင်၊ ကျား၊ နဂါး ခြင်္သေ့စတဲ့ ရုပ်တုတွေ မျက်လုံးပုံဖော်တဲ့နေရာမှာ ကျွမ်းကျင်တာပဲ။ ပြုံးတဲ့ပုံလား၊ ရယ်တဲ့ပုံလား၊ တည်တဲ့ပုံလား၊ ဒေါသထွက်နေတဲ့ပုံလား၊ အဲဒီ ပြောခဲ့ မှာနဲ့ချင် လာရှေ့တဲ့အခါ စိတ်တိုင်းကျ ပြပေးတယ်။**

တစ်ခုရှိတာက ရုပ်တုတစ်ခုလုံးပြီးပြီ၊ မျက်လုံး ပုံဖော်တော့မယ်ဆိုတဲ့ အခါကျ ၊ သူများ အကြည့်မခံဘူး။ အနားမှာ လူမရှိမှ လုပ်တတ်တယ်။ ပညာဝှက်တယ်ပေါ့လေ။ လိုအပ်ရင် ညတစ်ရေးနိုးတို့ အရုဏ်တက်တို့မှာသာ လုပ်ကိုင်လေ့ရှိတယ်။

[၃]

တစ်နေ့မနက် ကျွန်တော်အလုပ်ဆင်းလာတော့ ဆရာက အင်္ဂလိပ်စာတွေ့ပါတဲ့ **ကျောက်စာတိုင်အဟောင်းတစ်ချပ်ကို ရွှေတချောင်း ချောင်းသေား သွားအစွန်နိုင်းတယ်။** ဒီဟာက မနေ့တစ်နေ့ကမှ ဝယ်ထားလိုက်တဲ့ ကျောက်ချပ်ပြားကြီးလေ။

ခိုင်းတဲ့အတိုင်း စွန့်ပစ်ပြီး ပြန်လာတော့ဆရာနဲ့လုပ်ငန်းတူ လူတစ်ယောက် လက်ဖက်ရည် လာသောက်နေတာ တွေ့ရတယ်။ ကျွန်တော့်ကိုလဲ ဆရာက လက်ဖက်ရည်ခေါ်ပေးတယ်။ ဒါနဲ့ သောက်ရင်း သူတို့အနားမှာထိုင်နေတော့ ဆရာ့အသံ ကြားလိုက်ရတယ်။

'ကျုပ် မနေ့ညက တစ်ရေးနိုးလို့ အလုပ်လုပ်မယ်စိတ်ကူးပြီး အိမ်ထဲကနေ တံခါးဖွင့်ထွက်လိုက်တော့ဗျာ ခံပ်စောက်စောက် အနားတိုတို ဦးထုပ်နက်ဆောင်း လည်ပင်းဖုံပြားစည်းထားပြီး ဝတ်ရုံနက်ဝတ်ထားတဲ့ အင်္ဂလိပ်ကြီးတစ်ယောက် ရပ်နေတာ တွေ့လိုက်ရတယ်ဗျ။

သူက ကျုပ် ထွက်နေ့ကဝယ်ထားတဲ့ ကျောင်



www.burmeseclassic.com

www.burmeseclassic.com

# ညှောင်းကိုက်ဝေဒနာအတွက်

## အသပြာမတုန့်သော ကုသနည်း

'အစ်ကို ခါးနာနေလို့လား၊ အနှိပ်ဖုတွေ တုတ်တွေနဲ့'

'အာဂန္တုနာလေးပါ... ဟိုးအရင်ကတော့ အတော်ဆိုးတယ်။ (၆)လ ကျော်လောက်ခံရသကွ။ ရပ်ရင်, လျှောက်ရင် (၅)မိနစ်တောင် မနေနိုင်ဘူး။ အိပ်နေရတယ်။ အခုဟာက ရာသီဥတုကြောင့် အမှုငုပ်ပြီး မဆိုစလောက်ကလေး''တောင့်''နေတာပါ'

'ကျွန်တော့်ယောက်ဖ မျိုးအောင်ကို သိတယ်မဟုတ်လား... သူလဲ ငွေ အတော် ကုန်သွားတယ်။ နောက်ဆုံး အရိုးအကြောဆရာဝန်ကြီးဆီ သွားပြတော့ ဆေးမထိုး၊ ဆေးမစား ဘာမှ မလုပ်ပေးလိုက်ဘူး။ တစ်နေ့တစ်ခါ ညနေ ရေချိုးခါနီးဆိုရင် ပိုကောင်းသတဲ့။ နဖူးမှာ အုတ်ခဲဆွဲခိုင်းတယ်'


***

အုတ်ခဲတစ်လုံးနိုင်ရင် တစ်လုံး၊ နှစ်လုံး၊ သုံးလုံး ခံနိုင်ရည်ရှိသလောက် ဆွဲပေးရတယ်။ အခု ဒီကောင် ခါးမနာလဲ ပုံမှန် အုတ်ခဲဆွဲတာပါ။ အညောင်းအညာပြေပြီး အကြောလျော့သတဲ့။

ဖြစ်နိုင်ပါတယ်။ **တရုတ်အပ်စိုက်ပညာမှာ နဖူးက အပ်ကွက်တွေနဲ့ ဝမ်းတွင်းအင်္ဂါတွေ ကုသပေးတယ်။** ခန္ဓာကိုယ်တစ်ခုလုံးကိုလဲ ထိရောက်အောင် လှုံ့ဆော်ပေးနိုင်တယ်။

အဲဒီအပ်ကွက် (အကြောဆုံ)တွေကို အပ်စိုက်မှ မဟုတ်ဘူး။ နှိပ်နယ်ပေးတာ၊ အလေးဆွဲတာ၊ ဆေးရွက်မီးရှို့ပြီး အပူပေးတာ၊ ရွှေသွင်းတာ စတဲ့ ကုထုံးတွေနဲ့လဲ ကုသ ပျောက်ကင်းနိုင်ပါတယ်။

အဖိုးနည်းဝန်ပါ အကျိုးထူးများစွာ



ခုတင်ပေါ်မှ စန့်စန့်အိပ်၊ ခေါင်းကို ခုတင်ထိပ်ကပ်ထား။ ခါးပတ်နဲ့ အုတ်ခဲဆွဲပြီး နဖူးချိတ်ထားလိုက်တာပဲ။

(၅)မိနစ်လောက်ကြာရင် ခြေဖျားကအစ တဖျဉ်းဖျဉ်းနဲ့ သိသာတယ်။ ဒူးနာ၊ ခါးနာတာ အကုန်ကောင်းသွားတာပဲ။ တစ်နေ့ကို မိနစ်(၂၀)လောက် လုပ်ပေးတယ်။

ခံစားရနိုင်သဖြင့် ခါးနာ,ဒူးနာ၊ ညောင်းညာ ကိုက်ခဲတတ်သူများအတွက် အာယုဒါယ အလှူအဖြစ် ဖော်ပြလိုက်ပါသည်။

**ခင်ထွန်း**

---

စာမျက်နှာ (၂၃၁)မှ အဆက်

ကျောက်ပြားဟောင်းကြီးကို လက်သို့ထိုးပြနေတယ်ဗျာ။ ကျုပ်လဲ အံ့အားသင့်တာရော လန့်တာရောနဲ့ ချွေးစေးတောင် ပြန်သွားတယ်။ သရဲခြောက်တာမှုသိလား။ သူ့ကျောက်ပြားယူသွားလို့ လိုက်လာတာနေမှာ။

ဒါနဲ့ မနက်လင်းသေး ကျောက်ပြားကို အသေအချာ ထပ်ကြည့်မိတယ်။ ကျောက်ပြားထိပ်မှာ လက်ဝါးကပ်တိုင်ပုံစံ ပါတယ်ဗျာ။ ကေန္တ ခရစ်ယာန်သချိုင်းက ကျောက်စာတိုင်ယူလာပြီး ရောင်းသွားတာနေမှာ။ ကျုပ်လဲ အစက သတိမထားမိလိုက်ဘူး။ ဒါနဲ့ ဒီမနက်ပဲ စွန့်ပစ်ခိုင်းလိုက်ရတယ်ဗျာ။ ယူလာတဲ့နေရာ မသိလို့တော့ ပြန်မထားနိုင်ဘူး။

အိမ်ရှေ့မှာ ကိုယ့်ဘာသာ လက်ဖက်ရည် သောက်နေလိုက်ရင် အကောင်းသား။ အခုတော့ ဆရာစကားကြားပြီး ကျောက်ပြားကြီး ကိုင်မိတော့ ကျွန်တော့်စိတ်ထဲ မသိုးမသန့်ဖြစ်သွားတယ်။ ပြီးတော့လဲ ကြောက်သလိုလို ဘာလိုလိုကြီး။

[၄]

အခု အသက်ကြီးလာတဲ့အချိန်ကျ ဒါကို ပြန်စဉ်းစားမိပြီး **အစွဲအလမ်းဆိုတာကို နားလည်လာရပါတယ်။ ပြီးတော့ ဘဝမှာ အစွဲအလမ်းဆိုတာ နည်းလေ ကောင်းလေလို့ သိလာခဲ့ပါပြီ။**

ဘုရားရှင်လက်ထက်က တိဿရဟန်းကြီး သင်္ကန်းစွဲလမ်းမိလို့ ပျံလွန်ချိန်က ကောင်းရာအကျိုးမပေးခင် ခုနစ်ရက် သန်းဖြစ်ခဲ့ရတာကလဲ သင်ခန်းစာယူစရာ မဟုတ်ပါလား။

**သီလ (ရေဘွန်းတောင်)**



www.burmeseclassic.com

www.burmeseclassic.com

# ယာဉ်မြေ့ဆောင် နှစ်မင်းလေလား

နှစ်မောက် ဂုမ္ဘဏ်



နှစ်မောက်မြို့နယ်၊ သရက်ပင်ရွာ
သို့ရောက်ရှိစဉ်တွင် ယခုဖြစ်ရပ်မှန်၏
ာယက်ရှင်ကိုယ်တိုင် လာရောက်
ှင်းဟာ ပြောပြချက်ကို စာစီပြု ရေးခြယ်
င်ပြုပါသည်။

"ဒီလိုပါ စာရေးဆရာ...ကျုပ်တို့မှာ
ချင်းမောင်နှမ (၇)ဦးရှိပါတယ်။
ုပ်အထက်မှာ အစ်မ သုံးယောက်၊
ုပ်အောက်မှာ နှမ သုံးယောက်၊
ုပ်က ယောက်ျားလေးတစ်ယောက်
ည်း။ အစ်မနဲ့ နှမတွေကြားမှာ
ီးပြင်းခဲ့ရသူပါ။

သားယောက်ျားလေး ကျုပ်တစ်ဦး
ည်း ပါတာဆိုတော့ မိဘနှစ်ပါးနဲ့
မ၊နှမများက ကျုပ်ကို စားစရာလဲ
ွှေး ဝတ်စရာလဲ ပိုဝတ် အလုပ်က
သက်သက်သာသာ လုပ်စေကြပါ
တယ်။

ကျုပ်ကို အလိုလိုက်အကြိုက်ဆောင်
ခဲ့ကြတာပေါ့ဗျာ။ ဘာမဆို ကျုပ်ဖြစ်ချင်
တာ ဖြစ်ခဲ့စေတယ်။

ကျုပ်တို့ မိဘနှစ်ပါးဟာ ဘိုးစဉ်
ဘောင်ဆက် တောင်သူမျိုးရိုးဖြစ်ပြီး
လယ်ယာမြေက လေးဆယ်ကျော်၊
နိုင်းနွားကြီးသုံးရှဉ်းနဲ့ တကယ့် ရောမ
တောင်သူကြီးတွေပေါ့ဗျာ။

ရိုးရိုးသားသား ကြိုးကြိုးစားစား
ဓားမဦးချ ဒီလယ်ယာမြေတွေပေါ်မှာပဲ
ရာသီအလိုက် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊
လူး၊ စပါးဆိုသလို စိုက်ပျိုးထွန်ယက်
လုပ်ကိုင်ခဲ့တာ ကြီးပွားတိုးတက်ပါ
တယ်။

ဝတ်ချင်ရာ၊ စားချင်ရာ ဝတ်နိုင်စား
နိုင်ခဲ့သလို လှူချင်တာလဲ လှူနိုင်ခဲ့ပါ
တယ်။ ဘုရား၊ ကျောင်း၊ တန်ဆောင်း၊
ဇရပ်၊ ရေတွင်း၊ ရေကန်တွေ လက်ညှိုး
ထိုးမလွဲအောင် လှူနိုင်ခဲ့ပါတယ်။

ကျုပ်တို့ရဲ့ဖခင်ကြီးဟာ အသက်
ရှစ်ဆယ်ကျော်မှာ လူကြီးရောဂါနဲ့ ဆုံး
ပါးသွားတော့ မိခင်ကြီးတစ်ယောက်ပဲ
ကျန်ခဲ့ပါတယ်။

မိခင်ကြီးနဲ့အတူ အငယ်ဆုံး နှမ
မထွေးနဲ့ သူ့အိမ်သား၊ သားသမီး
မိသားစုက အတူနေ လုပ်ကိုင်ကျွေးမွေး
ပါတယ်။

ကျန်တဲ့ သားသမီးတွေက နေ့စဉ်
တတ်နိုင်သလို ဟင်းပို့၊ ဘာပို့ညာပို့
ပို့ပေးကြတာပေါ့ဗျာ။

ဖခင်ကြီးဆုံးပြီး နောက် တစ်နှစ်မှာပဲ
မိခင်ကြီးက သားသမီးခုနစ်ဦးလုံးကို
သူ့အိမ်ခေါ်လို့ မျက်နှာချင်းဆုံ တိုင်ပင်

www.burmeseclassic.com

ခွေးခြေးစီစဉ်ပါတယ်။

ဖခင်ကြီးမရှိတော့ပြီမို့ လယ်ယာမြေတွေကို မိခင်အပါအဝင် သားသမီးခုနစ်ဦး စုစုပေါင်း(၈)ပုံ ပုံပါတယ်။ ကေလေးဆယ်ကို ရှစ်ပုံ,ပုံတော့ တစ်ပုံကို ငါးကေစီရပါတယ်။

ပိုနေတဲ့ မြေကေ သုံးကေကျော်အတွက် ဘိုးဘွားစဉ်ဆက် ထားခဲ့တဲ့ စည်းကမ်းနည်းလမ်းအတိုင်း **ဘုရား။ ကျောင်း။ တန်ဆောင်း။ ဇရပ်၊ ရေတွင်း။ ရေကန်တွေ လိုအပ်သလို ပြုပြင် လှူဒါန်းဖို့ ချန်ပါတယ်။**

ဒီမြေကေ သုံးကေကျော်ကို မွေးချင်းမောင်နှမ ခုနစ်ဦး တစ်နှစ်တစ်ယောက်အလှည့်ကျထွန်ယက်စိုက်ပျိုးပြီး ထွက်သမျှ သီးနှံများရဲ့ သုံးပုံနှစ်ပုံကို လှူဒါန်းရမယ်။

ကျန်တစ်ပုံကို လုပ်ကိုင်သူက လုပ်အားခ ပင်ပန်းခအနေနဲ့ ခံစားစေဆိုပြီး သဘောတူခဲ့ကြပါတယ်။

အဲဒီလို သဘောတူပြီး ဘုရားမြေ၊ ကျောင်းမြေအဖြစ် ရည်စူးဆုံးဖြတ်သတ်မှတ်သဘောတူခဲ့တဲ့ ယာမြေ သုံးကေကျော် မြေကွက်ကို အစ်မအကြီးဆုံးနဲ့ ဒုတိယအစ်မ၊ တတိယအစ်မတို့ တစ်နှစ်စီလုပ် လှူဒါန်းခဲ့ပြီး စတုတ္ထနှစ်မှာ ကျုပ်လုပ်ကိုင်ရမယ့်အလှည့် ရောက်လာတယ်ဗျ။

ထွန်ယက် စိုက်ပျိုးစဉ်ကတည်းက နှမ်းပင်တွေ ဖြစ်ထွန်းအောင်မြင်လိုက်တာ ရိတ်သိမ်းပြီးချိန်မှာ နှမ်းတွေ တင်းသုံးဆယ်ကျော်၊ လေးဆယ်နီးပါး ထွက်တော့ ကျုပ် လောဘတက်ခဲ့မှားခဲ့တယ်ဗျာ။

**နှမ်းတင်းသုံးဆယ်ကျော်ကိုကျွန်တစ်ပုံပဲ ခံစားရပြီး နှစ်ပုံကို လှူရမှာ နမြော တွန့်တိုနေခဲ့တယ်ဗျ။**

မတော်လောဘပေါ့ဗျာ။ လောဘအမိုက်မှောင် ကိလေသာဟာ ကျုပ်



ဘဝကို အမှောင်ကျခဲ့စေတာ အမှန်ပါပဲဗျာ။ အဖြစ်က...

အဖြစ်က ဒီလိုဗျ။

အဲဒီနှစ်က ဘုရားမြေ၊ ကျောင်းမြေကွက်ဟာ နှမ်းတင်း သုံးဆယ်ကျော်ထွက်ပါလျက်နဲ့ ကျုပ်က ခြောက်တင်းပဲ ထွက်တယ်ဆိုပြီး နှမ်းလေးတင်းကို မိခင်ကြီးအိမ်သွားပို့ပြီး ဘုရားကျောင်းအတွက် လှူဒါန်းစေခဲ့ပါတယ်။

နှမ်းတင်း နှစ်ဆယ်ကျော်ကို ကျုပ်ကိုယ်ကျိုးအတွက် ယူထားလိုက်တာပေါ့ဗျာ။ အဲဒီ နှမ်းတင်းနှစ်ဆယ်ကျော်ကို ရောင်းလိုက်တာ ငွေလေးသိန်းကျော်ရတယ်လေဗျာ။

မီးစက် လက်ဆွဲတစ်လုံး၊ ဆိုင်ကယ်တစ်စီး၊ နွားမကြီးတစ်ကောင် ဝယ်နိုင်ခဲ့ရတယ်ဗျာ။ ငွေကြေး မဖောင်းပွသေးဘူးလေဗျာ။

ညနေ မှောင်ရီသမ်းလာရင် မီးစက်နှိုး။ လျှပ်စစ်မီးချောင်း တထိန်ထိန်နဲ့ပေါ့။ မြို့ကို သွားစရာရှိရင်၊ ရွာနီးချုပ်စပ် သာရေးပွဲ နာရေးပွဲ သွားစရာရှိရင် ဆိုင်ကယ်တဝီဝီနဲ့ပေါ့ဗျာ။ လောကကြီး သာယာပြည့်စုံနေတာပဲ။

နောက်တစ်နှစ်မှာ နွားမကြီးကလဲ လှပေ့,ဝပေ့ဆိုတဲ့ နွားပိုက်ကလေး မွေးတော့ ဟား... ဘာပြောကောင်းမလဲ လောကကြီးမှာ ကျုပ်လောက် သာယာပြည့်စုံသူ မရှိဘူး ထင်မိခဲ့ရတာ အမှန်ပါပဲဗျာ။ ဒါပေမယ့်...

ဒါပေမယ့် မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ၊ သင်ပြုသော အကုသိုလ်ကံသည် နွားခြေရာနောက်က လိုက်သော လှည်းဘီးလိုပဲ ထပ်ကြပ်မကွာ အရိပ်မည်းက လိုက်လာတော့တာပါပဲဗျာ။

နောက်သုံးနှစ်လောက် ဘုရားမြေ၊ ကျောင်းမြေကွက်ကို နှမအငယ်ဆုံး မထွေးလုပ်တဲ့နှစ်မှာပဲ ကျုပ်ဘဝ ကံဆိုးမိုးမှောင် စပြီး ကျတော့တာပါပဲ။

မိုးလယ်ခါမှာပေါ့ဗျာ... ညပိုင်း မီးစက်နှိုးထားချိန်မှာ ကျုပ်ရဲ့ ဆယ်နှစ်အရွယ် တစ်ဦးတည်းသော သားလေးဟာ မိုးရေအစိုကြီးနဲ့ လျှပ်စစ်ဓာတ်ကြိုးကို နင်းမိပြီး ဓာတ်လိုက်လို့ ဆေးရုံတင်ခဲ့ရတယ်။ ဆေးရုံတင်ပြီး နောက်နေ့မှာပဲ ဆုံးပါးသွားခဲ့ရပါတယ်ဗျ။

တစ်ဦးတည်းသော သားလေးမို့ ကျုပ်မျက်ရည်ရွှဲအောင် ပူဆွေးဝမ်းနည်းငိုကြွေးခဲ့ရပါတယ်။ ကျုပ် ဇနီးဆိုရင် အပူလုံးဆို့ ယူကျုံးမရဖြစ်ပြီး သည်းခြေမငြိမ်ဘဲ ရူးမတတ် ဖြစ်ခဲ့ရပါတယ်။

ရွာထဲက ဆရာဦးပိုကြီးရဲ့ ဆေးစား။ ဆီးယိုတွေ ကျိုကျွေး။ တစ်လကျော်လောက် ဆေးကုခဲ့ရပါတယ်။

သားလေးဆုံးပါးပြီး နှစ်လ,သုံးလလောက်မှာပဲ ကျုပ်တို့ အချစ်တော်နွားမကြီးဟာ စားကျက်မှာ မြက်စားရင် နေဝင်မိုးချုပ်မှာ. ပိုးထိ မြွေကိုက်လို့ ပျက်စီး ဆုံးရှုံးခဲ့ရပြန်ပါတယ်ဗျာ။

ကျုပ် ဒီအခါမှာ စဉ်းစားဆင်ခြင်မိလာပါတယ်။

"အင်း... ဒီမီးစက်နဲ့ ဒီနွားမကြီးဟာ ဘုရားမြေ ကျောင်းမြေအဖြစ် ရည်စူးထားတဲ့မြေကွက်ကရတဲ့ နှမ်းတွေကို မလှူဘဲရောင်းပြီး ဝယ်ထားတဲ့ မစင်ကြယ်သော လောဘနဲ့





www.burmeseclassic.com

www.burmeseclassic.com

ရယူထားတဲ့ပစ္စည်းတွေ ဖြစ်လို့ ပုံမှာ ဒီလို အကွက်လုက္ခ တွေ့ရတာများလား”

ဆိုတာကိုပေါ့ဗျာ။ အဲလိုတွေးမိပြီး ထင်ရှားတဲ့ သိသာမြင်သာ အချက်တတော့...

သားခုံ၊ နွားမကြီး ပျက်စီးပြီး တစ်နှစ်လောက်ရှိတော့ ကျုပ်နဲ့ဇနီးလဲ သွားအေး ဖြေသာသွားတဲ့ချိန် တစ်နေ့မှာ ရွာနီးချုပ်စပ်က အလှူပွဲတစ်ခုကို ကျုပ် ဆိုင်ကယ်မောင်းသွားခဲ့တယ်။

အလှူကအပြန် ညဖနေစောင်းမှာတော့ လမ်းအကွေ့တစ်ခုမှာ မမျှော်လင့်ဘဲ လူတစ်ယောက်ကို ကျုပ် ဆိုင်ကယ်နဲ့ တိုက်မိပြီး တိမ်းမှောက်ခဲ့ရတယ်။

ကျုပ်ရဲ့ ဘယ်ဘက်လက် သွင်သွင်ကျိုးခဲ့တယ်။ ကျုပ် မေ့နေရာက သတိရတော့ ကျုပ်ဆိုင်ကယ်နဲ့ တိုက်မိတဲ့လူကို အနားမှာ မတွေ့ရတော့ဘူး။ ကျုပ် လက်ကျိုးသွားလို့၊ ဆိုင်ကယ် မမောင်းနိုင်တော့လို့ နာနာကျင်ကျင်နဲ့ ဆိုင်ကယ်နားမှာထိုင်ရင်း အကူအညီ ခရီးသွားခရီးလာကို စောင့်မျှော်နေမိတာ တဖြည်းဖြည်း မှောင်ရီသမ်းလာပါတယ်။

အဲဒီအချိန်မှာပဲ ဘွားခနဲ လူတစ်ယောက် ခမောက်ဝိုင်းအပြားကြီးကို ဆောင်းလို့ ကျုပ်ဆီ တည့်တည့် လှမ်းလာတာ တွေ့လိုက်ရတယ်ဗျ။ ကျုပ် ဘာမှ မပြောရခင်မှာဘဲ အဲဒီလူက စပြောတယ်။

“မိတ်ဆွေ... ဆိုင်ကယ်မှောက် လက်ကျိုးပြီး အကူအညီမျှော်နေတာ ထင်တယ်။ ကျုပ်နဲ့ ပဋ္ဌာန်းဆက်ရှိလို့ လာကူညီရတာပေါ့။ ကဲ...နောက်ကတက်၊ ကျုပ်မောင်းပို့မယ်။ ခင်ဗျားလက်ပေး”

ဆိုပြီး ကျုပ်ရဲ့ ကျိုးတဲ့လက်ကို ဆတ်ခနဲ ဆွဲဆန့်လိုက်တာ ကျုပ်



လက်က နာကျင်တာ ပျောက်သွားသလို အကောင်းပကတိကို ထိနိုင် ကိုင်နိုင်သွားတယ်ဗျ။

အဲဒီ ခမောက်ဝိုင်းအပြားကြီး ဆောင်းထားတဲ့လူ နောက်က စီးနေရင်း ကျုပ်အတွေးတွေ စေးမျှင်နေရတယ်။

“အင်း... ဒီဆိုင်ကယ်ဟာလဲ ဘုရားမြေ၊ ကျောင်းမြေကွက်အဖြစ် ရှယ်ရူးလှူဒါန်းမယ့် ယာမြေကွက်ပေါ်ကရတဲ့ နှမ်းတွေ ရောင်းရတဲ့ငွေနဲ့ ဝယ်ထားတဲ့ မစင်ကြယ်တဲ့ ပစ္စည်းပဲလား။

အို... မဖြစ် မဖြစ်ပါဘူး။ အိမ်က မီးစက်နဲ့ ဒီဆိုင်ကယ်ကို ဆရာတော့် ရွာဦးကျောင်းကိုပဲ လှူပစ်မှ ဖြစ်မယ်။ လှူမယ်...လှူမယ်... လှူမယ်”

လို့ ကျုပ်စိတ်ထဲ ဆုံးဖြတ်လိုက်မိတယ်ဆိုရင်ပဲ ရှေ့က ဆိုင်ကယ်မောင်းနေတဲ့လူဆီက စကားသံထွက်လာတယ်ဗျ။

“သိပ်မှန်တာပေါ့ဗျာ။ ခင်ဗျား အစောပိုင်းကာလကတည်းကသာ အခုလို အတွေးမှန် အမြင်မှန် ကြည်လင်တဲ့ သဒ္ဓါစိတ်ဝင်ခဲ့မယ်ဆိုရင် အခုလို ပျက်စီးစရာတွေ ဖြစ်လာမှာမဟုတ်ဘူးပေါ့ဗျာ။

အမြန်လှူလိုက်ပါ။ လှူရင် ရလာမှာပါဗျာ။ လှူလို့ ရ ရလို့ လှူ ဖြစ်လာမှာပေါ့။ ကဲ... ခင်ဗျားဘာသာ မောင်းသွားတော့”

ဆိုပြီး ဆိုင်ကယ်ကို ရပ်လိုက်တယ်ဗျ။

ရွာဘက်ကြည့်လိုက်တော့ ရွာအရှေ့တံခါးနား ရောက်နေပြီ။ ကျုပ်ပြန်လှည့်ကြည့်လိုက်တော့ ဆိုင်ကယ်မောင်းပို့တဲ့လူ မတွေ့တော့ဘူး။ ကျုပ်ကြက်သီးတစ်ချက် ထသွားတယ်။

နောက်တစ်ပတ်လောက်မှာ ကျုပ်ဟာ မီးစက်နဲ့ ဆိုင်ကယ်ကို ရွာဦးကျောင်းဆရာတော် ဦးကုသလထံ ရေစက်ချလှူပြီး အမှုအတန်း ပေးဝေခဲ့ပါတယ်။ အဲဒီညမှာပဲ ကျုပ်ကို အိပ်မက်လာပေးတယ်ဗျ။

“မိတ်ဆွေ...ခင်ဗျားရဲ့အလှူက အမျှပေးဝေလို့ ကျုပ်လဲ ကုသိုလ်ရ သာဓုခေါ်နိုင်လို့ ကိုယ်ရောင်ကိုယ်ဖါ ပိုမိုတောက်ပခဲ့ပါပြီ။ ကျေးဇူးတင်ပါတယ်။ ခမောက်ဝိုင်း အပြားကြီးဆောင်းပြီး ခင်ဗျားကို ကူညီစောင့်မခဲ့သူပါဗျာ”

ဆိုပြီး ပျောက်သွားပါတယ်။ မနက်လင်း ဆရာတော်ကို ဖြစ်ကြောင်းကုန်စင် သွားလျှောက်တော့ အဲဒီ ဘုရားကျောင်း တန်ဆောင်းများအတွက် ရှယ်ရူးထားတဲ့ ယာမြေကို စောင့်ရှောက်နေတဲ့ **ယာမြေစောင့် နတ်မင်းဖြစ်နိုင်တယ်လို့** မိန့်တော်မူပါတယ်ဗျာ။

ဘာပဲဖြစ်စေ ရှယ်ရူးရည်စူးထားတဲ့ အလှူဒါနအတွက် မတော်လောဘကိလေသာအမှောင် မလွှမ်းကြပါနဲ့၊ လိုချင်ရမ္မက် လောဘမကြီးကြပါနဲ့ ဆိုတာပါပဲဗျ’

သရက်ပင်ရွာမှ ဦး...၏ ပြောပြချက်ကို မသင့်သည်များ ချန်လှပ်၍ ဖတ်ရှုအံ့ဆင်ပြေအောင် ရေးခြယ် တင်ပြအပ်ပါသည်။

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းဆက်နှင့် နှင်း

ဝသန်သက်လွင်

တွေ့ပုံဆန်းကြယ် (၂)

ယခင်လမှ အဆက်



ဆရာအောင်ကျော် ကြိမ်းဝါးပြောဆိုပြီး သူတို့ကို ပြန်နှင်းလိုက်ပါသည်။

မိုးနိုင်နှင့် ထွန်းကြိုင်တို့ ပြန်သွားကြလျှင် တံခါးကို သေချာစွာ ပြန်ပိတ်ပြီး အိပ်ရာထဲဝင်ခဲ့သည်။

ဖြစ်ပြီးခဲ့သမျှ ဘာမျှ မတွေးတော့ဘဲ ဘုရားဂုဏ်တော်များ ပွားလျက် အိပ်ပစ်လိုက်သည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် ဆရာအောင်ကျော်၏ ညာဘက် စာအုပ်စင်မှ ကြွက်တိုးသံကြား၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရာ ဆံပင်ဖားလျားချပြီး ကျောခိုင်းရပ်နေသော မိန်းမတစ်ဦးကို တွေ့ရပြန်သည်။

မီးရောင်ဖြင့် အထက်အောက် အနီရောင်ဝမ်းဆက် ဝတ်ထားသူကို...

'ဟေ့...လာပြန်ပြီလား ကဲဟာ'

ဆရာအောင်ကျော် အော်ငေါက်ပြီး အနားတွင် အသင့်ဆောင်ထားသော တုတ်ပိုင်းဖြင့် လှမ်းပစ်လိုက်သည်။

'ခလွမ်'

'ချွမ်း'

ပြတင်းပေါက်မှန်ကို ထိသွားသည်။ မှန်စများ ကွဲ၍ ကြမ်းပြင်ပေါ်သို့ ကျလာသည်။ အနီရောင်ဝတ်ထားသော မကောင်းဆိုးဝါးမလည်း ပျောက်သွားသည်။

'တောက်... တွေ့ကြသေးတာပေါ့'

ဆရာအောင်ကျော် တောက်ခေါက်ပြီး ပြန်အိပ်လိုက်သည်။ နောက်ထပ် မည်သည့် အနှောင့်အယှက်မျှ မတွေ့ရတော့ပေ။

သို့သော် မနက်မိုးလင်းသောအခါ စာအုပ်စင်ပေါ်မှ ဆရာအောင်ကျော်၏ ကိုယ်ပိုင်စာအုပ်(၁၀)အုပ်ခန့်မှာ ကြမ်းပြင်ပေါ်၌ တစ်အုပ်ချင်း ဆွဲထုတ် ဖျက်ဆီးခြင်းကို ခံလိုက်ရသည်။

ကြွက်မနိုင် ကျီမီးနှင့်ရှို့သော ကြားဖူးသည်။ ယခုတော့ ဆရာအောင်ကျော်ကို မကျေနပ်သော ပရလောကသူသည် စာအုပ်များကို ဖျက်ဆီးခဲ့လေသည်။

'လုပ်ထားပေါ့ ဝမ်းဆက်နှိမ်ရယ်'

www.burmeseclassic.com

တုသာ ကြုံးဝါးနိုင်ရှာသည်။

ပသို့ဆိုစေ။ ဆရာအောင်ကျော် တစ်ယောက် ပခုက္ကူရှိ ဤအိမ်ကြီးပေါ် ရောက်မှ ပုတီးကိုင်တတ်လာသည်။ ဘုရားရှိခိုးတတ်လာခဲ့သည်။ ဝမ်းဆက်နီနီ မိန်းမကြမ်းကို ကြောက်၍လားမသိ။

ပရိတ်ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်၍ အမျှပေးဝေမှုကြောင့် ယခင်ကလို အထိတ်တလန့် မရှိတော့။ အခြောက်အလှန့်ကင်းကာ ရုံးအိမ်တွင်းအိမ်ပြင် သန့်ရှင်းသာယာမှုနှင့်အတူ စိတ်ချမ်းသာ ဖြစ်ခဲ့ရသည်။

မိုးနိုင်တို့ စစ်သားလောင်းတစ်အုပ်စုကိုလည်း မန္တလေးသို့ ပို့လိုက်သောအခါ ခေတ္တခဏ ရက်မိုင်းမျှ ပခုက္ကူ တပ်ဖွဲ့၌ လူလျော့သွားသည်။

ဤသို့ဖြင့် ဆရာအောင်ကျော် ပခုက္ကူသို့ ရောက်ခဲ့သည်မှာ သုံးလကျော်ကြာမြင့်ခဲ့ပြီ။ ဝမ်းဆက်နီနီ မိန်းမကြမ်း၏ နှောင့်ယှက်ခြင်းမှ ကင်းဝေးခဲ့သည့်အတွက် စိတ်အေးချမ်းသာဖြစ်နေချိန် ၌ ထိုမိန်းမ၏ တစ်ကျော့ပြန်နှောင့် ယှက်ခြင်းကို ခံရပြန်သည်။

သူ့ကိုတော့ မဟုတ်ပါ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ချောက်မြို့နှင့် ပခုက္ကူတွဲဖက် တာဝန်ယူထားသော စစ်သားစုဆောင်းရေး တပ်ဖွဲ့မှူး ဗိုလ်ကြီးမြင့်သန်း ပခုက္ကူသို့ လာရောက်သော ညဉ့် ဖြစ်သည်။

ဗိုလ်ကြီးမြင့်သန်းမှာ ယခင်က ဒုအရာခံဗိုလ်ဖြစ်ပြီး ဦးသံချောင်းဟု အမည်တွင်သော ဆရာကြီးသံချောင်း ဖြစ်သည်။

ဆရာအောင်ကျော် မင်္ဂလာဒုံဌာနချုပ်တွင်နေစဉ်က သိကျွမ်းရသော စစ်သားဟောင်းကြီးတစ်ဦး ဖြစ်သည်။ ချောက်မြို့မှ ပခုက္ကူတပ်ဖွဲ့သို့ အနေရှိုးသည်။ သားသမီးတစ်မြုတစ်မဖြင့် ရှိသည့်လစာနှင့် မလောက်င။

ဆရာကြီးက ကွမ်းအံမြဲ ငုံထားတတ်၏။ အရက်လည်း သောက်တတ်၏။

ညနေရုံးဆင်းလျှင် အုပ်စုလိုက် အရက်သောက်သည့်ဝိုင်းကို ဖြစ်စေ၊ အရက်ရောင်းဆိုင်သို့ဖြစ်စေ ဒကာရှာပုံတော်ဖွင့်ကာ ကတ်တီးမူးလဲ လုပ်တတ်သည်။

စစ်သည်အားလုံးက "အဘ"ဟု ခေါ်၍ ချစ်ခင်ကြသည်။ ဆရာကြီးကို တွေ့လျှင် ဟိုကတစ်ခွက် သည်က တစ်ခွက်နှင့် ရေချိန် မှန်တတ်မြဲ။

ရေချိန်ကိုက်လျှင် ကွမ်းတမြုံ့မြုံ့နှင့် မျက်စိလေးမှေးကာ ဘယ်သူတွေ ဘာပြောပြော ပြုံးရယ်နေတတ်ပုံကြောင့် ဆရာအောင်ကျော်နှင့် ပိုပြီး ခင်မင်သည်။ ဆွေမျိုးသားချင်း သားအဖနှယ် သံယောဇဉ်တွယ်မိကြသည်။

နှောင်တွင် တိုင်းပြည်နှင့် လူမျိုးအတွက် သက်စွန့်ကြိုးပမ်းခဲ့ကြသည့် စစ်သက်ရင့် ဆရာကြီးများကို ပြန်တမ်းဝင်အရာရှိများ အဆင့်ရာထူး တိုးမြှင့်ဂုဏ်ပြုခဲ့ရာတွင် ဆရာကြီးသံချောင်းလည်း ဆွမ်းကြီးလောင်းထဲ ပါသွားသဖြင့် "ဗိုလ်ကြီးမြင့်သန်း"ဟူသော ရာထူးအဆင့်နှင့် အမည်ပါ ပြောင်းခဲ့သည်။

ဆရာကြီးအဆင့်မှ ဗိုလ်ကြီးဖြစ်ခဲ့သော်လည်း စိတ်ထားပြောင်းလဲခြင်း မရှိ။ ဘဝင်မမြင့်။ ဗိုလ်ကြီးဟု ခေါ်သည်ကို မကြိုက်။ "အဘ"ခေါ်မှ နှစ်သက်၍ အားလုံး၏ လေးစားခင်မင်ခြင်းကို ခံရသည်။ ဘာမှမပြောင်းလဲသလို အရက်သောက်မြဲဖြစ်သည်။

ချောက်မြို့မှ ပခုက္ကူတပ်ဖွဲ့သို့ တာဝန်ဖြင့် ခေတ္တလာရောက်မည့် ဗိုလ်ကြီးမြင့်သန်းအတွက် ညနေစာကို ဖွယ်ဖွယ်ရာရာဖြင့် စားသောက်စေလိုသောစေတနာဖြင့် ချက်ပြုတ်သည့် အိုးသူကြီးမခင်နွဲ့ကို စီမံခိုင်းပြီး ပခုက္ကူသဘော်ဆိပ်သို့ ဆရာအောင်ကျော် ကိုယ်တိုင်သွားကြိုသည်။

လမ်းကြုံသဖြင့် အဘ ကြိုက်တတ်သည့် ယမကာလည်း ပါရအောင် စားဖျော်ဆိုင်သို့ဝင်ပြီး အိုးဘရမ်ဒီ ပုလင်းပြား သုံးလုံးဝယ်ကာ လွယ်အိတ်ထဲသို့ ထည့်ထားသည်။

သဘော်ဆိပ်တွင် အဘကိုကြိုပြီး မြင်းလှည်းဖြင့် ရုံးသို့ ရောက်သောအခါ ဆရာအောင်ကျော်တို့ ရုံးအိမ်အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

ဆရာအောင်ကျော်သည် သူအိပ်နေသော မြစ်ဘက်ခြမ်းမှ ခုတင်တွင် အဘအတွက် နေရာပြင်ရန်ပြုစဉ်...

'ဆရာကျော်... ကျုပ်က ဒီမှာ သုံးရက်လောက်ပဲနေမှာ။ ကိုယ့်နေရာ ကိုယ်အိပ် ဟိုဘက်ခုတင်လွတ်မှာ ကျုပ် အိပ်မယ်'

အဘခွင့်ပြုသဖြင့် ယခင် မိုးနိုင်အိပ်ခဲ့သည့် ခုတင်လွတ်တွင် အဘ အတွက် အိပ်ရာပြင်ပြီး ခေတ္တနားကြ သည်။

ပခုက္ကူသို့ အဘလည်း ယခုမှ ရောက်ဖူးသဖြင့် ရေချိုးအဝတ်အစားလဲကာ "ရွှေကူကြီး"ဘုရားဖူးရန် ဆရာတပည့်နှစ်ယောက် ထွက်ခဲ့ကြသည်။

ဘုရားဖူးပြီး မြို့တွင်း လည်ပတ်ကာ လမ်းလျှောက်ပြန်လာစဉ် ညနေစောင်းနေပြီး အအေးဓာတ်လည်း ဝင်လာသည်။ လမ်းဘေးယမကာရောင်းသော ဆိုင်ရှေ့ရောက်လျှင် အဘပြုံးဖြဲဖြဲနှင့် ဆိုင်ထဲဝင်ရန် ခြေဦးလှည့်သဖြင့်...



www.burmeseclassic.com

www.burmeseclassic.com

'အဘရယ် ဆိုင်ထဲ မထိုင်စမ်းပါနဲ့၊ ဗိုလ်ကြီးရာထူးရတဲ့ အထိမ်းအမှတ် အနေနဲ့ ကျွန်တော် ဂုဏ်ပြုချင်လို့ အားလုံး စီစဉ်ထားပါတယ်။ လာပါ ပြန်ကြရအောင်'

ဆရာအောင်ကျော်တား၍ ခေါ်လာခဲ့ရသည်။ ဒါတောင်မှ "ဟိုဟာကော ပါရဲ့လား" ဟု မေးသဖြင့် ခေါင်းညိတ်ပြရသည်။



ရုံးရောက်သောအခါ အိမ်ထောင်သည် စစ်သည်များနှင့် ရဲဘော်လောင်းများ ထမင်းစားပြီးနေကြပြီ၊ မှောင်စပျိုး (၆)နာရီထိုးပြီဖြစ်၍ ရုံးဝင်းတံခါးပိတ်ကာ ကင်းတာဝန် ချထားလိုက်သည်။

ဗိုလ်ကြီးမြင့်သန်းနှင့် ဆရာအောင်ကျော် စားသောက်ရန် ထမင်းပွဲနှင့်အတူ ဖန်ခွက် ခွက်ဘူးမှအစ အစုံအလင် ဆရာအောင်ကျော်အခန်းတွင် ပြင်ဆင်ထားသည်။

ဆရာအောင်ကျော် . ဗိုလ်ကြီးမြင့်သန်းကို ထိုင်စေပြီး အိုးဘရန်ဒီကို ဖန်ခွက်ထဲ ထည့်ပေးလိုက်သည်။ ဆိတ်သားခြောက်နှင့် အမဲကြော်ပန်းကန်ကို ရှေ့တိုးပေးလိုက်ရာ ဗိုလ်ကြီးသည် ဘရန်ဒီ နှစ်ပတ်ခန့်ကို သောက်ပြီး ဆိတ်သားခြောက်ဝါးကာ...

'တယ်တော်တဲ့ ဆရာကျော်ပဲ။ ဒါတောင် မိန်းမ မရသေးဘူး'

'မင်းရော သောက်ကွာ'

ဟု အဖော်ဆွယ်နေသည်။

'ကျွန်တော် ဒီရောက်ကတည်းက အရက် လုံးဝမသောက်တော့ဘူး၊ အဘရေ၊ မိန်းမယူဖို့ ငွေစုနေတာ၊ ဟဲ... ဟဲ...ဟဲ အဘပဲ စိတ်ကြိုက်သောက်ပါဗျာ'

ရယ်မောပြောလိုက်ရာ တဟားဟားရယ်လျက် အမြည်းစားလိုက်၊ အရက်သောက်လိုက်နှင့် ပုလင်းပြားတစ်ပုလင်းအပြင် နောက်တစ်ပိုင်းကုန်သောအခါ အဘ ရေချိုးလွှန်နေပြီ၊ အတင်း ထမင်းစားစေပြီး ခုတင်ပေါ်သို့ တွဲပြီး ပို့ရသည်။

ဘာလိုလိုနှင့် အချိန်က ည(၉)နာရီ ကျော်လာပြီ ဖြစ်သဖြင့် အိပ်ရာပေါ် ခေါင်းချလိုက်သည်နှင့် ဗိုလ်ကြီးမြင့်သန်း ဟောက်သံပေးလျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

ဆရာအောင်ကျော်သည် ညနေက ဘုရားမရှိခိုးရသေးသဖြင့် ခြေလက်ဆေးကြောကာ ဘုရားရှိခိုးပြီး အိပ်လိုက်သည်။

"ဝူးဝူးဝါးဝါး" အော်သံများနှင့်အတူ ဗိုလ်ကြီးမြင့်သန်း ပုဆိုးကျွတ်နှင့် ထထိုင်ပြီး ပြူးတူးပြဲတဲ ဟိုကြည့် ဒီကြည့် လုပ်နေသဖြင့်...

'အဘ ဘာဖြစ်တာလဲ'

'ဘာဖြစ်တာလဲ မေးမနေနဲ့၊ ဟို မိန်းမ ဘယ်ရောက်သွားပြီလဲ'

'ဘယ်မိန်းမလဲ အဘရဲ့'

ဆရာအောင်ကျော်က မေးလိုက်ရာ ဗိုလ်ကြီးမြင့်သန်း မှုန်ကုပ်ကုပ်ဖြင့် လုံချည်ပြန်ဝတ်ပြီး ခုတင်ပေါ်မှ လက်နှိပ်ဓာတ်မီးကိုင် ဆင်းလာကာ ခုတင်နှစ်လုံးအောက်ကို ထိုးကြည့်လိုက်သည်။

ထို့နောက် ဆရာအောင်ကျော်၏ ခြင်ထောင်ကို မ,၍ အသေအချာ ကြည့်လိုက်သည်။ ပိတ်ထားသော တံခါးချက်ကို သွားကြည့်ပြီး...

'ဆရာအောင်ကျော် မင်း ငါ့ကို မလှည့်စားနဲ့ကွာ၊ မင်းအမျိုးသမီး ခေါ်ထားရင်လဲ ငါ အရေးမယူပါဘူး။ မင်းက လူပျိုလူလွတ်ပဲ။ ခွင့်လွှတ်ပါတယ်။ ငါ့အိပ်ရာထဲကို အနီရောင် ဝမ်းဆက် ဝတ်ထားတဲ့ အမျိုးသမီး ဝင်အိပ်တယ်။ ငါ့ကိုဖက်ထားတယ်။ ငါလဲ ပြန်ဖက်ထားမိတယ်။

သူ့ကို သေသေချာချာ ကြည့်လိုက်တော့ မျက်နှာတစ်ခြမ်း ဆံပင်တွေနဲ့ အုပ်ထားတယ်။ မျက်လုံးပြူးပြူးနဲ့မိန်းမ ကြည့်ရင်းကြောက်သလိုလို ဖြစ်လာလို့ သူ့ကို ငါတွန်းလိုက်တယ်။ ငါ့အပေါ် အတင်း တက်ဖိတာနဲ့ အသက်ရှူကျပ်ပြီး ငါ မင်းကို လှမ်းခေါ်တာ အသံမထွက်ဘူး ပြော...အဲဒီမိန်းမ ဘယ်ရောက်သွားပြီလဲ'

ဗိုလ်ကြီးမြင့်သန်း အတိအကျ ပြောနေသော်လည်း ဆရာအောင်ကျော်က ပြုံးရင်းမှ...

'ဟား...ဟား...ဟား... တို့အဘတော့ အိပ်မက်ထဲမှာ အကြည်ဆိုက်ပြီး ဝမ်းဆက်နီတွေတောင် သိနေပြီ။ ဘယ်မိန်းမမှ ကျွန်တော် ခေါ်မထားပါဘူး အဘရယ်။

ဒီတပ်ဖွဲ့ရုံးမှာ အဘမရှိရင် ကျွန်တော်က တာဝန်ခံဆရာကြီး တစ်ယောက်ပါ။ စစ်စည်းကမ်းကို ကျွန်တော်ကစပြီး မချိုးဖောက်ပါဘူး။

အဘ စိတ်မဆိုးနဲ့နော်၊ ညက အဘ သောက်တာ များသွားတယ်။ အရက်ကြောင်တာပါ။ ဒီအခန်းထဲ ဘယ်

www.burmeseclassic.com

မိန်းမမှလဲ မဝင်နိုင်ဘူး။ တံခါးကို ချက်ထိုးပိတ်ထားတာ အဘ အမြင်ပဲ လေ။ ကဲပါ အဘရယ်၊ ရော့.. ရေတစ်ခွက်သောက်ပြီး စိတ်ချလက်ချ ပြန်အိပ် ပါတော့'

ဆရာအောင်ကျော်သည် ဗိုလ်ကြီး မြင့်သန်း သူ့လိုမျိုး ကြုံတွေ့ရသည်ကို ရိပ်မိသော်လည်း အဖြစ်မှန်ကို မပြောဘဲ စကားလွှဲကာ ရှင်းပြလိုက်သည်။

**(မှတ်ချက် ။ ။ ဗိုလ်ကြီးမြင့်သန်း မှာ သရဲတစ္ဆေနှင့် တောက်တဲ့မြင်လျှင် ကြောက်တတ်သူဖြစ်သည်။)**

ဗိုလ်ကြီးမြင့်သန်းမှာ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဆရာအောင်ကျော်ကို ကြည့်ကာ အိပ်ရာထဲ ပြန်ဝင်ခဲ့သည်။

အတွေးများနှင့် ကျန်ခဲ့သူမှာ ဆရာအောင်ကျော်တစ်ယောက်သာ ဖြစ်ခဲ့ရပြန်သည်။ စိတ်ကူးရ၍ ညက စားသောက်ခဲ့သော ထမင်းပွဲသို့သွားကာ အုပ်ဆောင်းကို ဖွင့်ကြည့်လိုက်ရာ...

'အလို...'

'ဟင်...ဟာ'

တအံ့တသြနှင့် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ကြည့်စမ်းပါ။ အမဲကြော်၊ ကြက်ကြော်နှင့် ဆတ်သားခြောက်များ စားသောက်ပြီး အများကြီး ကျန်ခဲ့ပါလျက် ယခုတော့ တက်တက်ပြောင်နေသည်။ တစ်ခုတလေမျှ မရှိတော့ပါ။

ကြောင် မွေးမထားသောကြောင့် ကြောင်စားသည်လည်း မဖြစ်နိုင်ပါ။

ဗိုလ်ကြီးမြင့်သန်း သောက်ပြီး ကျန်ခဲ့သည့် ဘိုးဘရမ်ဒီတစ်ပိုင်းအပြင် လုံးဝ မဖွင့်ရသေးသော အိုးဘရမ်ဒီ ပုလင်းမှာ အဖုံးပိတ်လျက် အတွင်းမှာတော့ အရက်တစ်စက်မှ မရှိခြင်းသည် ပို၍ပင် မခံချိမခံသာ အံ့သြစရာကောင်းနေသည်။



'တောက်... ဒီကောင်မ တို့စားပြီး ကျန်ခဲ့တဲ့ အသားကြော်တွေကိုလဲ ပြောင်အောင်စား၊ အရက်တစ်ပုလင်း ခွဲသောက်ပြီး ဗိုလ်ကြီးမြင့်သန်းကို ငါ့လိုပဲ ခြောက်လှန့်ဖို့ လုပ်တာကိုး။ တွေ့ကြသေးတာပေါ့။ အင်း...မနက်ကျရင် ငါ့အကြောင်း သိစေရမယ်'

ဆရာအောင်ကျော်သည် ပြောင်စင်နေသော ဟင်းပန်းကန်များ၊ အကြော်ပန်းကန်များနှင့် အရက်ပုလင်းခွံများကိုကြည့်ပြီး ဝမ်းဆက်အနီနှင့် ပရလောကသူကို "တောက်" ခေါက်ပြီး အံကြိတ်ကာ တစ်စုံတစ်ခုလုပ်ရန် စဉ်းစားရင်း ပြန်အိပ်လိုက်သည်။

*　*　*

နောက်နေ့နံနက်၌ ချောက်မြို့တွင် ကျန်ခဲ့သည့် ဗိုလ်ကြီးမြင့်သန်း၏ဇနီး မကျန်းမာကြောင်း သတင်းအရ ဗိုလ်ကြီးမြင့်သန်းမှာ ပခုက္ကူတွင် တစ်ညသာအိပ်၍ ချောက်မြို့သို့ ချက်ချင်း ပြန်သွားပါသည်။

ဆရာအောင်ကျော်သည် ဤအိမ်ကြီး၏ သုံးနေသော အခန်း၌သာ မည်သူမည်ဝါမှန်း မသိသော ဝမ်းဆက်အနီဝတ် ပရလောကသူ၏ ဒုက္ခပေး နှောင့်ယှက်ခြင်းကို ကာကွယ်ရန်အတွက် အဖြေရှာကြည့်သည်။

ပေါင်လောင်ရှင်ရုပ် ရုံးအနီးတွင် နေထိုင်သော သူနှင့် ခင်မင်ရသည့် ရပ်မိရပ်ဖ ဦးလေးဦးရွှေမန်းနှင့် အကျိုးအကြောင်းပြော တိုင်ပင်ကြည့်မှ ဝမ်းဆက်နီမ ဘယ်သူဖြစ်သည်ကို သိလိုက်ရသည်။

'ဆရာတို့...အခု ရုံးဖွင့်ထားတဲ့ အိမ်ပိုင်ရှင်က ဒီလမ်းထိပ်က ဒေါ်လှစိန်ပေါ့။ သူ့သမီး နီနီက ဒီအိမ်မှာနေတယ်။ နီနီယောကျ်ားက အရက်သမား၊ ဖဲသမား အရက်မူးလာရင် နီနီကို အမျိုးမျိုးရန်ရှာပြီး ရိုက်တတ်တယ်။ နီနီကလဲ ပေါ့တာမဟုတ်ဘူး။ ရုပ်လှသလောက် အကျင့်မကောင်းဘူး။ တခြားယောကျ်ားတွေနဲ့ရှုပ်တယ်။ နောက်ဆုံး ကိုယ်ဝန်သုံးလနဲ့ နီနီဟာ တစ်နေ့တော့ ဒီအိမ်ပေါ်မှာ ကြိုးဆွဲချ သေခဲ့တယ်။ ဆရာ အခုနေတဲ့ အခန်းထဲမှာပေါ့'

'ဗျာ'

ဦးရွှေမန်းစကားကြောင့် ဆရာအောင်ကျော် "ဗျာ" တမိသွားသည်။

'ဟုတ်တယ် ဆရာ နီနီသေပြီး ဒီအိမ်မှာ ဘယ်သူမှ မနေကြဘူး။ တပ်ကငှားပြီး ရုံးဖွင့်ထားတော့ ပထမဦးဆုံး ချင်းဗိုလ်ကြီး လန်ဂိုကပ်နဲ့ သူ့ရဲဘော်တွေ လွန်ခဲ့တဲ့ (၃)နှစ်လောက်က နေခဲ့တယ်။ ဗိုလ်ကြီးလန်ဂိုကပ်က ဆရာနေတဲ့ အခန်းထဲမှာ အရက်ကလေးတမြမြနဲ့ အေးအေးနေတတ်တယ်။

နီနီက သေပြီး ပြိတ္တာတစ္ဆေ ဖြစ်နေတယ်လို့ပြောကြတယ်။ ဒီအိမ်မှာ စွဲကပ်နေတယ်။ ဗိုလ်ကြီးလန်ဂိုကပ်နဲ့လဲ ယဉ်ပါးပြီး နေကြတယ်။

အောက်ထပ်မှာ နေကြတဲ့ ရဲဘော်တွေ စစ်သားလောင်းတွေတော့ ဝမ်းဆက်အနီ



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ထားတဲ့ မိန်းမတစ်ဦး ညပိုင်း ဗိုလ်ကြီး အခန်းက ထွက်ထွက်လာတာကို မြင်ရတယ်လို့ စကားသံတွေ ထွက်ခဲ့ဖူးတယ်။

တစ်ခါတလေ ညဥ့်နက်ချိန်မှာ ဗိုလ်ကြီးလန်ဂိုကပ်ရဲ့ ဂူးဂူးဝါးဝါး ထအော်သံကို ကြားကြရတယ်။ ရောက်ခါစက ဗိုလ်ကြီးက ဗလကောင်းကောင်း အသားအရေ ပြည့်ပြည့်ဖြိုးဖြိုးပဲ။

နောက်တော့ တပိန်ပိန် တလိန်လိန်ဖြစ်ပြီး ဆေးရုံတက်လိုက် ဆင်းလိုက်နဲ့ နာတာရှည်ဖျားရာက ဆေးရုံက ဆင်းပြီး ပခုက္ကူကို ပြန်ရောက်တဲ့ တစ်ညမှာတော့ (၁၂)ပေ အမြင့်ရှိတဲ့ သူ့အိပ်ခန်း ပြတင်းပေါက်ကနေ အောက်ကို ခုန်ချပြီး...

''သရဲမ သရဲမ''လို့ ငယ်သံပါအောင် အော်ဟစ်ပြီး ရပ်ကွက်ထဲ လျှောက်ပြေးတော့ ရဲဘော်တွေက လိုက်ဖမ်းရတယ်။ ဆေးရုံတင်လိုက်ကြရတယ်လို့ ကြားဖူးတယ်။ ဒီအကြောင်းကို တို့ ပေါင်လောင်ရှင် တစ်ရပ်ကွက်လုံးအသိပေါ့'

'ဒါဆိုရင် ဒီဝမ်းဆက်နီမဟာ ဒီအိမ်ပေါ်မှာ မင်းမူနေတာပေါ့'

'သေချာတာပေါ့ ဆရာရယ်'

'ဒါဆို ကျွန်တော်တို့ ဘာလုပ်ရမလဲ၊ အကြံပေးပါဦး ဦးကြီးရယ်'

ဆရာအောင်ကျော်သည် ဦးရွှေမန်း ပြောပြသည့် ဝမ်းဆက်နီသရဲမ အကြောင်းကို သိရပြီးနောက် ဘာလုပ်ရမည်ကို အကြံဉာဏ်တောင်းရာ...

'ဘုန်းကြီးငါးပါးလောက်ပင့်ပြီး ဒီအိမ်၊ ဒီအခန်းမှာ ပရိတ်နာသင့်တယ်။ ဆရာတော်တွေကို အကြောင်းစုံ လျှောက်ထားပြီး ကမ္မဝါဖတ်ပေးလိုက်ရင် အကောင်းဆုံးပဲ။

နို့မဟုတ်ရင် ဆရာ့ကိုလဲ တစ်နေ့ ဒုက္ခပေးမှာပဲ။ သူက လင်တရူးမိန်းမ၊ ယောကျ်ားတွေ



ကို စိတ်နာထားတဲ့မိန်းမ ကြောက်စရာကောင်းတယ်'

ဦးရွှေမန်းစကားကြောင့် ဆရာအောင်ကျော် ကြက်သီးများ ထသွားသည်။ ထိုဝမ်းဆက်နီမသည် သူ နေထိုင်ခဲ့ဖူးသည့် သူ့အခန်း၌ တစ်ပါးသူ လာနေသည်ကို မလိုလား၍လား၊ သူ့အလိုဆန္ဒကို မဖြည့်၍လား...

ကြောက်လန့် ထွက်ပြေးစေရန် ခြောက်လှန့်တတ်သလို ယောကျ်ားသားများကိုလည်း သွေးဆောင်ဖျားယောင်းကာ ဒုက္ခမျိုးစုံ ပေးခဲ့သည်။

ဆရာအောင်ကျော်သည် သတိနှင့်အသိ ပေါင်းစပ်မှုကာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်များ ရွတ်ဖတ်ပူဇော်၍ နေ့စဉ် အမျှကုသိုလ်ပေးဝေနေမှုကြောင့် လည်းကောင်း...

နေ့စဉ် ဆွမ်း,ပန်း,ဆီမီးကပ် ကောင်းမှုပြုနေသောကြောင့် လည်းကောင်း စိတ်ဖောက်၍ သွားခဲ့ရသည့် ချင်းဗိုလ်ကြီး လန်ဂိုကပ်ကဲ့သို့ အလွယ်နှင့် မချဉ်းကပ်နိုင်သဖြင့် ကြောက်လန့်ထွက်ပြေးရန် ကြိုးစားခဲ့၏။

သို့သော် ရပ်မိရပ်ဖ ဦးရွှေမန်း၏ အကြံပေးစကားကြောင့် ဆရာအောင်ကျော်သည် သဘောတူလက်ခံ၍ ဆရာတော်ကြီးများကို လျှောက်ထား ခဲ့သည်။ ဤပခုက္ကူတစ်ဖွဲ့ရုံး၌ ပရိတ်တရားနာ ကမ္မဝါဖတ် မောင်းနှင်လက်ဦးနိုင်ခဲ့သည်။

ဆရာတော်ကြီးများ ရွတ်ဖတ်ပေးသော ဘုရားရှင်၏ မေတ္တသုတ်၊ ရတနာသုတ်၊ အာဋ္ဌာနာဋိယသုတ်နှင့် ပုဗ္ဗဏှပရိတ်တော်များနှင့် ကမ္မဝါ၏ တန်ခိုးတေဇော်အာနုဘော် ဓမ္မစက်အာဏာစက် အရှိန်ကြောင့် ထိုနေ့မှစ၍ ဝမ်းဆက်နီပရလောကသူ၏ အနှောင့်အယှက်မှ ကင်းဝေးခဲ့ရပြီဖြစ်သည်။

ပရိတ်ကြိုးနှင့် ပရိတ်ရေများ ရုံးတွင်း ရုံးပြင် ခြစည်းရိုးပတ်လည် ဖျန်းပက်ကာ စစ်သည်မိသားစုများလည်း နေ့စဉ်ဆွမ်းလောင်းခြင်း၊ ဘုရားရှိခိုးခြင်းများ ပြုလုပ်လာကြသဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာ ဖြစ်ခဲ့ကြသည်။

ဤသို့ဖြင့် လူပျိုကြီး ဆရာအောင်ကျော်နှင့် ဝမ်းဆက်နီနီ ပရလောကသူတို့၏ တွေ့ပုံဆန်းကြယ်ဖြစ်ရပ်ကို ကြားသိရသော စာရေးဆရာအတွက် ဂမ္ဘီရဝတ္ထုရေးရန် ဇာတ်လမ်းတစ်ပုဒ် ရလိုက်၏။

ထို့အတူ ဆရာအောင်ကျော်မှာလည်း မိမိကိုယ်တွေ့ကြုံရသော ဝမ်းဆက်နီနီ ပရလောကသူ၏ မာယာသာဓွေယျ တဏှာရာဂ ညွတ်ကွင်းမှ ဗိုလ်ကြီးလန်ဂိုကပ်ကဲ့သို့ သားကောင်မဖြစ်ဘဲ မှဆိုးကောင်းတစ်ဦး ဖြစ်ခဲ့ရခြင်းသည်...


စင်စစ် ဘုရား၊ တရား မမေ့သော ဂုဏ်ကျေးဇူးကြောင့် အောင်နိုင်ခဲ့ရသည်ဟု ဆရာအောင်ကျော် လုံးဝယုံကြည်လိုက်ပါတော့သည်။

**ဝသုန်သက်လွင်**



www.burmeseclassic.com

www.burmeseclassic.com





နုတ်ဝင်သည် (သို့မဟုတ်)

# [illegible]

# [illegible]

(၃)

ထွန်း (နောင်ချို)

ဆောင်းအကုန်
နွေအကူးမှာ
အချိန်အခါမဟုတ်ဘဲ
မိုးတဖွဲဖွဲရွာတဲ့ တစ်နေ့...
ကျွန်တော် လားရှိုးကနေ
သီပေါကို ကားနဲ့လာခဲ့တယ်။

အခါမဟုတ် ရွာတဲ့မိုး ဆိုတော့လဲ သီပေါနားရောက်တော့ မရွာတော့ဘူး။ ကုန်းသာနဲ့ သီပေါကြား ဘယ်ဘက်မှာ ကိုးမြို့ရှင်နတ်ကွန်းရှိတယ်ဗျ။ တော်တော်လဲကြီးတယ်၊ နတ်ကွန်းကိုသွားရင် ကားပေါ်က ဆင်းပြီး အုတ်လှေကားအတိုင်း တက်သွားရတယ်။

အုတ်လှေကားရင်းနားမှာ အရိပ်ကောင်းတဲ့ သစ်ပင်ကြီးအောက်မှာ ဝါးကွပ်ပျစ်လေးကို သပ်သပ်ရပ်ရပ် ထိုးထားတာတွေ့ရမယ်။ ကွပ်ပျစ်ပေါ်မှာတော့ ရှမ်းအဘိုးကြီးနဲ့ အဘွားကြီး ထိုင်နေကြတယ်။

ဝတ်ထားတာလဲ အဘိုးကြီးက ရှမ်းပင်နီဘောင်းဘီ၊ ပင်နီတိုက်ပုံနဲ့ ခေါင်းမှာတော့ ပဝါခပ်နွမ်းနွမ်းကို ပေါင်းထားတယ်။ ပေါင်းတယ်ဆိုပေမယ့် ပွဲဝင်ခေါင်းပေါင်းလို ခေါင်းပေါင်းစ တထောင်ထောင်နဲ့ မဟုတ်ဘူးနော်။ ရိုးရိုးပဲ ပတ်ပေါင်းထားတယ်။ ခေါင်းပေါင်းအပေါ်နားမှာတော့ ဆံထုံးတော်ကြီး တမာသီးလေးကို မြင်ရနိုင်တယ်။

အဘွားကြီးကတော့ ဆံပင်အတော်ကောင်းတယ်ဗျ။ အဘွားအရွယ်ရောက်တောင် ဆံပင်တွေက မည်းနက်နေပြီး ဆံအုံကောင်းတာ ပေါ်လွင်တယ်။ ဆံထုံးပြည့်ပြည့်အက်အက်ကို သပ်သပ်ရပ်ရပ် ထုံးထားတယ်။ ဝတ်စားထားတာကတော့ ရိုးရိုးပါပဲ။

ထူးခြားတာက သူတို့ ဥပမိရုပ်တွေ နှစ်ဦးစလုံး ထူးထူးခြားခြား ခံ့ညားပြီး ကြည်လင်အေးချမ်းတဲ့ မျက်နှာရှိတယ်။ သူတို့နှစ်ဦး ထိုင်နေတာ မြင်ရုံနဲ့ "ဒါ ငါတို့ရှမ်းကွ" လို့ ဂုဏ်ယူစိတ် တဖွားဖွား ပေါ်တယ်။

ကားခဏရပ်ပြီး အဘွားနားက ပန်းဝယ်ပြီး အလှူငွေနဲ့ ပန်းတွေကို အဘွားလက်ထဲ ထည့်လိုက်တယ်။ ပန်းနဲ့ငွေကို အဘွားက ထကြိုလက်ခံ





www.burmeseclassic.com

www.burmeseclassic.com

ချိန်မှာ အရပ်က မရှိဘူးဆိုရင် ငါးပေခွဲပဲ။ အဘိုးက အရပ်ပိုရှည်တယ်။ အသားဖြူဖြူ ဥပမိရုပ်ကောင်းတဲ့ အလွန်အေးချမ်းတဲ့ အဘိုး့အသွားကို သေချာကြည့်ရင်း မျက်ရည်လည်လာတယ်။

အဲဒီအချိန် အဘိုးက ရှေ့မှာချိတ်ထားတဲ့ မောင်းကိုထုပြီး ရှမ်းလိုဆုပေးတယ်။ အလိုလေး... အသံကြြဖာလဲ ကောင်းလှချည်လား။ ကျွန်တော့်မှာ ကြည်ညိုလေးစားလွန်းလို့ ကွပ်ပျစ်အောက်ကနေပြီး မတ်တတ်ရပ် လက်အုပ်ချီမိတယ်။

အဘိုးနဲ့အသွားက ပြုံးကြည့်ရင်း မတ်တတ်ရပ် လက်အုပ်ချီနေတဲ့ ကျွန်တော့်ခေါင်းကို အဘိုးက လှမ်းကိုင်တယ်။ အဖေက သားကို နှစ်သိမ့်ပေးတဲ့အမူအရာပဲ။ ငါ သိသလား။ ဘယ်မှာသိတာလဲ... စဉ်းစားမရဘဲ လှည့်ကြည့်...လှည့်ကြည့်နဲ့ ကားပေါ်ပြန်တက်ပြီး သီပေါကို ဆက်ထွက်လာခဲ့တယ်။

နောက်တစ်နေ့မနက် သီပေါဈေးအနောက်ဘက်က လက်ဖက်ရည်ဆိုင်မှာ ကိုလှငွေတို့ ကိုစိုးဝင်းတို့ ကိုသိန်းဌေးတို့နဲ့ လက်ဖက်ရည်သောက်နေတုန်းမှာ ဆယ့်ခုနစ်နှစ်,ဆယ့်ရှစ်နှစ် အရွယ် ကောင်မလေးက လက်ဖက်ရည်ဆိုင်ရှေ့က ဆန်ခေါက်ဆွဲဆိုင်မှာ ခေါက်ဆွဲစားနေတယ်။

ဘေးမှာလဲ ပန်းတောင်းကြီးနဲ့၊ ဒီကောင်မလေး မျက်နှာကို ငါ မြင်ဖူးပါတယ်။ မြင်ဖူးတာမှ ရင်းရင်းနှီးနှီးပါ။ ဘယ်သူပါလိမ့်လို့... စဉ်းစားလို့မရဘူး။ ကောင်မလေးက ကိုယ်လုံးကိုယ်ပေါက်လဲလှတယ်။ ကောင်မလေးက စားသောက်ပြီးလို့ ပိုက်ဆံလှမ်းပေးတယ်။



'အဒေါ် ဒီမှာ ပဆံ'

ပိုက်ဆံကို ဘယ်တော့မှ မပီဘူး။ ''ပဆံ''လို့ပဲ ပြောတဲ့ကောင်ကို ကျွန်တော် ချက်ချင်းမှတ်မိသွားပြီး အသံကျယ်ကျယ်နဲ့ လှမ်းခေါ်လိုက်မိတယ်။

'ဟေ့ကောင်...ငတေ'

ကောင်မလေး လန့်သွားတာမှ လက်ထဲက ပန်းစည်းတောင်မှ လွတ်ကျသွားတယ်။ ပြန်လှည့်ကြည့်ရင်း သူကလဲ ဝမ်းသာအားရ ပြန်ထူးတယ်။

'ဟ...ထွေန်း'

'ဟဲ့ကောင်မလေး ကိုယ့်အဖေအရွယ်ကို ဘယ့်နှယ် ရိုင်းရိုင်းစိုင်းစိုင်း ခေါ်ရတာလဲ'

ဈေးသည်အဒေါ်ကြီးက လှမ်းဟန့်တယ်။

'ဟာ...မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်တူမလေးက ငယ်ငယ်ကတည်းက ဒီလိုခေါ်နေကျမို့ နှုတ်ကျိုးနေလို့ပါ။ ကဲ... သမီး အတန်နဲ့ မတွေ့တာကြာပြီ လာ...အေးအေးဆေးဆေး စကားပြောရအောင်'

ကောင်မလေးက ပန်းတွေကို ဈေးသည်ဆီမှာ သေချာအပ်ပြီး လိုက်လာတာ။ ကျွန်တော့်သူငယ်ချင်းတွေကိုတော့ ''ခဏလေးကွာ''လို့ ခွင့်ပန်ပြီး ဈေးထဲက ချောင်ကျကျ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်မှာပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်ကြတယ်။

ခင်ဗျားတို့ ဇာတ်စကားလေးတစ်ခု ကြားဖူးမှာပေါ့။ **''လူသေမြုပ်တဲ့ သုသာန်မြေ တစ္ဆေချင်းစကားပြော တသောသော ညှို့ရော့လဟယ်''** ဆိုတဲ့ ဆိုင်းဆင့်လေ။ တကယ်က တစ္ဆေချင်း စကားပြောရင် ဘာသံမှ မထွက်ဘူးဗျ။

သူများအမြင်မှာတော့ တူအရီးနှစ်ယောက် လက်ဖက်ရည်ဆိုင်မှာ အေးအေးဆေးဆေး စကားမပြောဘဲ ထိုင်သောက်နေတယ်လို့ ထင်မှာ။ ကျွန်တော်တို့ စကားပြော မကုန်နိုင်အောင် ပြောနေကြတာ။

'ငတေ... အရင်ဘဝကလို စကားပြောနိုင်သေးလား'

'အေး...ပြောနိုင်တယ်'

'မင်းက ဘယ်လိုလုပ် မိန်းကလေးဖြစ်သွားရတာလဲ'

'အင်း...တခြားလူဆို ပြောရ ဆိုရ ရှင်းရ ခက်မှာကွ။ မင်းကျတော့ ဘဝတူတွေမို့ ပြောလို့ မခက်ဘူးပေါ့။ မင်း လူ့ဘဝကူးသွားပြီး သိပ်မကြာဘူး။ ငါ့ကို ကျင်သီတံတားမှာ စောင့်ဖို့ တာဝန်ကျတယ်ကွ။ မင်းသိတဲ့အတိုင်း တို့က တခြားကောင်တွေနဲ့ မတူဘူးလေ။ ကျည်းစောင့်ကြပ်ဖို့ တာဝန်ချတာကိုး။

ငါစောင့်တဲ့နေ့မှာကွာ...မိုးကလဲရွာကွ။ ဖြစ်ချင်တော့ ကားတစ်စီးက စလစ်ဖြစ်ပြီး မှောက်မလို ဖြစ်တာကွ။ ငါကလဲ ကားနောက်ခြံက စီးလာတဲ့ ကောင်မလေး လိမ့်ကျမလို ဖြစ်တာနဲ့ ပြေးပြီး တွန်းတင်ပေးလိုက်တာ။ အဲဒီအချိန်မှ ငါကလဲ လူ့ဘဝကို ကူးလာတာကွ။

ငါ ပြန်တွန်းတင်ပေးတဲ့ ကောင်မလေးကို အာရုံစူးပြီး မိန်းကလေး ဖြစ်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



အရင်ဘဝက ဆိုးဖော်ဆိုးဖက် ငတေကို ကျွန်တော်စ,ချင်လာတယ်။

'ဖြစ်ရလေကွာ၊ ခု မင်းက မိန်းမချော လေး ဖြစ်နေတော့ ယောက်ျား ယူမယ် ဆို ငါ့ယူပါလားဟင်'

'ဟ...ဟ...ငထွန်း နှံ့ပါ့ကွာ၊ ငါ ယောက်ျားယူလို့ မဖြစ်ဘူးလေ'

'ဟေ...ဘာကြောင့်'

'ခု ငါက နတ်ကတော်လေ'

'ဟိုက်... ငါ လိုက်မမီတော့ဘူး။ ဟော့ကောင် ရှင်းရှင်းလင်းလင်းရှိ အောင် ပြောပါဦး'

'ဒီလိုကွ... ငါ လူပြန်ဖြစ်တော့ ငါ့ မိဘများက ဆင်းရဲတယ်ကွ။ ကလေး ကလဲများတော့ ထမင်းတောင် နပ်မမှန် ဘူး။

ငါ ရှစ်နှစ်သမီးလောက်မှာ ဦးစံဘ တို့လင်မယား ရောက်လာပြီး ငါ့ကို မွေးစားချင်လို့ပါဆိုပြီး ငါ့မိဘတွေဆီက လာခေါ်တာနဲ့ ငါလဲ လိုက်သွားပြီး အဘဦးစံဘတို့နဲ့ နေနေတာ'

'ဦးစံဘ... နေဦး... တို့ရွာသူကြီး ဦးစံဘလား'

'မင်း မှတ်မိသားပဲ။ အေး...ဟုတ် တယ်။ ငါ့ကို သူတို့လာခေါ်ပြီး မွေးစား တာကွ။ အဘက "ငတေ မင်း လူတွေ ကြားထဲနေလို့ မင်းအတွက် အဆင် ပြေမှာ မဟုတ်ဘူး။ ငါတို့နဲ့ လာနေ" ဆိုလို့'

'မင်းက ဘာလို့ လူတွေနဲ့ အဆင် မပြေရမှာတုံး'

'ငါက လူတွေ မမြင်တာကို မြင်တယ်။ မကြားရတာကို ကြားရတယ်လေကွ။ တဖြည်းဖြည်း လူထူးလူဆန်းဖြစ်ပြီး နည်းနည်းရူးသွပ်သွပ်လို့ အထင်ခံရတယ်။ ဒါကြောင့် အဆင်မပြေတာ'

'အခုကော...'

'ငါ ပြောပကော၊ ငါ နတ်ကတော် ဖြစ်နေပြီဆိုတာလေ။ သူများ မမြင် တာကို မြင်၊ မကြားရတာကို ကြား တော့ နာမည်ကြီး နတ်ကတော် ဖြစ်ပြီ ပေါ့ကွာ။ နတ်ကတော် ဖြစ်တော့လဲ ရှူးကြောင်ကြောင်လို့ လေသံတောင် မဟရဲကြဘူးကွ...ဟ...ဟ...'

'ဟုတ်ပါပြီ၊ ထားပါ။ မင်းကို ဘယ် နတ်က ကောက်ပြီး ဘယ်နတ်က ပူး ဟောတာလဲ'

'ဟား...ဟား... ရယ်ရတယ်ကွ။ ငထွန်း မေ့သွားပြီလား၊ ဘော်ကြိုပွဲမှာ နတ်ကနားစီးက ကိုးမြို့ရှင်နဲ့ "အမေ ပုလဲရင်ကိုပင့်တော့ ဘယ်သူတွေ ဝင်ပူး သလဲ၊ ဘာတွေဖြစ်လဲတောင် မမှတ်မိ တော့ဘူးလား'

'အင်း...မှတ်မိပြီ'

* * *

ကျွန်တော်နှင့် ငတေသည် နန့်ဟူး ရွာမှ ရွာသားများ ဖြစ်ခဲ့ပါသည်။ သီပေါ နှင့် ကျောက်မဲမှ လူများက ကျွန်တော် တို့ရွာကို ရွာပျောက်ကြီးဟုသာ သိပါ သည်။ ရွာပျောက်ဟုခေါ်ကြခြင်းမှာ ကံအကြောင်းအဆက် ရှိသူများသည် တောလည်ရင်း၊ ပျော်ပွဲစားထွက်ရင်း ကျွန်တော်တို့ရွာသို့ ရောက်လာပြီး ရွာထဲဝင်၍ နားနေစားသောက်ကြပါ သည်။ ကျွန်တော်တို့ကလည်း ရှိသမျှ နှင့် ဧည့်ခံကျွေးမွေးကြပါသည်။

ကံအကြောင်းအဆက် ရှိသူများ ဖြစ်၍ ရွာတွင် သူတို့ အံ့တော်ပျော် ကြပါသည်။ မြို့သို့ပြန်သွားပြီး နောက် တစ်ကြိမ် ရွာသို့ လာလည်သောအခါ ရွာကို ရှာမတွေ့တော့ပါ။ ထို့ကြောင့် ရွာပျောက်ကြီးဟုခေါ်ကြခြင်း ဖြစ်ပါ သည်။

သူတို့က တစ္ဆေရွာ၊ ကျတ်ရွာ စသည်ဖြင့် ပြောကြသော်လည်း ကျတ် ရွာမဟုတ်ပါ။ လူတို့ဘုံနှင့် အလွန် နီးစပ်သော၊ လူတို့ထက် အဆင့် အနည်းငယ်မြင့်သော ဘုံတစ်ခုဟုသာ ဆိုရပါမည်။ လူများကဲ့သို့ပင် စိုက်ပျိုး ရေး လုပ်ကိုင်စားသောက်ပါသည်။

သီးနှံများလည်း အမြဲအောင်မြင် ဖြစ်ထွန်းပါသည်။ မိုးကြီးသောနှစ်များ တွင် ချောင်းရေ,မြစ်ရေများ လျှံနေ သော်လည်း ကျွန်တော်တို့ စိုက်ခင်း များမှာ ရေပြင်ထက် ပိုမြင့်သော နေရာ မှာပင် အမြဲရှိပါသည်။ အထူးခြားဆုံး ကား လုံးဝ အရက်မသောက်ရဘဲ သောက်စားမိလျှင် ရွာလူကြီးမှ ဒဏ်ခတ်ပါသည်။

ဘော်ကြိုဘုရားပွဲရက်တွင် သာမန် လူများနှင့်ပင် ရောနှော၍ ကျွန်တော် နှင့် ငတေတို့ ပွဲသွားလည်ကြပါသည်။ ဘော်ကြိုရွာနားမှ တစ်ခုသော ရွာ အစွန်တွင်လည်း နတ်ကနား ပေးနေ၍ ဝင်ကြည့်ကြသည်။

နတ်ကနားထဲတွင် ရှမ်းဘောင်းဘီ ဝတ်ထားသော အမျိုးသမီးကြီးတစ်ဦး က ကိုးမြို့ရှင်လုပ်ပြီး၊ အမျိုးသမီး ခပ်ငယ်ငယ်တစ်ဦးက ရှမ်းတိုင်းရင်းသူ အဝတ်အစားနှင့် အမေပုလဲရင် လုပ်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကနားစီးမှာ ဗမာအမျိုးသမီးကြီး ဖြစ်၍ ဆိုင်းအဖွဲ့မှာ ကျောက်မဲမှ ဖြစ်ပါသည်။ ထိုစဉ် အဖိုးတန် ဗင်ကား တစ်စီး ဆိုက်လာပြီး ဖြူဖြူဝဝ ဗမာ အမျိုးသမီးကြီးတစ်ဦး နောက်လိုက် နောက်ပါများနှင့် ရောက်လာပါသည်။

ဘယ်သူမှ သူတို့ကို မသိသော်လည်း ကျွန်တော်နှင့် ငတေတို့ကမူ ထိုအမျိုးသမီးသည် တောင်ပြုံးမှ နတ်ကတော်အစစ်ဖြစ်ပြီး အတု အယောင် နတ်ကတော်များကို မုန်းတီးသူမှန်း မြင်သည်နှင့် သိပါသည်။

ထိုအမျိုးသမီးကြီးသည် နတ်ရုပ်များကို ကန်တော့ပြီး ငွေတစ်သောင်း ကျပ် ဆက်ပါသည်။ ပြီးမှ ဖြူနီးခန် ကိုးမြို့ရှင်နှင့် အမေပုလဲရင်တို့ဘက် လှည့်ပြီး…,

'အဘိုးနှင့်အမေတို့ရှင့်… အဘိုးနှင့်အမေ တို့ မှန်ပါက သမီးကို ယုံလောက်အောင် သက်သေပြတော်မူပါ'

အဘိုးကိုးမြို့ရှင်နှင့် အမေပုလဲရင် တို့ကဲ့သို့ ဝတ်ထားသော အမျိုးသမီး နှစ်ဦးမှာ ကနားထိန်းကြီးက အခငွေ ပေး၍ ခေါ်လာသဖြင့် ကနေသူများဖြစ်ရာ သူတို့ ဘာလုပ်ရမည်မသိ ဖြစ်နေသည်။

ဤနေရာတွင် အလျဉ်းသင့်၍ အဘိုးကိုးမြို့ရှင်နှင့် အမေပုလဲရင်တို့ အကြောင်း အနည်းငယ် ပြောဖို့လိုပါသည်။ ယင်းတို့နှစ်ဦးမှာ မောင်နှမ အရင်းများဖြစ်ပြီး လူပျိုကြီး၊ အပျိုကြီး ဘဝနှင့် ဘဝကို ကုန်ဆုံးပါသည်။

အရက်သေစာ မသောက်မစားပါ။ ရှမ်းတိုင်းရင်းသား အစစ်များက ကန်တော့ပွဲတွင် အရက်ထည့်မဆက်ပါ။ ကောက်ညှင်းပေါင်းကောင်း ကောင်း၊ ပဲပုပ်ထောင်း ကောင်းကောင်း နှင့် လက်ဖက်ရည်ကြမ်းပါလျှင် အဘိုးတို့ အလွန် သဘောတွေ့သည်ဟု ကြားဖူးပါသည်။ မြို့ရွာများကို စောင့်ရှောက်ရန် တပည့်များကို တာဝန်ခွဲ ပေးပါသည်။ မြို့ပိုင်မရှိလျှင် ထိုနေရာ ရာထူးအတွက် နောက်တစ်ဦး ပြောင်းလာသကဲ့သို့ပင် ဖြစ်ပါသည်။

ယခု ကိုးမြို့ရှင် မှန်ကြောင်း ပြသရန် တောင်းဆိုရာတွင် ကျွန်ုပ်တို့နှစ်ဦး၌ တာဝန်ရှိပါသည်။ သို့ဖြစ်ရကား ကျွန်တော်နှင့် ငတေတို့ ရှမ်းအမျိုးသမီး နှစ်ဦးကို ဝင်၍ ကပ်လိုက်ပါသည်။

ဓားနှစ်လက်ကို လက်မှာ တင်းတင်း ဆုပ်ရင်း ဆိုင်းအဖွဲ့ကို မျက်ရိပ်ပြလိုက်သည်နှင့် ဆိုင်းဆရာက ရှမ်းအိုးစည်သံ ကို အသွက်တီးတော့သည်။

ကျွန်တော်နှင့် ငတေကား ဓားနှစ် လက် ကစားရာတွင် ကြမ်းလွန်းပြီး အချိတ်အဆက်လည်း မိသူများဖြစ်ရာ ရွာတွင် နာမည်ရသူများဖြစ်သည်။ အိုးစည်သံ မောင်းသံ လင်းကွင်းသံ များက စိတ်ကိုကြွစေကာ အပြင်း အထန် ကစားကြတော့သည်။

ကစားရင်း ဈာန်ဝင်လာကာ ကစား ချက်များ သွက်လာပြီး ကနားဖျင်းကို ထောက်ထားသည့် ဝါးပိုးဝါးတိုင်မှာ ဝါးချက်ထိပြီး တိခနဲ ပြတ်သွားပါသည်။ လူတွေ အလန့်တကြား ထပြေးကြ ကုန်၏။

'ရပါပြီ အဘိုး…သမီးယုံပါပြီ၊ ဒီလောက်ဆို ကျေနပ်ဖို့ သင့်လျော်ပါပြီ'

ဖြူဖြူဝဝ နတ်ကတော်ကြီးက ပြားပြားဝပ် ကန်တော့တောင်းပန်မှ ကျွန်တော်နှင့် ငတေတို့ ပြန်ခွာလိုက်ကြသည်။

ကျွန်ုပ်တို့မှာ ယောက်ျားများဖြစ်၍ အားကုန်ကစားရာ ကျွန်ုပ်တို့ ပူးကပ်ထားသည့် အမျိုးသမီးနှစ်ဦးမှာ ဒဏ်မခံနိုင်ဘဲ ကျွန်ုပ်တို့ ပြန်ခွာလိုက်သည်နှင့် အရုပ်ကြိုးပြတ်လဲကျကာ သတိလစ် သွားပါသည်။

ဖြူဖြူဝဝ နတ်ကတော်ကြီးနှင့် သူ့နောက်လိုက်များသည်လည်း သူတို့ ကားဆီသို့ ခပ်သုတ်သုတ် ပြန်သွားကြ၏။ ဘာတွေများ ပြောနေမလဲ သိချင်၍ ကားနားကပ်သွားချိန်တွင် နတ်ကတော်ကြီးသည် ကားပေါ်တက် မလိုလိုနှင့် မတက်သေးဘဲ ဖြုန်းဆို ကျွန်တော်တို့နှစ်ဦးကို လှည့်ကြည့် လိုက်ရာ ငတေကော ကျွန်ုပ်ပါ လန့်သွားပါသည်။

'နင်တို့နှစ်ယောက်ကို ငါ မြင်တယ်နော်'

'ဟိုက်…ခင်များက ဘယ်လိုမြင်ပြီး ကျုပ်တို့ကို အသံမထွက်ဘဲ စကား ပြောနိုင်တာလဲ'

'ငါလဲ နင်တို့လိုဘဲ့က လာခဲ့တာ ကိုး'

'အဲကွာ…သေပါတော့'

ကျွန်ုပ်နှင့် ငတေမှာ ကိုယ့်နဖူးကိုယ် ရိုက်မိပါသည်။

* * *

'အဲဒါပဲကွ၊ ငါ့ဆီ နတ်လာမေးရင် အနီးအနားမှာရှိတဲ့ ပရလောကသား တစ်ယောက်ယောက်က လာမေးတဲ့

www.burmeseclassic.com

လူနဲ့ ပတ်သက်တာတွေ ဘေးနားက နေ အကုန်ပြောနေတာ။ လာမေးတဲ့ လူတွေဆိုတာ ယုံလဲယုံ၊ ကြောက်လဲ ကြောက်၊ အားလဲကိုးပေါ့ကွာ'

'မင်းက လူ့ဘဝမှာ ဒီလောက်ချော နေတာ လာနှောင့်ယှက်တဲ့ ကောင်တွေ မရှိဘူးလား'

'ဘယ့်နှယ် မေးပါလိမ့်ကွာ၊ မင်း မြင်တဲ့အတိုင်း ငါက ရုပ်ဖြူးတဲ့ ကောင်မလေးလေကွာ၊ ကြိုက်တဲ့ ကောင်တွေဆိုတာ အောတိုက်'

'ထားပါကွာ လိုရင်းပဲပြောပါ'

'မင်းကလဲ ကြုံတုန်းကြွားမလို့ဟာ၊ ဒီလိုကွ တစ်ခါက မူးနေတဲ့ကောင် နှစ်ကောင် ငါ့ဘေးကနေ ဆိုင်ကယ်နဲ့ ဖြတ်သွားရင်း ငါ့ကို ယုတ်တီယုတ်မာ တွေ ပြောသွားတာ။ ငါလဲ မြုန်းဆို ဒေါသထွက်တာပေါ့ကွာ။

ငါ ဒေါသထွက်တာ နောက်ကျသေး တယ်။ ငါ့ရှေ့က ပရလောကသား နှစ်ယောက်က ဆိုင်ကယ်ကို ဆွဲလှန် လိုက်တာ လမ်းလယ်မြေပြောင်ပြောင် မှာ အဲဒီနှစ်ကောင် လိမ့်ကျသွားတယ် ကွ။ ဆိုင်ကယ်က လူတစ်ရပ်ကျော် အမြင့်ထိ ရောက်သွားပြီးမှ သူတို့ ဘေးကို ဘုန်းခနဲ ကျလာတာ။

သာမန်အားဖြင့် ဆိုင်ကယ်ကို အဲလောက်မြင့်အောင် ဆွဲမလှန်နိုင်ဘူး လေ။ ဝေါ်နှစ်ကောင် ကြောက်လွန်းလို့ တုန်နေတာပဲ။ ထိုင်ပြီး ကန်တော့လိုက် ကြတာ။ အဲဒီကစပြီး နတ်ဝင်သည် လေး နန်းစောစောဆိုပြီး နာမည်ကြီး လာတာ။ 'ဘယ်ကောင်မှလဲ ငါ့ကို မထိမဲ့မြင် လာမပြုရဲဘူး'

'ဒါနဲ့ အဘဦးစံဘတို့နဲ့ နေတယ်ဆို တော့ ဘယ်မှာနေတာလဲ'

'သီပေါအထွက်ကွာ၊ ပန်စောက် ပိန်းဆိုတဲ့ရွာမှာ နတ်နန်းရှိတယ်။ အဲဒီ



မှာ အဘတို့လင်မယားနဲ့ ငါနဲ့နေတာ။ ခုတောင် နတ်နန်းအတွက် ပန်းတွေ ဝယ်လာတာ'

'ဟာ...သိပြီ ငါတောင် ဝင် ကန်တော့သေးတာပဲ။ အဘတို့ လင်မယားကို ငါ လုံးဝ မမှတ်မိဘူး။ ဒါကြောင့် ငါ့ခေါင်းကို ကိုင်ပြီး နှစ်သိမ့် ပေးတာကိုး'

ဒါပေမယ့် ငါ လူ့ဘဝရောက်တော့ အဘတို့ နန့်ဟူးရွာမှာပဲ ရှိပါသေး တယ်။ ခု ငါ့ထက် အသက်ကြီးနေပါ လား။ နောက်ပြီး ရုပ်လဲ မဆင်ဘူး'

'ဒီလိုကွ... အဲဒီ အတိုးကြီး,အတွားကြီး ကွယ်လွန်ချိန်မှာ သူတို့ခန္ဓာကို အဘနဲ့အမေ က ဝင်နေရာယူထားတာ၊ အဘနဲ့အမေက ပြောတာတော့ ရွာနေရာသစ် ရှာဖို့လို့ပြော တာပဲ။

မကြာခင်မှာ တို့ နန့်ဟူးရွာကနေ နေရာ ပြောင်းရလိမ့်မယ်။ သင့်တော်တဲ့နေရာ လာရှာတာတဲ့၊ ခု နတ်နန်းနေရာလဲ နောင် မကြာခင်မှာ လမ်းချဲ့တဲ့ထဲမှာ ပါသွားလိမ့် မယ်ပြောတယ်'

'အင်း... မင်းပြန်ရင် အဘတို့ အတွက် ပစ္စည်းတွေ ဝယ်ထည့်ပေးလိုက်ဦးမယ်။ ငါက ကန်တော့ လိုက်ပါတယ်လို့လဲ သေချာပြောပြပါ။ ငါ ကွယ်လွန်ရင်လဲ နန့်ဟူး ကိုပဲ ပြန်လာချင်တယ် လို့လဲ ပြောပေးပါ'

သို့နှင့်ပင် ဈေးထဲမှ ကန်တော့စရာ ပစ္စည်းများ ဝယ်ပြီး ပန်းတောင်းနှင့်အတူ ကားဂိတ်ကို လိုက်ပို့ပါသည်။

ကားဂိတ်အရောက်တွင်...

'ငတေ မင်း ခုဘဝမှာ အန္တရာယ် ကင်းတယ်ဆိုလို့ တော်သေးတာပေါ့ ကွာ'

'မတော်ဘူး ထွန်း၊ ငါ့ခန္ဓာက မိန်းကလေး ခန္ဓာလေး၊ ရှယ်တူကောင်လေးတွေနဲ့ စကား ပြောလိုက် စ,လိုက် နောက်လိုက် နေချင်တာ က ခန္ဓာကိုယ်က တောင်းဆိုတာလေ၊ အထိအတွေ့မှာ သာယာချင်တာပေါ့ကွာ၊ ဒါပေမယ့် ကောင်လေးတွေက ငါ့ကို ဖျားဖျားတုန်အောင် ကြောက်နေကြတယ်၊ ကဲ...ဘယ်လိုလုပ်မလဲ'

'အင်း..........'

ကျွန်တော် သက်ပြင်းရှည်ကြီးသာ ချမိပါသည်။ **သံသရာတွင် လည်နေ သမျှ ကာလပတ်လုံး ပြီးပြည့်စုံသော ဘဝကို မရနိုင်ပါလား။**

**ထွန်း(နောင်ချို)**

**[မှတ်ချက်။ ။ နတ်ဝင်သည် နန်းစော စော၏ ပြောပြသမျှ အကြောင်းကို သင့်လျော်သလို တန်ဆာဆင် ရေး သားထားကြောင်း ဝန်ခံပါသည်။]**



www.burmeseclassic.com

www.burmeseclassic.com



လင်းလက်
(အင်းတော်ကြီး)

# ကိုယ်တွေ့ကြုံရ

## ယုံလိုက်ပြီ

ကျွန်တော်တို့၏ အနီးအနား ပတ်ဝန်းကျင်၌ သာမန်လူတို့မျက်စိဖြင့် မမြင်တွေ့နိုင်သော ပြိတ္တာဘုံသား တစ္ဆေ သရဲ၊ ဥစ္စာစောင့်များ သွားလာ လှုပ်ရှားနေထိုင်လျက်ရှိပါသည်။ ပြိတ္တာဘုံသား ပရလောကသားများရှိကြောင်းကို တချို့က လက်ခံယုံကြည်ကြ၍ တချို့က လက်ခံယုံကြည်ခြင်း မရှိကြပေ။

မိမိမျက်စိဖြင့် မမြင်တွေ့ရသော်ငြား ပရလောကသားများကို မလေးမစား မပြုမူ၊ မပြောဆိုသင့်ပါ။ တစ်ခါတလေ ယုံကြည်မှုကြောင့် ကောင်းကျိုးချမ်းသာများ ရရှိနိုင်သလို မလေးမစား အပြုအမူများကြောင့်လည်း ဘေးဒုက္ခ ဆိုးကျိုးများ ကြုံတွေ့ရတတ်ပါသည်။

သုံးဆယ့်တစ်ဘုံသားတို့ မည်သည့် အရိယာပုဂ္ဂိုလ်များ မဖြစ်သေးသမျှ ကာလပတ်လုံး သံသရာစက်ဝိုင်းထဲ၌ ကျင်လည်နေကြရပါသည်။

ထိုသို့ ကျင်လည်နေကြရစဉ် မိမိ ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် လူ၊ နတ် ချမ်းသာ စည်းစိမ်ကို ရရှိခံစားနိုင်သကဲ့သို့ တစ္ဆေ၊ သရဲ စသည့် ပြိတ္တာဘုံသို့လည်း ရောက်ရှိနိုင်ပါသည်။

ပရလောကသားများ ရှိကြောင်းကို မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ပေတဝတ္ထုများ ဖတ်ကြည့်ပါက သိရှိနိုင်ပါသည်။ ထို့ကြောင့် တစ္ဆေ၊ သရဲ၊ ကျတ်၊ မြေဖုတ်များကို မလေးမစား မပြောဆိုသင့်ပေ။

ယခင်က ကျွန်တော်သည် တစ္ဆေ၊ သရဲတို့ကို အယုံအကြည်မရှိခဲ့ပေ။ မယုံကြည်သောကြောင့် ပရလောကသားများကို မထီမဲ့မြင် ပြောဆိုခဲ့မိပါသည်။

ထိုအပြုအမူကြောင့် ဘေးအန္တရာယ်ဆိုးကျိုးနှင့် မကြုံတွေ့ခဲ့ရသော်လည်း စိတ်ချောက်ချားစရာ၊ စိတ်တုန်လှုပ်စရာများနှင့် ကြုံတွေ့ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

သည်။

လူကြီးမိဘများလည်း စိုးရိမ်သောကများဖြင့် အလုပ်ရှုပ်ခဲ့ရသည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် တစ္ဆေ သရဲ စသော ပရလောကသားများကို မလေးမစား မပြုမူရဲတော့ပေ။


ဤအဖြစ်အပျက်သည် **၁၉၉၄ ခုနှစ်က** ကိုယ်တိုင် ကြုံတွေ့ခဲ့ရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ရွာသည် ကချင်ပြည်နယ်၊ အင်းတော်ကြီးဒေသတွင် ပါဝင်သော **မိုင်းနောင်ရွာ** ဖြစ်ပါသည်။

အိမ်ခြေ(၄၀၀)ကျော်ရှိ၍ အများစုမှာ လယ်ယာလုပ်ငန်း၊ ရွှေလုပ်ငန်းများကိုသာ အဓိကထား လုပ်ကိုင်ကြသည်။ ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး မိရိုးဖလာ ရိုးရာဝေလှ ကိုးကွယ်သူများလည်း ရှိသည်။

ကျွန်တော်တို့ရွာ၏ တောင်ဘက်ပိုင်း၌ တွဲဖက် အလယ်တန်းကျောင်း ရှိပါသည်။ ထိုကျောင်းဝင်းထဲ၌ ရပ်ဝေးမှ ဆရာ၊ ဆရာမများ နေထိုင်ရန်အတွက် **"ပညာ့ရိပ်သာ"** အဆောင်ကို ဆောက်လုပ်ပေးထားပါသည်။

အဆောင်တွင် နေထိုင်ကြသော ဆရာ,ဆရာမများ အဖော်ရစေရန် ကျွန်တော်တို့ ကျောင်းသား,ကျောင်းသူများက စာကျက်ရင်း ညအိပ်စောင့်ပေးပါသည်။ ဆရာမများနှင့် ကျောင်းသူများက အဆောင်အပေါ်ထပ်၌ အိပ်ကြပြီး ကျွန်တော်တို့ ယောကျ်ားလေးများကတော့ အောက်ထပ်မှာ အိပ်ကြပါသည်။

တစ်ရက်တွင် ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် စားပွဲနတ် ခေါ်မေးကြရန် တိုင်ပင်ကြသည်။' စားပွဲနတ်မေးခြင်းဆိုသည်မှာ ညသန်းခေါင်အချိန်တွင် တစ္ဆေ၊ သရဲ၊ အစိမ်းသေ စသည့်



မမြင်ရသော ပရလောကသားများကို ခေါ်မေးခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ တောရွာများတွင် လူငယ်များသည် စားပွဲနတ်ခေါ်မေးသောအလေ့အကျင့် ရှိကြသည်။ တချို့က ယုံယုံကြည်ကြည်မေးကြပြီး တချို့က မယုံကြည်သောကြောင့် ပေါက်တတ်ကရ မေးတတ်ကြပါသည်။

လူကြီးသူမများက **"မလုပ်ကောင်းဘူး။ ရွာပျက်တတ်တယ်"**ဟု ပြောသံကြားဖူးပါသည်။ လူကြီးများ ဘယ်လိုပင်ပြောပြော ကျွန်တော်တို့ သူငယ်ချင်းတစ်စုကတော့ လူငယ်ဘာဝ အရာရာကို စူးစမ်းလိုကြသည်။ လက်တွေ့မှ ယုံကြည်ချင်သူများ ဖြစ်သည်။

ထို့ကြောင့် တစ္ဆေ၊ သရဲတို့ကို ခေါ်ကောင်းသလား၊ မခေါ်ကောင်းသလား မစဉ်းစားမိဘဲ လူကြီးများမသိရအောင် စားပွဲနတ် ခေါ်မေးကြပါသည်။

စားပွဲနတ်ခေါ်ရာတွင် လေးထောင့်စားပွဲတစ်လုံးနှင့် ဖိနပ်တစ်စုံ လိုအပ်ပါသည်။ နေရာကတော့ စာသင်ကျောင်း၊ ဇရပ်၊ လမ်းဆုံလမ်းခွ၊ သင်္ချိုင်း စသည်ဖြင့် ကြိုက်ရာနေရာကို ရွေးချယ်ရသည်။

ကျွန်တော်တို့ကတော့ စာသင်ကျောင်းကို ရွေးထားပါသည်။ မယုံကြည်ဘူးဆိုသော်လည်း စားပွဲနတ်မေးမည့်အချိန်သည် ညသန်းခေါင် ဖြစ်သောကြောင့် နည်းနည်းတော့ ကြောက်စိတ် ဖြစ်ပေါ်မိသည်။

ထို့ကြောင့် ဘာအကြောင်းပဲဖြစ်ဖြစ် ထွက်မပြေးကြရန် တိုင်ပင်ရသည်။ အထူးသတိထားရသည်မှာ တစ္ဆေ သရဲတို့ကို ခေါ်မေးပြီးလျှင် နေရပ်သို့ ပြန်ပို့ရပါသည်။ ပြန်မပို့ပါက ခေါ်သူနောက်သို့ တကောက်ကောက် လိုက်ပါနေတတ်သည်။

ကျွန်တော်တို့ စောင့်မျှော်နေသော လကွယ်ညရောက်သောအခါ စားပွဲနတ်မေးရန် စီစဉ်ပါသည်။ ဦးစွာ စားပွဲတစ်လုံးကို ယူပြီး စားပွဲခြေထောက် နှစ်ချောင်းကို ထောင့်ဖြတ်၍ ဖိနပ်ကို ခုထားရသည်။

ပြီးလျှင် စားပွဲနတ် မေးသူတို့၏ လက်တစ်ဖက်ကို စားပွဲပေါ်သို့ ခပ်ဖွဖွ လေးတင်ထားပါသည်။ ထို့နောက် ဦးဆောင်သူမှ...

'လမ်းကြိုလမ်းကြား လမ်းလေးခွ၌ နေထိုင်ကျက်စားကြသော၊ သင်္ချိုင်းကုန်း၌ နေထိုင်ကြသော တစ္ဆေ၊ သရဲ၊ အစိမ်းသေ၊ မြေဖုတ်များအားလုံး ဒီစားပွဲပေါ်ကို ငါ့ အမိန့်ကြောင့် လာရောက်ကြရမည်။ ရောက်လာရင် အချက်ပေး'

မကြာမီ ဖိနပ် မခုထားဘဲ လွတ်နေသည့် စားပွဲခြေထောက် နှစ်ချောင်းမှ တဒုန်းဒုန်း အသံများ ထွက်ပေါ်လာသည်။ လမိုက်ည မှောင်မှောင်မည်းမည်းထဲမှာ တစ်ယောက်မျက်နှာ တစ်ယောက် မမြင်ရပေ။

ကျွန်တော့်စိတ်ထဲ နည်းနည်းတော့ လန့်မိပါသည်။ သို့သော်လည်း လူငယ်ဖြစ်သောကြောင့် ကြောက်စိတ်ထက် စူးစမ်း လေ့လာချင်စိတ်က ပိုများနေသည်။

ထို့ကြောင့် ပေါက်တတ်ကရတွေ မေးကြသည်။

'တစ္ဆေ သရဲတွေ ရောက်ပြီဆိုတော့ ... နဲ့နေရတာ ပျော်လား ... ပျော်တယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ခပ်ကြုပ်ကြုပ်လေး'

လို့ ပြောလိုက်သည်နှင့် တဒုန်းဒုန်း အသံများ ကျယ်လောက်စွာ ထွက်ပေါ်လာတော့သည်။ တစ္ဆေ၊ သရဲတွေ တကယ် လာ၊ မလာ မသိရသော်လည်း ကျွန်တော်တို့ကတော့ စားပွဲနတ် မေးရတာကို ပျော်ကြသည်။

တစ်ညမှာတော့ တစ္ဆေ၊ သရဲတွေကို နေရပ်သို့ ပြန်မပို့ဘဲ ကျွန်တော်က ပါးစပ်သရမ်းပြီး…

'ကဲ…သရဲမတွေ ငါတို့နဲ့ နေရတာ ပျော်ရင် ငါတို့နေတဲ့အဆောင်ကို လိုက်လာခဲ့'

ဆိုပြီး ခေါ်လိုက်ပါသည်။ အဆောင်ကိုရောက်တော့ ကျွန်တော်က မယုံကြည်တာနှင့်…

'ကဲ…မင်းတို့ လိုက်လာကြသလား။ လိုက်လာရင်လဲ ဒီအဆောင်မှာ ငါတို့နဲ့နေကြ'

လို့ ထပ်ဆင့်၍ ပြောလိုက်မိသည်။ အပေါ်ထပ်က ဆရာမများနှင့် ကျောင်းသူတွေကတော့ အိပ်မောကျနေပြီ။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုသာ ခိုးကြောင်ခိုးဝှက်နှင့် စားပွဲနတ်မေးနေကြသောကြောင့် ညဉ့်နက်မှ အဆောင်ပြန်ရောက်ခြင်း ဖြစ်သည်။

ကျွန်တော်တို့ အိပ်ပျော်ရုံပဲရှိသေးချိန်တွင် အပေါ်ထပ်ကလိုလို၊ အောက်ထပ်ကလိုလိုနှင့် စားပွဲနတ်မေးနေသကဲ့သို့ တဒုန်းဒုန်းအသံများကို ကြားရပါသည်။ စိတ်ထင်လို့နေမှာပါဟု တွေးနေတုန်း ကျွန်တော်နှင့်အတူ အိပ်သော သန်းရွှေက လက်ကုတ်လာသည်။ ကြားလားဆိုသည့်သဘော။

ကျွန်တော်တို့ ဆက်အိပ်လို့ မရတော့ပေ။ တဒုန်းဒုန်းအသံတွေက အဆက်မပြတ် ထွက်ပေါ်နေသောကြောင့် ဖြစ်သည်။ တစ္ဆေ၊ သရဲမရှိနိုင်ဘူး အထင်နှင့် အပြောင်အပျက် ခေါ်လိုက်သော်လည်း အခုတော့ တကယ်လိုက်လာ



ပြီထင်ပါသည်။

ခဏအကြာတွင် အပေါ်ထပ်မှ ဆရာမဒေါ်စိုးစိုး နိုးလာပြီး…

'သားလေးတို့ ဘာလုပ်နေကြတာလဲ၊ တဒုန်းဒုန်းနဲ့ ညဉ့်နက်နေပြီ အိပ်ကြတော့လေ'

ဟု ပြောပါသည်။ ဆရာမဒေါ်စိုးစိုးလည်း တဒုန်းဒုန်းအသံကို ကြားရတာ သေချာပြီ၊ ကျွန်တော်တို့ စိတ်ထင်တာ မဟုတ်တော့ပေ။

ကျွန်တော်တို့ အိပ်ရန်ကြိုးစားသော်လည်း လူသံတွေ တိတ်ဆိတ်သွားသည်နှင့် တဒုန်းဒုန်းအသံက ထွက်ပေါ်လာမြဲဖြစ်သည်။ ညဉ့်နက်သန်းခေါင် စားပွဲနတ်မေးတုန်းက မကြောက်ခဲ့သော ကျွန်တော် အခုတော့ ကြောက်ဒူးတုန်နေပြီဖြစ်သည်။

မနက်မိုးလင်းတော့ ဆရာမဒေါ်စိုးစိုးက ကျွန်တော်တို့ကို မသင်္ကာ၍ မေးပါသည်။ ကျွန်တော်တို့လည်း စားပွဲနတ်မေးပြီး တစ္ဆေ၊ သရဲတွေကို အဆောင်သို့ လိုက်ခဲ့ရန် ခေါ်ခဲ့မိကြောင်း အမှန်အတိုင်း ရှင်းပြပါသည်။

ညရောက်သောအခါ ဆရာမများက ပရိတ်ရွတ်ဖတ်ပြီး မေတ္တာပို့ကြသော်လည်း တဒုန်းဒုန်းအသံကို ကြားရမြဲဖြစ်သည်။ အသံကြားရာဆီ သွားကြည့်လျှင် ဘာမှ မတွေ့ရဘဲ တိတ်ဆိတ် ငြိမ်သက်နေပါသည်။

လူသံတိတ်သွားသည်နှင့် ဟိုကလိုလို၊ ဒီကလိုလို ကြားရပြန်သည်။ ကျွန်တော်တို့ မအိပ်ရသည့်ညတွေလည်း များလာသည်။

နောက်ဆုံး တစ္ဆေ၊ သရဲများကို အဆောင်ကနေ ဘယ်လိုနည်းနှင့်မှ နှင်ထုတ်၍ မရသောအခါ လူကြီးမိဘများက ဆရာတော်ကြီးများကို လျှောက်ထားရပါသည်။ ဆရာတော်ကြီးများ အဆောင်သို့ ကြွလာပြီး အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပေးပါသည်။ မေတ္တာပို့ အမျှ ပေးဝေကြသည်။

ကျွန်တော်တို့ကိုလည်း တစ္ဆေ၊ သရဲတွေကို မခေါ်ကောင်းကြောင်း၊ မမြင်ရသော နာနာဘာဝများ တကယ်ရှိကြောင်း မိန့်ကြားပါသည်။

ထို့နောက် ကျွန်တော်တို့ကို ပရိတ်ချည်၊ ပရိတ်ကြိုးများ ချည်နှောင်ပေးပြီး သရဏဂုံသုံးပါးကို အမြဲရွတ်ဖတ်ရန်နှင့် ပရလောကသားတို့ကို မေတ္တာပို့၊ အမျှပေးဝေရန် သင်ကြားပေးပါသည်။

ဆရာတော်များ ပရိတ်ရွတ်ဖတ်ပူဇော်ပြီးသည့်နေ့မှစ၍ ကျွန်တော်တို့ နေသောအဆောင်တွင် မည်သည့်အသံမှ မကြားရတော့ပေ။ ထိုအခါတွင်မှ မိဘများ၊ ဆရာ,ဆရာမများလည်း သက်ပြင်းချနိုင်တော့သည်။

ထိုနေ့မှစ၍ မမြင်ရသော ပရလောကသားများကို မထီမဲ့မြင် မပြောဆိုဝံ့တော့ပေ။ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် လူတို့၏ သာမန်မျက်စိဖြင့် မမြင်ရသော ပရလောကသားများ တကယ်ရှိကြောင်း ကိုယ်တွေ့ကြုံ၍ ယုံကြည်လိုက်ပြီ ဖြစ်ပါသည်။

လင်းထက်(အင်းတော်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

(၁)

မိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်က အယ်နီညိုကြောင့် ရာသီဥတုဖောက်ပြန်မယ်လို့ သတိပေးတယ်။ အဲဒီအထဲမှာ "မိုးကြိုးတွေပစ်မယ်" ဆိုတာလဲ ပါတယ်။

မိုးကြိုးပစ်မယ်ဆိုတာ ကြားတော့ မိုးကြိုးပစ်ခံရလို့ သေတဲ့လူ(၂)ယောက်ကို သတိရလိုက်တယ်။

(၂)

ကျွန်တော်က အ.မ.က တလုတ်ထော်မှာ မူလတန်းကျောင်းအုပ် လုပ်တဲ့အချိန်။ ရင်းနှီးတဲ့ မိဘနှစ်ယောက်ရှိတယ်။ တစ်ယောက်က ဦးအောင်မြင့်၊ နောက်တစ်ယောက်က ဦးဆင်ပေါက်။

ဦးအောင်မြင့်ရဲ့သား မောင်မျိုးမင်းက ကျွန်တော့်ကျောင်းသား၊ ဒုတိယတန်း။ သူတို့မိသားစုနေတာက ဘုရားကြီးထောင့်။

မောင်မျိုးမင်းမှာ အစ်ကိုနဲ့ မမရှိတယ်။ အစ်ကိုကြီးက မောင်မျိုးဝင်း၊ မမက မမြင့်မြင့်ဝင်း။

သူတို့မောင်နှမက အင်းမ အ.လ.ကမှာ ပညာသင်ယူတယ်။ အဲဒီအချိန်က အင်းမမှာ အ.ထ.က မရသေးဘူး။

ဦးအောင်မြင့်က လယ်သမား။ သူ့လယ်နားမှာ ကုက္ကိုပင်ကြီးတစ်ပင် ရှိတယ်။

ကုက္ကိုပင်ကြီးက အကြီးကြီး။ ပြီးတော့ တစ်ပိုင်းသေနေပြီ၊ အစိုတစ်ဝက်၊ အခြောက်တစ်ဝက်ဆိုပါတော့။

စနေနေ့ ကျောင်းပိတ်ရက်ဖြစ်တော့ သားကြီးမောင်မျိုးဝင်းက သူ့အဖေ



ပန်းတနော် ရှောင်လစ်

# သိပ္ပံနဲ့ အခါခါကဲ

ဦးအောင်မြင့်ကို ကူညီတယ်။

လယ်ထွန်တဲ့နေရာမှာ ဝိုင်းကူညီတာ တောသူတောင်သားတွေဆိုတော့ လုပ်တတ်ကိုင်တတ်တယ်။

ထမင်းစားချိန်ရောက်တော့ မမြင့်မြင့်ဝင်းက ထမင်းတောင်းလေး ခေါင်းပေါ်ရွက်ပြီး အဖေနဲ့အစ်ကို စားဖို့ သွားပို့တယ်။

လယ်စောင့်တဲက သေးသေးလေး၊ နိမ့်နိမ့်လေး သိပ်လဲ မကျယ်ဘူး။

'အဖေရေ... ထမင်းစားမယ်၊ အစ်ကိုရေ ထမင်းစားမယ်'

လို့ အော်ခေါ်ပြီး ထမင်းတောင်းကို ခေါင်းပေါ်ကအချ ရုတ်တရက် မိုးရွာချခဲ့တယ်။

ဦးအောင်မြင့်နဲ့ မောင်မျိုးဝင်းလဲ လယ်စောင့်တဲဆီ ရောက်အောင် ပြန်ပြေးခဲ့ကြရတာပေါ့။

ထမင်းစားလို့ကတော့ မဖြစ်သေးဘူး။ မိုးတွေကလဲ ရွာနေတုန်း ခေါင်ကအစ မလုံတဲ့တဲဖြစ်လို့ မိုးတွေကလဲ ယိုနေတယ်။

သားအဖသုံးယောက်က တဲပေါ်ထိုင်ပြီး ခြေထောက်တွေကိုတော့ မြေ



www.burmeseclassic.com

www.burmeseclassic.com

ကြီးနဲ့ ထိထားတယ်။ တကယ်မြေကြီးနဲ့ ခြေထောက်ထိနေတာက ဦးအောင်မြင့် သူက ဖိနပ်မစီးတဲ့လူ။

သားနဲ့သမီးက ဘေးတစ်ဖက်စီမှာ။ သူတို့နှစ်ယောက်ရဲ့ ခြေထောက်ထဲမှာ စီးထားကြတာက ရော်ဘာဖိနပ်တွေ။

မမြင့်မြင့်ဝင်းကတော့ အိမ်က ထွက်လာကတည်းက ရော်ဘာဖိနပ် စီးထားတာ၊ မောင်မျိုးဝင်းကတော့ လယ်ထဲလာတုန်းက စီးလာတဲ့ ရော်ဘာဖိနပ်ကို လယ်စောင့်တဲမှာ ချထားပြီး လယ်ထဲမှာ အဖေ့ကို ကူညီတယ်၊ မိုးရွာလို့ တဲကို ပြန်လာရောက်တော့မှ ပြန်စီးတာ။

လယ်စောင့်တဲက ကျဉ်းတော့ သားအဖသုံးယောက် ကိုယ်လုံးချင်း ထိနေတယ်။

မိုးရွာတာက သိပ်မကြာပါဘူး။ ဒါပေမယ့် မိုးကြိုး သုံးချက်ပစ်တယ်။ ပထမတစ်ချက်နဲ့ ဒုတိယတစ်ချက် ဘာကို ထိတာလဲ မသိဘူး။ သိတာက တတိယ တစ်ချက်။

အဲဒီ လယ်စောင့်တဲနားက အစိုတစ်ဝက်၊ အခြောက်တစ်ဝက်ဖြစ်နေတဲ့ ကုက္ကိုပင်ကြီးကို တည့်တည့်ထိတာ။

ထိတယ်လို့ ပြောနိုင်တာက ကောင်းကင်က ဆင်းလာတဲ့ လျှပ်စစ်တန်းကြီးက ကုက္ကိုပင်ကြီးဆီ ရောက်လာတာမြင်ကြရလို့။

ပြီးတော့...

"ဂျိမ်း"ဆိုတဲ့ အသံကြီးနဲ့ မိုးကြိုးပစ်သံကြားလို့။

နောက်ပြီး အဲဒီကုက္ကိုပင်ကြီး မီးဟုန်းဟုန်းလောင်တာ တွေ့ရလို့...

တတိယအကြိမ် မိုးကြိုးပစ်ပြီး ခဏမှာပဲ မိုးလဲ စဲသွားတယ်။ မိုးစဲတာနဲ့ လူတွေရောက်လာတယ်။ လယ်နီးချင်းက လယ်သမားတွေရော၊ ရွာသားတွေရော။

'ဗျို့... ကိုအောင်မြင့် ဘာဖြစ်သွားသေးလဲ'

ခပ်လှမ်းလှမ်းက အော်မေးတယ်။ ဖြေသံမကြားဘူး။ ဒါကြောင့် မလှမ်းမကမ်းရောက်တော့ ထပ်ခေါ်ကြည့်တယ်။

'ကိုအောင်မြင့် ကိုအောင်မြင့်'

ထူးသံကို မကြားရဘူး။ ကုက္ကိုပင်ကြီးက မီးကိုငြိမ်းတဲ့လူတွေကလဲ ငြိမ်းနေကြပြီ။

ဒီအချိန်မှာ ဦးအောင်မြင့်ရဲ့ လယ်စောင့်တဲနား ရောက်လာကြတဲ့ လူတွေဆီက...

'ဟာ'

'ဘယ်လိုဖြစ်ကြရတာလဲ'

'မိုးကြိုးပစ်ခံရကြတာလား'

'သားအဖသုံးယောက်လုံး ပက်လက်လန်နေတော့ မိုးကြိုးစက်ကွင်း မလွတ်တာဖြစ်မယ်'

'မိုးကြိုးပစ်ခံရတာက ကုက္ကိုပင်ကြီးဆိုတော့ စက်ကွင်းမလွတ်တာ ဖြစ်နိုင်တယ်'

'ဦးအောင်မြင့်က တစ်ကိုယ်လုံး မည်းနေတာဆိုတော့ မိုးကြိုးပစ်ခံရတာ ထင်တယ်'

'မဟုတ်ဘူး ဒီလူက နဂိုကတည်းက အသားမည်းတာ'

'သားနဲ့ သမီးက အရင်အတိုင်း ညိုတာဖြူတာဆိုတော့ စက်ကွင်းပဲ ထိတာဖြစ်မယ်'

'လက်နဲ့ သွားမထိကြနဲ့'

သားအဖသုံးယောက် ကုက္ကိုပင်ကြီးကို ထိမှန်တဲ့ မိုးကြိုးစက်ကွင်း မလွတ်ဘူးဆိုတာ မှန်တယ်။

စက်ကွင်းမလွတ်လို့ လျှပ်စစ်စီးတဲ့ဒဏ်ကြောင့် မောင်မျိုးဝင်းနဲ့ မမြင့်မြင့်ဝင်းက ဓာတ်လိုက်ခံရပြီး သတိလစ်သလို ဖြစ်နေကြတာ။

ဦးအောင်မြင့်ကတော့ ပွဲချင်းပြီးသေတယ်။ မြေကြီးထဲကလာတဲ့ လျှပ်စစ်စီးကြောင်းက သူတို့သုံးယောက်စီ ရောက်လာတာ။

ရော်ဘာဖိနပ်တွေ စီးထားကြတဲ့ သမီးနဲ့ သားဆီကို လျှပ်စစ် မစီးနိုင်ဘူး။

မြေကြီးနဲ့ ခြေထောက်ထိထားတဲ့ ဦးအောင်မြင့်ကတော့ ခြေထောက်ကတစ်ဆင့် လျှပ်စစ်တွေ တစ်ကိုယ်လုံး စီးဝင်ပြီး နေရာမှာတင် သေခဲ့ရတာ။

သူနဲ့ ကိုယ်လုံးချင်း ထိနေတဲ့ သားနဲ့ သမီးကလဲ သူ့ကိုယ်ထဲက လျှပ်စစ်ကို လက်ခံရတာ။

မောင်မျိုးဝင်းနဲ့ မမြင့်မြင့်ဝင်းတောင်မှ အဲဒီတုန်းက သားဖွားဆရာမ မခင်ဦးကောင်းလို့ လိုအပ်သလိုပြုစုပြီး အင်းမကို မြန်မြန်ရောက်အောင်လို့ ပို့နိုင်လို့ အသက်တွေရှင်တာ။

ဦးအောင်မြင့်ကို ပစ်တာ မဟုတ်ပေမယ့် ကုက္ကိုပင်ကြီးကို ပစ်တဲ့ မိုးကြိုးက သိပ္ပံနည်းကျကျဖြစ်လာတဲ့ မိုးကြိုး။

## (၃)

ဦးဆင်ပေါက်ရဲ့သမီး ပန်းဝတ်မှုန်ကလဲ ကျွန်တော့် တပည့်မ။ သူတို့မိသားစုနေတာက အညာစု။ ဦးဆင်ပေါက်က ကတောက်ဆပ်ချောင်းရိုးကြီးထဲမှာ ရေပေါ်ရေလျှံ ရှာစားတဲ့လူ။

မိုးတဖွဲဖွဲ ရွာတဲ့ ညနေခင်း။ အဲဒီအချိန်မှာ ဦးဆင်ပေါက်နဲ့ ဦးတောက်ထိန်က ငါးမျှားတန်းလိုက်တယ်။

ငါးမျှားတန်း လိုက်တယ်ဆိုတာက ချထားတဲ့ ငါးမျှားတန်းမှာ မိနေတဲ့ ငါးတွေကို လိုက်ဖြုတ်ယူတာကို ပြောတာ။

ချောင်းရိုးထဲမှာ ဝါးတိုင်တွေစိုက်၊ တစ်တိုင်နဲ့တစ်တိုင်ကို ကြိုးနဲ့ ဆက်၊


www.burmeseclassic.com

www.burmeseclassic.com



တိုင်တွေက အနည်းဆုံး လေး၊ ငါး တိုင်၊ တစ်တိုင်နဲ့ တစ်တိုင် အကွာအဝေးက ခုနစ်လံ၊ ရှစ်လံလောက်၊ ဆက်ထားတဲ့ကြိုးက ရေပေါ်မှာ တစ်ထွာ တစ်တောင် အမြင့်။

အဲဒီကြိုးတန်းမှာ ငါးစာတပ်ထားတဲ့ ငါးမျှားချိတ်ပါတဲ့ ကြိုးတွေကို တစ်တောင့်ထွာ အကွာလောက်မှာ ချည်၊ ငါးမျှားချိတ်က ရေထဲမှာ။

ငါးစာကိုသာမြင်တဲ့ ငါးတွေက ငါးမျှားချိတ်ကို မမြင်ဘဲ ငါးစာကို စားလိုက်ကြတော့ ငါးမျှားချိတ်နဲ့ ချိတ်မိကြတာပေါ့။ အဲဒီငါးတွေကို ဦးဆင်ပေါက်တို့က လိုက်ဖြုတ်ယူတာ။

ရေထဲမှာ လှေစီးရတာ သူတို့လို ရေပေါ်ရေလှုံ့ရှာစားတဲ့ လူတွေအတွက် ဘာခက်တာမှတ်လို့၊ ပဲ့ကိုင်တာက ဦးတောက်ထိန်၊ လှေဦးက ဦးဆင်ပေါက်က ငါးမျှားတန်းလိုက်ငါးဖြုတ်။

တစ်ကောင်ပြီး တစ်ကောင် ဖြုတ်ယူနေတဲ့ ဦးဆင်ပေါက် ငါးတစ်ကောင်ကို ဖြုတ်ယူရ ခက်ခဲတယ်။ အဲဒီ ငါးက စိုက်ထားတဲ့ ဝါးတိုင်တစ်တိုင်ကို ရစ်ပတ်ရင်း ကြိုးချည်သလို ဖြေလို့မရ ဖြစ်ခဲ့တာ။ ဒါကြောင့် ဦးဆင်ပေါက်က ဖြုတ်ယူဖို့ ရေထဲ ဆင်းလိုက်ရတယ်လေ။

ရေထဲဆင်းလိုက်တဲ့အချိန်မှာ မိုးက ပိုသည်းလာတယ်။

'ဆင်ပေါက်ရေ မြန်မြန်ဖြုတ်ဟေ့'

'အေးပါကွ'

'မိုးသည်းလာပြီကွ'

ဦးဆင်ပေါက်က ငါးကို မြန်မြန်ဖြုတ်ပြီး လှေပေါ် ပစ်တင်လိုက်တယ်။ ပြီးတော့ လှေပေါ်ပြန်တက်ဖို့ ရေထဲက ခြေထောက်တစ်ဖက်ကို လှေနံရံပေါ် ပစ်အတင်မှာ...

''ဂျိမ်း''ဆိုတဲ့ မိုးကြိုးပစ်သံကြီးနဲ့ သူ့ဆီ တန်းဆင်းလာတဲ့ လျှပ်စစ်တန်းကြီးကြောင့် ရေထဲ ပြန်ငုပ်လိုက်ရတယ်။

ရေငုပ်ပြီး ခေါင်းပြန်ဖော်တော့ အဲဒီကောင်းကင်က ထိုးကျလာတဲ့ လျှပ်စီးတန်းကြီးက သူတို့ လှေနားရောက်တော့ အပေါ်ကို ပြန်တက်သွားတာ မြင်လိုက်ရတာပေါ့။

ဒီတော့မှ လှေပေါ် ပြန်တက်ဖို့ ဟန်ပြင်တယ်။ လှေပေါ်ကို ခြေထောက် ပြန်မရောက်ခင်''ဂျိမ်း''ဆိုတဲ့ မိုးကြိုးပစ်သံကို ကြားရပြန်ပါရော။

ပြီးတော့ စောစောကမြင်တဲ့ လျှပ်စီးတန်းမျိုး ကောင်းကင်ပေါ်က သူတို့ဆီ ထိုးဆင်းလာတာတွေ့ရလို့ ''ဖွမ်း'ခနဲ ရေသံကြားအောင် ကသုတ်ကရုတ် ငုပ်လိုက်ရပြန်ပါတယ်။

ပြောရရင် ရေထဲက ဦးဆင်ပေါက် လှေပေါ်ပြန်တက်မယ် လုပ်လိုက်၊ မိုးကြိုးက... ''ဂျိမ်း'' ဆိုပြီး ပစ်လိုက်။ လျှပ်စီးက တဝင်းဝင်းလက်ပြီး သူတို့ လှေဘက် ရောက်လာလိုက်ဖြစ်တာ ခုနစ်ကြိမ်၊ ရှစ်ကြိမ်အထိပါပဲ။

အဲဒီလို မိုးကြိုးတစ်ကြိမ်ပစ်လိုက်၊ လျှပ်စီးတန်းကြီးက သူတို့ဆီ တန်းဆင်းလာတာ မြင်လိုက်ဖြစ်တော့ ရေထဲက ဦးဆင်ပေါက်သာ ကြောက်တာမဟုတ်ဘူး။ လှေပဲ့ကိုင်နေတဲ့ ဦးတောက်ထိန်လဲ ကြောက်တာပဲ။

ဦးတောက်ထိန်က သူ ဘယ်လောက်ကြောက်လို့ ဘယ်လိုနေပြီး ဘာဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော့်ကို...

'ဆရာရယ်.... ပထမဆုံး မိုးကြိုးပစ်သံနဲ့ လျှပ်စီးတန်းကြီး ကျွန်တော်တို့ဘက်ကို ကောင်းကင်က တန်းဆင်းလာတာလဲ မြင်ရော ကျွန်တော် တစ်ခါတည်းနဲ့ လှေဝမ်းထဲကို အလျားထိုးမှောက်လိုက်တာပဲ ကြောက်လွန်းလို့ သေးတောင်ပါတယ်'

ဆိုပြီး ပြောခဲ့တာ မှတ်မိပါသေးတယ်။

မိုးကြိုးပစ်တဲ့ ခုနစ်ကြိမ်ရှိပြီးတော့ မိုးစဲသွားတယ်။ ဒီတော့မှ ဦးဆင်ပေါက်က လှေပေါ်တက်ဖို့ ဟန်ပြင်တယ်။ ရေထဲမှာ နေရတာ အေးနေပြီလေ။ ရေပေါ်ကို ခေါင်းဖော်လိုက်၊ ရေထဲကို ပြန်ငုပ်လိုက် လုပ်ရတော့ အေးတာပေါ့။

ဦးဆင်ပေါက်ကသာ ရေထဲက လှေပေါ်ပြန်တက်ဖို့ ဟန်ပြင်နေတာ။ လှေပဲ့ကိုင်တဲ့ ဦးတောက်ထိန်ကတော့ လှေဝမ်းထဲ ဝမ်းလျားထိုးနေတဲ့

 စာမျက်နှာ (၂၅၄) သို့

www.burmeseclassic.com

www.burmeseclassic.com



သီလေးငယ်
(လယ်တော်)

# ဟွန်းတီးရှင့် နယ်မြေ

သကြံန်ရက်ရှည် ရုံးပိတ်ရက်တွင် စာရေးသူမှာဇာတိဖြစ်သောရှမ်းပြည်နယ်သို့ မပြန်ဘဲ သူငယ်ချင်းဖြစ်သူရှိရာ တောင်ငူသို့ အလည်ခရီး သွားရောက်ခဲ့ပါသည်။

သူငယ်ချင်းဖြစ်သူအား ကြိုတင်ဖုန်းဆက်ထားသောကြောင့် ကျွန်တော်အလာကို သူငယ်ချင်းဖြစ်သူမှ ဆိုင်ကယ်ဖြင့် လာရောက်စောင့်ကြို၍ နေပါသည်။

ထို့ကြောင့် စာရေးသူသည်လည်း သူငယ်ချင်းဖြစ်သူ စောင့်ကြိုနေသောနေရာဖြစ်သည့် တောင်ငူမြို့အဝင် ခပေါင်းတံတားခြေရင်းတွင် ဆင်းလိုက်ပြီး၊ ခပေါင်းတံတားခြေရင်းမှသည် တောင်ဘက် လမ်းခွဲလေးအတိုင်း သူငယ်ချင်းဖြစ်သူတို့ ရွာသို့ ခရီးဆက်ခဲ့ပြန်လေသည်။

ဆိုင်ကယ်ကို ကောင်းစွာ မောင်းနှင်နိုင်သူဖြစ်သောကြောင့် စာရေးသူမှ ဆိုင်ကယ်ကို ရှေ့မှ မောင်း၍ လာခဲ့ပါသည်။ ဤသို့လျှင် စာရေးသူတို့ သူငယ်ချင်းနှစ်ယောက်မှာ ထိုလမ်းခွဲလေးအတိုင်း ခရီးဆက်ခဲ့ကြရာ စစ်တောင်းမြစ်လေးကို ရောက်ရှိခဲ့ကြပါသည်။ စစ်တောင်းမြစ်လေးသို့ ရောက်ရှိချိန်တွင် ကျွန်တော် လွန်စွာအံ့ဩသွားခဲ့ရပါသည်။

ယခင်က စစ်တောင်းမြစ်တံတားလေးမှာ ထိုဒေသသားများ ကိုယ်ထူကိုယ်ထ သစ်သားတံတားလေးဖြစ်ပြီး၊ ထို ယိုင်နဲ့နဲ့တံတားလေးကို ကြောက်လန့်တကြား ဖြတ်ကျော်ခဲ့ကြလေသည်။

ယခုအခါတွင်မူ အစိုးရ၏ တည်ဆောက်ပေးမှုဖြင့် လှပတင့်တယ်သောတံတားလေးမှာ ထီးထီးကြီးတည်ရှိလျက် ရှိနေသည်မှာ ပီတိဖြာစရာဖြစ်လေသည်။ ခိုင်ခံ့လှပသော တံတားလေးကို လေးအေးအေးလေးမှာဖြင့် ကျွန်တော်တို့ ဖြတ်ကျော်လာကြပြီးသော် အစိုးရရုံးများဆိုက်ရာ မြို့ဖြစ်သည့် ထန်းတပင်မြို့လေးသို့ ရောက်ရှိခဲ့လေသည်။

ထို ထန်းတပင်မြို့လေးမှသည် စာရေးသူတို့ သွားလိုသော သူငယ်ချင်းဖြစ်သူ နေထိုင်ရာရွာသို့ ရောက်ရန်အတော်လေး ခရီးဆက်ရဦးမည်ဖြစ်လေသည်။

တဖြည်းဖြည်း နှစ်ဦးသား စကားတပြောပြောဖြင့် မောင်းနှင်လာခဲ့ရာ ရွာတန်းရှည်ကြီးများကို ဖြတ်ကျော်လာခဲ့ရပြီးသော် ကျွန်တော်တို့ သွားလိုသော သူငယ်ချင်းရွာသို့ ရောက်ရန် နီးကပ်၍ လာခဲ့ပါသည်။ နှစ်ဦးသား စကားတပြောပြောဖြင့် မောင်းနှင်လာခဲ့ရာ ရွာသို့ရောက်ခါနီးမှ စကားကြော ပြတ်သွားခဲ့လေသည်။

ကျွန်တော်သည်လည်း ရှေ့ရှုလွန်းသောကြောင့် အိမ်သို့ အမြန်ရောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အရေးသာ ဆိုင်ကယ်ကို အရှိန်ပြင်းပြင်း မောင်းနှင်၍ နေပါသည်။

ဤသို့လျှင် ရွာအဝင် တခေါ်ပလုန် ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိလာခဲ့ပါသည်။

ထိုဘုန်းတော်ကြီး ကျောင်းသည်ကား ကားလမ်းဘေးတွင် တည်ရှိပြီး ထိုအနီးတစ်ဝိုက်ရွာမှ ပအိုဝ်းတိုင်းရင်းသားများ ကိုးကွယ်ကြသောကျောင်းဖြစ်ပါသည်။ ကျောင်းမုခ်ဦးသည် ကားလမ်းမကို မျက်နှာမူလျက်ရှိပြီး မုခ်ဦးမှာ ဟင်္သာငှက်ကြီး ပျံနေသည့် ပုံစံဖြင့် အသက်ဝင်လှပါ သည်။

ကားလမ်းမထက်တွင် လူသူရှင်းနေသောကြောင့် ကျွန်တော်မှ အရှိန်ကို ပြင်းအောင် ပိုတင်ကာ မောင်းလေသည်၊ ကားလမ်းမသည်လည်း ညီညာပြန့်ပြူးသောကြောင့် မောင်းနှင်၍ကောင်းလှလေသည်။

ဤသို့လျှင် တခေါ်ပလုန်ဘုန်းတော်ကြီးကျောင်း၏ မျက်စောင်းထိုး ကားလမ်းတစ်ဖက်ခြမ်းတွင်ရှိသော သချိုင်းရှေ့သို့ အရောက်တွင် သူငယ်ချင်းဖြစ်သူမှ...

'သူငယ်ချင်း...ဟွန်းတီး...ဟွန်းတီးလေ'

'ဟာ... ဘယ်သူမှ မရှိတာ၊ ဒီလောက် လူရှင်းနေတာကို ဘာလို့ ဟွန်းတီးရမှာလဲ၊ မင်းကလဲ မဟုတ်တာတွေ'

'တီးဆို တီးပါကွာ၊ ဒီနေရာက ဟွန်းတီးရတယ်'

'ဘာလို့လဲ'

'ဘာလို့လဲဆိုတာ...နောက်တော့ ငါပြောပြမယ်။ ခုတော့ တီးမှာဖြင့် တီးလိုက်'

စာရေးသူသည်လည်း စောဒက ထပ်တက်မနေတော့ဘဲ သူငယ်ချင်း ပြောသည့်အတိုင်း ဟွန်းကို ကမန်းကတန်း နှိပ်၍ တီးလိုက်မိပါတော့သည်။

'တီ...တီ...တီ...

ဟွန်းတီးရာ နေရာနှင့် အနည်းငယ် ကျော်လာသောအခါ စာရေးသူမှ သူငယ်ချင်းဖြစ်သူအား...

'ကဲ... ဆိုပါဦး သူငယ်ချင်းရာ၊ ဘာလို့ လူမရှိဘဲ ငါ့ကို အဲနေရာမှာ ဟွန်းတီးခိုင်းရတာလဲကွ'

'ဒီလိုရှိတယ် သူငယ်ချင်း။ အဲဒီနေရာက သချိုင်းကုန်းနေရာကြီးလေ။ အဲဒီသချိုင်းရာဇဝင်ကို မင်းလဲ သိပါတယ်'

ထိုသချိုင်းသည်ကား မကျွတ်မလွတ်သော ပရလောကသားများ ရှိခြင်း၊ ထိုပရလောကသားများသည် ညအခါ ထိုလမ်းနေရာတွင် လူများကို ခြောက်လှန့်တတ်ကြကြောင်း၊ တစ်ခါအတွက်မူ ထိုရွာဘက်မှ သူငယ်ချင်းနှစ်ယောက် ဆိုင်ကယ်ဖြင့် တောင်ငူမြို့သို့သွားစဉ် ထိုနေရာ ရောက်သည့်အခါ သချိုင်းမှ လူတွေကို ခြောက်လှန့်နေကြသော ပရလောကသားများကို ဆဲဆိုကြိမ်းမောင်းသွားပြီး အပြန် ညတွင် ရွာသို့ပြန်ရောက်ချိန်တွင် ထိုသူနှစ်ယောက်အား ဆိုင်ကယ်ပေါ်မှ တွန်းချသဖြင့် ထိုသူနှစ်ဦးလုံးမှာ နေရာတင် ပွဲချင်းပြီးသွားသော အကြောင်းများ စသည်တို့ကိုအား စာရေးသူ အကြမ်းဖျင်းသိပြီး ဖြစ်ပါသည်။

သို့သော် ယခုကဲ့သို့ ဟွန်းတီးခိုင်းခြင်းကိုတော့ စာရေးသူ နားမလည်နိုင်သေးပါ။

'ဟွန်းတီးခိုင်းတာက ပရလောကသားတွေနဲ့ ပတ်သက်နေတာလား သူငယ်ချင်း'

'သိပ်မှန်တာပေါ့ကွာ၊ ပရလောကသားတွေ တီးခိုင်းလို့ကို တီးရတာပေါ့'

'အဆန်းကြီးပါလား...သူငယ်ချင်း'

'အေး...ဟုတ်တယ်။ လွန်ခဲ့တဲ့ (၁)လလောက်က ဒီမှာ လင်မယားနှစ်ယောက် တောင်ငူကအပြန် ဆိုင်ကယ်မှောက်ပြီး ပွဲချင်းပြီးသွားတယ်။ သူတို့ ဆိုင်ကယ်မှောက်တာ တစ်ခုခုကို တိုက်မိသလိုမျိုးဖြစ်ပြီး လဲသွားတာပဲ။ ဒီလိုပဲ လူတွေ ခဏခဏ ဒီနေရာမှာ ဆိုင်ကယ်မှောက်တာတွေ ဖြစ်နေတော့ လူတော်တော်များများတောင် ဒီလမ်းကို ဖြတ်ဖို့ စိုးရိမ်နေကြတာပေါ့ကွာ။

ဒီလိုနဲ့ တစ်နေ့တော့ ဒီလင်မယားနှစ်ယောက် ဆိုင်ကယ်မှောက်ပြီး သေတာနဲ့ ပတ်သက်လို့ တခေါ်ပလုန်ကျောင်းက ဘုန်းကြီးကို အိပ်မက်ပေးတယ်။

ဘုန်းကြီးရဲ့အိပ်မက်ထဲမှာ အဝတ်စား ခပ်နွမ်းနွမ်းနဲ့ လင်မယားနှစ်ယောက် ငိုယိုပြီး ရောက်လာကြတယ်၊ ဘုန်းကြီးက ဘာဖြစ်ကြတာလဲမေးတော့ ငိုယိုပြီး ပြောတော့တာပဲတဲ့။

**သူတို့တွေ ပြောတာက သူတို့ ဒီ သချိုင်းကုန်းမှာ နေကြတာတဲ့။ ဟိုတစ်နေ့က လင်မယားနှစ်ယောက်က သူတို့ ကလေးလေးတွေ လမ်းပေါ်မှာ ဆော့ကစားနေတုန်း ဆိုင်ကယ်နဲ့ တိုက်သွားကြလို့ သူတို့ကလေးလေး သေသွားတယ်တဲ့။ ဒီက လူတွေက ဆိုင်ကယ်နဲ့ သူတို့ကလေးလေးတွေကို ခဏခဏ တိုက်မိနေကျဆိုပဲ။**

ဒါကြောင့် သူတို့ကလေးလေးတွေ ဒဏ်ရာ ရသူတွေကရ၊ သေသူကသေ



www.burmeseclassic.com

www.burmeseclassic.com

မို့ သူတို့ အရမ်းစိတ်ညစ်နေရကြောင်း ပြောတာပေါ့။ သူတို့ကလေးတွေလဲ သေရသေးတယ်၊ ဒီက လူတွေက သူတို့ကို အကောင်းမပြောကြဘူးတဲ့။ သူတို့ ခြောက်လှန့်လို့ လူတွေ သေကြတယ်လို့ ပြောကြသေးတယ်တဲ့။

ဒါကြောင့် သူတို့က တောင်းဆိုကြတယ်။ သူတို့နေတဲ့ ဒီနေရာလေးကို ရောက်ရင် သူတို့ကလေးတွေ ကစားနေကြတာ မတိုက်မိအောင် ဟွန်းသံ ပေးကြဖို့ ပြောပေးပါလို့ ဘုန်းတော်ကြီးကို အိပ်မက်ထဲက လာလျှောက်သွားကြတယ်လေ။

ဒါကို ဘုန်းတော်ကြီးက ရွာသားတွေကို ပြန်ပြီးပြီး ဒီနေရာရောက်ရင် ဟွန်းတီးကြ ဖို့ ပြောခဲ့တယ်။ ဒါကြောင့် ဒီနေရာရောက် ရင် ဘယ်သူမဆို ဟွန်းသံပေးပြီးမှ ဖြတ်ကြတယ်။

အဲဒီအချိန်ကစပြီး ခုချိန်ထိ ဒီနေရာမှာ ဆိုင်ကယ်တိုက်မိတာတို့၊ လဲတာတို့ မဖြစ်တော့ဘူး။ ဒီနေရာလေးကလဲ ဟွန်းတီးရန် နယ်မြေလို ဖြစ်နေတာပေါ့ကွာ'

'ထူးဆန်းတယ်နော် သူငယ်ချင်း။ သူတို့က ဒီမှာ အဲလို မိသားစုလိုက် နေထိုင်ကြတာကိုးကွ'

'ဟုတ်တယ် သူငယ်ချင်း။ သူတို့လို ပရလောကသားတွေကလဲ ငါတို့ ပတ်ဝန်းကျင်မှာ မှီတင်းနေထိုင်နေကြတာပဲ။ ငါတို့ မျက်စိနဲ့ မမြင်နိုင်တာပဲရှိတယ်။ သူတို့ကလဲ ငါတို့ ပတ်ဝန်းကျင်မှာ ငါတို့လိုပဲ သွားလာလှုပ်ရှားနေထိုင်ကြတာပဲလေ။ ဒါတော့ မယုံမရှိနဲ့ သူငယ်ချင်းရေ့ ခုက လက်တွေ့ပဲဟေ့'

'အင်း... သူငယ်ချင်း မှတ်သားလောက်ပါတယ်ကွာ'

'ပြီးတော့ လူတွေက တစ်ခုဆိုးတယ်။ စောစောက ဘုန်းကြီးကို အိပ်မက်လာပေးပြီး သူတို့ ပြောသလို ပရလောကသားတွေနေတဲ့ နေရာမှာ တစ်ခုခုဖြစ်ရင် ပရလောကသားတွေ လုပ်လို့,လို့ ပြောတတ်ကြတယ်။ သူတို့လဲ သူတို့ဘာသာ နေထိုင်ရင်း သူတို့နဲ့ ထိမိ,တိုက်မိလို့ ဖြစ်တာတို့လဲ ရှိနိုင်တာပဲလေ။ သူတို့လို ငါတို့မှ မမြင်နိုင်တာ။ သူတို့လဲ သူတို့ဘဝနဲ့ သူတို့ နေထိုင်ကြတာ သနားစရာကောင်းပါတယ်ကွာ'

'ဟုတ်တယ် သူငယ်ချင်းရေ၊ ဒီ အကြောင်းအရာက အားလုံးတောင် အတုယူသင့်သေးတယ်ကွာ။ ဒီနေရာမှ မဟုတ်ဘူး။ ပရလောကသားတွေ ရှိတယ်လို့ နာမည်ကြီးတဲ့ နေရာတိုင်း ဆိုင်ကယ်နဲ့ဖြစ်ဖြစ်၊ ကားနဲ့ဖြစ်ဖြစ် ခရီးသွားရင် ဟွန်းသံပေးသင့်တယ်နော်။ ဟွန်းသံပေးရတာ အပန်းမှ မကြီးဘဲကွာ၊ ဟုတ်ဘူးလား'

'သိပ်မှန်တာပေါ့ သူငယ်ချင်းရာ၊ ဒီလိုမှတ်သားကြမယ်ဆိုရင် အကောင်းဆုံးပဲပေါ့ကွာ'

ဤသို့လျှင် စာရေးသူတို့ သူငယ်ချင်းနှစ်ယောက် စကားဝဲပြောပြောနှင့် လာခဲ့ရာ အိမ်သို့ ရောက်ရှိလာခဲ့ကြပါတော့သည်။

***စာရှုသူများအား အစဉ်လေးစားလျက်...***

**ညီလေးငယ်(လယ်တော်)**

**စာမျက်နှာ (၂၅၁)မှ အဆက်**

အတိုင်း ကြောက်ဒူးတွေတုန်နေလို့ ခေါင်းတောင်မဖော်ရဲဘူး။

မိုးပြန့်စဲသွားတော့ ဦးတောက်ထိန်သိတယ်၊ သိပေမယ့် ခေါင်းမဖော်ရဲတဲ့အချိန်မှာ ရေထဲက ဦးဆင်ပေါက်ကို သူ့ခြေထောက်တစ်ဖက်ကို လှေနံရံပေါ်ကျော်ပြီး လှေဝမ်းထဲ ပစ်တင်လိုက်တယ်။

လှေလှုပ်သွားလို့ လှေစဲ့ကိုင်တဲ့ ဦးတောက်ထိန်ပြန်ထိုင်ပြီး ဦးဆင်ပေါက်ကို ကြည့်တယ်။ ဦးဆင်ပေါက်ရဲ့ ကိုယ်က တစ်ကိုယ်လုံး လှေထဲ ရောက်ခါနီးပြီ။

ဒီအချိန်မှာ "ဂိုမ်း" ဆိုတဲ့ အငွေ့မြောက် မိုးကြိုးပစ်သံကြားရတယ်။ ကောင်းကင်က လျှပ်စီးတန်းကြီးက သူတို့လှေကို ထိမှန်တယ်လို့ ဦးတောက်ထိန်ထင်လိုက်တယ်။

ကြောက်ကြောက်နဲ့ ခေါင်းမော့ကြည့်ပေမယ့် ပစ်လိုက်တဲ့ မိုးကြိုးက ဦးဆင်ပေါက်ကို တည့်တည့်ကြီးထိတာ မြင်လိုက်ရတယ်ဆိုပဲ။

'အဲဒီလို မြင်ပြီးတာနဲ့ ကျွန်တော်လဲ သတိလစ်ခဲ့တယ်'တဲ့။

ဦးတောက်ထိန်ပြောတဲ့စကားအရဆိုရင် ဦးတောက်ထိန်တို့ လှေဘက်ကို ခုနစ်ကြိမ်တိတိ ရောက်လာတဲ့ လျှပ်စီးတန်းကြီး ခုနစ်ကြိမ်တိတိ ပစ်ခဲ့တဲ့ မိုးကြိုးကြီးက ဦးဆင်ပေါက်ကို သေချာပေါက် ပစ်ဖို့လာတာ ဖြစ်ရမယ်။

ဒါကြောင့် အငွေ့မအကြိမ်၊ ရှစ်ကြိမ်မြောက်ပစ်တဲ့ မိုးကြိုးက ဦးဆင်ပေါက် ကိုထိတာ သေချာပေါက်ပစ်ဖို့လာတာ ဖြစ်ရမယ်။

ဒါကြောင့် အငွေ့မအကြိမ်၊ ရှစ်ကြိမ်မြောက်ပစ်တဲ့ မိုးကြိုးက ဦးဆင်ပေါက်ကို ထိတာသေချာတယ်။

မိုးကြိုးပစ်လို့ ဦးဆင်ပေါက် သေရတာက သိပ္ပံနည်းအရ လျှပ်စီးကူးတာမဟုတ်ဘူး။ **သိပ္ပံကြောင့်မဟုတ်တဲ့ အဲဒီတိတ်ကြောင့်လို့ ပြောနိုင်တာပေါ့။**

**ပန်းတာချော် နောင်လတ်**



www.burmeseclassic.com

www.burmeseclassic.com



ရှိ(အမရပူရ)

ရေတံခွန်တောင်ဆရာတော်ကြီး ပြန့်နှံ့ခိုင်းသောလမ်းမှ ပြန့်ခဲ့သဖြင့်

# အန္တရာယ်မှ ကင်းလွတ်ခဲ့ခြင်း

ရေတံခွန်တောင် ဆရာတော်ကြီး သက်တော်ထင်ရှား ရှိစဉ်က ရေတံခွန်တောင်ဆရာတော်ကြီး၏ အလယ်ဂူကျောင်းတိုက်သို့ ကျွန်မတို့မိသားစု သွားရောက်ဖူးခဲ့စဉ်အချိန်က ဖြစ်ပါသည်။

ဆရာတော်ကြီးကို အလှူဝတ္ထုပစ္စည်းများ ကပ်လှူကာ ကန်တော့ကြပါသည်။ ကျောင်းတိုက်ပေါ်ရှိ ဘုရားရှင်ကိုယ်တော်ကြီးကို ဂန္ဓမာပန်း၊ သပြေပန်းများ ကပ်လှူပြီး သောက်တော်ရေများ၊ ဘုရားပန်းအိုးများ ကုသိုလ်ဖြစ် ကပ်လှူကြပါသည်။ ကျောင်းပေါ်တွင် တံမြက်စည်းလှည်းခြင်း၊ ကြက်မွေးဖြင့် အမှိုက်လှည်းခြင်းတို့ ပြုလုပ်ပါသည်။

ကျောင်းဝင်းအတွင်းရှိ ပေါက်ကူဘုရား၊ ဘဂဝါဘုရား၊ ကျောက်ရှင်တုံးများပေါ်တွင် တည်ထားသော ဘုရားများကို ဘုရားပန်းများ ကပ်လှူကြပါသည်။

ကျောက်ရှင်တုံးများ ပေါ်တွင် မိသားစုအမည်ဖြင့် လှူထားသော ဘုရားကို ရေသပ္ပါယ်ပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များထွန်းကာ ကန်တော့ကြပါသည်။

တောင်စောင့်ဘီလူးကြီးကို အမွှေးတိုင်ထွန်းကာ မေတ္တာပို့ပေးကြပါသည်။ တောင်စောင့်နတ်သမီးလေး နတ်နန်းတွင် ပန်းဆက်ကာ အမွှေးတိုင်ထွန်းပြီး ကျောက်ချိုု အပေါ့အလေး မ,ကြပါသည်။

လူငယ်များက ရေတံခွန်တောင်ပေါ်သို့ တက်ကြပါသည်။ ဘုရားလာဖူးကြသော မိသားစုများကိုလည်း တွေ့ရပါသည်။

သစ်ပင်များ၊ တောင်ပေါ်များပေါ်တွင် မျောက်ကလေးများကို တွေ့ရပြီး ကျွန်မတို့မိသားစုက မျောက်စာ ငှက်ပျောသီး၊ မြေပဲ၊ နေကြာစေ့၊ ချိုချဉ်မုန့်များကို ကျွေးကြပါသည်။

ပေါက်ကူဘုရားတွင် ပုတီးစိပ်ခြင်း၊ ပန်းများလဲခြင်းတို့ ပြုလုပ်ပြီး ဘဂဝါဘုရားတွင် အဓိဋ္ဌာန်ဂုဏ်တော်ပုတီးစိပ်ကြပါသည်။ ထို့နောက် ဆွမ်းစားချိန်တွင် ရေတံခွန်တောင်ဆရာတော်ကြီးကို ဆွမ်းကပ်ကြပါသည်။ ဆရာတော်ကြီး ဆွမ်းစားပြီးသောအခါ ကျောင်းဝင်းထဲရှိ သရက်ပင်ကြီးအောက် စားပွဲပေါ် ထမင်းစားခုံဝိုင်းလေးပေါ်တွင် ထမင်းစားကြပါသည်။

အချိုပွဲမုန့်များစားပြီး ရေတံခွန်တောင်ရေအိုးစင်မှ ရေများကို အန္တရာယ်ကင်း သောက်ကြပါသည်။

ရေတံခွန်တောင်ပေါ် ဆင်မထောက်ကန်မှ ရေများသည် မိုးတွင်းတွင် တောင်စောင်းများမှ ရေတံခွန် ကျဆင်းနေပါသည်။

နွေရာသီတွင် ပိုက်လုံးများဖြင့် တောင်အောက်ရေကန်များသို့ သွယ်ယူပြီး ရေကန်များတွင် အမျိုးသား၊ အမျိုးသမီးများ ချိုးရေကန်များ ခွဲခြားကာ ချိုးနိုင်ပါသည်။

ရေတံခွန်တောင်ရေသည် ရောဂါများကို ပျောက်ကင်းသဖြင့် လာရောက်ချိုးကြပါသည်။ ယုံကြည်ပါက အမှန်တကယ် ပျောက်ကင်းပါသည်။

နေ့လယ် နေပူချိန် တောရိပ်တောင်ရိပ်များဖြင့် အေးချမ်းသော သစ်ပင်ရိပ်များအောက်တွင် ကျွန်မတို့ စကားပြောရင်း အနားယူကြပါသည်။

ညနေ (၃)နာရီခန့်လောက်တွင် ဘုရားဖူးပါလာသော သူငယ်ချင်းများ



www.burmeseclassic.com

www.burmeseclassic.com

က ပြန်ချင်သဖြင့် ဆရာတော်ကြီးကျောင်းပေါ်သို့ သွားကာ...

'ဘုန်းဘုန်းကြီး တပည့်တော်မတို့ ပြန်တော့မယ် ဘုရား'

ဟု ပြောကြားရာ ဆရာတော်ကြီးက...

'အစောကြီး ရှိသေးတယ်။ မပြန်ကြနဲ့ဦး'

ဟု မိန့်လိုက်ပါသည်။

ထိုအခါ ကျွန်မတို့အားလုံး ဆရာတော်ကြီးကို ကန်တော့၍ ကျောင်းအောက်သို့ ဆင်းလာခဲ့ကြပါသည်။

ကျွန်မတို့အားလုံး ဘုရားများကို သွားကန်တော့ကြပါသည်။ နာရီဝက်ကျော်ကြာသောအခါ ဆရာတော်ကြီးထံသွားပြီး ပြန်ရန် လျှောက်သောအခါ ဆရာတော်ကြီးက...

'အိမ်း...နေကြပါဦး။ မပြန်ကြနဲ့ဦး'

ဟု မိန့်လိုက်ပြန်ပါသည်။

ရေတံခွန်တောင် ဆရာတော်ကြီးက အချိန်စောသဖြင့် မပြန်နိုင်းတာဟု ထင်နေပြီး ကျောင်းအောက်သို့ ဆင်းလာခဲ့ကြပါသည်။

ညနေ(၄)နာရီ ကျော်သောအခါ မိသားစုအားလုံး ကျောင်းတိုက်ပေါ်သို့ သွားပြီး ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဆရာတော်ကြီးကို ကန်တော့ကြပါသည်။ ထိုအခါ ဆရာတော်ကြီးက...

'ဟိုဘက်လမ်းက ပြန်ကြ၊ ဒီဘက်လမ်းက မပြန်ကြနဲ့'

ဟု မိန့်လိုက်ပါသည်။ ထိုသို့ မိန့်ပြီး ဟိုဘက်လမ်း၊ ဒီဘက်လမ်းကို လက်ညှိုးညွှန်ပြပါသည်။

ဟိုဘက်လမ်း ဆိုသည်မှာ ရန်ကင်းတောင်ကိုဖြတ်၍ နန်းရှေ့မှနေ၍ မန္တလေးကျုံးအရှေ့ဘက်လမ်းဖြစ်ပါသည်။

ဒီဘက်လမ်း ဆိုသည်မှာ ရေတံခွန်တောင်၊ ရေကြည်ရွာ၊ အောင်ပင်လယ်၊ ပြင်ဦးလွင်ဖြတ်လမ်း ဖြစ်ပါသည်။ အောင်ပင်လယ်နတ်နန်း၊ ပြင်ဦးလွင်လမ်းနှင့် တစ်ဆက်တည်း ကိုးမြို့ရှင်



လမ်းဖြစ်ပါသည်။

ရေတံခွန်တောင် ဆရာတော်ကြီး ပြောသော **"ဟိုဘက်လမ်းကပြန်ကြ၊ ဒီဘက်လမ်းက မပြန်ကြနဲ့"** ဟု ဆိုသော် ပြန်ကြမည့်လမ်းကို ကျွန်မတို့ မိသားစုအားလုံး သိလိုက်ကြပါသည်။ ဆရာတော်ကြီးက ထပ်မံကာ ထိုစကားကို ထပ်မံမိန့်ပြန်ပါသည်။

'တင်ပါ့ဘုရား... ဟိုဘက်လမ်းက ပြန်ကြပါမယ်ဘုရား'

ဟု လျှောက်ထားကန်တော့ကြပါသည်။ ကန်တော့ပြီး ကျောင်းအောက်ဆင်းကြရာ ထပ်ပြီး...

'ဟိုဘက်လမ်းကပြန်ကြ၊ ဒီဘက်လမ်းက မပြန်နဲ့'

ဟု မိန့်လိုက်ပြန်ပါသည်။

ဝေးသော ဟိုဘက်လမ်းက ပြန်နိုင်းပြီး၊ နီးသော ဒီဘက်လမ်းက မည်သည့်အတွက်ကြောင့်မပြန်နိုင်းမှန်း မသိကြပါ။

ကျွန်မတို့ မိသားစုနှင့် သူငယ်ချင်းများသည် ကားဖြင့် ရေတံခွန်တောင်မှ ရန်ကင်းတောင်လမ်းကို ဖြတ်ခဲ့ကြပါသည်။ ရန်ကင်းတောင်ပေါ်ရှိ ဘုရားများ လက်အုပ်ချီ ကန်တော့လိုက်ပါသည်။

နန်းရှေ့မှတစ်ဆင့် မန္တလေးကျုံးမြို့ရိုးကို ဖြတ်လာခဲ့ကာ (၈၄)လမ်း၊ စစ်ကိုင်း-မန္တလေး လမ်းကို ရောက်ပြီး မန်းမြို့ဈေးတောင်ဘက်တွင် သူငယ်ချင်းနှစ်ယောက် ဆင်းကြပါသည်။

ထိုအခါမှ ကားပေါ်ကျန်သူ (၇) ယောက်ဖြစ်ပြီး ဆင်းသွားသည့် သူငယ်ချင်း(၂)ယောက်၊ အပါအဝင် (၉)ယောက် ဖြစ်နေမှန်း သိလိုက်ကြပါသည်။ ရေတံခွန်တောင် ဆရာတော်ကြီးကျောင်းသို့ ကျွန်မတို့ လူ(၉)ဦး သွားခဲ့ကြသည်ကို ကျွန်မတို့ မသိကြပါ။

ဆရာတော်ကြီးသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ရှိသော ဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။ ကျွန်မတို့ပြန်မည့်အချိန်ကို မပြန်နိုင်းခြင်း၊ ပြန်ရမည့်လမ်း ပြောကြားခြင်း၊ စိတ်ချရမည့် အချိန်မှ ပြန်နိုင်းခြင်းတို့မှာ ထူးဆန်းနေပါသည်။

ဆရာတော်ကြီး၏ ရေတံခွန်တောင်မှ ပြန်မည့်သူများသည် လူ(၉)ယောက် ဖြစ်နေသဖြင့် အန္တရာယ်ရှိသောကြောင့် မပြန်ရဟု မိန့်ကာ အချိန်ကို တားမြစ်ခြင်း ဖြစ်ပါသည်။

"ဟိုဘက်လမ်းက ပြန်ကြ" ဟု မိန့်ခြင်းမှာ အန္တရာယ်ကင်းသောလမ်း ဖြစ်သောကြောင့် ဖြစ်ပါသည်။ "ဒီဘက်လမ်းက မပြန်ကြနဲ့" ဟု ပြောခြင်းမှာ အန္တရာယ်ရှိသောလမ်းဖြစ်ခြင်း၊ မသွားသင့်သောလမ်း ဖြစ်သောကြောင့် ဖြစ်ပါသည်။

ကျွန်မတို့ မိသားစုသည် ရေတံခွန်တောင်ဆရာတော်ကြီး၏ စကားကို နားထောင်ရှိသေသူများ ဖြစ်ကြပါသည်။ သူတော်ကောင်းဆရာတော်ကြီးကို လှူဒါန်းကန်တော့ခြင်း ကုသိုလ်ကြောင့် အန္တရာယ်မှ ထူးဆန်းစွာ လွတ်မြောက်ခြင်း ဖြစ်ပါသည်။

မိသားစုများအားလုံး ရေတံခွန်တောင်ရှိရာ အရှေ့အရပ်သို့ လက်အုပ်ချီကာ ရေတံခွန်တောင် ဆရာတော်ကြီးကို ကန်တော့လိုက်ပါသည်။

**(ရေတံခွန်တောင် ဆရာတော်ကြီး ဦးအာစာရကို ရှိသေစွာ ကန်တော့လိုက်ပါသည်။)**

**ချို(အမရပူရ)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တွေ့ကြုံခဲ့ရ အဘကြူး(သို့မဟုတ်)

# ဘိုးတော်ကြူး

ဇော်ကျော်မြင့်
ခေတ္တ-တောင်ကြီး



၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလတွင် စာရေးသူသည် ရန်ကုန်မြို့မှ မန္တလေးသို့ အလုပ်တာဝန်အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ရောက်ရှိခဲ့ပါသည်။ စာရေးသူ၏ ရုံးမှာ လမ်း(၈၀) တရုတ်တန်းတွင်ဖြစ်ပါသည်။

ရန်ကုန်မှ မပြောင်းမီ ဘိုးတော်ဂျက်ဆိုသူအား တွေ့ဆုံခဲ့ဖူးပါသည်။

တွေ့ဆုံချိန်တွင် ဘိုးတော်ဂျက်မှာ ရန်ကုန်မင်္ဂလာဒုံ လေယာဉ်တိုးချဲ့လမ်း မလွတ်၍ သချိုင်းတစ်ခုမှ ဝိညာဉ်များအား ပြောင်းရွှေ့ရာတွင် ဆောင်ရွက်ခဲ့ကြောင်းသိရပြီး သူမှတစ်ဆင့် မန္တလေးတွင် ဘိုးတော်ကြူးရှိကြောင်း သိရှိခဲ့ရပါသည်။

ဘိုးတော်ဂျက်မှာ အဆိုတော် လားရှိုးသိန်းအောင်၏ ဖခင်ဖြစ်ပါသည်။

မန္တလေးတွင် တာဝန်ထမ်းဆောင်ရာတွင် အသက်ကြီး ယောကျာ်းပုဂ္ဂိုလ်များအား ဘိုးတော်တပ်၍ ခေါ်ဆိုကြသည်ကို သတိထားမိပါသည်။

၁၉၇၇ ခုနှစ် နွေရာသီကာလခန့်တွင် စာရေးသူ၏ ရုံးအနောက်ဘက်ခြမ်းတွင်ရှိသော နှစ်ထပ်အိမ်တစ်လုံးရှေ့တွင်သူငယ်ချင်းကိုမောင်မောင်သန်းအား အမှတ်မထင် တွေ့ရှိပါသည်။

**၁၉၆၈ ခုနှစ် စက်မှုတက္ကသိုလ်မှ** ဘွဲ့ရရှိပြီး ယခုမှ ပြန်လည်တွေ့ဆုံရသော သူငယ်ချင်းဖြစ်ပါသည်။ ထိုစဉ်က ကိုမောင်မောင်သန်းမှာ ဘောက်ထော်မှာနေပြီး စက်မှုတက္ကသိုလ် ကြို့ကုန်းသို့ မော်တော်ကားနှင့်အသွား စာရေးသူအား ဝင်ခေါ်လေ့ရှိသူ ဖြစ်ပါသည်။

သူ၏ မိတ်ဆက်ပေးမှုကြောင့် အစ်ကိုဝမ်းကွဲတော်သူ ဦးဝင်းမောင်နှင့် ဇနီးဒေါ်တင်တင်တို့အား သိရှိခဲ့ရပြီး ဆွေမျိုးရင်းချာဖြစ်လာပြီး ယင်းအိမ်သို့ ဝင်ထွက်စားသောက်ခဲ့ရပါသည်။

တစ်နေ့တွင် ဦးဝင်းမောင်၊ ဒေါ်တင်တင်မိသားစုနှင့်အတူ စစ်ကိုင်းကမ်းနားလမ်း ဖောင်တော်ဦးဘုရားသို့ ရောက်ရှိခဲ့ပါသည်။ ဘုရားခန်းကျယ်ကျယ်တစ်ခုတွင် ယောဂီဝတ်နှင့် ပုဂ္ဂိုလ်တစ်ဦးမှ ပရိသတ်လေး၊ ငါးဆယ်ခန့်အား မန်းမှုတ်ပေးပြီး အကြားအမြင်ရ ပုဂ္ဂိုလ်ကဲ့သို့ ဟောပြောနေသည်ကို ရပ်ကြည့်နေမိပါသည်။

ထိုအခါ စာရေးသူအား လက်ညှိုးထိုး၍...

'ဘဝင်မြှင့်မနေနဲ့ ဖိုးသီလာခဲ့'

ဟု ခေါ်ပါသည်။ အတိတ်ဘဝအကြောင်း ပြောပြီး အခက်အခဲများရှိရင် အားလုံး ပြေလည်သွားမည်ဖြစ်ကြောင်း ပြောဆိုပြီး ခေါင်းကို ပုတ်ကာ ဓာတ်လုံးတစ်လုံးအား ပေးပါသည်။ ယင်းအချိန်တွင် ဘိုးတော်ကြူးမှာ "အဘအောင်မင်းခေါင်" ဓာတ်စီးနေကြောင်း သိရှိရပါသည်။

စာရေးသူလည်း လက်အုပ်ချီကန်တော့ခဲ့ရပါသည်။ ဓာတ်စီးစဉ် မိန့်ကြားချက်အရ မန္တလေးနန်းရှေ့ ဓာတ်ပုံဆိုင်မှ **"အဘအောင်မင်းခေါင်"**၏ တိုက်ပုံအင်္ကျီ ပုဆိုးကွက်ကြား မတ်တတ်ရပ်ပုံတော်အား အိမ်တွင် စတင်ကိုးကွယ်ခဲ့ပါသည်။

စာရေးသူလည်း ထိုအချိန်မှစ၍ ရံဖန်ရံခါ ဦးဝင်းမောင်၊ ဒေါ်တင်တင်တို့ မိသားစုနှင့် ဘိုးတော်ကြူးဓာတ်ခန်းသို့ မကြာခဏ ရောက်ရှိပါသည်။ ရောက်ရှိတိုင်းလည်း ဘိုးတော်ကြူးဓာတ်ခန်းတွင် ပရိသတ်များ အပြည့်တွေ့ရှိပါသည်။

လာသမျှပရိသတ်ထဲမှ မေးမြန်းချက်များ၊ အခက်အခဲများကို ဟောပြော ဖြေရှင်းပေးနေပါသည်။ ဘိုးတော်ကြူးဓာတ်စီးရာတွင် အဘ"အောင်မင်းခေါင်" အများဆုံးဖြစ်ပါသည်။ အဘမှာ ဘိုးတော်ကြူး၏ ဆရာရင်းဖြစ်ကြောင်း ယခုမှ နဂ္ဂတ္တရောင်ခြည် မဂ္ဂဇင်းများတွင် ဖတ်ရှု၍ သိရပါသည်။

ထိုစဉ်အခါက **အဘ"ဘိုးဘိုးအောင်"၊ အဘ"ရာကျော်ဆရာတော်"၊ အဘ"ဆံရှည်ဆရာတော်"၊**





www.burmeseclassic.com

www.burmeseclassic.com

**အဘ"ဘိုးပေါက်ဆိန်"**တို့ ဓာတ်စီးတာတွေကို တွေ့ရှိရပါသည်။ ဓာတ်လုံးများ ပေးတတ်ပါသည်။

အဘ"ဆံရှည်ကိုယ်တော်" ဓာတ်စီးစဉ် ဆံပင်များ ပေးတတ်ပါသည်။ အားလုံး အဆောင်များဖြစ်ပါသည်။ ဓာတ်စီးစဉ်ကာလတွင် စီးကရက်၊ မုန့်သကြားလုံး စသည်များကိုလည်း ပရိသတ်အား အန္တရာယ်ကင်း ဝေငှပါသည်။

နောက်ပိုင်းတွင် စာရေးသူလည်း ဘိုးတော်ကြီးနှင့် ရင်းနှီးမှု ပိုမိုရရှိခဲ့ပါသည်။ စာရေးသူနေထိုင်ရာ (၈၄)လမ်း ရွှေဘုန်းရှိန် မင်းသားစုနေအိမ်သို့ ထိုတစ်နေ့တွင် ကြွရောက်လာခဲ့ပါသည်။

စာရေးသူ၏ ဘုရားစင်မှ ထားရှိသော အဆောင်ပစ္စည်းများအား စစ်ဆေးပေးပြီး မှတ်မှတ်ရရ "အုန်းအမြုတေ"အား အန္တရာယ်များ၍ ဘိုးတော်မှ ယူဆောင် ဖယ်ရှားပေးပါသည်။

ထိုအချိန်တွင် စာရေးသူ၏အိမ်သို့ ရောက်ရှိနေသော ဦးလေးအငယ် စိုက်ပျိုးရေးမန်နေဂျာအား ရှေ့ဖြစ်၊ နောက်ဖြစ်များ ဟောပြောရာ မှန်ကန်သဖြင့် ဦးလေးမှ လက်စွပ်တစ်ကွင်းအား ပေးလှူခဲ့ပါသည်။

ဘိုးတော်ကြီး၏ မိန့်မှာချက်များအတိုင်း လိုက်နာဆောင်ရွက်ခဲ့သဖြင့် အဆင့်ဆင့် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခဲ့ရာ ရန်ကုန်မြို့ ရုံးချုပ်တွင် ရာထူးကြီးဖြင့် ၂၀၀၆ ခုနှစ်အထိ ဖြစ်ပါသည်။

၂၀၀၆ ခုနှစ် အငြိမ်းစားယူပြီးနောက် မန္တလေးမြို့ မြို့သစ်သို့ ပြောင်းရွှေ့အခြေချပါသည်။ စာရေးသူ၏ဇနီးမှာ ယခင် မင်းသားစုရပ်ကွက် ဘုရားကြီးကျောင်းတို့သာ အသွားအလာများပါသည်။ ဈေးသည်ဟောင်း ဖေါက်သည်ဟောင်း ဝယ်လို့ကောင်းကြောင်း



ပြောပါသည်။ **"ဘုရားကြီးဈေး၊ ဆစ်တိုင်းပေး၊ အလေးမမှန် ဝယ်သူကံ"** ဟု ပြောသံကြားပါသည်။

ဇနီးသည်မှာ ယင်းဈေးမှ ဈေးသည်များနှင့် အကျွမ်းတဝင်ရှိလှ၍ ပြဿနာမရှိလှပါ။ ယင်းဈေးသို့ သွားစဉ် မမျှော်လင့်ဘဲ "ဘိုးတော်ကြီး"အား တပည့်တပန်းများနှင့် ကိုယ်တိုင် ဈေးလာဝယ်တာ တွေ့ရှိရသဖြင့် ယခုအခါ အမရပူရ ငယ်တိုးတွင် ဓာတ်နန်းဖွင့်ထားကြောင်း သိရှိရပါသည်။

၂၀၁၃ ခုနှစ်တွင် စာရေးသူ၏ သမီးငယ်များ တာ့ဇ်အရ အိန္ဒိယနိုင်ငံ ဆေးရုံကြီးတစ်ခုတွင် သင်တန်းတက်ရောက်ရမည်ဖြစ်ရာ ယင်းဒေသနှင့် အဆက်အစပ်မရှိ၊ သိကျွမ်းမှုမရှိသဖြင့် ဆိုင်ရာပိုင်ရာများ အပ်နှံရန် "ဘိုးတော်ကြီး"ဆီသွား၍ တင်ပြ လျှောက်ထားခဲ့ပါသည်။

တိုက်တိုက်ဆိုင်ဆိုင် "ဘိုးတော်ကြီး"အား အမရပူရငယ်တိုးဓာတ်ခန်းတွင် တွေ့ဆုံရပါသည်။ ဘိုးတော်ကြီးမှ မန်းမှုတ်ပြီး ညာဘက်လက်အားမြှောက်ကာ ဆုတောင်းနေပါသည်။

မကြာမီ ဘိုးတော်ကြီး၏ လက်ထဲသို့ **ကျောက်စိမ်းအံသေးတစ်လုံး** ပါလာပြီး သမီးငယ်အား ဆောင်ထားရန် ပေးပါသည်။ ယင်းနောက် နန်းရွှေကာလီမယ်တော်ကျောင်းသို့ သွားရောက်ရန် မိန့်မှာပါသည်။ အားလုံးအဆင်ပြေမည်ဖြစ်ကြောင်း ပြောပါသည်။

ဘိုးတော်ကြီး၏ မိန့်မှာချက်အတိုင်း နန်းရွှေ ကာလီမယ်တော်ဘုရားကျောင်းသို့ သွားရောက်၍ **အုန်းသီးခွဲ၊ ရေတော်များ** ဆက်ကပ်လှူဒါန်းပါသည်။ ဘုရားကျောင်း၏ အကြီးအကဲမှလည်း ဆုတောင်းပေးပါသည်။

သမီးငယ်လည်း အိန္ဒိယတွင် ခြောက်လခန့် သင်တန်းတက်ရောက်ရာ အခက်အခဲမရှိဘဲ အောင်မြင်ခဲ့ပါသည်။ ဗုဒ္ဓဂါယာဘုရားလည်း ဖူးခဲ့ရပါသည်။ အကြီးအကဲများ၏ ကူညီစောင့်ရှောက်မှုလည်း ရခဲ့ပါသည်။ ဘိုးတော်ကြီး၏ ဓာတ်အဆက်အသွယ် ကောင်းမှုကြောင့်ဟု ယုံကြည်မိပါတော့သည်။

၂၀၁၄ ခုနှစ်တွင် USAတွင် တာဝန်ထမ်းဆောင်ပြီး မြန်မာနိုင်ငံသို့ အလည်ပြန်လာမည့် ငယ်သူငယ်ချင်းတစ်ဦးအား တွေ့ဆုံရန် ရန်ကုန်မြို့မှ သူငယ်ချင်းမှ အကြောင်းကြားလာပါသည်။

သူငယ်ချင်း၏ အကြောင်းကြားချက်အရ စာရေးသူမှာ ယင်းအချိန်တွင် ကျန်းမာရေး မကောင်းသော်လည်း ရန်ကုန်သို့ နှစ်ရက်တာခရီးသွားရောက်ရပါသည်။ သူငယ်ချင်း၏ နေအိမ်တွင် တည်းခိုခဲ့ရပါသည်။

USAမှ သူငယ်ချင်းမှာ အထက်တန်းကျောင်းမှ ခွဲခွာခဲ့သည်မှာ နှစ်ပေါင်း (၄၀)ရှိ၍ အလွန် တွေ့ချင်ခဲ့ပါသည်။ သူငယ်ချင်းဟောင်းများ စုပြီး ရွှေတိဂုံဘုရား၊ သာကေတ ရှုခင်းသာသို့ သွားရောက်ခြင်း၊ ဟိုတယ်တစ်ခုတွင်



 (စာမျက်နှာ (၂၇၂) သို့)

www.burmeseclassic.com

www.burmeseclassic.com

# အစိန္တေယျ

အောင်သိန်းဟန်



[၁]

ဘုန်းတော်အနန္တ၊
ကံတော်အနန္တ၊
ဉာဏ်တော်အနန္တ၊
တန်ခိုးတော်အနန္တ၊
ပါရမီတော်အနန္တနှင့်
တကွ ပြည့်စုံတော်မူသော
မြတ်စွာဘုရားသည်ကား သုံးလောက၏ ကောင်းကျိုးချမ်းသာအတွက် ပွင့်ထွန်းပေါ်ပေါက်ခဲ့လေသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်များသည်ကား နှိုင်းဆ၍ မရအောင် ကြီးမား လှပေစွ။ အမှန်စင်စစ် မြတ်စွာဘုရားသည် လူသားမန်တို့၏ စိတ်ဖြင့် ကြံစည်တွေးတော၍ မရနိုင်သော အစိန္တေယျဖြစ်သည့်နည်းတူ အစိန္တေယျ မြတ်စွာဘုရား၌ ယုံကြည်ကိုးစားကြသူများ ရရှိနိုင်သည့် ကောင်းကျိုးသည်လည်း အစိန္တေယျပင် ဖြစ်ပေတော့သည်။

မြတ်စွာဘုရားသည်ကား အဂ္ဂသာဝက၊ မဟာသာဝက ရဟန်းတော်ကြီးများ မကျက်စားနိုင်သည့် ဉာဏ်တော်နှင့် ပြည့်စုံတော်မူ၏။

သာဝက ရဟန်းတော်ကြီးများက တရားဆုံးမ ချေချွတ်ရမည့် ပုဂ္ဂိုလ်၏ ပညာ အထုံအနုအရင့်နှင့် ဝါသနာကို ပြည့်စုံအောင် မသိကျွမ်း မချွတ်နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

သော် မြတ်စွာဘုရားရှင် ကိုယ်တော်၏ မြတ်ကြီးကိုယ်တိုင် သမ္မာအနုအရင့် အလိုက် ဟောပြောဆုံးမ၍ နိဗ္ဗာန်သို့ ပို့ဆောင်တော်မူခဲ့သည်။

တစ်ခါသော် အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသည် ဆွမ်းစား လာပင့်သည့် ဒကာတစ်ယောက်နှင့် အတူသွားရာ ဆွမ်းဒကာက အရှင် မောဂ္ဂလာန်အား သက်နိုးသုံးစုံလှူမည် ဟု စိတ်ကူးနေ၏။

လမ်းခရီးတွင် မြောင်းကလေးတစ်ခု ကို တွေ့သော် ရှင်မောဂ္ဂလာန်မထေရ် မြတ်ကြီးသည် ကျော်ကူးလျှင် ရနိုင်ပါ လျက် ခုန်ကူးလိုက်၏။ ထိုအခြင်းအရာ ကိုမြင်သော ဒကာက သက်နိုးနှစ်စုံသာ လှူတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ရှေ့တွင် မြောင်းငယ်တစ်ခုကို ထပ်မံ တွေ့ပြန်သော် ရှေ့နည်းအတိုင်း ခုန်ကူးလိုက်ပြန်၏။ ဒကာက သက်နိုး တစ်စုံသာ လှူတော့မည်ဟု စိတ်ပြောင်း၍ ဆုံးဖြတ်လိုက်ပြန်၏။

တတိယ မြောင်းငယ်ကလေးတစ်ခု ကို ထပ်မံတွေ့ပြန်သော် ရှင်မောဂ္ဂလာန် ရဟန္တာကြီးသည် ရှေ့နည်းတူ ခုန်၍ မကူးတော့ဘဲ ကျော်၍ သွားလေ သည်။ အတူလိုက်ပါလာသော ဒကာ က...

'အရှင်ဘုရား မြောင်းနှစ်ခုကို ခုန်ကူးပြီးခါမှ အခု အဘယ်ကြောင့် ခုန်ကူး၍ မသွားတော့ တာလဲ'

ဟု မေးတော်မူ၏။

'ဒီတစ်ကြိမ် ခုန်ကူးရင် သင်္ကန်းတစ်စုံမှပင် ရတော့မှာ မဟုတ်တော့ဘူး ဒါ့ရှင်'

ဟု မိန့်တော်မူသည်။

'မထေရ်မြတ်ကြီးဟာ ငါရဲ့ စိတ်အကြံကို သိပေတာပဲ'

ဟု ဒကာက ဆိုကာ သက်နိုးသုံးစုံ စလုံးကို လှူလိုက်လေတော့သည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကြီးမှာမူကား ဝါသနာနှင့်တကွ ကိလေသာကို စွန့်တော်မူခဲ့ခြင်း ဖြစ်



သောကြောင့် ထူးခြားသည့် အစိုင်နွယ်ပျ ဝိသေသကို ရရှိခဲ့ခြင်းဖြစ်လေသည်။

သို့ဖြစ်၍ အနန္တစကြဝဠာ၊ အနန္တ လောကဓာတ်နှင့် အနန္တဉာဏ်ပညာကို အကြွင်းမဲ့ရတော်မူသော အနန္တတန်ခိုး တော်ရှင်ဖြစ်ပေသည်။

[ ၂ ]

ဆရာအောင်၏ သာသနာပြုစခန်း တွင် ဝင်ရောက်၍ သာသနာပြုလုပ်ငန်း များ ဝင်လုပ်နေပြီဖြစ်သော စောအယ် ထော်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကစပြီး သူ၏ ဖြစ်ကြောင်း ကုန်စင်ကို ပြောပြလေသည်။

'ကျွန်တော့်နာမည် စောအယ် ထော်ပါ။ သူပုန်ဖြစ်ခဲ့ဖူးပါတယ်။ ဇာတိက လှိုင်းဘွဲ့ကပါ'

'ဘာပြုလို့ သူပုန်ထဲဝင်တာလဲ'

'ဆရာအောင်က မေးမှတော့ အကုန်ပြောပြပါ့မယ်။ မိရိုးဖလာ ကိုးကွယ်ကြတာကတော့ ...ဘာသာ ပါ။ ဇာတိက လှိုင်းဘွဲ့ဆိုပေမယ့် လှိုင်းဘွဲ့နဲ့ မိုင်(၂၀)လောက်ဝေးတဲ့ တောရွာကလေးဆိုတော့ ကျောင်းလဲ မနေရဘူး။ ငှက်ပစ်၊ ချိုးထောင်၊ ဖားရိုက်၊ ငါးဖမ်းတဲ့ အလုပ်ပဲရှိတယ်။

နည်းနည်းလေး ကြီးလာတော့ လက်နက်တွေ ကားယားကားယားနဲ့ ရွာထဲ ဖြတ်သွားတဲ့ သူပုန်တွေကို အားကျပြီး လိုက်သွားပါရော။

ကရင်လွတ်မြောက်ရေးတပ် ဆို တော့လဲ ကရင်တွေ လွတ်မြောက်လာ ရင် ငါတော့ ဗိုလ်ဖြစ်ရတော့မှာပဲဆိုပြီး အားကျပြီး ကရင်ဗိုလ်တွေ ခိုင်းသမျှ လုပ်တာပဲ။ တိုက်ပွဲတွေလဲ ခဏခဏ ကြုံတယ်။ ပစ်ပြီး ပြေးတာများတာပဲ။

ဒီလိုနဲ့ စခန်းတစ်ခုမှာ အုပ်စုဖွဲ့ပြီး ထမင်းစားမယ်လို့ ပြင်ဆင်နေတုန်း **"နေရာပြောင်းလိုက်"** ဆိုတဲ့ အသံကို နားထဲမှာ ကြားလိုက်ရတယ်။ အသံကို ဂရုမစိုက်ဘဲ ဆက်စားမယ် လုပ်နေ တုန်း **"နေရာ အမြန်ပြောင်းလိုက်"** ဆိုတဲ့အသံကို ပီပီသသ ကြားလိုက်ပြန် တယ်။

ဒါနဲ့ ကပျာကယာ နေရာရွှေ့ပြီး ထမင်းစားမယ်အလုပ် "ဒုန်း" ဆိုတဲ့ လက်နက်ကြီး အသံကြားရလို့ ဝမ်းလျားမှောက်လိုက်ပြီး ပြန်အထမှာ ကြည့်လိုက်တော့ စောစောက ထမင်း စားဖို့ ပြင်ဆင်နေတဲ့နေရာမှာ ဗုံးဆန် ကျပြီး ပေါက်ကွဲသွားတာ မြင်လိုက်ရ တယ်။

စိတ်ထဲမှာတော့ ဇဝေဇဝါဖြစ်နေပြီး "နေရာပြောင်းလိုက်" လို့ ပြောတဲ့ အသံပိုင်ရှင်ဟာ ဘယ်သူလဲဆိုတာ စဉ်းစားလာတယ်။

ဒီလိုနဲ့ သူပုန်ဘဝကို စိတ်ပျက်နေ တုန်း...

'အားမငယ်နဲ့ လူကလေး အဘ အနားမှာ ရှိတယ်'

ဆိုပြီး အိပ်မက်ပြီး ဖျတ်ခနဲ နိုးသွား တယ်။ အိပ်မက်က နိုးနိုးချင်း သေနတ် သံတွေ အဆက်မပြတ်ကြားလိုက်ရ တော့ အစိုးရတပ်တွေနဲ့ တိုးပြီ ဆိုပြီး ထိတ်ခနဲ ဖြစ်သွားတယ်။

သေနတ်ကျည်ဆန်တွေက မိုးသီး မိုးပေါက်တွေကျသလား အောက်မေ့ရ တယ်။ ကျွန်တော့်အနားက ရဲဘော်တွေ လဲ အတုံးအရုံးပဲ။

ဒါနဲ့ ကျွန်တော်လဲ လှဲပ်နေကျ ကျောပိုးအိတ်ထဲကို ဆေးဗူးကလေး

www.burmeseclassic.com

အမြန်ထည့်ပြီး တအားကုန်ပြေးတော့တာပဲ။

ပစ်ကွင်း လွတ်လောက်ပြီဆိုတဲ့ နေရာရောက်မှ ခြေကုန်လက်ပန်းကျပြီး ကိုယ်ကို တအား ပစ်လှဲလိုက်တယ်။ ကျောပိုးအိတ်လဲ လွင့်သွားတယ်။

သေတ္တာကလေးထဲမှာ ဘယ်က ရောက်လာမှန်းမသိတဲ့ ဘုရားရုပ်တုကလေးတစ်ဆူ တွေ့ရတယ်။

အဲဒီတော့မှ **"ခြော် အားမငယ်နဲ့ လူကလေး အဘအနားမှာ ရှိတယ်"** ဆိုတာ ဒီဗုဒ္ဓရုပ်တုကလေး ဖြစ်မှာပဲဆိုပြီး တရိုတသေပဲ သေတ္တာထဲ ပြန်ထည့်ထားလိုက်တယ်။

တစ်နေ့တော့ ဗိုလ်လုပ်သူက...

'မင့် ဘုရားရုပ်တု ငါ့ကို ရောင်းကွာ ငါ သိန်း(၅၀)ပေးမယ်'

ဆိုပြီး အတင်းဝယ်တော့တာပဲ။ ကျွန်တော်ကလဲ မရောင်းပါရစေနဲ့လို့ ဗိုလ်ကြီးကို အကြိမ်ကြိမ် တောင်းပန်ရတာပေါ့။

ဒီလိုနဲ့ တစ်ပတ်လောက်ကြာတော့ သေတ္တာလေးထဲမှာ ဘုရားရုပ်တုကလေး မရှိတော့ဘူး။ ဒါနဲ့ ကျွန်တော်လဲ စိတ်မကောင်းဖြစ်ပြီး သုံးရက်လောက် ထမင်းမစားဘူး။ သုံးရက်မြောက်ညမှာ အိပ်မက်မက်ပြန်တယ်။

'စိတ်မပျက်နဲ့ အဘပြန်လာပြီ'

လို့ အသံကြားလိုက်ရပြီး နိုးလာတယ်။ နိုးနိုးချင်း သေတ္တာကလေး ဖွင့်ကြည့်တော့ နဂိုမူလနေရာမှာပဲ ဘုရားရုပ်တုကလေးကို ပြန်တွေ့လိုက်ရတော့ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့ ဆရာရယ်။ **ရုပ်တုကလေးက သုံးလက်မပဲ ရှိပါတယ်။ ကြေးဆင်းတုကလေးပါ။**

အဲဒီနောက်တော့...

'ဖါဟာ ဒီသူပုန်တွေထဲမှာ ဆက်နေမယ်ဆိုရင် ဗုဒ္ဓရုပ်တုကလေးဟာ နောက်တစ်ခေါက် အရိုးခံဦးမှာပဲ'

ဆိုပြီး အလင်းဝင်ဖို့ ဆုံးဖြတ်လိုက်



တယ်'

[၃]

ကျွန်တော်လဲ သူပုန်စခန်းက အမြန်ဆုံးနည်းနဲ့ ထွက်ပြေးဖို့ပဲ အမြဲမပြတ် အကွက်ချောင်းနေရတာယ်။ တစ်ညမှာ အိပ်မက်မက်ပြန်ရော။ စေတီပျက်ကြီး တစ်ဆူက တောထဲမှာ။ နောက်တော့ စေတီပျက်ကြီး မြင်ကွင်းနေရာမှာ ရွှေရောင်ဝင်းနေတဲ့ စေတီငယ်တစ်ဆူကို ဖူးလိုက်ရတယ်။

အိပ်မက်တွေကလဲ ဘာတွေမက်မှန်းမသိဘူးဆိုပြီး နားမလည်နိုင်အောင် ဖြစ်နေတယ်။ ဒါနဲ့ နောက်တစ်ညကျပြန်တော့လဲ ဒီအတိုင်းပဲ ထပ်မက်ပြန်တယ်။

ဒီတစ်ခြိမ်မှာတော့ စေတီပျက်ကြီးက ရွှေရောင်ဝင်းနေတဲ့ စေတီငယ်အဖြစ်ကို ပြောင်းသွားတာ ထင်ထင်ရှားရှား တွေ့ရတယ်။ ရုပ်ရှင်ကားတွေမှာ ဆလိုးမိုးရှင်းပြသလိုပဲ ဆရာကြီး။

စေတီပျက်ကြီးက တောင်ထိပ်မှာ အကြီးကြီးဗျ။ ကြည့်နေရင်းက စေတီပျက်ကြီးဟာ တဖြည်းဖြည်းမှိန်သွားပြီး စေတီငယ်ကလေးတစ်ဆူဟာ အဲဒီစေတီပျက်ကြီးပေါ်မှာ ရွှေခါင်းလောင်းသံတွေ တစာစာနဲ့ ပေါ်ထွက်လာတယ်။

ဒီတော့မှ ကျွန်တော်လဲ စဉ်းစားမိတယ်။ ဒီစေတီပျက်ကြီးကို ပြုပြင်ပြီး ရွှေစေတီတစ်ဆူ ထပ်တည်ခိုင်းနေတာပါလားလို့ နားလည်လာတယ်။

ဒါပေမယ့်...ဒီလိုအိပ်မက် မက်တာကို ဘယ်သူ့မှလဲ မပြောရဲဘူး။ ပြောလဲ ယုံမှာ မဟုတ်ဘူး၊ အရူးလို့ ပြောမှာ။

ဒါကြောင့် ထွက်ပြေးဖို့ အကွက်ချောင်းနေတုန်း နေ့ခင်းကြီးမှာ တိုက်ပွဲတစ်ခုဖြစ်ပြန်ရော။ ဒါနဲ့ ကျွန်တော်လဲ စမ်းချောင်းတစ်ခုအတိုင်း စွတ်ပြေးလိုက်တာ အဖော်တွေနဲ့လဲ ကွဲကုန်ကြတယ်။

ကျွန်တော်လဲ "ရန်သူနဲ့ လွတ်လောက်ပြီ" ဆိုပြီး ကျောအိုးအိတ်ကို ဘေးပစ်ချ၊ ပါလာတဲ့ ဓားမြှောင်ကို မြေမှာစိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့တယ်။

ဘယ်လောက်ကြာကြာ အိပ်ပျော်သွားမှန်းတောင် မသိတော့ပါဘူး။ "တူးပေါ့...တူးပေါ့" လို့ အသံကျယ်ကျယ် အော်ပြောနေသံ ကြားလိုက်တော့မှ နိုးလာတယ်။

"တူး" လို့သာ ဆိုတယ် ဘယ်နေရာကို တူးရမှန်း မသိတော့ "ဘယ်နေရာလဲ" လို့ စိတ်ထဲက မေးလိုက်တယ်။ အဲဒီအခါ ဓားမြှောင်က စိုက်ထားရာက လဲသွားတယ်။

ကျွန်တော်လဲ ဘာမှ စဉ်းစားမနေတော့ဘဲ ဓားမြှောင်လဲကျတဲ့ နေရာကို သဲကြီးမဲကြီး တူးဆွလိုက်တယ်။

တစ်တောင်လောက် တူးမိတော့ ကိုယ့်မျက်စိကိုတောင် ကိုယ် မယုံကြည်နိုင်လောက်အောင် ရွှေပြားတွေဟာ နေရောင်အောက်မှာ တလက်လက် တဝင်းဝင်းတချွင်ချွင်နဲ့...

'ဒီတော့ တစ်ခါတည်း ကျုံးပြီး ယူတော့တာပဲလား ဦးစောအယ်ထော်'

'ဘယ်ယူလို့ဖြစ်မလဲ ဆရာရယ် တစ်ခါတည်း ယူလိုက်ရင် အချင်းချင်း ပစ်ကြခတ်ကြနဲ့ အသေတည့်မှာ မဟုတ်ဘူး။ ဒါကြောင့် လေး၊ ငါးဆယ်ပြားလောက်ပဲ လက်တစ်ဆုပ်စာအိတ်ထဲထည့်လိုက်ပြီး ကျန်တာတွေကို နေရာမပျက် ပြန်အုပ်ထားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကညင်ပင်ကြီးနှစ်ပင်နဲ့ဆိုရင် တြိဂံပုံဖြစ်နေတယ်။ မွှေတွင်းကနေပြီး အပင်ကြီးနှစ်ပင်ဆီကို မြေလှမ်းလှမ်းကြည့်တော့ မြေ ကိုးလှမ်းစီ လှမ်းရတယ်၊

စိတ်ထဲက အသေအချာ ရိုက်သလို မှတ်သားထားပြီး မိုးချုပ်ပြီ ဆိုတော့မှ အမှောင်ကိုလုပြီး စမ်းချောင်းအတိုင်း အသာစုန်ဆင်း မိုးလင်းတာနဲ့ စမ်းချောင်းဘေးက သစ်ခေါင်းကြီးထဲမှာ တစ်နေကုန် ဝင်နေလိုက်တယ်။

ညဘက် ရောက်ပြီဆိုတော့မှ ခရီးဆက်၊ ဒီလိုနဲ့ သုံးရက်လောက်ကြာမှ ချောင်းဝကို ရောက်တော့တယ်၊ ထမင်းမစားရတာလဲ သုံးရက်ရှိနေပြီ။ လူလဲ သိပ်ပန်းနေပြီဆိုတော့ နားမယ်လို့ ထိုင်ချလိုက်တဲ့အခါ သံလွင်မြစ်နံဘေးမှာ ကျွန်တော့်ဗိုလ်နဲ့ ငယ်သား (၃)ယောက်ကို တွေ့လိုက်ရတာကိုး’

‘ဒီတော့ ချောင်းအတိုင်း ပြန်ပြေးပြန်ရောလား’

‘ဒီလို ပြေးရင် ဘယ်လွတ်ပါ့မလဲ၊ သူတို့နဲ့က ဝါးတစ်ပြန်လောက် မဝေးတော့ဘူး။ ဒီတော့ စမ်းချောင်းထဲမှာ ပေါက်နေတဲ့ သစ်ပင်ကြီးရဲ့ အမြစ်စတစ်ခုကိုတွဲလဲခိုပြီး ရေငုပ်နေလိုက်တယ်။

တစ်အောင့်လောက်ကြာမှ ခေါင်းဖော်ကြည့်လိုက်တော့ သူတို့တွေ အတော်လေး ဝေးသွားတာ တွေ့လိုက်ရတယ်။ ရေစီးကလဲသန်တော့ သစ်မြစ်ကို မနည်းဆုပ်ကိုင်ထားရတယ်။

သိပ်မကြာလိုက်ဘူး ဆရာရေ၊ သစ်တုံးကြီး တစ်တုံးဟာ သံလွင်မြစ်ထဲမှာ မျောလာတာကို တွေ့လိုက်ရတယ်။ သစ်ဖောင်က ပြုတ်ထွက်လာတာနဲ့ တူပါတယ်။

အချိန်ဆိုင်းမနေတော့ဘဲ ရှိသမျှအားကိုညှစ်ထုတ်ပြီး သစ်တုံးဆီ အရောက်ကူးသွားတယ်။ နောက်တော့ သစ်နဖားကို ခိုတွဲပြီး တက်ထိုင်လိုက်တယ်’

‘ဒါနဲ့ပဲ သစ်လုံးစီးပြီး မျှောလိုက်ခဲ့တယ်ဆိုပါတော့’

‘သစ်လုံးစီးတယ်ဆိုပေမယ့် ငြိမ့်နေအောင် မစီးရပါဘူး ဆရာရယ်၊ ဟိုကျောက်ဆောင်နဲ့ ဝင်တိုက်လိုက်၊ ဒီသစ်ကိုင်းနဲ့ ငြိနေလိုက်နဲ့ဆိုတော့ ရေကူးလဲကျွမ်း၊ အကြမ်းလဲ ခံနိုင်လို့သာ အသက်ရှင်တာဗျို့။

ဒီလိုနဲ့ သစ်လုံးကို ဖက်လာလိုက်တာ မြစ်ပြင်ကျယ်လာပြီး ရေစီးနှေးလာတာကို သိလိုက်တာနဲ့ မုတ္တမပင်လယ်ဝနဲ့ နီးလာပြီဆိုတော့ သတိပြုလိုက်မိတယ်။

ဒါနဲ့ အေးအေးချမ်းချမ်းနဲ့ သူပုန်လက်က လွတ်မြောက်ပြီဟေ့ ဆိုပြီး ဝမ်းသာလွန်းလို့ ထတောင်ခုန်လိုက်ချင်တယ်။ ဝမ်းသာတာကလဲ မကြာလိုက်ပါဘူး။ ဝေါ...ဝေါ...ဝေါ...ဝေါ... ဆိုတဲ့ အသံကြီးဟာ ကြောက်စရာကောင်းလိုက်တာဗျာ၊ လက်စသတ်တော့ “ဝဲ”ဗျို့ “ဝဲ”။

ဒီလို“ဝဲ”မျိုးက ဘယ်လိုအရာဝတ္ထုမျိုးပဲဖြစ်ဖြစ် မလွတ်နိုင်ဘူး။ ဝါးမျိုစုပ်ယူသွားတာပဲ။ ပြန်ပေါ်လာတော့ အလောင်းနဲ့ အပျက်အစီး အကျိုးအပဲ့ ပဲကျန်တော့တယ်။ ဝဲကတော့ဆိုတာ ဒါမျိုးပေါ့ဗျာ။

ကျွန်တော်လဲ ဒီဝဲထဲ အသေမခံဘူး။ ရေကူးရင်းနဲ့နစ်ပြီး သေချင်သေပါစေဆိုပြီး ကျောပိုးအိတ်ကို စလွယ်သိုင်းလိုက်တယ်။ သေတ္တာကလေးကိုလဲ စမ်းကြည့်လိုက်သေးတယ်။

ဝဲနဲ့လွတ်လောက်တဲ့ နေရာလောက်က တအားကုန်လွှဲပြီး မြစ်ထဲကို ခုန်ချပြီး တရကြမ်း ရုန်းပြီး ကူးတော့တာပဲ။ မြစ်ပြင်ကလဲ တစ်မိုင်ကျော်လောက်ကျယ်၊ ထမင်းမစားရတာလဲ သုံးရက်လောက်ဆိုတော့ ကူးရင်းကူးရင်းနဲ့ အားပြတ်ပြီး ခြေတွေလက်တွေ မလှုပ်နိုင်တော့ဘူးဗျို့။

ဒါနဲ့ ကျေးဇူးရှင် သစ်လုံးကြီးကို လှမ်းကြည့်လိုက်တော့ သစ်လုံးကြီးဟာ ဝဲကတော့ကြီးထဲ ဖင်ထောင်ပြီး မြုပ်သွားတာ မြင်လိုက်ရတယ်။ ငါလဲ သူ့လမ်းစဉ်အတိုင်း လိုက်ရတော့မှာလားဆိုပြီး သေတ္တာလေးထဲက ဗုဒ္ဓဆင်းတုတော်ကလေးကို တပြီး သတိလစ်သွားတာပဲ။

သတိပြန်ရလို့ ကြည့်လိုက်တော့ သစ်ကိုင်းကြီးတစ်ခုပေါ်မှာ မှောက်လျက်ကြီးဗျို့ သံလွင်မြစ်ရေပြင်နဲ့ ထိလိုက်၊ လွတ်လိုက်၊ ပုခက်လွှဲလိုက်သလို ဆိုတော့လဲ အိပ်ပျော်သွားတာပေါ့ဗျာ။

ဒါနဲ့ သစ်ကိုင်းကတစ်ဆင့် ပင်စည်ဘက်ကိုကူး၊ ပင်စည်က ကိုင်းတွေကို ဖက်တွယ်ပြီး အောက်ကို ဆင်းယူရတယ်’

‘ဒီတစ်ခါလဲ သေကံမရောက် သက်မပျောက်သေးဘူးပေါ့နော်’

‘ဟုတ်ပါတယ် ဆရာအောင်၊ ဒီလိုဖြစ်ရတာ သေတ္တာကလေးထဲက ဗုဒ္ဓဆင်းတုကလေးကြောင့်ပဲလို့ ယုံကြည်ပြီး ဆင်းတုကလေးကို သေတ္တာပေါ်တင် ဦးချလိုက်တယ်ဗျာ။

ဒီအချိန်မှာ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထလိုက်တာ အခုတောင် မြင်ယောင်နေသေးတယ်။

ဒီနောက်တော့ နီးစပ်ရာ ကျေးရွာကောင်စီလူကြီးကတစ်ဆင့် အရေး ဝင်လိုက်တာပါပဲ၊ မော်လမြိုင်မှ တစ်ဆင့် ရန်ကုန်ကို ရထားနဲ့။ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



အသိတစ်ယောက်အိမ်မှာ ခဏတည်းခိုနေတယ်'

'မိဘတွေဆီကို မပြန်ဘူးလား'

'ပြန်လို့ ဘယ်ဖြစ်ဦးမလဲ ဆရာအောင်ရယ်...နယ်မြေ အေးချမ်းပြီဆိုမှ မိဘရပ်ထံပြန်၊ ရွှေတွေ သွားတူးရမှာ၊ ခုနေတော့ ပါလာတဲ့ ရွှေပြားကိုးပြားကို ရောင်းချပြီး ရှေးဟောင်းစေတီပျက်ကြီးကို လိုက်ရှာရဦးမယ်'

## [ ၄ ]

စောအယ်ထော်သည် ဆရာအောင်၏ သာသနာ့စခန်းမှ ထွက်ခွာလာခဲ့ပြီး စိတ်အေးလက်အေးဖြင့် ရန်ကုန်၊ သံလွင်နှင့် ပဲခူးတစ်ဝိုက်မှ ဘုရားတွေ လျှောက်ဖူးနေလိုက်သည်။

ရှေးဟောင်းစေတီကိုလည်း ပြုပြင်ခိုင်းထားသည်။ ရွှေတွင်းကိုလည်း ပြထားပြီး ဖြစ်သဖြင့် အိပ်မက်ထဲမှ ရှေးဟောင်းစေတီကို ရှာရမည့်အလုပ်မှာ မိမိအလုပ် ဖြစ်သည်ဟူ သဘောပေါက် ဆုံးဖြတ်ထားသည်။

ဘုရားတွေ လျှောက်ဖူးသည်ဆိုရာမှာလည်း "ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး" "ကသိုလ်လည်းရ၊ ဝမ်းလည်းဝ"ဆိုသကဲ့သို့ အနယ်နယ် အရပ်ရပ်သို့ ဘုရားဖူးသွားရောက်ခဲ့သည်။

အထူးသဖြင့် မန္တလေးတစ်ဝိုက်၊ တောင်ကြီးတစ်ဝိုက်၊ ပြည်မြို့တစ်ဝိုက်တွင်ရှိသော စေတီဟောင်း၊ စေတီသစ်များကို နှံ့စပ်အောင် ဖူးခဲ့သော်လည်း အိပ်မက်ထဲမှာ တွေ့မြင်ရသော စေတီပျက်ကြီးကိုကား မတွေ့သေးချေ။

သုံးနှစ်လောက် မြန်မာနိုင်ငံတစ်ခွင် ပြုပြုစင်အောင် သွားရောက်ရှာဖွေပြီးအာမှ ကျောက်ဆည်မြို့ တည်းခိုခန်းထဲတွင် နေ့ခင်းဘက် မှေးခနဲ အိပ်ပျော်သွားစဉ်...

'ဝေဘူလတောင်ပေါ်ကိုသွား။ ဝေဘူလတောင်ပေါ်ကိုသွား'

ဆိုသည့်အသံ ခပ်တိုးတိုးလေး ပီပီသသ ကြားလိုက်ပြီး နိုးလာသည်။ စောအယ်ထော်သည် နိုးလျှင်နိုးချင်း ကျောပိုးအိတ်နှင့် ရေဘူးကို စလွယ်သိုင်းလိုက်ပြီး ဆိုက်ကားသမားနှင့် ကားသမားများကို မေးမြန်းကာ ဝေဘူလတောင်သို့ ဦးတည်၍ လျှောက်ခဲ့လေသည်။

ဝေဘူလတောင်ပေါ်တွင် တစ်တောင်ကျော်၊ တစ်တောင်ဆင်းပြီး ဆက်လျှောက်လာခဲ့ရာ ငါးနာရီခန့်အကြာတွင် နေလုံးကြီးသည်လည်း အနောက်ဂေါယာတွင် မေးတင်လျက်ရှိနေလေပြီ။

တောင်ကမူတစ်ခုမှ ချောက်ထဲသို့ ဆင်းပြီး နည်းနည်းပိုမြင့်သော နောက်ထပ်တောင်ကုန်းတစ်ခုသို့ အတက်တွင်ကား အသက်ရှူရန်ပင် မေ့သွားလောက်အောင် အံ့ဩသွား၏။

သုံးနှစ်လုံးလုံး လိုက်လံရှာဖွေနေသော စေတီပျက်ကြီးကို ဘွားခနဲ တွေ့လိုက်ရလေပြီ။

ပို၍ထူးဆန်းသည်မှာ ပတ်ဝန်းကျင်တစ်ခွင်လုံးတွင် မှောင်စပြုနေပြီဖြစ်သော်လည်း ထိုစေတီပျက်ကြီးအပေါ်တည့်တည့်တွင် ရောင်စုံရောင်ခြည်များ ကွန့်မြူးနေခြင်းပင်ဖြစ်၏။

ရောင်ခြည်ဝန်းကြီးသည် ဆယ်ပေပတ်လည်ခန့်ကျယ်ဝန်းပြီး စေတီပျက်ကြီးဆီမှ ကောင်းကင်သို့ လှ၍ဖြာထွက်နေခြင်းဖြစ်သည်။ "**အစိန္တေယျ မြတ်စွာဘုရားအား ပူဇော်ပါဘုရား**" ဟု တစ်ယောက်တည်း အသံထွက်၍ ရွတ်ဆိုမိပါတော့သည်။

(၁၀)မိနစ်ခန့်ကြာမည် ထင်ပါသည်။ ရောင်ခြည်တော်အဝန်းသည် တဖြည်းဖြည်း ကျုံ့ဝင်လာပြီး နောက်ဆုံးတွင် (၁)ပေ ပတ်လည်ခန့်သာ ကျန်တော့မည် ထင်သည်။

ထိုအခါမှ စေတီပျက်ကြီးပေါ်သို့ ခက်ခဲစွာတက်ပြီး အနီးကပ်ဖူး၍ ကန်တော့လိုက်ပါသည်။ ကုန်း၍ ဦးချကန်တော့အပြီး ဦးခေါင်းပြန်အမော့တွင် "**သာဓု သာဓု သာဓု**" ဟူသော သာဓုသုံးကြိမ် ခေါ်သံကြားလိုက်ရသဖြင့် အနီးကပ် ရှေ့တိုး၍ ဖူးမြော်လိုက်သည့်အခါ ကိုယ့်မျက်စိကိုယ် မယုံကြည်နိုင်အောင် ဖြစ်ရပြန်သည်။

ကျွန်တော့်အား သူပုန်တောထဲမှ ဤတောင်ထိပ်သို့အရောက် ခေါ်ခဲ့ခြင်းဖြစ်သည်ဟု ကောင်းစွာ သဘောပေါက်ပါတော့သည်။ သေမင်း နှုတ်ခမ်းဝမှ အကြိမ်ကြိမ် ကယ်တင်ခဲ့ခြင်းဖြစ်၏။ အန္တရာယ်ကြားထဲမှ ဆွဲတင်ခဲ့ခြင်းဖြစ်၏။

ကျွတ်ချိန်တန်တော့လည်း ကျွတ်၊ လွတ်ချိန်တန်တော့လဲ လွတ်ရသည်မှာ လောကနိယာမပင် မဟုတ်ပါလော။

## [ ၅ ]

ဝေဘူလ တောင်ထိပ်ပေါ်တွင် လေးပင်ကနားကြီး ခုံတစ်ခုံပေါ်တွင် သာသနာ့ပွဲတစ်ပွဲ၊ ရဟန္တာတစ်ပွဲ၊ နံဘေးခုံကလေးတစ်ခုပေါ်တွင် ငှေငင် ပိုင်ဘိုးဘိုးကြီးတစ်ပွဲနှင့် သိုက်ပွဲတစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

စသည့် ကန်တော့ပွဲများကို အစီအရီ တင်ထား၏။

ခေါင်းရင်းပိုင်းတွင် ထိုင်ခုံများရှိ၏။ သင်ဖြူးဖျာများ ခင်းထား၏။ ကျန်နေရာများတွင် ဖျာကြမ်းများကို အပြည့် ခင်းထားလေသည်။ ကနားတစ်ဖက်စွန်းတွင် စားပွဲတစ်လုံးပေါ်၌ ဘက်ထရီနှင့် အသံချဲ့စက်၊ မီးစက်တို့ကို ချထားသည်ကို တွေ့ရသည်။

အလုပ်သမားများလည်း တောရှင်းသူ ရှင်းကြ၏။ မြေညှိသူ ညှိကြ၏။ လမ်းဖောက်သူ ဖောက်ကြ၏။ ထမင်းချက်သူလည်း ချက်ကြသည်။ စေတီပျက်ကြီးပေါ်တွင်ကား သာသနာ့အလံ တလူလူလွှင့်၍ နေချေသည်။

စေတီပျက်ကြီးပေါ်တွင် ဆရာအောင်နှင့် စောအယ်ထော်တို့သည် အလုပ်သမားငါးယောက်နှင့် အုတ်ခဲကျိုး၊ အုတ်ခဲခွေးများကို သံတူရွင်းနှင့် ကော်ထုတ်လိုက်၊ ဝါးခြင်းတောင်းများတွင်ထည့်၍ သွားသွန်လိုက်နှင့် အလုပ်ရှုပ်လျက် ရှိကြသည်။

အလုပ်သိမ်းပြီးနောက် ဆရာအောင်နှင့် စောအယ်ထော်တို့သည် စေတီပျက်ပေါ်မှ မဆင်းသေးဘဲ အရပ်လေးမျက်နှာသို့ လှည့်လည်ကြည့်ရှုလျက်ရှိကြသည်။ ချိုင့်ဝှမ်းတွေ ရှိသလောက် တောင်ထွတ်တွေကလည်း တမျှော်တခေါ်ပင်။

စောအယ်ထော် ကိုင်ထားသော သံတူးရွင်းသည် လက်မှလွတ်၍ လဲကျသွားစဉ်၊ သံထည်အချင်းချင်း ထိခိုက်မိသကဲ့သို့ အသံကြားလိုက်ရသဖြင့် ငုံ့ကြည့်လိုက်သောအခါ သံသေတ္တာငယ်တစ်ခုကို တွေ့လိုက်ရသည်။

သံတူရွင်းနှင့် ကော်ထုတ်လိုက်ပြီး သံသေတ္တာငယ်ကလေးကို ဖွင့်ကြည့်လိုက်သောအခါ ကိုယ့်မျက်စိကို ကိုယ် မယုံကြည်နိုင်လောက်အောင် ကြုံတွေ့ရပြန်သည်။ ဝင်းဝင်းလက်လက် ပြိုးပြိုးပြက်ပြက် အရောင်လက်



နေသည့် ကျောက်သံပတ္တမြားတွေ ဖြစ်နေပြန်သည်။ ကာလတန်ဖိုးနှင့် ပြောရမည်ဆိုလျှင် ထိုစဉ်က ကျပ်သိန်း (၃၀၀)ကျော်မည်ဟု မှန်းဆရသည်။

ဆရာအောင်နှင့် စောအယ်ထော်တို့သည် တစ်ဦးမျက်နှာတစ်ဦး တစ်ပြိုင်တည်း ကြည့်လိုက်မိကြသည်၊ ဌာပနာရတနာပစ္စည်းများဖြစ်သဖြင့် စေတီသစ်တွင် ထပ်မံဌာပနာကြရန် အချင်းချင်း နားလည်ဆုံးဖြတ်လိုက်ကြသည်။

ဦးစောအယ်ထော်သည် အလုပ်သမားတစ်ယောက်အား မီးစက်နှိုးရန် ပြောလိုက်ပြီး ဌာပနာပစ္စည်းများကို ဂေါပကလက်သို့ ရဲများရှေ့တွင် အပ်နှံထားလိုက်သည်။

တစ်နေကုန် ပင်ပန်းထားသဖြင့် တစ်မှေးလောက်တော့ မှေးလိုက်မည်ဟု အိပ်ရာပေါ်သို့ လှဲအချလိုက်...

'ဒကာကြီး စောအယ်ထော် ပြောပြတဲ့ သက်စွန့်ဆံဖျား ဇာတ်လမ်းဆုံကို ဘုန်းကြီးတို့ ကြားပြီးပါပြီ။ ဒကာကြီး အမှတ်အသားပြုခဲ့တဲ့ ရွှေတွင်းထဲကရွှေတွေ ဘယ်လိုရတယ်၊ ဘယ်လောက်ရတယ်ဆိုတာ ဘုန်းဘုန်းတို့ လဲ နားထောင်ရအောင် ပြောပြပါလား'

ရတနာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးမင်္ဂလ မေးလိုက်မှ ဦးစောအယ်ထော်သည် အိပ်ရာထဲမှ ကပျာကယာထလိုက်ပြီး ဆက်လက် ရှင်းပြနေသည်။

'ဒါကတော့ ရှင်းနေပါပြီ ဘုန်းဘုန်း ရယ်။ အလင်းဝင်လာပြီး (၃)နှစ်လောက်ကြာတော့ ဒေသအသီးသီးမှာ ငြိမ်းချမ်းရေးတွေ ထူထောင်နိုင်လာပြီ။ ဒီတော့ အေးချမ်းပြီဖြစ်တဲ့ တပည့်တော်ရဲ့ဇာတိကိုပြန်ပြီး မိဘတွေကို ဝင်ကန်တော့၊ ကိုယ်ကျွမ်းပြီးသားဖြစ်တဲ့ တောလမ်းအတိုင်း သွားရတာဆိုတော့ အခက်အခဲ မရှိလှပါဘူး'

ဦးစောအယ်ထော်သည် အိပ်ချင်ပြေသွားပြီဖြစ်သဖြင့် လက်ဖက်သားကို မြုံ့လိုက်၊ ရေနွေးကြမ်းသောက်လိုက်နှင့် ပြုံးပြုံးကြီး ကြည့်နေသည်။

'ဘာကို အကြိုက်တွေ့လို့ ပြုံးနေရတာလဲ ဘုရားဒကာကြီးရဲ့'

ရပ်ကွက်လူကြီး ဦးချမ်းသာက စကား ဝင်ထောက်လိုက်၏။

'ကျွန်တော့်မှာ ရေဒါစက်က အမြဲပါနေတော့ ဘယ်မှာ ခက်ခဲနိုင်ပါတော့မလဲ'

'တယ်ဟုတ်ပါလား ဦးစောအယ်ထော်ကြီးရဲ့...ဘယ်လို ရေဒါစက်လဲ'

ရွာသားကြီး ဦးပလောင်းဖြူက သိလိုဇောနှင့် မေးနေပြန်သည်။

'ရေဒါစက်ဆိုတာ တခြားပြောတာ မဟုတ်ပါဘူးဗျာ။ ကျောပိုးအိတ်ထဲက သေတ္တာကလေးထဲမှာ အမြဲ သိုတင်းသုံးနေတဲ့ ဗုဒ္ဓဆင်းတုတော်ကလေးကို ပြောတာပါ။

အမြဲမပြတ် လင်းညွှန်နေတော့ မြန်မြတ်ထားခဲ့တဲ့ရွှေတွေကို လွယ်လွယ်ကူကူပဲ တူးပြီး ကျောပိုးအိတ်ထဲ ကျုံးထည့်ခဲ့တယ်။ ရန်ကုန်ရောက်ပြီး ချိန်ကြည့်တော့ ကိုးပိဿာ အတိပဲဗျို့'

ဩော်...လူသာမန်တို့၏ စိတ်ဖြင့် ကြံစည်တွေးတော၍ မရနိုင်သော အစိန္တေယျပါတကား။

ဇာတ်အစိန္တိယာ ဗုဒ္ဓါ
ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ
ဝိပါကော ဟောတုအစိန္တိယော။

**ရွှင်လန်းချမ်းမြေ့ပါစေ။**

**အောင်သိန်းဟန်**



www.burmeseclassic.com

www.burmeseclassic.com



ကောင်းခန့်
(သခွတ်မြေ)
ဝတ်လက်

ထူးဆန်းစွာ လှုပ်ရှားနေသော ကြိုးတစ်ချောင်းနှင့်

# ကြိုးသက်ရှိသူများ

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။
အ,သောကံ ဝိရဇံ ခေမံ၊
တေံ မင်္ဂလ မုတ္တမံ။

လောကဌ် လောကဓံ တရားရှစ်ပါးတို့နှင့် တွေ့ကြုံသော်လည်း ထိုသူ၏ စိတ်သည် တုန်လှုပ်ခြင်းမရှိ...

စိုးရိမ် ကြောင့်ကြခြင်း လည်းမရှိ...

ကိလေသာရမ္မက်ဟူသော မြူလည်း မရှိ...

ဘေးလည်းမရှိ...

ထိုတရားလေးပါးသည် မြတ်သော မင်္ဂလာတည်း...

သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာ တရားတော်ထဲ၌ မြတ်ဗုဒ္ဓသည် မထင်မရှားသော နတ်သားတစ်ပါးကို အကြောင်းပြု၍ ထိုသို့ ဟောကြားတော်မူခဲ့၏။

**ယသော,အယသော**–အခြွေအရံ များခြင်း,နည်းခြင်း၊

**လာဘော,အလာဘော**– လာဘ် လာဘပေါ်များခြင်း, လာဘ်လာဘ အလွှန်နည်းခြင်း။

**နိန္ဒာ,ပသံသာ**– ချီးမွမ်းကြခြင်း, ကဲ့ရဲ့ရှုတ်ချကြခြင်း၊

**သုခံ,ဒုက္ခံ**– ချမ်းသာမှုနှင့်ကြုံခြင်း, ဆင်းရဲဒုက္ခတို့နှင့် တွေ့ကြုံခြင်း...

ပုထုဇဉ်လူသားတို့တွင် ဘုရား ရဟန္တာ သောတာပန်ပုဂ္ဂိုလ်တို့မှ လွဲ၍ ထိုလောကဓံတရားရှစ်ပါး၏ ဆူကြုံ နိမ့်မြင့် ဘဝလှိုင်းဂယက်၏ ဒဏ်ကို လူတိုင်းနီးပါးမျှ ကြံ့ကြံ့မခံနိုင်ကြပေ။

သုခဟုဆိုသော ချမ်းသာမှုတို့နှင့် တွေ့လျှင် ပျော်လိုက်ကြ ရွှင်လိုက်ကြ ဒုက္ခဟုဆိုသော ဆင်းရဲခြင်းတို့နှင့် တွေ့လျှင်လည်း ဝမ်းနည်းလိုက်ဖို့ ငိုယို ဟစ်ကြွေး ပူဆွေးသောကတို့နှင့် ပင်လယ်ဝေတတ်ကြ၏။

ထိုသို့ စိတ်သောက ဖိစီးမှုများလာ သောအခါ စိတ်ကျရောဂါ စွဲကပ်လာ ပြီး တစ်ဖက်စွန်းရောက်သူ တချို့က လည်း စိတ်ဆင်းရဲမှုဒဏ်ကို မခံနိုင်ကြ တော့ဘဲ အဆိပ်သောက်၊ တံတားပေါ်



www.burmeseclassic.com

www.burmeseclassic.com

မှခုန်ချ၊ ဆွဲကြိုးချခြင်း စသော အမျိုးမျိုးသော နည်းတို့ဖြင့် မိမိကိုယ်ကို တစ်ဘဝ အဆုံးသတ်တတ်ကြခြင်း စသည့် မကြံစည့်ကောင်း မလုပ်ကောင်းသည့် အမှုတို့ကို ပြုလုပ်ကြ၏။

ဤနေရာတွင် ဘဝဝဋ်ကြွေးဟု ဆိုရမလား၊ ကြိုးဆက် အထုံပါလာသည်ဟု ပြောရမလား ထိုသူတွေ၏ အံ့ကြောင်းကို ကျွန်ုပ် ကြုံဖူးကြားသမျှ ရေးပြပါဦးမည်။

မကောင်းသော "အ"မင်္ဂလာ အကြောင်းများ ဖြစ်သဖြင့် ရေးတော့ မရေးလိုပါ။ သို့သော်လည်း စာရေးသူ ကိုယ်တိုင် ရင်နင့်အောင် ခံစားတွေ့ကြုံမှုနှင့် ဆက်စပ်နေသဖြင့် လက်ရှုံ့ရှုံ့နှင့်ပင် ရေးသားလိုက်ရပါသည်။

* * *

'အစ်ကိုရာ ကျွန်တော့်စိတ်တွေ ဘယ်လို နေမှန်းမသိဘူးဗျာ၊ နေလို့ကို မရဘူး။ အစ်ကို ခရီးသွားရင် ကျွန်တော့်ကို ခေါ်သွားစမ်းပါ'

လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကျော် ခန့်က အထက်ပါ စကားတို့ကို ပြောခဲ့သူကား စာရေးသူနှင့် ညီအစ်ကိုဝမ်းကွဲ တော်သူ ကိုထွန်းတင်၏ စကားသံများ ဖြစ်၏။

'ဟ...ထွန်းတင်ရာ မင်းမှာ ဘာစိတ်ညစ်စရာ ပူစရာရှိလဲ၊ စီးပွားရေးလဲ အဆင်ပြေတယ်။ မင်းမှာ သားတစ်ယောက်၊ သမီးတစ်ယောက်နဲ့ အိမ်ထောင်ရေးမှာ ဆိုရင်လဲ အဖုအထစ် မရှိဘူး။ ဘာများ ပူစရာရှိလို့လဲ'

ဤသို့ပင် ပြောဆို၍ စာရေးသူလည်း အမှုမဲ့ ခရီးထွက်စရာ ရှိတာ ထွက်ခဲ့၏။ ဆယ်ရက်ခန့်ကြာ၍ စာရေးသူ ပြန်ရောက်သော် အမင်္ဂလာသတင်းက ဆီးကြိုနေ၏။

'ထွန်းတင်တစ်ယောက် ကြိုးနဲ့ သူ့ကိုယ်သူ ကြံစည်သွားသတဲ့'

ဒီတော့မှ ခရီးထွက်ရာ ခေါ်မသွားမိသည်ကို ကျွန်ုပ်အနေနှင့် ဝမ်းနည်းစွာ နောင်တရမိ၏။

သူ၏အပျက်ကို အကြောင်းစုံသိသူအား မေးကြည့်ရာ (...) ခုနှစ် ပြသိုလဆန်း(...)ရက်ရွာ ဦးကျောင်းထဲတွင် သူနှင့် မောင်နှမဝမ်းကွဲတော်စပ်သူ၏ အလှူမဏ္ဍပ်ဆောက်သော နံနက်၌ မဏ္ဍပ် ကူညီဆောက်နေရင်းမှ ကျောင်း၏ အခြေ့ဘက်သို့ မယောင်မလည် ထွက်သွားသည်ဟု ဆိုသည်။

ကျောင်းဝင်းအပြင် ကျောက်ခင်းလမ်းဘက်သို့ ရောက်သောအခါ ထိုလမ်းအတိုင်း အရှေ့ဘက်သို့ ဒုန်းစိုင်း၍ ပြေးသည်။ သူ့ရှေ့၌လည်း နွားအဖြူတစ်ကောင်က ပြေးနေသည်ဟု မြင်သူတချို့က ပြောကြ၏။ ဝန်းကျင်မှ မြင်သူတွေကလည်း နွားလိုက်ဖမ်းသည်ဟုသာ ထင်ကြ၍ အရေးမထားကြပေ။

မဏ္ဍပ်ဆောက်နေကြသူ သူ၏ အစ်ကိုနှင့် ညီတို့သည် ထိုသို့ ထူးဆန်းစွာ အရှေ့စူးစူးသို့ပြေးသည့် သတင်းကြားတော့မှ နောက်မှ လိုက်သွားကြရာ ရွာနှင့် လေးဖာလုံခန့်အကွာ တောင်မြောက် ဖောက်ထားသည့် တူးမြောင်းပေါင်ပေါ်အရောက်တွင် တောမှ ပြန်လာသူနှစ်ယောက်ကို တွေ့၍ မေးကြည့်ရာ...

'ကိုထွန်းတင်လား ခုနလေးတင်ပဲ သူ့ရှေ့က နွားလေးတစ်ကောင် အပြီးထောင်ပြေးနေတာကို လိုက်ဖမ်းနေတာ တွေ့လိုက်ရသေးတယ်'

ဟု တစ်ယောက်မှ ပြောရာ ကျန်တစ်ယောက်မှ...

'ဟာ...နွားမပါပါဘူး။ သူတစ်ယောက်တည်း ဒီတူးမြောင်းပေါ်က ဆင်းပြီး အရှေ့ဘက်ကို ပြေးတာပါ။ ကျုပ်ကတောင်မှ ဒီလူ ဘာဖြစ်လို့ ပြေးတာပါလိမ့်လို့ စိတ်ထဲတွေးနေမိသေးတယ်'

လိုက်ရှာကြသော ညီဖြစ်သူနှင့် အစ်ကိုတို့သည်လည်း ထိုသူတို့ ပြောသောစကား နှစ်မျိုးကွဲလွဲနေသည်ကိုပင် စဉ်းစားပြီး မနေနိုင်တော့ပေ။ ပြေးသည်ဟု ဆိုသော အရှေ့ဘက်သို့ ခပ်သုတ်သုတ် ဆက်၍ လိုက်ခဲ့ကြတော့ သည်။

စပါးပင်တို့ ရိတ်သိမ်းပြီးပြီမို့ ဝန်းကျင်ရှိ လယ်ကွက်တွေထဲတွင် ရိုးပြတ်ငုတ်တို့သာလျှင် ရှိတော့၏။ ကောက်လှိုင်းတိုက်သော လှည်းလမ်းမှ လှည့်ပြီး မသွားနိုင်တော့ပေ။

နီးစပ်ရာ လယ်ကွက်ရိုးပြတ်တွေထဲကသာ ဖြတ်လျှောက်ပြီး အရှေ့ဘက်ခပ်လှမ်းလှမ်းရှိ ရွာလေးဆီသို့ လိုက်ခဲ့ကြ၏။

ထိုရွာမရောက်မီ သုံးဖာလုံခန့်အကွာ လယ်ကွက်တွေ၏ ကန်သင်းရိုး၌ရှိသော ကုလားကင်ပွန်းခေါ် ထနောင်းတဲပင်လေးတွေ ရှိရာသို့ အမှတ်တမဲ့ လှည့်ကြည့်မိရာ တစ်ခုသောအပင်၌ တွေ့လိုက်ရသော မြင်ကွင်းကြောင့် ညီအစ်ကိုနှစ်ယောက်လုံး မျက်စိတို့ ပြာဝေ၍ သွားတော့၏။

'ဟာ...ဟိုက်..'

ဆူးဖြူဆူးတို့နှင့် ပြည့်နှက်နေသော ပင်ပျိုထနောင်းတဲပင်ပေါ်သို့ ခက်ခက်ခဲခဲ တက်ကာ သူ့ပုဆိုးနှင့်သူ ဆုတ်ဖြဲပြီး အသုံးပြုလျက် သူ့အသက်ကို သူ ကြံစည်သွားသည်မှာ ဘဝက ကြိုးဆက် ပါလာသောကြောင့်ပေလား...

* * *

ကံအကြောင်း မကောင်းအောင် စီရင်သွားသူ နောက်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ကတော့"**ဦးသက်တင်**"ဆိုသူ ဖြစ်၏။ (နာမည်မှန်မဟုတ်ပါ) သူကတော့ အသက်ငါးဆယ်နီးပါးရှိပြီး သမီးသား မြေးများနှင့် အသိုက်အဝန်း ပြည့်ပြည့်စုံစုံ နေထိုင်သူဖြစ်သော်လည်း လုပ်ကိုင်စားစရာ မြေယာမရှိသောကြောင့် သူ့ကိုယ်တိုင်က လက်သမား ခေါင်းဆောင်လုပ်ပြီး အောက်လက်ငယ်သားတို့နှင့် အဆောက်အအုံ ဆောက်လုပ်ရေးတို့ကို လက်ခံကာ လုပ်ကိုင်နေသူ ဖြစ်သည်။ သားသမီးများကတော့ ကြုံရာလုပ်ငန်းကို လုပ်ကိုင်ကြသည်။



အများအမြင်မှာတော့ သူတို့ မိသားစုမှာ စီးပွားရေး ချောင်လည်ကာ မည်သည့် ပြဿနာမျှ ရှိသည်မထင်ပေ။

သို့သော်လည်း မိသားစုတိုင်းပင် အများမသိသော အိမ်တွင်းရေး ပြဿနာလေးတွေကတော့ အနည်းနှင့်အများ ရှိကြမြဲ ဓမ္မတာပင်ဖြစ်၏။

ယခုလည်း သူတို့မိသားစုတွင် ထိုသို့သော ပြဿနာလေးများ ရှိသည်ထင်၏။ တစ်နေ့...

'ကိုသက်တင် သူ့ကိုယ်သူ ကြိုးနဲ့ သေကြောင်းကြံစည်တာ မအောင်မြင်ဘူးတဲ့'

ထိုသတင်းကို ကြား၍ စုံစမ်းရာ...

နံနက်အိပ်ရာထ ရေနွေးကြမ်း သောက်ပြီးမှ အလုပ်သွားနေကျအချိန် အိမ်ရှေ့ကုပြင် ရေနွေးကြမ်းစားပွဲတွင် ဖခင်ဖြစ်သူအား မမြင်၍ သားကြီးဖြစ်သူသည် အိမ်ဝင်းအတွင်း၌ ဖခင်အား လိုက်လံရှာဖွေသည်။

အိမ်ခေါင်းရင်းရှိ မန်ကျည်းပင် အပေါ်တွင် အကိုင်းတို့ လှုပ်ရှားသွားသည်ကို တွေ့သဖြင့် စူးစိုက်ကြည့်ရာ အတောင်သုံးဆယ်ခန့် မြင့်သော ခေါင်ကိုင်းကို ကြိုးချည်နေသော ဖခင်ဖြစ်သူကို တွေ့ရာ...

'အဖေ...မလုပ်နဲ့...မလုပ်နဲ့'

ဟု ပါးစပ်မှ အော်ဟစ်ရင်း အိမ်ထရံတွင် ထိုးထားသော ဓားဝင်း(ဓားချွန်း) ကိုယူ၍ မန်ကျည်းပင်ကြီးပေါ်သို့ သွက်လက်စွာ တက်ခဲ့၏။ အပင်ပေါ်ရောက်သော် ဖခင်ဖြစ်သူမှာ လည်ပင်းတွင် ကြိုးတန်းလန်းနှင့် လှုပ်ရှားနေသည်ကို မြင်၍ အမြန်ဝင်ပွေ့ကာ ဓားနှင့်ကြိုးကို ဖြတ်လိုက်သည်။

ညီဖြစ်သူကို အကူခေါ်ကာ အတောင်သုံးဆယ်ခန့် မြင့်သော မန်ကျည်းပင်ကြီးပေါ်မှ ခက်ခက်ခဲခဲ ဖခင်ကို ချယူရ၏။

အောက်ရောက်သော် အတော်လေး ပြုစုယူရသည်။ အတောင်သုံးဆယ်ခန့် မြင့်သော မန်ကျည်းပင်တက်ပြီး သူ့အသက်ကို ကြိုးဖြင့် ကြံစည်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

တစ်လန့် ကြာသွားသောအခါ ထိုအဖြစ်အပျက်တို့ကို မေ့ပျောက်လုနီးပါးရှိနေချိန် တစ်မနက်ခင်း၌ အိပ်ရာအထ သူ့အဖေကို မမြင်သဖြင့် ညီအစ်ကိုမောင်နှမတစ်တွေ လိုက်ရှာရာ အိမ်ဝင်း၏တောင်ဘက် လယ်ကွက်ကန်သင်းရိုးတွင် ပေါက်နေသော လူ့လက်ခုပ်တစ်ဖောင်ခန့်သာ မြင့်သည့် တမာပင်လေးအောက်၌ ဒူးထောက်ထိုင်နေသည့် သူ့တို့ အဖေကို သွားကြည့်သည်။

ထိုအခါ လူတစ်ရပ်မရှိတရှိ သစ်ကိုင်းတွင် ကြိုးချည်လျက် လည်ပင်း ကြိုးကွင်းစွပ်ပြီး အသက်မရှိတော့ကြောင်းကို တွေ့ရလေသည်။

**အတောင်သုံးဆယ်ခန့် မြင့်သော မန်ကျည်းပင်ကြီးပေါ်တွင် ကြိုးစည်းစဉ်က မအောင်မြင်ခဲ့တဲ့ လူ့တစ်ရပ်သာသာ အပင်လေးမှ အသက်ချွတ် ပြတ်ခဲ့သွားသည်မှာ ဘဝါဘဝက ကြိုးဆက် ပါလာသောကြောင့်ပေလား...**

* * *

နောက်တစ်ဦးက အသက်တစ်ဆယ့်ရှစ်နှစ်အရွယ် မိန်းကလေးတစ်ယောက်ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကျော်မှ အဖြစ်အပျက်လေးဖြစ်ပြီး ဒီလိုပြဿနာ ကြုံဖို့ တိုက်တွန်း စေ့ဆော်ချက်အကြောင်းအရာကတော့ အခြားကိစ္စ မဖြစ်နိုင်ပေ။

လူငယ်ဆိုတော့ လူငယ်တို့ တွေ့ကြုံတတ်သော ကိစ္စပင် ဖြစ်ပေမည်။ မသင့်တော်၍ မိဖနှစ်ပါးမှ ရိုက်နှက်ဆုံးမသောကြောင့် မိဘကို စိတ်ခုကာ ကြိုးတစ်ချောင်းယူ၍ အိမ်မှ ထွက်သွား၏။

အစ်ကိုနှင့် ဖခင်ဖြစ်သူတို့က ရိပ်မိ၍ နောက်မှလိုက်သွားသည်။ ရွာအပြင် လယ်ကွင်းထဲသို့ ရောက်သော် အဖေနှင့် အစ်ကိုတို့ လိုက်လာသည်ကို မြင်သဖြင့် ခြေကုန်သုတ်ကာ ပြေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်မှ လိုက်လာသူတို့နှင့် ဝါးငါးရိုက်ခန့်သာ ဝေးတော့သဖြင့် ပြေးလို့လွတ်တော့ မည်မထင်။ ထို့ကြောင့် ပါလာသော ကြိုးတစ်စကို လည်ပင်း၌ပတ်ကာ ရှေ့တွင်တွေ့ရသော သစ်ငုတ်တိုကို ကျန်ကြိုးတစ်စကို နှစ်ပတ်မျှ ရစ်ပတ်ပြီး ရှေ့သို့ ဝမ်းလျားထိုးမှောက်ပြီး လှဲချလိုက်လေတော့သည်။



နောက်မှ လိုက်လာသူတွေ အရောက်မှာတော့ အသက်မရှိတော့ပေ။

ထိုမျှလောက် လွယ်လွန်းသည်မှာ ဘဝက ကြိုးဆက်ပါလာသောကြောင့်ပေလား...

* * *

**လှုပ်ရှားနေသော ကြိုးတစ်ချောင်း...**

ကျွန်ုပ် နောက်ဆုံးရေးသားမည့်သူ အကြောင်းကတော့ ထူးခြားဆန်းကြယ်သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်ကျော်မှုဖြစ်ပြီး လူကြီးသူမတို့၏ ပြောပြမှုအရ သိခဲ့ရပါသည်။

စာရေးသူတို့၏ အနီးဝန်းကျင်တွင် ဖြစ်ခဲ့သော အကြောင်းအရာဖြစ်၍ တကယ့်ဖြစ်ရပ်မှန် ဖြစ်ပါသည်။ ထိုသူ၏အသက်သည် ငါးဆယ်ကျော်ခြောက်ဆယ်တွင်း **"ဦးဖေဘာ"** ဆိုသူ (နာမည်မှန်မဟုတ်) ဖြစ်၏။

သူ့တွင် လယ်ဧက နှစ်ဆယ်နီးပါးမျှရှိပြီး ဇနီး သားသမီး မြေးများနှင့် သိုက်သိုက်ဝန်းဝန်း ပြည့်စုံစွာ နေထိုင်နိုင်သူဖြစ်သည်။

လယ်ယာအလုပ်တို့ကို သားသမီးတို့က လွှဲယူကာ လုပ်ကိုင်နိုင်သော သားလိမ္မာ၊ သမီးလိမ္မာလေးများဖြစ်သည်နှင့်အညီ မပူမပင် မကြောင့်မကြ အိမ်ကြီးရခိုင်နှင့် နေထိုင်ရသူဖြစ်၏။

သူ၏ ဝါသနာမှာ ငယ်စဉ်ကပင် နွားကောင်းကိုင်လို၏။ နွားအလဲ အထပ် ဝါသနာပါ၏။ နွားကိုင်ကောင်းသူ၊ နွားမောင်းကောင်းသူ ဖြစ်သဖြင့်လည်း သူ့လက်ထဲ ရောက်လာသော နွားသည် နွားဖျင်းနွားညံ့ ဘယ်တော့မှ မဖြစ်ခဲ့ပေ။

ထိုခေတ်က နွားပြိုင်ပွဲများတွင်လည်း သူသည် နွားလှည်းစီးကောင်း နွားမောင်းကောင်း ဂျော်ကီတစ်ယောက် ဖြစ်ခဲ့သည်။

ယခု အသက်ခြောက်ဆယ်နီးပါး အရွယ်အထိ လူတစ်ယောက် နွားဆွဲလာတာမြင်လျှင် မနေနိုင် စေ့စေ့စပ်စပ် ကြည့်၍ နွား၏ အပြစ်အနာအဆာတို့ရှာပြီး ပြောတတ်၏။ ထို့ကြောင့် သားဖြစ်သူမှ...

'အဖေကလဲဗျာ ဒီအရွယ်ရောက်လာမှ တရားစကားမပြောဘဲ နွားစကားပဲ ပြောနေရသလားဗျာ'

ထိုအခါ ဦးဖေဘာသည် ရှုံးရှုံးရဲရဲဖြစ်ကာ...

'ဘာကွ မင်းက ငါ့ကို နွားစကားပြောတယ်လို့ ဆိုတာလားဟင်'

သားဖြစ်သူကို တွေ့သည့်အရာနှင့် လိုက်ကောက်ပေါက်နေတော့သည်။ ယခုလည်း သားကိုင်နေသော နွားတစ်ရှဉ်းသည် သူ စိတ်ကြိုက်ဝယ်ထားသော နွားဝယ် နွားသိုးတစ်ရှဉ်းပင်ဖြစ်၏။

တစ်နေ့သောအခါမှာတော့ ဦးဖေဘာတစ်ယောက် သူဝါသနာပါသော နွားကြောင့် သူ ဒုက္ခရောက်ရမည်ကိုတော့ မသိပေ။

အခင်းပြသနာမဖြစ်ပွားမီ တစ်လအလိုလောက်က တစ်ခုသော နံနက်ခင်း၌ ဦးဖေဘာသည် အိမ်ရှေ့ ဆင်ဝင်အောက်ရှိ စားပွဲတန်းလျားတွင် ရေနွေးကြမ်းသောက်၍ နေ၏။

သားနှင့်သမီးတို့မှာ လယ်တောသို့ နံနက်စောစောကပင် ထွက်၍ သွားကြပြီ။ ဇနီးဖြစ်သူမှာလည်း မီးဖိုချောင်ထဲ၌ ချွေးတလုံးလုံးနှင့် မိသားစုစားကြရန် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်နေသည်။

ရေနွေးကြမ်းချည်း သောက်နေရသည်မှာ အာပူလာသဖြင့် ထန်းလျက်ခဲယူရန် အိမ်ထဲသို့ ဝင်ခဲ့လေသည်။

အိမ်ထဲအရောက်တွင် တစ်ခုခု ထူးဆန်းနေသည်ဟု စိတ်က ထင်သောကြောင့် အပေါ်သို့ မော့ကြည့်မိရာ ထုပ်တန်းပေါ်တွင် တင်ထားသော နွားချည်ကြိုးခွေမှ ပြေနေသော နှစ်တောင်ခန့် ကြိုးတစ်စသည် အောက်တွင် တွဲလောင်းကျလျက် သူရှိရာဘက်သို့ အသက်ဝိညာဉ်ရှိသော မြွေတစ်ကောင်ကဲ့သို့ လှုပ်ရှားယမ်းခါနေသည်ကို မြင်နေသဖြင့် အိမ်အပြင်ဘက်သို့ ကြောက်လန့်တကြား ထွက်ပြေးခဲ့သည်။

အပြင်ဘက် တန်းလျားပေါ် အရောက်မှာတော့ ပြေးဖူးဖက်



www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်တိုကို တွင်တွင်ဖွာကာ...

'ဖိုးစိတ်က အထပ်များ အမြင်
မှားတာနေမှာပါ။ ကြိုးခွေက
ကြိုးခွေပဲ။ အသက်ရှိတာလိုက်လို့'

ဟု အတန်ကြာအောင် စဉ်းစားပြီး နောက်တစ်ကြိမ် အိမ်ထဲသို့ ဝင်ခဲ့ပြန်၏။

ဒီတစ်ကြိမ်တွင်လည်း အရင်တစ်ခါကဲ့သို့ပင် တွဲလဲကျနေသောကြိုးစသည် သူရှိရာဘက်သို့ ယမ်းခါနေပြန်သည်။ ဦးဖေဘသည် ရုတ်တရက်အပြင်သို့ ပြန်ထွက်ပြေးကာ...

'ဟဲ့...ဟဲ့... မယ်တာ... မယ်တာ လာစမ်းပါဦးဟာ၊ ဒီ...ဒီမှာ'

ဟင်းချက်နေသော ဇနီးဖြစ်သူ မမယ်တာကို လှမ်း၍ အော်ခေါ်လိုက်သည်။

'ဘာများလဲတော်... တော်ကလဲ အလန့်တကြား ဟင်းအိုးတူးမှာစိုးလို့ စောင့်ချက်နေတာ၊ တော်က အရေးတကြီး'

ဦးဖေဘသည် သူ ထူးဆန်းစွာ တွေ့မြင်ရသည်ကို ပြောပြ၍ ဇနီးဖြစ်သူကို သွားကြည့်ခိုင်း၏။


ဇနီးဖြစ်သူ ပြန်ထွက်လာကာ...

'တော်နှယ့်တော် သူဟာသူနေတဲ့ ကြိုးခွေကို အထူးအဆန်းလုပ်ပြီး ကျုပ်ကို အကြည့်ခိုင်းတယ်။ လေတိုက်လို့ ကြွက်လျှောက်လို့ လှုပ်ချင်လှုပ်မှာပေါ့တော့'

တဗျစ်တောက်တောက် ပြောဆိုနေသော ဇနီးဖြစ်သူ၏ စကားကြောင့် ဦးဖေဘတစ်ယောက် နောက်ထပ် ပါးစပ် မဟတ်ဝံ့တော့ပေ။

ထိုအကြောင်းအရာတို့ကို သားသမီးများလည်း မပြောဝံ့ ပြောပြလျှင်လည်း...

'အဖေကလဲ တောပြောတောင်ပြောနဲ့ သူငယ်ပြန်နေပြီလား'



စသဖြင့် ပြောကြပေဦးမည်။ သူ့ပဲ ရှုံးရကြမည်။ ထို့ကြောင့် ထိုအကြောင်းကို မပြောတော့။

တစ်နေ့တော့ ထိုကြိုးခွေကို သားဖြစ်သူက နွားချည်ကြိုး နွားလှန်ကြိုးအဖြစ် ဖြတ်တောက်၍ အသုံးပြုလိုက်သဖြင့် ဦးဖေဘတစ်ယောက် ထိုကြိုးအကြောင်းကို မေ့ပျောက်၍သွားသည်။

သည်သို့နှင့်ပင် **ကောက်ခြေပြတ်ကာလ**(စပါးရိတ်သိမ်းပြီး ကောက်ပင်အခြေတိုတိုတို့သာ ကျန်တော့သော ကာလ) ပြာသို၊ တပို့တွဲ ဆောင်းရာသီသို့ ရောက်ခဲ့၏။

ဆောင်း၏ နံနက်ခင်းတစ်ခု၌ သားနှင့်သမီးတို့သည် ရွာထဲတွင် ရှင်ပြုနားသအလှူပွဲရှိသဖြင့် ထိုအလှူအိမ်သို့ သွားရောက်ကူညီ လုပ်ကိုင်နေကြရာ အိမ်ရှိ နွားသိုးပေါက်တစ်ရှဉ်း၏ ဗာဟီရတာဝန်မှာ သူ့အပေါ် ရောက်လာ၏။ မိန်းမကြီးကလည်း ထမင်းဟင်းချက်သည်မှလွဲ၍ ဘာမျှ မလုပ်တတ်။

သို့မို့ကြောင့် နံနက်စောစောပင် နွားတစ်ရှဉ်းကို လယ်ကွက်ထဲသို့ **သွားလှန်ကာ(မြက်ပေါက်ရာ ကန်သင်းနှံတွင် ငုတ်စိုက်၍ ကြိုးရှည်ရှည်နှင့် ချည်ကာ နွားကျောင်းခြင်း)** ထားခဲ့သည်။

သူကတော့ မနီးမဝေးရှိ အိမ်သို့ပြန်ကာ ဆောင်းနေခြည်နုနု၏ အောက်တွင် ရေနွေးပူပူတစ်ကရား၊ မြည်းစရာ အမဲခြောက်ဖုတ် တစ်ပန်းကန်နှင့် ဆောင်း၏ နံနက်ခင်းအရသာကို အပြည့်အဝ ခံစားနေ၏။

ထိုစဉ် နွားတွေဆီမှ ရှန်းရင်းဆန်ခတ်အသံကို ကြားသဖြင့် နွားတွေဆီ လှည့်ကြည့်မိရာ နွားတစ်ကောင်မှာ ခြေနှင့် လက်တို့တွင် ကြိုးနှင့်ငြိ၍ တုပ်လှဲသကဲ့သို့ လဲကျသွားသည်ကို မြင်သဖြင့် အပြေးသွားခဲ့သည်။

ယက်ကန်ယက်ကန်နှင့် ကြိုးငြိနေသည်ကို ဖြုတ်ပေးရန် ချည်တိုင်ငုတ်ကို နုတ်လိုက်ရာ နွားက ရုန်းပြီးအထချည်တိုက်ငုတ်မှာပြုတ်ကာ သူလည်း နောက်သို့ ပက်လက်လန်လဲအကျတွင် အရှိန်လွန်ကာ ငုတ်နှင့်တန်းလန်းကြိုးသည့် လည်ပင်းကို ပတ်မိသွား၏။

ထို့ပြင် လန့်သွားသော နွားအပြေး၌ လည်ပင်းကြိုးပတ်လျက် နွားပြေးရာ နောက်သို့ မချိမဆံ့နှင့် အသံပင် မထွက်နိုင်ဘဲ သူလည်း တရွတ်တိုက်ကာ ပါသွားသည်။

ထိုသို့ပင်လျှင် လှုပ်ရှားနေသော ကြိုးတစ်ချောင်းမှ ကြိုတင်နိမိတ်ပြကာ သူ အလွန်ကြောက်သော ထိုကြိုးမှပင် သူ၏အသက်ကို ထုတ်နုတ်ယူငင်သွားလေတော့သည်။

**[ကြိုးနှင့် သေဆုံးသွားသူ ဇနီးသည်အား ဝမ်းနည်းအမှတ်တရ...]**

***စိတ်ဆင်းရဲခြင်း ကင်းဝေးကြပါစေ။***

**ကောင်းခန့်(သစ္စတော့မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေးကောင်းစေတတ်သော

## အင်းနှင့်ဂါထာ

ဇော်မြင့် (မြင်းခြံ)

ရတနာမြတ်သုံးပါးကို ကိုးကွယ်ခြင်းသည် ပစ္စုပ္ပန်နှင့် သံသရာ နှစ်ဖြာပွားစီး အကျိုးကြီးမားသည်ကား မုန်ပါ၏။

သို့သော်လည်း...

ဗုဒ္ဓဒေသနာတော်အရ...

မည်သူမဆို အကြောင်းတရားကောင်းမှ အကျိုးတရားကောင်းမည်ကို တင်ကြို နားလည်ထားသင့်ပါသည်။

လူ့လောကတွင်...

ယနေ့ လုပ်ငန်းခွင် မဝင်ခြားက မနက်ဖြန် စားစရာမရှိသူ ရှိသကဲ့သို့ အတိတ်ဘဝက ထောက်ပံ့သော ကံတရားကြောင့်ဖြစ်စေ၊ ပစ္စုပ္ပန်ကာလ လုံ့လဖြို အားထုတ်ထားသော ကံကြောင့် စားသောက်မကုန် ပစ္စည်းပြည့်စုံသူများရှိကြသည်။

စီးပွားရေးအဆင်မပြေ လုပ်ငန်းမကောင်းသောနှစ်တွင် ကိုယ်စိတ်မချမ်းသာသဖြင့် ကျန်းမာရေးအညံ့များ ဆက်တိုက် ဝင်လာထတ်သည်။

ထိုနှစ်တွင်...

လူ့ဘဝမှာ နေချင်သော်လည်း ဆေးကုသစားရိတ် မတတ်နိုင်သဖြင့် လူ့ဘဝက မထွက်ချင်ထွက်ချင် ထွက်သွားရ၏။

စီးပွားရေး မပြည့်စုံသောသူများအတွက် ငွေကုန်နည်းသော ကုသိုလ်ကောင်းမှုနှင့် အင်းသစ်ရွက်သစ်ခက်ဖြင့် ကျန်းမာရေးကောင်းနိုင်မည့်နည်းများကို တွေးမြော်စဉ်းစားကာ ပတ်ဝန်းကျင်ကို မေ့လျော့နေမိသည်။

'ဆရာ...ဗျို့...ဆရာ'



ဟု ခေါ်သံကြားမှ ပတ်ဝန်းကျင်ကို သတိပြုမိသဖြင့် ကြည့်လိုက်သောအခါ မြတ်ကျော်ကို မြင်ရလေ၏။

'ခေါ်မကြား အော်မကြား ဘာတွေများ စဉ်းစားနေတုန်း ဆရာ'

ဟု မေးလိုက်သောအခါ...

'ကျန်းမာရေးအကြောင်းလို့ပဲ ပြောရမှာ မြတ်ကျော်'

'ဘာ ကျန်းမာရေးအကြောင်းလဲ ဆက်ပြောပါဦးဆရာ'

'ခု ဝါသားကျော်စိုး အရက်သမားလုံးလုံးလျားလျားဖြစ်နေပြီး အသောက်လဲမလျော့၊ အစားသောက် အနေထိုင်ကမမှန်...

အလုပ်မလုပ်တော့ ဝင်ငွေက မရှိ၊ ဖြစ်ကတတ်ဆန်းနေမှတော့ ကျန်းမာရေးညံ့တာ ဆန်းသလား မြတ်ကျော်'

ဟု ဒေါသံနှင့် ပြောလေသည်။

'ခပ်ဖြည်းဖြည်းပြောပါ ဆရာ'

ဟု ဖြေသိမ့်လိုက်ရသည်။

'ဒီလိုအသောက်သမား အနေအထိုင်မဆင်ခြင်သူကို ကျန်းမာရေးကောင်းအောင် ယကြာလုပ်ပေးတော့ကော ကောင်းလာမှာလား မြတ်ကျော်။

သူကိုယ်တိုင်က သချိုင်းကုန်းကို ဖြည်းဖြည်းသွားနေတော့ ယကြာနည်းနဲ့တားလို့ကောရမလား မြတ်ကျော်၊ အမှန်က သူ့ကိုယ်သူ့ သတ်နေတာ ဟုတ်ရဲ့လား မြတ်ကျော်'

ဟု မေးလိုက်သည်။

'ဟုတ်တော့ ဟုတ်တယ်ဆရာ ကျွန်တော့်အမြင်ကို ပြောလို့ရမလား'

ဟု ခွင့်တောင်းလိုက်သည်။

'မင်းရဲ့အမြင်ကို ပြောကြည့် မြတ်ကျော်'

'ခပ်တိုတိုပြောပါ့မယ်ဆရာ ကောင်းရာကောင်းကြောင်း ကိုယ်တတ်ထားတဲ့ပညာနဲ့ လုပ်ပေးရမှာက ဆရာ့တာဝန်ပဲ၊ လူတစ်ယောက်ဟာ ဘယ်နေ့ ဘယ်အချိန်သေမှာကို မသိဘူး ဆရာ။

မကျန်းမာတဲ့ လူတစ်ယောက် ကျန်းမာရေးကောင်းအောင် လုပ်ပေးရတာ ကုသိုလ်စေတနာပေါ့။ သူ့ကံနဲ့ ကိုယ့်ကံဆက်လို့ ကျန်းမာရေးကောင်းလာတာကို ဝမ်းသာလိုက်ပါဆရာ'

ဟု စကားကို ဆက်လိုက်သည်။

'အေး... မင်းပြောတာ ငါ လက်ခံတယ်။ ဝါသားအတွက်တော့ စိတ်က လက်မခံချင်သလိုဘဲ'

ဟု ပြောလိုက်သည်။

'ကျွန်တော်မသိလို့ မေးပါရစေဆရာ'

'မေးလေ ဘာမေးချင်တုံး'

'ကျန်းမာရေးက ဘယ်သူ့အတွက် စဉ်းစားနေလဲဆရာ'

'ဝါသားကျော်စိုးအတွက်လေ သူ့



www.burmeseclassic.com

www.burmeseclassic.com

အမေကြည်သန်းက ကျန်းမာရေး ကောင်းအောင် ယတြာလုပ်ပေးစေချင်တာ၊ ငါကလဲ ငွေသား အသောက်စားမက်နေတာ စိတ်မကြည်လင်တော့ လုပ်မပေးချင်ဘူး၊ ဒါပေမယ့် သူ့အမေက နားကြားပြင်းကတ်အောင် ပြောလွန်းလို့ စဉ်းစားနေတာ မြတ်ကျော်'

ထိုသို့ပြောဆိုလျက်ရှိစဉ် ဆရာကတော်ကြီးသည် အိမ်တံခါးဆီမှ ဝင်လာသည်ကို မြင်ရသဖြင့် ဆရာကြီး ဦးအောင်သန်းသည် စကားကို ရပ်လိုက်သည်။

'ဟော့... မြတ်ကျော် ရောက်နေတာ ကြာပြီလား'

ဟု နှုတ်ဆက်လိုက်သည်။

'မကြာသေးဘူး အမေကြည်'

ဟု မြတ်ကျော်က ဖြေလိုက်သည်။

'အေး... ဒါဖြင့် လက်ဖက်နဲ့ ရေနွေးလာယူ'

ဟု ပြောကာ မီးဖိုချောင်သို့ ဝင်သွားလေသည်။

ဆရာကြီးသည် ရွှေယုန်လေး ဆေးပေါ့လိပ်ကို တစ်ဖွာ၊ နှစ်ဖွာ ရှိုက်လိုက်ပြီးနောက်...

'ဘယ့်နှယ်လဲ မြတ်ကျော်'

ဟု ဆရာကြီးသည် ဦးတည်ချက်မရှိဘဲ မေးလိုက်လေသည်။

'ဘာကို ပြောချင်တုန်းရာ'

ဟု ပြန်မေးလိုက်သည်။

'ဩော်... ငါကိစ္စကို ဘယ့်နှယ်ရှိ မေးတာ'

'သူ့အမေ ကျေနပ်အောင် တစ်ခုခုတော့ လုပ်ပေးလိုက်ပါဆရာ၊ အပန်းတကြီးမှ မဟုတ်တာ'

'ငါက စိတ်မပါတော့ အပန်းကြီးသလိုပဲ မြတ်ကျော်'

'ဆရာစိတ်မပါရင် ကျွန်တော် လုပ်ပေးရင် ဖြစ်မလား'

ဟု ပြောလိုက်သည်။

'ဘယ်လို လုပ်မယ်ဆိုတာ ပြောပြဦး မြတ်ကျော်'

'ကိုးဆောင်တိုက် ဦးပဥ္စင်းလေးဆီက ရထားတဲ့ ကျန်းမာရေးယတြာနည်း ရှိတယ်ဆရာ၊ သူပေးထားတဲ့နည်းအတိုင်း လုပ်ကြည့်ခဲ့တာ ကျန်းမာရေး မကောင်းတဲ့သူတွေ ကျန်းမာရေး ကောင်းလာတာ ကိုယ်တွေ့ပဲ ဆရာ'

'သူ့နည်းက ဘယ်လိုတုန်း မြတ်ကျော်'

ဟု မေးလိုက်သည်။

'လွယ်လွယ်လေးပဲ ဆရာ...

ကျန်းမာရေးညံ့သူရဲ့ အသက်ကိုတည် (၂) ခုမြှောက်၊ (၄)ခုနုတ် အကြွင်းသည် အပင်အင်း၊ အကြွင်းကို တစ်ခုတိုး အညွန့်အင်း၊ အကြွင်းကို တစ်ခုနုတ် အမြစ်အင်း၊ အမြစ်, အပင်,အညွန့်အင်းတို့ကို (၃)ကွက် ပတ်လည်မှာ ရှိုးနဝသွားနည်းနဲ့ဖြစ်စေ၊ ဗိုလ်တကဲဗိုလ်ဆင်းနည်းနဲ့ဖြစ်စေ စီရင်ရမယ်လို့ မိန့်တယ်'

'ကျော်စိုးအသက်က ဘယ်လောက်လဲ ဆရာ'

ဟု မြတ်ကျော်က မေးလိုက်သည်။

'အသက်က (၄၀)နှစ်ရှိပြီ မြတ်ကျော်'

ဆရာဦးအောင်သန်းသည် မျက်စိမှိတ်ထားပြီး ပြောလိုက်သည်။အသက် (၄၀)နှစ်ဆိုတော့ **(၇၆)က အပင်အင်း၊ (၇၇)က အညွန့်အင်း၊ (၇၅)ကအမြစ်အင်း**မဟုတ်လား မြတ်ကျော်'

'ဟုတ်ပါတယ်ဆရာ'

အင်းပညာ ကျွမ်းကျင်သူဖြစ်သောကြောင့် တစ်ခဏချင်း ပြောနိုင်သော ဆရာဟု မြတ်ကျော်က စိတ်မှတ်ထားလိုက်သည်။

စာဖတ်သူတို့ လွယ်ကူစွာ သိစေရန် အင်း(၃)အင်းတို့ကို ဗိုလ်တကဲဗိုလ်ဆင်းနည်းဖြင့် ဖော်ပြပေးအပ်ပါသည်။

***

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

**အမှတ်စဉ်အင်းသွားရန်**

| | | |
|---|---|---|
| ၇၆ | ၈၃ | ၇၈ |
| ၈၁ | ၇၉ | ၇၇ |
| ၈၀ | ၇၅ | ၈၂ |

**အမြစ်အင်း**

| | | |
|---|---|---|
| ၇၇ | ၈၄ | ၇၉ |
| ၈၂ | ၈၀ | ၇၈ |
| ၈၁ | ၇၆ | ၈၃ |

**အပင်အင်း**

| | | |
|---|---|---|
| ၇၈ | ၈၅ | ၈၀ |
| ၈၃ | ၈၁ | ၇၉ |
| ၈၂ | ၇၇ | ၈၄ |

**အညွန့်အင်း**

"ဆရာ" ဟု မြတ်ကျော်က အသံပြုလိုက်သည်။

'ဘာပြောမလဲ မြတ်ကျော်'

ဟု ဆရာက မေးလိုက်သည်။

'အဲဒီက (၃)အင်းကို စီရင်တဲ့အခါမှာ **ကြိုရန်းစတုရန်းပန်းများ**နဲ့ ဘုရားလှူပြီး ကိုယ်နဲ့မကွာ ဆောင်ထားရင် ကျန်းမာရေး ကောင်းစေတတ်တယ်လို့ ဦးပဥ္စင်းလေး မိန့်ကြားဖူးတယ် ဆရာ'

ဆရာကြီးသည် ကျွန်တော့်မျက်နှာကို ကြည့်မိသကဲ့သို့ ဆရာကြီးမျက်နှာကိုလည်း ကြည့်နေမိသည်။

'နောက်တစ်နည်းပါ လုပ်ရဦးမှာ ဆရာ'

ဟု မြတ်ကျော်က ပြောလိုက်ပြန်သည်။

'ရှိသေးတယ်ဟုတ်လား ဆက်ပြောလေကွာ'

ဟု ဆရာကြီးသည် စိတ်မရှည်သလို ပြောလိုက်သည်။

သဗ္ဗိတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။

မာတေ ဘဝတွန္တရာယာ၊ သုခီ ဒီဃာယု ကော ဘဝ။



www.burmeseclassic.com

www.burmeseclassic.com

အနက်

**သဗ္ဗီတိယော**–အလုံးစုံသော ဘေးရန်တို့သည်၊ **ဝိဝဇ္ဇန္တု**– ကင်းကွာကြစေကုန်သတည်း၊ **သောကော**– စိုးရိမ်ခြင်းသည် လည်းကောင်း၊ **ရောဂေါ**– အနာရောဂါဟူသမျှသည် လည်းကောင်း၊ **ဝိနဿတု**– ကင်းပျောက်စေသတည်း။ **တေ**– သင်အား၊ **အန္တရာယာ**– အန္တရာယ်တို့သည်၊ **မာဘဝန္တု**– မဖြစ်စေကုန်သတည်း၊ **သုခီ**– ချမ်းသာသည်၊ **ဒီဃာယုကော**–အသက်သည် **ဘဝ**–ဖြစ်စေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နဝွဗ္ဗရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မှော်စရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

'ဒီဂါထာကို နံနက်အိပ်ရာထမှာ သောက်ရေသန့်မှာ (၉)ခေါက် ရွတ်ပေးပြီး သောက်ရမယ်။ ညအိပ်ရာဝင်လဲ ဘုရားကန်တော့ပြီး (၉)ခေါက် ရွတ်သောက်ရမှာ ဆရာ'

ဟု မြတ်ကျော် ပြောလိုက်သည်။

'ဒီဂါထာကို မရွတ်တတ် မဖတ်တတ်နဲ့ ဘယ့်နှယ်လုပ်မတုန်း မြတ်ကျော်'

ဟု ဆရာကြီးက မေးလိုက်ပြန်သည်။

ဆရာကြီးနှင့် မြတ်ကျော် နှုတ်ရောလက်ပါ ပြောနေပုံသည် တိုင်ပင်သည်နှင့်မတူ ငြင်းခုံနေသည့်ပုံ ဖြစ်နေလေ၏။

'ဒီအတွက်က လွယ်လွယ်လေးပဲ ဆရာ၊ နံနက်,ည ဆရာဘုရားဝတ်ပြုတိုင်း ရေသန့်ဘူးကြီးထားပြီး ရွတ်ပေါ့။ နောက် မောင်ကျော်စိုးသောက်နိုင်း၊ ပြီးရောမဟုတ်လား ဆရာရယ် ဘာများ အတွေးလွန်နေတုံး'

ဟု မြတ်ကျော်က ပြောလိုက်ပြန်သည်။

'အင်းအစီရင်တွေ မင်းပဲလုပ်ပေးရမှာ မြတ်ကျော်'

'ကြေးဝါပြား နည်းနည်းဝယ်ပြီး လက်ဖွဲ့ထိုးတာ မခက်ပါဘူးဆရာ'

'ကျော်စိုးဆောင်ရမယ့် အင်းကို ဘယ်တော့လာပို့မလဲ မြတ်ကျော်'

'နှစ်ရက်,သုံးရက်အတွင်းမှာ လာပို့မယ်ဆရာ'

မြတ်ကျော် ထွက်သွားသောအခါ အတွေးစိတ်များ ပြန်လည်ဝင်ရောက်လာပြန်သည်။

မျက်မှောက်ခေတ်မှာ လူသားအားလုံး ဣရိယာပုတ်လေးဖြာ ညီညွတ်လျက် ကျန်းမာရေး ကောင်းစေတတ်သော အင်းနှင့်ဂါထာကို အန္တရာယ်ဘေးဘျမ်း မြွေးမသန်းအောင် မျိုးစေ့ကောင်းပညာကို ပေးလိုက်သည် ဖြစ်ရာ...။

**ဇော်မြင့်(မြင်းခြံ)**

**စာမျက်နှာ (၂၅၈)မှ အဆက်**

အမှတ်တရ စားသောက်ပြီး ပြန်ကြပါသည်။

ရန်ကုန်မြို့မှ သူငယ်ချင်းမှာလည်း ရွှေချထားသော ပုတီးကုံး တစ်ကုံးတွေ့ရှိ၍ ဘိုးတော်ကြူး၏ ရွှေပုတီးကုံးကို သတိရမိပါသည်။

ဆက်စပ်မေးမြန်းရာ သူငယ်ချင်းမှာ ဘိုးတော်ကြူးအား ကိုးကွယ်သူဖြစ်ကြောင်း ပြောပြပါသည်။ သူ၏ သားမှာလည်း UKတွင် ဆရာဝန်ကြီးဖြစ်နေကြောင်း သိရပါသည်။

နောက်မကြာမီ မန္တလေးသို့ လိုက်လာပြီး ငယ်တိုးကျောင်းရွာ ဘိုးတော် ကြူးဓာတ်ခန်းသို့ စာရေးသူ လိုက်ပို့ခဲ့ရပါသည်။ သူတို့မိသားစုလည်း အောင်မြင်မှုများစွာ ရှိပါသည်။

အကြောင်းသိသမျှတွင် စာရေးသူ ရန်ကုန်ရုံးချုပ်တွင် တာဝန်ထမ်းဆောင်စဉ် မန္တလေးသို့ လာရောက်စဉ် အမရပူရ ရတနာဂူမယ်တော်ပွဲတွင် ဘိုးတော်ကြူးဓာတ်ခန်းအနီး နတ်နန်းတွင် ဘိုးတော်ကြူးကိုယ်တိုင် ဦးစီးပြီး နတ်ဝင်သည့်အဖြစ် ကပြတာ တွေ့ရှိမှုပါသည်။

ပရိသတ်များပြီး ငွေထုပ်များကို သိမ်းချိုးကြပါသည်။ ယုံကြည်ချက်ကြောင့် လာရောက် ပသမှုများပါသည်။ အောင်မြင်မှုလည်း ရှိကြပါသည်။

ဤသည်များမှာ ဘဝတစ်ကွေ့တွင် စာရေးသူနှင့် ဘိုးတော်ကြူး သို့မဟုတ် အဘကြူးနှင့် ရေစက်ဆုံခဲ့တာများ ဖြစ်ပါကြောင်း။ အဘကြူးသည် ယခုအခါ ကျန်းမာစွာ ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**အောင်ကျော်မင်း**
**ရွှေ-အောင်ကြီး**



www.burmeseclassic.com

www.burmeseclassic.com

# မွေးရာပါခဲ့ အစာတော်မညှာ

စောမိသွင် (ရန်ကုန်)



ကိုသာမောင်နှင့် မမေပြုံးတို့ အိမ်ထောင်ကျသည်မှာ သုံးနှစ်ကျော်ပြီ ဖြစ်သော်လည်း ကလေးမရသေး။ သူတို့အမျိုးကိုက မိသားစုနည်းသည်။ သူတို့ မောင်နှမလေးယောက်တွင် အစ်ကိုကြီးနှင့် နို့သွာအစ်မက အိမ်ထောင်မပြုကြပါ။ အစ်ကိုကြီးအောက် အစ်မက ကလေးနှစ်ယောက်သာ မွေးသည်။

အငယ်ဆုံး ကိုသာမောင်က တစ်ယောက်မှ မရသေး၍ ကလေးအလွန်လိုချင်နေကြသည်။ သူတို့နေသည်က ရွာအစွန်ဘက်တွင်ဖြစ်ပြီး သူတို့ ခြံဘေးဘက်တွင် လယ်ကွက်တွေသာ ရှိတော့သည်။

သူတို့ ခြံမြေကတော့ ကျယ်ပါသည်။ ခြံထဲတွင် ဘူးပင်၊ ဖရုံပင်၊ ငရုတ်ပင်၊ ခရမ်းသီးပင် အထူးသဖြင့် ချဉ်ပေါင်ပင်များက ကလေးငယ် တစ်ရပ်နီးပါးသန်၍ ချဉ်ပေါင်သီးများကလည်း ကြီးသည်။

ကြံသကာထွက်သော အရပ်ဖြစ်၍ ချဉ်ပေါင်သီးမှ အဖတ်လေးများကို ခွာကာ ကြံသကာဖြင့် ချဉ်ပေါင်သီးယိုထိုးစားကြသည်။

ချဉ်ပေါင်ရွက် ချဉ်ပေါင်သီးမှ အဖတ်လေးများကို အခြောက်လှန်းထားကြပြီး ရှားချိန်တွင် ဘူးသီးခြောက်၊ ချဉ်ပေါင်ရွက်ခြောက်တို့ကို ဟင်းအဖြစ် သုံးကြသည်။ ဘူးချဉ်လည်း သိပ်ကြသည်။

ဈေးက သူတို့အိမ်နှင့် မနီးမဝေးနေရာတွင် ရှိသည်။ အသွား ခြေကျင်လျှောက်၊ အပြန် မြင်းလှည်းငှား ပြန်ကြရသည်။ ငါးရက်တစ်ဈေး ရှိသော မြို့လေးများဖြစ်ပါသည်။ အေလာ၊ သာဝတ္တိ၊ ပျဉ်းမနား၊ လယ်ဝေး၊ ရေနီမြို့လေးတို့တွင် ငါးရက်တစ်ဈေးရှိသည်။

သူတို့ စက်ပိုင်းရပ်အနီးရှိ လယ်ကွင်းကြီးမှာ စပါးစိုက်ခင်းများရှိပြီး စပါးရိတ်သိမ်းချိန် ကုန်လျှင်တော့ ထိုကွင်းထဲတွင် ကြံဖိုများရှိကာ ကြံလှည်းများ ဖြတ်ကြသည်။

လေးထောင့်ပုံ ကြံသကာပြားတွေကို ဝယ်စားနိုင်သလို ထောပတ်နှင့်လည်း ထောပတ်ကြံသကာတို့၊ မြေပဲကြံသကာတို့ လုပ်စားကြသည်။ သူတို့ရွာအနီး ရန်ကင်းရွာလေးကတော့ ဩဇာသီး အထွက်များသော ရွာလေး ဖြစ်ပါသည်။

လသာညများတွင် လရောင်အောက်မှနေ၍ ကွင်းထဲသို့ ဖြာကျနေသော လရောင်တို့ကို ကြည့်ရသည်မှာ





www.burmeseclassic.com

www.burmeseclassic.com

လင်းထိန်နေပြီး လယ်ကွင်းများကို ကျော်ကြည့်လိုက်လျှင် လမ်းမကြီးကလည်း လရောင်အောက်တွင် မြွေကြီးတစ်ကောင် လဲလျောင်းနေသလိုပင်။ လပြည့်ညများတွင် မီးလုံးများဆင်းချည်တက်ချည် ဖြစ်နေသည်ကိုလည်း မြင်ရတတ်သေးသည်။

'ကိုမောင် မြို့ထဲတက် သွားတဲ့လမ်းက ကုန်းတက်ကုန်းဆင်းလဲ မဟုတ်တဲ့ တစ်ဖြောင့်တည်းပါ။ ကိုမောင်က စက်ဘီးကစီး ကုန်းတက်ကုန်းဆင်းမို့ နိမ့်လိုက်မြင့်လိုက် ဖြစ်တာလို့သာ ပြောတာ မီးရောင်က တော်တော်မြင့်တာနော်'

'စက်ဘီးမီးပါဆိုမှကွာ ရွာတစ်ရွာတည်ရင် စုန်းတစ်အိမ်တော့ ပါတယ်တဲ့၊ စုန်းတွေ တိမ်ညွှန့်စားတာ နေမှာပေါ့။ ဒီနားမှာ ရွာတွေမှ အများကြီးပဲ'

'ကိုသာမောင်ကလဲ ကြောက်စရာကြီး ဘာတွေလျှောက်ပြောနေမှန်း မသိဘူး။ စုန်းကဝေတို့၊ နဂါးတို့၊ ဂဠုန်တို့ဆိုတာ ဘုရားဟောထဲမှာသာ ရှိတာ အခုခေတ်မှာ မရှိတော့ပါဘူးနော်၊ ရှိလဲ မမြင်နိုင်ပါဘူး။ ကံနိမ့်လွန်းမှ မြင်ရတာလို့ ကြားဖူးတာ'

ခြံဝတွင် ရိုက်ထားသော ခုံတန်းလေးတွင် ထိုင်ကြရင်း ရောက်တတ်ရာရာ ပြောဆိုမိကြသည်။ တစ်ဖက်ခြံမှ ဦးလေးက ကိုသာမောင်ဦးလေး ဖြစ်သည်။ သူတို့လည်း လသာညတို့တွင် ခြံပြင်ထွက်ထိုင်ကြ၍ စကားပြောဖြစ်ကြသည်။

သူတို့ကတော့ ကလေးသူငယ်ပေါပဲ၊ သူတို့ကလေး ငါးယောက်နှင့် တခြားအိမ်မှ ကလေး လေးယောက်တို့ဖြင့် ညဘက်ဆို ဆော့ကြပြေးကြလွှားကြနှင့် ဆူညံနေတတ်သည်။

ခြံပြင်ထွက် ထုပ်စီးတိုးကြ၊ လိုက်တမ်းပြေးတမ်း ကစားကြ၊ စစ်တိုက်တမ်းကစားကြနှင့် တစ်ခါတလေ လိပ်ဥဝှက်တမ်းလည်း ကစားကြသေးသည်။ လိပ်ဥဟု သတ်မှတ်ထားသည့် ခဲလုံးလေးကို ပေါင်အောက်တို့ တင်ပါးအောက်တို့တွင် ခုထိုင်ထားကြသည်။

လိပ်ဥရှာသည့်လူက ထင်ကြေးနှင့် မျက်နှာအမူအရာကို ကြည့်ပြီး ရှာရသည်။ လိပ်ဥဝှက်သည့်အဖွဲ့က ခြေဆင်း ထိုင်နေကြသည်။ အခုခေတ်တွင်တော့ ထိုကစားနည်းများ ကစားသည်ကို မတွေ့ကြရတော့ပါ။

"လိပ်ဥပျောက်လို့ လိပ်မ,ရှာ သူ့ခမျာ ငိုမဲ့...ငိုမဲ့"ဟု ကျီစယ်သံတို့သည်လည်း ဆိတ်သုဉ်းခဲ့သလို တစ်ယောက်လက် တစ်ယောက်တွဲကာ "ပိုင်းကြီးပတ်ပတ် ဒူဝေဝေ၊ ပိုင်းကြီးပတ်ဒူဝေဝေ"ဟု ဆိုပြီး လှည့်ပတ်ပြီး ကစားသောနည်းလည်း မရှိတော့။

သူများကလေးတွေ ဆော့ကစားနေသည်ကို ငေးကြည့်ကြရင်း ကလေးလေးတစ်ယောက်တော့ လိုချင်မိသလို ကလေးရလျှင် ဘယ်လိုနာမည်ပေးမယ်၊ ဘယ်လိုထားမယ်ကအစ စိတ်ကူးယဉ်နေမိသည်။

တစ်နေ့တော့ ကိုမောင်လေးက ထူးခြားသောအိပ်မက်ကို မက်လေသည်။ ရဲတောက်နေသော မီးလုံးကြီးတစ်လုံး ကောင်းကင်က ပြုတ်ကျလာကာ သူတို့လင်မယား အိပ်နေသည့် ခြင်ထောင်ကိုဖောက်ပြီး သူ့မိန်းမရင်ခွင်ထဲသို့အရှောက် ပျောက်သွားသည်ဟု မက်လေသည်။

အိပ်မက်နိမိတ်ကို ကောက်ပြီး ကလေးများ ရမည်လားလို့လည်း တွေးပျော်နေကြသည်။ တချို့ကတော့ မီးလုံးဆို၍ သိပ်မကြိုက်ပါပေ။ မီးဆိုတာ ပူသည်မို့ လမင်းကြီး ပြုတ်ကျလာတယ်လို့ မက်တာမှ ကောင်းဦးမယ်လို့လည်း စကြသည်။

တကယ်လည်း ကိုသာမောင်တို့တွင် ကလေးရလာပါသည်။ မမေပြုံးကိုယ်ဝန်ကြီးတကားကားနှင့် အပင်စိုက်လိုက်၊ ရသည့် အသီးအနှံလေးများကို ငါးရက်တစ်ဈေးတွင် ရောင်းရသော်လည်း ပင်ပန်းသည်၊ မောသည်ဟု မထင်။ သားသမီးရတော့မည်ဆိုသည့် အတွေးနှင့် ပျော်နေကြသည်။

'လမ်းများများ လျှောက်ပေး၊ မွေးရလွယ်တယ်၊ ပူတယ်ဆိုပြီး ညဘက်ရေမချိုးနဲ့ ရေပေါင်တက်တယ်၊ ဗိုက်ကြီးနဲ့ လက်ဖက်တွေမစားနဲ့ ရေနာပါတတ်တယ်'

ဟု တစ်ယောက်တစ်မျိုး ပြောကြသည်။

မမွေးခင်တော့ ဆရာဝန်က အားရှိအောင်စား အာဟာရဖြစ်တာကို များများစားဆိုသော်လည်း ချင်ခြင်းဖြစ်သည်က ပြောင်းဖူးပါပဲ။

ပြောင်းဖူးထွက်သော အရပ်ဖြစ်၍ ပြောင်းဖူးနာမည်တွေကလည်း အမျိုးမျိုးပါ။ ဘိုကတော်လည်ငြိမ့်၊ ကြက်တမော့၊ နတ်ပြည်မွှေး စသည့် နာမည်ဆန်းများရှိသည့် ပြောင်းဖူးအမျိုးမျိုးကို ကြော်စား၊ ပြုတ်စား၊ ထောင်းစားနှင့် နတ်ပြည်မွှေးဆိုသည့် ပြောင်းဖူးကပြုတ်ကတည်းက မွှေးလိုက်တာမှ အလွန်ပါပဲ။

ကလေးမွေးလာတော့ သမီးလေး၊ အဖေလုပ်သူက သားဦးကို ယောကျ်ားလေး လိုချင်သော်လည်း မိန်းကလေးမွေးတော့လည်း မရှိတာနှင့်စာလျှင် တော်သေးရဲ့လို့ ဖြေသိမ့်ရသည်။ ကလေးကို ချစ်ကြ၍ ရွာအတွင်းရှိ အိမ်နားနီးချင်းများကလည်း ကူထိန်းပေးကြသည်။

သမီး စကားစပြောတတ်ကတည်းက ဒါလိုချင်တယ်ဆို၊ ဒါချက်ချင်းရတတ်သလို သူပြောသမျှ ဖြစ်နေ၍ သဘောကျနေကြသည်။ ကလေးရမယ့်ရတော့လည်း တစ်ယောက်က နှစ်ယောက် ထပ်မွေး၍ အိမ်အလုပ်မနိုင်တော့။

မမေပြုံးက စက်လည်း ချုပ်တတ်၍ ကလေးအိပ်မှသာ အလုပ်လုပ်ရသည်။ အလုပ်ကတော့ အဆင်ပြေပါသည်။ ကိုသာမောင်က အသီးအနှံ စိုက်ပျိုးပြီး သူ့မိဘ အသက်ကြီး၍ မလုပ်နိုင်တော့သည့် ယာခင်းကို ကူလုပ်ပေးကာ





www.burmeseclassic.com

www.burmeseclassic.com

ရသည့်ငွေ တစ်ဝက်စီ ယူပါသည်။

ရွာဆိုတော့ ထမင်းဟင်းချက်လျှင် ထင်းဖြင့်သာ ချက်ကြသည်။ ထင်းရဖို့ကတော့ ကိုယ့်ဘာသာ ထင်းခုတ် ထင်းရှာကြရသည်။ တချို့အိမ်များ အသည်းယားစရာ၊ ဝါးကြမ်းခင်းပေါ်တွင် အုတ်နီခဲတွေတင်ကာ အခင်းလုပ် အုတ်နီခဲ ဖိုခနောက်လုပ်ကာ ထင်းဖြင့် အိမ်ပေါ် ထမင်းချက်ကြသည်။

အခင်းက ဝါးကြမ်းခင်း အမိုးကလည်း သွပ် မဟုတ်၊ ထင်းက စိုက်ထားတုန်းက အရှည် နောက်တော့ တိုသွားပြီး အောက်သို့ ပြုတ်ကျရာမှ စက်ပိုင်းတွင် မီးအကြီးအကျယ် လောင်ရာ အပင်ကြီးများခံနေသော အိမ်သို့ မီးမကူးသော်လည်း တစ်အိမ်နှင့် တစ်အိမ် ဝါးခင်း သက်ငယ်မိုးမို့ အိမ်တွေ တော်တော်ပါသွားသည်။

လယ်ထဲယာထဲ အိမ်ရှိလူကုန် အလုပ်သွားလုပ်ရာ အိမ်တွင် ကလေးများနှင့် သက်ကြီးရွယ်အိုများသာ ကျန်ခဲ့သည်။ ဝက်များ၊ ကြက်များကို မပျောက်အောင် အိမ်အောက်တွင် ခြံခတ်ပိတ်ထား၍ မပြေးနိုင်ဘဲ မီးလောင်သေကြရသည့် တိရစ္ဆာန်များက အများအပြားပါပဲ၊ ကိုသာမောင်တို့အိမ်က ရွာစွန်မို့ မီးမကူးသဖြင့် တော်သေးသည်။

ကိုသာမောင်တို့ကတော့ ထမင်းချက်တဲလေး သပ်သပ်လုပ်ထားသော ထင်းများကိုလည်း အတုံးလိုက် အရှည်လိုက် စုထားပြီး တစ်ပတ်စာသာ ပေါက်ထားတတ်သည်။ ယာခင်းမှ ပြန်လာပြီး ကိုသာမောင် မောလာသော်လည်း မနားနိုင်ပါ။

မိန်းမက ညနေချက်စရာ ထင်းပေါက်ပြီးသား မရှိဆို၍ ပုဆိန်ဖြင့် ထင်းပေါက်နေရသည်။ ချွေးဒီးဒီးကျကာ မောချက်ကတော့ ကမ်းကုန်သည်။ အနားတွင် ဆော့နေသော သမီးငယ်ကို "မောလိုက်တာ သမီးရယ် ရေတိုက်ပါဦး" ဆိုကာ ရေခပ်ခိုင်းရသည်။ ထင်းပေါက်နေစဉ် သမီးငယ်က ဘေးတွင် ထိုင်ကြည့်နေသည်။



'အဖေ ပင်ပန်းလိုက်တာ အမေ့ရင်ဘတ်ထဲက အလုံးကြီးက အတင်းခုန်နေတာကို သမီး မခုန်တော့အောင် တုတ်ချောင်းလေးနဲ့ ထောက်ထားပေးမယ် ဒီမှ အဖေအမော သက်သာအောင်'

သမီးထံမှ ထိုစကားကြား၍ လှည့်ကြည့်မိစဉ် ရင်ထဲမှ မခံနိုင်အောင် အောင့်၍ ပစ်လဲကျခဲ့သည်။ ရင်ဘတ်ကို လက်နှင့်ဖိကာ အောင့်တယ်... အောင့်တယ် အော်နေသော ကိုသာမောင်အသံကြောင့် မမေပြုံးလည်း အိမ်ထဲမှ အိမ်ပြင်သို့ ပြေးလာခဲ့သည်။

'သမီး အဖေဘာဖြစ်တာလဲ၊ အမေ့ကို ပြောစမ်း' 'အဖေက သမီးကို လက်ညှိုးထိုးပြနေတာ အဖေဘာဖြစ်လဲ သမီးသိတယ် မဟုတ်လား'

သမီးက လန့်ပြီး ကြည့်နေရာမှ...

'အဖေ့ရင်ဘတ်ထဲက အလုံးကြီး အတင်းခုန်နေလို့ အဖေ မောတာနေမှာလို့ တုတ်ချောင်းလေးနဲ့ ထောက်ထားပေးတာ အဖေက လဲကျသွားတယ်။ သမီးပြန်ဖြုတ်ပေးရမလား။ ဖြုတ်လိုက်မယ်နော် ဖြုတ်လိုက်ပြီ အဖေ'

သမီးစကားလည်းဆုံး ကိုသာမောင်လည်း လဲကျရာမှ ပြန်ထလာနိုင်သည်။ သူ့သမီး သူ့ရင်ဘတ်ထဲက ခုန်နေသောနှလုံးကို မြင်ရသည်ကို လည်းကောင်း၊ ပါးစပ်မှ ပြောလိုက်ရုံဖြင့် ရင်ဘတ်ထဲအောင့်လာသည်ကို လည်းကောင်း အံ့ဩမိပါသည်။ သားသမီးမို့ မတွေးရက်သော်လည်း စိတ်ထဲမှာတော့ သံသယဖြစ်လာသည်။

'အမေ... အမေ့ကြောင် လာခေါ်နော် သမီးကစားလို့ မရအောင် လိုက်ရှုပ်နေတယ်၊ နင်တော့လား ငါလမ်းလျှောက်လို့ မရတော့ဘူး၊ နင့်ခြေထောက် ချိုးလိုက်ရမလား။ ဒါမှ လမ်းလျှောက်လို့ မရမှာ လမ်းမလျှောက်နိုင်ပါစေနဲ့ ငရှုပ်ကောင်'

ကြောင်လေးသည် လိုက်ကစားနေရာမှ ပုံရက်လဲကျကာ လမ်းလည်း မလျှောက်နိုင်တော့ပါ။

'သမီး ဘယ်လိုလုပ်လိုက်တာလဲ၊ ကြောင်လေး ပြန်ကောင်းပါစေလို့ ပြောပေး၊ မပြောပေးရင် အမေရိုက်မှာ'

'မပြောချင်ပါဘူး သူ့ကို သမီးမချစ်ဘူး ဆော့လွန်းလို့'

'ပြောစမ်း။ ပြောစမ်းဆို ပြန်ကောင်းပါစေလို့ မောင်လေးအချစ်တော် ကြောင်လေး၊ မောင်လေး စိတ်မကောင်းဖြစ်ပြီး ငိုလိမ့်မယ်နော်'

'ပြန်ကောင်းပါစေ၊ ကြောင်လေး အမေပြောလို့ နောက်တစ်ခါ ငါ့ကို လာရှုပ်ရင် အသေလုပ်မှာ'

ကြောင်လေးက ထူးဆန်းစွာပင် ထပြေးကာ နောင်လည်း သမီးကြီးကို မြင်လျှင် ထွက်ပြေးတတ်သည်။ ထူးဆန်းသောဖြစ်ရပ်ကြောင့် သမီးအပြောတွေကို ကြောက်လာခဲ့သည်။

'ညီ့သည်တွေ ပါလာတယ် မေပြုံးရေ... ထမင်းကျွေးချင်တယ်ကွာ နှစ်ယောက်တည်းပါ၊ ကိုယ့်စက်ရုံမှာ အလုပ်လုပ်တုန်းက ကိုယ့်အပေါ် ကောင်းခဲ့တဲ့လူတွေ လူချင်းအတူတူ ခွဲခြားပြီး မဆက်ဆံဘူး။

တချို့ကဆို ကိုယ်တို့လို အောက်ဆုံးက ဝင်လုပ်နေတဲ့ အလုပ်သမားတွေကို နှိမ်ချင်ကြတာ ရန်ကုန်ပြောင်းသွားပြီး အခု စက်ရုံကို ကိစ္စနဲ့လာတုန်း ဧည့်ထဲတွေ့လာလို့ အိမ်လည့်ခေါ်လာတာ'

www.burmeseclassic.com

ဟင်းက သိပ်မကောင်း၊ ရွှေဖရုံသီးကို အရေစပ်စပ်နဲ့ အချိုချက် တစ်ခွက်၊ ပဲသီးသုပ်တစ်ခွက်နှင့် ကြက်ရိုးများများနှင့် အာလူးရောချက်တို့ပဲ ရှိသည်။ ဧည့်သည်ဆိုတော့ ကြက်ရိုးကျွေးလို့ မကောင်း။

'ကိုသာမောင်က ဒီလိုချည်းပဲ၊ ဟင်းကမကောင်းနဲ့ ကြိုပြောထားပြီး မနက်ဖြန်မှကျွေးရင် ဖွယ်ဖွယ်ရာရာ ချက်ပေးလို့ ရတာပေါ့။ ဘယ်လိုလုပ်ရပါ့မလဲ'

ခြောက်တန်း ရောက်နေပြီဖြစ်သော သမီးခင်ဦးက အမေပြောတာ ကြား၍ မကြာခင်မှာပင် ငါးသလဲထိုးများကို လာပေးပါသည်။

'အမေ... အဲဒီဟင်း ထပ်ချက်ပေးလိုက် မြန်မြန်ကျက်ပါတယ်။ အလွန်ဆုံး ဆယ့်ငါးမိနစ်ပဲ၊ သမီး ကြက်သွန်ကူထောင်းပေးမယ်နော်'

သမီးက သွက်လက်စွာ ကြက်သွန်အဖြူ၊အနီ ခွဲထောင်းပေးကာ ချင်းလည်း သပ်သပ် ထောင်းပေးထား၍ အမြန် ဆီသတ်ကာ ချက်လိုက်ရသည်။

ဧည့်သည်များက ထမင်းမစားခင်မှာ ထမင်းပန်းကန်ပေါ် လက်တင်ပြီး ရွတ်နေသည်ကို မြင်ရသည်။ ငါးသလဲထိုးဟင်းကို နှိုတ်မည်လုပ်ပြီးမှ ဇွန်းကို ပြန်ချကာ တခြားဟင်းများဖြင့် စားသည်။ တစ်ယောက်က သက်သတ်လွတ်စားသည်ဆိုကာ ပဲသီးသုပ်နှင့်ပဲ စားသည်။

'အားနာလိုက်တာ ကြိုတင်မသိရလို့ ရှိတာလေးနဲ့ပဲ ချက်ကျွေးရတာ ဆရာတို့ မပြန်ခင် သပ်သပ်တစ်ခါ ကျွေးချင်ပါသေးတယ် နောက်တစ်ခါ အလည်လာပါဦးနော်'

'ဆရာတို့ မနက်ဖြန် ပြန်ကြတော့မှာ ကျေးဇူးပါပဲ မမေပြုံးရေ ပင်ပန်းသွားရပြီ ပြန်တော့မယ်နော်'

ဧည့်သည်တွေ ပြန်တော့ ခင်ဦးက ပြောသည်။

'အမေ့ဧည့်သည်တွေကလဲ သမီးပေးတဲ့



ဟင်းကို မစားဘူး။ သမီးက စေတနာနဲ့ လုပ်ပေးတာကို ဟင်းမရှိဘူးဆိုလို့လဲ လုပ်ပေးရသေးတယ်'

ဧည့်သည်တွေကို ဈေးထဲအထိ လိုက်ပို့ပြီး ပြန်လာတော့ ကိုသာမောင် မျက်နှာမကောင်းပါ။ ဇနီးဖြစ်သူ မေပြုံးကို သစ်ပင်အောက်ခေါ်ကာ ပြောတော့သည်။

'ငါးသလဲထိုးတွေ ဘယ်ဈေးသည်ဆီက ယ်တာလဲ၊ အဲဒီဟင်းတွေကို လွှင့်ပစ်လိုက်ပါလို့ ဆရာက ပြောတယ်။ ငါ့ဆရာတွေက ဘုရား၊တရား အလုပ်လုပ်တာ ထမင်းစားရင်လဲ သရဏဂုံတည်ပြီးမှ စားတာ...

စားမယ့်ထမင်းကို ဘုရားကို အရင်ဆုံး ဆွမ်းကပ်ပြီးမှ စားတာ၊ ဆရာက ပြောရမှာတော့ အားနာပါတယ်၊ ငါးသလဲထိုးဟင်းကို ကြည့်လိုက်တိုင်း ဆရာ့မျက်စိထဲမှာ သက်ယ်ရိုးတွေပဲ မြင်ရတယ်လို့ ပြောသွားတာ'

သမီးလက်ချက်မှန်း မမေပြုံးသိလိုက်ပါပြီ။ သူမကလည်း ငါးရလာသည်ဆိုတော့ ကမန်းကတန်းနှင့် ချက်လိုက်တာ ဘယ်လိုရလာတာလဲလို့ ခင်ဦးကို မမေးမိတာက သူမ အမှားပါပဲ၊ သမီးကိုဆူတော့ သမီးက...

'အမေ့ဧည့်သည်တွေကို သမီးက စေတနာနဲ့ ကျွေးတဲ့ဟာ ဘာမှ မဖြစ်ပါဘူး။ စားလို့ရပါတယ်။ သက်ယ်ရိုးလေးတွေကို ငါးဖြစ်စေလို့ ရေထဲပစ်ချလိုက်တာ ရောက်နေကြတုန်း ခင်ဦးက ဖမ်းပြီး အမေ့ကို ပေးတာလေ ခင်ဦးတောင် စားတာပဲ ဘာမှမဖြစ်ဘူး'

မမေပြုံး ဘုရားတမိပါသည်။ သမီးဖြစ်သူ ခင်ဦးသည် တကယ်ပဲ ပညာတတ်သည်လား။

'နှစ်တို့သမီးက နှုတ်စီးတယ်၊ ကလေးချင်းကစားလို့ သူ့ မကျေနပ်ရင် ပြုတ်ကျပါစေတို့ ခလုတ်တိုက်ပါစေ၊ စက်ဘီးလဲပါစေတို့ ပြောရင် အပြောခံရတဲ့ သူ့သူငယ်ချင်းကလေးတွေ တကယ်ဖြစ်တာတဲ့၊ ကလေးကို နားလည်တဲ့ ဆရာတွေနဲ့ ပြကြည့်ပါဦး သူ ပြောရင် ဖြစ်ဖြစ်နေတာ'

ဟု ပတ်ဝန်းကျင်က ပြောကြသည်။

ဆရာတော်ဘုရားဆီ ခေါ်သွားကာ ပြောပြတော့ ဆရာတော်က ခင်ဦးကွယ်ရာမှာ ဆိုပါသည်။

'သူကိုယ်တိုင်လဲ သူ့မှာ ဒီပညာတတ်တယ်ဆိုတာ မသိရှာဘူး ထင်ပါတယ်။ မွေးရာပါဝမ်းတွင်းစုန်းလို့ ခေါ်ကြတာပဲ၊ ဆရာတော် မေတ္တာနဲ့ ကုပေးပါ့မယ်၊ ပရိတ်ရေ ဘုရားကျောင်းဆောင်ပေါ်က ယူသွား။ ခင်ဦးကို ဆရာတော်ရှေ့ ခေါ်ခဲ့ကြပါ'

ဆရာတော်က ခင်ဦးခေါင်းကို လက်ဖြင့် အုပ်မိုးကာ ပရိတ်တော်များ ရွတ်ဖတ်ပေးပြီး ရေများတိုက်သည်။

'ဒကာမလေးရဲ့ စိတ်ကို ကောင်းစွာထား၊ ကောင်းသောစကားကိုပဲဆို၊ သူတစ်ပါးကို သေပါစေ၊ ထိခိုက်ပါစေတို့ ဆိုတဲ့ စကားတွေမဆိုနဲ့ မေတ္တာသုတ်ကို အမြဲရွတ်ပေး၊ သူတစ်ပါးအပေါ် မေတ္တာမထားရင် နောင်သေလွန်တဲ့အခါ ငရဲရောက်မယ်၊ တိရစ္ဆာန်ဖြစ်လိမ့်မယ်။ ပညာများတတ်ခဲ့ရင်လဲ ဘုရားကို လှူပါတယ်လို့ ပြောပြီး လှူပါ'

ခင်ဦးကလည်း မကောင်းသောစကားများ မပြောတော့ပါဟု ကတိပေးပါသည်။ တကယ်တော့ အိပ်မက်ထဲတွင် ရင်ခွင်ထဲသို့ မီးလုံးကြီး ကျလာသည်က စုန်းမီးလုံးလေလားဟု ထင်မိခဲ့ရပါသည်။

*[အမေပြောပြသော လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်က အကြောင်းကို စာဖွဲ့ရေးသားပါကြောင်း။]*

**စောမိသွင်(ရန်ကုန်)**



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းသစ်

အစွမ်းထက်သည့်

# အာဏာကြိုး ဝမှ

ဂန္ဓာရီဆရာလေးရဲဖော်၏ ဖိတ်ခေါ်မှုကြောင့် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၏ အရှေ့ဘက် နတ်တလင်းမြို့နှင့် (၁၄/၁၅)မိုင်လောက်ဝေးသော **ရွှေတိန်ညင်တောင်**သို့ ရောက်ခဲ့သည်။

ရွှေတိန်ညင်တောင်သည် သမဂ္ဂီ ကွင်းကျယ်ရွာ၏ အရှေ့ဘက် တစ်မိုင်ကျော်ကျော်လောက်တွင် ရှိပြီး များစွာမမြင့်လှဘဲ သစ်ရိပ်ဝါးရိပ် ကောင်း၍ စမ်းချောင်းငယ်များ၊ ထုံးအိုင်များကြီး



www.burmeseclassic.com

www.burmeseclassic.com

များ ပေါ်များသော ဆိတ်ငြိမ်ပြီး ကျေးငှက်တို့ ကျက်စားရာတောင် ဖြစ်၏။

ခုဝရာလေးရဲဖော်၏ ပြောပြချက်အရ ထိုတောင်၌ ရွှေဖြင့်ပြီးသည့် ကြက်တိန်ညင်(ကြက်ဖ)ရုပ်(၂)ကောင်ရှိကြောင်း၊ လွန်ခဲ့သောကာလက ထိုတောင်၌ ဂန္ဓာရီကျင့်စဉ်များ လာရောက်ကျင့်ရင်း အဂ္ဂိရတ်ကစားခဲ့သော ရသေ့ကြီး တစ်ပါးမှ စီရင်၍ ထားခဲ့ကြောင်း...

အကြောင်းမှာ ထိုရသေ့ကြီးသည် ကိစ္စရပ်အားလုံး ပြီးမြောက်သည်နှင့် သူ၏ ဝေယျာဝစ္စအသုံးအဆောင် ပစ္စည်းများနှင့် သူ ပြုလုပ်အားထုတ်ခဲ့သော ရွှေ့ငွေများစွာတို့ကို နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင်အား အမိဋ္ဌာန်ဖြင့် လျှုဒါန်းပူဇော်ကာ မြေမြှုပ်ထားခဲ့ပြီး ရွှေတိန်ညင်(ကြက်ဖ)ရုပ်(၂)ရုပ်ကို အစောင့်အနေဖြင့် လုပ်ထားခဲ့ကြောင်း၊ အကြောင်းရှိပါက ကြက်တိန်ညင် အော်မြည်တွန်ကျူးသံများ နားမခံသာအောင် ကြားရကြောင်း...

တစ်ခါသော် အထက်ဘက်မှ ဆရာတစ်စု ရောက်လာပြီး ထိုရသေ့သူမြှုတ်ထားခဲ့သည့် ပစ္စည်းများကိုတူးရာ ကြက်တိန်ညင်များ နားကွဲလုမတတ် တွန်ကျူးသံများ ကြားကြရသဖြင့် နားနှစ်ဖက်ကို ပိတ်လျက် ရွှေတိန်ညင်တောင်ကိုပတ်၍ အလဲလဲ အကွဲကွဲနှင့် ပြေးလွှားနေကြသည်ကို ထင်းတော (ထင်းခုတ်)လာကြသူအချို့နှင့် တွေ့ရ၍ ရွာသားအချို့က...

'ခင်များတို့ ဘာလုပ်နေကြတာလဲ'

ဟုမေးမှ သတိပြန်ရလာပြီး သူတို့အမှားကို ဖွင့်ဟဝန်ချတောင်းပန်ကြပြီး ထိုတောင်၌ မနေရဲတော့ဘဲ ချက်ချင်း ပြန်ပြေးကြကြောင်း၊ ထိုတောင်က နတ်လည်း ကြီးကြောင်း၊ သိုက်တွေ့ ကျတ်တွေ့ ပရလောကသားတွေလည်း ပေါ်ကြောင်း ပြောပြပါ၏။

ကျွန်တော်တို့လည်း ထိုရွှေတိန်ညင်တောင်သို့ ရောက်သည်နှင့် ခေတ္တမျှ အမောအပန်းဖြေ အနားယူပြီး ထိုတောင်၌ တွေ့ရှိရတတ်သည်ဟုဆိုသော လုံကွဲများ၊ ချော်ခဲများကို ရှာဖွေကြပါသည်။

အဓိက ကျွန်တော် လိုက်လာခြင်း အကြောင်းမှာလည်း အဂ္ဂိရတ်ဝါသနာပါလှသည့် ကျွန်တော့်အတွက် **"ဓာတ်, ဓာတ်ချင်းကူး ဖြစ်ပုံများစွာ"** ဟူသော အဂ္ဂိရတ် အဆိုအမိန့်အရ ရှေးက ပေါက်မြောက်၍ ထွက်ရပ်စခန်းသို့ မြန်းသွားပြီဖြစ်သော ရသေ့ဆရာကြီးများ၏ လုံးခွံများ၊ ချော်များ ရှာရှိရန် အဓိက ဖြစ်ပါသည်။

ဆရာရဲဖော် ဦးဟန်ရှင်နှင့် ဦးတင်မြတို့ကတော့ ထိုတောင်၌ (၉)ရက် အဓိဋ္ဌာန်ဝင်ပြီး (၉)နဝင်းစေတီလေး တစ်ဆူတည်ရန်ဖြစ်သည်။

သို့သော် အဓိဋ္ဌာန်မဝင်မီ ကျွန်တော် အလိုရှိရာများကို ကူညီရှာဖွေပေးကြသည်။ လုံကောင်းကောင်း၏ အခွံများကို မရရှိသော်လည်း အလွန်ကြီးမားသော ခေတ်သုံးလုံ နံပါတ် (၁၄)ဆိုက်၊ (၁၅)ဆိုက် အကွဲအချို့ကို တွေ့ရသဖြင့် ချော်ဟုထင်ရသော အစိုင်အခဲအချို့နှင့် အတူ ကောက်ယူခဲ့ပါသည်။

ညရောက်သောအခါ ဆရာရဲဖော်နှင့် ဦးဟန်ရှင်တို့အဖွဲ့လည်း ဘုရားရှိခိုး ကိုးပါးသီလ ဆောက်တည်ကြတာ တောပိုင်တောင်ပိုင် ရွှေတိန်ညင်တောင်ကို ပိုင်သသော ပုဂ္ဂိုလ်များနှင့် ရွှေတိန်ညင်တောင်၏ တွင်းပြင်နှစ်ဝနှစ်ဌာနတို့၌ မှီတင်းနေထိုင်လျက် ရှိကြသည့် မြင်အပ်,မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့ကို မေတ္တာပို့သကြပြီး (၉)ရက် အဓိဋ္ဌာန်ဝင်ကြရပါသည်။

ကျွန်တော်လည်း ရိုးသားစွာ ဝန်ခံရပါလျှင် ထိုကဲ့သို့ တောတောင်အတွင်း၌ အဓိဋ္ဌာန်မဝင်ခဲ့ဘူးသော်လည်း ဆရာ ရဲဖော်တို့အဖွဲ့ကို အားကျသည့်အတွက် အတူတကွ အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့ပါသည်။

ကျွန်တော်တို့ အဓိဋ္ဌာန်ဝင့်သည့်ညတွင် တစ်ညလုံး လေကြီးမိုးကြီး၍ သစ်ပင်များ၊ သစ်ကိုင်းများ တဝုန်းဝုန်း တဒိုင်းဒိုင်း ကျိုးကျလဲပြိုသံများကို ကြားကြရပါ၏။ ထို့အတူ မျောက်အော်သံများကလည်း ဆူညံနေကြ၏။ အိပ်တန်းတက် ငှက်တို့၏ လန့်ဖျပ်ပျံသန်းသံတို့ကလည်း ဆူညံနေကြပါသည်။

သို့သော် နံနက်လင်းသောအခါ၌ မည်သည့်သစ်ပင် ဝါးပင်မျှ လဲခြင်း၊ ကျိုးခြင်းကို မတွေ့ရသဖြင့် အံ့သြရပါသည်။

နောက်တစ်နေ့၌တော့ နံနက်ခင်းကတည်းက ရွှေတိန်ညင်တောင် ကျွန်တော်တို့ အဓိဋ္ဌာန်ဥပုသ်ဝင်ရာ အနီးတစ်ဝိုက်၌ ထူးခြားနေပါသည်။ ကျွန်တော်တို့ လာခဲ့ကြသည်မှာ နွေရာသီ ဖြစ်သော်လည်း မိုးဦးကာလများကဲ့သို့ တစ်မိုးလုံး မှောင်ပိန်းအုံ့ဆိုင်းကာ မိုးရွာတော့မည့်ကဲ့သို့ လျှပ်စစ်လျှပ်ရောင်များ တဝင်းဝင်း တလက်လက်နှင့် မိုးထစ်ချုန်းနေပါသည်။

နေ့လယ်မွန်းတည့် ဆွမ်းစားချိန်၌ ကျွန်တော်တို့အားလုံး ထမင်းစားနေကြချိန် အကောင်(၂၀)ခန့်မျှလောက်ရှိသော သမင်အုပ်ကြီးတစ်အုပ် ကျွန်တော်တို့စခန်းချရာ ပျဉ်းမပင်ကြီးများရှေ့မှ ဖြတ်ပြေးသွားသည်ကို မြင်လိုက်ရသည်။

ထို့ပြင် မကြာမီ ယင်းသမင်အုပ်



www.burmeseclassic.com

www.burmeseclassic.com

နောက်မှ တအင့်အင့်နှင့် ပြေးလိုက်သွားသော ဝက်အုပ်ကြီးကိုလည်း တွေ့လိုက်ကြရပါ၏။ ထိုဝက်အုပ်ကြီးကို ကြည့်နေစဉ်မှာပဲ နောက်မှ နွားရိုင်းအုပ်ကြီးတစ်အုပ်ကပဲ တရှူးရှူး တရှားရှား ဖြင့် ဟိုတွေ့ ဒီခတ်နှင့် တက်လာသည်ကို တွေ့လိုက်ရပြန်ပါ၏။

'ဆရာတို့ ဘာမှ မကြောက်ကြနဲ့ စိတ်ခိုင်အောင်ထား၊ မေတ္တာသာပွားနေကြ'

ဆရာရဲဖော်က သတိပေးသဖြင့် မျက်စိစုံမှိတ်၍ မေတ္တာသုတ်ကို ရွတ်နေမိပါသည်။ မှန်ရာကို ဝန်ခံရပါလျှင် ကျွန်တော် "ဘာ, ဘယ်လို ဖြစ်မှာလဲ" ဟု တွေးရင်း စိုးရိမ်ကြောက်ရွံ့နေမိသည်မှာ အမှန်ဖြစ်ပါသည်။

'အဲဒါ တောခြောက်နေတာဗျ'


ဟု ဆရာရဲဖော် ဆက်ပြောမှ စိတ်သက်သာရာ ရသွားပါသည်။

သို့သော် နေ့လယ်နေ့ခင်းနှင့် ညနေပိုင်း ရောက်သောအခါ၌ ကျွန်တော်တို့ အဖွဲ့၌ ထူးခြားဖြစ်စဉ်တစ်ခုနှင့် တိုးပါလေတော့သည်။ အကြောင်းမှာ ဦးတင်မြဆိုသူ တရားထိုင်နေရင်း ခေါ်မရ အော်မရနှင့် သတိလစ်မေ့မြော နေသောကြောင့် ဖြစ်ပါ၏။

အားလုံး ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန် ဆရာရဲဖော်သည် လိုလိုမည်မည် အသင့်ယူဆောင်လာသည့် ကွမ်းရွက်ကို ညာဘက်လက်ညှိုးဖြင့် တစ်စုံတစ်ရာရေး၊ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်ဆိုပြီး အရေညှစ်ကာ ဦးတင်မြ၏ မျက်စိကို အတင်းဖြဲ၍ မျက်စဉ်းခတ်လိုက်ပါသည်။

သည်တော့မှ ဦးတင်မြလည်း သတိပြန်ရလာပြီး သူ၏အဖြစ်ကို အောက်ပါအတိုင်း ပြောပြပါ၏။

နေ့လယ် ဆွမ်းစားပြီးကြသည်နှင့် ကျွန်တော်တို့အားလုံး တရားပြန်ထိုင်



ကြပါသည်။**[ကျွန်တော်တို့ တရားထိုင်ကြသည်မှာ စုပေါင်း၍ ထိုင်ကြခြင်းမဟုတ်ဘဲ သစ်ပင်တစ်ပင် တစ်ယောက်ကျ လူခွဲ၍ ထိုင်ကြခြင်း ဖြစ်ပါသည်။]**ထိုအခါ ဦးတင်မြလည်း တရားထိုင်ရာ သစ်ပင်ကြီးဆီ ပြန်သွားပါသည်။

သို့သော် သူ တရားထိုင်ရာ သစ်ရာပင်ကြီးအောက်၌ သူ့အထက်အရင် ထိုင်သူတစ်ယောက်က ရောက်နေပါ၏။ ခပ်ငယ်ငယ် အသက် (၁၉,၂၀) ဝန်းကျင်ခန့် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

စ,တွေ့တွေ့ချင်းမှာတော့ ဦးတင်မြက အမျိုးသမီးလေးကို တအံ့တဩ ငေးကြည့်နေမိသည်။ အမျိုးသမီးက လူကို နောက်ခိုင်းထိုင်နေသည်။ သူ ရောက်လာတာကိုလည်း သတိထားမိပုံမရ။

သို့အတွက် ဦးတင်မြက ချောင်းတစ်ချက်ဟန့်၍ သူရောက်ကြောင်း အသိပေးလိုက်၏။ အမျိုးသမီးက လှည့်မကြည့်၊ မလှုပ်။ ဦးတင်မြ အမျိုးသမီးငယ်ကို ကြည့်နေရင်း အတွေးတစ်မျိုး ပေါက်သွားသည်။

'ဩော်...ဒီအနီးအနားရွာတွေက ဒီလိုပဲ တရားလာထိုင်ကြတာ ဖြစ်မှာပါပဲလေ'

ထိုသို့ တွေးပြီးသည်နှင့် တရားထိုင်နေသူအတွက် အနှောင့်အယှက်ဖြစ်မှာ စိုးသဖြင့် အနီးရှိ ပိတောက်ပင်လေးအောက် ဝင်ထိုင်လိုက်သည်။ သူ ထိုင်လိုက်မိသည်နှင့် အမျိုးသမီးငယ်က တရားထိုင်ရာမှ ထပြီး သူ့ဘက် လှည့်ကြည့်လိုက်၏။

ဦးတင်မြ အမျိုးသမီးကို မြင်လိုက်တော့ ကြက်သေ သေသွားသည်။ နှလုံးသွေးတွေပင် ရပ်ခမန်း ဖြစ်သွား၏။ နောက်တော့ အသက်ရှူတွေကျပ်ပြီး သူ ဘာမှ မသိတော့ချေ။ သတိလစ်သွားလေတော့၏။

'ဘယ်လိုဖြစ်လို့လဲဗျ...ကိုတင်မြ'

ဦးဟန်ရှင်က မေးလိုက်သည်။

ထိုအခါ ဦးတင်မြက...

'ဟာ...ကိုဟန်ရှင်ရာ ဘယ်လိုဖြစ်လဲဆို ပြောရမှာတောင် ခပ်လန့်လန့်ပဲ။ နောက်က ကြည့်တော့ ကောင်မလေးချောချောပဲ။ မတ်တတ်ရပ်ပြီး ကျွန်တော့်ဘက်လဲ လှည့်ရော လက်ဖက်ရည်ပန်းကန်လုံးလောက်ရှိတဲ့ မျက်လုံးရဲရဲကြီးနှစ်လုံးနဲ့ အစွယ်တွေငေါ်ထွက်နေတဲ့ သရဲမကြီးဗျ'

ဟု ကြောက်ကြောက်လန့်လန့်နှင့် ပြောလိုက်လေ၏။

ထိုအခါ ဆရာရဲဖော်က ရယ်၍...

'အေးဗျ...ဒီရွှေတိန်ညင်တစ်ဝိုက်က ကြမ်းမှန်း သိလိုက်သားနဲ့ ကျွန်တော်ကလဲ အတားအဆီး မလုပ်မိဘူး။ ရပါတယ်ဗျာ... နောက် သူတို့ ကျွန်တော်တို့စည်းထဲ မဝင်နိုင်စေရပါဘူး'

ဟု ဆိုကာ သဲမန်း,ဆန်မန်းများ လုပ်ကာ ဒေသအပိုင်းအခြားဖြင့် ပက်လေ၏။

ထိုသို့ သဲမန်း,ဆန်မန်း ပက်ပြီးသည့် အချိန်ကစ၍ ကျွန်တော်တို့ ပြန်လာကြသည့်တိုင် နောက်ထပ် ဘာအခက်အခဲ ဘာအနှောင့်အယှက်မှ မတွေ့ကြရတော့ဘဲ အေးချမ်းစွာ အဓိဋ္ဌာန်ဝင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ခဲ့ကြပါတော့၏။

သို့ကြောင့် ကျွန်တော်က ဆရာလေးရဲဖော်ကို ဘေးရန်အန္တရာယ်အပေါင်းမှ လွတ်ကင်းပြီး မိစ္ဆာများ မနှောင့်ယှက်နိုင်အောင် မည်သည့် အစီအရင်များ လုပ်ဆောင်ပါသနည်း ဟု မေးကြည့်ရာ ဆရာရဲဖော်က သူ၏ အစီအရင်ကို မချွင်းမချန် အောက်ပါအတိုင်း ပြောပြပါသည်။

မိမိတို့၏ နယ်မြေ၊ အိမ်၊ ခြံ ကျောင်း၊ ယာကအစ အမှောင့်ယောက၊ ရုပ်ထား၊ နာမ်ထား၊ အင်းတိုက်၊ ရုပ်တိုက်၊ နတ်တိုက်၊ ဓာတ်တိုက်၊ အစိမ်းတိုက်၊ အောက်လမ်းတိုက် စသည့် အတိုက်အမျိုးမျိုးနှင့် သရဲ၊ တစ္ဆေ၊ ကဝေ၊ မြေဘုတ်၊ နတ်ယုတ်နတ်မာ တို့ ဝင်ရောက်မနှောင့်ယှက်နိုင်ရန်...

အကာကြီးတန်ပြန်စမကို သဲ,ဆန်တို့၌ အောက်ပါအတိုင်း ရေးပြီး ပက်ပါက မည်သည့်မိစ္ဆာ၊ မည်သည့်အတိုက်အခိုက်မျှ မရောက်မကပ်နိုင်ဘဲ ဘေးရန်အန္တရာယ်အပေါင်းမှ လုံးဝကင်းဝေးနိုင်၍ လိုရာဆန္ဒတို့နှင့် ပြည့်ဝစေနိုင်ကြောင်း ပြောပြခဲ့ပါသည်။

ယခု ဤဆောင်းပါးမှာ ဆရာရဲဖော် ပြောပြခဲ့သည်များကို ပြန်လည်ဖောက်သည်ချ ပညာဒါန ပြုလိုက်ခြင်း ဖြစ်ပါ၏။

## ပြုလုပ်ပုံ

လင်ပန်းတစ်ချပ်ချပ်တွင်ဖြစ်စေ ဇလုံကြီးကြီးထဲတွင်ဖြစ်စေ သဲဖြစ်စေ ဆန်ဖြစ်စေ ထည့်ပြီး မျက်နှာပြင် ညီညာအောင်ပြု၍ ပုံပါအတိုင်း အကာကြီးတန်ပြန်စမကို လက်ညှိုးဖြင့် ရေးပါ။

* * * ——→

ထိုသို့ ရေးပြီးပါက...

'ဥုံ လုပ္ပတု၊ ဥတ္တရတု၊ မံဘန္တေ သံဃော' ဟု ဆို၍ "ဥ" လိပ်စမကို တစ်ချက်ဆွဲ(တစ်ကြောင်း)အပြီးရေး၍ ၂၄, ၄၅, ၆၇, ၁၃ အင်းဆန်သွင်းရမည်။ ထိုသို့ စမအင်းဆန်သွင်းစဉ်တွင်...


**"ဥုံ ဘုရားဟူက မောဂ္ဂလု ၂၄"** ဟူ၍ ၂၄ ကိုရေး...

**"ဥုံ တရားဟူက ဗာလီကွေး ၄၅"** ဟူ၍ ၄၅ ကိုရေး...

**"ဥုံ သံဃာဟူက သံချပ်ဝတ် ၆၇"** ဟူ၍ ၆၇ ကိုရေး...

**"ဥုံ ဓုတင်တေရသ(၁၃)ပါးကို ကျင့်ဆောင်တော်မူသော ရှင်မဟာကဿပ ကျိန်းစက်တော်မူသော အခါ ဂန္ဓအမုံမှိ ဩကာသေ တိဋ္ဌာဟိ၊ ဝဝမေတ် ဓာရယျမိ သော ဥ တ္တိ၊ ဥုံ အရှေ့ဘုရား၊ အနောက်တရား၊ ဥုံတောင်က ပစ္စေကဗုဒ္ဓါ၊ ဥုံ မြောက်က ရဟန္တာ... ကာဆရာကာ၊ ကွယ်ဆရာကွယ်၊ ပြေးဆရာပြေး၊ လွင့်ဆရာလွင့်"**ဆို၍ "၁၃"ကို ရေးပြီး ရွတ်ဆိုရမည်။

ထို့နောက် မိမိတို့ အလိုရှိရာ အရပ်၌ ယင်း သဲမန်း,ဆန်မန်းတို့ကို ပက်ရမည်။ ဤသို့ပြုလုပ်ပါက ဆိုခဲ့ပြီးသော ဘေးရန်အန္တရာယ်အပေါင်းမှ သေချာပေါက် လွတ်ကင်းမည် ဖြစ်ပါသည်။



ထို့အပြင် ရေ, ဆီ, ဆား, ပျားရည်, ကွမ်းရွက်, မြွေအာချုပ်, လိပ်ပြာချုပ် တို့ကိုလည်း ယင်း ဂါထာမန္တန်စုတ်၍ ပေးနိုင်ပါသည်။

ဆရာရဲဖော်က ယင်း အကာကြီး တန်ပြန်စမမှာ မိမိအား မလိုမုန်းထား သူများရှိလျှင် သူ့ဒဏ်သူ ခံရကြောင်း လည်း ပြောပြပါ၏။ ယင်း စမရေး၍ အဆောက်အအုံများ၌လည်း ဆွဲထားနိုင်ပါသည်။

ထို့နောက် ယင်းစမနှင့် ပတ်သက်၍ ဘုရားဟူက မောဂ္ဂလု"၂၄"ဟု ဆိုရာ၌ **ယင်းဝေါဟာရသင်္ချာကို မှော်ပညာကျမ်းတို့၌ လည်းကောင်း၊ သုတေသန သရုပ်ပြအဘိဓာန်ကျမ်း၌လည်းကောင်း ဘုရင့်နောင် စသော စစ်ဘုရင်များ,စစ်သူကြီးများ ဆောင်းသည့် ဦးထုပ်ကို မောဂ္ဂလု "၂၄" ဟုခေါ်ကြောင်း။ (၄၅)ဝါ ကာလပတ်လုံး ဟောတော်မူသော တရားတော်များနှင့် ဗာလီကွေးသဖွယ် ကိုယ်၌ ဆင်မြန်းကာရံသည်ကို ဗာလီကွေး "၄၅"ဟု ခေါ်ကြောင်း...**

**ထို့အတူ ဗောဓိပက္ခိယ(၃၇)ပါး နှင့် ပါရမီ(၁၀) အပြား(၃၀)တို့သည် သံချပ်ဝတ်သဖွယ် ကိုယ်၌ လုံခြုံစေမှုကို သံချပ်ဝတ်"၆၇"ဟုခေါ်ကြောင်း။ "၁၃"ဟုဆိုရာ၌ ရှင်မဟာကဿပ ရဟန္တာမြတ်ကြီးသည် ဓုတင်(၁၃)ပါး ဆောင်သည်ကို အစွဲပြု၍ ဓုတင်တေရသဟုခေါ်ကြောင်း လည်း ဆက်လက်ရှင်းပြပါ၏။**

**နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။**

**နေဝန်းသစ်**



www.burmeseclassic.com

www.burmeseclassic.com

မယ်လဖူးချောင်းဘေးက

# ပရလောကသားတို့၏ ခေါ်သံ

ချစ်ဦး



ကျွန်ုပ်ဦးစီးသော တပ်ခွဲတစ်ခွဲသည် နည်းဗျူဟာ အခြေပြုထားသော မောလောတပ်စခန်းတွင် ရိက္ခာများ ထုတ်ယူပြီးသောအခါ ဘောဂထရွာ ဘက်တွင်ရှိနေသော စင်ကြောင်း(၁) နှင့် သွားရောက် ပူးပေါင်းရန် ချီတက် ခဲ့ကြပါသည်။

အနည်းဆုံး သုံးညအိပ်ပြီး လေး ရက်လောက် ချီတက်ရမည့် တော လမ်းခရီးစဉ်ကြီးသာ 'ဖြစ်ပါသည်။

ရွှေကျင်ကျောက်ကြီး စစ်ဆင်ရေး အသဖြစ်၍ လမ်းခရီးတစ်လျှောက် တွင်ကား မည်သည့်ရွာမှ မရှိပါ။ စစ် သုံးမြေပုံပေါ်တွင် ပါရှိနေသော ကျေးရွာ များမှာ မြေပြင်ပေါ်တွင် လက်တွေ့အား ဖြင့် မရှိကြတော့ပါ။

ခရီးစဉ်တစ်လျှောက် တွေ့ရှိရနိုင် သောအရာများမှာ အကြမ်းဖက် သောင်းကျန်းသူတို့၏ ရွာပုန်းများ၊ တောင်ယာများအပြင် သူတို့ ထောင် ထားသော နင်းမိုင်းများသာ ဖြစ်တော့ သည်။

ထို့ကြောင့် ကျွန်ုပ်တို့က လမ်း ကြောင်းအဟောင်းများကို အသုံးမပြု ရဲကြပါ။ တော်တိုး တောင်တက်ဖြင့် ကိုယ့်လမ်းကို အသစ် ဖောက်ကာ ချီတက်နေကြရသည်။ ရန်သူ၏ အနေအထားကတော့ အင်နှင့် အားနှင့် ဟူ၍ မရှိ၊ ချောင်းပစ်မြောင်းပစ် ထွက်ပြေး စစ်ကြောင်းများလိုက်လာ ပါက မိုင်းထောင် အစရှိသည့်ဖြင့်သာ ရှိသည်။

သို့ဖြင့် ကျွန်ုပ်တို့ တပ်ခွဲက စစ်သုံး မြေပုံနှင့် သံလိုက်အိမ်မြှောင်တို့၏ အထောက်အကူဖြင့် ချီတက်လာခဲ့ကြ ရာ ထိုနေ့မှာပင် ရွှေကျင်ချောင်းဖျားကို စတင်ပြီး တွေ့ရပါတော့သည်။

ကျွန်ုပ်က ရွှေကျင်ချောင်း ညာဘက်ခြမ်း အခြမ်းကို မှတည်ပြီး စုန်ဆင်းခဲ့သည်။

www.burmeseclassic.com



နောက်တစ်နေ့ ညနေလောက်တွင် ရွှေကျင်ချောင်းကို မြောက်မှ တောင်သို့ ကန့်လန့်ဖြတ်ပြီး စီးဆင်းလာသော မယ်လဖူးချောင်းအနီးသို့ ရောက်ရှိခဲ့ကြပါတော့သည်။

ရွှေကျင်ချောင်း၏ ချောင်းလက်တက်တစ်ခု ဖြစ်ပါသည်။ ရှည်လျားပြီး ရေစီးကြမ်းသည့်ချောင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့အဖွဲ့များသည် မယ်လဖူးချောင်းထဲသို့ မဆင်းမီ တောင်ကုန်းပေါ်တွင် ခဏနားကြပါသည်။ နားပြီးသောအခါ မယ်လဖူးချောင်းအောက်သို့ ဆင်းခဲ့ကြရာ ချောင်းအနီး ရောက်သောအခါ တိုက်ပွဲငယ်တစ်ပွဲ ဖြစ်လိုက်ပါသည်။

တိုက်ပွဲကတော့ ဆယ်မိနစ်လောက်သာ ကြာပါသည်။ ရန်သူများကတော့ မယ်လဖူးချောင်းဖျားဘက်ကို ထွက်ပြေး တိမ်းရှောင်သွားကြပါသည်။

ဖားနှင့် ငါးအချို့ ကျန်ခဲ့သဖြင့် အဆိုပါအဖွဲ့သည် မယ်လဖူးချောင်းများတွင် အခြေပြုထားပြီး အဖွဲ့အချို့က ချောင်းအတိုင်း ငါးများ,ဖားများ ရှာဖွေရင်း စုန်ဆင်းခဲ့ကြဟန် တူပါသည်။

ကျွန်ုပ်က ထွက်ပြေးသွားသော ရန်သူနောက်သို့ အနည်းငယ်မျှ လိုက်လံရှင်းလင်းစေရာ ဘာမှ ထူးခြားမှု မရှိပါ။ ကျွန်ုပ်တို့ဘက်ကလည်း ထိခိုက်ဒဏ်ရာရရှိခြင်း မရှိပါ။ သို့ဖြစ်၍ ချောင်းထဲမှ ရေများကို ပါလာသော ပလတ်စတစ်ဖုံးများဖြင့် ခပ်ယူစေကာ ချောင်းတစ်ဖက်ကမ်းရှိ တောင်ကုန်းတစ်ခုပေါ်ဆီသို့ ချီတက်စေခဲ့ပါသည်။

ရောက်သောအခါ ကျွန်ုပ်ကိုယ်တိုင် ကင်းတိုက်ကင်းရှည်၊ ကင်းပုန်းနေရာများကို ရွေးချယ်ပြီး နေရာချပေးလိုက်ပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့ ချီတက်ခဲ့သောလမ်းကြောင်းကို အဓိကထားပြီး ည(၉)နာရီအထိ ကင်းပုန်းတစ်ဖွဲ့ ထုတ်ထားပါသည်။

ခေါင်းရှားသီဖြစ်၍ ကျွန်ုပ်တို့အဖွဲ့က တဲထိုးစရာမလိုပါ။ ပါလာသော ရိက္ခာများနှင့် တောလမ်းခရီး တစ်လျှောက် တွေ့ရှိခဲ့ရသော စား၍ရသည့် အသီးအရွက်များဖြင့် ထမင်းဟင်းများကို ချက်ပြုတ်ကာ စားသောက်နေပါသည်။

ထိုစဉ် ဆရာအုန်းကျော်ဦးစီးသော ကင်းပုန်းအဖွဲ့ထံက တိုက်ပွဲဖြစ်သံကို ကြားလိုက်ရပါတော့သည်။ ည(၈)နာရီလောက်ရှိပြီဖြစ်သည်။

'ဒိုင်း...ဒိုင်း။ ဒိုင်း...ဒိုင်း...ဒိုင်း'

'ပလောက်... ပလောက်... ပလောက်'

'ဖောင်း...ဂျိမ်း'

ပထမဆုံး ထွက်ပေါ်လာသော သေနတ်သံမှာ ကျွန်ုပ်တို့ဘက်ဆီက ဖြစ်သည်။ ကျွန်ုပ်တို့ဘက်ဆီက လက်ဦးမှုရရှိခဲ့ခြင်းပင် ဖြစ်သည်။ နောက်မှသာ ရန်သူ့ဆီက အမ်(၁၆)၏ သေနတ်သံများ "ပလောက်... ပလောက်" ဟု ထွက်လာသည်။

ပြီးလျှင် ရန်သူ့ဆီက ပစ်လိုက်သော (၄၀)မမဲ ဗုံးသီးမှာလည်း ကျွန်ုပ်တို့ စခန်းချထားသောနေရာကို ကျော်လွန်ကာ ကျရောက်၍ ပေါက်ကွဲသွားပါသည်။

ကျွန်ုပ်က ပါလာသော (၆၀)မမ စိန်ပြောင်းဖြင့် ပစ်ခတ်ပေးလိုက်ရာ ရန်သူများက ဆယ်မိနစ် ကျော်ကျော်လောက် ပစ်ခတ်ပြီး ပြန်လည် ဆုတ်ခွာသွားကြပါတော့သည်။

ကျွန်ုပ်ထံက စစ်ကူအဖြစ် စေလွှတ်လိုက်သော ထုတ်နုတ် တပ်စိတ်တစ်စိတ်က ကင်းပုန်းအဖွဲ့နှင့် သွားရောက်ပြီး ပေါင်းမိသောအခါ တိုက်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်သည်။

ကျွန်ုပ်က ကင်းပုန်းအဖွဲ့အား ပြန်ရုပ်ပြီး အခြေအနေအား မေးမြန်းကြည့်ရာ ရန်သူ လေး,ငါးယောက်က ကျွန်ုပ်တို့လာခဲ့သော လမ်းကြောင်းအတိုင်း တက်လာခဲ့ကြကြောင်း။ သူတို့အဖွဲ့က ဦးစွာ မြင်တွေ့ရပြီး ကောင်းစွာ ချိန်ရွယ်ပြီး ပစ်ခတ်လိုက်ကြသဖြင့် ရန်သူများ အထိနာသွားနိုင်ကြောင်း သိရပါတော့သည်။

ကျွန်ုပ်ကလည်း အချိန်မရှိတော့သဖြင့် နံနက်မိုးလင်းမှသာ ရန်သူ ဆုတ်ခွာသွားသောလမ်းကြောင်း တစ်လျှောက်လိုက်ပြီး ရှင်းလင်းရန် ဆုံးဖြတ်လိုက်ပါသည်။

သို့ဖြင့် ကျွန်ုပ်က ကင်းများကို စနစ်ကျ စောင့်ကြရန် မှာကြားပြီး ညအိပ်ကြသော်လည်း မည်သူမှ အိပ်ပျော်ကြမည်ဟု မထင်ပါ။ အကြောင်းမူ လပြည့်ညဖြစ်၍ လမင်း၏ အလင်းရောင်ကလည်း တစ်တောလုံးဆိုသလိုလင်းထိန်လျက် ရှိနေပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် မယ်လဖူး ချောင်းဖျား တစ်လျှောက်ကနေပြီး တိုက်ခတ်လာသော လေစိမ်းများကလည်း ကျွန်ုပ်တို့ အခြေပြုထားသော တောင်ကုန်းဆီသို့ ခပ်ကြမ်းကြမ်းကလေး တိုက်ခတ်လျက်ရှိရာ အအေးဒဏ်တို့ကလည်း ခံနေရ၍ ဖြစ်ပါသည်။

ည(၁၂)နာရီလောက်တွင် ကင်းပုန်းအဖွဲ့နှင့် ပစ်ခတ်မှုဖြစ်ခဲ့သော နေရာ၏ ဘယ်ဘက်က ချောက်ထဲတွင်...

'ဟေး... ဆင်းခဲ့ကြလေကွာ၊ ဆင်းခဲ့ကြ ဟေး...ဆင်းခဲ့ကြလေကွာ၊ ဆင်းခဲ့ကြ'

လေတိုးသံများကြားက လူတစ်ယောက်၏ ခေါ်နေသံကို ကျွန်ုပ်တို့ အားလုံး ကြားလိုက်ကြရတော့သည်။

ထိုအခါ စစ်သည်များက မိမိတို့အား နေရာပေးထားသည့် နေရာများဆီသို့ လက်နက်အပြည့်အစုံဖြင့် ဝင်ရောက်နေရာယူလိုက်ကြလေသည်။ တပ်အသင့်နေရာ ယူလိုက်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်က တပ်စုမှူးနှင့် တပ်စုတပ်ကြပ်ကြီးများအား ခေါ်ယူစေကာ အမိန့်မရဘဲ ပစ်ခတ်ခြင်းမပြုလုပ်ရန်၊ သို့သော်လည်း အနီးကပ်ရောက်ရှိလာပြီး ပိုင်ပြီဆိုလျှင်တော့ အမိန့်စောင့်မနေဘဲ ပစ်ခတ်ကြရန် အမိန့်တစ်ခု ထုတ်ပြန်လိုက်ပါသည်။

သူတို့လည်း မိမိတို့၏ တပ်စုရှိသည့် နေရာများဆီသို့ ပြန်သွားကြသောအခါ ဆရာကြီး တပ်ခွဲတပ်ကြပ်ကြီး ဘမြင့်က...

'ဗိုလ်ကြီးရေ... အဲဒီခေါ်နေတဲ့ အသံက သွေးရိုးသားရိုးမဟုတ်ဘူးဗျ'

ဟု လေသံတိုးတိုးကလေးဖြင့် လာပြောလေတော့သည်။ ကျွန်ုပ်က...

'သွေးရိုးသားရိုးမဟုတ်လို့ ဘယ်လိုတွေများ ဆန်းဆန်းပြားပြား ဖြစ်နေရတာလဲ'

ဟု မေးလိုက်လျှင် ဆရာကြီးဘမြင့်က...

'ကျွန်တော်တို့အနီး ကပ်ရောက်လာပြီး ပိုင်မှ ပစ်ကြရအောင်ဗျာ'

ဟု ပြောလေသည်။

အမှန်စင်စစ် ဆရာကြီးက သူ၏ ပြောဆိုလိုရင်း အကြောင်းအရာများကို ဆက်ပြီး မပြောလိုတော့ဘဲ အခြားစကားဖြင့် လမ်းလွှဲပြီး ပြောနေခြင်းသာ ဖြစ်မည်။ ကျွန်ုပ်က...

'အေးလေ အဲဒီကိစ္စပဲ၊ အခု တပ်စုမှူးနဲ့ တပ်စုတပ်ကြပ်ကြီးတွေကို ခေါ်လို့ ပြောပြီးပြီပဲ၊ နေစမ်းပါဦး ဆရာကြီးရဲ့... ဆရာကြီး အခု အော်ခေါ်နေတဲ့အသံနဲ့ ပတ်သက်ပြီး တစ်ခုခု ပြောချင်နေပုံရပါတယ်၊ ပြောချင်ရင် ပြောပါ'

ဟု ပြောလိုက်သော်လည်း ဆရာကြီးက...

'ဘယ်ရယ် မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့် မနက်မိုးလင်းလာရင်တော့ ကျွန်တော် ပြောချင်တဲ့စကားကို အထောက်အထားတွေနဲ့ လက်တွေ့ပြပြီး ပြောဆိုရနိုင်ကောင်းတယ်လို့ ထင်ထားပါတယ်။ ကဲ... ကျွန်တော် ဟိုဘက် တပ်စိတ်ကို ကင်းသွားစစ်လိုက်ဦးမယ်'

ဟု ပြောဆိုပြီး ထွက်ခွာသွားပါလေတော့သည်။ ကျွန်ုပ်နှင့် စကားဆက်မပြောလို၍ ရှောင်ထွက်သွားတာလည်း ဖြစ်နိုင်သည်။

ချောက်ထဲက အော်ခေါ်နေသော အသံမှာ တစ်ယောက်ထည်းကပဲ ဖြစ်သည်။ အော်ခေါ်နေသည်မှာလည်း **"ဟေး... ဆင်းခဲ့ကြလေ၊ ဆင်းခဲ့ကြ"**။ ဒါကိုပဲ ထပ်ခါတလဲလဲဖြင့် နား,နားပြီး အော်ခေါ်နေသည်။ အခြားသော စကားလုံးများ မပါပါ။

နံနက်(၃)နာရီ ကျော်လာသော အခါ အော်ခေါ်သံ မကြားရတော့ဘဲ တစ်ခါတစ်ရံ **"အီး... ဟီးဟီး၊ အီး... ဟီးဟီး"**ဟု ငိုသံကို ကြားရပါသည်။ အကြာကြီးတော့မဟုတ်။ (၄)နာရီလောက် ထိုးသောအခါ မည်သည့်အသံကိုမျှ မကြားကြရတော့ပါ။ ညဦးသည် တိတ်ဆိတ်လျက်။

နံနက်မိုးလင်းလာသော တပ်စုတပ်ကြပ်ကြီးအောင်မြိုင် ဦးစီးပြီး တပ်စိတ်(၂)စိတ်ဖြင့် သွားရောက်ရှင်းလင်းစေရာ မကြာမီအချိန်အတွင်း**"ဗိုလ်ကြီးရေ... ဒီမှာ တစ်လောင်းနဲ့ တစ်လက်ကျန်ခဲ့တယ်"**ဟု လှမ်းပြီး အော်ပြောသံကို ကြားလိုက်ရလေတော့သည်။

ကျွန်ုပ်လည်း ဆရာကြီးဘမြင့်နှင့် အတူ စစ်သည် လေး,ငါးယောက်ကို ခေါ်ကာ လိုက်သွားဖြစ်ပါသည်။

အလောင်း၏ ဘေးနားသို့ ရောက်သွားပြီး ရရှိသွားသော ဒဏ်ရာအားကြည့်ရှုရာ ကျွန်ုပ်တို့ဆီက ပစ်ခတ်လိုက်သော ကျည်ဆန်တစ်တောင့်က ရန်သူ၏ လည်ပင်း အလယ်နေရာတွင် ဖောက်ဝင်သွားခြင်း ဖြစ်ပါတော့သည်။

လည်တိုင်ရိုးအတွင်းရှိ အရိုးများကတော့ ရစရာ မရှိလောက်အောင် မွစာကြနေလေသည်။ စက္ကန့်ပိုင်းအတွင်း အသက်ထွက်သွားသည့် ဒဏ်ရာအနေအထားပါ။ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ညက ကျွန်ုပ်တို့အား လှမ်းပြီး အော်ခေါ်နေသော ချောက်ထဲကပဲ ဖြစ်လေသည်။ လမ်းကြောင်းပေါ်တွင် သေနတ်ထိမှန်ပြီး လမ်းဘေးရှိ ချောက်ထဲသို့ ပြုတ်ကျလာခဲ့ခြင်းပင် ဖြစ်လေသည်။

ဆုတ်ခွာသွားသော လမ်းကြောင်း တစ်လျှောက်တွင်လည်း သွေးစက်များကို တွေ့ရှိရသဖြင့် ဒဏ်ရာရသူကို ဦးစားပေးပြီး ပြန်သယ်သွားခြင်းသာ ဖြစ်မည်။

သေဆုံးသွားသူကိုတော့ ဒီအတိုင်း ပစ်ထားခဲ့ဟန်ရှိသည်။ သေဆုံးသွားသူသည် မသေခင်ကပင် စကားမေး၍ ရနိုင်စရာအကြောင်းက မရှိပါ။ လည်ပင်းတစ်ချောင်းလုံးက ကျိုးကြေလျက်ရှိနေပါသည်။

သို့ဆိုလျှင် ညက ကျွန်ုပ်တို့အား တောင်အောက်သို့ ဆင်းခဲ့ရန် လာပြီး ခေါ်နေသော သူမှာ မည်သူများဖြစ်နေသနည်း။ ယခု သေဆုံးထားသူကတော့ မဖြစ်နိုင်ပါ။ ကျန်ခဲ့သော သူတို့အဖွဲ့ထဲကလား၊ ဒါလည်း မဖြစ်နိုင်ပါ။

ကျွန်ုပ်သည် ညက အော်ခေါ်နေသော အသံပိုင်ရှင်မှာ မည်သူဖြစ်နိုင်သနည်းဟု နည်းမျိုးစုံဖြင့် ဆက်စပ်ပြီး တွေးကြည့်နေမိသည်။ အဖြေကတော့ ပေါ်မလာခဲ့ပေ။ ထိုကဲ့သို့ ဖြစ်နေစဉ် ဆရာကြီးဘမြင့်က...

'ညက အော်နေတဲ့ အသံကြီးကို ဗိုလ်ကြီးက အလေးအနက်ထားပြီး တောတွေးတောင်တွေးနဲ့ လျှောက်ပြီး စဉ်းစားခန်းဝင်နေပြီနဲ့တူတယ်။ အမှန်ကတော့ ခေါင်းအခြောက်ခံပြီး စဉ်းစားစရာမလိုပါဘူး။ အဖြေက ရှိနေပြီးသားပါ။

ဒါပေမယ့် ဒါတွေက ဗိုလ်ကြီး အယုံအကြည်ရှိမှ ဖြစ်မယ့်ကိစ္စပါ။ အယုံအကြည်မရှိရင်တော့ ရှင်းလေရှုပ်လေ ဖြစ်နိုင်တယ်'

ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်က...

'အယုံအကြည် ရှိတာ၊ မရှိတာ အသာထားပါ။ လောလောဆယ် ဆရာကြီး သိရှိထားတဲ့အဖြေကိုပဲ ပြောပြဗျာ'

ဟု ပြောလိုက်လျှင် ဆရာကြီးဘမြင့်က...

'တကယ်တော့ လောကကြီးမှာ ဒါဟာ မဖြစ်နိုင်ပါဘူးလို့ ထင်ထားရတဲ့အရာတွေဟာ မထင်မှတ်ဘဲ ဖြစ်နေကြတာ၊ ယုတ္တိမတန်ပေမယ့် ဖြစ်ပျက်နေကြတာ သိပ္ပံနည်းနဲ့ တိုင်းတာတွက်ချက်ဆန်းစစ်လို့ မရနိုင်တဲ့ ဖြစ်စဉ်တွေကလဲ အများကြီးပါ။

မမြင်ရပေမယ့် မရှိဘူးလို့လဲ မထင်ပါနဲ့။ ဒါကြောင့် မြတ်စွာဘုရားက ဟောကြားခဲ့တာပေါ့၊ လောကအကြောင်း မကြံစည်ကောင်းလို့'

ထိုအခါ ကျွန်ုပ်က သူ၏စကားကို ဖြတ်ပြီး...

'ဆရာကြီးရေ...ညက လာပြီး အော်နေတဲ့ အသံဟာ ဘယ်သူလဲဆိုတာ လိုရင်းတိုရှင်းပဲ ပြောဗျာ'

ဟု ပြောလိုက်လျှင်...

'လိုရင်းတိုရှင်း ပြောရရင် ဒီနေရာမှာ ဒီအလောင်းပဲ ရှိနေတာဆိုတော့ ဒီအလောင်းကြီးက မအော်ဘဲ ဘယ်သူကလာပြီး အော်ပေးရဦးမှာလဲ၊ အော်နေတာ ဒီအလောင်းပဲ'

ထိုအခါ ကျွန်ုပ်က...

'ဟာ ဆရာကြီးရဲ့ အတွေးအခေါ်ကတော့ဗျာ အတော့်ကိုပဲ ကလေးကလား ဆန်လွန်းလှပါတယ်ဗျာ။ သေပြီးဖြစ်နေတဲ့လူကပဲ ထပြီး အော်ခေါ် နေတယ်လို့ဗျာ။ မသေခင်မှာ ထအော်တယ်လို့ပဲ ပြောစေဦးတော့ သူရရှိထားတဲ့ ဒဏ်ရာကိုပဲ ကြည့်ပါဦး၊ လည်ပင်းကြီး တစ်ခုလုံး ပြုတ်ထွက်မသွားရုံပါပဲဗျာ။

အဲဒါကိုတော့ ကျွန်တော် လက်မခံပါရစေနဲ့။ အခြား ဖြစ်နိုင်ခြေရှိတဲ့ နေရာတွေ မရှိတော့ဘူးလား'

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆရာကြီးက...

'အဲဒါကြောင့် ပြောတာပေါ့ ဗိုလ်ကြီးရယ်...ဒါမျိုးဆိုတာက အယုံအကြည်ရှိသူတွေကိုပဲ ပြောဆို ရှင်းပြလို့ကောင်းတာပါ။ ဒီဖြစ်စဉ်တွေ အားလုံးကို ကျွန်တော် ညကတည်းက သိပြီးသားပါ။

ဒါပေမယ့် ဗိုလ်ကြီးက လက်ခံနိုင်စရာအကြောင်းမရှိခဲ့လို့ ကျွန်တော် ညက ရှင်းမပြဘဲနေခဲ့တာပါ။ အယုံအကြည်မဲ့တဲ့ ဗိုလ်ကြီးကို ကျွန်တော် ဘယ်လိုဆက်ပြီး ရှင်းပြရမလဲကို မသိတော့ပါဘူး'

ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်က...

'အယုံအကြည် ရှိတာ၊ မရှိတာ အသာထားဗျာ၊ ယုတ္တိအရှိဆုံးနဲ့ ဖြစ်နိုင်ခြေအရှိဆုံးကို ပြောပြပါ'



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆရာကြီးက...

'လူတွေသေပြီးရင် သူ့ရဲ့ကုသိုလ်၊ အကုသိုလ်ကံအရ နိဗ္ဗာန်ကို မရောက်မချင်း တစ်ဘဝပြီး တစ်ဘဝပြောင်းသွားရတယ်ဆိုတာကို လက်ခံသလား'

'ကျွန်တော်က ဗုဒ္ဓဘာသာဝင်ပဲဗျာ၊ လက်ခံတယ်။ ကဲ... ဆက်ပြောဗျာ'

'ဒါဆိုရင် အဲဒီရောက်တဲ့ဘဝဟာ အပါယ်လေးဘုံထဲက ပြိတ္တာဘုံကို အချို့သောသူများက စွဲလမ်းစိတ်ကြောင့် ခဏတာ နေကြရတာလဲ ရှိတယ်။ အချို့က မိမိပြုခဲ့တဲ့ ကံကြောင့် အကြာကြီးနေကြရတာမျိုးလဲ ရှိတယ်။ တချို့လဲ မနေရဘူးပေါ့ဗျာ။ ဒီအထိကော လက်ခံသလားဗျ'

'လက်ခံတယ် ဆက်ပြောပါဦး'

'ကောင်းပြီ ဒါဆိုရင် သတ္တဝါတွေဟာ သေဆုံးလို့ နိဗ္ဗာန်မရခင် စုတိ ပဋိသန္ဓေဆိုပြီး ဘဝတစ်ခုခုကို ရရတယ်၊ အဲဒီရောက်ရတဲ့ဘဝ လိုက်ပြီး သူတို့ရဲ့ ကံမှုဖိဒ္ဓိအရ လူတွေကို တစ်နည်းနည်း တစ်ခုခုနဲ့ ပြုလုပ်တတ်ကြတယ်ဗျ။

ဒါကြောင့် ညက ကြားခဲ့ကြရတဲ့ အသံဟာ အဲဒီအလောင်းကြီးဆီက ထွက်လာတဲ့အသံတော့ မဟုတ်ဘူး။ ဒါပေမယ့် သေဆုံးသွားတဲ့သူက ပရလောကသားထံက ထွက်လာတဲ့ အသံပါပဲ'

ဟု ပြောလေသည်။

အခြားသော စစ်သည်များကလည်း...

'ဟုတ်တယ် ဗိုလ်ကြီးရဲ့၊ ညက အော်ခေါ်နေတဲ့အသံဟာ အဲဒီ အလောင်းကောင်ပိုင်ရှင် ပရလောကသားရဲ့ ခေါ်သံပါပဲ'

ဟု ဝိုင်းပြီး ပြောဆိုကြသည်။



ကျွန်ုပ်သည် တဖြည်းဖြည်းချင်း ပြန်စဉ်းစားမိသောအခါ ယခုကဲ့သို့သော ဖြစ်စဉ်မျိုးသည် ယခုမှသာ ရှိနေသည် မဟုတ်။ ရှေးအခါကပင် ရှိခဲ့ဖူးသည်ကို ပြန်လည်ကာ အမှတ်ရလာစေခဲ့သည်။

ရှေးအခါက ရာဇဝင် ဇာတ်လမ်းများတွင် သေဆုံးသွားပြီး သူတို့၏ သီချင်းသီဆိုသံများ၊ တီးမှုတ်သံများကို လပြည့်လကွယ်လိုညများတွင် လူသားတို့ အတိုင်းသား ကြားရတတ်သည်ဟု ဖတ်မှတ်ခဲ့ဖူးပါသည်။

ထို့အပြင် ယခု မျက်မှောက်ခေတ်တွင်လည်း ပရလောကသားတို့၏ ကိုယ်ထင်ပြမှု၊ အသံပေးမှု၊ အနံ့ပေးနေမှုများက ရှိနေဆဲဖြစ်သည်။

သို့ဖြစ်၍ ညကဖြစ်ခဲ့သော ဖြစ်စဉ်သည် စစ်သည်များ ပြောပြသကဲ့သို့ ပရလောကသား၏ ခေါ်သံဆိုသည်မှာ လုံးဝဖြစ်နိုင်ချေရှိကြောင်း ကျွန်ုပ်က ယုံကြည် လက်ခံမိခဲ့ပါတော့သည်။

မည်သို့ပင်ဖြစ်စေကာမူ ယခုတင်ပြခဲ့သောဖြစ်စဉ်မှာ ကရင်ပြည်နယ်၊ ရွှေကျင်ကျောက်ကြီးဒေသအတွင်း ရှိ မယ်လဖူးချောင်းဘေးတွင် ဖြစ်ခဲ့သည့် အတွက် ကျွန်ုပ်က **"မယ်လဖူးချောင်းက ပရလောကသား၏ ခေါ်သံ"** ဟူသော ခေါင်းစဉ်ဖြင့် တစ်သမှုပြုပြီး ရေးသား တင်ပြလိုက်ရလေတော့သတည်း။

ညက

အော်ခေါ်

နေတဲ့

အသံဟာ

အဲဒီ

အလောင်းကောင်

ပိုင်ရှင်

ပရလောကသားရဲ့

ခေါ်သံပဲ...

**ရွှင်လန်း ချမ်းမြေ့ကြပါစေ**

**ချစ်ဆိုင်**

www.burmeseclassic.com

# အံ့ပွားနေရွှော၏

နောက်ဆုံးနေ့

ခိုးလင်းဓါတ်
(မြန်အောင်)



၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၂၉–နှစ်ပြည့်အထူးထုတ်) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရေးသူ မောင်စေတနာ၏ **"သေနတ်ပြီးတဲ့ အံ့ပွားခင်မောင်"** ကို သေနတ်,လှံ,တုတ်,ဓားတွေနဲ့ သတ်သော်လည်းမရ ကြိုးနှင့်တုပ်ပြီး စအိုဝကို သစ်သားသပ်ကြီး ရိုက်သွင်း၍ အရှင်လတ်လတ် မြေမြှုပ်လိုက်ကြောင်း ဖတ်ရပါသည်။

ဤဆောင်းပါးဖတ်ပြီး စာရေးသူ ငယ်ငယ်က တွေ့ကြုံခဲ့ရသော **"အံ့ပွားနေရွှော"** အကြောင်းကို သတိရပြီး ဤဝတ္ထုကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

လောကတွင် အင်းအိုင်,ဂါထာ, မန္တန်,လက်ဖွဲ့,အဆောင်များဖြင့် သော်လည်းကောင်း၊ ဂမ္ဘီရနည်းပညာများ ဖြင့်လည်းကောင်း၊ သဘာဝအလျောက် လည်းကောင်း တုတ်ပြီး, ဓားပြီး, သေနတ်ပြီးသော သူများကို တွေ့ဖူးကြုံဖူးပါသည်။

**လွန်ခဲ့သည့် နှစ်ပေါင်း(၄၀)ကျော်**က စာရေးသူတို့ **ကျွန်းကြီးရွာ**ကို **ဦးမောင်မောင်** (မြတ်စောညီနောင်) သိုင်းအဖွဲ့ ရောက်ရှိလာပါသည်။ လူတစ်ဦးလျှင် (၄၀)ကျပ်နှင့် သိုင်းသင်ပေး၏။

သင်တန်းဆင်းပွဲနေ့တွင် သိုင်းသင်သူဖြစ်စေ၊ မသင်သူဖြစ်စေ ဓားပြီး, တုတ်ပြီးဆေး ထိုးပေး၏။ ဆေးထိုးပြီး



www.burmeseclassic.com

www.burmeseclassic.com

သည်နှင့် တစ်ပြိုင်နက် ပေါင်ကိုလှန်၍ မြည့်နေအောင် သွေးထားသော ကိုင်းခုတ်ဓားဖြင့် (၃,၄)ချက် ခုတ်ပြသည်။

သာမန်အချိန်ဆိုလျှင် ကိုင်းခုတ်ဓားဖြင့် ပေါင်ပြတ်သွားမည်မှာ အမှန်ဖြစ်သည်။ ဆေးထိုးပြီး ဓားမခုတ်ဝံ့၍ နောက်ဖေးပေါက်မှ ခုန်ချထွက်ပြေးသွားသူများပင်ရှိသည်။

**(သို့သော် နောက်ပိုင်းတွင်ဓားပြီး, တုတ်ပြီး ဆေးထိုးထားသူများ ဓားခုတ်ခံရပြီး သေဆုံးသွားသူများရှိ၏။ တစ်ပွဲတိုးဆေးလော၊ စောင့်ထိန်းနိုင်သောကံများ ဖောက်ဖျက်၍ သေဆုံးရသလော ဟူသည်ကို မည်သူမှ တိတိကျကျ မသိကြပေ။)**

ပါတီကောင်စီခေတ်က ' ရေကင်း (အလယ်)ရွာတွင် လူမိုက်ညွန့်ရွှေဟု ကြားဖူးလိုက်၏။ တုတ်ပြီး,ဓားပြီး, သေနတ်ပြီး၍ သတ်မရကြောင်း၊ သူ့တွင် အံပွားရှိ၍ အံပွားအစွမ်းကြောင့် သတ်မရကြောင်း သိရသည်။

ဦးချိုရှိသော သတ္တဝါက ဦးချိုကို အားကိုးသည် ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။

တုတ်ပြီး, ဓားပြီး, သေနတ်ပြီးသောကြောင့် မကောင်းမှုတွေ ထင်တိုင်းလုပ်သဖြင့် ရာဇဝတ်ကောင် ဖြစ်သွားသည်။ ရဲကလိုက်၊ သူကပြေးနှင့် ညွန့်ရွှေကို တော်တော်နှင့် ဖမ်းမမိကြပေ။

တစ်နေ့ ညွန့်ရွှေတစ်ယောက် အိမ်သို့ တိတ်တဆိတ်ပြန်လာရာ စောင့်ကြည့်နေသော ရဲများက မြင်တွေ့သွားသဖြင့် အိမ်ကို ဝိုင်းလိုက်သည်။

ရဲများ ဝိုင်းထားပြီး ထွက်ပေါက်မမြင်သဖြင့် (၅)တင်းဝင်ပုတ်ကို မှောက်၍ ပုတ်အောက်တွင် ဝပ်နေ



လိုက်၏။ ရဲများ ဘယ်လိုပင် ရှာသော်လည်း ရှာမတွေ့၍ လက်လျှော့ရမလိုဖြစ်နေသည်။

ထိုအချိန်တွင် ညွန့်ရွှေ၏ ခွေးက ပုတ်အောက်တွင် သခင်ရှိသောကြောင့် ပုတ်ဘေးတွင် အမြီးတနန့်နန့် ဖြစ်နေသဖြင့် ရဲများက ပုတ်ကိုလှန်၍ ညွန့်ရွှေကို ဖမ်းလိုက်သည်။

အမျိုးမျိုး ညဦးပန်းနှိပ်စက်သော်လည်း မရကြသဖြင့် လက်ပြန်ကြိုးတုပ်၍ နွေခေါင်ခေါင်တွင် (၁၅)တောင်ခန့်မြင့်သော ရေမရှိသည့် ရေကင်းတံတားပေါ်မှ ကန်ချလိုက်သည်။

ထိုအခါမှ တုတ်ပြီး, ဓားပြီး, သေနတ်ပြီးသော အလယ်ရွာ ညွန့်ရွှေတစ်ယောက် အတွင်းကြေ ကြေကာ မထနိုင်တော့ကြောင်း သိရသည်။ **(သူသေသွားသောအခါ သူ့အံပွားကို ချီးယူ(ဖဲ့ယူ)သွားသည်။)**

စာရေးသူတွေ့ဖူးသော အံပွားနန္ဒာက ဘုန်းကြီးလူထွက်ဖြစ်၏။ အရက်တစ်ခါသောက်လျှင် (၄,၅)လုံး(၄,၅ ပုလင်း)ကုန်သည်။ ဘုန်းကြီးဘွဲ့က ရှင်နန္ဒာဖြစ်၍ လူထွက်သော်လည်း လူနာမည်ပျောက်၍ နန္ဒာ, နန္ဒာ ဟူ၍သာ ခေါ်နေကြသည်။

လူနာမည်ကိုလည်း စာရေးသူ မသိပါ။ အရပ်ပုပု၊ အသားဖြူဖြူနှင့် အံပွားကြောင့်လောမသိ ပါးတစ်ဖက်က ခပ်ဖောင်းဖောင်းလေး ဖြစ်၏။

ဘုန်းကြီးဘဝမှ ထွက်သည်နှင့် အလုပ်မျိုးစုံလုပ်၏။ လူပေါင်းစုံနှင့်တွဲ၏။ ရန်ကုန်တွင် ကြုံရာကျပန်းလုပ်ခြင်း၊ သင်္ဘောလိုက်ခြင်း၊ ကိုင်းလုပ်ခြင်း၊ ရွှေကျင်ခြင်း စသည်ဖြင့် စုံလုသည်၊ စာရေးသူတို့နှင့် တွေ့သောအခါ ရွှေကျင်သားဘဝ ဖြစ်၏။

ပါတီကောင်စီခေတ်က စာရေးသူတို့နေခဲ့သော ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်သည် ရာဇဝတ်မှု ခဏခဏဖြစ်၏။ လူမိုက်ပေါ၏။ ခိုးမှု၊ ဓားပြမှု၊ လူသတ်မှုတွေ မကြာမကြာ ဖြစ်နေသည်။

နန္ဒာက မိုက်ပေ့ဆိုသည့် လူမိုက်(လူသတ်သမား)တွေကို ပေါင်း၏။ အရက်အတူတူသောက်၏။ မူးလာလျှင် အရက်ကို လေယွင်းကြေးနှင့် သောက်တော့သည်။

'ငါ့ကို ဓားနဲ့ခုတ်ကွာ၊ တစ်ချက်ခုတ်ရင် အရက်တစ်လုံးတိုက်၊ နှစ်ချက်ခုတ်ရင် နှစ်လုံးတိုက် သေရင် ငါ့ကံနဲ့ငါ၊ ဓားနဲ့ခုတ်လို့ မပြတ်ရင် ဓားချက်ရေအတိုင်း မင်းတို့ အရက်တိုက်ရမယ်'

ဤလိုနှင့် ဓားခုတ်ခံကာ လောင်းကြေးနိုင်၍ အရက်(၄,၅)လုံးမှ (၁၀)လုံးလောက် သောက်မိသောအခါ နန္ဒာတစ်ယောက် မူး၍ အရက်ဆိုင်မှာပင် အိပ်ခဲ့ရသည့်ညပေါင်း မနည်းတော့ပေ။

လူကြီးမိဘ ဆွေမျိုးသားချင်းများက ဤသို့မလုပ်ဖို့ တားကြ၏။ အမျိုးမျိုးဆုံးမကြ၏။

'နန္ဒာ မြေအလျှော်ယာဆရာဟာ ငြိမ်းနိုင်နှိမ်ပေးမယ်၊ တစ်နေ့ကျရင် ဖြိုက်လို

www.burmeseclassic.com

www.burmeseclassic.com

သေရတာပဲ။ ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီး တဲ့ လူဟာလဲ တစ်နည်းမဟုတ် တစ်နည်း သေရတာပဲကွ။ မင်း အဲဒီလို လောင်းကြေး စားကြေး ဓားခုတ်မခံပါနဲ့ကွာ၊ တစ်နေ့ မင်းသေရလိမ့်မယ်'

ဟု ပြောကြသော်လည်း မရပေ။

''ဟုတ်ကဲ့ ဟုတ်ကဲ့'' ဟုသာ ဆိုပြီး လုပ်မြဲတိုင်း လုပ်လေ့ရှိ၏။ သူ့တွင် အရက်သောက်ဖို့ ပိုက်ဆံပြတ်လာလျှင် ဤကဲ့သို့သာ အရက်တိုက်တမ်း ဓားခုတ်ခံလေ့ရှိသည်။

တစ်နေ့ ညနေစောင်းတွင် လှေ (၄,၅)စင်း တောင်လေနှင့် ရွက်တိုက်၍ ဆန်တက်လာသည်။ ရွှေကျင်၊ မိုးညို၊ ဆင်ကျွန်း သောင်များမှ ရွှေကျင်၍ ပြန်လာကြသော မြန်အောင်ရှားတော ရွာမှ လှေများဟုထင်ရသည်။**(ရွှေကျင်၍ ပြန်လာသည်ဟု ထင်ရခြင်းမှာ ရွှေကျင်သော ဗျောခုံနှင့်ရွှေကျင်ဗန်း (ကျင်ခွက်)များ ပါလာသောကြောင့် ဖြစ်သည်။)**

စာရေးသူတို့ ညီအစ်ကိုတွေက လည်း မြစ်ဆိပ်တွင် ရေချိုးနေချိန်ဖြစ် ပါသည်။ လှေသမားတစ်ဦးက...

'အစ်ကိုတို့ရေ ဟိုအောက်ဘက် ကျွန်းများမှာ လူတစ်ယောက်ကို လူ(၄,၅)ယောက် ဝိုင်းပြီး ရိုက်သတ်နေတဲ့ပုံပဲ။ အော်သံဟစ်သံတွေနဲ့ လူတွေကလဲ ရုတ်ရုတ်သဲသဲနဲ့'

စာရေးသူတို့ ကိုင်းလုပ်သော ကိုင်းတဲနှင့် ကျွန်းဖျားက (၂)မိုင်နီးပါး ခန့် ဝေးသောကြောင့် ကျွန်းဖျားကို ကိစ္စရှိမှ ရောက်ပါသည်။ ကျွန်းဖျားက လည်း သဲသောင် သက်သက်သာ ဖြစ်သောကြောင့် ကိုင်းလုပ်သူ မရှိပါ။

နောက်နေ့ နံနက်စောစောတွင် သံပုရာခုံကျေးရွာမှ ကိုင်းထဲသို့ ဆင်းလာကြသော သူများ၏ ပြောပြချက်အရ **''နန္ဒောတစ်ယောက် ဝါးရင်းတုတ်ကိုချွန်၍ စအိုဝသို့ ရိုက်သွင်းကာ အသတ်ခံရပြီး သေဆုံးနေပါကြောင်း''** သတင်း ကြားရပါတော့သည်။**(သူ၏ အံပွားလည်း မရှိတော့ကြောင်းနှင့် သတ်သူမှာ မည်သူမည်ဝါ ဆိုသည်ကို မသိရကြောင်း ပြောနေကြသည်။)**

နန္ဒောတစ်ယောက် အံပွားကို အကျိုးရှိမည့်ဘက်တွင် မသုံးဘဲ အရက်လောက် တန်ဖိုးမထားသော ကြောင့် တန်ဖိုးရှိ အသုံးဝင်သော အံပွားကို အရက်နှင့် လဲလိုက်သဖြင့် အသက်ပါ ဆုံးရှုံးရသည်ကို သင်ခန်းစာ ယူနိုင်ကြစေရန် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီး သောသူ(လူမိုက်)များလည်း နောက်ဆုံးတွင် ရဲ၏ ကျည်ဆန်ဖြင့်သော်လည်းကောင်း၊ လူမိုက်အချင်းချင်း တန်ပြန် လက်စားချေမှုကြောင့် လည်းကောင်း သေဆုံးကြတာ များပါသည်။ **အံပွားနန္ဒော၏ နောက်ဆုံးနေ့မှာ ဇာတ်သိမ်းမလှခဲ့ပါတကား။**

**ဝန်ခံချက်။ ။ တကယ့်အဖြစ်အပျက် ဖြစ်ပါ၍ ချန်လုပ်သင့်သည်ကို ချန်လုပ်ပြီး အဖြစ်မှန်အတိုင်း တင်ပြလိုက်ခြင်း ဖြစ်ပါသည်။**

**နောက်ပိုင်းတွင် နန္ဒောကိုသတ်သော လူမိုက်များက သူ့(နန္ဒော)ကို သေအောင် မသတ်လျှင် သူတို့ကို ပြန်သတ်မည် စိုးသောကြောင့် အဆုံးစီရင်လိုက်ရကြောင်း သိရသည်။ ယခုတော့ ထိုလူမိုက်များ မရှိကြတော့ပါ။**

***သမ္မာဆန္ဒ ပြည့်ဝကြပါစေ။***

***စိုးလင်းအောင်(မြန်မအောင်)***


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ဖတ်ရှုလိုသူများသို့...**

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ငွေပေးစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀/ကျပ်
(နှစ်ထောင့်ခြောက်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၀၉-ဧမြည်၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁ ၂၄၂၂၈၄





www.burmeseclassic.com

www.burmeseclassic.com

# ကုဋ္ဌိကာယ်ချိန် ဘိုးပေါက်ချိန်

ဒေါ်သုဇာနဝီမိတ္တာ
(B.Sc,H.G.P,Dip.Ed)



ကိုတူးဂျာ ရာထူးတိုးပြီး မြစ်ကြီးနား မြို့သို့ ပြောင်းရသည်။ စိုက်ပျိုးရေးဌာန တောနယ်/ဂျာမှ မြို့/ဂျာ ရာထူးတိုး၏။ ခရိုင်မန်နေဂျာကြီးထံ အစီရင်ခံရ၏။ လုပ်ငန်းလုပ်ဖို့ ညွှန်ကြားခြင်းခံရ၏။ မြို့နယ်မန်နေဂျာကြီးက လုပ်ငန်း တာဝန်ချပေး၏။

ကိုတူးဂျာက လက်ထောက် မန်နေဂျာပါ။ လုပ်ငန်းစားပွဲတွင် ထိုင်လိုက်စဉ်ပင် ကိုတင်က မိတ်ဆက်လာ၏။ ရာထူး တူကြ၏။ ဖော်ဖော်ရွေရွေ ရှိ၏။

ကိုတင်ကလည်း မြစ်ကြီးနားမြို့သို့ အလုပ်ပြောင်းလာခဲ့ရသည်။ မြစ်ကြီး နားမှာ (၁)နှစ်ခန့် အလုပ် လုပ်နေပြီး ပါပြီ။ ကိုတင်က လူလွတ်ပါ။ မိမိ ကလည်း လူလွတ်ပါ။

ကိုတင် ငှားနေသော အိမ်ခန်းမှာ နေရန် သဘောတူမိ၏။ ရှမ်းတိုင်းရင်း သားနှင့် ကချင်တိုင်းရင်းသား တွဲမိကြ ပြီ။

ကိုတင်နှင့် ကိုတူးဂျာ၊ အိမ်အောက် ထပ်မှာနေ၏။ ဘေးအခန်း(၂)ခန်းမှာ အိမ်ငှားတွေရှိကြ၏။ အပေါ်ထပ်တွင် (၁)ခန်းငှားထားသည်၊ အပေါ်ထပ် တစ်ခုလုံး အိမ်ရှင်အဘွားနေသည်။

အဘွားက ဘာသာရေးသမားပါ။ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ပရိတ်ရွတ် သတ္တာပို့၊ အလှူကြီးပေးသည် အပေး အကမ်း ရက်ရောသည်။

အဘွား၏ သားများက အရာရှိကြီး တွေပါ။ သားတွေ ထောက်ပံ့ငွေနှင့် အဘွား လုံလောက်သည်၊ သားများ အိမ်ကပို့သော ထမင်း,ဟင်းကို ဆွမ်း တော်ကပ်၊ ဆွမ်းလောင်း။

စားသောက်ပိုနေလျှင် ကိုတင်နှင့် ကိုတူးဂျာကို ဝေငှတတ်၏။ အခြား အိမ်ငှားများက မိသားစုလိုက်ပါ။ ဈေး ရောင်းကြသူများ၊ တစ်နေကုန်ဈေး မှာ...

ကိုတင်က ထမင်းဟင်း ချက်စား သည်။ ကိုတူးဂျာ ဆိုင်မှာ စားသည်။ အဆင်မပြေ၊ ကိုတင်နှင့်ပေါင်းပြီး ချက် စားလာ၏။

ညနေ ကိုတင် ဈေးဝယ်၏။ ချက်ပြုတ်၏။ ရုံးဆင်းတိုင်း လုပ်နေကျ။ ကိုတူးဂျာ ကတော့ ရုံးမှ ဝါသနာတူများနှင့် စားသောက်ဆိုင် ထိုင်နေကျ၊ ကိုတူးဂျာ က ပုလင်းသမား၊ သောက်သောက် စားစားသမား။ မိုးချုပ်မှ ပြန်၏။

ကိုတင်က ဘာသာရေးသမား။ အဘွားလို ဘာသာရေးလိုင်း။ အဘွား က ကိုတင်ကို ချစ်၏။ အဘွား(ဝိဇ္ဇာ) မော်လူးဆရာတော်၊ မင်းဘူးမယ်ဘော့ ကုန်းမှ ဝိဇ္ဇာများကို ယုံကြည်၏။

ဝိဇ္ဇာများကြွလာလျှင် ထိုင်ရန် ကုလားထိုင်ကြီးများ ထား၏။ ကုလား ထိုင်ပေါ် အခင်းများ ခင်းထား၏။ အဘွားက ကိုတင်ကို အမြဲပြောပြသော ဝိဇ္ဇာများအကြောင်း ' ကိုတူးဂျာ



www.burmeseclassic.com

www.burmeseclassic.com

နားမလည်။ ဓာတ်ပုံထဲက ဝိဇ္ဇာဆိုသူများ လူသားတွေပါပဲဟု သူမြင်၏။

ကိုတင် အံတော်ရှင်ဘုရားသို့ နေ့စဉ်သွား၏။ ည(၇း၀၀)နာရီမှ (၉း၀၀)နာရီ ဘုရား၌ ပုတီးစိပ်၏။ ကိုတူးဂျာ ပြန်လာချိန် ကိုတင်မရှိ။ ဘုရားသွားချိန်။

သို့သော် ကိုတူးဂျာ အဆင်သင့်စားနိုင်ရန် ထမင်းဟင်း ခူးခပ်ပေးထား၏။ အရန်သင့် လက်ဆေးစား၊ ပန်းကန်မဆေးနိုင်။ မူးမူးနှင့် အိပ်ပြီ။ ညက ကိုတူးဂျာ စားထားသော ပန်းကန်များ ကိုတင်(နံနက်တိုင်း) ဆေး၏။

နံနက် ကိုတူးဂျာ အိပ်ရာထလျှင် နံနက်စာ အဆင်သင့်ဖြစ်နေပြီ။ ကြာတော့ ကိုတူးဂျာ အားနာလာ၏။ အားနာယူရလောက်အောင် ကိုတင် ဂရုစိုက်၏။ အနစ်နာခံ၏။ သဘောထားကောင်း၏။ ကိုတူးဂျာ ကျေးဇူးတင်လှ၏။

ညနေ ရုံးဆင်းလျှင် ကိုတူးဂျာ ဆိုင်မထိုင်တော့။ ညနေ ကိုတင်ကို ဈေးဝယ်ကူ၏။ ရေခပ်၊ ထင်းခွဲ၊ ပန်းကန်ဆေး၊ ရေချိုးပြီးတိုင်း ပုလင်းမော့၏။ ထမင်းအတူစား၏။ ပန်းကန်ဆေး တာဝန်ယူ၏။ 'တာဝန်ခွဲဝေယူခြင်းပါ။ ကိုတင် ဘုရားသို့ စိတ်အေးလက်အေး သွားပါစေတော့။

ကိုတူးဂျာ တနင်္ဂနွေနေ့ ခရစ်ယာန်ဝတ်ပြုကျောင်းသွား၏။ ညနေ အိမ်များတွင် ဆုတောင်းဝတ်ပြုသွား၏။ နေ့လယ် ကိုတင် အဝတ်လျှော်လျှင် ကိုတူးဂျာအဝတ်တွေပါ လျှော်ပေးထားတတ်၏။

ကိုတူးဂျာက အလိုက်သိစွာ အဝတ်များရုပ်သိမ်း၊ မီးပူတိုက် တာဝန်ယူတတ်၏။ ကိုတင်၏ ကျေးဇူးတွေကို အမြဲတမ်း ရင်ထဲမှာ ရှိ၏။

ဒီဇင်ဘာလ ရုံးပိတ်ရက်။ ကိုတင် အိမ်ပြန်သည်။ ကိုတူးဂျာ အိမ်ပြန်သည်။ ကိုတင် မိဘနှစ်ပါး၏ လယ်လုပ်ငန်း ကူညီ၏။ ကိုတူးဂျာ ခရစ္စမတ်ပွဲနွှဲ၏။ အသားမျိုးစုံနှင့် ပုလင်းကို မော့၏။ ခေါင်းရည် အိုးလိုက်ကုန်အောင် သောက်၏။ ပျော်ပွဲရွှင်ပွဲ နွှဲလို့ အားမရ။

ရုံးဖွင့်တော့ ကိုတင်ပြန်လာ၏။ ရှမ်းရိုးရာအစားအသောက်။ ကောက်ညှင်းနှင့်ပြုလုပ်သော ခေါ်ပုတ်၊ ပေါင်းလင်ချိုအစုံ။ အဘွားနှင့် အိမ်ငှားများအတွက် လက်ဆောင်၊ ရုံးအတွက်လက်ဆောင်၊ များလှ၏။ ကိုတူးဂျာကတော့ အသားခြောက်များ၊ ပုလင်းများ။

ဇန်နဝါရီလ လယ်လောက်တွင် ကိုတူးဂျာ ကျန်းမာရေး မကောင်း။ အစာမဝင် ရေပင်မဝင်၊ ဗိုက်နာ၊ အန်၊ ဆေးရုံတက်ရပြီ။ ကိုတူးဂျာ မိဘနှင့် မောင်နှမများ မအားလပ်ကြ။ မလာနိုင်။ ကိုတင် ဆေးရုံမှာစောင့် အိပ်၊ ပြုစု၏။ ကိုယ်ဖိရင်ဖိ။

ကိုတင်၏ ကျေးဇူးက များလှပြီ။ ဆေးရုံမှ ဆင်းလာပြီး 'တည့်သော အစားအစာ ကိုတင် ချက်ပြုတ်ကျွေး၏။ ဆေးတိုက်၏။ အိမ်အလုပ်၊ ရုံးအလုပ်၊ ကူညီ၏။

အဘွားက ဝိဇ္ဇာဆေးဆိုပြီး တိုက်ကျွေး၏။ ကိုတူးဂျာ အသောက်ဖြတ်ရပြီ။ ကိုတင်ကို တတ်နိုင်သလောက် ကူညီ၏။ ဘုရားသွားလျှင် ကိုတင် အဖော်ရအောင် ကိုတူးဂျာလိုက်လေ့ရှိ၏။

အံတော်ရှင်ဘုရား စေတီကြီး၏ အနီး ဗောဓိညောင်ပင်ကြီးရှိနေ၏။ ညောင်ပင်အောက် အာရုံခံ တိုက်ငယ်ရှိ၏။ ကိုတင် ပုတီးစိပ်နေကျ နေရာ။

ကိုတင် ဘုရားရှိခိုးလျှင်၊ ပရိတ်ရွတ်လျှင်၊ ပုတီးစိပ်လျှင် ကိုတူးဂျာ အနောက်မှာ ထိုင်သည်။ ဖယောင်းတိုင်မီးဖြင့် အင်္ဂလိပ်ဝတ္ထုများကို ဖတ်နေတတ်သည်။

ညတစ်ည သန်းတလင်း အလင်းပေါ် လဲလျောင်း၏။ ဖယောင်းတိုင်ကုန်သွားပြီ။ စာမဖတ်တော့။ ကိုတူးဂျာ စိတ်ထဲ အတွေးတစ်ခုပေါ်လာ၏။

'ဝိဇ္ဇာဆိုတာ တကယ်ရှိသလား တွေ့ချင်လိုက်တာ'

အာရုံခံထဲမှာ မှောင်နေ၏။ ဘုရားမီးကုန်သွားခဲ့ပါပြီ။ ကိုတင် ယူလာသော ဖယောင်းတိုင်က ကုန်သွားပါပြီ။

လေတိုက်မှုကြောင့် ဖယောင်းတိုင်တွေ မြန်မြန် ကုန်လွယ်သွားခဲ့ပါပြီ။ ထိုစဉ် အလင်းရောင်။ အာရုံခံတစ်ခုလုံး လင်းနေသည်။ လင်းလင်းကျင်းကျင်း။ ဘုန်းတော်ကြီးတစ်ပါးကို အလင်းရောင်တွင် တွေ့လိုက်ရ၏။

ကိုတူးဂျာ လဲလျောင်းနေရာမှ ထထိုင်၏။ ဘုန်းတော်ကြီး မိမိကို လက်ညှိုးထိုးနေ၏။ သေချာကြည့်၏။ ဘုန်းတော်ကြီး ပျောက်ကွယ်သွား၏။

အာရုံခံတစ်ခုလုံး မှောင်နေ၏။ လက်နှိပ်ဓာတ်မီးကို စမ်းပြီး ယူ၏။ ထိုးကြည့်၏။ ဘာမှ မရှိ။ ကိုတင် ပုတီးစိပ်နေဆဲ တွေ့ရ၏။

ကိုတူးဂျာ အာရုံခံအပြင်ဘက် ထွက်လာ၏။ လက်နှိပ်ဓာတ်မီးဖြင့် နေရာအနှံ့ ထိုးကြည့်၏။ ဘာမှ မတွေ့ရ။ ဘုန်းတော်ကြီး ဘယ်ရောက်သွားသလဲ၊ မကျေနပ်၊ ရှာဖွေတုန်းပါ။

ကိုတင်မှ...

'ကိုတူးဂျာ... ဘာလုပ်နေတာလဲ ဒီနေ့ ဖယောင်းတိုင်က ကုန်သွားလို့ မှောင်နေတာပဲ။ အပြင်မှာ ထွက်နေတာ လေမတိုက်ဘူးလား။ ကျန်းမာရေး ကောင်းလာပြီပြီ လေအေးမခံနဲ့ဗျ'

ကိုတူးဂျာက ကိုတင်ကို မြင်လိုက်ရ





www.burmeseclassic.com

www.burmeseclassic.com

သော ဘုန်းကြီးအကြောင်း ပြောပြ၏။ ကိုတင်က ဘာမှ မသိလိုက်ပါ။ အမှောင်ထဲတွင် ပုတီးစိပ်နေကြောင်း သာ မြန်ပြောရှာ၏။

အလင်းရောင်၊ အာရုံခံထဲတွင် လင်းသည်ကို ကိုတင် မသိပါ။ ဘုန်းကြီးလာသည်ကို ကိုတင် မသိပါ။ ကိုတူးကျာက တော့ စိတ်ထဲက အဖြေကို သိချင်နေ၏။ အဖြေမပေါ်ပါ။

ဖေဖော်ဝါရီလဆန်း၏၊ ရုံးဝန်ထမ်း တစ်ဦး၏ "ဖခင် ကွယ်လွန်သွား၏။ ကိုတင်နှင့်အတူ ကိုတူးကျာ အသုဘ လိုက်ပို့၏။ ဗမာသုသာန်သို့ ပို့ဆောင်ရခြင်းပါ။

ကိုတင်တို့ ဇရပ်ထဲတွင် သီလခံယူနေကြ၏။ ကိုတူးကျာကတော့ သစ်ပင်ကြီးများ အရိပ်အောက်တွင် လမ်းလျှောက်၏။ ပတ်ဝန်းကျင်ကို လေ့လာ၏။

မဝေးလှသော အရပ်တွင် တဲကလေး။ ရေဆာနေပြီ။ ရေတောင်း သောက်မည်။ ခြေလှမ်းခဲ့၏။ တဲအတွင်း ဘုန်းကြီးတစ်ပါး ထိုင်လျက် မှိတ်ထားသောမျက်စိကို တွေ့ရ၏။ ငြိမ်ငြိမ်သက်သက်။ ကျောက်ရုပ်လို။

'ဟင်...'

ကိုတူးကျာ အသံထွက်သွား၏။

'ဒါ...ဒါ...အာရုံခံထဲမှာ ပါတွေ့တဲ့ဘုန်းကြီးပါ။ ဘာလုပ်နေတာလဲ'

ရပ်ပြီးကြည့်နေ၏။ သိမှာ မဟုတ်နိုင်။

'ရေအိုးက ' ဟိုမှာ ရေသောက်ချင်ရင် သောက်ပါ'

ဘုန်းကြီးထံက အသံထွက်လာ၏။ မျက်စိကို ဖွင့်လာ၏။ ကိုတူးကျာ အံ့သြရပြီ။ မျက်စိမှိတ်နေလျက်က မိမိ ရောက်နေကြောင်း သိ၏။ မိမိ ရေသောက်လိုကြောင်းကိုပါ သိနေ၏။



တူးလှချည်လား။

ကိုတူးကျာက...

'ဘုန်းကြီး... ကျွန်တော်ရောက်နေတာ ဘယ်လိုသိတာလဲ၊ ကျွန်တော် ရေသောက်ချင်တာ ဘယ်လို သိတာလဲ'

အငမ်းမရ မေးနေ၏။ ဘုန်းကြီးက...

'မင်း ဝိဇ္ဇာဖြစ်ဖို့ ကျင့်စဉ်ကျင့်ပါ။ ဒီအဖြေကို မင်း ရလိမ့်မယ်'

ပြတ်ပြတ်သားသား။

ကိုတူးကျာက...

'ကျွန်တော်က ဗုဒ္ဓမဟုတ်ဘူး ......ပါ။ မကျင့်နိုင်ဘူးလေ။ ဝိဇ္ဇာဆိုတာ ဘာလဲ ဆိုတာပဲ သိချင်တာပါ'

ဘုန်းတော်ကြီးက...

'ဗုဒ္ဓဘာသာ ဖြစ်လာလိမ့်မယ်။ အဲဒီအခါ မင်း ကျင့်လာမယ်'

အတိအကျကြီးပါ။

ကိုတူးကျာက...

'ကျွန်တော့်ဇနီးလောင်းက ကချင် -တိုင်းရင်းသူ၊ ......ပါ။ ဗမာ ဗုဒ္ဓ မဟုတ်ဘူး။ ဗုဒ္ဓဖြစ်ဖို့ ဝေးပါသေး'.

မယုံကြည်နိုင်။ ဘုန်းတော်ကြီးက...

'ငါပြောသလို ဖြစ်လာမယ်။ ရေသောက်ပြီး သွားတော့။ ငါ အလုပ်ပျက်တယ်'

နှင်လွှတ်ပြီ။

ကိုတင်အား ကိုတူးကျာက ဘုန်းကြီး အကြောင်းပြော၏။ ကိုတင်က ရယ်မောပြီး...

'ဘိုးပေါက်ဆိန်ပါဗျာ။ လူတိုင်းက ဝိဇ္ဇာကြီး ဆိုပြီး လက်ခံကြပါတယ်။ လူတွေရဲ့ဒုက္ခတွေ ကယ်တင်ပေးနိုင်တဲ့ ဘိုးပေါက်ဆိန်ပါဗျာ။ အသွားကို မေးပါ။ အကြောင်းစုံ ပြောပြလိမ့်မယ်'

ရှင်းပြ၏။

ကိုတူးကျာ ခွင့်တင်ခဲ့ပြီ၊ ဖေဖော်ဝါရီလ(၁၂)ရက် ပြည်ထောင်စုနေ့တွင် လက်ထပ်ပွဲ နွှဲဖို့ပါ။ ရုံးအဖွဲ့ကို ဖိတ်ကြား၏။ ကိုတင်နှင့်အဖွဲ့ လာရန် ကတိပေးကြ၏။

ကိုတူးကျာဇနီးလောင်းက ခေါ်နီဒင့်ပါ။ ချောချောမောမော။ သွက်သွက်လက်လက်။ လွန်ခဲ့သောနှစ်ကပင် လက်ထပ်ပွဲနွှဲဖို့ စီစဉ်ခဲ့ကြခြင်းပါ။

ဖေဖော်ဝါရီ(၉)ရက် နံနက်မီးရထားဖြင့် ခေါ်နီဒင့်နှင့် သူငယ်ချင်းများ၊ မြစ်ကြီးနားမြို့သို့ သွားကြ၏။ အလှပြင်ပစ္စည်းများ၊ လိုအပ်သောပစ္စည်းများဝယ်ရန်ဖြစ်သည်။ ညနေ မီးရထားဖြင့် ပြန်လာမည်ဖြစ်၏။

ထိုနေ့ ညနေမီးရထားအထွက်နောက်ကျ၏။ ညနေစောင်းနေပြီ။ မြစ်ကြီးနားမြို့မှ ထွက်ခွာခဲ့ပါပြီ။

မြို့အလွန် နန်းကွေ့တံတားအနီး မီးရထားကြီး မိုင်းဗုံးမိခဲ့၏။ သောင်းကျန်းသူများ မိုင်းဗုံးထောင်ထားခြင်းပါ။ မီးရထားတွဲများ တိမ်းမှောက်၊ ပျက်စီးခဲ့၏။ လူများဒဏ်ရာရ၊ သေကျေကြ၏။

ခေါ်နီဒင့်နှင့် သူငယ်ချင်း(၂)ဦး သေဆုံးခဲ့၏။ အံ့ချီ၊ ဒဏ်ရာရကြ၏။ ခေါ်နီဒင့်မိဘများ ရှူးမတောတ် ခံစားရ၏။

www.burmeseclassic.com

ကိုတူးဂျာ ကြေကွဲလှ၏။ ဖြေဆည်၍ မရ။ မအိပ်နိုင်။ မစားနိုင်။ ငူငူငေါင် ငေါင်။

မိဘများ၊ မောင်နှမများက ကိုတူးဂျာကို နှစ်သိမ့်ပေးကြ၏။ ကိုတူးဂျာ လုံးဝ သောက မပြေနိုင်။ မင်္ဂလာပွဲနွှဲရန် လာသူက အသုဘပွဲနွှဲခဲ့ရပါသည်။

ကိုတင်နှင့်အဖွဲ့ အသုဘသို့ ရောက်လာခဲ့ကြ၏။ သနားကြင်နာမှုတွေ ပြခဲ့၏။ ကိုတူးဂျာ၏ ကံဆိုးမှုကို ကရုဏာ ပိုခဲ့ကြ၏။

ခွင့်ရက်စေ့ပြီ။ ကိုတူးဂျာ ရုံးပြန်တက်ပြီ။ ကိုတင်က အိမ်မှာ၊ ရုံးမှာပင် ပို၍ ဂရုစိုက်ပေး၏။ ကြင်နာမှုပေး၏။ ရုံးအဖွဲ့များက ပိုင်း၍ သနားကြ၏။ သက်ညှာကြ၏။ အိမ်မှာ အဘွားကလည်း ပို၍ ဂရုစိုက်လာ၏။

ကိုတူးဂျာက...

'အဘွားရယ် အသက်ရှည်အောင် နေနိုင်တဲ့နည်း မရှိဘူးလား'

ညည်းညည်းညူညူ။

အဘွားက...

'ဝိဇ္ဇာတွေဆိုတာ အသက်ရှည်အောင် ကျင့်ကြံကြတဲ့သူတွေပါ'

အဘွားက ဝိဇ္ဇာတွေအကြောင်း ပြောပြ၏။

ကိုတူးဂျာ စိတ်ဝင်စားမိပြီ။ အဘွားက...

'မင်း ပထမဆုံး စိတ်ငြိမ်ဖို့လိုတယ် တူးဂျာရေ။ ပုတီးစိပ်ပါ။ ဒါဆို မင်း စိတ်သောကတွေ ပျောက်လာမှာ'

နည်းပေး၏။

ကိုတူးဂျာ ပုတီးစိပ်ကြည့်၏။ အတွေးတွေ ပြေပျောက်၏။ သဘောကျပြီ။ ကိုတင်နှင့်အတူ ကိုတူးဂျာ ဘုရားသွား၏။ ပုတီးစိပ်၏။ ဘုရားတော့ မရှိခိုးပါ။

ပုတီးစိပ်နေခြင်းက စိတ်ငြိမ်ဖို့၊ သောကပျောက်ဖို့ အတွေးတွေ ပြေပျောက်ဖို့ပါ။ အသက်ရှည်စေသော နည်းလမ်းကိုတော့ မစဉ်းစားသေးပါ။

စနေနေ့ နေ့တစ်ဝက် ရုံးတက်ရ၏။ ကိုတင်နှင့် ကိုတူးဂျာ ရုံးက ပြန်လာကြပြီ။ စားသောက်ကြ၊ အနားယူကြ၏။ အဘွား၏ အော်ခေါ်သံကြားရ၏။ (၂) ဦးစလုံး အိမ်ပေါ်ထပ်တက်သွား၏။

ဟိုအပေါ်က ဘုရားပွဲပြင်သူ (ကန်တော့ပွဲပြင်သူ)နှင့် မိတ်ဆွေများ ရှိနေကြသည်။ အုန်းသီးတွင် ဝ,လုံးပေါ်နေခြင်းကို အဘွားက ပြသပါသည်။

ထုံးအဖြူရောင် ဝ,လုံးကြီးပါ။ ရေဖြင့်ဆွတ်ထားသော တဘက်စိုကို အဘွားက ကိုတူးဂျာအား ပေး၏။ ဝ,လုံးကို ဖျက်ရန်ပါ။ အဘွားက...

'တူးဂျာ ဝ,လုံးကို ဖျက်ပါ'

ခိုင်း၏။

ကိုတူးဂျာက တဘက်စိုဖြင့် ဝ,လုံးကို ပွတ်၏။ ဝ,လုံး ပျက်သွား၏။ သို့သော် ဝ,လုံးပြန်ပေါ်လာပြန်၏။ အဝါရောင် ဝ,လုံးကြီးပါ။

တဘက်စိုဖြင့် ပြန်ဖျက်၏။ ပျက်သွားပြီ။ ဝ,လုံး(၂)လုံး ပြန်ပေါ်လာ၏။ အဖြူရောင်ဝ,လုံး၊ အဝါရောင်ဝ,လုံး။ တစ်စုံတစ်ယောက်က ရေးနေသလိုပါ။ ကိုတူးဂျာ အံ့ဩလှပါပြီ။ အဘွားက...

'ဘယ်လိုဖျက်ဖျက် မပျက်နိုင်ဘူး။ ဝိဇ္ဇာတွေ ရေးတာ။ ဘုရားပွဲဒကာက ဝိဇ္ဇာတွေ မစသူပါတဲ့။ ဆေးကုတဲ့ ပညာနဲ့ အကျိုးပေးမှာ'

အဘွားက ရှင်းပြ၏။

**(ဘုရားပွဲဒကာ ဆေးဆရာသည် ယခုအခါ ရန်ကုန်မြို့တွင် နေထိုင်ပါသည်။ ဆေးကုသနေပါသည်။ ဆေးဖော်စပ်နေပါသည်။ စာရေးဆရာလည်း ဖြစ်ပါသည်။ နာမည်ကျော်ကြားပါသည်။)**

တနင်္ဂနွေနေ့တိုင်း ကိုတူးဂျာ ဝတ်ပြု မသွားတော့ပါ။ အစတ်ချော့၊ ရေချိုးပြီး အခန်းထဲတွင် ပုတီးစိပ်နေတတ်၏။ ပုတီးစိပ်ရခြင်းကို ကျေနပ်လာ၏။

စိတ်နှစ်ပြီး လုပ်ရသော အလုပ်ပါ။ စိတ်ငြိမ်နေ၏။ မတွေးတော့မိ။ ကြာလျှင်တော့ စိတ်ဆင်းရဲတာ ပျောက်မည်။ စိတ်ပျော်လာမည်ဟု ထင်မိသည်။

ကိုတင်က အလုပ်မှန်သမျှ ကူလုပ်သည်။ ကိုတူးဂျာ စိတ်ငြိမ်ငြိမ်ထားနိုင်ဖို့ သောကကင်းသွားဖို့သာ အလိုရှိသူပါ။ အနစ်နာခံရှာသည်။ မိတ်ဆွေကောင်းပါ။

သီတင်းကျွတ်လပြည့်နေ့ နံနက် ဆွမ်းခံကြွလာသော ဘုန်းတော်ကြီးထံ အဘွားနှင့် ကိုတင် သီလခံယူသည်။ နံနက်စာ စားသောက်ပြီး ကိုတင် အံတော်ရှင်ဘုရား သွားဖူးမည်။ စိတ် ပုတီးစိပ်မည်။ ကိုတူးဂျာ လိုက်သွားရန် ပြင်ဆင်၏။

ဘုရား၏ အံတော်ရှင်ကို ဖူးတွေ့ရတော့ ကိုတူးဂျာ အံ့ဩလှ၏။ လူသာမန် အံသွားထက် ကြီးလှပါ။

ကိုတင် အာရုံခံငယ်မှာ ပုတီးစိပ်၏။ အခြားသူများလည်း ပုတီးစိပ်နေကြ၏။ ကိုတူးဂျာက ညောင်ပင်အောက်မှာ ထိုင်နေ၏။ ဘုရားတွင် ဘုရားဖူးသူများ၊ ဥပုသ်စောင့်သူများ ပြည့်နေ၏။

ကိုတူးဂျာက အထူးအဆန်းသဖွယ် ကြည့်နေ၏။ မိမိ၏အနီး လူရိပ်တိုးလာ၏။ မော့ကြည့်၏။ သုသာန်ဘုန်းတော်ကြီး ဘိုးပေါက်ဆိန်ပါ။

ကိုတူးဂျာ ဝမ်းသာလှ၏။ နှုတ်ဆက်လို၏။ ဖျတ်ခနဲ ပျောက်သွားပြီ။ ကိုတူးဂျာ စိတ်မကျေနပ်နိုင်။ ဘုရားဝင်းအနှံ့ လိုက်ရှာ၏။ မတွေ့ရ။

'ကိုတူးဂျာ ကိုတင်နဲ့ လိုက်လာတာလား'



www.burmeseclassic.com

www.burmeseclassic.com

ပခုံးပုတ်ပြီး နှုတ်ဆက်လာသူ ကိုအေးကို တွေ့လိုက်ရသည်။ မိသားစု လိုက်ပါ။ ကိုတူးဂျာက...

‘ကိုအေးတို့မိသားစု ဘုရားဖူးလာတာလား။ ဗမာသုသာန်က ဘုန်းကြီးကို ရှာနေတာဗျ။ ထောမိပင်အောက် ထိုင်နေတုန်း တွေ့လိုက်လို့ပါ’

ရှာပုံတော်အကြောင်း ပြောပြ၏။ ကိုအေးက...

‘ကျွန်တော်တို့ ရောက်တာကြာပြီဗျ။ အံတော်ရှင်မှာ အကြာကြီး ဖူးကြတာ။ အာရုံခံကိုဖြတ်ပြီး စောင်းတန်းတစ်လျှောက် ဖြတ်သွားတဲ့ ဘုန်းကြီးတစ်ပါးမှ မတွေ့မိဘူး။ ဘုန်းတော်ကြီး ဘိုးပေါက်ဆိန်ကို မတွေ့မိပါလား၊ ကိုတူးဂျာက မြင်လို့လား’

မေးလာ၏။ ကိုတူးဂျာက...

‘ကိုဝင်း အဖေဆုံးတုန်းက သုသာန်မှာ တွေ့ခဲ့တာပါဗျာ၊ ကျွန်တော် မှတ်မိပါတယ်’

အတိအကျပြော၏။

လွန်ခဲ့သော (၁၀)လကျော်က အာရုံခံငယ်တွင် ညအချိန် မြင်ဖူးခဲ့ခြင်းကို ကိုတူးဂျာ မဖွင့်ပြောပါ။

ကိုတင်နှင့်အတူ အိမ်သို့ ပြန်လာရင်း ဘုန်းတော်ကြီးအကြောင်း တဖွဖွနှင့် ပြောနေ၏။ ကိုတင်က နားထောင်သမား။

(၁း၀၀)နာရီ နေ့လယ်စာ။ ဟင်းက စုံလှ၏။ အဘွား၏ သားများက ပို့သော စားစရာ၊ အဘွား၏ ဓမ္မမိတ်ဆွေများ ကပို့သော စားစရာ အဘွားထံ ပိုလျှံနေပြီ။

အဘွားက ကိုတင်နှင့် ကိုတူးဂျာကို ဝေငှလိုက်ပါပြီ။ ထမင်း၊ ဟင်း၊ မုန့်၊ သစ်သီးတွေ အောတိုက်။ ကိုတင်က ဥပုသ်သည်၊ ညနေစာ မစား။ ပိုတာ ကိုတူးဂျာ၊ ညနေစာအတွက် လုံလုံ



လောက်လောက် ရှိနေသည်။

ထမင်းပွဲတွင်...

‘ကိုတင် ဗမာသုသာန် သွားရအောင်ဗျာ၊ ဘုန်းကြီးကို ကျွန်တော် ပြောစရာ အများကြီး ရှိနေတယ်’

ကိုတူးဂျာ မအောင့်နိုင်၊ ကိုတင်က မငြင်းပါ။

‘သွားကြတာပေါ့ဗျာ၊ အချိုပွဲစားပါ ဦးလေ၊ ပန်းကန်အိုးခွက်တွေ ဆေးပြီး သွားကြတာပေါ့နော်’

ကိုတူးဂျာက...

‘ကိုတင် အချိုပွဲ ဝအောင် စားပါ။ ညစာ မစားရတော့ အဝကြိတ်ပါ။ ကျွန်တော် ညစာမှပဲ ကျန်တဲ့ ထမင်း, ဟင်း, အချိုပွဲ အဝကြိတ်မယ်။ ကျွန်တော် ပန်းကန်တွေ ဆေးလိုက်ပါ့မယ်’

သွက်လက်စွာ ထသွား၏။ ပန်းကန်ဆေးကြောနေ၏။ တက်ကြွနေ၏။ ပြောလိုသော စကားများ ဘုန်းကြီးကို ပြောရတော့မည်။ ကျေကျေနပ်နပ်ကြီး။

ကိုတူးဂျာ စက်ဘီးကို အမြန်နင်း၏။ နောက်မှ ကိုတင်က စက်ဘီးကို မှန်မှန်နင်း၏။ ဗမာသုသာန်ထဲက ကျောင်းရှေ့ ရောက်ပါပြီ။ ကျောင်းအတွင်းမှ မုန့်စုံဆိုင် ဦးလေးမိသားစု ထွက်လာ၏။

အိုးများ၊ ချိုင့်များ၊ လင်ပန်းများ ကိုင်ဆောင်လာကြ၏။ ဆွမ်းလာကပ်ကြသည်ပဲ ဖြစ်ပါမည်။

ကိုတင်က...

‘ဦးလေးလာပန်း ဆွမ်းလာကပ်ကြသလားခင်ဗျာ’

ဦးလေးက...

‘မန်နေဂျာတို့ အခုမှ လာတာ ကောင်းတာပေါ့။ လူမရှိဘူးလေ။ ကျွန်တော်တို့မိသားစု မနက်အစော ကြီးကတည်းက ရောက်တာပါ။ သီလခံယူနေကြတုန်း လူတွေ ရောက်လာလိုက်ကြတာ တစ်သုတ်ပြီး တစ်သုတ် ဘုန်းတော်ကြီးကို လာကန်တော့ကြတာ။

ဆွမ်းကပ်ချိန်မှပဲ လူက ရှင်းသွားတော့တာ။ ဘုန်းတော်ကြီးက နှင်လွှတ်လို့သာ လူတွေပြန်သွားကြတာ။ လူက များလိုက်တာဗျာ။ ထိုင်စရာကို မရှိဘူး’

ပြောပြောဆိုဆို ကားပေါ်တက်သွား၏။

ကိုတင်နှင့် ကိုတူးဂျာ တဲကျောင်းအတွင်းဝင်လာကြ၏။ ဘုန်းတော်ကြီးက ထိုင်လျက်၊ မျက်စိမှိတ်လျက်။ ငြိမ်ငြိမ်သက်သက် ကိုတင်က ကိုတူးဂျာကို လက်တို့၏။ ပြန်ထွက်ကြရန် လက်ဖြင့် ပြ၏။

ကိုတူးဂျာက ခေါင်းခါပြ၏။ မပြန်လိုဟူသော သဘောပါ။ (၂)ယောက်သား ဘုန်းတော်ကြီး၏ ရှေ့တစ်ဖက်တစ်ချက်တွင် ထိုင်ကြ၏။ ကိုတင်က ဦးချ ရှိခိုး၏။ စိတ်ထဲက...

‘ပိဘများနေသော ရွာနှင့် နီးသော မြို့သို့ အလုပ်ပြောင်းရပါစေဘုရား’

ဆုတောင်း၏။ ဘုန်းတော်ကြီး မျက်စိဖွင့်လာ၏။

ဘုန်းတော်ကြီးက...

‘နို့ပြီးက မကောင်းပါဘူး [illegible]



www.burmeseclassic.com

www.burmeseclassic.com

တွေ များပါဘိသနဲ့၊ မြစ်ကြီးနားက နင်နဲ့ သင့်တယ်ကွ။ နင် ရာထူးတက်ဦးမှာ။ ရန်ကုန်မြို့မှာပဲ နင်အခြေချမှာပါ။ နင့်မိဘတွေက သားသမီးတွေအများကြီး၊ လူတိုင်းက ထောက်ပံ့နိုင်ကြ ကူညီနိုင်ကြတယ်၊ နင် စိတ်မပူနဲ့'

အဖြေပေး၏။-

ကိုတင်က...

'ဘုန်းတော်ကြီးကို ကျေးဇူးတင်လှပါတယ်ဘုရား'

ဦးချ၏။ ဘုန်းတော်ကြီးက (ကိုတူးဂျာကို လက်ညှိုးထိုး၍)...

'ငါ့ဆီလာတဲ့သူတွေက များလွန်းတော့ ဘယ်မှ မကြွအားဘူး၊ အိမ်တော်ရှင်ဘုရားသွားလိုတဲ့ ဆန္ဒကတော့ ရှိပါတယ်၊ လူတွေက ဗိဇ္ဇာကို မြင်ဖူးပေမယ့် ဗိဇ္ဇာမှန်း မသိနိုင်ကြဘူး။

ဗိဇ္ဇာဆိုတာ ဘာလဲဆိုတာမမေးနဲ့၊ ကျင့်စဉ်ကျင့်လို့ တရားပေါက်မှ ဗိဇ္ဇာဖြစ်တာ။ ဗုဒ္ဓဘာသာဝင်မဖြစ်သေးတဲ့ မင်းကို ငါက ဘာမှ မဖြေချင်ဘူး၊ ဘာမှ မမေးနဲ့'

လေသံက မာမာ။

ကိုတူးဂျာက...

'ကျွန်တော့်ကို ဗုဒ္ဓဖြစ်အောင် ဘုန်းကြီးလုပ်ပေးပါ။ ကျွန်တော် ကျင့်စဉ် ကျင့်ကြည့်ချင်ပါတယ်'

စိတ်အား ထက်ထက်သန်သန်။

ဘုန်းတော်ကြီးက...

'ဟောဒီမန်နေဂျာနဲ့ မင်းအဘွား ဆီမှာ မေးမြန်းပါ။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်မှ ငါ့ဆီပြန်လာခဲ့၊ ပြန်တော့၊ ငါအလုပ်ပျက်တယ်'

နှင်လွှတ်ပြီ။

အဘွားထံ ကိုတူးဂျာ အမျိုးမျိုး မေးမြန်း၏။ အဘွားသိသော ဗိဇ္ဇာတွေက စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ကိုတင်ထံ ကိုတူးဂျာ ဗုဒ္ဓဘာသာအကြောင်း လေ့လာ၏။



ကိုတင်၏ ဘကြီးတော်က ကျောင်းထိုင်ဘုန်းကြီးပါ။ ကိုတင်၏ ဖခင်က ငယ်စဉ်က သာမဏေဝတ်ခဲ့သည်။ ရဟန်းဘဝ ဦးပဥ္စင်း(၃)ဝါ ရခဲ့၏။

ကိုတင်က ကျောင်းပိတ်တိုင်း သာမဏေဝတ်ခဲ့၏။ အလုပ်ခွင်တွင် ရှိစဉ်ပင် ဒုလ္လဘရဟန်း (၃)ကြိမ် ကိုတင် ဝတ်ခဲ့၏။ ဗုဒ္ဓစာပေများ လေ့လာခဲ့ဖူး၏။

ကိုတင်က ကိုတူးဂျာ ကျေနပ်လောက်အောင် ဗုဒ္ဓဘာသာအကြောင်း ကောင်းမွန်စွာ ပြောနိုင်သူပါ။

ကိုတူးဂျာ အားရကျေနပ်မိ၏။ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချပါပြီ။ ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်ဟု ကိုတူးဂျာ သေချာစွာ ဆုံးဖြတ်နိုင်ခဲ့၏။

ရှိခိုးဦးချသော နည်းကစပြီး ကိုတင်ထံမှ သင်ယူခဲ့ပါသည်။ တစ်လမျှကြာသောအခါ ဘုန်းတော်ကြီး ဘိုးပေါက်ဆိန်ထံ ကိုတင်နှင့်အတူ သွား၏။ ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ဘုန်းတော်ကြီးထံ လာကြောင်း ရိုသေစွာ လျှောက်ကြား၏။

ဆုံးဖြတ်ချက် ခိုင်မာကြောင်း သိလျှင် ဘုန်းတော်ကြီးက သရဏဂုံပေး၏။ သီလပေး၏။ ကျင့်စဉ်ကို အခြေခံမှ စပြီး သင်ပေး၏။

ညနေတိုင်း (၅း၀၀ နာရီမှ ၆း၀၀ နာရီ) ဘုန်းတော်ကြီးထံ ကိုတူးဂျာ သွား၏။ ည(၇း၀၀နာရီမှ ၉း၀၀နာရီ) အိမ်တော်ရှင် ဘုရားသွား၏။

နေ့စဉ် ကျင့်စဉ်များ ကျင့်နေရ၍ စိတ်ချမ်းသာပါသည်။ (၃)နှစ်မျှကြာအောင် ကျင့်ကြံသည်။ အားမရ၊ မိဘ(၂)ပါး မောင်နှမများ အသိုင်းအဝန်းများနှင့်ဝေးရာသို့ ကိုတူးဂျာ သွားခဲ့သည်။

စစ်ကိုင်းမြို့၌ ရဟန်းဘောင်ဝင်ခဲ့သည်။ ဘုန်းတော်ကြီး ဘိုးပေါက်ဆိန် ရန်ကုန်မြို့သို့ ရောက်ရှိသွားခဲ့ပါသည်။ ဦးပဥ္စင်းဦးတူးဂျာက ရန်ကုန်မြို့သို့ သွား၍ ကျင့်စဉ်များ ဆက်လက်ခံယူခဲ့ပါသည်။ သူတစ်ပါး၏ ဒုက္ခများ ကူညီနိုင်ခဲ့ပါပြီ။

ဦးပဥ္စင်းဦးတူးဂျာ ရဟန်းဘဝမှာပင် ရှိနေပါသေးသည်။ သူတစ်ပါး၏ ဒုက္ခများ ကူညီကယ်တင်နေခဲ့ပါသည်။ ...ဘာသာဝင်များအား ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ကူညီခဲ့၏။ နာမည်ကြီးလှပါသည်။ ယခု အိုမင်းနေပါပြီ။ ကူညီနေဆဲပါ။ ဦးပဥ္စင်းက...

'ဘုန်းတော်ကြီးက ကျုပ်ကျေးဇူးသခင်ပါ။ ကျုပ်အခုလို ကူညီပေးလို့ ကျုပ်ကို ကျေးဇူးတင်နေကြပါတယ်၊ ဘုန်းတော်ကြီး ဘိုးပေါက်ဆိန်ကိုပဲ ကျေးဇူးတင်ကြရမှာပါ'

**[ပြောပြသူ သီလရှင်လေး (ဦးပဥ္စင်း၏ တပည့်မ)ကို ကျေးဇူး တင်ပါသည်။]**

***ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။***

**ဒေါ်သုမနဝိစိတ္တ**

***(B.Sc,H.G.P,Dip.Ed)***



www.burmeseclassic.com

www.burmeseclassic.com



စိုးရာဇာ

# မိကျောင်းကန်မှ

ဖြစ်ရပ်ဆန်း

ကိုလိုနီခေတ်နှောင်းပိုင်း ကာလဖြစ်သည်။

အာယသွ (ခေါ်) ယက္ကန်းသည်မကျေးရွာတောင်ပိုင်း ခြံကျယ်ကြီးတစ်ခုတွင် ရေကန်ကြီးတစ်ကန်ရှိသည်။

ပင်လယ်ပြုဝင်လာစဉ်က မိကျောင်းများ လာရောက်ခိုအောင်းဖူး၍ မိကျောင်းကန်ဟု ခေါ်တွင်သည်။ ကန်မှာကောနေပြီဖြစ်သည်။ မရန်းပင်ကြီးများ၊ သစ်တိုပင်ကြီးများ အုပ်ဆိုင်းထား၏။

သပြေကန်ကျောင်း ဘုန်းတော်ကြီးက **"သုဝဏ္ဏဘူမိသာသနာ ထွန်းကားစဉ်က ဘိက္ခုနီမများ ရေချိုးရာရေကန်"**ဖြစ်ကြောင်း မိန့်ကြားဖူးပါသည်။

ကေလာသတောင်ခြေအနီး တောင်လေး၊ ပိုင်ဒန်၊ အာယသွ၊ ဝင်းက၊ ကင်းရွာ စသော ကျေးရွာကြီးများသည် တစ်ချိန်က သုဝဏ္ဏဘူမိမြို့တော်ကြီးဖြစ်ခဲ့သောကြောင့် သမိုင်းဝင်ဒေသကြီးဖြစ်သည်။ ခြံတိုင်းလိုလိုတွင် ဘုရားငုတ်တိုကြီးများရှိ၏။

ဒေသခံတို့သည် ဥစ္စာစောင့်သိုက်၊ သရဲ ဘီလူး စသည်တို့ ထူပြောကြောင်း ယုံကြည်တတ်ကြသည်။ မိကျောင်းကန် ဥစ္စာစောင့်သိုက်မှာလည်း နာမည်ကြီးလှ၏။

မိကျောင်းကန်ခြံကြီးအတွင်း ကန်နှင့် ခပ်လှမ်းလှမ်းတွင် ကိုရွှေဖောင်နှင့် မမြတင့်တို့လင်မယား နေထိုင်ကြသည်။ တောင်ယာပဲခင်း လုပ်ကိုင်စားသောက်ကြ၏။

သားကလေး(၃)ယောက်၊ သမီးကလေး(၂)ယောက် ထွန်းကားပြီး နောက်ထပ် (၁)ယောက်ကို ကိုယ်ဝန်ဆောင်ထားသည်။

အငယ်ဆုံး တာတေကလေးပင် ရှင်ပြုပေးရမည့်အရွယ် ရောက်နေချေပြီ။ ထို့ကြောင့် ကိုရွှေဖောင်မှာ လုံ့လစိုက်၍ အလုပ် လုပ်နေရှာသည်။

တကယ်လည်း သားကလေး သင်္ကန်းဆီးဖို့ ငွေလိုနေရှာ၏။ တစ်နေ့ ညနေစောင်းတွင် ကိုရွှေဖောင်သည် မိကျောင်းကန်အနီးတွင် ခြံပေါက်နေသည်၊ ငွေရှာဖို့ကိုလည်း တွေးတောနေမိသည်။

'ကိုရွှေဖောင် ဘာလုပ်နေတာလဲဟင်၊ သားကလေး သင်္ကန်းဝတ်ဖို့ ငွေလိုတယ်ဆို ငွေလာယူလေ'

ထိုအသံကို ကြားရသောကြောင့် ကိုရွှေဖောင်သည် အံ့အားသင့်သွားရ၏။ အနောက်ကို လှည့်ကြည့်လိုက်ရာ ဆံတောက်ကြီးတဖားဖား၊ နားဆွဲကြီးတကားကားနှင့် လွန်စွာ ချောမောလှပသော မိန်းမပျိုကလေး (၂)ယောက်ကို တွေ့လိုက်ရသည်။

'ရော့...ကိုရွှေဖောင် ခါးပိုက်ပြင်ခဲ့ပြီ'

ကိုရွှေဖောင်သည် လုံချည်ကို ပြင်ဝတ်ပြီး ခါးပိုက်လုပ်လိုက်သည်။ မိန်းမပျိုကလေးတစ်ယောက်က ကိုရွှေဖောင်၏ လုံချည် ခါးပိုက်အတွင်းသို့ ရွှေဒင်္ဂါးလေး,ငါးပြား လောင်းထည့်လိုက်သည်။

'အဲဒီရွှေဒင်္ဂါးတွေ ရောင်းချပြီး သားကလေးကို ရှင်ပြုပေးပါ။ ဒါနဲ့ ကိုရွှေဖောင် ဘုန်းမတို့ဆီ ဘယ်တော့ပြန်လာမလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားလိုက်ရလျှင် ကိုရွှေဖောင်သည် ကြောက်ရွံ့တုန်လှုပ်သွားပြီး ခါးပိုက်ထဲမှ ရွှေဒင်္ဂါးတွေ ပြန်လည်ကာ ခါချပေးလိုက်ကာ...

'နင်တို့ရွှေလဲ ငါမယူဘူး။ နင်တို့ဆီလဲ ငါ မလာဘူး'

ဟု ပြောလိုက်သည်။ ကိုရွှေဖောင်၏ အဖြစ်အပျက်ကို အမျိုးသမီးကလေး နှစ်ယောက်က ကြည့်၍ ရယ်ပြုံးနေကြသည်။

ကိုရွှေဖောင်လည်း ကြောက်ကြောက်နှင့် ဤနေရာမှ တချိုးတည်း လစ်၍ အိမ်ပေါ်ပြေးတက်သွားသည်။ အမျိုးသမီးကလေး (၂)ယောက်လည်း မိကျောင်းကန်ဘက် ထွက်သွားရာက ပျောက်ကွယ်သွားကြသည်။

ဤအချိန်ကစပြီး ကိုရွှေဖောင် တစ်ယောက် လန့်ဖျား ဖျားလေသည်။ ဇနီးသည်ကိုလည်း အကျိုးအကြောင်း ပြောပြလိုက်လေ၏။ ဆေးဝါးကုသပါသော်လည်း ကိုရွှေဖောင်တစ်ယောက် အဖျားရောဂါနှင့်ပင် ကွယ်လွန်သွားရတော့၏။

မကြာလှပေ သားကလေး မောင်တာတေမှာလည်း အပျင်းဖျားကာ ကွယ်လွန်သွားခဲ့ရသည်။

လူတွေက ကိုရွှေဖောင်တို့ သားအဖ ဘုန်းမိကျောင်းကန်သိုက်က လာခေါ်သွားကြောင်း ပြောဆိုကြ၏။

ဒေါ်မြတင်သည် ယူကျုံးမရဖြစ်ကာ ကလေးမွေးပြီး သားသမီးတစ်စုကို ရှန်းကန်လုပ်ကျွေးရရှာ၏။ ကလေးမှာ ယောကျ်ားကလေးဖြစ်ရာ ဆွေမျိုးများက **"မောင်ဖဝေး"**ဟု ခေါ်ကြ၏။

ဤအချိန်ကစပြီး မိကျောင်းကန်မှာ နာမည်ကြီးသွားရကာ လူတိုင်းကြောက်ရွံ့ကြလေသည်။ ထိုနေရာတွင် အိုးတုတ်လောက်ခေါင်းရှိသော သရဲ မည်းမည်းကြီး တစ်ကောင်ကိုလည်း မကြာခဏ တွေ့တတ်ကြောင်း ဆိုကြ၏။ ညနေစောင်းအချိန်များတွင် ဤမိကျောင်းကန်နား မသွားကြနှင့်ဟု လူကြီးများက သားသမီးများကို ဆုံးမတတ်ကြ၏။

*　　*　　*

၁၉၅၀ ပြည့်နှစ်ဝန်းကျင်လောက်က ဖြစ်သည်။

ရောင်စုံသူပုန်, သူခိုး, ဓားပြတို့ သောင်းကျန်းလွန်းသောကြောင့် တိုက်ကုလားနယ် ကျေးလက်တောရွာများ ပျက်စီးသွားခဲ့ရသည်။

အာယသွတစ်ရွာလုံး အိမ်ကြီးရှိုင်များ တစ်လုံးချင်းဖျက်၍ နီးစပ်ရာမြို့များသို့ ပြောင်းရွှေ့သွားကြပြီဖြစ်သည်။

တောင်ပိုင်းတွင် ဒေါ်မြတင်နှင့် ခြံနီးချင်းသုံးအိမ်လောက်သာ ကျန်တော့၏။ အဆိုပါ ပိုင်ရှင်တို့မှာလည်း တောင်ပေါ်ခြံ,အုန်းခြံ ,လယ်နှင့် ကျွဲ,နွားများကို မက်၍ ကုတ်ကပ်နေကြခြင်းဖြစ်သည်။

မကြာလှပါ။ အားလုံး ပြောင်းရွှေ့ကြရမည်ဖြစ်၍ အိမ်များကို ဖျက်ကြရသည်။

တစ်ခြံကျော်မှ လူပျိုကြီးကိုဘရှင် ဦးဆောင်၍ ဒေါ်မြတင်အိမ်ကို ဖျက်ကြ၏။ (၁၂)တောင်အမြင့် ထုပ်လျောက်များသာ ကျန်တော့သည်။ ထုပ်လျောက်ကျပြီးလျှင် တိုင်များကို တစ်တိုင်ချင်း လှဲယူမည်ဖြစ်၏။

ညနေစောင်းတွင် တိုင်ပေါ်တက်၍ ထုပ်လျောက်များကို တက်ဖြုတ်ကြသည်။ မကြာလှပေ၊ လူပျိုကြီးကိုဘရှင် တစ်ယောက် တိုင်ပေါ်မှ ပြုတ်ကျ၍ လူကြီး(၂)ယောက်က သူ့အိမ်သို့ မ,လာကြသည်။

'ဘကြီး ဘာဖြစ်သွားလဲ'

'အစ်ကိုလေး ဘာဖြစ်သွားလဲ'

ဟု ညီမနှင့် တူများက ပျာပျာသလဲ ဝိုင်းမေးကြသည်။

'ခါးလေးနည်းနည်း နာရုံကလွဲပြီး ဘာမှ မဖြစ်ပါဘူး။ ထိုင်ရက်ကျတာ။ ငါကလဲ သတိကောင်းလို့ပေါ့၊ နို့မဟုတ်ရင် မလွယ်ဘူးကွ'

'ဘာမလွယ်တာလဲ ဘကြီးရဲ'

ဟု တူတွေက ဝိုင်းမေးကြသည်။

'အေး...ငါပြောပြမယ်။ မင်းတို့လဲ မကြောက်ကြနဲ့၊ ငါလဲ မကြောက်ဘူး သိလား'

ဟု စကားပလ္လင်ခံကာ သူ့အတွေ့

စာမျက်နှာ (၃၀၂) သို့

www.burmeseclassic.com



ရှိုးသန်းမိုး
(ချောင်းနက်)

# သုသာန်တစ်ရွာ ဆရာတော်

## သုသာန်အတွေ့အကြုံ ဖြစ်ရပ်ဆန်းများ

မိုးနဲမြို့ကလေးမှာ ရှမ်းပြည်နယ်တောင်ပိုင်းတွင်ရှိပြီး ထိုင်းနိုင်ငံနှင့် နီးကပ်စွာ တည်ရှိနေပါသည်။ ရပ်ကွက်ကြီး(၅)ခုပေါင်း အိမ်ခြေ တစ်ထောင်ခန့် ရှိပါသည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလကစ၍ မိုးနဲမြို့သို့ စာရင်းစစ်တာဝန်ဖြင့် စတင်ရောက်ရှိခဲ့ပါသည်။ မိသားစု(၃)ယောက်စလုံး ပြောင်းရွှေ့ခဲ့ပါသည်။

မိုးနဲသို့ရောက်ပြီး တစ်နှစ်ကြာ ၁၉၉၆ ခုနှစ် မိုးတွင်းပိုင်းတွင် မိုးနဲမြို့ သချိုင်းကုန်းသို့ ဆရာတော်ကြီးတစ်ပါး ရောက်နေသည်ဟု ကြားသိရပါသည်။

အသက်(၆၀)ကျော်ရှိ ထိုင်းနိုင်ငံသားဟု သိရပါသည်။ ရှမ်းပြည်နယ်တွင် စကားတစ်ရပ်ရှိပါသည်။ ထိုစကားမှာ...

'တရားရလိုလျှင် ရှမ်းပြည်နယ်သွား (မြန်မာနိုင်ငံသွား) ရွှေရလိုလျှင် ယိုးဒယား(ထိုင်း)နိုင်ငံသွား'

ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်သို့ လာရောက်၍ တရားထိုင် တရားအားထုတ်ကြသော ထိုင်းသံဃာတော်များ အတော်များများ တွေ့ရပါသည်။

ယခုဆရာတော်ကြီးမှာလည်း မိုးနဲသချိုင်းကုန်းသို့ မည်သည့်ရက်က ရောက်လာသည် မသိကြပါ။ သို့သော် သချိုင်းအနီး နေထိုင်ကြသူများမှ တစ်ဆင့် တစ်စတစ်စ သတင်းပျံ့လာတာ မိုးနဲ တစ်မြို့လုံး သိရှိသွားပါတော့သည်။

ဆရာတော်ကို ကြည့်ပါဦး... ထိုင်း(ယိုးဒယား)သပိတ်က တစ်လုံး၊ (သပိတ်ခြေနှင့်)ယိုးဒယားခေါက်ထီးကြီး တစ်လက် သင်္ကန်းသုံးထည်၊ (အတော်ညစ်နွမ်းနေပါပြီ)နှင့် ရေနွေးကျိုသောက်ရန် မြေအိုးတစ်လုံး၊ မြေပန်းကန်တစ်ခုသာ ရှိပါသည်။ အခြားအဆောင်အယောင် ဘာမျှ မပါချေ။

ဆွမ်းခံ မထွက်ရတော့ပါ။ အနီးပတ်ဝန်းကျင်ရှိ ရှမ်းတိုင်းရင်းသားများမှ လာရောက် ကပ်လှူသော ဆွမ်း၊ ဆွမ်းဟင်းများကို အားလုံးစုပေါင်းပြီး နှံ့မွှန်းလတ် ဆွမ်းတစ်နပ်သာ ဘုဉ်းပေးပါသည်။

ရေနွေးအိုးကတော့ အမြဲကျိုထားပါသည်။ ညှော်သည်လာလျှင် စကားအနည်းငယ်သာ ပြောပါသည်။ **"အလုပ် လုပ်ရဦးမည်၊ ပြန်တော့"** ဟု အမိန့်ရှိတတ်ပါသည်။

ရဟန်းဘွဲ့အမည် မသိကြရပါ။ သချိုင်း သုသာန်ပေါင်း(၈၀)ကျော်ခဲ့ပြီ၊ သုသာန်တစ်ရာပြည့်အောင် လှည့်လည် တရားအားထုတ်သွားမည်ဟု တစ်ခါတစ်ရံ အမိန့်ရှိဖူးပါသည်။

သချိုင်းအနီး ပတ်ဝန်းကျင်ရှိ ရှမ်းတိုင်းရင်းသားများက ဝါးကျောင်းကလေး ဆောက်လုပ်ပေးထားပါသည်။ နံနက်ပိုင်း၊ နေ့လယ်၊ ညနေပိုင်းများတွင် ဝါးကျောင်းကလေးပေါ်တွင် တရားထိုင်နေပါသည်။

www.burmeseclassic.com

ဆွမ်းဘုဉ်းပေးချိန် ခေတ္တနားကာ ဆွမ်းဘုဉ်းပေးလျက် ဧည့်သည်များနှင့် ခေတ္တစကားစမြည် ပြောပါသည်။ ညပိုင်းတွင် ကျယ်ပြန့်သောအမိုးရှိ ဂူပေါ်တွင် ထိုင်ကာ ယိုးဒယား(ထိုင်း)စကားဖြင့် တရားဟောပါသည်။

ယိုးဒယား(ထိုင်း)စကားမှာ ရှမ်းစကားနှင့် အလွန်ဆင်တူ၍ ရှမ်းတိုင်းရင်းများ နားလည်ပါသည်။

ညအချိန် ဂူပေါ်မှ ထိုင်ကာ တရားဟောသော်လည်း တရားနာပရိသတ်တစ်ဦးတလေမျှ မတွေ့ရပေ။

နံနက်လင်းပြီး ဆွမ်းဘုဉ်းပေးချိန်ကျမှ ဆရာတော်ကြီးက ဆွမ်းလာကပ်သူ ရှမ်းတိုင်းရင်းသူ၊ တိုင်းရင်းသားများအား ညက တရားဟောရာတွင် **"ဤသချိုင်းရှိ မကျွတ်မလွတ်သေးသော တစ္ဆေများစွာ လာရောက် တရားနာကြောင်း"**အမိန့်ရှိပါသည်။

ဆရာတော်၏ အမိန့်ရှိပုံကို ရှမ်းတိုင်းရင်းသားတို့က မယုံတယုံ ရှိကြပါသည်။ ဤသို့ဖြင့် ညစဉ်ညတိုင်း တရားဟောလာရာ တစ်နေ့သောအခါ ဆရာတော်ကြီးအမိန့်ရှိပုံက...ညက တရားပွဲမှာ ထူးထူးခြားခြား အဘွားအိုတစ်ယောက် တရားနာပါလာကြောင်း...

ထိုအဘွားအိုမှာ ဆရာတော်ဘက် လှည့်မထိုင် နောက်ပြန် လှည့်ထိုင်နေကြောင်း၊ တရားပြီးဆုံး၍ အမျှဝေသာဓုခေါ်ရာတွင်လည်း သာဓုမခေါ်၊ ခြေဆောင့်နင်း၍ ထွက်သွားတတ်ကြောင်း အဘွားကြီး၏ ဟန်ပန်ပုံသဏ္ဍာန်ကို အမိန့်ရှိပါသည်။

ထိုအခါကျမှ ဆရာတော်ကြီး၏ အမိန့်ရှိပုံကို အကဲခတ်မိကြပါသည်။ မှန့်ပါသည်။ ဆရာတော်အမိန့်ရှိသော အဘွားကြီးမှာ မိုးနဲမြို့မှ မကြာသေးမီကမှ သေဆုံးသွားရရှာသော စိတ်



ဝေဒနာရှင် "ကွမ်းယောင်"ဖြစ်နေပုံ သိကြရပါသည်။

ဒေါ်ကွမ်းယောင်ကား တစ်ချိန်က မိုးနဲမြို့မှ လူချမ်းသာ၊ ရှမ်းတိုင်းရင်းသူကြီး ဖြစ်ပါသည်။ ရှမ်းတိုင်းရင်းသူပုံနှင့် မတူပါ။ အရပ်ရှည်ရှည် ထောင်မောင်းမောင်း အသားမည်းမည်း ဖြစ်ပါသည်။ အလွန် ချမ်းသာကြွယ်ဝ၏။ ရွှေငွေအတော်များများ ရှိပါသည်။

တစ်နေ့တွင် ဒေါ်ကွမ်းယောင်၏ "မတ်"(ခင်ပွန်း၏ ညီအရင်း)က ရွှေငွေပစ္စည်းများ လုယူ၍ သတ်မည်ပြုပါသည်။

ဒေါ်ကွမ်းယောင် မသေသော်လည်း သွေးလန့်၍ စိတ်ကြောင်သွားပါသည်။ အမှုပေါ်၍ ပစ္စည်းများ ပြန်ရသော်လည်း ဒေါ်ကွမ်းယောင်ကတော့ စိတ်ပြန်မကောင်းလာတော့ပါ။

ဒေါ်ကွမ်းယောင် စိတ္တဇဝေဒနာရှင်ဘဝနှင့် မိုးနဲတစ်မြို့လုံးလှည့် တောင်းရမ်းစားရပါသည်။ ဒေါ်ကွမ်းယောင်မှာ စိတ်ဝေဒနာ ခံစားနေသော်လည်း ပရိတ်ကြီး အသုတ်ပေါင်းများစွာကို အလွတ်ရွတ်နိုင်ပါသေးသည်။

ထို့ကြောင့် ဒေါ်ကွမ်းယောင်အား သနားကာ ကျွေးမွေးကြပါသည်။ ဒေါ်ကွမ်းယောင် အစားအသောက်များကို စားသောက်၏။ ဝ၍ ပိုသော အစားအစာများကို သူ့အင်္ကျီ ရင်ဘတ်ထဲထည့်ကာ ယူဆောင်တတ်ပါသည်။

တွေ့သူတိုင်းအား **"ဒါ ငါ့ရွှေတွေဟဲ့"**ဟုလည်း အစားအစာများကို ပုတ်ပြကာ ပြောသေး၏။ သနားစရာ ဒေါ်ကွမ်းယောင်ပါ။

ဒေါ်ကွမ်းယောင်ကား စိတ်ဝေဒနာရှင်ဟု ဆိုသော်လည်း မည်သူ့ကိုမှ ရန်မရှာတတ်ပါ။ သနပ်ခါး ပကြားနကြား လိမ်း၍ ပါးစပ် နှုတ်ခမ်းပတ်လည်တစ်ပြင်လုံး နှုတ်ခမ်းနီတွေ ဆိုးတတ်ပါသည်။ ဒါကြောင့် ကလေးများက ကြောက်ကြပါသည်။

ခုထိ မိုးနဲတစ်မြို့လုံးရှိ လူကြီးများက ကလေးများ ငိုနေလျှင်၊ စိတ်ကောက်နေလျှင် **"ဟဲ့ ဟိုမှာ ဒေါ်ကွမ်းယောင်လာပြီ"**ဟု ပြောကာ ခြောက်ကြသေး၏။

ဆရာတော်ကြီး အမိန့်ရှိသော အဘွားအိုမှာ ဒေါ်ကွမ်းယောင် တစ္ဆေဖြစ်သည်ဟု အားလုံးက ယုံကြည်ကြပါတော့သည်။

နောက်တစ်ကြိမ် ဆရာတော်ကြီး အမိန့်ရှိပုံမှာ "မိုးနဲမြို့ထဲတွင် အသက်(၁၇)နှစ်ခန့်ရှိ ကလေးတစ်ယောက် နေမကောင်း ဖျားနာတာ ရှိသလားတဲ့။

အဲဒီကလေး ညက ဒီသုသာန်မှာ နေဖို့ နေရာလာရှာတယ်။ သူပြန်သွားတော့ ဒီသုသာန်က တစ္ဆေလူငယ်အချို့ ထိုကလေးကို **"အကြို"**ဟု ဟေးလားဝါးလား ပျော်ပျော်ပါးပါးနဲ့ လိုက်သွားကြလေရဲ့၊ အဲဒီ မကျန်းမာသောကလေး မနက်ဖြန်သေဆုံးလိမ့်မည်"ဟု အမိန့်ရှိပြန်ပါသည်။

မိုးနဲမြို့တွင်းသို့ လှည့်လာရှာဖွေသောအခါ နေထိုင်မကောင်းသူ မောင်ခင် အသက်(၁၇)နှစ်ကို တွေ့ကြရပါသည်။ သူ့အဖေ ဦးမြနှင့် ခေါ်ပြုင် နေမကောင်း ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်က အလွန်ဆိုးဝါးနေပါသည်။ ဖခင်ဦးမြကအ ရင်သေဆုံးနိုင်သည်ဟု ခန့်မှန်းကြပါသည်။

သို့သော် နံနက်လင်းသောအခါ မောင်ခင် သေဆုံးပြီဟု ကြားသိရပါတော့သည်။ ယိုးဒယား(ထိုင်း)ဆရာတော်ကြီး အမိန့်ရှိသည်မှာ မှန်လိုက်လေခြင်းဟု ပြောစမှတ်ပြုကြပါသည်။

မောင်ခင်သေဆုံးကာ တစ္ဆေအဖြစ်နှင့် ဆရာတော်ကြီးအနီးမှာ နေရပါသည်တဲ့။ တစ်နေ့ ဆရာတော်ကြီး အမိန့်ရှိပြန်ပုံကတော့...

'အဲဒီ မောင်ခင်တစ္ဆေက သူ့ဖခင်ဦးမြကို ခေါ်ပါရစေ'

လို့ ဆရာတော်ထံ ခွင့်တောင်းသတဲ့။ ဆရာတော်က ခွင့်မပြုဘူးတဲ့။

'လူ့ဘဝ ရောက်တုန်းရောက်ခိုက် နေပါစေဦး'

လို့ ပြန်ပြီး မိန့်သတဲ့။

ဒါနဲ့လဲ မောင်ခင်က မနေ။

'သူတစ်ယောက်တည်းနေရတာ ပျင်းလို့ အဖေပါ ခေါ်မယ်'

ဟု တားမရ ဖွတ်ခေါ်ပြန်သတဲ့။

ဒါနဲ့ ဦးမြလည်း သားမောင်ခင်ဆုံးပြီး (၇)ရက်ပြည့်တဲ့နေ့ သေဆုံးရပါတော့သည်။

ဆရာတော်ကြီး၏ မိန့်မြွက်ချက်များကား အားလုံးမှန်ကန်၍ နေပါသည်။ ဤအကြောင်း မိုးနဲတစ်မြို့လုံး သိနေကြပါပြီ။

ဆရာတော်ကြီးအား ဆွမ်းကွမ်း လှူသူများ ပိုမိုများပြားလာပါတော့သည်။ ဆရာတော်ကြီးကတော့ သူ့အလုပ်သူ လုပ်မြဲပါ။

နေ့စဉ်တရားအားထုတ်၏။ ညစဉ်တရားနာ တစ္ဆေပရိသတ်အား တရားဟော၏။ သာဒုခေါ် ကျွတ်လွတ်သွားကြသောတစ္ဆေများလည်း မနည်းတော့ပြီဟု မိန့်ကြား၏။

တစ်နေ့တွင် ဆရာတော်ကြီး အမိန့်ရှိပြန်ပါသည်။

'ဒို့က ဦး...နံနက်ဖြန့်သေမယ်'

ဟု အမိန့်ရှိပါသည်။ မိုးနဲမြို့ ဦး...ကား ကျန်းကျန်းမာမာ ရှိပါသည်။ အသက်ကြီးပြီဖြစ်၍ ရန်ကုန်မြို့သို့ ပြန်ပြောင်းမိန့် ကျပြီးဖြစ်ပါသည်။

အဝတ်အစားသေတ္တာ၊ ပစ္စည်းပစ္စယများ သိမ်းဆည်းပြီး နောက်(၂)ရက်၊ (၃)ရက်ဆိုလျှင် ရန်ကုန် ဆင်းပါတော့မည်။

ဆရာတော်ကြီးအမိန့်ရှိသော ညမှာပင်လျှင် ကွမ်းစားရင်း အိပ်ရာဝင်ခဲ့သော ဦး...မေ့မြောကာ အသက်ဆုံးဆုံးခဲ့ပါတော့သည်။

ဆရာတော်ကြီး အမိန့်ရှိသော အကြောင်းအရာများမှာ အမှန်ပင် ဖြစ်လိုက်လာပါသည်။ ဆရာတော်ကြီးကား သင်္ချိုင်းကုန်းတိုင်းတွင် သရဲတစ္ဆေများကို တရားဟော ချေချွတ်ပေးခဲ့ရပေါင်း များနေပါပြီ။

သင်္ချိုင်းနှင့် ပတ်သက်သော အကြောင်းအရာ ပေါင်းများစွာကိုလည်း များစွာပင် ကြိုတင်ဟောကိန်းထုတ်ခဲ့ပြီး ဖြစ်ပါလိမ့်မည်။

ယခုလည်း မိုးနဲမြို့၏ သင်္ချိုင်းနှင့် ပတ်သက်သော သေမှု၊ ရှင်မှုနှင့် တစ္ဆေသရဲများအကြောင်း အမိန့်ရှိသည်များမှာလုံးဝမှန်နေကြောင်းသိရပါသည်။

အကယ်၍ ဆရာတော်ကြီးသည် သင်္ချိုင်းမှာ သီတင်းသုံးခြင်း မဟုတ်ဘဲ မြို့ရွာ လူနေရပ်ကွက်တွင် သီတင်းသုံးပါကလည်း လူတို့၏ စီးပွားရေး ကျန်းမာရေး၊ ဘေးအန္တရာယ်ကျရောက်မှု အစရှိသည့် လူမှုကိစ္စများကို ကြိုတင်ဟောကိန်းထုတ် အမိန့်ရှိမှာ သေချာပါသည်။

ဆရာတော်ကြီး၏ သမထလုပ်ငန်း အောင်မြင် ပြီးမြောက်နေပြီ ဖြစ်ကြောင်း မိုးနဲတစ်မြို့လုံးရှိ မြို့သူမြို့သားအားလုံး သိနေပါပြီ။

သို့သော် ဆရာတော်ကြီးကား မိုးနဲသင်္ချိုင်းတွင် အဓိဋ္ဌာန်ရက်ပြည့်သွား၍ (သုံးလခန့်ထင်ပါသည်) တခြား တစ်မြို့တစ်ရွာ သင်္ချိုင်းသို့ ကူးပြောင်းသွားခဲ့ပါပြီ။

တစ်ခြား တစ်မြို့တစ်ရွာ သင်္ချိုင်းတွင်လည်း အကြောင်းကိစ္စအချို့ကို ကြိုတင်ဟောကိန်းချား အမိန့်ရှိသွားဦးမှာဖြစ်ကြောင်း...

**[အကြောင်းအရာဖြစ်စဉ် အားလုံး ပြောပြသော မိုးနဲမြို့မှ တရုန်းစစ်မှူး ဦးကျော်သူအား အထူးကျေးဇူးတင်ပါကြောင်း...]**

***အားလုံး ကျန်းမာချမ်းသာကြပါစေ။***

**ဦးသန်းစိုး(ချောင်းဦး)**



www.burmeseclassic.com

www.burmeseclassic.com




ဘိုဇွေး (တနင်္သာရီ)

# ခွဲခြားမှုများ

လည်းမိမိတို့အပေါ်တွင်အချိန်အခါနှင့်နေရာဒေသမရွေးကြုံကြိုက်သလို အကျိုးပေးတတ်သည်။

သို့သော် ပုထုဇဉ်လူသားအများစုမှာ သားသမီး လင်သားနှင့် မယားဆွေစွာများအပေါ်တွင်သာ အားကိုးနေကြသည်။ တကယ်ရော အားကိုးစရာ ဟုတ်ပါ၏လော။ ဤရုပ်တရားများ အပေါ် စွဲလမ်းမှုများပါက သေတွင်းသေဝအရောက်တွင် မခိုင်မြဲသော တရားများကပင် အပါယ်သို့ ဆွဲချသွားမည် မဟုတ်ပါလော။

အားကိုးရာအစစ်အမှန် ဘုရား။ တရား။ သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းဖြင့် နိဗ္ဗာန်နှင့် မနီးသေးသော်လည်း အပါယ်မှ စိတ်ချရပေမည်။ ခံယူမှု တရားကလည်းမှား၊ ချင့်ချိန်မှုပညာလည်း နည်းပါးသဖြင့်ပညာတတ်တစ်ယောက် ဖြစ်ခဲ့သော်လည်း အသေဆိုးဘေးနှင့် ကြုံတွေ့ခဲ့ရပြီး ပြိတ္တာဘဝသို့ ရောက်သွားခဲ့ရသော ကျောင်းအုပ်ဆရာမကြီး အကြောင်း ဖြစ်ပါသည်။

သူမ၏ အယူမှား၊ အမှတ်မှားမှုတို့ကြောင့် နောက်ဆုံးဘဝမှာ အားကိုးရာရှာမရဘဲ အပါယ်တံ့ ပေတာဘဝရောက်ခဲ့ခြင်းအကြောင်းများမှာ လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်ကာလ (...) မြို့နယ်၊ (...)ရွာ အလယ်တန်းကျောင်း လေးသို့ လူမျိုးခြား(...)ဆရာမကြီး

ကုသိုလ်နှင့် အကုသိုလ်တရားတို့သည် "နွား၏ခြေရာခွက်နောက်မှ လှည်းဘီးသည် ထပ်ချပ်မကွာလိုက်တိ သကဲ့သို့" မိမိတို့၏ ကောင်းမှုကုသိုလ်ကံနှင့် မကောင်းမှုကုသိုလ်ကံတို့သည်



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် တာဝန်ထမ်းဆောင်ရန် ရောက်ရှိခဲ့သည်။

သူမသည် ပျော်ပျော်နေတတ်သူ ဖြစ်ပြီး ဘုရားတရားကိုလည်း ကြည်ညို လေးစား ကိုးကွယ်ခဲ့သူတစ်ယောက် လည်း မဟုတ်ခဲ့ပေ။

ကျောင်းပိတ်ရက်များတွင် ကျေးရွာ များသို့ ဆရာမများကို အဖော်ပြုကာ ပျော်ပွဲစား ထွက်လေ့ရှိသည်။

တစ်နေ့...

'ဆရာမကြီး၊ မနက်ဖြန် ကျောင်းပိတ်ရက် လေ၊ ရွာအနားကတောင်ကို ပျော်ပွဲစား ထွက်ကြို့'

ဆရာမ မမြင့်ကြူက စပ်လိုက် သည်။

ဆရာမကြီးမှ...

'ဟာ ကြာသလားလို့ သွားရမှာပေါ့။ လိုအပ်တဲ့ စားသောက်ဖွယ်တွေ အတွက် ဆရာမကြီးက တာဝန်ယူ မယ်။ ဝက်သားတစ်ပိဿာ ကြိုဝယ် ထားပေ့ါ။ ဝက်သားနီချက် ကောင်း ကောင်းချက်ပြီး ယူသွားရမယ်။ ဘွား ဖို့သာ လေ့စီစဉ်လိုက်ပေတော့'

ဟု ဆရာမ မမြင့်ကြူအား မှာလိုက် သည်။

နောက်တစ်ရက်...

ငါးဖမ်းဆိုက်လေ့တစ်စီး ငှားရမ်းပြီး နောက် ဆရာမကြီးနှင့်တကွ ဆရာမ များသည် (...)တောင်သို့ ပျော်ပွဲစား ချီတက်ကြတော့သည်။

ထိုတောင်အရောက် ဆရာမ ကြီးနှင့် ဆရာမများ ကျွန်းပတ်လည် လှည့်ပတ်လည်ပြီးသည့်နောက်ဆာဆာ နှင့် ထမင်းဟင်းများကို မြိန်ရှက်စွာဖြင့် စားသောက်ကြသည်။

စားသောက်ရာမှ ဆရာမကြီးက...

'ဒီတောင်က သာယာလှပလိုက်တာ၊ တို့တော့ ပြန်တောင် မပြန်ချင်တော့ဘူး၊



အမြဲသာ နေချင်တော့တာပဲ'

ဟု နှုတ်မှ ''လွှတ်ခနဲ''ပြောလိုက် သည်။

ဆရာမ မမြင့်ကြူမှ...

'ဆရာမကြီး မပြောကောင်းမဆိုကောင်း ဖွဟဲ့၊ လွှဲပါစေ...ပယ်ပါစေ ဒီတောင်က နတ်ကြီးတယ်၊ ပေါက်ကရ စည်းမရှိ ပြောလို့ နေလို့မရဘူး ဆရာမကြီး'

ဆရာမကြီးမှ...

''တဟား...ဟား''ရယ်ရင်း...

'ဆရာမရယ် ကြောက်စရာမဟုတ် တာ ကြံကြောက်နေပြန်ပါပြီ။ ဒါတွေကို အယုံအကြည်မရှိပါဘူး၊ လူသေရင် လူဖြစ်တာပေါ့ဟယ်'

ဟု ပြန်လည်ချေပလိုက်သည်။

ဆရာမ မမြင့်ကြူလည်း ဘာမျှ ပြန်မပြောသာတဲ့ နှုတ်ပိတ်သွားတော့ သည်။ ဆရာမကြီးမှ...

'ငါ သေးဝမ်းနာ (သေးပေါက်ချင်)လို့ ဟိုဘက်နားက ကျောက်ပုံနောက်သွား ပြီး ဝိတ်လျှော့ဦးမယ်'

ဟု ပြောပြီး ကျောက်ပုံနောက်သို့ ဝင်၍ အပေ့ါစွန့်လိုက်သည်။ **(ယင်း ကျောက်တုံးမှာ ရှေးယခင်က အေသ အခေါ် မကာန်နတ်ကိုးကွယ်ရာ ကျောက်တုံးကြီးဖြစ်သည်။)**

မွန်းတည့် ဒီရေကျချိန်လောက်တွင် ဆရာမကြီးနှင့် ဆရာမများသည် ပင်လယ်ထဲသို့ ရေဆင်းကူးကြသည်။ တစ်ယောက်ကိုတစ်ယောက် တပျော် တပါး ရေပက်ကစားကြရင်းမှ ဆရာမ ကြီးမှာ ရေငုပ်ချလိုက်သည်။ ပြန်၍ ခေါင်းပြူမလာတော့ပေ။

ဆရာမများသည်လည်း ဆရာမကြီး ရေငုပ်ကစားနေသည်ထင်ပြီး အမှုမဲ့ အမှတ်မဲ့ နေ,နေကြသည်။ မိနစ်(၂၀) ခန့်အကြာ ဆရာမကြီး ရေအောက်မှ ပြန်မပေါ်လာတော့ဖြင့် ထိတ်လန့်တုန် လှုပ်သွားကြပြီး...

'အောင်မလေး... လာကြပါဦး၊ ဒီမှာ ဆရာမကြီး ရေနစ်နေပါပြီ'

ဟု ဆရာမများ ကြောက်လန့် တကြား ပိုင်းအော်ကြမှ အနီးအနားရှိ ပိုက်လှေများမှလူများ ခုန်ဆင်းလာ ကြပြီးနောက် ရေအောက်မှ ဆရာမကြီး ကို လိုက်လံ ရှာဖွေကြသည်။

နေသာဝင်သွားပြီ ဆရာမကြီး၏ အရိပ်အရောင်ကိုမျှ မတွေ့ကြရတော့ ပေ။ ''ပွဲသွားကျော့ကျော့၊ ပွဲပြန်မော့ မော့''ဆိုသကဲ့သို့ ဆရာမများသည် လည်း ငိုယိုကာ ရွာသို့ ပြန်လာကြပြီး နောက် ကျေးရွာရှိလူကြီးများအား အကျိုးအကြောင်းသတင်းကို ပေးကြ ရတော့သည်။

နောက်တစ်နေ့...

ရွာရှိလှေများဖြင့် ဆရာမကြီး၏ အလောင်းကို ပိုက်စိတ်တိုက် ရှာဖွေ ရာမှ ထိုတောင်ရှိ နတ်ကွန်း‌အနီး ရေပြင်တွင် ဆရာမကြီး၏အလောင်း

www.burmeseclassic.com

အား တွေ့ကြရသည်။

အလောင်းအား ဆယ်ယူပြီးနောက် ရွာ၏သုသာန်တွင် မီးသဂြိုဟ်ပြီး နောက် ဆရာမကြီး၏ တစ်ဘဝမှာ လည်း ဇာတ်သိမ်းမလှ ဖြစ်ခဲ့ရပေ သည်။

ဆရာမကြီး သေဆုံးပြီးနောက် သုံးရက်မျှအကြာတွင်...

'ကျောင်းအလံတိုင်ရှေ့ အုတ်ခုံမှာ ဆရာမကြီးထိုင်နေတာ တွေ့ခဲ့ရတယ် ဟေ့'

'အေး... ဟုတ်တယ်၊ ငါလဲ ညက ပွဲကြည့်ပြီးအပြန် ကျောင်းရုံးခန်း ပြူတင်းပေါက်မှာ ရပ်နေတာ တွေ့ခဲ့ရ တယ်'

ဟု ရွာသားများ သူတို့ မြင်ခဲ့ရပုံကို တစ်ယောက်တစ်ပေါက် ပြောဆိုရာမှ ကျောင်းရှေ့သို့ မည်သူမျှ မဖြတ်ရဲ အောင် ဖြစ်ခဲ့တော့သည်။

ထို့ကြောင့် ရပ်ရွာမှ လူကြီးများမှ ဆရာမကြီး ပြိတ္တာဘဝမှ ကျွတ်နိုင်ရေး အတွက် သံဃာတော်များအား ကျောင်းသို့ပင့်ဖိတ်၍ ပရိတ်ပဋ္ဌာန်း တို့ကို ရွတ်ဖတ်၍ ကမ္ဘဝါညှပ်ကာ ကုသိုလ်ကောင်းမှုများပြုလုပ်၍ အမျှ အတန်းပေးဝေခဲ့သည်။

သို့သော် ဆရာမကြီး၏ အကုသိုလ် ကံနှင့် အစွဲအလမ်းအားကြီးမှု ဖြစ်ဟန် တူသည်။ အမျှအတန်း ပေးဝေမှုကို "သာဓု" မခေါ်ဆိုဘဲ...

'ဒီကျောင်းမှာနေရတာ ပျော်တယ် ကျောင်း ကို ငါစောင့်ရှောက်ပေးဦးမယ်၊ ငါ့ကို မနှင်ကြပါနဲ့'

ဟု ဆရာမတစ်ဦးအား ဝင်ပူးပြော ဆိုခဲ့ပေသည်။

စာရေးသူသည် ဤ အ-ထ-က ကျောင်းခွဲသို့ ၂၀၀၄ခုနှစ်၊ စတင်တာဝန် ထမ်းဆောင်ချိန်အထိ ဆရာမကြီး သည် ပေတာဘဝဖြင့် ကျောင်းတွင် စောင့်ခဲ့ရသည်မှာ နှစ်ပေါင်း(၂၀)ကျော် ပင် ရှိပေပြီ။

ကျွတ်လွတ်ဖို့အချိန် ရောက်လာပါ ပြီ။

ဆရာမကြီးသည် ပေတာဘဝတွင် ကျင်လည်နေရချိန်တွင် အစား အသောက် အငတ်ငတ်အပြတ်ပြတ် ဖြစ်နေပြီး ကျောင်းသားငယ်နှင့် ဆရာမများအား မကြာခဏပူးကပ်ပြီး အစာရေစာအား မကြာခဏ တောင်း နေပါသည်။

ထိုအခါ စာရေးသူလည်း နောက် ဆုံးအခွင့်အရေးအနေဖြင့် ကျွတ်လို ကျွတ်ငြားဆိုပြီး သံဃာတော်များ ပင့်ဖိတ်၍ ပရိတ်တရားများ နာကြား စေပြီး သူမအတွက် အလှူဒါနပြု အမျှအတန်းပေးဝေစေရာမှ သာဓု ခေါ်ဆိုနိုင်ပြီး ဤကျောင်းမှ လွတ်ကျွတ် သွားခဲ့ရသည်။

ဤဖြစ်စဉ်ပါ အကြောင်းအရာများ ကို ကြည့်ခြင်းဖြင့် ဆရာမကြီးမှာ ပညာ တတ်တစ်ယောက် ဖြစ်ခဲ့သော်လည်း အယူမှားခြင်း၊ မိစ္ဆာဒိဋ္ဌိအယူ မပြုတ်ခဲ့ ခြင်းတို့ကြောင့် သေသည်နှင့် အခြားမဲ့၌ အပါယ်ဘုံတွင် ပေတာဘဝဖြင့် ဆင်းရဲ ဒုက္ခကို ပျော်ပျော်ကြီးခံနေရပြီး လူသား တိုင်း အစွဲအယူ မမှားမိစေရန်အတွက် သင်ခန်းစာပေး ရေးသားအပ်ပါသည်။

**[ဖြစ်ရပ်မှန်အား ရေးသားပါသည်။]**

***ကျန်းမာ၍ ဘေးရန်ကြောင့်ကြ ကင်းကြပါစေ။***

**ဘိုဌေး (တနသ်ာရီ)**

စာမျက်နှာ (၂၉၆)မှ အဆက်

အကြံကို ဆက်ပြောပြလေသည်။

'ငါလဲ မြေကြီးပေါ်ကို ထိုင်ရက် တုတ်ခနဲ ကျအလာ ဟိုမီကျောင်းကန်ဘက်က အိုး တုတ်လောက်ခေါင်းရှိတဲ့သာရဲ့မည်းမည်းတုတ် တုတ်ကြီးက ငါ့ဆီ ပြေးဝင်လာတော့တာပဲ။ ငါလဲ ဘာရမလဲ... ခါးနားမှာ ချိတ်ထားတဲ့ သံတုရွှင်းကို လှမ်းဆွဲလိုက်တယ်။ "လာလေ မင်း သတ္တိရှိရင် လာလေ။ မင်းကို ယောဒီ သံတုရွှင်းနဲ့ သတ်ပစ်မယ်"လို့ ပြောပြီး သံတုရွှင်းနဲ့ ချိန်ထားလိုက်တယ်။

ငနဲကောင်ကြီးလဲ သံတုရွှင်းကို ကြောက်လို့ တချက်တည်း ပြန်ပြေးတော့တာပဲ။ ဟဲတို့ သံတိုတိုတာ ထက်သဘာဝနဲ့ ဖန်တီးထားတဲ့ ပစ္စည်းတွေဖြစ်လို့ သရဲတစ္ဆေ အလွန် ကြောက်ကြတယ်လို့ ရှေးလူကြီးတွေ ပြောဖူး တယ်။ မင်းတို့လဲ မှတ်ထားကြ ကြားလား'

လူပျိုကြီး ကိုဘရှင်သည် အိမ်ပေါ်မှ ကျသည့်ဒဏ်နှင့် ခါးနာရောဂါကို ခံစား လိုက်ရသည်။

ဤအချိန်ကစပြီး ရွာများ ပျက်စီး သွားလေရာ ခြံတွေမှာ တောဖြစ်သွား တော့သည်။ ၁၉၆၄ ခုနှစ်လောက်မှစ၍ တဖြည်းဖြည်းပြန်စည်ကားလာလေသည်။

ယခု မျက်မှောက်ကာလဝယ် အာယသွ၊ ဝင်းကာ၊ တိုက်ကလားနယ် ကေလာသတောင်ခြေ တစ်ကြော ကျေးရွာကြီးများ ပြန်လည် စည်ကား လာပြီဖြစ်သည်။ လယ်တွေကကောင်း ခြံတွေက ကောင်းလာ၏။

ကျိုက်ထီးဆောင်း ဆရာတော် ဦးခေဝင် ဖောက်လုပ်ပေးခဲ့သော ရွှေဝါရောင် ကတ္တရာလမ်းမကြီးကား ဘီးလင်း၊ ဇုတ်သုတ်၊ တောင်စွန်း ပေါက်တော၊ ကင်းရွာ၊ ဝင်းကား အာသွ(ခေါ်)ယက္ခန်းသည်မှ၊ သိမ်ဖူး ကျိုက်ဝိ၊ ကျိုက်ထိုမှတစ်ဆင့် ရန်ကုန် ထိ ခရီးဆက်နိုင်သည်။ အာယသွရွာ တောင်ပိုင်ရှင်ကြီး သာယံနှံးတောစပ်မှ ကားလမ်း ဖောက်ထွက်ပြီး ကျိုက်ထိုသို့ ပေါက်ရောက်ခြင်းဖြစ်သည်။လမ်းမကြီး ချဲ့တွင်ဖောက်လုပ်လေရာ မီးကျောင်းကန် ပျက်ကြီးမှာ ကားလမ်းနားကပ်နေပြီ ဖြစ်သည်။ ရွာသားတို့သည် ယခုထိ ဤမီကျောင်းကန်ကိုကြောက်ခံနေတုန်း ဖြစ်ပါ၏။

**စိုးရာဇာ**



www.burmeseclassic.com

www.burmeseclassic.com

မြန်အောင်မြို့ ဆုတောင်းပြည့်စေတီတော် ဓလိုဂုဏ်က

# ဓာတ်ကြီးကိုင်စေတီတော်

ခင်–စာသင်
(ဇရာမြေ)

ဓာတ်ကြီးကိုင်စေတီတော့်အကြောင်း မပြောမီ မြန်အောင်မြို့အကြောင်း ဦးစွာ ပြောပါရစေ။ မွန်စကားဖြင့် **"ကျိုက် ဒုံနုံထော"**ဟု ခေါ်ခဲ့ပါတယ်။


**အဓိပ္ပာယ်မှာ ရွှေအိုးများ မြှုပ်နှံ၍ ထားသော ဘုရားရှိရာမြို့ဟူ၍ ဖြစ်ပါတယ်။**

| | | |
|---|---|---|
| ကျိုက် | ⇨ | ဘုရား |
| ဒုံ | ⇨ | မြို့ |
| နုံ | ⇨ | အိုး |
| ထော | ⇨ | ရွှေ |

ဒါကတော့ ဗဟုသုတအလို့ငှာ ဖြစ်ပါတယ်။ နောက်ပြီး မြန်အောင်မြို့မှာ အလောင်းဘုရားကိုယ်တိုင် တည်တဲ့ **ရန်အောင်ဘုံသာစေတီ (ယခု ရွှေဘုံသာစေတီ) ရှင်ပင်နရစ်ဘုရား**နဲ့ ဆုတောင်းပြည့်ဘုရားများ ရှိပါတယ်။

ဆုတောင်းပြည့်စေတီကို တည်ရခြင်းကတော့ အလောင်းမင်းတရားဟာ တညင်(သန်လျင်)ကို တိုက်ခိုက်ဖို့ မြန်အောင်ကို ဖောင်တော်နဲ့ စုန်ဆင်းလာခဲ့ပါတယ်။ ဖောင်တော်ဖြတ်စဉ် **ထန်းပင်တစ်ပင်လဲကျရာ နိမိတ်မကောင်းဘူး**လို့ ယူဆပြီး ဘုရားတည်ခဲ့ပါတယ်။ ဘုရားတည်ခဲ့ကြောင်း ဘုရားပေါ်က ခေါင်းလောင်းကြီးမှာ ကမ္ပည်းစာ ရေးထိုးထားပါတယ်။

ခေါင်းလောင်းနဲ့ ပတ်သက်ပြီး မေးကြည့်ရာ ဂဃနဏ မသိခဲ့ရပါ။ ဒါကတော့ ဆက်စပ်နေတဲ့အကြောင်းကို




▲ အလောင်းမင်းကိုယ်တိုင်တည်သော ထူးခြားသော ဓာတ်ကြီးကိုင်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com





▲ဆုတောင်းပြည့်စေတီမုခ်ဦးကို တွေ့ရစဉ်

◀ အလောင်းမင်းတရားကြီး ကောင်းမှုတော် ဆုတောင်းပြည့်စေတီ

ရှာဖွေတင်ပြတာ ဖြစ်ပါတယ်။

ပြီးတဲ့အခါ ဓာတ်ကြိုးကိုင်စေတီ အကြောင်းကို ဂေါပကလူကြီးတစ်ဦး အား မေးမြန်းလိုက်ပါတယ်။

ဓာတ်ကြိုးကိုင်စေတီကို **၁၃၁၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၉)ရက်၊ တနင်္ဂနွေနေ့ မွန်းတည့် (၁၂)နာရီမှာ အပြီးတည်ခဲ့ပါတယ်။** ကုန်ကျငွေ(၉)မူး ဖြစ်ပါတယ်။ **အဘခေါင်ကိုယ်တိုင်တည်တဲ့ဓာတ်ပန္နက် စေတီအစစ် ဖြစ်ပါတယ်။**

နှစ်ကာလကြာတော့ ဒီနေရာမှာ ငှက်ပျောတောများနဲ့ ရှုပ်ထွေးနေ ပါတယ်။ နောက်ပြီး ဒီနေရာမှာ စေတီ ရှိမှန်းလဲ မသိခဲ့ကြပါဘူး။

တိုက်ဆိုင်ချင်တော့ တရုတ်မှော်က ရေနံ အရာရှိတွေက ဒီနေရာမှာ အောင်မြေရှိတယ် ဆိုပြီး လာရှာရင်းနဲ့ ဓာတ်ကြိုးကိုင်စေတီကို တွေ့တာပါပဲ။

ဒါနဲ့ပဲ ငှက်ပျောတောကို ရှင်း၊ အောင်မြေ အဖြစ် သတ်မှတ်ပြီး (၉)ပတ်လှည့်ကာ အောင်မြေနင်းကြတယ်။

ပြီးတော့ ဒီစေတီကို အဘခေါင်က **ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြားတွေနဲ့ မဆလာနဲ့ရောမွှေပြီး နံနက် (၆)နာရီမှ မွန်းတည့်(၁၂)နာရီ အတွင်း အပြီးတည်ခဲ့ပါတယ်။** ဓာတ်နန်းနဲ့ အဘခေါင်ရုပ်တုကိုတော့ ဦးဌေးဝင်းက လှူထားတာဖြစ်ပါတယ်။

ယခု စေတီက မူလစေတီကို ငုံပြီး တည်ထားတာ။ မူလစေတီက ဓာတ်နန်းထဲက ဓာတ်ပုံထဲကအတိုင်း ကျောက်ထီးလေးနဲ့ပါ။ အဲဒီပုံအတိုင်း ဒီစေတီအတွင်းမှာ ရှိပါတယ်။

'ဘာတွေ ထူးခြားမှု ရှိသလဲ'

လို့ မေးတော့ ဂေါပကလူကြီးက...

'အနယ်နယ်ကလာပြီး အဓိဋ္ဌာန်ပြုကြသူ တွေ ဆုတောင်းပြည့်ကြ၊ အောင်မြင်ကြ တာကို ကြားသိရပါတယ်'

လို့ ပြောပြပါတယ်။

ကဲ...အဘခေါင်ကိုယ်တိုင်တည်တဲ့ ဓာတ်ပန္နက်စေတီဖြစ်တဲ့ ဓာတ်ကြိုးကိုင် စေတီကို လာရောက်၍ အဓိဋ္ဌာန်ပြု ဆုတောင်းချင်တယ်ဆိုရင်ဖြင့်မြန်အောင် မြို့ကို ရောက်အောင်သာ လာခဲ့ပါလို့ ဖိတ်ခေါ်လမ်းညွှန်လိုက်ပါတယ်။

**ခင်–စာသင် (ရွှေဘို)**



www.burmeseclassic.com

www.burmeseclassic.com

# အဇ္ဇမေဒ ခေါ်
# သက်ရောက်ဆိတ်ဗေဒင်
## တွက်နည်းဟောနည်း

ကောင်းခြင်း (သစ္စာမြေ)
စက်လက်

မြန်မာ့ရိုးရာ ဗေဒင်တွက်နည်း အမျိုးမျိုးတွင် သက်ရောက်တွက်နည်း အဖြာဖြာရှိသည့် အနက်မှ ယခုတင်ပြမည့် "**အဇ္ဇမေဒ**"ခေါ် သက်ရောက် တွက်နည်းတစ်မျိုးသည် မိမိ၏ မူလ မွေးသက္ကရာဇ်နှင့် ရောက်ရှိဆဲ ကောဇာ ပဝတ္တိသက္ကရာဇ်နှစ်ခုကို အခြေခံ၍ တွက်ယူရသော သက်ရောက် တွက်နည်းတစ်မျိုးပင်ဖြစ်၏။

ဆိတ်ပုံရေးဆွဲကာ ဂဏန်းကျရောက်ရာ အစိတ်အပိုင်းကို ကြည့်ပြီး ဟောရသော အဟောဖြစ်သဖြင့်လည်း **"အဇ္ဇမေဒ" ဆိတ်ဗေဒင် ဟောကိန်း** ဟု ခေါ်တွင်ပါသည်။

တွက်ကြည့်ရာတွင် လွယ်ကူသော နည်းတစ်နည်းဖြစ်သဖြင့် စာရေးသူ အနေနှင့် ရှေးဗေဒင်တွက်နည်း စာအုပ်တွေထဲမှ ရှာဖွေ၍ ရေးသားလိုက်ရပါသည်။


**တွက်နည်းမှာ...**

တွက်လိုသူ၏ မွေးသက္ကရာဇ်ကို တည်ပြီး တွက်လိုသည့်ရောက်ဆဲ ကောဇာသက္ကရာဇ်နှင့်ပေါင်းပါ။ ထိုပေါင်းပြီးကို (၁၂)ဖြင့် စားပါ။

ထိုစားကြွင်းကို တစ်ဖန် (၇)ဖြင့် ထပ်ပြီး စားပါ။ ရလဒ်မလို စားကြွင်းကို ကြည့်ပြီး ကျရောက်ရာ နေရာအဟောကို ဟောရမည်ဖြစ်၏။

(၁)ခု ကြွင်းလျှင် ဆိတ်၏ နှုတ်ခမ်း။
(၂)ခု ကြွင်းလျှင် ဆိတ်၏ မျက်စိ၊
(၃)ခု ကြွင်းလျှင် ဆိတ်၏ ကျောကုန်း။
(၄)ခု ကြွင်းလျှင် ဆိတ်၏ အမြီး။
(၅)ခု ကြွင်းလျှင် ဆိတ်၏ နောက်ခြေထောက်၊
(၆)ခု ကြွင်းလျှင် ဆိတ်၏ ဝမ်းဗိုက်၊
(၇)ခု ကြွင်းလျှင် ဆိတ်၏ ရှေ့ခြေထောက်။

အကြွင်းအတိုင်း ကျရောက်ရာ အထက်ပါ ဌာနအဟောတို့ကို ကြည့်ပြီး ဟောရမည်ဖြစ်ပါသည်။ အဟောတို့ကို နောက်မှ ရေးပြီး ယခု နမူနာ တွက်နည်းကို တွက်ပြပါမည်။




**ဥပမာ။ ။ ၁၃၄၂ ခုနှစ် မွေးသူကို တွက်ကြည့်မည်ဆိုပါစို့** တွက်လိုသည့် ခုနှစ်သည် **၁၃၇၈ ခုနှစ်။**

***

မွေးသူခုနှစ် ၁၃၄၂

တွက်လိုသည့်နှစ် + ၁၃၇၈

စားကိန်း ၁၂ ÷ ၂၇၂၀ ၊ ၂၂၆

၂၄ / ၃၂ / ၂၄ / ၈၀ / ၇၂ / ၈ အကြွင်း

ထပ်စားကိန်း ၇ ÷ ၈ ၊ ၁

၇ / ၁ အကြွင်းကို ယူပါ။

**၁၃၄၂ ခုနှစ် မွေးသူကို ၁၃၇၈ ခုနှစ်အတွက် နမူနာအဖြစ် တွက်ကြည့်ရာ (၁)ခုကြွင်းကိုရ၏။**

**အကြွင်းအတိုင်း အောက်ပါ အဟောတို့ကို ကြည့်ပါ။**

**(၁)ခုကြွင်း ဆိတ်၏ နှုတ်ခမ်း အဟော...**

ထီပေါက်ကိန်းရှိသည်။ ထီပေါက်သကဲ့သို့ ငွေအစုအပုံလိုက်ဝင်မည်။ ရွှေ,ငွေ ကျောက်မျက်ရတနာဝင်ကိန်းရှိသည်။ အကြံအစည်အောင်မည်။ စီးပွားရေး အကောင်းဆုံးနှစ်ပိုင်းဖြစ်သည်။

**(၂)ခုကြွင်း ဆိတ်မျက်စိအဟော...**

ရာထူးတိုးတက်မည်။ အကြီးအကဲဖြစ်မည်။ အထက်လူကြီးတို့၏ ချီးကျူးခြင်းကို ရမည်။ နေရာအပြောင်းအရွှေ့ရှိမည်။

**(၃)ခုကြွင်း ဆိတ်ကျောကုန်း အဟော...**

ကြားလူ သွေးထိုးမှုကြောင့် အရင်းနှီးဆုံး လူ၏ အထင်လွဲမှားမှုကို ခံရတတ်၏။ စကားအများကြီး ပြောဆိုရသော်လည်း မိမိဘက်မှ ကံကောင်းပါ

www.burmeseclassic.com

# ချောင်းဆိုးရင်ကျပ် အတွက်

**ဆေးမခက်**

'ဟယ်လို... ကြေးမြေကြီး... ငှငှ ဝေါင်ဝေါင်နဲ့ပါလား နေမကောင်းဘူး ထင်တယ်'

'ဩော်...ဦးရဲ ဟုတ်တယ်ဗျာ။ နေမကောင်းချင်သလိုကြီးပဲ တစ်ရေးမှလဲ မအိပ်ရသေးဘူး'

ကျွန်တော် တစ်ယောက်တည်း ထိုင်နေကျ လက်ဖက်ရည်ဆိုင် ချောင်ကျကျစားပွဲတွင် ထိုင်နေစဉ် ကျွန်တော်၏ ဆရာလည်းဟုတ်၊ မိတ်ဆွေလည်းဟုတ်၊ ဦးရဲတင့် ရောက်လာကာ ကျွန်တော့်အား နှုတ်ဆက်မေးမြန်းသည်ကို ဖြေကြားလိုက်သည်။

'ဘာလို့ တစ်ရေးမှ မအိပ်ရသေးတာလဲ၊ ကြေးမြေကြီးရဲ့ စာတွေများ ရေးနေလို့လား'၊

'မဟုတ်ဘူးခင်ဗျ။ အိမ်က မြေးငယ်လေးမှပေါ့။ ချောင်းဆိုးတာလေ တစ်ညလုံးပဲ။ တစ်ခါတစ်ခါဆိုးရင် အကြာကြီးပဲ။ မျောမျောသွားမတတ်အောင်ဘဲ သနားစရာပါဗျာ။ အိမ်သားအားလုံးလဲ မအိပ်ကြရဘူး'

'ဆေးခန်းတွေဘာတွေ မပြဘူးလား'

'ပြပါတယ် အထူးကုဆေးခန်း (၂)ခါရှိပြီ မသက်သာပါဘူးဗျာ'


'ကလေးက အသက်ဘယ်လောက်ရှိလို့လဲ'

'(၈)လသားလေးပါဗျာ'

'ဒီလိုဆို ဒီတိုင်းရင်းဆေးနည်းလေး စမ်းကြည့်ပါလား။ ဒါ ကျုပ် မြေး(၁)နှစ်သားတုန်းကတော့ သက်သာဖူးတယ်'

'ပြောပါ ဦးရဲ ကျွန်တော် စမ်းကြည့်ပါ့မယ်'

'နည်းက ထွေထွေထူးထူး မဟုတ်



ပါဘူး။ ရှောက်သီးရည် (ရှောက်ရည်) လက်ဖက်ရည်တစ်ဇွန်းထဲ ဆား အနည်းငယ်ထည့်ပြီးတော့ ရေနွေးကျက်ကျက် လက်ဖက်ရည်တစ်ဇွန်းစာနဲ့ ရောတိုက်ရုံပါပဲ။ သက်သာမှာပါ'

'ဒါဆို အခုပဲ ဈေးကရှောက်သီးဝယ်ပြီး တစ်ခါတည်း တိုက်လိုက်တော့မယ်'

ပြောပြောဆိုဆို ကျွန်တော် ဈေးထဲသွား ရှောက်သီးရှာဝယ်ကာ ရေနွေးတည် ချက်ချင်း ကလေးကို တိုက်ပါတော့သည်။

နာရီဝက်ခန့်တွင် ချောင်းတစ်ခါဆိုးပါသည်။ ထူးခြားသည်က ချွဲ၊ သလိပ်များ ထွက်ကျလာသည်။ မကြာပါ ကလေးအိပ်ပျော်သွားသည်။ အိပ်သည်မှာ နံနက်(၈)နာရီခန့်မှ နေ့လည်(၂)နာရီအထိ အိပ်တော့သည်။

ကလေး အိပ်ရာနိုးသည်နှင့် ကျွန်တော် တစ်ခွက်ထပ်တိုက်သည်။ အရင်တစ်ခါအတိုင်း ချောင်းဆိုးစဉ် ချွဲသလိပ်များ ထွက်ကျလာပြန်သည်။

ည(၇)နာရီခန့်တွင် ရှောက်ရည်တစ်ခွက် ထပ်တိုက်ပြန်သည်။ ထိုညတွင်တော့ တစ်ခါနှစ်ခါပဲ ချောင်းဆိုးတော့သည်။

ချောင်းဆိုးတိုင်းလည်း ချွဲများထွက်ကျသည်ကို မြင်တွေ့ရသည်။ နောက်နေ့ နောက်ညများတွင် ရှောက်ရည်ဆက်တိုက်ခါ လုံးဝ ချောင်းမဆိုးတော့ပါကြောင်း ကိုယ်တွေ့နည်းလေးအား တင်ပြလိုက်ပါသည်။

'ဆေးနည်း ပြောပြပေးသော **ဦးရဲတင့် (ငွေသော်တာဆန်စက်) အား** အထူးကျေးဇူးတင်ပါသည်။

***သတ္တဝါများ ကျန်းမာကြပါစေ၊***

**သထုံးဝင်း (ကြေး/မြေ)**

စာမျက်နှာ (၃၀၅)မှ အဆက်

မည်။ တောင်အရပ်၊ မြောက်အရပ် ခရီးသွား ရှောင်ပါ။

**(၄)ခုကြွင်း ဆိတ်အမြီးအဟော...**

မိမိလုပ်ငန်းတွင် အနှောင့်အယှက် အဖျက်အဆီးရှိ၏။ အစွပ်အစွဲ ခံရတတ်ခြင်း၊ အထင်လွဲခံရတတ်ခြင်းတို့နှင့် ကြုံရတတ်သော နှစ်ပိုင်းဖြစ်ပါသည်။ ငွေကုန်ကြေးကျများမည်။

**(၅)ခုကြွင်း ဆိတ်၏ နောက်ခြေထောက်အဟော...**

အမှုအခင်းနှင့် ရင်ဆိုင်ရတတ်ခြင်း နေ့နံတူသူ၏ အနှောင့်အယှက်ကို ခံရတတ်ခြင်း၊ စိတ်ဆင်းရဲရတတ်ခြင်း၊ ပစ္စည်းပျောက်တတ်ခြင်း အနိုင်ခံရတတ်၍ ဒီနှစ်အတွင်း သတိပြုပါ။

**(၆)ခုကြွင်းလျှင် ဆိတ်၏ ဝမ်းဗိုက်အဟော...**

...နိုးထားသော အလုပ်မှ အကျိုးအမြတ် ရရှိမည်။ လောဘမကြီးဘဲ စိတ်ကိုထိန်းပြီး စဉ်းစားလုပ်ပါက စီးပွားရေးကောင်းပါမည်။ မိမိ၏ နေရာထက် အခြားနေရာမှ ပို၍ အကျိုးပေးမည်။ ရပ်ဝေးမှ ဧည့်သည်ရောက်လျှင် အကျိုးပြုမည်။

**(၀)သုညကြွင်း ဆိတ်၏ ရှေ့ခြေထောက်အဟော..**

ဒေါသကြီး၍ ပြောမှားဆိုမှားရှိတတ်သဖြင့် မိမိစိတ်ကို ထိန်းပါ။ ထိပေါက်ကိန်းရှိသည်။ ငွေအစုအပုံလိုက် ဝင်ကိန်းရှိသောနှစ် ဖြစ်ပါသည်။

***သုနက္ခတ္တ ကောင်းသောနက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***

**ကောင်းခန့် (သစ္စာမြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

# ပြဒါးသေ ရွှေ ရသာယနအားဆေးကြီး



ရောဂါဝေဒနာဖြစ်စေသော လိုမီးလွန်မီးများကို ပြဒါးသေရွှေ၏ သတ္တိဖြင့် လူသား၏ ကျန်းမာမှုကိုပေးစွမ်းနိုင်သော ဥသ္မာအနွေးဓာတ် ရရှိစေကာ သမဝမ်းမီးအဖြစ် ပြောင်းလဲပေးနိုင်သဖြင့် အစာကြေ၊ အစာကျက်၊ ခံတွင်းလိုက် အရသာပေါ် စားကောင်းမှုများ ဖြစ်ပေါ်ခြင်း၊ ဓာတ်စင်ဓာတ်ကောင်းများဖြစ်ပေါ်ခြင်း၊ သွေးအား၊ သားအား၊ သုက်အား၊ ဓာတ်အား၊ ကိုယ်ခံစွမ်းအား၊ ကာမအားများ ထူးခြားစွာ တိုးတက်ခြင်း၊ အရွယ်နုပျိုရုပ်ရည်လှပ စိုပြည်လာခြင်း၊ ကိုယ်တွင်ဖြစ်သောရောဂါ၊ စိတ်တွင်ဖြစ်သောရောဂါများကို ပျောက်ကင်းစေခြင်း၊ သတိမှတ်ဉာဏ်၊ ပညာဉာဏ် အတွေးအခေါ် အရည်အသွေးတိုးတက်လာခြင်း မသန့်သောဓာတ်များကြောင့် ရရှိလာသော ဘေးထွက်ဆိုးကျိုးများကို ရှင်းပေးခြင်း မျက်စိအမြင်စွမ်းအား တိုးတက်ခြင်းစသော ကောင်းကျိုးတရားများကို ရရှိနိုင်သည်။

ပြဒါးသေ၏ အကျိုးတရားများနှင့် ရသာယနအားဆေးကို မစားမီ လိုက်နာရန် လိုအပ်ချက်များကို မြန်မာ့အာယုဗ္ဗေဒ သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ ဓာတ်သမုဒ္ဒရာကျမ်းကြီးနှင့် ဆရာအောင်၏ ဓာတ်လေးပါးအဖွင့် ဆေးကျမ်းကြီးများမှ ကောက်နုတ်ပြီး **Shwe Pyar Thati Reinforcing Foundation fb** နှ[illegible]**yaw Myint Fb** များမှာ ဖော်ပြထားပါသည်။

[နေ့စဉ် စားသုံးမှုပြုနေပါက (၃)လတွင် ပြော[illegible]တွေ့ရမည်ဖြစ်ပြီး တစ်နှစ်ပြည့်ပါက သိသာ ထူးခြားစွာ ပြောင်းလဲနေမည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရပါမည်။]

ထွက်ရပ်ပေါက်ဆရာတော် ဦးကောဏ္ဍည၏ ရွှေဓာတ်လုံးကို လုံထဲထည့်ပါသည်။ ဓာတ်လုံးပေါ်တွင် ပြဒါးရည်တစ်မတ်သားတင်ပြီး ဖော်မံကာ ဖွဲမီးဖြင့် ကိုယ်တိုင်မီးပေးခဲ့သည်။ ညနေ(၆)နာရီတွင် မီးပေး၊ နံနက်(၇)နာရီတွင် ထုတ်ယူလိုက်တဲ့အခါ ရာဇမတ်ကွက်ပုံ ရွှေတစ်မတ်သား ကျလာပါတယ်။ ပြဒါးရည်ထဲ ထည့်တော့ ပြဒါးရည်မှာ ငုတ်သွားပါသည်။ နောက်ပြဒါးရည် တစ်မတ်သား ထပ်မံတင်ပြီး ဒုတိယအကြိမ် မီးပေးပါသည်။ နောက်ထပ် တစ်မတ်သား ကျလာပါသည်။ ရာဇမတ်ကွက်ပုံ ဖြစ်ပါတယ်။ ပုံထဲမှာ အောက်က ပြဒါးဓာတ်လုံးဖြစ်ပါသည်။ ပြဒါးနီရွှေဓာတ်လုံး၊ အပေါ်ကကြေးကနေ ဖြစ်လာတဲ့ ဇမ္ဗူရာဇ် ရွှေဓာတ်လုံးဖြစ်ပါသည်။

(ဆေးစားနေသောသူများ သွေးအားပြည့်အောင် စောင့်ရှောက်နေထိုင်နည်းစာအုပ် လက်ဆောင်ပေးသည်။) ***အိမ်အရောက် ပို့ပေးသည်။***

**တစ်လစာ ၂၀၀၀၀ိ/ကျပ်**

**(မြန်မာ့အာယုဗ္ဗေဒ သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ တပည့်)**

**ရွှေပြာသတ္တိ စစ ဦးကျော်မြင့်(တ/ဆ ၂၈၉၂၊ B.A၊ C.T.M.P) စစ တိုင်းရင်းအထူးကုဆေးခန်း**
**အမှတ်-၅၂၄၊ မေဓာဝီလမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။**
**ဖုန်း-၀၉ ၅၁၅၆၁၃၉၆၊ ၀၉ ၂၅၄၀၇၅၀၃၅၊ ၀၁ ၉၆၉၉၇၇၉။**



www.burmeseclassic.com